ပြုးကုန်းဆရာတော်

ဘဒ္ဒန္တ အဓိဏ္ဍ

(အဂ္ဂမဟာပဏ္ဍိတ)

၏

ထေရုဂ္ဂဏ်ရည် မော်ကွန်းတင်စာစောင်



ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်
အရှေ့ကြို့ကုန်းရပ်ကွက်
မြူးကုန်းကောရစာသင်တိုက်ကြီး၏
ဦးစီးနာယက၊ ပဓာနထေရ်ဖြစ်သော

မြူးကုန်းဆရာတော်

ဘဒ္ဒန္တ အာစိဏ္ဏာ (အဂ္ဂမဟာပဏ္ဍိတ)

၏

ထေရဝုဏ်ရည်မော်ကွန်းတင်



သာသနာ - ၂၅၄၅ ကောဇာ - ၁၃၆၄ ခရစ် - ၂၀၀၂



အမှတ် ၂၆၆၄၄
ရက်စွဲ ၁၃.၁၁.၀၁
သုတေသနစာကြည့်ထိုက်

မှတ်တမ်း

ဤစာအုပ်ကို ပြူးကုန်းဆရာတော်

၏

တပည့်သံဃာတော်များ

တပည့်ဟောင်းများနှင့်

စေတနာရှင် ဒါယကာများက

စုပေါင်းလှူဒါန်းပူဇော်ပါသည်

စာမူခွင့်ပြုချက်

မျက်နှာဖုံးခွင့်ပြုချက်

ထုတ်ဝေသူ

ဦးထွန်းထွန်းဦး (၅၀၃)
နှင်းဦးထွန်းစာပေ
၅၃၃/အေ၊ (၈) ရပ်ကွက်၊
ပြည်လမ်း ၁၆၀

ပုံနှိပ်သူ

ဦးအောင်မြင့်သိန်း (၀၆၃၆၄)
အင်ကြင်းမြိုင်ပုံနှိပ်တိုက်
ဆိပ်ကမ်းသာလမ်း၊ ရန်ကုန်။

အကြိမ်

ပထမအကြိမ်
၂၀၀၂ ခုနှစ်၊ မေလ

အုပ်ရေ

၅၀၀

ကွန်ပျူတာ

သက်အောင်
သောင်းမြင့်စိုး
ဥမ္မာနိုင်

ဦးထွန်းလွင်
(ဓမ္မာစရိယ၊ ဘီအေ)
ရတနာမွန်မဂ္ဂဇင်း၊ ရတနာ့တံခွန်မဂ္ဂဇင်း
အယ်ဒီတာချုပ်မှစီစဉ်သည်။

ကျေးဇူးရှင် မဟာဗောဓိတောရ ဆရာတော်ဘုရားကြီး
ပြူးကုန်းဆရာတော် ဘဒ္ဒန္တအာစိဏ္ဏ (အဂ္ဂမဟာပဏ္ဍိတ) ၏
ဥပဇ္ဈာယ်ဆရာမြတ်ကြီး ဖြစ်တော်မူသည်။



ဒုတိယ မဟာဟေဓိတောရ ဆရာတော်
ပြုံးကုန်းဆရာတော် ဘဒ္ဒန္တအာစိဏ္ဏ (အဂ္ဂမဟာပဏ္ဍိတ) ၏
ငယ်ဆရာ ဖြစ်တော်မူသည်။

ဆရာတော်ဦးစက္ကိန်
[(ဦးစက္ကိန်ကျောင်း) ခေါ် ပြုံးကုန်းတောရစာသင်တိုက်၏
မူလတိုက်တည်ဆရာတော်ကြီး]

ဗြူးကုန်း ဒုတိယမြောက်

ဆရာတော်ကြီး ဦးဆန္ဒာဓိက

ပြုံးကုန်းတောရဆရာတော် ဘဒ္ဒန္တအာစိုလ္လာ
အဂ္ဂမဟာပဏ္ဍိတ



အရှင် ကဝိသေဋ္ဌ

(ပြုံးကုန်း တွဲဖက်နာယက ဆရာတော်)

ဒီဃနိကာယကောဝိဒ

ဝိနယဓရ-ဝိသိဋ္ဌဝိနယဝိဒူ

(ဓမ္မာစရိယ-ဒွိပိဋကဓရ)

ဗြူးကုန်းဆရာတော်
ဘဒ္ဒန္တအာစိဿ
မဟာပါသာဏလိုဏ်ဂူတော်ကြီးအတွင်း၌
အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်
မဆက်ကပ်မီအကြည်ညိုခံယူနေစဉ်

ဗြူးကုန်းဆရာတော်အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်
ကာကွယ်ရေးဝန်ကြီးဗ္ဗာနမှ ဗိုလ်ချုပ်သူရရှေမန်းက အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ် ဆက်ကပ်ပူဇော်နေစဉ်

ဗြူးကုန်းဆရာတော် ဘဒ္ဒန္တအာစိဏ္ဏ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် အလှူခံပြီးနောက်
ဆွမ်းဆန်စိမ်းလောင်းလှူပွဲ၌ ကြွရောက်အလှူခံနေစဉ်

ဖုတော်ပွဲပြစ်ပြောက်ရေး အကြံဉာဏ်အစည်းအဝေးပွဲချိ့

ကြွရောက်သည့် ဆရာတော်များ

ဩဝါဒါစရိယဆရာတော်များ



အလုပ်အမှုဆောင်ဆရာတော်များ

ပူဇော်ပွဲဖြစ်မြောက်ရေး အကြိုညှိနှိုင်းအစည်းအဝေးပွဲသို့ တက်ရောက်သူများ



အလုပ်အမှုဆောင်အမျိုးသားများ

အလုပ်အမှုဆောင်အမျိုးသမီးများ

အမှီရင်ခံအယ်ပါသည်

ဗြူးကုန်းဆရာတော် **ဘဒ္ဒန္တအာစိဏ္ဏ (အဂ္ဂမဟာပဏ္ဍိတ)** ၏ ကျေးဇူးဂုဏ်တို့ကို ရည်စူး၍ ပူဇော်ပွဲသဘင် ပြုလုပ်ရာ၌ ဆရာတော်ဘုရား၏ ဘဝမှတ်တိုင်သဖွယ်ဖြစ်သော ဤ **ထေရဂုဏ်ရည် မော်ကွန်းတင် စာစောင်**ကို အလွန်တိုတောင်းလှသော အချိန်ကာလအတွင်း ပူဇော်ပွဲအချိန်မီ လှူဒါန်းနိုင်အောင်...

(က) စာမူစုဆောင်းခြင်း

(ခ) ပြင်ဆင်ပုံနှိပ်ခြင်း

စသည်တို့ကို အပူတပြင်း ဆောင်ရွက်ရသဖြင့် အမှားအယွင်း မကင်းနိုင်သည်ကို ရိုးသားစွာ ဝန်ခံအပ်သည့်အပြင် ဤစာအုပ် အချိန်မီ မွေးဖွားနိုင်ရေးအတွက် အဘက်ဘက်မှ ကူညီအားပေးကြသော...

(က) ရဟန်းပုဂ္ဂိုလ်

(ခ) လူပုဂ္ဂိုလ်

ထိုထိုသော ပုဂ္ဂိုလ်အပေါင်းတို့အားလည်း အထူးကျေးဇူးတင် ဂုဏ်ပြုပါကြောင်းကို မှတ်တမ်းတင်အပ်ပါသည်။

19-5-2002

ဘဒ္ဒန္တပုည

ဥက္ကဋ္ဌဆရာတော်

စာစောင်ဖြစ်မြောက်ရေးအဖွဲ့

မာတိကာ

သြဝါဒကထာကဏ္ဍ

၁။ ဆရာတော် ဦးအဂ္ဂိယ၏ သြဝါဒကထာ ၁
၂။ ကျိုက္ကဆံဆရာတော်ဘုရားကြီး၏ သီတင်ကျွတ်သြဝါဒကထာ စာတမ်းတော် ၉

အထွုပ္ပတ္တိကဏ္ဍ

၁။ ဘဒ္ဒန္တအာစိဏ္ဏ၏ အထွုပ္ပတ္တိ အကျဉ်းချုပ် ၃

ဆောင်းပါးကဏ္ဍ

၁။ ဘဒ္ဒန္တရစိရညာန ■ တောက်ပသောကြယ်တစ်ပွင့် ၁၇
၂။ ရှင်ဝိသုဒ္ဓ(ကော့ချဲ) ■ မြင်စေချင်ပါသည် ၃၀
၃။ မောင်ကျော်သိန်း ■ အရိပ် ၃၃
၄။ နရဏီ(မန္တလေး) ■ ရေစက် ၃၆
၅။ ဂဏပါလကဘိက္ခု ■ ရခဲလှသည့် အာဇာနည် ၃၉
၆။ ကိုတိုး (မြစ်ခြေ) ■ အဂ္ဂမဟာပဏ္ဍိတနှင့် သာသနာ့မျိုးဆက်သစ် ၄၁
၇။ သင်းအောင် (မဟာဓမ္မာရိယ) ■ ခမာဂုဏ်ရှင် ဆရာတော် ၄၅
၈။ မောင်ရေချမ်း ■ လှိုက်လှိုက်လှဲလှဲဝမ်းသာပါသည် ၅၄
၉။ ထွန်းလွင် (ဓမ္မာစရိယ၊ ဘီအေ) ■ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တော်နှင့် ဗြူးကုန်းဆရာတော် ၅၉
၁၀။ ဒက္ခိဏာရုံအရှင်ညာနဝရ ■ ခွင့်လွှတ်နိုင်သော အပြုံးပိုင်ရှင် ၆၅
၁၁။ ဦးကုသလ ■ ဖွံ့ဖြိုးချမ်းသာမြတ်ပညာ ၆၉
၁၂။ ဖိုးပညော(သပိတ်ကျင်း) ■ အဂ္ဂပူဇော် ဗြူးကုန်းဆရာတော် ၁၁၃
၁၃။ တပည့်ကြီးတစ်ဦး ■ မြင်စေချင်စမ်းလှသည် ၁၁၆
၁၄။ ဦးအာဒိစ္စဝံသ (ဆားလင်းကြီး) ■ ထိုက်ထိုက်တန်တန် ၁၁၉
၁၅။ ဦးအောင်ထွတ် (ဓမ္မာစရိယ၊ မဟာဝိဇ္ဇာ) ■ ကျောက်တန်းဇာတိ စံကျောင်း ဆရာတော်ကြီး၏ ဝိနယဂရုကဂုဏ်တော်များ ၁၂၂

၁၆။	ဓမ္မာစရိယ ဦးအေးနိုင်(ဘီအေ)	■	ပူဇော်ထိုက်သူ ပူဇော်မူ မှတ်ယူမဂ်လာ	၁၃၁
၁၇။	ဆရာတိုက်	■	ဗြူးကုန်းဆရာတော်နှင့် ဘုန်းတော်ကြီး သင် မူလတန်းကျောင်း	၁၄၈
၁၈။	အရှင်နန္ဒသာရ (ကျောက်တန်း)	■	မကျေကျေးဇူးစန္ဒကူးသို့ နုံ့မြူးမပြယ်	၁၄၉
၁၉။	ဓမ္မာစရိယဦးမောင်မောင်လေး	■	အဓွန့်ရှည်ကြာ သာသနာတော် တည်တံ့ရေး	၁၆၁
၂၀။	နေဝင်း(ပဲခူးကျောက်တန်း)	■	ပန်းညံ့တွေကို မပန်မိပါစေနဲ့ဆိုတဲ့ သြဝါဒ	၁၆၅
၂၁။	တိုက်အုပ်ဆရာတော်ဦးကုမာရ	■	ဗြူးကုန်းဆရာတော်နှင့် ဗြူးကုန်း ကျောင်းတိုက်	၁၆၉
၂၂။	အရှင်ဇာနေယျ(ကော့မှူး)	■	အမှတ်တမဲ့မှ အမှတ်တရသို့	၁၇၄
၂၃။	ဘဒ္ဒန္တ သုမင်္ဂလာလင်္ကာရ(P.H.D)	■	ဆရာကောင်းတပည့် တပည့်ကောင်း ဆရာ	၁၇၇
၂၄။	မောင်ထင်	■	ပုဗ္ဗာစရိယ မိနှင့်ဖ	၁၈၅
၂၄။	မောင်စေတနာ	■	အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တ အာစိဏ္ဏ	၁၉၅
၂၅။	လင်းရောင်တင်	■	ရွှေကျင်ဆရာတော်ကြီးများ	
၂၆။	အောင်မှူး	■	အရိုးပေါ်အရွက်မဖုံး	၂၀၇
၂၇။	ဦးသန်းထွတ်(ပါမောက္ခ၊ ဦးမ်း)	■	သာသနာတော်၏အမွန်အစကျေးရွာက	၂၁၀
၂၈။	ဆရာ့တပည့်(သုံးထပ်ဆောင်)	■	အလုပ်အပြောသဘောညီသူ	၂၁၃
၂၉။	ဦးမာနိတသိရိဘိဝံသ	■	ဘုရားရှင်တိုင်း ဟောတော်မူသည့် တရားတော်	၂၁၇
၃၀။	ဘိက္ခုခေမာ(နောင်ခဲ)	■	ဆရာသမားများအား ကျေးဇူးဆပ်ခြင်း ဟူသည်	၂၂၅
၃၁။	မစန်းလှ	■	မှတ်မှတ်ရရဗြူးကုန်းတောရ	၂၃၄
၃၂။	အရှင်ပါမောက္ခ	■	ပိ၍ကြည်ညိုမိပါသည်	၂၃၈

စာရိုးလွှာနေဆဝင်းပေါ်ကဏ္ဍ

၁။	ဦးစိန်မောင် (ကထိက)	■	သံဝေဇနီယလေးဌာန (ဗုဒ္ဓဂယာ) ဘုရားဖူးခရီးစဉ်	၄၈
၂။	ကျိုလ်လတ်မောင်သုပိုင်	■	ဂုဏ်တစ်ခု၏ခြေရာ	၇၃

ဝတ္ထုကဏ္ဍ

၁။ ချစ်ဦးညို ■ မျက်ရည်နွေး ၁၃၈
၂။ ညောင်ကန်အေးဆရာတော် ■ စာအံသံကြား တရားရသည် ၁၈

သူတို့အမြင်ကဏ္ဍ

၁။ သပြေကန်ဆရာတော် ■ စိန်ရတုမင်္ဂလာထောမနာအာသီသဂါထာ ၈၃
၂။ ထွန်းလွင် (ဓမ္မာစရိယ၊ ဘီအေ) ■ အခုနေ ဝိသာခါတို့ အနာထပိဏ် တို့နဲ့များ တွေ့ရရင်လာ ၈၅
၃။ မင်းယုဝေ ■ ဗြူးကုန်းတောရ စာသင်တိုက် (သို့မဟုတ်) ဦးစက္ကိန်ကျောင်း ၉၁
၄။ ဌေးလွင် (ဆားလင်းကြီး) ■ ဗြူးကုန်းကျောင်းသို့ ရောက်ခဲ့စဉ်က ၉၇
၅။ ရဝေထွန်း ■ အသွင်ထူးသော စာအုပ်ပြပွဲ ၁၀၁
၆။ ကိုတိုး (မြစ်ခြေ) ■ ဗြူးကုန်းတောင်စောင်းက သုံးထပ် ကျောင်းဆောင်ကြီး ပြီးတော့မည် ၁၀၄
၇။ စာတည်းအဖွဲ့ဝင်တစ်ဦး ■ သုံးကြိမ်မြောက် အဘိဓမ္မာပူဇာသဘင် ၁၁၀

ကဗျာကဏ္ဍ

၁။ မင်းယုဝေ ■ ဗြူးကုန်းဆရာတော်သို့ ကန်တော့ပန်း ၈
၂။ ဦးကူန္ဒာစရိယာဘိဝံသ ■ မင်္ဂလာလေးချိုးကြီး ၁၅
၃။ ကူန္ဒာစရိယာဘိဝံသ ■ အဂ္ဂမဟာပဏ္ဍိတဂုဏပူဇာမင်္ဂလာ ရတုပိုဒ်စုံ ၁၉၂
၄။ ဦးငွေအောင်မွန် ■ ဂုဏဝိသိဋ္ဌနှင့်ထုတိမင်္ဂလာ ရှစ်လုံးဘွဲ့ကဗျာများ ၂၂၃
၅။ သောတုဇန(ဗြူးကုန်း) ■ ဆရာတော်၏ဘဝဖြစ်စဉ် ရှစ်လုံးဘွဲ့ ၂၂၈
[illegible] နေမိုးမှန် ■ အဂ္ဂပူဇာဝန္ဒနာ ၁၃၇
■ ၁၂၆၈-ခုနှစ် သူရိယသတင်းစာမှ ကျောက်တန်းရွာသတင်း ၁၁၂
■ အမှုဆောင်စာရင်းများ ၂၅၀

ဗြူးကုန်းတောရနှင့် ပရိယတ္တိစာသင်တိုက်

ဦးအဂ္ဂိယ

တွဲဖက်ရွှေကျင် သာသနာပိုင် ဆရာတော် ဦးအဂ္ဂိယသည် ဗြူးကုန်းဆရာတော် ဘဒ္ဒန္တ အာစိဏ္ဏ ဗြူးကုန်းတောရ စာသင်တိုက်ကို စတင်တည်ထောင်ချိန်က ဤသို့ တရားဟောကြားပေးခြင်းဖြင့် ကျောင်းတိုက်ကြီး စည်ပင်ထွန်းကားကြီးပွားအောင် ဝိုင်းဝန်းကူညီတော်မူခဲ့သည်။

(မန္တလေး မဟာဝိသုဒ္ဓါရုံ မဟာနာယက၊ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ–တွဲဖက်ရွှေကျင် သာသနာပိုင် နိုင်ငံတော် ဩဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တအဂ္ဂိယ ဆရာတော်ကြီး၏ အားပေးစကား ဖြစ်သော ဩဝါဒ ဓမ္မကထာ)

ယုဝါ စရေ ဗြဟ္ဟစရိယံ၊ ဗြဟ္ဟစာရီ ယုဝါသိယာ၊
ယုဝဿ ဗြဟ္ဟစရိယံ၊ တေံ ဗုဒ္ဓေဟိ ဝဏ္ဏိတံ။

(တေမိယ ဇာတ်ပါဠိတော်)

ယုဝါ=ပျိုမြစ်၊ နုနယ် ငယ်ရွယ်သောသူသည်။ **ဗြဟ္ဟစရိယံ**=မြတ်သောအကျင့်ဟု ဆိုအပ်သော သာသနာရေးရာကို၊ **စရေ**=ကျင့်ကြံကြိုးကုတ် အားထုတ်ရာ၏။ **ဗြဟ္ဟစာရီ**=မြတ်သောအကျင့်ကို ကျင့်လေ့ရှိသောသူသည်။ **ဝါ**=ပရိယတ် ပဋိပတ် အားထုတ်သောသူသည်။ **ယုဝါ**=ငယ်ရွယ်သော သူသည်သာလျှင်။ **သိယာ**=ဖြစ်ရာ၏။ **ဝါ**=အောင်နိုင် ရာ၏။ **ယုဝဿ**=ငယ်ရွယ်သောသူ၏။ **တေံ ဗြဟ္ဟစရိယံ**=ထို ပရိယတ္တိသာသနာ၊ ပဋိပတ္တိ သာသနာ အမှုကို။ **ဗုဒ္ဓေဟိ**=အဆူဆူသော ဘုရား ရှင်တို့ သည်၊ **ဝဏ္ဏိတံ**=ချီးမွမ်းတော်မူအပ်၏။

ဤပါဠိတော် ဗုဒ္ဓ မိန့်ဆိုချက်ကို ကိုးခန်းပျို့ ဆရာက ဤသို့ လက်ာစီကုံးထားသဖြင့် "မှတ်ထုံး" တစ်ရပ် မှတ်သားအပ်သည်ဟု ဆိုရပေမည်။

"တောင်ညွှန့် ကုန်းထက်၊ ကမ်းရိုးသက်ဝယ်၊ အနှက် ပြည့်ဖြိုး၊ ရေပြည့်အိုးကို၊ ကြိုးကြိုးပမ်းပမ်း၊ မဖိတ်ထမ်းသည့်၊ လူစွမ်းသဖွယ်၊ ပျိုနုနယ်က၊ စင်ကြယ်သိမ်မွေ့၊ ရသေ့ရဟန်း၊ ဖြစ်ထွန်းလေညား၊ ထိုသူ့အားကို၊ ဘုရားကစ၊ ပဏ္ဍိတတို့၊ လွန်လှ ကြည်ညို၊ ချီးမွမ်းဆို၏"

ဘုန်းကြီး ဦးအာစိဏ္ဏသည် ငယ်ငယ်ရွယ်ရွယ် ကပင် ပရိယတ္တိစာပေပညာ သင်ကြားခဲ့ရာ ပဲခူး ကျောက်တန်း မဟာဗောဓိ စာသင်တိုက်၊ ရန်ကုန် ကျိုက္ကစံ ရွှေကျင်တိုက်၊ မန္တလေး ရွှေကျင်နိကာယ ဗဟိုဌာန မဟာဝိသုဒ္ဓါရုံတိုက် စသည်တို့၌ ပရိယတ္တိ စာပေပညာကို လေ့လာ သင်ကြားခဲ့ခြင်း၊ ငယ်ငယ် ရွယ်ရွယ်ကပင် စာပေပို့ချခဲ့ခြင်း၊ အချိန်အခါနှင့် ကိုက်ညီသော အခြေအနေကလည်း ပေးခဲ့သော ဗြူးကုန်းတောရ စာသင်တိုက် ပဓာနနာယကအဖြစ် စာသင်တိုက် ထူထောင်ဖွင့်လှစ်ခဲ့ခြင်းတို့ကြောင့် ပရိယတ္တိ တာဝန်ကိုလည်း စွမ်းဆောင်နိုင်၊ ပဋိပတ္တိ တာဝန်ကိုလည်း ဘုရားဝတ်တက်၊ ဘုရားဆည်းကပ်၊ ဓုတင်ဆောင် အကျင့်များဖြင့် စာသင်သား တို့အတွက် နယုပဒေသ နယဒေသက ပဓာနနာယက ဓုရာဝဟဂုဏ် ပြည့်စုံ၍သာ **အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့တော်**ကို နိုင်ငံတော်က ဆက်ကပ်ရ ခြင်းဖြစ် ကြောင်း ထင်ရှားလှပေသည်။

လိုရင်းစကားဖြင့် အားပေးစကားတစ်ခွန်း ပြောကြားလိုသည်မှာ အင်းစိန်မြို့နယ် ရွှေကျင်နိကာယ စာသင်တိုက်ကြီး တစ်ဌာနအဖြစ် ထူထောင် အားထုတ်နေသည်ကို ကြည်ညိုအားရ လျက် ရှိသော ကြောင့် **"မလျှော့ပါနှင့်" "စိတ်ဓာတ် မကျလိုက်ပါနှင့်"** "သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖြစ်မှ အနားယူ၍ သာသနာပြု အစစ်အမှန် ထက်သန်သော စိတ်ဓာတ် တဖျတ်ဖျတ်ဖြစ်ပေါ်ဆဲ မိမိ၏ ရည်ရွယ်ချက် စိတ်ဇွဲဖြင့် ကြိုးစားပါလော့၊ ဗုဒ္ဓကျမ်းစာများ၌ ဗုဒ္ဓ၏ အဆိုအမိန့် စကားနှစ်ခွန်းကို နိဂုံးအဖြစ် ထုတ်ဖော် ပြောပြလိုပါသေးသည်။

စိတ္တံ ပဂ္ဂဏှထ၊ စိတ္တံ ပဒဟထ

ရှေးနိဿယများ၌...

စိတ္တံ ပဂ္ဂဏှထ=စိတ်ကိုချီးမြှောက်ကုန်ကြလော့။

စိတ္တံ ပဒဟထ=စိတ်ကို ဆောင်ထားကြကုန်လော့။

ယခုခေတ် မြန်မာပြန်ဆိုချက်၌...

စိတ္တံ ပဂ္ဂဏှထ=စိတ်ကိုမြှင့်ထား

စိတ္တံ ပဒဟထ=စိတ်ကို တင်းထား

ဟူ၍ အဂ္ဂမဟာပဏ္ဍိတ ပရိယတ္တိ စာသင်တိုက် ပဓာနနာယကဆရာတော်အား ဤ လက်ဆောင် စကား ပါးလိုက်ပါသတည်း။

ဝိသုဒ္ဓါရုံ ဦးအဂ္ဂိယ ၁၃၆၄–ခုနှစ်၊
ကဆုန်လဆန်း(၈)ရက်နေ့

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဖြူးကုန်းဆရာတော် ဘဒ္ဒန္တအာစိဏ္ဏ၏ အတ္ထုပ္ပတ္တိအကျဉ်းချုပ်



အရှင် အာစိဏ္ဏသည် ၁၂၈၃ ခုနှစ် တော်သလင်းလဆန်း ၃– ရက်နေ့ တနင်္ဂနွေနေ့ နံနက် ၇ နာရီအချိန်တွင် လှည်းကူးမြို့နယ် ဘုရားကွင်းရွာ ဦးဘိုးကျယ် ဒေါ်ပိုတို့မှ ဖွားမြင်သော သားရတနာ ဖြစ်သည်။ သားသမီး ရှစ်ယောက်ရှိသည့် အနက် ဆဋ္ဌမမြောက် သားရတနာဖြစ်သည်။ မိဘများမှာ လယ်လုပ်သားကြီးများ ဖြစ်ကြသည်။

ကိုးနှစ်သား အရွယ် ရောက်သောအခါ မိဘ နှစ်ပါးတို့က ပဲခူးတိုင်း ပဲခူးမြို့နယ် ကျောက်တန်းကျေးရွာ၊ မဟာဗောဓိတောရ တိုက် တိုက်အုပ် ဆရာတော် အရှင်ပဏ္ဍဝထံ အပ်နှံ၍ ပညာသင် ကြားစေသည်။ သူတို့က တတ်အပ်သော ပညာရပ်များကို သင်ကြားပြီး နောက် ပိဋကတ်အခြေခံ ဖြစ်သော သဒ္ဒါ၊ သင်္ဂဟတို့ကို ဆက်လက် သင်ယူသည်။ ကျောင်းသားငယ်ဘဝ ၁၀ နှစ်သားအရွယ် ရောက်သောအခါတွင် ဓမ္မပရိယ်တွဲ ပါဠိအာဂုံ စာပြန်ပွဲကြီး အငယ်တန်းတွင် အကောင်းဆုံး ဖြေဆိုအောင်မြင်၍ ထားဝယ်ဘုန်းတော်ကြီး ဦးသာသန၏ ရွှေတံဆိပ်ဆု ချီးမြှင့်ခြင်းကို ခံယူ ရသည်။

၁၂ နှစ်သား အရွယ်သို့ ရောက်သောအခါ တိုက်အုပ်ဆရာတော် အရှင်ပဏ္ဍဝထံ၌ ပင် ရှင် သာမဏေအဖြစ်သို့ ရောက်သည်။ အရှင်အာစိဏ္ဏသည် ပိဋကတ်သင်ရိုးဖြစ်သော ဝိသုဒ္ဓါရုံသုတ်နက်၊ ပုဒ်ဆစ်၊ အဘိဓမ္မတ္ထ သင်္ဂဟ၊ အဘိဓာန်၊ အလင်္ကာဆန်း စသော နေ့ဝါညဝါကျမ်းတို့ကို တိုက်အုပ် ဆရာတော် အရှင်ပဏ္ဍဝထံ၌ သင်ကြားသည်။ ယင်းသို့ သင်ယူနေစဉ် ဓမ္မပရိယတွဲ ပါဠိအာဂုံ စာပြန်ပွဲကြီးတွင် အလတ်အကြီး အကျော်တန်း တို့ကို

လည်း ပြန်ဆိုအောင်မြင်ခဲ့လေသည်။ ပထမ ကျော်တန်းတွင် (အကောင်းဆုံး) နံပါတ်တစ် ပြန်ဆို အောင်မြင်၍ ရန်ကုန်မြို့ သစ်တော အုပ်ကြီး၏ ရွှေတံဆိပ် ဆက်ကပ်ခြင်းကို ခံယူခဲ့ရသည်။

အရှင်အာစိဏ္ဏသည် ကျေးဇူးတော်ရှင် မဟာဗောဓိ တိုက်အုပ် ဆရာတော်၏ ခြေတော်ရင်းခ်ပင် ဆက်လက် မှီခိုလျက် ပညာရင်နှီ သောက်စို့ရင်း မဟာဗောဓိဩဝါဒ ခံယူလျက် ပညာရပ်များကို ဆည်းပူးသင် ကြားခဲ့သည်။ ၁၅-နှစ်သားအရွယ် ရောက်သော အခါ အစိုးရ ပမထဝယ်တန်းအောင်၍ ၁၇-နှစ်သား အရွယ်တွင် ပထမလတ်တန်းကို အောင်မြင်ခဲ့သည်။

အရှင်အာစိဏ္ဏသည် ၁၃၀၀-ပြည့်နှစ်တွင် အဘိဓမ္မတ္ထသင်္ဂဟ အမေးအဖြေ၊ ကခ်ီ အမေးအဖြေ၊ ဆန္ဒောသာရတ္ထဒီပနီ၊ သဒ္ဒါကြီး နိဿယစသော ကျမ်းပြု မဟာဗောဓိ တိုက်အုပ်ဆရာတော် အရှင်ပဏ္ဍာဝနှင့် စာချဘုန်းကြီး ဦးနန္ဒိယ (ကွယ်လွန်ပြီး) ဦးပညာသိရိ (ယခု သာကေတမြို့ မဟာစေတီ ကျောင်းတိုက် ပညာလင်္ကာရ ဆရာတော်)၊ ရှေ့ဆောင်လမ်းညွှန် သြဝါဒမွန်ကို ခံယူလျက် (၁၃၀၀ ပြည့်နှစ်တွင်) ပညာသင်ကြားရန် မန္တလေးမြို့ အဘယာရာမ ရွှေဂူကျောင်းတိုက်သို့ ဦးတိုက်ဆိုက် ရောက်ခဲ့သည်။ အဘယာရာမ ဆရာတော် (ရွှေကျင် နိကာယဓမ္မသေနာပတိ၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘာသန္တရ ကောဝိဒ၊ အဘိဓာန်နိဿ၊ မောဂ္ဂလ္လာန်နိဿ စသော ကျမ်းပြုခြေတော်ရင်းခ်ပ် ဆည်းကပ်မှီခိုလျက် အဘယာရာမ ဆရာတော်ဘုရားနှင့် အဘယာရာမ ပထမစာချ အရှင်ဇနကာဘိဝံသ၊ (ယခု အဂ္ဂမဟာပဏ္ဍိတ ဘာသာဋီကာကျမ်းပေါင်းများစွာ ပြုတော်မူသော တောင်မြို့ မဟာဂန္ဓာရုံ ဆရာတော်)နှင့် အရှင်နရိန္ဒထံ၌ အထက်တန်း စာပေတို့ကို သင်ကြားဆည်းပူးခဲ့သည်။

၁၃၀၁-ခုနှစ်တွင် အရှင်အာစိဏ္ဏသည် မဟာဗောဓိ တောရတိုက် ကျေးဇူးတော်ရှင် တိုက်အုပ်ဆရာတော် အရှင်ပဏ္ဍာဝ ခြေတော်ရင်းသို့ ပြန် လည်ချဉ်းကပ်၍ ခို့ငဲ့လျက်ရှိနေသော ကျန်းမာရေးကို ပြန်လည်မွေးမြူရင်း စိမ်းနေသော အစိုးရ ပထမကြီးတန်း စာပေတို့ကို ပြန်နွေးလေ့လာ ဆည်းပူးလျက်နေသည်။ အရှင်အာစိဏ္ဏသည် အသက် ၂၀ ပြည့်သောအခါ ၁၃၀၂ ခုနှစ် တပိုတ္တဲ လဆန်း (၉) ရက်နေ့တွင် ပဲခူးမြို့နယ်၊ ကျောက်တန်းရွာ ဒေါ်ခင်ညွန့်၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် ပထမမဟာဗောဓိတောရ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးဦးကေလာသ ထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဖြစ်သည်။

ရဟန်းဖြစ်ပြီး ၁၀ လခန့်ကြာသောအခါ ဒုတိယကမ္မာစရိယကြီး ဖြစ်ပေါ်လာ၍ စစ်ဘေးဒဏ်ကြောင့် နိုင်ငံအဝန်း စာပေသင်ကြားရေးမှာ ခရီးမရောက် ဖြစ်ခဲ့ရသည်။ မှန်ပေ၏။ သို့လင့်ကစား တိုက်အုပ်ဆရာတော် အရှင်ပဏ္ဍာဝသည် သာသနာ့ အန္တရာယ် ကမ္မာ့အန္တရာယ် လက်နက်စစ်ပွဲကြီးအား မြတ်ဗုဒ္ဓ၏ ဓမ္မဘုံလက်နက်တို့ဖြင့် ကြံ့ခံတွန်းလှန်ဘိသို့ ပရိယတ္တိသဒ္ဓမ္မ စာပေပို့ချခြင်းတို့ကို မလျော့

စေဘဲ ရှေ့သို့သာ ချီလျက် တိုး၍ တိုး၍ ပို့ချခဲ့သောကြောင့် စာချတန်းဆိုင်ရာ နေတွဲ့ကောက် ဉာသ်ကောက်နှင့်တကွ ပါဠိတော် အဋ္ဌကထာတို့ကို ဆိုင်ရာ ဆိုင်ရာ ဋီကာနှင့် တွဲဖက်၍ လေ့လာ သင်ကြားခဲ့ရသည်။ ထို့ပြင် တိုက်အုပ်ဆရာတော် အရှင်ပဏ္ဍာဝ အကျဉ်းချုံး၍ ရေးသားစီရင်ထားသော ဝါကျဆိုင်ရာ ရှေရေးဆောင် နိယာမ သခေါ်ပကျမ်းကို လည်း နိယ်လက်ာနှင့်တကွ ဆိုင်ရာ သာဓက ဝါကျ ပါဠိတို့ကို တက်, ထွက် လက်တွေ့ ဆည်းပူးခဲ့သည်။

အရှင် အာစိဏ္ဏသည် ၁၃၀၈-ခုနှစ် ကမ္ဘာစစ်ပြီးစ ပဲခူးမြို့ ဝိနယာဓိကအသင်း ပထမအကြိမ် စာမေးပွဲကြီးတွင် ပထမကြီးတန်းတွင်နံပါတ်တစ် အောင်မြင်၍ အသင်းကြီးက ပဒေသာပင်ဖြင့် ပူဇော်ခြင်းကို ခံယူရသည်။ စစ်ပြီးစ အစိုးရစာမေးပွဲ ဒုတိယမြောက် ၁၃၀၉-ခုနှစ်တွင် ပထမကြီးတန်းကို အောင်မြင်သည်။

ပထမကြီးတန်း အောင်မြင်ပြီးသောအခါ ကျေးဇူးတော်ရင် ဆရာတော်ကြီး၏ ညွှန်ကြားချက်ဖြင့် သံလျင်မြို့နယ် သပြေကန် ဓမ္မိကာရာမတိုက် စာချဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသ (သိရောမဏိ) ပရိတ်ကြီး **နိဿယ** ကျမ်းပြုထံ၌ စာချတန်း ဆိုင်ရာ နည်းနာနယ် အမျိုးမျိုးတို့ကို လေ့လာ ဆည်းပူးခဲ့သည်။ ထိုသည့် (၁၃၀၉)ခုနှစ် နှောင်းပိုင်း ခမည်းတော်ကြီး၌ လေဇန်းရောဂါ စွဲကပ်လာသည် ဖြစ်၍ မိဘကျေးဇူး တုံ့ဆပ်ဖို့ အခွင့်ပေးလာသဖြင့် ခမည်းတော်ကြီးအား ပြုစုလျက် စာပေကို မျက်နှာလွှဲခဲ့ရပေသည်။ သို့ဖြစ်၍ ၁၃၁၀ ခုနှစ်၊ စာချတန်း ဖြေခွင့်မရရှိခဲ့ ဖြစ်ရသည်။

အရှင်အာစိဏ္ဏသည် ၁၃၁၁ ခုနှစ်ကုန် တန်ခူးလ၌ ခမည်းတော်ကြီး ကွယ်လွန်သွားပြီး ဖြစ်သောကြောင့် မယ်တော်ကြီးအား ပြုစုနေရင်း အခြေအနေ မပေး၍ နှစ်နှစ်ကြာမျှ ကွဲကွာစိမ်းနေသော စာချတန်း စာပေတို့နှင့် ပြန်လည်ရင်းနှီးရန် ၁၃၁၃-ခုနှစ်တွင် ရန်ကုန် ကျိုက္ကဆံ ရွှေကျင်တိုက်သစ် (မဟာဗောဓိ တိုက်ခွဲဆရာတော် ဦးသုစိန္တ ဃံ၌ အန္တေဝါသိကအဖြစ် ခံယူပြီး စာချဘုန်းကြီး ဦးဆန္ဒာဓိကထံ၌ စာပေတို့ကို လေ့လာပြီးလျှင် ၁၃၁၃ ခုနှစ် အစိုးရစာချတန်းကို ဖြေဆိုရာ ကျမ်းရင်း နှစ်ကျမ်း၊ ဂုဏ်ထူးငါးကျမ်း အောင်မြင်သည်။

၁၃၁၃-ခုနှစ် နတ်တော်လတွင် မဟာဗောဓိ စာသင်တိုက်သို့ ပြန်၍ ကျေးဇူးတော်ရှင် (ဒုတိယ မဟာဗောဓိ ဂဏာဓိပတိ) မဟာဗောဓိ ဆရာတော်အား ကူညီလျက် စာပေပို့ချရင်း ဓမ္မာစရိယတန်းကို ဆက်လက် ဖြေဆိုခဲ့သည်။

၁၃၁၄-ခုနှစ် တန်ခူးလဆန်း ၁၄ ရက်နေ့တွင် ကျောက်တန်းကျေးရွာ ရွာသူကြီး ဦးမောင်မောင်-ဒေါ်ခင်ညွှန့် မိသားစုတို့က ဒုတိယအကြိမ် ရဟန်းဒကာအဖြစ် ခံယူကြပြန်သည်။

ယင်းသို့ အထက်တန်းစာပေတို့ကို လေ့လာ ဆည်းပူးလျက် အစိုးရ ဓမ္မာစရိယတန်းကို ဖြေဆိုခဲ့ရာ (သိရိပဝရဓမ္မာစရိယ

တန်း သာသနဓဇ သိရိပဝရ မွောစရိယတန်း တို့ကို ၁၃၁၅-ခုနှစ်တွင် ကိုးကျမ်းပြီး ဖြေဆို အောင်မြင်ခဲ့သည်။

အရှင်အာစိဏ္ဏသည် စာမေးပွဲ ပရိယတ္တိ ကိစ္စ ပြီးသော နောက်ပိုင်း၌ အတ္တကိစ္စဖြစ်သော ပဋိပတ္တိအလုပ် ရှင်နာဂသိန် ကဲ့သို့ ဆက်လက် အားထုတ်ရန် ဖြစ်သော်လည်း ဒုတိယကမ္ဘာ စစ်ပြီးနောက် သူပုန်ခေတ်ဦးပိုင်း၌ မူလ မဟာဗောဓိတောရ ကျောင်းတိုက်တွင် သံဃာတော်များ သီတင်းသုံး၍ မဖြစ်နိုင်အောင် သူခိုးဘေးဆိုးကြီး ဆိုက်ရောက်လာပါ၍ ကျောက်တန်း ကျေးရွာတွင်းသို့ ပြောင်း၍ ဒုတိယဝါကပ်ကြပါသည်။ သူပုန်ခေတ်သည် အရှိန်အဟုန် လျော့သည် မရှိဘဲ တစ်နှစ်ထက်တစ်နှစ် ဆက်လက်ဆိုးလျက်ရှိနေပါသည်။ သို့ဖြစ်ပါ၍ မူလတောရသို့ ပြန်၍ မပြောင်းရွှေ့နိုင်တော့ဘဲ ဖြစ်ကြသည်။ ထို့ကြောင့် မူလတောကျောင်းကြီးမှ ကျောင်းတို့ကိုဖျက်၍ ကျောက်တန်းကျေးရွာ ရွာလယ်ကျောင်းဟောင်းကြီး နေရာ၌ပင် မဟာဗောဓိ စာသင်တိုက်သစ်ဟု အမည်တပ်၍ တိုက်သစ်တည်ထောင်တော်မူသည်။ ထိုတိုက်သစ်သည် အသစ်ပင် ဖြစ်လင့်ကစား စာသင်သား (အသစ် အဟောင်း) မှာ ၂၀-ကျော် ၃၀ ခန့် အမြဲရှိနေ၍ စည်ကားလျက် ရှိနေသည်။ ထိုတိုက်သစ် စာသင် သံဃာတို့အား ကျေးဇူးတော်ရင် ဆရာတော် တစ်ပါးတည်း စာပေပို့ချလျက် ပရိယတ္တိသဒ္ဓမ္မကို တည်ထောင်နေရသည်။

မဟာဗောဓိ စာသင်တိုက်သစ် အခြေ **အနေအရ ကျေးဇူးတော်ရင် ဆရာတော် အရှင်ပဏ္ဍာဝအ ထံ၌ပင် ဆက်လက်လျက် အကူစာချ အဖြစ်ဖြင့် စာချ၍ ပရိယတ္တိ** သာသနာ့ တာဝန်အချို့ကို ထမ်းဆောင်၍ နေခဲ့ပါသည်။ ယင်း တာဝန်များကို ဆောင်ရွက်နေစဉ်ပင် ဆဋ္ဌသံဂါယနာ ပဋိဝိသော ဓက ကိစ္စကိုလည်း ကျေပွန်အောင် ဆောင်ရွက်ခဲ့သည်။

အရှင်အာစိဏ္ဏသည် မဟာဗောဓိ ရွှေကျင် နိကာယ သံဃာ့အစည်း အဝေးကြီး၏ ဆန္ဒအရ ဂိုဏ်းဝန်ဆောင်အဖြစ် ဆောင်ရွက်ခဲ့သည်။

အတ္ထုပ္ပတ္တိ၏ နောက်ဆက်တွဲ

အင်းစိန် ကြို့ကုန်း ဗြူးကုန်းတောရ ကျောင်းတိုက် နာယကဆရာတော် ဦးဆန္ဒာဓိက၏ ၎င်းပိုင် ကျောင်းတိုက် လွှဲပြောင်းပေးမှုကို ၁၃၃၅-ခုနှစ် ပထမဝါဆိုလဆန်း ၉-ရက်နေ့က လက်ခံခဲ့ပါသည်။

၁၃၄၂-ခုနှစ် ပထမဝါဆိုလဆုတ် ၂-ရက်နေ့က အရှေ့ကြို့ကုန်း ဗြူးကုန်းတောရ ကျောင်း တိုက်သို့ ပြောင်းရွှေ့၍ သီတင်းသုံးသည်။ ထိုနှစ်တွင် ဝါဆိုသံဃာ ၁၅ ပါးရှိသည်။

၁၃၄၃-ခုနှစ်တွင် ဝါဆိုသံဃာ ၂၈ ပါးရှိသည်။ ဗြူးကုန်းတောရ စာသင်တိုက်ဟု အမည်သတ်မှတ်၍ စာသင်သားများ မွေးမြူကာ ပရိယတ္တိ လုပ်ငန်းများကို ဆက်လက်တိုးချဲ့ပြုစုသည်။

ရွှေကျင်နိကာယ ဗဟိုဌာနမှ ပေးသမျှတာဝန်

၁။ ရွှေကျင်နိကာယ နိုင်ငံတော် ဗဟိုဝန်ဆောင် (၁၃၄၂-ခုနှစ်)

၂။ ရွှေကျင်နိကာယ ဗဟိုဝိနည်းဝိုရ် (၁၃၄၃-ခုနှစ်)

၃။ ရွှေကျင်နိကာယ ဗဟိုဝန်ဆောင် (၁၃၄၃-ခုနှစ်)

သာသနာရေးတာဝန်

ပဲခူးကျောက်တန်း၊ မဟာဗောဓိ ဝိနည်းပြန်ဌာန အကျိုးဆောင်၊ ၎င်းဝိနည်းပြန်ဌာန ဂိုဏ်းအုပ်၊ နိုင်ငံလုံးဆိုင်ရာ ရွှေကျင်နိကာယ ကမ္မကာရက အလုပ်အမှုဆောင်၊ နိုင်ငံလုံးဆိုင်ရာ ရွှေကျင်နိကာယ နယ်လှည့်သာသနာပြု ဓမ္မကထိက၊ ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာ နိုင်ငံတော် ဝိနည်းဝိုရ်၊ ရွှေကျင်နိကာယ ရတ္တညူမဟာနာယက၊ ဆဋ္ဌသင်္ဂါယနာပွဲ၌ **ဆဋ္ဌသင်္ဂီတိ ပါဠိပဋိဝိသောဓက (မိလိန္ဒ ပဉှာ)** နှင့် ဘုန်းတော်ကြီးသင် ပဲခူးကျောက်တန်း မဟာဗောဓိ စာသင်တိုက်၌ ၁၉၆၂ ခုနှစ်မှစ၍ (၁၂) နှစ်တိုင်တိုင် ဘုန်းတော်ကြီး မူလတန်းကျောင်း ကျောင်းအုပ်၊ ပဲခူးကျောက်တန်း ဓမ္မပရိယတ္တိစာမေးပွဲဥက္ကဋ္ဌ စသော သာသနာရေး တာဝန်များကို ဆောင်ရွက် တော်မူခဲ့ပါသည်။

သံယာ့အဖွဲ့အစည်းအဆင့်ဆင့်တာဝန် (ဆောင်ရွက်ပြီး ဆောင်ရွက်ဆဲ)

၁။ ပထမအကြိမ် နိုင်ငံတော် ဗဟိုသံယာ့ဝန်ဆောင် (၁၃၄၂-၁၃၄၆)

၂။ ဒုတိယအကြိမ် သံယာ့ အဖွဲ့အစည်း ရန်ကုန်တိုင်း ဗဟိုဝန်ဆောင်

၃။ တတိယအကြိမ် အင်းစိန်မြို့နယ် သံယနာယက(ရွှေကျင် အကျိုးတော်ဆောင်)

(၁၃၅၂ မှ ၁၃၅၆)

၄။ စတုတ္ထအကြိမ် ရန်ကုန်တိုင်း သံယနာယက (ရွှေကျင်) အဖွဲ့ဝင်

(၁၃၅၇ မှ ၁၃၆၂)

၅။ မြို့နယ် ဩဝါဒါစရိယ

ရဟန်း၊ ရှင်လူတို့၏ လေးစားကြည်ညိုမှု

ဆရာတော်သည် မေတ္တာဘာဝနာ ပွားများခြင်း၊ ရဟန်း၊ ရှင်လူအပေါင်းတို့ အပေါ်၌ မေတ္တာထားခြင်း၊ သည်းခံမှုရှိခြင်း၊ တပည့်စာသင်သား တို့အပေါ်၌ ကျောသားရင်သား မခွဲခြားဘဲ အုပ်ချုပ်စောင့်ရှောက်ခြင်း၊ စကားပြော သိမ်မွေ့နူးညံ့ခြင်း၊ ဒေါသအမျက်ကို အပြင်မထွက်ဘဲ ချုပ်တည်း သည်းခံနိုင်ခြင်း၊ ပါဠိအဋ္ဌကထာ ဋီကာကျမ်းတို့၌ နှံ့စပ်ခြင်း၊ ပရိယတ္တိဆေက၊ သီလဝန္တ၊ ဝိနယဂရက စသောဂုဏ်တို့နှင့် ပြည့်စုံခြင်းကြောင့် ရဟန်း၊ ရှင်၊ လူတို့၏ ကြည်ညိုမှုကို ခံယူရရှိသည်။



ဗြူးကုန်းဆရာတော်သို့ ကန်တော့ပန်း

မင်းယုဝေ

နတ်ပန်း မဥ္ဇူသကာသို့
ထုံကြူကာ ရနံ့မွှေးပြန်တော့
ဝေးနီးလူ စဉ်တစိုက်
ဦးခိုက်ကြ ကြိမ်ကြိမ်နော်
ကော်ရော်လို့ ရှိခိုး။

ကာလချိန်တာ
နှစ်ပေါင်း နှစ်ညောင်းကြာလဲ
သာသနာ မြတ်ခရီးကိုလ
မငြီးနိုင် မပန်းနိုင်ရှင့်
ကြံ့ခိုင်စွာ ကြွချီလှမ်းကာပ
စွမ်းအား တဝေဝေနဲ့
မဟာထေရ် သာသနာပြုပုံက
စံပြု စံတင်စရာမို့
စာဆိုရှင် စာယဉ်ကျေးလို့ရယ်
ဦးချရိကျိုး။

အဂ္ဂမဟာပဏ္ဍိတ
ထူးမြတ်လှ ဂုဏ်ရည်ကျော်။

ဗြူးကုန်း ဆရာတော်သို့
နိုင်ငံတော် ထွတ်အမြတ်
ဆက်ကပ်ပူဇော်။

သီလ သမာဓိ
မြတ်သည့် ပညာနဲ့
ထေရ်မဟာ ပြည့်စုံလျှမ်းပါလို့

ကျိုက္ကဆံဆရာတော်ဘုရားကြီး၏

သီတင်းကျွတ် ဩဝါဒကထာ စာတမ်းတော်

ဤ ဩဝါဒကထာ စာတမ်း" သည် ရန်ကုန်တိုင်း သင်္ကန်းကျွန်းမြို့နယ်၊ သဒ္ဓမ္မ ဇာဏရုံ ရွှေကျင် တိုက်သစ် (ခေါ်) ကျိုက္ကဆံ ရွှေကျင်တိုက်သစ် ဆရာတော်ကြီး (ဦးသုစိန္တ ပျံလွန်)၏ "ဩဝါဒကထာ စာတမ်းတစ်ဆူ" ဖြစ်သည်။ ထိုစဉ်က ဆရာတော်ကြီးသည် ပဲခူးကျောက်တန်း (ယခင်) မဟာဗောဓိ ရွှေကျင် နိကာယ (ယခု) ရွှေကျင်နိကာယ မဟာဗောဓိ ဝိနည်းပြန်ဌာန၏ တတိယမြောက် ဂိုဏ်းအုပ် ဆရာတော် တစ်ဆူ ဖြစ်လေသည်။

မဟာဗောဓိ ရွှေကျင်ဂိုဏ်းခေါ် မဟာ



ကျေးဇူးရှင် သဒ္ဓမ္မဗဇွေသာရုံ
ကျိုက္ကဆံရွှေကျင်တိုက်သစ် သင်္ကတော်ရှည်
ဆရာတော်ဘုရားကြီး

ဗောဓိ ဝိနည်းပြန်ဌာန၏ မြတ်နိုးဖွယ်ကောင်းသော ဝလေ့ ထုံးတမ်းလေးတစ်ခုမှာ သီတင်းကျွတ်လေ တိုင်း နှစ်စဉ် သီတင်းကျွတ်လပြည့်ကျော် (၃) ရက် နေ့ကို ကန်တော့ခံရက် သတ်မှတ်ပြီး ဝိနည်းပြန်ဌာန အတွင်းရှိ ရဟန်းရှင်လူတို့က စုပေါင်း၍ ဂိုဏ်းအုပ်၊ ဂိုဏ်းထောက်စသော သံဃာ့ထေရ်များကို ပူဇော် ကြခြင်း ဖြစ်သည်။

ဂိုဏ်းအုပ်ဆရာတော်ကြီး အပါအဝင် သံဃာ တော် အသီးသီးတို့ကလည်း ပြောပလောက်သော အကြောင်းကြီးငယ် ကိစ္စမျိုး မရှိပါက ကြွရောက် တော်မူကြမြဲ ဖြစ်သည်။

အခု ဤသြဝါဒစာတမ်းကို ရေးသားချီးမြှင့်သော (၁၃၃၅) ခုနှစ် သီတင်းကျွတ်လပြည့်ကျော် (၃) ရက် နေ့ ကန်တော့ခံပွဲ၌ တတိယမြောက် ဂိုဏ်းအုပ်ဆရာတော် ဆရာတော် ကြီး မကြွနိုင်ရှာပါ။ သက်ရှယ်ကြီးရင့် ရုံမက ကျန်းမာရေး အခြေအနေက မကြွရောက်နိုင်သည့် အခြေအနေမျိုး ဖြစ်နေသဖြင့် မကြွရောက်နိုင်ရှာခြင်း ဖြစ်သည်။

သို့သော် မိမိ မကြွရောက်နိုင် ပါကလည်း မိမိ၏ တပည့်သားမြေးတို့ စိတ်အား ငယ်ကြလိမ့်မယ် ကိုလည်း ဆရာတော်ကြီး တွေးပူမိဟန်ရှိ၏။

သို့အတွက် ဤသြဝါဒကထာ စာတမ်းကို မိမိကိုယ်စား ကြိုးစားပမ်းစား ရေးသား ချီးမြှင့်လိုက်ခြင်း ဖြစ်သည်။

ဤစာတမ်းနှင့်အတူ ယခု ဗြူးကုန်းဆရာ တော်။ ထိုစဉ်က ဝိနည်းပြန်ဌာန ဝန်ဆောင်နှင့် နိုင်ငံလုံးဆိုင်ရာ ကမ္မကာရက အဖွဲ့ဝင် ဝန်ဆောင် ဖြစ်သော တိုက်အုပ်ဘုန်းကြီး ဦးအာစိဏ္ဏအတွက် လည်း မှာတမ်းစကားတော် ပါရှိသေးသည်။

ထိုမှာတမ်း စကားသည် တိုတောင်းငြားသော် လည်း ဆရာတော်ကြီး အနေနှင့် တိုက်အုပ် ဦးအာစိဏ္ဏ အနေနှင့် ရွှေကျင်ဂိုဏ်းကြီးအတွက် အဘယ်မျှ မျှော်လင့်ချက် ထားတော်မူသည်ကို လည်း လေ့လာအကဲခတ်နိုင်သည်။

ဆရာတော်ကြီး၏ အမှာစာတွင် ...

"မိမိမှာ အသက်အရွယ် ကြီးရင့်နေပြီဖြစ် ကြောင်း၊ နောင် ဤသြဝါဒမျိုးကို ရေးနိုင်တော့ မည် မဟုတ်ကြောင်း၊

"ယခု ရေးနိုင်တုန်း ရေးလိုက်သော မိမိ၏



သီတင်းကျွတ် အာစရိယ ပူဇော်ပွဲ ဓာတ်ပုံ (တောက်တန်း)

သြဝါဒကထာကို မောင်အာစိဏ္ဏက မပျောက် မပျက်ရအောင် ထိန်းသိမ်းစောင့်ရှောက်ထားရမည် ဖြစ်ကြောင်း" စသည်တို့ ပါဝင်လေသည်။

သို့ပါ၍ ဗြူးကုန်းဆရာတော် ဘဒ္ဒန္တ အာစိဏ္ဏ ၏ ထေရဂုဏ်ရည် စာစောင် ဖြစ်မြောက်ရေး အဖွဲ့က ကျေးဇူးတော်ရှင် ကျိုက္ကဆံ ဆရာတော်ကြီး ၏ အဖိုးတန်လှသော ဤသြဝါဒကထာ စာတမ်းကို

မှုရင်းအတိုင်း အပြည့်အစုံ ဖော်ပြလိုက်ရပေသည်။

သီတင်းကျွတ် အာစရိယပူဇော မင်္ဂလာ
မဟာပရိနိဗ္ဗာနသုတ်လာ
ကြီးပွားကြောင်း တရား (၇) ပါး

၁။ ရဟန်းတို့ ရဟန်းအပေါင်းသည်၊ မပြတ်ပေါင်းဆုံ ကြကုန်အံ့၊ မကြာခဏ စည်းဝေးကြကုန်အံ့။

၂။ ရဟန်းအပေါင်းသည် ညီညွတ်စွာ ပေါင်းဆုံ စည်းဝေးကြကုန်အံ့၊ ညီညွတ်စွာ အစည်းအဝေးမှ ထကြကုန်အံ့၊ ညီညွတ်စွာ

သီတင်းကျွတ် အာစရိယ ပူဇော်မင်္ဂလာ ကျေးဇူးရှင် ကျိုက္ကစ် ဆရာတော် ဘုရားကြီး၏ ဩဝါဒကထာကို တိုက်အုပ်ဘုန်းကြီးက ဖတ်ကြားနေစဉ်

သံယာ့ကိစ္စများကို ပြုကုန်အံ့။

၃။ ရဟန်း အပေါင်းသည် မြတ်စွာဘုရား မပညတ်အပ်သည်ကို ဖြည့်စွက်မပညတ်ကုန်အံ့၊ ပညတ်ပြီးသည်ကို မပယ်နုတ်ကြကုန်အံ့၊ မြတ်စွာဘုရား ပညတ်အပ်သော သိက္ခာပုဒ်တို့၌ ရိုသေစွာ လိုက်နာဖြည့်ကျင့်ကုန်အံ့။

၄။ ရဟန်းအပေါင်းသည် ညအပိုင်းအခြား ကိုသိကုန်သော၊ ရဟန်းပြု၍ ကြာမြင့်ကုန်သော၊ သံဃာတော်၏ အဖအရာ၌ တည်ကုန်သော၊ သံဃာတော်၏ အကြီး အမှူး ဦးစီးခေါင်းဆောင် ဖြစ်ကုန်သော မထေရ်ကြီးတို့ကို ကောင်းစွာ ပြုစုကုန်အံ့၊ အရိုအသေ အလေးအမြတ် ပြုကြကုန်အံ့၊ ထိုမထေရ်ကြီးတို့၏ စကားကို နာကြား လိုက်နာကုန်အံ့။

၅။ ရဟန်းအပေါင်းသည် တစ်ဖန် ဘဝသစ်၌ ဖြစ်ခြင်း ရှိသော မိမိကိုယ်တွင်း၌ ခဏတ္တဃအားဖြင့် ဖြစ်ပေါ်လေ့ရှိသော တဏှာ၏ အလိုသို့ မလိုက်ကုန်အံ့။

၆။ ရဟန်းအပေါင်းသည် တောကျောင်း၌ နေလိုသော ဆန္ဒ ရှိကုန်အံ့။

၇။ ရဟန်းအပေါင်းသည် မိမိကိုယ်တိုင် ပွားစေအပ်သော သတိတရားကို ရှေးရှုဖြစ်ကြကုန်အံ့။ မကြွရောက်ကုန်သေးသော သီလကို ချစ်မြတ်နိုးကုန်သော သီတင်းသုံးဖော်တို့ ကြွရောက်တော်မူကုန်အံ့။

ကြွရောက်တော်မူပြီးကုန်သော သီလကို ချစ်မြတ်နိုးကုန်သော သီတင်းသုံးဖော်တို့ ချမ်းသာစွာ နေတော်မူကုန်အံ့၊ ဤသို့ သော သတိကို ရှေးရှုဖြစ်ကုန်အံ့။

ဤ (၇) ပါးတို့သည် ရဟန်းတို့ ကြီးပွား ကြောင်းတရား ဖြစ်ကုန်၏။ (သုတ်မဟာဝါ)

ရက်စွဲ ၁၃၃၅-ခု၊ သီတင်းကျွတ်လဆုတ် (၃) ရက်၊ ကျောက်တန်း မဟာဗောဓိ ရွှေကျင် နိကာယ ဂိုဏ်းအုပ်၊ ဂိုဏ်းထောက်၊ နာယကဆရာ တော်များနှင့် ကန်တော့ပွဲ

ကြီးသို့ ကြွလာသော သံဃာတော် အရှင်သူမြတ်များ ထံသို့ ..

ဘုရားတပည့်တော် စာရေး၍ ဩဝါဒ ပေးအပ်ပါသည်။

ဘုရားတပည့်တော်သည် ဤရက်၊ ဤနေ့၊ ဤအချိန်ကာလ တစ်နှစ်မှ တစ်ကြိမ်တစ်ခါ ဂိုဏ်း သံဃာအစုံ တွေ့ဆုံကြုံကြိုက် လှိုက်လှိုက်လှဲလှဲ ဝမ်းသာ သမ္မောဒနီယကထာ ပြုလိုသည်မှာ အမှန်ပင် ဖြစ်ပါသည်။

သို့သော် ဇရာ ဒုဗ္ဗလအရွယ် ဗျာဓိက နောက်နားမှ တွယ်လျက် နှိပ်နယ်ညှဉ်းပမ်း အမြဲတမ်းချည့်နဲ့ နေသည်ကို သိတော်မူကြသည့်အတိုင်း စိတ်ရှိတိုင်း ကိုယ်မရောက်သည်ကို ခွင့်ပြုတော်မူကြစေလိုသည်၊

ယမန်နစ်က မကြွလာနိုင်ကြသဖြင့် အနည်းငယ် မကျေမနပ် ဖြစ်ကြရာ ဂိုဏ်းအုပ်ဆရာတော် တစ်ပါးက (ကိုယ်တော်တို့ ကြီးမှသိမယ်) ဟု စာနာထောက်ထား မိန့်ကြားဖူးသော စကားကို အပြန်အလှန် ထပ်မံစဉ်းစား ထောက်ထားငဲ့ ညှာတော်မူကြကာ ဤမေတ္တာ ဩဝါဒဖြင့် ကျေနပ်တော်မူကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

ဩဝါဒ အကျဉ်းမှာ

ခေတ်ကြီး၏ ဗလောင်းဗလဲ အပြောင်းအလွဲနဲ့ ဗုဒ္ဓသာသနာ၊ ရွှေကျင်သာသနာ၊ မဟာဗောဓိသာသနာ လွန်စွာအားနည်းနေသော ယခုလိုအချိန်မှာ မိမိတို့အတွက် ဆောက်တည်ရာဖြစ်အောင် အဓိပတိသုံးချက်ကို လေးနက်စွာ သတိဆောင်ကြစေလိုပါသည်။ အဓိပတိသုံးချက်မှာ–

၁။ **အတ္တာဓိပတိ၊** မိမိကိုယ်ကို လေးနက်စွာ အာရမ္မဏာဓိပတိ ပစ္စည်းထား၍ ပစ္စုပ္ပန်အကျိုး ကုသိုလ်စိတ္တုပ္ပါဒ် တိုးပွားအောင် ရှောင်အပ်သည်ကို ရှောင်၊ ကျင့်ဆောင်အပ်သည်ကို ကျင့်ဆောင်ခြင်း၊

၂။ **လောကာဓိပတိ၊** မိမိဝန်းကျင် လူရှင်လောက နတ်လောကကို အဓိကလေးစား အဓိပတိ ပစ္စည်းထား၍ ပစ္စုပ္ပန်အကျိုးတရား ကုသိုလ်ပွားအောင် ရွက်ဆောင်အားထုတ်ခြင်း၊

၃။ **ဓမ္မာဓိပတိ၊** မြတ်စွာဘုရား ဟောကြားဆုံးမ ဩဝါဒဓမ္မ အရပ်ရပ်နှင့် ဆရာစဉ်ဆက် ဆုံးမချက် ဥပဒေသ ဓမ္မအရပ်ရပ်ကို လေးလေးမြတ်မြတ် အာရမ္မဏာဓိပတိ ပစ္စည်းတပ်၍ ပစ္စုပ္ပန်အကျိုးတရား ကုသိုလ်ပွားအောင် ရွက်ဆောင်ခြင်း၊

အကျဉ်းအားဖြင့် ဤသုံးချက်ဖြစ်ပါသည်။

အဓိပတိ သုံးချက် လေးနက်စွာ ပစ္စည်းတပ်နိုင်ရန် တစ်ကျော့ထပ်မံ ဝေဖန်ဖော်ပြပါအံ့။

၁။ **အတ္တာဓိပတိ**။ ။ မိမိတို့ကိုယ်ကို အဖြစ်မှန်ပြန်ကြည့်၍ အဓိပတိပစ္စည်းတပ်ရန်မှာ "ငါသည် ဘုရားသားတော်အစစ် သမဏပဗ္ဗဇ္ဇ အဖြစ်ကို ခံယူကာ လောကမှ ထွက်မြောက်ရာ ထွက်မြောက်ကြောင်း အကျင့်ကောင်း ကျင့်နေသူ ဖြစ်သည်။ ရွှေကျင်ဆရာတော်ဘုရားကြီး၏ ဩဝါဒ အရိပ်ခိုလျက် ရွှေကျင်ဂိုဏ်းသားဟု ခေါ်ဆိုကြည်ညိုလေးမြတ် ခံနေရသည်။ ၎င်းအပြင် ကျောက်တန်း မဟာဗောဓိ ရွှေကျင်ဂိုဏ်းသားအစစ် ကျေးဇူးရှင်ဆရာတော်များ၏ တပည့်အဆက်ဆက်ဖြစ်သည်။ သို့စဉ်လျက် အကျင့်ပျက်၊ စည်းကမ်းပျက် ရဟန်းဟု စွပ်စွဲချက်အလုံးတင်ကာ ကဲ့ရဲ့ပြောဆိုကြသည်မှာ လွန်စွာမှ ရှက်ဖွယ်ဖြစ်ချေသည်။

ထို့ကြောင့် ငါသည် ဘုရားသားတော်ပီပီ ပညတ်ချက် အလီလီကို မချိုး၊ သုံးမျိုးသောသိက္ခာ ပြည့်စုံစွာ ဖြည့်စွမ်းထမ်းဆောင်မည်။ ၎င်းအပြင် ရွှေကျင်ဆရာတော်ဘုရားကြီး၊ မဟာဗောဓိဆရာ

တော် ဘုရား၏ ပညတ်ထားသော ဥပဒေနှင့်အညီ လိုက်နာနေထိုင်မည်ဟု မိမိကိုယ်ကို ဘုရားသား အစစ် ဆရာတော်ဘုရားကြီးများ၏ ရင်းနှီးသော တပည့်ရင်းအဖြစ် ပင့်ချီမြှောက်ဖော်ထား၍ မိမိကိုယ်ကို လေးစား တန်ဖိုးထားကာ အာရမ္မဏာဓိပတိ ပစ္စည်းထားပြီးလျှင် ဘုရားမကြိုက်၊ ဆရာသမား မကြိုက်၊ မနှစ်ခြိုက်အပ်သော ဒုစရိုက်၊ ဒုရာဇီဝ၊ အလဇ္ဇီဓမ္မတို့ကို အနားမှ မသီရအောင် ခွာရှောင်တော် မူကြ၍ ဘုရားကြိုက် ဆရာသမားကြိုက် အလွန်နှစ်ခြိုက်အပ်သော ပရိယတ် ပဋိပတ်၊ ဂန္ထ ဝိပဿနာ နှစ်ဖြာအကျင့်မြတ်တို့ကို မပြတ်မလပ် ကျင့်သုံးနေထိုင်ခြင်းဖြင့် ရဟန်းကောင်းတို့၏ အမူအရာ သိက္ခာပြည့်ခြင်းဟူသော ပဗ္ဗဇ္ဇဂုဏ်ဟိတ် ရဟန်းကောင်းစိတ်ဓာတ် မပြတ်မလတ်စေဘဲ အာရမ္မဏိက အကျိုးတရား တိုးပွားအောင် ရွက်ဆောင်နေထိုင်မှုကို အတ္တာဓိပတိဟု ခေါ်ဆိုရပါသည်။

၂။ **လောကာဓိပတိ**။ ။ ရဟန်းကျင့်ဝတ်၊ ဂိုဏ်းသားကျင့်ဝတ်၊ တိမ်းချွတ်ဖောက်ပြန် မှားယွင်းမှု ဟန် ကြုံလျှင် လွန်သည့်အပြု ဖောက်ပြန်မှုသည် ဘုရားမကြိုက်၊ ဆရာသမားမကြိုက်၊ သူတော်ကောင်းမကြိုက်၊ နတ်အပေါင်း မကြိုက်၊ အကယ်၍ ပြုမှားမိလိုက်ချေက (လွန်) ပုဂ္ဂိုလ်ယုတ်သည် ဘုရားသာသနာ၊ ထေရသာသနာနှင့် မထိုက်တန်၊ မလျော်ကန်အလုပ် လူမြင်ရာ၊ နောက်ကွယ်ရာ ပြုလုပ် အတွင်းပုပ် ပုပ်နေတာပဲဟု အနီးအဝေးရှိ ရဟန်းရှင်လူ ပရိသတ်လောကက လည်းကောင်း၊ (လူမသိ နတ်သိ၏၊ လူမမြင် နတ်မြင်၊ လူမကြား နတ်တို့ကြား၏) ပညာရှိတို့ ပြောသောစကားနှင့် (နတ္ထိ လောကေ ရဟောနာမ) မြတ်စွာဘုရား ဟောထားချက်အရ နတ်များ လောကကလည်းကောင်း၊ ဤကဲ့သို့ လူနတ် လောကက ကဲ့ရဲ့ရှုံ့ချကြမည်ကို ကြောက်ရွံ့လန့်ထိတ် ကြောက်စိတ်ဝင်ကာ ရှောင်စရာကို ရှောင်၊ ကျင့်ဆောင်စရာ ကျင့် သင့်သောအံလုပ် တကယ်တမ်း အားထုတ်မည်ဟု ရွယ်ရည်ပိုင်းဖြတ် အာရမ္မဏိက ကုသိုလ်စိတ္တုပ္ပါဒ် ဖြစ်ပွားမှုကို လောကာအဓိပတိဟု ဆိုပါသည်။ ပတ်ဝန်းကျင်လောကကို လေးလေးစားစား အရေးထားသော ပစ္စည်းဖြစ်ပါသည်။

(၃) ဓမ္မာဓိပတိ နမုဏ္ဍကေန သမဏော၊ အဗ္ဗတော အလိကံ ဘဏံ ဣစ္ဆာလောဘ သမာပန္နော၊ သမဏော ကိံ ဘာဝဿတိ။

၎င်းပြင် – ဂိဟိ ကာမေ ပဟာယာဂေါ၊ ပရဝန္တေသု လဂ္ဂိတော။

ဂဂ်ါတိဏ္ဏော တလာကမှိ၊ နိပုဂ္ဂေါ (ဝါ) တိ နိန္ဒိတော။

စသည်ဖြင့် မြတ်စွာဘုရား ဟောကြားထား လေသမျှ ဓမ္မအချက်နှင့်ဝတ်ပုံ၊ ရုံပုံ၊ သွားပုံ၊ နေပုံ၊ ပြောပုံ၊ ဆိုပုံ၊ သောက်ပုံ၊ အလုံးစုံ အမျိုးမျိုးကို အချိုးကျအောင် ဆုံးမ ပြည့်နှက်ကြားပေသော ရှေးဆရာတော် ဘုရားကြီးများ၏ အရပ်ရပ် ဥပဒေသ ဩဝါဒ ဓမ္မတွေကို ရိုသေလေးမြတ် အဓိပတိ ပစ္စည်းတပ်၍ ငါသည် ဤသည့် ဓမ္မ ဥပဒေသကို မလိုက်မနာ ဖောက်ပြန်ပါသော် ပုညံဝ သုခံဇနေတိ–ပါဠိအရ၊ နတ်ရွာမက၊ မဂ္ဂ၊ ဖလ၊ နိဗ္ဗာန်၊ အမှန်ပင် ရောက် မျက်မှောက်ပြု ရမည် ဧကန်ဟု စိတ်ဇောထက်သန် ကျင့်ကြံအား ထုတ်မှု ဟူသော ကုသိုလ်ကြီးမြတ် အာရမ္မဏိ စိတ္တုပ္ပါဒ် ပေါ်လာမှုကို ဓမ္မာဓိပတိဟု ဆိုရပါသည်။

အထက်ပါ အတ္တ လောက ဓမ္မ သုံးဌာန ဤအရေးကို အလေးအမြတ် အဓိပတိ ပစ္စည်းတပ်တော်မူကြလျက် အတ္တာဓိပတိ ရှောင်အပ်သော အမှုရှောင်၊ ကျင့်အပ်သောအမှု ကျင့်ဆောင်ကြ၍ ဘုရားသားတော်အစစ်၊ ရွှေကျင်ဂိုဏ်းသားအစစ်၊ ကျောက်တန်း မဟာဗောဓိ ဂိုဏ်းသားအစစ်ဖြစ်ကြီး ဖြစ်ကြ၍ ဆိုအပ်ခဲ့ပြီးသော ပစ္စုပ္ပန် အကျိုးတရား

တိုးပွားအောင် ရွက်ဆောင်တော်မူကြစေလိုကြောင်း ဖြင့် အကောင်းဆိုရ၊ ကေစက္ခု၊ ကြည့်ရှုစရာ၊ တစ်ဖက်သာဖြင့်၊ လက်မှာတုံ့နှေး ကိုယ်တိုင်ရေး၍၊ ဝန်လေးလှစွာ၊ ဩဝါဒ ပေးအပ်ပါသည်။ မြတ်ဗုဒ္ဓ သားစင် ရွှေကျင်ဂိုဏ်းဝင် မဟာဗောဓိသွေးဝင် အရှင်နွယ် ကောင်း တပည့်အပေါင်းတို့။

(ဤဩဝါဒစာကို ဂိုဏ်းလုံးဝန်ဆောင် အရှင် အာစိဏ္ဏာဘိဝံသက ဖတ်ပြပြီး သိမ်းထားပါ၊ နောင်နှစ်ခါ ဤဆရာ ရှိမရှိ မသိရှိနိုင်သော်လည်း ဤသို့ စာရေး ဩဝါဒပေးနိုင်မည် မထင်ပါ။) အနိစ္စာဝတ သခါရာ ပေတည်း။

ဦးသုစိန္တ
ကျောက်တန်း မဟာဗောဓိ ရွှေကျင်
နိကာယ၊ ဥက္ကဋ္ဌ မဟာနာယက
၁၃၃၅-ခု၊ သီတင်းကျွတ်လဆုတ် ၃ ရက်

ကျောက်တန်း မဟာဗောဓိတောရကျောင်း၌ ပထမ
မဟာဗောဓိ ဆရာတော်ကြီး သီတင်းသုံးခဲ့ရာ
ကျောင်းနေရာ၌ ကျောက်တန်းရွာမှ ဒေါ်သုန်၏ သမီး
ဒေါ်သောင်းကြင်က အမှတ်တရ
ဆောက်လုပ်လှူဒါန်းထားသော ကျောင်း။



ဒုတိယမြောက် မဟာဗောဓိဆရာတော် ဦးပဏ္ဍဝ
မဟာဗောဓိ တောရကျောင်းတိုက်အုပ်ဘဝက
သီတင်းသုံးခဲ့သော ကျောက်တန်း မဟာဗောဓိ
တာရကျောင်းအတွင်းရှိ "သီရိ ဇေယျုံကျောင်း" နေရာ၌
ရန်ကုန်မြို့မှ ဦးလှချို + (ဒေါ်ကြင်စိန်) မိသားစုတို့က
အမှတ်တရအဖြစ်ဖြင့် ပြန်လည် တည်ဆောက်
လှူဒါန်းထားသော သီရိဇေယျုံ ကျောင်းတော်သစ်

မင်္ဂလာလေးချိုးကြီး

ဗြူးကွန်းတောရစာသင်ကျိုက်

ဦးကူနာဓရိယာဘိဝံသ

၁။ မျိုးဂုဏ်ယဉ် ကိုးဂုဏ်ရှင် ဆင်းကြွ ကာ သီတင်းသုံးပါတဲ့၊ သီတင်း အလှ ဆုံး မင်းဓမ္မကုန်း မင်္ဂလာ တောင် တော်အနီးမှာပေါ့၊ နောင်တော်ညီ တော် မဟီမော်သမိုင်း ဂုဏ်မြောက် စွာနဲ့ အနှိုင်းပုံ ထောက်စရာ နောက်တစ်ဖြာ ကုန်းတော်တစ်ခု မှာက၊ နှလုံး တော်ဖြူ ဘုန်းတော် တစ်ဆူ မြတ်စွာ ဘုရားရယ်နှင့်၊ မြတ်တရား မြတ်သံဃာ ရတနာ အစုံ သီတင်းသုံးတာမို့၊ မဟာ ရတနာပုံ ခေါ်ဆိုလောက်ပါတဲ့ တောင်တော် ဗြူးကုန်း။

၂။ မြန်မာ ဂျပန် ကမ္ဘာရန်ကြီးကျယ် ပွားများစဉ် ကာလဆီက၊ မြန်မာ အလံ တော် အောင်ပွဲခံ မြေထူး မြေမွန် ဖြစ်ခဲ့သလိုပ၊ အဖြေထူး အနေထူး အခြေထူးဖြစ်ခဲ့ရာ ကုန်းမြေမြတ်ပေမို့ အသစ်ချဲ့ကာ လှစ်ဖွဲ့စရာ မင်္ဂလာ မော်ကွန်းထိုး ရဦးမှာက၊ အဂ္ဂမဟာပဏ္ဍိတ ဂုဏ်ရှင် အကျော်အမော် ထေရ

မွန် သီတင်းသုံးတာကလဲ အလင်းဆုံး အဝင်းဆုံး အထွန်း ဆုံးဂုဏ် တစ်အင်ကြီးပေတာမို့ ဂုဏ်အမွန်စုံ အလင်းနှိုင်းဆစရာ ပုံတူရှားရလောက် အောင်ပ၊ သမိုင်း အလှဂုဏ် တစ်မူ ထပ်ကာ ပွားရပါတဲ့၊ မင်္ဂလာမြတ် အမွန် ဗြူးကုန်း။

၃။ မင်းဓမ္မနဲ့ မဟာသုခိတာ ဆုံမိရာ လမ်းတစ်ကွေ့ အနီးမှာပေါ့၊ ကြိုသည့် အခါ ဂုဏ်ရှိရာ လှမ်းမျှော်ကာ ကြည့် လိုက်လျှင်ဖြင့်၊ အသိလိုက်စွာ ကြည့် ထိုက်စရာ သာသနာရောင်အဝါ လွှမ်း ပါဘီ၊ အမှောင် တစ်ကမ္ဘာ မဆန်းရ အောင် လမ်းပြခါ ခေါ်ဆောင်မယ့် စွမ်းအားတွေနဲ့ ခမ်းနားစွာ တည်ရှိနေ ပါတဲ့၊ ပြည်သိဖွယ်မဟာ အမည် သညာပြ ခေါ်ထုံး (ပြည်သူ အပေါင်း တို့ရေ ...)

ညီမူရာ ကြည်ဖြူစွာ ကြည့်လိုက်လျှင် အမှန်မြင်ရမှာက၊ ရင်ဝမှာ အအေး ဓာတ် ရစေမယ့် ဗြူးကုန်းတောရ စာသင်တိုက်ဆိုတဲ့ မုခ်ဦး။

၄။ ကြီးပွားစရာ စီးပွားမရှာသူ သိဒ္ဓတ္ထ မင်းသားရယ်က၊ မယွင်းမမှား အောင် အလင်းအား အဆောင် ဆောင် ရှာဖွေ ရရှိခဲ့ပြီးကာမှ၊ ကမ္ဘာမြေ အပြည့် ဖြစ်ရှိသူ သတ္တဝါ ဝေနေယျတွေ အတွက်၊ မပြက်ခါခါ ဆူဝေသမျှ အပူ တွေ ပျောက်ပျက်ကြောင်း လမ်းအမှန် ပြကာထားခဲ့ပါတဲ့၊ မြတ်ဘုရား သာသနာတော် နှစ်ပေါင်း နှစ် ထောင် ကျော်အတွင်းမှာဖြင့်၊ နောင်တော် အရင်းဆိုထိုက်ရာ ရှင်သာရိပုတ္တရာ ရှင်မဟာ ကဿပ တို့လို၊ အမြတ်ဓမ္မ တွေ မတိမ်မမြုပ် မကွယ်မပျောက် ရုံမျှမက၊ တစ်နွယ်ငင် တစ်စဉ် လျှောက်သလို၊ အစဉ်ပင် ထွန်း တောက်ဝေဖြန့်ကာ ပွားစေဖို့ သင်ကြားကာ ညွှန်ကြားကာ ဆင့်ဆင့်ပွားပါတဲ့ သာသနာ့နွယ် ပင် အထူး။ ။

ဦးကူနှာစရိယာဘိဝံသ

ဝေဘာဂပါဒဘာ ကြယ်တစ်ပွင့်

ဘဒန္တ ရဝိရောဇာ



ဗြူးကုန်းဆရာတော် ဘဒ္ဒန္တ အာစိဏ္ဏ၏
ကျေးဇူးရှင် မဟာဗောဓိတောရ ဆရာတော်ဘုရားကြီး

တောက်ပသော ကြယ်တစ်ပွင့်ဟု ဆိုသဖြင့် ညဉ့်အချိန်တွင် ကောင်းကင်မှ မြင်တွေ့နေရသည့် အရောင်တလက်လက် ထွက်နေသော ကြယ်ပွင့် တစ်ခုဖြစ်မည်ဟု စာရှုသူ အထင်ရောက်နေပေမည်။ ထိုသို့ကား မဟုတ်ပါ။ ပဲခူးကျောက်တန်း မဟာဗောဓိ ရွှေကျင်နိကာယမှ ကြယ်အပေါင်းနှင့် တူသော ရဟန်းတော်များတွင် ထူးထူးချွန်ချွန် ထွန်းလင်းတောက်ပလျက် ထွက်ပေါ်လာသည့် ဝိသေသ ကြယ်တစ်ပွင့်ပင် ဖြစ်ပါသည်။ ပဲခူးမြို့နယ် ကျောက်တန်းရွာ မဟာဗောဓိတောရ ရွှေကျင် နိကာယဂိုဏ်းသား ဖြစ်သည့် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက်, ပြုံးကုန်း တောရ စာသင်တိုက်ကြီး၏ ဦးစီးပဓာန မဟာနာယက ဖြစ်တော်မူသော ကျေးဇူးတော်ရှင် ဆရာတော် ဘုရားကြီး အရှင်အာစိဏ္ဏာသည် ၁၃၆၃ ခု၊ ခရစ်နှစ် ၂၀၀၂ ခု၊ ဇန်နဝါရီလ (၄) ရက်နေ့တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဆက်ဂပ် လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိခြင်းပင်ဖြစ်ပါသည်။

ပြူးကုန်းဆရာတော် ဘဒ္ဒန္တအာစိဏ္ဏ၏
ရှင်သာမဏေဘဝ ဥပဇ္ဈာယ်ဆရာတော်
ဒုတိယ မဟာဗောဓိတောရ ဆရာတော်
(ဂိုဏ်းစီးဥက္ကဋ္ဌ)

နိုင်ငံတော်အစိုးရသည် ပြူးကုန်းဆရာတော် ဘုရားကြီး၏ သီလ, သမာဓိ, ပညာ သိက္ခာသုံးရပ်ကို ကြည်ညိုမြတ်နိုးရုံတွင်မက ဆရာတော်ဘုရားကျောင်းတိုက်တွင် ပရိယတ်မကင်းသော ပဋိပတ်, ပဋိပတ်မကင်းသော ပရိယတ်၊ ဤအသင် အကျင့်လုပ်ငန်းနှစ်တန်ကို နှစ်ထောင်းအားရ အကြည်ညိုပွားလှသဖြင့် "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းရခြင်းပင် ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

မှန်ပါသည်။ ကျေးဇူးတော်ရှင် ပြူးကုန်းဆရာတော် ဘုရားကြီသးည် စစ်မှန်သော ရည်ရွယ်ချက်၊ မွန်မြတ်သော စိတ်ထားဖြင့် ပရိယတ် မကင်းသော ပဋိပတ်, ပဋိပတ်မကင်းသော ပရိယတ် ယင်းနှစ်တန်ကို အရင်းခံထားပြီး ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး သန့်ရှင်းတည်တံ့ ပြန့်ပွားထွန်းကားရေးကို အလေးပေးကာ သက်တော်ကြီးရင့်သည့်တိုင်အောင် အားသွန်ကြိုးပမ်း စွမ်းစွမ်းတမံ ထမ်းဆောင်နေပါသည်။

ထိုဆရာတော်ကြီးသည် သီလဝန္တ သိက္ခာကာမ လဇ္ဇီပေသလ ဝိနယဂရုက ဖြစ်တော်မူခြင်းကြောင့် ရတ္တညူမဟာနာယကဂုဏ်, ပဋိပတ္တိဓုရာဝဟဂုဏ်, သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ် အပေါင်းတို့ ခညောင်းဝန်းရံလျက် ရှိနေပါသည်။ ထိုတွင်မက အထူးအားဖြင့် အစစအရာရာ အချင်းခပ်သိမ်း သည်းခံနိုင်စွမ်း ရှိခြင်း ခမာဂုဏ်, ရောင့်ရဲတင်းတိမ်နိုင်ခြင်း သန္တုဋ္ဌိသလ္လေခဂုဏ်တို့နှင့်လည်း ပြည့်စုံတော်မူခြင်း စသော မြောက်မြားလှစွာသော ဂုဏ်အပေါင်းတို့ကြောင့် ရပ်ဝေးရပ်နီးတပည့်ကြီးငယ် အသွယ်သွယ်တို့သည် ဝမ်းပမ်းတသာဖြင့် နှစ်ထောင်းအားရ အကြည်ညိုပွားကြရပါသည်။

ဤနေရာ၌ ဆရာ့ဂုဏ်ရည် ကဗျာလေး တစ်ပုဒ် ရေးစပ်ကာ တင်ဆက်ပါရစေ။

သီလသိက္ခာ ဖြူစင်ဝင်းပ
မြူမျှင်ကင်းမျှ စောင့်ထိန်းသလေ၊
သမာဓိပညာ ညီမူထားသမို့
ကြည်ဖြူပွားလို့ ကျင့်သုံးနေ၊
ကြီးရင့်ခန္ဓာ ဇရာထောင်းလဲ
သဒ္ဓါမပြောင်းဘဲ ကြိုးပမ်းသလေ၊
နှစ်လီဓူရ ညီမူပြ တူမျှကျင့်သုံးပေ။
အဲဒါကြောင့်... ဆရာ့ဂုဏ်ထူး စိတ်ရည်စူး
ကြည်နူးပူဇော်လေ။ ။

ပြူးကုန်းဆရာတော်ဘုရားကြီးကို ပဲခူးကျောက်တန်း မဟာဗောဓိ ရွှေကျင်နိကာယမှ ကြယ်အပေါင်းနှင့်တူသော ရဟန်းတော်တွင် ထူးထူးချန်ချန် ထွန်းလင်းတောက်ပလျက် ထွက်ပေါ်လာသည့် ဝိသေသ ကြယ်တစ်ပွင့်ပင် ဖြစ်သည်ဟု

အမ္ဘန်းတင် ပြောဆိုထားပါသည်။ ကြယ်အပေါင်းနှင့်တူသော ရဟန်းတော်များဟု ပုံတူဆိုသဖြင့် မဟာဗောဓိ ရွှေကျင်နိကာယ ဂိုဏ်းချုပ် ဆရာတော်ဘုရားကြီးကို ကြယ်အပေါင်း ဝန်းရံခညောင်းသော လမင်းကြီးနှင့်တူသော ဆရာတော်ဘုရားကြီးဟု အမ္ဘန်းတင်ရပါမည်။ ယခု ဗြူးကုန်းတောရ ဆရာတော် ဘုရားကြီးသည် ထိုရွှေကျင်နိကာယ ဂိုဏ်းချုပ် ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ် ခံကြွင့်ပေးထားသော တပည့်ရင်းတစ်ဦး ဖြစ်ပါသည်။

ယင်းမဟာဗောဓိ ဆရာတော်ဘုရားကြီးသည်ကား သူတကာ မမျှော်မှန်းဝံ့သည့် သဗ္ဗညုတ ရွှေဥာဏ်တော်ကြီးကို ဆွတ်ခူးဖိုရန် ဘုရားအလောင်းတော်များ ပါရမီဖြည့်ကျင့်ထုံးနည်း စံချိန်မီအောင် ဇွဲ, ဝိရိယ ပြင်းထန်စွာဖြင့် တသသွေမတိမ်း ပါရမီ ဖြည့်ကျင့်နေသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ပင် ဖြစ်ပါသည်။ အထူးဖြည့်ကျင့်ရမည့် ဓုတင် (၁၃) ပါးကိုလည်း အစွမ်းနိုင်ဆုံး ပြည့်စုံအောင် ကျင့်သုံးနေပါသည်။ တိစီဝရိက်ဓုတင်, ပိဏ္ဍပါတ်ဓုတင်နှင့် ဧကာသနိက်ပတ္တာပိဏ်ဓုတင်တို့ကို တစ်ဘဝတာ ခန္ဓာဝန် ချသည်အထိ မပျက်မကွက် ဖြည့်ကျင့်ပါသည်။ တိစီဝရိက် ဓုတင် ဆောက်တည်ခြင်းသည် စစ်မြေပြင် တိုက်ပွဲထွက်လာသော စစ်ဗိုလ်ချုပ်ကြီး၏ စစ်ဝတ်တန်ဆာဖြစ်သော ချပ်မိန်ညို ဝတ်ဆင်ထားသည်နှင့် တူသည်။ သို့အတွက် တိစီဝရိက်ဓုတင် ဖြည့်ကျင့်နိုင်ပါက ကျန်ဓုတင်များကိုလည်း ဖြည့်ကျင့်နိုင်ရန် ဝန်မလေးလှတော့ပါ။

မဟာဗောဓိတောရ ဆရာတော်ဘုရားကြီးသည် ဝိနည်းတော်များကို မကျန်မကြွင်းအောင် တတ်မြောက်သလို အနည်းငယ်လေးမျှ မချွတ်ယွင်းအောင်လည်း ကောင်းမွန်စွာ စောင့်ရှောက်ထိန်းသိမ်းပါသည်။ ဝိနည်း ပိဋကတ် ကျမ်းကျင်သကဲ့သို့ သုတ္တန် အဘိဓမ္မာတို့မှာလည်း နိုင်နင်းလှပါသည်။

စာအုပ်နိဒါန်းပါ ကျမ်းစာရေးသားပါအံ့ဆိုသည့် ဆရာတော်ဘုရားကြီး သီကုံး ဖွဲ့ဆိုထားသော သာသနဝုဗိုကျမ်းစာအုပ်ပါ တရားဂါထာကို စာအုပ်ပါအတိုင်း ဖော်ပြလိုက်ပါသည်။

ပုဗ္ဗဗုဒ္ဓပမံဝမ္မံ၊
ဝန္ဒိတ္တာန ဝဒံ ဇိနံ၊
အတ္ထာယ ကုလပုတ္တာနံ၊
ကသိ သာသန ဝုဗိုကံ။ ။

အဟံ =ရှင်နာမ်နှစ်ခု ပေါင်းစုသမုတ် အကျွန်ုပ်သည်။ ပုဗ္ဗဗုဒ္ဓပမံ=ဂဂ်ါသဲလုံး ပုံနှုန်းပမာ ရှေးရှေး အခါ ကပ်ကမ္ဘာတို့၌ ပါရမီပုံရင့် ပွင့်တော်မူကြကုန်သော နောင်တော်ဘုရားတို့နှင့် အလားတူစွာ၊ ဝါ–တူတော်မူသော (ဌင်းပုဒ်ကို ဝဒံဇိနံ နှစ်ပုဒ်မှာစပ်)။ ဝမ္မံ=မဂ်ဖိုလ်နိဗ္ဗာန် ရောက်ခြင်း၏ အကြောင်းဖြစ်သော ဝိဝဋ္ဋပနိဿိတ ကုသိုလ်ကောင်းမှုနှင့်သာ စပ်လျဉ်းသာ ဒါနကထာ, သီလကထာ အစရှိသော ကျင့်ဝတ်ပဋိပတ် တရားမြတ်ကို။ ဝဒံ=ချီးကျူးမြွက်ဖော် ဟောတော်မူတတ်သော။ ဇိနံ=ငါးမာန်အောင်မြင် ထွတ်ဘုန်းရှင်ကို။ ဝန္ဒိတ္တာနဝန္ဒာမိ=ရိုသေမြတ်နိုး ရှိခိုးပါ၏။ ဝန္ဒိတ္တာန=ရိုသေ မြတ်နိုး ရှိခိုးပြီး၍။ ကုလပုတ္တာနံ=ဘုရားအဆုံးအမ၌ နှစ်ခြိုက်ညွှတ်ကျိုး အမျိုးကောင်းသားတို့၏ အတ္ထာယ=သုတတိုးပွား အကျိုးများခြင်းငှာ။သာသနဝုဗိုကံ=သာသနာဝုဗိုမည်သော ကျမ်းကို။ ဝါ=သာသနာတော်၏ နေရောင်လရောင် တန်ဆောင်တိုင်အလားရှင်လူ, အများ သဒ္ဓါတရား ကြီးပွားစည်ကားရန် ဖြစ်သော ကြောင့်၊ ဝါ–လူရော ရှင်ပါ ပညာရှေ့သွားသူတော်ကောင်းအများတို့၏ အတွင်းသန္တာန်၌ လမ်းမှန်ကျန သာသနာပွားစီး ကြီးမားတိုးတက်စေကြောင်း ဖြစ်သောကြောင့် သာသနာ့ဝုဗိုလို့ အမည်ရှိသော ကျမ်းကို။ ကသိ=ပြုစီရင်ပေအံ့။

ထေရအပဒါန် ပါဠိတော်မှာ ငါးပါးသီလကို

စောင့်ရှောက်ထိန်းသိမ်းသောကြောင့် မဂ်ဖိုလ်နိဗ္ဗာန်ကို ရသော အကြောင်းကို ပဥ္စသီလသမာဒါနိမထေရ်ဝတ္ထုအကြောင်းမှာ ဟောထားပါသည်။ ဂါထာပါဠိ (၂၁) ဂါထာ ရှိပါသည်။ သာသနဝုဒ္ဓိကျမ်း၌ (၂၁) ဂါထာစလုံး အနက် ယောဇနာ ပြထားပါသည်။ (၁၂,၁၃) ဂါထာနှစ်ပုစ်မျှ ဤစာရေးသူက အနက် ယောဇနာ ပြထားပါသည်။

(၁၂) **သမ္မာသုတွာန တံ သီလံ၊**
မမ သီလံ အနုဿရိ။
ကောသနေ နိသီဒိတွာ၊
အရဟတ္တ မပါပုဏီ။

အဟံ=ခါးဝတ်လုံချည် ပုံမမည်သို့ စုံညီဖြာဖြာ သိက္ခာပုဒ် အလီလီအလာလာကို ညီညီညာညာကြည်ကြည်သာသာ အသက်ပမာ မပျက်မကွာရအောင် ဆက်ကာဆက်ကာ ကောင်းမွန်စွာ စောင့်ရှောက် ထိန်းသိမ်းခဲ့သော ငါသည်။ တံသီလံ=မိဘတို့ ဆောက်တည်ကြသော ထိုအရိယကန္တမြတ်သီလဟု ငါးဝပဥ္စသီ သိက္ခာပုဒ်အလီလီကို။ သမ္မာ=ကောင်းစွာ။ သုတွာ=ကြားနာရ၍။ ဝါ=နားဝယ်တပ်အပ် မပြတ်လေသံ နာခံရသည်ရှိသော်။ မမ=ငါ၏။ သီလံ=အသက်ပမာ မပျက်မကွာရအောင် ဘဝတိုင်းဆက်ကာဆက်ကာ ကောင်းမွန်စွာ စောင့်ရှောက်ထိန်းသိမ်းခဲ့ရသော ငါးပါးသီလတော်မြတ်ကို၊ ယသ္မာ=အကြင့်ကြောင့်။ အနုဿရိံ=အမှတ်အတန်တန်ဖြင့် အထပ်ထပ် အဖန်ဖန် အပြန်ပြန် အလှန်လှန် တွေးထင်လျက် တရေးရေး မြင်အောင်ဆင်ခြင်အောက်မေ့ခဲ့လေပြီ။ တသ္မာ=ထိုသို့ အမှတ်အတန်တန်ဖြင့် အထပ်ထပ်အဖန်ဖန် အပြန်ပြန် အလှန်လှန် တွေးထင်လျက် တရေးရေး မြင်အောင်ဆင်ခြင်အောက်မေ့ခဲ့လေသောကြောင့်။ ကောသနေ=တစ်နေရာတည်း၌။ နိသိဒိတွာ=ထိုင်၍။ ကောသနေ နိသိဒိတွာ=နိသဇ်ဓုတင် တင်ပလ္လင်ခွေ မပျက် တစ်နေရာတည်း၌ အထိုင်ဆက်လျက်။ အရဟတ္တံ=ထွတ်မြတ်ခေါ်ဆို အရဟတ္တဖိုလ်သို့။ အပါပုဏီ=ကောင်းစွာမသွေ ဆိုက်ရောက်ခဲ့ရလေပြီ။

(၁၃) **ဇာတိယာ ပဥ္စဝသေန၊**
အရဟတ္တ မပါပုဏီ၊
ဥပသမ္မာဒယိ ဗုဒ္ဓေါ၊
ဂုဏ မညာယ စက္ခုမာ။

အဟံ=ငါသည်။ ဇာတိယာ=မွေးဖွားသည်မှ၊ စ၍ရေတွက် အသက်ချိန်တွင် အရွယ်နှိုင်းချင့် ဇာတ်ပမာဏအားဖြင့်။ ပဥ္စဝသေန=ခါးထက်ရင်ခွင်ပွေ့ပိုက်တင်လျက် လက်တွင်ချော့ကာ ရသမျိုးစုံစားဖွယ်အဖုံဖုံဖြင့် ဝိုင်းအုံကျွေးမွေး ပြုစုပေးသည့် ပုလုကွေးလေး နုနုထွေးထွေးရှိသော ငါးနှစ်သားအရွယ်ဖြင့်။ အရဟတ္တံ=ထွတ်မြတ်ခေါ်ဆို အရဟတ္တဖိုလ်သို့။ အပါပုဏီ=ကောင်းစွာမသွေ ဆိုက်ရောက်ခဲ့ရလေပြီ။ စက္ခုမာ=ဗုဒ္ဓဓမ္မ သမန္တနှင့် ဒိဗ္ဗပညာ ငါးဖြာမျက်စိ ဉာဏ်အမြင်ရှိတော်မူသော။ ဗုဒ္ဓေါ=သုံးလူ့ထွတ်တင် သုံးခွင်ကျော်ကြား ဂေါတမရှင်တော်မြတ်ဘုရားသည်။ မမ=ငါ၏။ ဂုဏံ–ထွတ်မြတ်ခေါ်ဆို အရဟတ္တဖိုလ်ခေါင်ဖူး မြင့်မြတ်သော ဂုဏ်ကျေးဇူးကို။ အညာယ=စင်စစ်ကေန် မသွေအမှန်အားဖြင့် သိမြင်တော်မူသည်ဖြစ်၍။ ဥပသမ္မာဒိယိ=ဖန်ဝါလွင်မြန်း မြတ်သင်္ကန်းဖြင့် ရဟန်းပြုပေးလေပြီ။

လမင်းကြီးသည် တောက်ပသော ကြယ်များ ဝန်းရံနေသဖြင့် အလွန်အမင်း တင့်တယ်ဘိသကဲ့သို့ ကျေးဇူးတော်ရှင် မဟာဗောဓိတောရ ဆရာတော်ဘုရားကြီးသည်လည်း ကျော်စောထင်ရှား လူသိများလှသော တပည့်များ ဝန်းရံနေကြသဖြင့် များစွာမှပင် ကျက်သရေ ဖွံ့ဖြိုးလျက် ရှိနေပါသည်။ သစ္စဝါဒီဋီကာကျမ်းပြု ရွှေတံဆိပ်ဆုရ မေဓာဝီ ဆရာဆိုင်ကား ဆရာတော်ကြီး၏ ဗွေဆော်ဦး တပည့်ရင်း ဖြစ်ပါသည်။ ဆရာတော်ကြီးထံတွင် ကျောင်းသားရှင်ဖြစ်ပြီး ရဟန်းဖြစ်ကြသော တပည့်

ကရင်ပြည်နယ်ပညာရေးဦးစီးဌာန
ကရင်ပြည်နယ်ပညာရေးကျောင်းတိုက်

များကား မနည်းလှပေ။ ပါဠိဆရာ ဆရာဝ၊ မဟာ ဗုဒ္ဓဝင် ဆရာ ဦးထွန်းစိန်တို့ကား ဆရာတော်ကြီး၏ ငယ်မွေးခြံပေါက် တပည့်များ ဖြစ်ကြသည်။

ဓမ္မစကြာနိဿယသစ် ရေးသားသော ဒုတိယ မဟာဗောဓိတောရ ဆရာတော် ဦးပဏ္ဍာဝ, သဒ္ဒမ္မ ပဇ္ဇောတာရံ ကျိုက္ကစ် ရွှေကျင်တိုက်သစ် ဆရာတော် ဦးသုစိန္တ စသော ဆရာတော်များမှာလည်း ဆရာတော်ကြီး၏ လက်ရင်းတပည့်များ ဖြစ်ကြသည်။ ဆရာတော် ဦးပဏ္ဍာဝ ရေးသားသော ဓမ္မစကြာနိဿယသစ်ကို လွန်ခဲ့သော အနှစ်သုံးဆယ်ခန့်လောက်က မဟာဗောဓိ စာချဘုန်းကြီး အရှင်တိက္ခပဏ္ဍိတ (ဦးထွန်းလွင်၊ ယခု ရတနာမွန် မဂ္ဂဇင်း ရတနာ့တံခွန် မဂ္ဂဇင်းများ၏ အယ်ဒီတာချုပ်၊ ဓမ္မာစရိယ၊ ဘီအေ) က မိတ်ဆက်စာတမ်း ဖြည့်စွက်ကာ ရိုက်နှိပ်ခဲ့ပါသည်။

ဤဓမ္မစကြာနိဿယသစ်ကျမ်းစာ၌ အနက်ပေးဟန်သည် အကွန့်အညွှန့်တို့ဖြင့် ဝေဆာလျက်တစ်မူ ဆန်းတင့်နေသည်ကို တွေ့ရပါလိမ့်မည်။ ခေတ်ဟောင်းတစ်ကွေ့က အရေးအသားဖြစ်သော်လည်း ခေတ်သစ် သုတေသီများ ဖတ်ရှုသဘော ပေါက်နိုင်သော အနက်သွားများပင် ဖြစ်ပါသည်။ တရားတော်၏ နက်နဲ သိမ်မွေ့ခြင်းသဘောကို ပေါ်လွင်ချင်သော စကားလုံးများ ဟပ်မိသော ဥပမာများကို သုံးစွဲလျက် ထုတ်ဖော်ပေးပါသည်။ ခေတ်အသိ ခေတ်မျက်စိ ခေတ်နားတို့တွင် မွေးနိုင်မြင်နိုင် ကြားနိုင်စွမ်းသော စာပေခွန်အားများနှင့် ဓမ္မသဘောကို တန်ဆာဆင်ထားပါသည်။ ရိုးစင်းသော အနက်သွား မဟုတ်ခြင်းကပင် တရားသဘော စာပေသဘောတို့ကို အစမှသည် အဆုံးထိ လေ့လာချင်အောင် လှုံ့ဆော်ထားသည်ကို တွေ့ရပါလိမ့်မည် စသည်ဖြင့် မိတ်ဆက်စာတမ်း၌ ဖော်ပြထားပါသည်။

ထိုသို့ မိတ်ဆက်စာတမ်း ဖွဲ့ထားသည့်အတိုင်း တကယ် ဟုတ်မဟုတ်ကို ဆိုတော်ကြီး ဆရာတော်၏ ဓမ္မစကြာနိဿယ မြည်းစမ်းကြည့်က သိနိုင်လောက်ပါသည်။ ရှေးဦးစွာ ဓမ္မစကြာကျမ်းပလွင် ရေးသားပုံကို မြည်းစမ်းကြည့်ပါဦး။

"ကျမ်းပလွင်"

ဘဂဝန္တံ ဓမ္မံ သံဃံ၊
အာစရိယံ နမာမဟံ။
နမိတ္တာဟံ လိခိဿာမိ၊
ဓမ္မစက္ကသ နိဿယံ။

အဟံ=ကျောက်တန်း မဟာဗောဓိ တောစခန်း၌ ဟောလမ်းပြလမ်း ပို့ချလမ်းတို့ဖြင့် စို့ရဖို့မှန်းကြသည့် တပည့်အသွယ်သွယ်တို့ကို အမိသဖွယ် ပိုက်ထွေးပြီး တိုက်ကျွေးထိန်းအုပ် အကျွန်ုပ်သည်။ ဘဂဝန္တံ စ=မြင့်သူအားလုံး မမုန်းကြောက်လန့်ခြောက်တန့်ရှောဘုန်း ပန်းနှယ်ကုံး၍ ဆင်ရုံးလွှမ်းခြုံ ကိုးဂုဏ်သခင် ဘုရားရှင်ကိုလည်းကောင်း။ ဓမ္မံစ=သုံးစားကြသူ များရှင်လူတို့မှာ အသွင်မူတစ်မျိုးလန်း၍မို့ မည်းတမ်း အီဆိမ့် တင်ကြိုမ့်ကြိုမ့်တသက်သက် အရသာပေါ်ထွက်၍ မတော်ရက်ချင် အမှန်ပင် သဘောကျစေဖို့ သြဇာသွင်ကူး ဆယ်ဦးသော တရားတော်မြတ်ကို လည်းကောင်း။ သံဃံစ=မဂ်တည်ဖိုလ်ပေါက် အလိုမြောက်ကြသည့် ရှစ်ယောက်အရိယာ မြတ်သံဃာကို လည်းကောင်း။ အာစရိယံစ=နေ့ကိုတစ်သွယ် ညဉ့်ဝယ်တစ်မျိုး တိုးတိုးကျယ်ကျယ် ကြိတ်နှယ်ထုံးပြ နှလုံးကျလောက်အောင် ဆုံးမပေးပြီး၊ ကျေးဇူးတော်ရှင် ကျောက်တန်း မဟာဗောဓိတောရ ဆရာတော်ဘုရားကြီးနှင့်တကွ ပဲခူးနဂရ အရည္ဝါသီ မဟာထေရ်တစ်ပါး ပထမကလျာဏီ ဆရာတော်ဘုရားကြီးကို လည်းကောင်း။ နမာမိ=အခြေပါပါ စေတနာအထူးလှလှနှင့် ဦးချလို့ ရှိခိုးပါ၏ အရှင်ဘုရား။ နမိတ္တာ=မြတ်သော စေတနာဖြင့် ရှိသေစွာရှိခိုးပြီး၍ အဟံ=ဓမ္မစကြာဒေသနာအချုပ်ဓာတ်ကို သရုပ်

ဇာတ် ဖော်ထုတ် အကျွန်ုပ်သည်။ ဓမ္မစက္ကသ=မိဂဒါဝုန် တောရဂုံဝယ် တုန်တုန်ငြိမ့်ငြိမ့် မြေလုံးသိမ့်အောင် ဟောမိန့်မြွက်ဖော် ဓမ္မစကြာသုတ်တော်၏။ နိဿယ=အနက်ကို ဖတ်ရုံနှင့် ဓာတ်အထုံ အရိုးစွဲပြီး တစ်မျိုးပဲ ဟိတ်လှယ်ဖြင့် စိတ်ကြွလာအောင် နိဿယစာစောင်ကို၊ လိဉိဿာမိ-မအားလှသော်လည်း အများကတောင်းပန်သဖြင့် အကြောင်းခံကာ အကြွေးမထားဘဲ ရေးသားတီထွင် စီစဉ်လိုက်ပါတော့အံ့၊ တံ-ကျွန်ုပ်သည် တီထွင်စီစဉ် ဖော်ပြနိဿယကို၊ သဗ္ဗေ-မကြွင်းဥဿုံ အလုံးစုံသတိပြုပြီး ကြည့်ရှုကြသူ များရှင်လူတို့သည်၊ မောဒစေတသာ-ရွှင်လန်းနှစ်သက် အားတက်ဝမ်းမြူး ကြည်နူးပျော်ပျော် စိတ်အမော်ဖြင့်၊ ဥပဆေရေန္တု-ဖတ်ရင်းဓာတ်သွင်းအတပ်ထပ်ရှင်း၍မို့ မှတ်ခြင်းသမှု ပြုနိုင်ကြပါစေကုန်သတည်း။ မာနေန္တု-အသားတင်တင်တရားမြင်ကြသဖြင့် ပွားချင်အောင် ဓာတ်နှိုးပြီး မြတ်နိုးနိုင်ကြပါစေကုန်သတည်း။

ဤမျှလောက်ဖြင့် ဒုတိယမဟာဗောဓိဆရာတော်၏ ပညာဂုဏ် မြင့်မားပုံကို မှန်းဆနိုင်လောက်ပါပြီ။ ယခုနှစ် "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့ ရရှိတော်မူသော ဗြူးကုန်းဆရာတော်၏ ဥပဇ္ဈာယ်ဆရာကား ထိုဓမ္မစကြာ နိသျသစ် ရေးသားတော်မူသော ဒုတိယ မဟာဗောဓိတောရ ဆရာတော်ဦးပဏ္ဍဝ၏ ဆရာရင်းဖြစ်သည့် ကျေးဇူးတော်ရှင် ပထမ မဟာဗောဓိ ဆရာတော်ကြီးပင် ဖြစ်ပါသည်။ သို့အတွက် ဗြူးကုန်း ဆရာတော်သည် မိမိ၏ ကျေးဇူးရှင်များ ဖြစ်ကြသော ကျေးဇူးရှင် ဆရာသမားများ၏ မှန်ကန်သော ဓမ္မလမ်းစဉ် အမွေအနှစ်များကို လက်ဝယ်ရရှိထားပြီး ဖြစ်မည်မှာ ကျေးဇူးရှင် ဆရာသမားများ၏ မှန်ကန်သော ဓမ္မလမ်းစဉ် အမွေအနှစ်များကို လက်ဝယ်ရရှိထားပြီး ဖြစ်မည်မှာ ယုံမားပွယ် မရှိပါ။ ထို့ကြောင့် ဗြူးကုန်းဆရာတော်၏ နေထိုင်ပုံ, သွားပုံ, လာပုံ, စားပုံ, သောက်ပုံ, ပြောပုံ, ဆိုပုံ အစရှိသော ကိုယ်နုတ် အမူအရာ အလေ့အကျင့်ဟူသမျှတို့သည် တပည့်တန်း ဒကာ ဒကာမများ၏ ကြည်ညိုဖွယ်ကို အထူးဆောင်နေမည်မှာ ယုံမှားစရာ မရှိပါ။

အဂ္ဂမဟာပဏ္ဍိတဘွဲ့ ရရှိတော်မူသော ဗြူးကုန်းဆရာတော်ကို လှည်းကူးမြို့နယ်၊ ဘုရားကွင်းရာတွင် မွေးဖွားခဲ့သည်ဟု ဆိုပါသည်။ ဘုရားကွင်း, ကျောင်းကွင်း, အားကစားကွင်း ဆိုသည်မှာ ဘုရားတည်ရာ ကျောင်းတည်ရာ အားကစားပွဲမျိုးစုံ တည်ရှိရာ နေရာအရပ်ဟု အဓိပ္ပာယ်ရပါသည်။ ဘုရားတည်ရာအရပ် ဒေသမှာ မွေးဖွားသည့်အတွက် ဘုရားအမိန့်အာဏာတော် တည်ရှိရာ သာသနာ့ဘောင်, ရဟန်းဘောင်သို့ ရောက်ရှိဖို့ အတိတ်နိမိတ် ဖြစ်လာရပါသည်။ ထိုသို့ နိမိတ်ပါလာသည့်အတိုင်း သာသနာ့ဘောင် ရဟန်းဘောင်သို့ ရောက်ရှိပြီး ယခုလို လွန်ကဲ ထူးမြတ်လှသည့် ဘွဲ့ထူးမျိုး ရရှိခြင်းပင် ဖြစ်ပါသည်။

ဗြူးကုန်းဆရာတော်သည် ကိုးနှစ်အရွယ် သူငယ်ဘဝ ကျောင်းအပ်စတွင် ဓမ္မစကြာနိဿယသစ် ရေးသားတော်မူသော ကျောက်တန်း မဟာဗောဓိတောရ တိုက်အုပ်ဆရာတော်ထံ ရောက်လာပါသည်။ သူငယ်၏ အာစလျှာစ သွက်လက်ပုံ၊ ဥာဏ် ထက်မြက်ပုံ အချင်းအရာများကို တိုက်အုပ်ဆရာတော်က အားရသဖြင့် အနားက မခွာစေဘဲ စာကို ဂရုတစိုက် သင်ပေးပါသည်။ သို့အတွက် ကျောင်းရောက်ပြီး နှစ်နှစ်အကြာတွင် သဒ္ဒါသင်္ဂဟ သင်သမျှအားလုံးကို လျင်မြန်စွာ ရပြီးဖြစ်တော့သည်။ သို့ဖြစ်၍ ဆယ့်တစ်နှစ်သားအရွယ် ကျောင်းတိုက် ပါဠိ အာဂုံစာပြန်ပွဲတွင် ပထမငယ်တန်း၌ တစ်နံပါတ် အောင်ပန်းအခေါင် မြန်းရပါတော့သည်။

ဗြူးကုန်းဆရာတော်အလောင်း မောင်ကျောင်းသား ဆယ့်နှစ်နှစ်အရွယ်တွင် တိုက်အုပ်ဆရာတော်

ထံ၌ပင် ရှင်သာမဏေအဖြစ် ခံယူပါသည်။ ရှင်**အာစိဏ္ဏ**ဟု ဘွဲ့ပေးထားသည်။ ရှင်သာမဏေ အာစိဏ္ဏအား ပိဋကသင်ရိုးရှိသမျှ ဆရာတော်ကိုယ်တိုင် အကုန်အစင် သင်ကြားပေးသည်။ ဝိသုဒ္ဓါရုံ သုတ်နက်, ပုဒ်ဆစ်, အဘိဓမ္မတ္ထ သင်္ဂဟတို့ကို သင်သမျှ အကုန်ရရှိသည်။ ကိုရင် ဉာဏ်ကောင်းသဖြင့် တစ်ဖန်ပြောင်းကာ အဘိဓာန် အလင်္ကာ ဆန်း သင်ရိုးရှိရှိသမျှ အသွင်အမျိုးမျိုးဖြင့် ထိထိမိမိ ဖိဖိစီးစီး သင်ကြားပေးပြန်သည်။

ဤသို့ဖြင့်ပင် ပိဋကစာပေ အခြေခံမှ စပြီး ငယ်လတ်ကြီးတန်းစုံအောင် ပညာရပ်များကို အစွမ်းကုန်ဆိုသလို စုံစုံလင်လင် အကုန်အစင် သင်ကြားပေးလေသည်။ ရှင်အာစိဏ္ဏနှင့် တွဲဖက်စာသင်သားအဖော် ရဟန်းများမှာ မနည်းလှပါ။ အတန်းစုံ အပါးသုံးဆယ်ကျော် ရှိပါသည်။ ထိုအတန်းသားအားလုံးတွင် ရှင်အာစိဏ္ဏက ထိပ်ဆုံးကချည်း ရောက်နေပါသည်။ တိုက်အုပ်ဆရာတော်သည် အတန်းစုံကို အစွမ်းကုန် ပို့ချပေးနေစဉ်တွင်ပင် အဘိဓမ္မတ္ထသင်္ဂဟ အမေးအဖြေကျမ်း ကခ်ီအမေး အဖြေကျမ်း, ဆန္ဒောသာရတ္တဒီပနီ, သဒ္ဒါကြီး နိဿယ စသော ကျမ်းများစွာကို စာသင်သားများ နားလည်သဘောပေါက်အောင် သင်ကြားရင်း ရေးသားပြုစုခဲ့ပါသည်။

တိုက်အုပ်ဆရာတော် ပို့ချသင်ကြားပေးသော စာဝါမှန်သမျှ ရှင်အာစိဏ္ဏ မတက်ဖူးသော စာဝါမရှိပါ။ သို့အတွက် ရှင်အာစိဏ္ဏ ဆယ့်ငါးနှစ်သားအရွယ်တွင် ပထမငယ်တန်း ဝင်ရောက်ဖြေဆိုနိုင်ခဲ့ပါသည်။ ထိုခေတ်ထိုအချိန်က စာမေးပွဲ စည်းကမ်းသတ်မှတ်ချက် အသက် (၁၅)နှစ်ပြည့်မှ ပထမငယ်တန်း ဖြေဆိုခွင့် ပြုပါသည်။ ရှင်အာစိဏ္ဏသည် ပထမပြန် စာမေးပွဲ ပထမငယ်တန်း ပွဲဦးထွက် အောင်ပန်း ဆင်မြန်းခဲ့ရပါသည်။ (၁၇) နှစ်သားအရွယ်မှာတော့ အလတ်တန်းကို ကောင်းမွန်စွာပင် အောင်မြင်ပါသည်။ ရှင်သာမဏေဘဝနှင့် အကြီးတန်း အောင်မြင်ရန် သန္နိဋ္ဌာန်ချပြီး ပြင်းပြင်းထန်ထန် အပြန်အလှန် ကြိုးစားနေစဉ် မကျန်းမာသည့် အတွက် ခေတ္တ အနားယူလိုက်ရသည်။ ကျန်းမာရေး ကောင်းလာသော် ဆရာသမားများ၏ တိုက်တွန်းညွှန်ကြားမှုဖြင့် မန္တလေးသို့ ပညာတော်သင်တက် ရောက်ရလေသည်။ သို့ဖြင့် အဘယာရာမ ရွှေဂူ ကျောင်းတိုက်သို့ ပထမဦးဆုံး ရောက်ခဲ့ရသည်။ အဘယာရာမ ရွှေဂူဆရာတော်ဘုရားကြီး, အဘယာရာမ ပထမစာချ အရှင်ဇနကာဘိဝံသ၊ အရှင်နရိန္ဒကိုထံတွင် အတက်တန်းပညာရပ်များကို လက်လှမ်းမီသမျှ သင်ကြားဆည်းပူးခွင့် ရခဲ့သည်။ ပညာရည် နို့စို့လို့မှ အားမရသေးခင် ကျန်းမာရေး ဖောက်ပြန်လာသဖြင့် မိခင်ရင်းဇာတိ ကျောက်တန်းမြေသို့ အရောက်ပြန်လှမ်းကာ ခြေချရပါတော့သည်။

မဟာဗောဓိ တိုက်အုပ် အရှင်ပဏ္ဍာဝသည် မိမိထံ ပြန်ရောက်လာသော သားတပည့်ငယ်လေးအား ကျန်းမာရေးကို ဂရုစိုက်လျက် ပထမကြီးတန်းစာပေများကို လိုအပ်သလို ပို့ချကာ ပြန်လှန်လေ့လာနှုံးနပ်စေပါသည်။ ရှင်အာစိဏ္ဏသည် အသက်နှစ်ဆယ်ပြည့် ၁၃၀၂ ခုနှစ်တွင် ပထမဗောဓိတောရ ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြုလျက် ရဟန်းအဖြစ် ခံယူပါသည်။ တိုက်အုပ်ဆရာတော်သည် အရှင်အာစိဏ္ဏအတွက် ပထမကြီးတန်းနှင့် ဓမ္မာစရိယတန်းတို့ကို မျှော်လှမ်းကာ စာချတန်းဆိုင်ရာ နေတ္တိကောက်ဉာသ်ကောက်နှင့်တကွ ပါဠိတော် အဋ္ဌကထာတို့ကို ဆိုင်ရာဆိုင်ရာ ဋီကာနှင့်တွဲဖက်၍ သင်ကြားပို့ချပေးခဲ့ပါသည်။ ထို့ပြင် ဝါကျဆိုင်ရာ ရှေရေးဆောင်နိယာမ သခေါ်ပကျမ်းကိုလည်း အကျဉ်းချုံး ရေးသားစီရင်လျက် နိယံလင်္ကာများနှင့်တကွ ဆိုင်ရာ သာဓကဝါကျ ပါဠိတို့ကို တက်,ထွက်လက်တွေ့သင်ကြား ဆည်းပူးစေခဲ့ပါသည်။ ထိုအချိန်၌လည်း အရှင်အာစိဏ္ဏနှင့် တွဲဖက်စာဝါလိုက်

တက်ကြသော စာသင်သားများမှာ ရှေးယခင်ထက်ပင် များပြားလှပါသည်။

"အဂ္ဂမဟာပဏ္ဍိတ" အလောင်းအလျာ အရှင်အာစိဏ္ဏသည် ကျန်းမာရေး ကောင်းလာသည်နှင့်အမျှ စစ်ပြီးခေတ် ၁၃၀၈ နှစ်လောက်တွင် စာမေးပွဲလောကထဲသို့ ပြန်လည်ဝင်ရောက်လာပါတော့သည်။ စစ်ပြီးစအချိန် ပဲခူးဝိနယာဓိက စာမေးပွဲကြီးတွင် ပွဲဦးထွက်အနေဖြင့် ပထမကြီးတန်းကို ထိပ်ဆုံး တစ်နံပါတ်မှ အောင်မြင်ပြန်သည်။ ဓမ္မာစရိယတန်းအတွက် ကျေးဇူးတော်ရှင် ဆရာတော်ဘုရားများ၏ တိုက်တွန်းချက်အရ - သပြေကန် ဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသထံသို့ သွားရောက်ဆည်းပူး ရပြန်သည်။ ထို့နောက် မိဘနှစ်ပါး၏ မကျန်းမာမှုကြောင့် စာမေးပွဲလောကမှ ရှောင်ကွင်းရပြန်သည်။ မိဘကျေးဇူးကား အကြီးမားဆုံးဖြစ်သည်ကို နှလုံးပိုက်လျက် စာမေးပွဲ လောကကြီးမှ တစ်ဖန် ထွက်လိုက်သည်။ မိဘနှစ်ပါး တာဝန်မရှိတော့သည့်နောက် ၁၃၁၅-ခုနှစ်လောက် တွင် ဓမ္မာစရိယတန်းကို ဝင်ရောက်ဖြေဆိုရာ ကျမ်းပြီး အားလုံး အောင်မြင်ခဲ့ပါသည်။ သို့အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရမှ ချီးမြှင့် ပူဇော်သော သာသနဓဇသိရီ ပဝရဓမ္မာစရိယဘွဲ့ထူးကို ပန်ဆင်ခဲ့ရပါတော့သည်။

ယခု ၁၃၆၃-ခု၊ (၂၀၀၂)နှေတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဆက်ကပ်လှူဒါန်းတော်မူသော အမြင့်ဆုံးဘွဲ့ထူး အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိ တော်မူခဲ့ပါသည်။

"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ် အလှူခံရရှိတော်မူသော အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက် ပြုံးကုန်းတောရ ဆရာတော်ဘုရားကြီးသည်ကား ယခု သက်တော် (၈၁) နှစ်၊ သီဟာ ဝါ (၆၁) ဝါ ရရှိတော်မူပြီး ဖြစ်ပါသည်။ ဆရာတော်ဘုရားကြီး၏ ရူပကာယရုပ်သွင် အမူအရာသည်ကား ကြည်ညိုဖွယ် အမူအရာများ အပြည့် လွှမ်းနေသော ရုပ်ပုံတော် ဖြစ်ပါသည်။ ဆရာတော်ဘုရားကြီး ဘွဲ့တော်ကား အရှင်အာစိဏ္ဏ တနင်္ဂနွေသား ဖြစ်ပါသည်။ တနင်္ဂနွေသားများမှာ အတွင်းကောက် အပြင်ကောက် နှစ်မျိုးတွင် တစ်မျိုးမျိုးတော့ ရှိကြစမြဲဟု ပြောကြသည်။ ဆရာတော်ဘုရားကြီးမှာ နှစ်မျိုးစလုံး မထင်ပေါ်သဖြင့် ထိုအကောက်များမှ လွတ်ကင်းသော ဆရာတော် ဖြစ်ပါပေတကားဟု တွေးမိပါသည်။ မျက်နှာတော်ကား အမြဲတန်းလိုလိုပင် ပြုံးရောင်သမ်းနေပါသည်။ ဒေါသဖြစ်ဖွယ်ရာများကို ရင်ဆိုင်တွေ့ကြုံနေရသည့် တိုင်အောင် မျက်နှာတော်မှာ အမြင်မကောင်းလောက်အောင် အသွင်ပြောင်းသည့် အဖြစ်မျိုး မထင်ပေါ်ခဲ့ပါ။ ပကတိအတိုင်း တည်တည်ကြည်ကြည် ဖြစ်နေပါသည်။ ဖူးတွေ့ရသူအပေါင်းအား ဖူးမဝနိုင်အောင် ရှင်ပြုံးကြည်လင်နေသော မျက်နှာအမူအရာ ဖြစ်နေပါသည်။

ဤစာရေးသူကား ပြုံးကုန်းဆရာတော်ဘုရားနှင့် နီးနီးကပ်ကပ် နှစ်ပေါင်းများစွာ ကြည်ရှည်လေးမြင့်စွာ အတူနေလာခဲ့ရပါသည်။ ဒေါသ အလျောက် အော်ဟစ်ငေါက်ငန်းသော ခက်ထန်သည့် အာဏာစကားသံများ၊ ကြမ်းတမ်းသော စကားအသုံးအနှုန်းများ တစ်ခါဖူးမျှ မကြားရမတွေ့ရပါ။ နောက်ဆုံး ဒေါသလွှမ်းနေသော မျက်နှာထိ မျက်နှာထားမျိုးပင် မကြုံမဆုံခဲ့ရပါ။ မတွေ့မမြင်ခဲ့ရပါ။ တစ်ခါက လွန်ခဲ့သော ဂျပန်ခေတ်လောက် ဖြစ်ပါသည်။ တစ်နေ့သောအခါမှာ ဆရာတော်က မိမိ၏ ညီအငယ်ဆုံး (၁၅) နှစ်ခန့်ရှိ ရှစ်တစ်ပါးကို ရေနွေးအိုး တည်ခိုင်းပါသည်။ ရေနွေးအိုးက နှုတ်သီးပါသော မြေခရား ဖြစ်ပါသည်။ ရေနွေး ဆူပွက်လာသဖြင့် လက်ဖက်ခြောက်ခပ်ပြီး ကျောင်းပေါ်သို့ ဆွဲလာခဲ့ပါသည်။ ကျောင်း ပေါ်

ရောက်သော် ရေနွေးအိုးကရား နှုတ်သီး ပါမလာ တော့ပါ။ တစ်ခုခုနှင့် တိုက်မိပြီး ပြုတ်ကျနေခဲ့ဟန် တူသည်။ သာမဏေလေးကား ကြောက်အားကြီး သဖြင့် ယောင်ယောင်ကန်းကန်းနှင့် မျက်နှာဖြူဖတ် ဖြူရော် ဖြစ်နေပါသည်။ လက်ဖက်ရည်ကြမ်း သောက်ကြမည့် ရဟန်းတော်များက ဝိုင်းရယ်ကြ သည်။ ဆရာတော်သည် သူ၏ ညီငယ်အား ဒါလောက်တောင် "နမော်နမဲ့ နိုင်ရမလား" ဟု မြည်တွန်တောက်တီးပါတော့သည်။ ရိုက်တော့မရိုက် ပါ။ ဆရာတော် အမျက်ဒေါသဖြစ်သည်မှာ ဤမျှ လောက်သာပဲ ဖြစ်ပါသည်။ ဤကိစ္စမျိုးတွင် များစွာ သော ကျောင်းဘုန်းကြီးများက တပည့်ကို အပြစ် ပေး ရိုက်နှက်တတ်ကြသည်။ ဤစာရေးသူတို့ ဆရာကား သည်းခံနိုင်စွမ်း ရှိပါဘိ။ အင်း သည်းခံ နိုင်စွမ်းအား အပြည့်အဝရှိသည့် မြင့်မြတ်သော ဆရာသမားပါတကား။

ဗြူးကုန်းဆရာတော်ဘုရား၏ တပည့်ဖြစ်ကြ ရသူများကား အလွန်တရာမှ ကံကောင်းလေစွ။ စာရေးသူသည် ဆရာတော်၏ ငယ်တပည့်ဖြစ်ခဲ့ ပါသည်။ ပထမငယ်မှသည် ပထမလတ်တန်း၊ ပထမကြီးတန်း ဓမ္မာစရိယတန်းတိုင်အောင် ဤ ဆရာ့ထံမှာပင် အတန်းစုံအောင် စာဝါများ လိုက် တက်ခဲ့ပါသည်။ တိတိကျကျ စကားကုန် ပြောရမယ် ဆိုလျှင် ၁၃၁၅–ခုနှစ် ဓမ္မာစရိယတန်းဖြေ၍ ကျမ်းစွဲ ဖြစ်သည်အထိ ဆရာသမားနှင့် မကင်းကွာခဲ့ပါ။ ဆရာတော်၏ အကူအညီကို များစွာ ယူခဲ့ရပါသည်။ ဆရာတော်ကား မိမိတပည့်များအပေါ် မောက် မောက်မာမာ မဆက်ဆံပါ။ တပည့်ဆိုသူများကား ကောင်းသည်လည်းရှိ၊ ဆိုးသည်လည်းရှိ၊ နှစ်မျိုး နှစ်စား ရှိစမြဲပါ။ ဆရာတော်ကား ကောင်းသည့် တပည့်များအပေါ် အလိုက်သင့် ဆက်ဆံသလို ဆိုးဝါးလှသည့် တပည့်များအပေါ်မှာလည်း ဆိုးဝါး သည့် အချက်များ ဖယ်ရှားပြီး အလိုက်သင့်ပင် ဆက်ဆံတတ်ပါသည်။

ဆရာတော်သည် မဟာဗောဓိတောရတိုက်မှာ နေစဉ်က ရဟန်းနှစ်ဝါကျော်လောက်မှ စပြီး စာချ ဘုန်းကြီး ဖြစ်ခဲ့ပါသည်။ (၁၇)နှစ်သား ရှင်ဘဝကပင် ပထမလတ်တန်းအောင်မြင်ပြီး ဖြစ်သဖြင့် စာချနိုင် ပါသည်။ စာရေးသူတို့ အုပ်စု၌ စာချရာ၌ ပထမကြီး တန်း စာပေများ သင်ရိုးအကုန် သင်ကြားပြီးပြီ မို့ တတ်မြောက်ပြီး ဖြစ်နေပါပြီ။ သို့အတွက် အခြေခံ စာပေများ ပို့ချရာ၌ မခဲယဉ်းလှပါ။ စာရေးသူတို့ အုပ်စုကား ဆယ့်လေးငါးယောက်မျှ ရှိပါသည်။ သို့သော် စာချရာ၌ အားလုံးနိုင်နိုင်နင်းနင်း ဖြစ်ပါ သည်။ ဆရာတော်ကား စာချ အလွန်ကောင်းပါ သည်။ အဓိပ္ပာယ် ပြောရာ၌ ဥပမာဥပမေယျတို့ဖြင့် ရှင်းလင်းအောင် စိတ်ဝင်စားစရာ ပြောတတ်ပါသည်။ ဆရာ့ထံတွင် စာတက်ရသည်မှာ အလွန်ပျော်စရာ ကောင်းပါသည်။ တပည့်ကြီးငယ် အသွယ်သွယ် တို့ စိတ်ဝယ်ရွှင်လန်း ဝမ်းမြောက်အောင် ပျော်စရာ ဖြစ်အောင် ပြောတတ်ပါသည်။ သို့အတွက် ဆရာ့ဆီ စာတက်ရာ၌ မငြီးငွေ့နိုင်ကြဘဲ ပျော်ရွှင်ကြည်နူး ကြရပါသည်။ ဆရာသည် တပည့်စာသင်သားများ စိတ်ဝင်စားအောင် အဓိပ္ပာယ်ရှင်းလင်းရာ၌ အထပ် ထပ် အခါခါ ရှင်းပြ ပြောပြပါသည်။ စာမေးပွဲ ဖြေဆိုတတ်အောင် တစ်ခါတစ်ခါ မေးခွန်းထုတ်၍ ဖြေဆိုခိုင်းပါသည်။ မေးခွန်းအာဘော်ကို ရှင်းလင်း ပြောပြပါသည်။ ဆရာအဆွဲဓာတ် ကောင်းသဖြင့် စာတတ်သူ တပည့်များအားလုံး ပျော်မွေ့ နေကြ ပါသည်။

ဆရာတော်သည် တပည့်များအား တစ်ခါ တစ်ခါ မိမိရရှိသော စားစရာ လာဘ်လာဘပစ္စည်း များဖြင့် တည်ခင်းကျွေးမွေးပါသည်။ ထိုအချိန်၌ တပည့်များနှင့် လက်ရည်တပြင်တည်း ဝိုင်းဖွဲ့ကာ မြိန်ရည်ရှက်ရည် သုံးဆောင်စားသောက်စေပါသည်။ ဆရာက စာလည်းသင်ပေး။ အစာလည်းကျွေး

ဆိုတော့ တပည့်တွေက သိပ်ဝမ်းသာပြီး သိပ်ကျေးဇူး တင်ကြပါသည်။ ဆရာ့ကို အစစအရာရာ အားကိုး တကြီး ဖြစ်ပြီး အလွန်အမင်း ယုံကြည်မြတ်နိုး ကြပါသည်။ ဆရာသည် တပည့်များ နေထိုင် မကောင်းဖြစ်လျှင် ကိုယ်တိုင်ကိုယ်ကျ တယုတယ ပြုစုချီးမြှောက်ပါသည်။

တစ်ချိန်က စာရေးသူ တော်တော်လေး နေ မကောင်းဖြစ်သဖြင့် ဆရာတော်ကိုယ်တိုင် ဆေး တိုက် ချွေးထုတ် ပြုလုပ်ပေးပါသည်။ မိဘသဖွယ် အလွန် အလွန်အားကိုးရသော ဆရာသမားပါပေ၊ ပြတ်စွာဘုရားကိုယ်တိုင်တိုင် ဂိလာနရဟန်းပူတိ ဂတ္တာတိသမထေရ်ကို ဂရုစိုက်ပြုစုသလို ကိုယ်ဖိရင်ဖိ မရွံ့မရှာ ကိုင်တွယ်ပြုစုယုယပါသည်။ ဆရာတော်၏ ဂုဏ်ကျေးဇူးကား အလွန်ကြီးမားပါပေစွ။ ဆရာ နေမကောင်းတစ်လှည့် ဖြစ်ချိန်တွင် တပည့်များက အနားမှမခွာဘဲ ဝိုင်းဝန်းပြီး ပျာပျာသလဲ ပြုစုလုပ် ကိုင်ပေးကြပါသည်။ နင်းပေး နှိပ်ပေးကြပါသည်။ ဆရာ့နေရာ ကျောင်းမှာပင် အိပ်စောင့်ပြီး ပြုစုကြ ပါသည်။ မှတ်မိပါသေးသည်။ တစ်ချိန်က ဆရာ အသင့်အတင့် နေမကောင်းသဖြင့် ညအချိန်တွင် ဤစာရေးသူနှင့် ညီ ဤနောင်ညီနှစ်ပါး ဆရာသမား ၏ အိပ်ရာဘေးမှာ ကပ်ပြီး အိပ်စောင့်ကြပါသည်။ တော်တော်လေး ညဉ့်နက်ချိန် ရောက်သော် စာရေးသူ တို့ နောင်ညီနှစ်ပါးက အိမ်မှ အကျင့်ပါလာသည့် အလျောက် ဆရာ့ကို တွန်းပစ်လိုက်၊ ဆွဲလိုက် လုပ်နှင့် ဖြစ်နေသည်ဟု ဆိုပါသည်။ ဆရာတော် က နံနက်မိုးလင်းရောက်မှ ဤအကြောင်း အမိန့် ရှိပါသည်။ နောက်နေ့ရောက်တော့ စာရေးသူတို့ ညီအစ်ကိုနှစ်ပါး ဆရာတော်၏ ခြေတော်ရင်းမှ ကပ်ပြီး အိပ်စောင့်ကြပါသည်။ ဆရာတော်လည်း အတွန်းအဆွဲ မရှိသဖြင့် ၎င်းညကောင်းကောင်း အိပ်ရသည်ဟု အမိန့်ရှိပါသည်။ ဤနည်းအတိုင်း ဆရာတပည့်များ အချင်းချင်း ဖက်လဲ့တကင်း စုံဖက်နှစ်သက်ဖွယ် ပြုလျက် ချစ်ချစ်ခင်ခင် ကြင်ကြင် နာနာ ရှိကြပါသည်။ အချင်းချင်း ကူညီစောင့်ရှောက် နိုင်ကြပါသည်။

ဤသို့လျှင် ယခု အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ တံဆိပ်တော် ရရှိတော်မူသော မဟာဗောဓိဂုဏ်းသား ပြုံးကုန်းဆရာတော်ဘုရားကြီး . ပဲခူးကျောက်တန်း မဟာဗောဓိတောရ ကျောင်းမှာ နေစဉ်တုန်းက ဆရာတပည့် အချင်းချင်း သီတင်းသုံးဖော်အချင်း ချင်း စိတ်တူကိုယ်မှု ရှင်ရှင်ပျပျ ဖြစ်ပီး ဝမ်းပမ်း တသာ ကြည်နူးပျော်ရွှင်စွာ နေထိုင်လာခဲ့ကြ ပါသည်။

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ကျေးဇူး ရှင် ပြုံးကုန်းဆရာတော်ဘုရားရားကြီးသည်ကား ဤစာရေးသူ၏ ကျေးဇူးရှင်ကြီး ဖြစ်ပါသည်။ ဆရာတော်ဘုရား၏ သွန်သင်ပြသမှု ဆုံးမသြဝါဒ ပေးမှုကြောင့် သာသနာ့ဘောင်မှာ ရပ်တည်နိုင်ခဲ့ ပါသည်။ ဆရာတော်ဘုရား သင်ကြားပြသမှုကြောင့် ပရိယတ္တိဆိုင်ရာ စာမေးပွဲများ အောင်ပန်း အတန် တန် ဆင်မြန်းခဲ့ရပါသည်။ ဆရာနှင့်တကွ နေလာခဲ့ သဖြင့် ဆရာ၏ မေတ္တာဓာတ်များ ကူးစက်လာပါ သည်။ ဆရာတော်သည် ဤစာရေးသူကို ညီငယ် လေးအလား တယုတယ ထိန်းသိမ်း ပြုစုပါသည်။ အစစအရာရာ ကာကွယ်စောင့်ရှောက်ပါသည်။

တစ်ချိန်က အင်္ဂလိပ်မင်းများ မြန်မာနိုင်ငံတွင်း ကို တစ်ဖန် ပြန်လည်ရောက်စ အချိန် ဖြစ်ပါသည်။ တောနယ်များတွင် မငြိမ်မသက် ဖြစ်နေပါသေး သည်။ ညအခါ ရွာသူရွာသားများမှာ ကျီးလန့်စာ စားသကဲ့သို့ စိုးရိမ်ကြောင့်ကြမှုတွေ ဖြစ်နေကြရှာ ပါသည်။ စာရေးသူတို့ မဟာဗောဓိတောရ ကျောင်း ပတ်ဝန်းကျင်တစ်ဝိုက်တွင် တောပုန်းခိုးပြများ ဆူပူလှုပ်ရှားနေပါသည်။ ညတိုင်းလိုလိုပင် သေနတ် သံများ မကြာမကြာ ကြားနေရပါသည်။ သေနတ်သံ တစ်ချက်နှစ်ချက်မျှဖြင့် စိုးရိမ်စရာ ပူပင်စရာ

မလိုပါ။ သေနတ်သံများ အချက်များစွာ ကြားရပြီ ဆိုလျှင်ဖြင့် ကျောင်းအောက်သို့ ဆင်းကြပြီး ရှောင်တိမ်းနေကြရပါသည်။ တစ်ညသော အချိန်မှာ သေနတ်သံများ အဆက်မပြတ်ကြားရသဖြင့် ကျောင်းအောက်သို့ ကပျာကယာ ဆင်းကြရပါသည်။ ဤ စာရေးသူကား မနှိုးသေးပါ။ ဆရာတော်ကား စာရေးသူကို အတင်းနှိုးပြီး ခေါ်ပါသည်။ အိပ်ချင်မူးတူး ကယောင်ကတန်းဖြစ်ပြီး ကြောက်အားလန့်အားဖြစ်ကာ ဆရာ့ကို တအားဖက်ထားပါသည်။ ဆရာက စာရေးသူ၏ လက်ကို အတင်းဆွဲပြီး အောက်သို့ ခေါ်ဆောင်လာပါသည်။ ကျောင်းအောက်ဆင်းကာ တစ်နေရာရောက်မှ မျက်စိနှစ်လုံး ကောင်းကောင်းပွင့်လာပါသည်။ မျက်လုံးပွင့်လာမှ ကြောက်အားကြီးပြီး ရင်တုန် နှလုံးခုန် ဖြစ်ရပါတော့သည်။ သေနတ်သံ စဲသွားမှ ဆရာတော်က အတင်းလက်မောင်းဆွဲပြီး ကျောင်းပေါ်သို့ ပြန်တက်လာကြရပါသည်။ မိဘအလား ယုံယုံကြည်ကြည် အားထားရပါသော ဆရာသမားပါတကား။

မဟာဗောဓိတောရကျောင်းတိုက်၌ ရှင်သာမဏေများ နှစ်ပါးတစ်တွဲ အလှည့်ကျ ဆွမ်းချက်ကပ်ပွယ တာဝန် ယူကြရသည်။ မိုးတွင်းအခါဆိုလျှင် တစ်ခါတစ်ရံ ထင်းများ မိုးစိုသဖြင့် ကျပ်တင်ရပါသည်။ တစ်ချိန်မှာ ကိုရင်နှစ်ပါး ဟင်း စသည် ချက်ပြုတ်မှု ကိစ္စ ပြီးသောအခါ စိုသောထင်းများကို မီးဖိုပေါ် ကျပ်တင်ထားပါသည်။ သန်းခေါင်ယံအချိန်မှာ ထင်းများ မီးစွဲလောင်ပြီး ကျပ်ခိုးစင်တစ်ခုလုံး မီးလောင်ပါသည်။ ကျပ်ခိုးစင်မှာ ဝါးလုံးများ တင်ထားသောကြောင့် မီးလောင်ပြီး ပေါက်ကွဲကုန်တော့သည်။ တဖြည်းဖြည်း ခေါင်ကို မီးစွဲလောင်ပါတော့သည်။ ဆွမ်းစားကျောင်းဘုန်းကြီး နီးသဖြင့် ကုလားတက်တုံးကြီး ခေါက်ပါသည်။ တုံးခေါက်သံကြောင့် သံယာတော်များနိုးလာသော် မီးလောင်မှန်း သိကြရပါသည်။ ရဟန်းရှင်အားလုံး မီးလောင်ရာဆီသို့ ကပျာကယာ ပြေးလာကြသည်။ မြင်ကွင်း ကတော့ အလွန်ဝမ်းနည်းစရာကောင်းသည့် မြင်ကွင်းဖြစ်ပါသည်။ တိုက်အုပ်ဘုန်းကြီး, တိုက်ကြပ် ဘုန်းကြီး, စာချဘုန်းကြီးများ အကုန်လုံး ရောက်လာကြပါသည်။ ပစ္စည်းများ မီးလွတ်ရာသို့ သယ်ပိုးခိုင်းပါသည်။ တချို့က ရေနှင့် ပက်ဖျန်းကြပါသည်။ ရဟန်းတော်နှစ်ပါးက အမိုးပေါ်တက်ပြီး ရေဖြင့် ပက်ကြသည်။ ရဟန်း ကိုရင်အားလုံး ညီညီညွတ်ညွတ် ရေဖြင့် ဝိုင်းပက်ကြသည်။ ဆရာတော်ဘုရားများက "ရေနဲ့သာ ပက်ကြ၊ ရေနဲ့သာ ပက်ကြ" ဟု အော်ပြောကြသည်။ မီးတောက်ကွဲသွားပြီး မီးအားအရှိန် လျော့ကျသွားပါသည်။ အားလုံး တညီတညွတ်တည်း ရေဖြင့်သာ ပက်ကြသဖြင့် ရန်သူမီးကို အပြီးအစီး အောင်နိုင်ခဲ့ပါသည်။

မီးဟူသည် အသုံးဝင်အောင် ပြုတတ်လျှင် အောင်ပန်းမိုက်ဖက်ဖြစ်၍ မိတ်ကောင်းဆွေကောင်းပင် ဖြစ်ပါသည်။ အသုံးမပြုတတ်လျှင်တော့ လောင်ကျွမ်းကြိတ်ဖျက်သဖြင့် ရန်သူအစစ်ကြီး ဖြစ်ပါသည်။ "စုပေါင်းစွမ်းအင် မြတ်လမ်းစဉ်" ဆိုသည့်အတိုင်း တညီတညွတ်တည်း စုပေါင်းပြီး ကြိုးစားကြသဖြင့် ညီညွတ်ရေး အကျိုးခံစားကြရပါသည်။ စိတ်တူကိုယ်တူမျှ ညီညွတ်ခြင်းသည် "စုပေါင်းညီညာ အောင်ကြောင်းဖြာ" ဆိုသည့်အတိုင်း မိမိတို့ လိုလားအပ်သော အကျိုးထူးကို ကောန်မလွဲ ရရှိကြစမြဲ ဖြစ်ပါသည်။ အချင်းချင်း ညီညွတ်မှု၏ ကျေးဇူးကို စာရေးသူတို့ ဆရာတော်သည် အမြဲတမ်း တဖွဖွ ပြောဆိုပါသည်။ အချင်းချင်း ,ညီညွတ်ခြင်းသည် တစ်ဦးနှင့်တစ်ဦး ချစ်ခင်စရာ ရောက်သည်။ သို့အတွက် ချစ်ချစ်ခင်ခင် ဖြစ်ကြဖို့ ညီညွတ်ရေးကို အံ့သားပေး ဟောပြောပါသည်။

ညီညွတ်ရစ်မှ အချစ်မည်ခေါ်
ပညာနှင့်ချုပ် ထိန်းအုပ်ကြနော်၊
ညီညွတ်မှုကင်း ချစ်ခြင်းမခေါ်

ညီညွတ်ရေး တွေးရှာအရဖော်။

ဟူသော ရှစ်လုံးဘွဲ့ကဗျာလေးကို မကြာခဏ ဆိုပြပါသည်။ ထိုကဗျာကား ဆရာတော်၏ ဆရာရင်းဖြစ်သော ဓမ္မစကြာနိဿယသစ် ရေးသားသည့် ဒုတိယမဟာဗောဓိတောရ ဆရာတော်၏ မှတ်တမ်းတစ်ပုဒ် ဖြစ်ပါသည်။

ဤစာရေးသူ၏ ဆရာဖြစ်သော အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ပြုံးကုန်းဆရာတော်သည် ယခင် မဟာဗောဓိစာသင်တိုက်မှာ တိုက်အုပ်ဘုန်းကြီး ဖြစ်စဉ်က စာချဘုန်းကြီးများကို သူ့ကျောင်းသို့ ခေါ်ပြီး လက်ဖက်ရည်တိုက်လေ့ ရှိပါသည်။ စားဖွယ်တစ်မျိုးမျိုးဖြင့် တည်ခင်းကျွေးမွေးပါသည်။ ဓမ္မာစရိယ ဘွဲ့ရပြီး စာချဘုန်းကြီး ခြောက်ပါး ရှိပါသည်။ စာရေးသူနှင့် ဝါတူစာချဘုန်းတော်ကြီး ဦးကိတ္တိကား ကရင်အမျိုးသား ဖြစ်ပါသည်။ တိုက်ကြပ်ဘုန်းကြီးလည်း ဖြစ်ခဲ့ပါသည်။ ယခု ရတနာမွန် မဂ္ဂဇင်း အယ်ဒီတာချုပ် ဓမ္မာစရိယ၊ ဘီအေ. ဦးထွန်းလွင်ကား စာရေးသူ ထက်ငယ်သော စာချဘုန်းကြီး ဖြစ်ခဲ့ပါသည်။ ယခု ပြုံးကုန်းတောရစာသင်တိုက် စာချဘုန်းကြီး ဦးကဝိသေဋ္ဌ (ပိဋကတစ်ပုံအောင်) သည် စာချဘုန်းကြီး အငယ်ဆုံး ဖြစ်ခဲ့သည်။ ထိုစဉ်က မဟာဗောဓိစာသင်တိုက်၌ သံဃာအပါး ငါးဆယ်ပတ်ဝန်းကျင် ရှိပါသည်။ ဘုန်းတော်ကြီးသင် မူလတန်း ကျောင်းသား နှစ်ရာကျော် သုံးရာဝန်းကျင်ခန့် ရှိပါသည်။

တပည့်စာချဘုန်းကြီးများသည် ဆရာဖြစ်သူ တိုက်အုပ်ဆရာတော်၏ အမိန့်အစီအစဉ်အတိုင်း ပရိယတ်စာပေ ပို့ချသောတာဝန် လောကဓာတ် ပညာသင်ကြားပေးရသော တာဝန်များကို အသီးသီး လိုက်နာ ဆောင်ရွက်ကြရပါသည်။ ထိုစဉ်အခါက မဟာဗောဓိ စာသင်တိုက်တွင် စာချစာသင် တာဝန်ရပ်များကို ညီညီညာညာ ထမ်းဆောင်ကြသဖြင့် မြိုင်မြိုင်ဆိုင် ဆိုင် ရှိနေပါသည်။ ပရိယတ်ဘက်တွင် ငယ်, လတ်ကြီး စာမေးပွဲများ နှစ်စဉ် အောင်မြင်သကဲ့သို့ ဘ-ကဗျာလည်း လေးတန်းအောင်မြင်ကြသော ကျောင်းသူ ကျောင်းသားကလေးများ နှစ်တိုင်းပင် တော်တော်များများ ထွက်ပေါ်လာပါသည်။ တစ်နှစ်က ပဲခူးမြို့နယ် မူလတန်းရှိသော ကျောင်းပေါင်း (၁၀၄) ကျောင်းမှ လေးတန်းဖြေဆိုကြမည့် တပည့်အပေါင်း (တစ်ကျောင်းနှစ်ယောက်ကျ) ၂၀၈ ယောက်တို့က သင်္ချာရည်ရွယ်ချက် ပြိုင်ပွဲ ကျင်းပသည်။ ဆရာတော်၏ ဘ-က ကျောင်းမှ နံပါတ် (၁) အောင်ပန်းဆင်မြန်းခဲ့ရပါသည်။ ဤသင်္ချာရည်ရွယ်ချက် စာမေးပွဲကား တစ်နိုင်ငံလုံး တိုင်းခရိုင်မြို့နယ်အလိုက် ကျင်းပခြင်းပင် ဖြစ်သည်။ ထိုနှစ်တွင် စတုတ္ထတန်း စာမေးပွဲ၌ မြန်မာစာဂုဏ်ထူး တစ်ယောက်၊ သင်္ချာ ဂုဏ်ထူး နှစ်ယောက်ဖြင့် တန်းလုံးကျတ် အောင်မြင်ခဲ့ပါသည်။

တိုက်အုပ်ဆရာတော်၏ လက်အောက်မှာ နေရခြင်းသည် အလွန် ပျော်မွေ့ဖွယ် ကောင်းပါသည်။ ဆရာကား တပည့်များအား ငြိုငြင်ဖွယ်မဖြစ်အောင် စိတ်ချမ်းသာ, ကိုယ်ချမ်းသာဖြစ်အောင် ပြုစုစောင့်ရှောက်ပါသည်။ အစစအရာရာ လိုလေသေးမရှိရအောင် အဘက်ဘက်မှ လိုက်လံကြည့်ရှုကာ ဖြည့်စွက်ပေးပါသည်။ လမ်းမှန်ကမ်းမှန် ဖြစ်အောင် ညွှန်ကြားလျက် မကြာမကြာဆိုသလိုပင် သတိပေး ဆုံးမသြဝါဒ စကား မြွက်ကြားပါသည်။ တိုက်အုပ်ဆရာတော်နှင့် လက်အောက်ခံစာချဘုန်းကြီးများမှာ စည်းလုံးညီညွတ်မှု ရှိသဖြင့် မဟာဗောဓိ စာသင်တိုက်မှာ စည်စည်ကားကားနှင့် ပျော်မွေ့ ဖွယ် ကောင်းလှသည်။

တိုက်အုပ်ဆရာတော်သည် ၁၃၄၂ ခုနှစ်၌ သံဃာ သမ္မတိရဝန်ဆောင်အဖြစ် ရွေးချယ်ခံရပြီး သံဃာ အစည်းအဝေးကြီးသို့ တက်ရောက်ရပါသည်။ ၁၉၀၀ ခုနှစ်တွင် ယခု ပြုံးကုန်းတောရ

စာသင်တိုက်ကို အပ်နှင်းသဖြင့် ထိုကျောင်းတိုက်သို့ ပြောင်းရွှေ့ သီတင်းသုံးတော်မူရသည်။

စာရေးသူတို့ မှိခိုအားထားရာ ဖြစ်သော တိုက်အုပ် ဆရာတော်သည် ဗြူးကုန်းတောရ ကျောင်းတိုက်သို့ ကျောင်းထိုင်အဖြစ် အပြီးကြွသွားရသဖြင့် ထိုအချိန်မှစပြီး မဟာဗောဓိ စာသင်တိုက်မှ မိမိ၏ တပည့်များနှင့် ကွဲကွာသွားပါတော့သည်။ စာရေးသူတို့ကား ဆရာသမား၏ ညွှန်ကြားချက် အတိုင်း လိုက်နာလျက် ဆုံးမသြဝါဒကို မြေဝယ်မကျ နားထောင်ကာ ကျင့်သုံးနေထိုင်ကြရပါတော့သည်။

ဘဒ္ဒန္တ ရုစိရဉာန



ဗြူးကုန်းကျောင်းတိုက် ပဋ္ဌာန်းပုဇော်ပွဲ အဖွဲ့ဝင် လူကြီးများက ဤသို့ နှစ်ရဉ် ပဋ္ဌာန်းပွဲ ဖြစ်မြောက်ရေးအတွက် ဆောင်ရွက်လာခဲ့ကြသည်။



ကျေးဇူးတော်ရှင် အာဒိကမ္မိက မဟာဗောဓိတောရ ဆရာတော်ဘုရားကြီး တည်ထောင်တော်မူခဲ့သော ပဲခူးမြို့နယ်၊ ကျောက်တန်းရွာ ရွှေကျင်နိကာယ ဝိနယ စာတော်ပြန်ပွဲ (၅၆) ကြိမ်မြောက်ကျင်းပသောရက် ပြီးဆုံး၍ မိမိနေရင်း ဌာနသို့ ရောက်ပြီး အနားယူနေစဉ် တစ်ခုသော နံနက်ခင်းဝယ် ရှေ့မီ နောက်မီ ဥပါသကာကြီး တစ်ယောက်နှင့် စကား ပြောဆိုနေမိသည်။

"တပည့်တော် သိချင်တာလေးတွေ လျှောက်စမ်းပါရစေ ဘုရား၊

"ဒါက အရှင်ဘုရား စာပြန်ပွဲပြီးတော့ ရန်ကုန်သို့ အရေးတကြီးကိစ္စ တစ်ခုနှင့် ကြွသွားတယ်လို့ သိရ တယ်၊ ဘာကိစ္စနှင့် ကြွသွားတာလဲ ဘုရား"

"သြော်...ဒကာကြီးရေ၊ ဘုန်းကြီးတို့ မဟာဗောဓိ ရွှေကျင်နိကာယ စာပြန်ပွဲတော်ကြီး၏ (၅၆) ကြိမ်မြောက်မှာ နိုင်ငံတော်အစိုးရမှ ကပ်လှူသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ရရှိသော ဗြူးကုန်းတောရ စာသင်တိုက်ကြီး၏ ပဓာန နာယက ဆရာတော် ဘုရားကို ဂုဏ်ပြုပူဇော်ကြမှာမို့ အကြို ညှိနှိုင်းဆွေးနွေးဖို့ ပင့်တဲ့အတွက် ကြွသွားတာပါ ဒကာကြီး"

"ဒါနဲ့ နေပါဦး ဘုရား၊ အဲဒီ ဆရာတော်ဟာ ဒါးပိန်မြို့ မြောက်ဘက်၊ ဘုရားကွင်းရွာ ခမည်းတော် ဦးဘိုးကျယ်၊ မယ်တော် ဒေါ်ပိုတို့မှ

ဖွားမြင်သော သားရတနာဖြစ်တယ် မဟုတ်လား ဘုရား၊"

"အင်း...ဟုတ်တယ်။

"သူ့အစ်ကိုဖြစ်သူ ဦးပဏ္ဍိစွကလဲ ယခု မဟာဗောဓိ ဂိုဏ်းချုပ် ဆရာတော်ဘုရားကြီး ဦးပဏ္ဍာဝံသ၊ ကော့ချဲရွာသား ဦးပညာသိရိ (ယခု သာကေတ ပညာလင်္ကာရကျောင်း ဆရာတော်-စံလွန်) တို့နှင့် မဟာဗောဓိတောရကျောင်းမှာ ပညာအတူသင်ယူဘက် အလွန်ရင်းနှီးကြတဲ့ သူငယ်ချင်းများ ဖြစ်ပါတယ်။

"ယခု အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တော် အလှူခံ ရရှိတဲ့ ဆရာတော်လောင်းလျှာဟာ ကျောက်တန်းရွာ မဟာဗောဓိတောရတိုက်ကို ရောက်ရှိပြီး ကျေးဇူးတော်ရင် မဟာဗောဓိ ဆရာတော်ဘုရားကြီးနှင့် တိုက်အုပ်ဆရာတော် ဦးပဏ္ဍာဝ၊ စာချဘုန်းတော်ကြီး ဦးနန္ဒိယ၊ ဦးပညာသိရိတို့၏ အေးမြသော အရိပ်ကို ခိုလှုံပြီး အခြေခံပညာများကို သင်ကြားနေပါတယ် ဘုရား"

"ကော့ချဲသား ဦးပညာသိရိ ကလည်း ကျောက်တန်းမှ တစ်ဆင့် မန္တလေးမြို့ အဘယာရာမ ဆရာတော်ကြီး၏ ခြေတော်ရင်းသို့ ရန်ကုန်မြို့ ကျိုက္ကဆံရွှေကျင်တိုက်သစ် ဓမ္မာရုံကျောင်း စာချဘုန်းကြီး ဦးဓမ္မာနန္ဒ (ဦးထွန်းတင်-သပြ)၏ အထောက်အပံ့ဖြင့် ကပ္ပိယကျောင်းသားလေး မောင်ဟံသိန်းအား အဖော်ပြုကာ ရောက်ရှိသွားပါတယ်။

ထိုစဉ်အခါ အဘယာရာမ ဆရာတော်ဘုရားကြီး၏ ထံတွင် ဦးနန္ဒိယ(ဦးထွန်းရင်)၊ ဦးကုမာရ (ဗိုလ်ဖေခိုင်) အုန်းမှ ဦးပညိန္ဒ(ဆရာတင်)၊ ဦးဝါယာမိန္ဒ တို့ ပညာသင်ကြားလျက် ရှိပါသည်။

သာကေတ ဆရာတော် ဦးပညာသိရိတို့ အဘယာရာမကို ရောက်ပြီး တစ်နှစ် နှစ်နှစ်ခန့် တွင်မှ ယခု ပြုံးကုန်းဆရာတော်လျောင်းလျှာ ဦးအာစိဏ္ဏ၊ ဦးတေဇိန္ဒ (ဦးထွန်းသိန်း၊ ဇလွန်သပြုကွင်း)၊ ဦးသြဘာသ(ကော့ချဲ) တို့ ကျောက်တန်းမှ ထပ်မံ၍ အဘယာရာမကို ရောက်လာကြပြန်ပါတယ်။

ဦးပညာသိရိကပဲ ထိုပုဂ္ဂိုလ်တို့ရဲ့ နေထိုင်စားသောက်ရေးကို အစစ စောင့်ရှောက်ပေးခဲ့ပါတယ်။

ထိုစဉ်အခါက မန္တလေးမှာ အပူဒဏ်များခြင်းကြောင့် ပလိပ်ရောဂါ ကျောက်ရောဂါ၊ ဝက်သက်ရောဂါတို့ ဖြစ်တတ်ပါတယ်။ မမျှော်လင့်ဘဲ ကိုရင်အာစိဏ္ဏမှာ အဖျားရောဂါ ဖြစ်လာပါတယ်။ ဦးပညာသိရိကလည်း ရောဂါပျောက်ရေးကို ရှေးရှုပြီး ကိုယ်ဖိရင်ဖိ ပြုစုပါတယ်။ ရောဂါ သည်းလာချိန်များတွင် ညဉ့်အခါ၌ မအိပ်နိုင်သဖြင့် ပွေ့၍ပင် သိပ်ခဲ့ရပါတယ်။ တတ်ကျွမ်းသော တိုင်းရင်းသမားတော် တစ်ဦးပင့်ပြီး ကုသပေးခဲ့ပါတယ်။

ဆရာကလည်း...

"ဦးဇင်းတပည့် ကိုရင်အာစိဏ္ဏ ရောဂါကို တပည့်တော် သိပ်မသက်သာဘူး၊ ကျောက်ပါတယ် ထင်တယ်၊ သိပ်ပြီးလည်း ပူးကပ်ကပ် မနေနဲ့ဦး"

လို့ သတိပေးခဲ့ပါတယ်။ ဦးပညာသိရိက ...

"ဆရာ ဦးဇင်းကို အားကိုးပြီး လိုက်လာကြတဲ့ တပည့်တစ်ပါး ဒီလိုနေထိုင်မကောင်း ဖြစ်နေတာကို လက်ပိုက်ကြည့်မနေနိုင်ဘူး၊ ကူးစက်ချင် ကူးစက်ပါစေ၊ ဦးဇင်းကတော့ ကိုယ့်သားသမီးလိုပဲ ပူးပူးကပ်ကပ် ပြုစုရမှာပဲ"

လို့ ပြောပါတယ်။

"ကဲ ဦးဇင်းက ဒီလောက် တောင် ပူးပူးကပ်ကပ် ပြုစုပေးမှတော့ တပည့်တော်ကလည်း ကျောင်းမှာပဲ အိပ်ပြီး ကူညီစောင့်ရှောက်ပေးပါ့မယ်"

လို့ဆိုပြီး ညအိပ်စောင့်ရှောက်ပါတယ်။

နောင်တစ်ချိန်တွင် အဘယာတိုက်ကို ရဟန်းဒကာ ရဟန်းအစ်မများ ဘုရားဖူးရင်း ရောက်လာ

ကြပါတယ်။ ရဟန်းများဖြစ်ကြတဲ့ ဦးတေဇိန္ဒ၊ ဦးသြဘာသတို့နှင့် ရဟန်းဒါယကာမများ ရင်းရင်းနှီးနှီး ပြောဆိုနေထိုင်ပုံကို အဘယာရာမ ဆရာတော်ဘုရားက သဘောမကျတာကြောင့် ညဝတ်ဖြည့်ချိန်တွင် ဦးပညာသီရိအား...

"ဦးဇင်း...မောင်တေဇိန္ဒ၊ မောင်သြဘာသတို့နဲ့ အောက်ပြည်က ဒကာ ဒကာမ များ နေထိုင်ပုံကို တို့ သဘောမကျဘူး"ဟု တိုတို တောင်းတောင်း အမိန့်ရှိခဲ့ရာ ဦးပညာသီရိက ၎င်းဒကာမများသည် သူတို့၏ ရဟန်း ဒါယကာများ ဖြစ်ကြောင်း လျှောက်ထားရာ ...

"ဟေ...ဦးဇင်းရဲ့ဆရာ မောင်ပဏ္ဍာဝကလည်း ရဟန်းဒါယကာများ ငယ်ငယ်ရွယ်ရွယ်ကို ခွင့်ပြုရသလား"

လို့ အမိန့်ရှိခဲ့ဖူးပါတယ်။

ဦးပညာသီရိ သာကေဘ ပညာလက်ရာကျောင်း တည်ထောင်ပြီးနောက် တပည့်ရင်းဖြစ်သော ဦးအာစိဏ္ဏအား သာကေတကျောင်းကို လွှဲအပ်ချင်ပါသော်လည်း အစစ တပည့် ဆင်းရဲမည့် အရေးကို မြော်မြင်၍ မလွှဲအပ်ခဲ့ပါ။

တစ်ဖန် အင်းစိန်မြို့ ပြုံးကုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော် ဦးဆန္ဒာဓိကမှ ၎င်းပိုင် ပြုံးကုန်းကျောင်းတိုက်အား ဦးအာစိဏ္ဏကို အရာမ်နှင့်တကွ လွှဲအပ်ခဲ့သောကြောင့် သာကေတ ဆရာတော်မှ မိမိတပည့်ရင်း ကိုယ်ပိုင်ကျောင်းနှင့် နေနိုင်သွားနိုင်သည်ကို အထူးအားရနှစ်သက်ကျေနပ်မိပါတယ်။

တစ်ဖန် ဆရာတော်၏ သာသနာရေးလုပ်ငန်းမှန်ကန်စွာဖြင့် ဆောက်ရွက်ခဲ့သောကြောင့် စာချစာသင် တပည့်များနှင့် စည်းကမ်းသေဝပ်စွာ အုပ်ချုပ်ခဲ့သဖြင့် မဟာဂန္ဓ ဝါစကဘွဲ့ဖြင့် ပထမအကြိမ် နှင်းအပ်ပူဇော်ခဲ့ပါတယ်။

တစ်ဖန် ၁၃၆၃-ခုနှစ်တွင် နိုင်ငံတော် အစိုးရမှ ဆက်ကပ်သော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ရရှိတာကို သာကေတ ပညာလက်ရာကျောင်းဆရာတော် (စံလွန်) မြင်ရ သိရလျှင် မိမိတပည့်ရင်းအား အတိုင်းအဆမသိ ဝမ်းမြောက်စကားပြောကြားမှာကို မြင်ယောင်မိပါတယ်။

သို့သော်...

ရှင်ဝိသုဒ္ဓ(ကော့ချ)

အရိပ် အရိပ် အရိပ်

မောင်ကျော်သိန်း

အရိပ်၏ အရသာကို လူတိုင်း တွေ့မြင်ခံစားကြဖူးမည်သာ ဖြစ်ပါသည်။ သစ်ရိပ် ဝါးရိပ် အစရှိသည်တို့သည် တွေ့မြင်နိုင်ပါသည်။ အာဝါသ=အိမ်နေရာ အရိပ်သည်လည်း အေးမြသည်ကို ခံစားနိုင်ပါသည်။ သို့သော် အရိပ်အသွင်အပြင် သဘောတရားအရကား အားထားခိုလှုံစရာကို အရိပ်ဟုလည်း သတ်မှတ်ကြပါသည်။

အရိပ်တကာ့ အရိပ်များထဲတွင် ဘုရားအရိပ်၊ တရားအရိပ်၊ သံဃာအရိပ်၊ မိဘအရိပ်၊ ဆရာသမားအရိပ် စသည်များသည် ခံစားနိုင်သော အရိပ်များ ဖြစ်ပါသည်။ ထိုအရိပ်များကို သာမန်မျက်စိ မံသစက္ခုနှင့် မမြင်နိုင်ပါ။ ပညာမျက်စိ=ပညာစက္ခုနှင့်သာ သိမြင်ခံစားနိုင်ပါသည်။

ထိုသို့သော အရိပ်များကို ကျွန်တော် ခိုလှုံခံစားခဲ့ဖူးပါသည်။ ထိုအရိပ်များအောက်တွင် ခိုလှုံကြိုးစားအားထုတ်ရင်း အသက်အရွယ် ကြီးရင့်လာပါသည်။ ထိုအရိပ်များထဲတွင် ဘုရားအရိပ်၊ တရားအရိပ်၊ သံဃာ့အရိပ်သည် ကျွန်တော့်အတွက် အမြဲ တည်ရှိနေပြီး မိဘအရိပ်၊ ဆရာသမားအရိပ်တို့သည် ကွယ်ပျောက်ခဲ့ရပါသည်။ ကျွန်တော်သည်ပင် အသက် ၇၀ ရှိနေပြီဖြစ်၍ ကျွန်တော်၏ ဆရာသမားများသည်လည်း ကျွန်တော့်အား အရိပ်မပေးနိုင်ရှာကြပြီ ဖြစ်ပါသည်။ မိဘအရိပ်နှင့် ကင်းကွာခဲ့သည်မှာ ကြာခဲ့ပြီဖြစ်ပါသည်။ ဆွေရိပ်မျိုးရိပ်နှင့်တော့ အခါအားလျော်စွာ ခိုလှုံပြီး ကျေးဇူးပြုခြင်းကို ခံစားဖူးပါသည်။



ကမ္ဘာ့သာသနာပြု ဆရာတော်ကြီး အရှင်သေဋ္ဌိလာဘိဝံသ မလွန်မီက ဗြူးကုန်းတောရစာသင်တိုက် ကြီးမှူးရေးအတွက် တရားဟောခြင်းဖြင့် ကြွရောက် အားပေးချီးမြှင့်ခဲ့သည်။ ဤပုံသည် ဗြူးကုန်းအခမ်းအနားတစ်ခုသို့ ကြွရောက်တော်မူစဉ်

ထိုသို့သော အရိပ်များစွာထဲမှ ထာဝရ တည်ရှိနေသည့် ဘုရားအရိပ်၊ တရားအရိပ်၊ သံဃာ့အရိပ် ကိုသာ ခိုလှုံရမည် ဖြစ်၍ ကျွန်တော်သည် လွန်ခဲ့သည့် အနှစ် ၂၀ ခန့်က သံဃာ့အရိပ်ကို ခိုလှုံပြီး တရားနာကြားပြီး ဘာဝနာတရား ပွားများပြီး အခြေချ နေထိုင်ရန် စဉ်းစားမိသည်။ ထိုစဉ်က ရန်ကုန်စက်မှုတက္ကသိုလ်(ယခု နည်းပညာတက္ကသိုလ်) တွင် ပညာသင်ကြားပို့ချ ပေးနေရသော ဆရာတစ်ဦးအနေနှင့် အငြိမ်းစားယူကာ အခြေချပြီး နေထိုင်ရန် ဗြူးကုန်းတောရ စာသင်တိုက် အနီးကို တွေးဆစဉ်းစားမိသည်။

ဗြူးကုန်းတောရ စာသင်တိုက်သည် ရန်ကုန်နည်းပညာတက္ကသိုလ် ကျောင်းဝင်းနှင့်နီးပြီး ရန်ကုန် နည်းပညာတက္ကသိုလ် ကျောင်းဝင်းနေ ဆရာများ၊ မိသားစုနှင့် ဝန်ထမ်းများ မိသားစုတို့၏ အနီးကပ် အလွယ်ကူဆုံး ဘုန်းတော်ကြီးကျောင်း ဖြစ်ပါသည်။ စာသင်တိုက်ကျောင်းတွင် ဆရာတော် ဘဒ္ဒန္တ အာစိဏ္ဏ ဦးစီးကျောင်းထိုင် သီတင်းသုံးတော် မူပါသည်။

ကံကောင်းထောက်မ၍ တစ်နေ့ကျွန်တော် အငြိမ်းစားမယူမီ ကိုးနှစ်ခန့်တွင် ရန်ကုန် စက်မှု တက္ကသိုလ် (ယခု နည်းပညာတက္ကသိုလ်) မှ ဆရာ ဦးအေးဝင်းကျော်နှင့် စကားပြောဆို စပ်မိရာမှ ကြို့ကုန်း (၈) လမ်းတွင် မြေတစ်ကွက် ဝယ်ယူပြီး အိမ်ဆောက်အခြေချရန် အဆင်ပြေခဲ့သည်။

ထိုသို့ မြေဝယ်ပြီး မြေသန့်ကိစ္စ တရားဟောကြားရာတွင်လည်း ဆရာတော် ဘဒ္ဒန္တ အာစိဏ္ဏက ပင် ဟောကြားတော်မူပါသည်။ ကျွန်တော် အငြိမ်းစားယူပြီး အိမ်တက်မင်္ဂလာ ပြုရာတွင်လည်း ဆရာတော်နှင့်တကွ ဗြူးကုန်းကျောင်းနေ သံဃာတော်များက ပရိတ်တရား ချီးမြှင့်ပေးပါသည်။



ဗြူးကုန်းတောရစာသင်တိုက်၏ မျိုးဆက်သစ် အရိပ်ကလေးများ

ကျွန်တော် ကြိုတင်တွက်ဆထားသည့် အတိုင်း သံယာ၏ အရိပ်၊ သံယာများ ဟောကြားသော တရားအရိပ်အောက်တွင် ရောက်နေပြီတကားဟု ကျေနပ်အားရနေမိသည်။

ဆရာတော် ဘဒ္ဒန္တ အာစိဏ္ဏကိုပင် ဥပဇ္ဈာယ် ပြု၍ ကျွန်တော်၏ ရင်နှစ်သည်းချာ သားနှစ်ယောက်ကို ရဟန်းဘောင်သို့ သွတ်သွင်းပေးနိုင်ခဲ့ပါသည်။ ကျွန်တော်သည်လည်း ဆရာတော်ကိုပင် ဥပဇ္ဈာယ် ပြု၍ ရဟန်းဘောင်သို့ တတိယအကြိမ် ဝင်ရောက်နိုင်ခဲ့ပြီး ဆရာတော်၏ တရားရေအေးကို ခံစားနာကြားခဲ့ရပါသည်။

ဆရာတော် သီတင်းသုံးသော ဗြူးကုန်းတောင်ပူစာကလေးသည် အရှေ့ကြို့ကုန်းအရပ်တွင် အမြင့်ဆုံး တောင်ပူစာကလေး ဖြစ်ပါသည်။ ကျွန်တော့်အရင် ရှေးယခင်ကတည်းက ဗြူးကုန်းတောရကျောင်း၏ အရိပ်၊ ဆရာတော်၏ အရိပ်ကို ခိုလှုံနေကြသော သက်ကြီးရင့်မရင့်ဖများ ဖြစ်သည့် ဦးချစ်မောင်၊ ဦးအောင်ရွှေ အစရှိသည်တို့လည်း ရှိနေကြပါသည်။

ဆရာတော် ဘဒ္ဒန္တ အာစိဏ္ဏ၏ အရိပ်နှင့် ဗြူးကုန်းတောရ စာသင်တိုက်ရှိ ရဟန်းသံယာတို့၏ အရိပ်သည် ကျွန်တော်၊ ကျွန်တော့်မိသားစုနှင့် တကွ အရှေ့ကြို့ကုန်းရပ်ကို အေးမြစေပါသည်။

ယခုကဲ့သို့ နိုင်ငံတော်မှ ဆရာတော်အား အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်ဖြင့် ဆက်ကပ်ဂုဏ်ပြုသည့်အတွက် ကျွန်တော်များစွာ ကျေနပ်ဝမ်းမြောက်ကြည်နူးမိပါသည်။

အရိပ်...အရိပ်... ကျွန်တော်ခိုလှုံရန် ရည်ရွယ်ခဲ့သော အရိပ်။

မောင်ကျော်သိန်း



ရေစက်

နရကီ(မန္တလေး)

၂၀၀၂ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်မှ ဆရာတော် သံဃာတော်များ အား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်သည့် ကြေညာချက်တွင် ဗြူးကုန်း ဆရာတော် ဘဒ္ဒန္တ အာစိဏ္ဏကို အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်ကြောင်း ကြားသိရသဖြင့် အတိုင်းမသိ ဝမ်းသာပီတိ ဖြစ်ရပါသည်။

ဆရာတော်၏ အစဉ်အမြဲ အေးချမ်းနေသော မျက်နှာတော်၊ တည်ကြည်လေးနက်သော အသံ တော်တို့ကို အာရုံမှန်း၍ ပူဇော်ရင်း "ရေစက်" ပဌာန်းဆက်ဟူသော စကားကို စဉ်းစားနေမိသည်။

တကယ်တော့ စာရေးသူနေတာက မန္တလေး၊ ပုသိမ်ကြီးမှာပါ။ မန္တလေးမှာနေပြီး ရန်ကုန်မြို့ အင်းစိန်နယ်မြေ၊ အရှေ့ကြို့ကုန်းမှာရှိတဲ့ ဗြူးကုန်းကျောင်းတိုက် ပဓာန နာယက ဆရာတော်ကို ဖူးမြော်ကြည်ညိုခွင့် တပည့်သားမြေးအဖြစ် ဆုံးမ သြဝါဒ ခံယူခွင့်ရဖို့ဆိုတာ "ရေစက်" မရှိရင် သိပ်တော့မလွယ်ပါဘူး၊ ပဌာန်းဆက်နီးတယ်၊ ရေစက်ရှိလို့ ဆုံကြရတာဆိုတဲ့ စကားတွေဟာ သိပ်ကိုမှန်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မန္တလေးမှာ ရှိနေတဲ့ ကျောင်းတိုက်တွေထဲမှာ တောင် စာရေးသူ လုံးဝ မရောက်ဖူးသေးတဲ့ ကျောင်းတိုက်တွေ အများကြီး ရှိနေသေးလို့ပါပဲ။

စာရေးသူရဲ့ ဦးလေးနဲ့ အဒေါ်ဖြစ်တဲ့ ဦးတိုးမောင်–ဒေါ်စန်းစန်းတို့က အရှေ့ကြို့ကုန်း (၈) လမ်း တောင်ပိုင်းမှာ နေကြတာ အနှစ်(၂၀)နီးပါးရှိပါပြီ၊ ဗြူးကုန်းဆရာတော်ရဲ့ ဒကာရင်းများ ဖြစ်ကြပါတယ်။ စာရေးသူ ဗြူးကုန်းကျောင်းတိုက်နဲ့ ရင်းနှီးခွင့်ရခဲ့,တာ ဦးလေးတိုး–ဒေါ်စန်းတို့ရဲ့ ကျေးဇူးကြောင့်ပါ။

ပြုံးကုန်းကျောင်းတိုက်မှာလိုအပ်တဲ့အဆောက်အဦး၊ လမ်း၊ ရေတွင်း၊ ရေကန်နဲ့ ရေအိမ်ကအစ လူစရာ ကြုံတိုင်း အဒေါ်တွေကနေတစ်ဆင့် လူခွင့်ရခဲ့ပါတယ်။

အခု ဆောက်လုပ်ပြီးစီးသွားတဲ့ သုံးထပ်ကျောင်းကြီးတွင် စာရေးသူတို့ မိသားစုက ဘုရားခန်း၊ ဘုရားဆင်းတုတော်တို့ကို လှူဒါန်းခွင့် ရခဲ့ပါတယ်။ ထိုသုံးထပ်ကျောင်းကြီး စတင် ဆောက်လုပ်စဉ် လွန်ခဲ့တဲ့ လေးနှစ် ၁၉၉၈ ခု၊ တပေါင်းလပြည့်နေ့မှာ ရန်ကုန် ရောက်နေခိုက် ကြုံတာနဲ့ ကျောင်းတိုက်မုခ်ဦးကနေ သုံးထပ်ကျောင်းဆောက်မည့် နေရာ



အထိ အုတ်သယ်ပြီး လုပ်အားဒါန ကုသိုလ်ယူခဲ့ကြတာလည်း အမှတ်တရ တစ်ခုပါ။

ပြုံးကုန်းကျောင်း ရောက်တဲ့ အချိန်တိုင်း အမြဲပျော်နေတာပါပဲ။

ဆရာတော်က "အဲဒါ ပဌာန်းဆက်ရှိလို့" လို့ မိန့်ပါတယ်။

ရန်ကုန်ရောက်တိုင်းလည်း ဆရာတော်ကို သွားရောက် ကန်တော့နေကျ ဖြစ်သည်။ အကြိမ်ပေါင်းများစွာ ဆရာတော်ကို ဖူးမြင်ရပြီးနောက် သတိထားမိတဲ့ အချက်တစ်ချက် ရှိလာပါတယ်။ အဲဒါကတော့ ဘယ်အချိန်၊ ဘယ်ကာလမှာ ဘယ်လို ပုံစံမျိုးနဲ့ပဲ တွေ့တွေ့ ဆရာတော်ရဲ့ မျက်နှာတော်ဟာ အမြဲတမ်း ကြည်လင်ပြီး အေးချမ်းနေပါတယ်။ ဒေါသ ဖြစ်ခြင်း၊ စိတ်ဆိုးခြင်းတွေ၊ အလိုမကျ မကျေမနပ် ဖြစ်နေတဲ့ အပြုအမူ အပြောအဆိုမျိုး တွေကို တစ်ခါမှ မမြင်မတွေ့ရခြင်းပဲ ဖြစ်ပါတယ်။

စာရေးသူဟာ ဒေါသစရိုက် အားကြီးသူ တစ်ယောက်ဖြစ်သည်။ ဒေါသဟာ မကောင်းမှုန်း သိတယ်၊ သိရုံသာသိပြီး လက်တွေ့မှာ ဒေါသနည်းအောင် မကျင့်နိုင်လို့ ဒေါသကျွန် ဖြစ်နေရတယ်။

လူတွေ သဘာဝက ကိုယ်ကရုပ်ဆိုးပေမယ့် လှတာကို နှစ်သက်တယ်။

ကိုယ်က လိမ်ပြောတတ်ပေမယ့် အမှန်စကား ပြောတဲ့သူကို နှစ်သက်တယ်။

ဒီလိုပါပဲ၊ စာရေးသူက ဒေါသကြီးပေမယ့် ဒေါသနည်းတဲ့သူ၊ သည်းခံ စိတ်ရှည်တဲ့ လူတွေဆိုရင်

သိပ်ကို လေးစားပါတယ်။

ဆရာတော်ရဲ့ လေးစားကြည်ညိုဖွယ်ရာ ဂုဏ်ပေါင်းများစွာကို ရေးဖို့ဆိုတာ စာရေးသူတို့ အနေနဲ့ မလွယ်ကူလှပါဘူး၊ ဉာဏ်မီမှာလည်း မဟုတ်ပါဘူး။

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ရရှိခဲ့တဲ့ ဆရာတော်ရဲ့ သီလ၊ သမာဓိ၊ ပညာ၊ ဂုဏ်ပေါင်းများစွာနဲ့ ယှဉ်လိုက်ရင် အခု စာရေးသူ ရေးပြတဲ့ အကြောင်းတရားဟာ မြူတစ်မှုန်ပါ။

ဆရာတော်ရဲ့ အဂ္ဂမဟာပဏ္ဍိတ ပူဇော်ပွဲနှင့် ကြုံကြိုက်ခွင့်ရတဲ့ အတွက်လည်း အထူးကို ဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါတယ်။

ဆရာတော် ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာစွာ ဖြင့် သက်တော်ရာကျော် ရှည်လျက် သာသနာ့တာဝန်ကို တပည့် ဒကာများနှင့် လက်တွဲကာ စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ပါစေဟု ဆုတောင်းရင်း။

စိတ်ရည်မျှော် အကြိမ်ကြိမ် ဦးတိုက် ရှိခိုးလျက်

နရဏီ (မန္တလေး)

ဥယျာဉ်မှူး

ဗြူးကုန်းကျောင်းတော်
ခေါ်တွင်သမုတ်၊ ဖော်ထုတ်တည်ရာ
ဌာနေဒေသ ကျွန်ညွှန်ပြမည်
အများရှင်လူ သီစေမင်း။
ဒဂုံရွှေတိုင်း၊ မြောက်ပိုင်းဆိုစေ
အင်းစိန်မြေတွင်း ပါဝင်ခြင်းရှင့်၊
ကြို့ကုန်းဆိုရင်း၊ ရှေ့ဖျားတွင်းဌ
ထင်လင်းတွင့်ခေါင်၊ ဗြူးကုန်းတောင်၊
ဗြူးကုန်းကျောင်းတော်
ထင်ပေါ်ကျော်ကြား လူသိများခြင်း
အကြောင်းရင်းမှန်၊ ဖွင့်ဆိုပြန်အပ်၊
ပရိယတ်သင်၊ သံဃာရှင်တို့၊
ခိုဝင်ပျော်ရာ ကျောင်းမဟာ။
ဂုဏ်သိမ်ကျောင်းဟိုး၊ ဖြစ်ရကျိုးကား
ပင်ပျိုးစိုက်ဦး၊ ဥယျာဉ်မှူးသခင်
ဆရာရှင်၏ ဖွဲ့လျှင်ရင့်သန်
အရင်းခံမို့၊ ဖန်ဖန်ရည်စူး
ဂုဏ်ကျေးဇူးကို၊ အထူးသိမြင်
ရွယ်ထိပ်တင်သည့်
အစဉ်ညွှတ်တွား လျက်ပါဘုရား။

နေနီမေ



ရခဲလှသည့် အစာနည်

ဂဏပါလကဘိက္ခု

ရွှေကျင်နိကာယ မဟာဗောဓိသာသနာ နှစ်ပေါင်း (၅၆)နှစ် ကြာညောင်းလာခဲ့ပေသည်။ နှစ်ပေါင်း (၅၆)နှစ် ကြာသည်မှာ စာပြန်ပွဲကျင်းပမှုကို အကြောင်းပြု၍ မှတ်တမ်းတင်ထားခြင်းသာ ဖြစ်သည်။

ဂဏသမုဌာပကမဟာဗောဓိ တောရ ဆရာတော်ဘုရားကြီးသည် ' ၁၂၆၇-ခုနှစ်တွင် သီရိမင်္ဂလာ ဘုရားကိုးဆူတောရတိုက်သို့ ရောက်ရှိသာသနာပြုသည့်နှစ်မှ စတင်၍ ရေတွက်လျှင် ၉၆-နှစ်တိုင်သို့ ရောက်ရှိလာခဲ့ပေသည်။ ဆရာတော်

ဘုရားကြီးသည် ပစ္စုပ္ပန် အတိတ်နှစ်ပါး စလုံး သီလ၊ သမာဓိ၊ ပညာတည်းဟူသော အကျင့်သိက္ခာ တည်းဟူသော အပင်သန်သဖြင့် အသီးအပွင့်များ တည်းဟူသော ထင်ရှားကျော်ကြားသော မေဓာဝီ ဆရာဆိုင် စသော ဆရာတော် ဘုရားကြီး၏ မျက်မှောက်၌ပင် တပည့်ကြီးများ ပေါ်ပေါက်လာခဲ့သည်။

ထိုဆရာတော်ဘုရားကြီးများ၏ အဆက်ဆက် နောက်လိုက်တပည့်များ၌လည်း ထင်ရှားသော ထင်ရှားသော တပည့်များပေါ်ပေါက် လာခဲ့သည်။

၁၃၆၂-ခု ၁၃၆၃-ခုနှစ်တွင်ကား ဆရာတော်ဘုရားကြီး သားတပည့်များ ဖြစ်ကြသော အသောကာရုံရွှေကျင်တိုက် ဆရာတော်ဘုရားကြီး ဗြူးကုန်းတောရစာသင်တိုက်ဆရာတော်ဘုရားကြီး တို့သည်ကား ပြည်ထောင်စု မြန်မာနိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ထိုက်ထိုက်တန်တန် အလွန်တရာ ရခဲလှသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကြီး ချီးမြှောက်မှုကို ခံယူရရှိခဲ့ပေသည်။ ထိုဆရာတော်ဘုရားကြီးများ ဘွဲ့တံဆိပ်တော် ရရှိခြင်းသည်-

ဒုလ္လဘောပုရိသာဇညော၊ နသောသဗ္ဗတ္ထ ဇာယတိဟူသော ဒေသနာတော်အတိုင်း၊ ယောက်ျား အာဇာနည်တို့ကို ရခဲ၏။ နေရာတိုင်း၌ ယောက်ျား မရှိနိုင်၊ အာဇာနည် ပေါ်ပေါက်လာခဲ့သော် ပေါ်ပေါက်လာသော အမျိုးသာသနာ ကြီးပွားချမ်းသာဖို့ရန်သာ ဖြစ်၏ဟုဆိုရာ ရွှေကျင်နိုကာမ မဟာဗောဓိ ဆရာတော် ဘုရားကြီးများ ပေါ်ပေါက်လာခြင်းသည် မဟာဗောဓိသာသနာ ရွှေကျင်ဂိုဏ်းကြီး၏ သာသနာ၊ ဘုရားသာသနာတော်ကြီး ပွားတိုးတက်ချမ်းသာဖို့ရန် ဖြစ်ပေသည်။ ဆရာတော်ဘုရားကြီးများ၏ ဆုံးမသြဝါဒကို အခြေခံကျကျ နားထောင်ရင်း မိမိတို့ ပြုစုနေသော သာသနာတော်ကို ကြီးပွားအောင် အားထုတ်ခြင်းဖြင့်သာ သာသနာတော် ဆက်လက် ပြန့်ပွားနိုင်အောင် ဆောင်ရွက်နိုင်ကြသည်။ ထို့ပြင် မိမိတို့အတွက် အရိပ်ကောင်းသော သစ်ပင်ကြီးများသဖွယ် ဆရာတော်ဘုရားကြီးများတည်းဟူသော အရိပ်ကို ခိုလှုံလျက် သာသနာ ပြုကြဖို့မှာ မိမိတို့၏ တာဝန်ဝတ္တရားများပင် ဖြစ်သည်။ အာဇာနည် ပုဂ္ဂိုလ်များကို တွေ့ရဖို့၊ ဖူးမြင်ရဖို့၊ သြဝါဒခံယူရဖို့ အလွန်တရာမှ ခဲယဉ်းလှပေ၏။

မှန်ပေ၏။ မဟာဗောဓိ သာသနာနှစ်ပေါင်းကိုးဆယ်ကျော်ခဲ့ သော်လည်း အာဇာနည်ပုဂ္ဂိုလ်များကို ဖူးမြင်တွေ့ရသည်မှာ အလွန်တရာ နည်းပါးလှပေ၏။ မဟာဗောဓိသာသနာ၌ ထင်ရှားကျော်ကြားသော အခြား ဆရာတော်များ ရှိခြားသော်လည်း နိုင်ငံတော်မှ အသိအမှတ်ပြုခံရသည့် အာဇာနည် ဆရာတော်များမှာ အထက်ဖော်ပြပါဆရာတော်ကြီးနှစ်ပါးပင် ဖြစ်ပေသည်။ မဟာဗောဓိသာသနာတော်ကြီးပွား တိုးတက်ဖို့ရန် ပေါ်ပေါက်လာသော ထိုဆရာတော် ကြီးနှစ်ပါးအား မဟာဗောဓိသာသနာဝင် သံဃာတော်များ၊ ဒါယကာ၊ ဒါယိကာမများအနေနှင့် ပူဇော်ရန်မှာ တာဝန်ရှိကြပေသည်။ တာဝန်ရှိကြသည့်အတိုင်း အသောကာရုံဆရာတော် ဘုရားကြီးအား ၁၃၆၃-ခုနှစ်၌ ခမ်းခမ်းနားနား ပူဇော်ပွဲကို ကျင်းပပြုလုပ်ခဲ့ကြပေသည်။ ယခုနှစ် ၁၃၆၄-ခုနှစ်၌ ဗြူးကုန်းတောရ ဆရာတော် ဘုရားကြီးအား ပူဇော်ပွဲကို ခမ်းခမ်းနားနားပူဇော်ရင်း ဆရာတော် ဘုရားကြီး၏ ဆုံးမသြဝါဒအတိုင်း လိုက်နာ ကျင့်သုံးလျက် မဟာဗောဓိသာသနာတော်ကြီး နေရောင်လရောင်ပမာ ထွန်းလင်းတောက်ပအောင် ကြိုးစားအားထုတ်ကြကုန်စို့ဟု ဆန္ဒပြု တိုက်တွန်းလိုက်ရပေသည်။

'ဂဏာပါလကဘိက္ခု





အရွမဟာ ပဏ္ဍိတ နှင့် သာသနာ့ မျိုး သတ် သစ်

ကိုတိုး (မြစ်ခြေ)

"ကိုရင်... ဘယ်ကျောင်းတိုက်ကပါလဲ ဘုရာ့"
"ဗြူးကုန်းကျောင်းကပါ"
"ဘာစာတွေကို လိုက်နေပါသလဲ ကိုရင်"

"ရှင်ကျင့်ဝတ်ပါ"

"ဘာစာမေးပွဲတွေ ဖြေပါသလဲ ကိုရင်"

"ရှင်ကျင့်စတ် ဖြေပြီးလို့ အောင်လဲ အောင်ပြီးပြီ"

"သာဓု... သာဓုပါ ကိုရင်"

ကျွန်တော်၏ အိမ်သို့ ဆွမ်းခံကြွလာသော ၁၁ နှစ် ၁၂ နှစ်သား အရွယ် ကိုရင်ကလေးအား ဆွမ်းလောင်းရင်း ကျွန်တော်က စပ်စုမေးမြန်းခြင်း ဖြစ်ပါသည်။ စာပေကို ဝါသနာပါသော ကျွန်တော်၏ ဗီဇအတိုင်း စာပေနှင့် ပတ်သက်လာလျှင် စိတ်ဝင်စား စပ်စုတတ်ပါသည်။ ထို့ကြောင့် ဆွမ်းခံကြွလာသော ကိုရင်၊ ဦးပဉ္စင်းများကို ထိုသို့ မေးမြန်းတတ်လေ့ ရှိပါသည်။

ကျွန်တော့်အနေဖြင့် နိုင်ငံ ရပ်ခြား တိုင်းတစ်ပါးတွင် သွားရောက်နေထိုင် အလုပ်လုပ်နေသဖြင့် မြန်မာနိုင်ငံသို့ နှစ်နှစ် သုံးနှစ်ကြာမှ တစ်ကြိမ်၊ တစ်လ ကိုးသီတင်းခန့် ပြန်လာရရာ ရောက်တုန်း ရောက်ခိုက် လူမှုရေး၊ သာသနာရေး လုပ်ငန်းများကို တတ်စွမ်းသဖြင့် သိအောင် ကြိုးစား၍ ပါဝင်ဆောင် ရွက်နိုင်အောင်လည်း ကြိုးစားရပါသည်။ မနက်ခင်း ဆွမ်းခံ ကိုယ်တော်လေးများအား ဆွမ်းလောင်းခြင်းလည်း ပါဝင်ပါသည်။ ထို့ကြောင့်လည်း ထိုသို့ မေးမြန်းခွင့်ရခြင်း ဖြစ်ပါသည်။

"ကိုရင်က စကားပြောတာ ဝဲတဲ့ဆိုတော့ ဘာလူမျိုးလဲကိုရင်"

"ပအို့လူမျိုးပါ"

"သြော်... သြော်... ဗြူးကုန်းကျောင်းတိုက်မှာ ပအို့လူမျိုးတွေ အပြင် အခြားလူမျိုးတွေရော ရှိပါသလား ကိုရင်"

"ပလောင်၊ ရှမ်း၊ ကရင်တွေလည်း ရှိပါတယ်"

"စာသင်သား ကိုရင် ဦးပဉ္စင်းတွေ ဘယ်လောက် ရှိပါသလဲ ကိုရင်"

"တိတိကျကျတော့မသိဘူး၊ (၈၀) ကျော်လောက်လို့ ထင်တယ်"

မှန်ပါသည်။ ကျွန်တော် စုံစမ်းသိရှိရသလောက် ဗြူးကုန်းတောရ စာသင်တိုက်ကြီးတွင် ဝါဆိုသံဃာ ၁၀၀ ပတ်ဝန်းကျင်တွင် ရှိပါသည်။ တိုင်းရင်းသား

လူမျိုး ကိုရင်၊ ဦးပဉ္စင်းများလည်း စုံလင်လှသည်။ စာသင်သား (၈၀) ခန့် ရှိပါသည်။

နှစ်အားဖြင့် ၉၀ ကျော်လာပြီဖြစ်သော ဤ ဗြူးကုန်းတောရ စာသင်တိုက်ကြီးသည် အင်းစိန် မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက်တွင် တောင်ကုန်း မို့မို့ တောအုပ်စိမ်းစိမ်းကြားဌ် တောရဟူသော အမည်နှင့် လိုက်ဖက်လှသကဲ့သို့ စာသင်တိုက် ဟူသော အမည်နှင့်လည်း လျော်ညီစွာ စာသင်သား ရဟန်း သာမဏေတို့ဖြင့် စာအံသံ မဆိတ်သော နေရာ ဖြစ်ပါသည်။ ကျောင်းတိုက်ကြီး၏ ၇၅ နှစ်ပြည့် စိန်ရတုသဘင်ပွဲကြီးကို ကျင်းပခဲ့ကြပါသည်။

ဆရာတော်ကြီး ဦးစက္ကိန္ဒတည်ထောင်ခဲ့ သဖြင့် ကျွန်တော် စက်မှုတက္ကသိုလ်ကျောင်းသား ဘဝက ဦးစက္ကိန်ကျောင်းဟူ၍ သိထားခဲ့ကြပါသည်။ ရန်ကုန် စက်မှုတက္ကသိုလ် (ယခု နည်းပညာ တက္ကသိုလ်) နှင့် ဝင်းခြံချင်း ဆက်နေသဖြင့် ကျွန်တော် ကျောင်းသား ဘဝ ညနေခင်း လမ်း လျှောက်ရင်း ရောက်တတ်ပါသည်။ ထိုစဉ်က မမျှားလှသော ကျောင်းနေ သာမဏေ ရဟန်းအချို့ နှင့် တိတ်ဆိတ်လှသော နေရာဖြစ်ပါသည်။ ကျောင်း အဆောက်အဦးများမှာ လည်း ဟောင်းနွမ်းပျက်စီးကာ ဦးစက္ကိန်အား ဆက်ခံသည့် ဆရာတော် ဦးဆန္ဒာဓိက လက်ထက် ဆရာတော်ကြီးက ကျန်းမာရေး ချို့တဲ့နေသဖြင့် ကျောင်းတိုက်ကြီးအား ထိန်းသိမ်းရန် အခက်အခဲ ဖြစ်နေချိန် ဖြစ်ပါသည်။

ထိုနောက် ယခုလက်ရှိဆရာတော် ဦးအာစိဏ္ဏ အား လွှဲအပ်တော်မူရာ ၁၃၃၅ ခုနှစ်မှ စ၍ ဆရာ တော် ဦးအားစိဏ္ဏသည် ကျောင်းတိုက်ကြီး၏ တိုးတက်ရာ တိုးတက်ကြောင်းများကို ပြန်လည် ကြိုးစားဆောင်ရွက်တော် မူသဖြင့် ယခုလက်ရှိ အခြေအနေသို့ တိုးတက်လာခဲ့ပါသည်။ ဗြူးကုန်း တောရ စာသင်တိုက်ဟူ၍လည်း ထင်ပေါ်ကျော် ကြား လှသိမျှားခဲ့ပါသည်။

၁၉၈၂ ခုနှစ်တွင် ကျွန်တော် အရှေ့ကြို့ကုန်း ရပ်ကွက်သို့ ရောက်ရှိနေထိုင်ခဲ့ချိန်မှ စ၍ ဗြူးကုန်း တောရစာသင်တိုက်ကြီး၏ ပဓာန နာယက ဆရာ တော် ဖြစ်တော်မူသော ဆရာတော် ဦးအာစိဏ္ဏ၏ တပည့်ရင်း ဒကာရင်း ဖြစ်ခဲ့ရပါသည်။ ကျွန်တော် တို့ ဇနီးမောင်နှံသည် ဗြူးကုန်းတောရ စာသင်တိုက် ကြီး၏ ဝေယျာဝစ္စ အဖွဲ့ဝင်များ ဖြစ်ကြသကဲ့သို့ ဆရာတော်ကြီးထံမှ ပဌာန်း ညဝါ ကုသလတိတ် ပဠာဝါရကို တက်ခဲ့ကြပါသည်။

တပည့်ဒကာရင်း ဖြစ်သည့်အားလျော်စွာ လည်း ကျွန်တော်အား ဤသို့ မိန့်ခဲ့ဖူးပါသည်။

"ဘုန်းကြီးကတော့ ကိုရင်ငယ်ကလေးတွေ ပြုစုပျိုးထောင်ပေးရတာ ပိုပြီး သဘော ကျတယ်၊ ဒီကျောင်းတိုက်ကြီးကို ယခုလို သံဃာ ၁၅ ပါးက နေပြီး စည်ပင်တဲ့ စာသင်တိုက်ကြီးဖြစ်အောင် ပြုလုပ်ခဲ့တဲ့ နေရာမှာ ဒီကိုရင်ငယ်ကလေးတွေကို အခြေခံ က စာသင်ပေးပြီး ပြုစုပျိုးထောင်ပေးတဲ့ ကျောင်းတိုက်ကြီး ဖြစ်စေချင်တာ"

ထိုမိန့်ဆိုချက်နှင့်အညီလည်း စာသင်တိုက်ကြီး ကို ယခုလို စာသင်သား ၈၀–၉၀ ဖြစ်လာအောင် ဝိရိယကြီးကြီး၊ လုံ့လပြင်းပြင်းနှင့် ဆောင်ရွက်တော်မူ ရင်း စာသင်သား ကိုရင်ငယ်ကလေးများ တိုင်းနှင့် ပြည်နယ် အသီးသီးက ရောက်ရှိလာကြသမျှ စနစ် တကျ ပြုစုပျိုးထောင် စာပေပို့ချပေးတော်မူ သည်ကို တွေ့ရကြည့်ရှုရပါသည်။

ကျွန်တော်သည် အရှင့်ပဏ္ဍာဝထေရ် ပြုစု စီရင်သော ပဲခူးကျောက်တန်း မဟာဗောဓိ တောရ ဆရာတော် ထေရပ္ပတ္တိ ဒီပနီ စာအုပ်မှ ဗြူးကုန်း ဆရာတော်၏ အတ္ထုပ္ပတ္တိကို ဖတ်ရှုကြည့်ခဲ့ပါသည်။

— ၁၁ နှစ်သား အရွယ် **ကျောင်းသားဘဝ** က ဓမ္မပရိယတ္တိ ပါဠိ အာဂုံစာပြန်ပွဲ၌ အငယ်တန်း

တွင် အကောင်းဆုံး ဖြေဆိုအောင်မြင်၍ ထားဝယ် ဘုန်းတော်ကြီး ဦးသာသနာ၏ ရွှေတံဆိပ်ဆု ချီးမြှင့်ခြင်းကို ခံယူရခြင်း။

– ၁၂ နှစ်သားအရွယ် **သာမဏေ** အဖြစ် ရောက်သောအခါ ဓမ္မပရိယတ္တိပါဠိ အာဂုံစာပြန်ပွဲကြီးတွင် အလတ် အကြီး အကျော်တန်းတို့ကို ဖြေဆိုအောင်မြင်ခဲ့ပြီး ပထမကျော်တန်းတွင် (အကောင်းဆုံး) နံပါတ်တစ်ဖြင့် အောင်မြင်၍ ရန်ကုန်မြို့ သစ်တောအုပ်ကြီး၏ ရွှေတံဆိပ် ဆက်ကပ်ခြင်းကို ခံယူရခြင်း။

– ၁၅ နှစ်သား အရွယ်တွင် အစိုးရ အငယ်တန်း၊ ၁၇ နှစ်သားအရွယ်တွင် ပထမလတ်တို့ကို အောင်မြင်ခဲ့ခြင်း။

–သာမဏေဘဝဖြင့် အဘယာရာမ ဆရာတော်၊ တောင်မြို့ မဟာဂန္ဓာရုံ ဆရာတော်တို့၏ ခြေတော်ရင်း၌ ခိုလှုံပညာ ဆည်းပူးခဲ့ရခြင်း။

– ရဟန်းဘဝ၌ ပရိတ်ကြီး နိဿယသစ်ကျမ်းပြု သပြေကန်ဆရာတော်အထံ၌ စာချတန်းဆိုင်ရာ စာပေများကို ဆည်းပူးခဲ့ရခြင်း။

ဗြူးကုန်းတောရ စာသင်တိုက်ကြီး၏ ၇၅ နှစ်ပြည့် စိန်ရတုသဘင် အခမ်းအနားကြီး၌ တိပိဋကဆရာတော် ဦးသုမင်္ဂလာလင်္ကာရက ဗြူးကုန်းတာရ ဆရာတော်နှင့် ပတ်သက်၍ ဤသို့ မှတ်ချက် ပြုဟောကြားခဲ့ပါသည်။

"ဘုန်ကြီးတော့ ဗြူးကုန်းတောရ ဆရာတော်နှင့် စကားစမြည် ပြောရတာ ကျေနပ်မိတာ တစ်ခုက ဗြူးကုန်းတောရ ဆရာတော်က စကားပြောရင် သူ့ဆရာတော်တွေကို အမြဲ ဦးထိပ်ထားပြောတတ်တာ သတိပြုမိတယ်"

မိမိ၏ ဆရာသမားဖြစ်သူတို့၏ ဂုဏ်ကျေးဇူးကို အစဉ် ဦးထိပ်ထားလေ့ရှိပြီး ဆရာသမားတို့၏ ဆုံးမသြဝါဒနှင့်အညီ နေထိုင်ကျင့်ကြံလေ့ရှိသူသည် ထပ်တူညီမျှစွာ တပည့်ကောင်းများကို မွေးထုတ်ပေးနိုင်မည်မှာ ယုံမှားသံသယဖြစ်စရာ အကြောင်းမရှိပါချေ။

ဗြူးကုန်းတောရ ဆရာတော်အား နိုင်ငံတော်အစိုးရမှ ၁၉၉၃ ခုနှစ်တွင် မဟာဂန္ဓ ဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အခု ၂၀၀၂–ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို လည်းကောင်း ဆက်ကပ်ပါသည်။ ရွှေကျင် ဂိုဏ်းကြီးမှလည်း ရွှေကျင် နိကာယ ရတ္တညူ မဟာနာယကအဖြစ်တင် မြှောက်ခဲ့ပြီး ဖြစ်ပါသည်။ ဤဆက်ကပ်ပြီး သမျှသော ဘွဲ့ထူးဂုဏ်ထူးများနှင့် ဗြူးကုန်းဆရာတော်မှာ ထိုက်တန်လှပါသည်။ ဂုဏ်နှင့်ဂုဏော ထိုက်တန်သောဆက်ကပ်ခြင်း ဖြစ်သည်ဟု ဆိုရပါသည်။

ယနေ့ လူငယ် နောင်ဝယ်လူကြီး ဆိုသကဲ့သို့ ယနေ့ သာမဏေငယ်ကလေးများသည် နောင်တစ်ခေတ်ဝယ် ဆရာတော်ကြီးများ ဖြစ်ကြရဦးမည် ဖြစ်လေသည်။ လွန်ခဲ့သော နှစ်ပေါင်း ၆၀ ကျော် ၇၀ က ရွှေတံဆိပ်ဆုရှင် ကိုရင် ရှင်အာစိဏ္ဏသည် ယခု သက်တော် (၈၀)အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဦးအာစိဏ္ဏ ဖြစ်လာဘိသကဲ့သို့ ကျွန်တော့်အိမ်သို့ ကြွရောက်ဆွမ်းခံလေ့ရှိသော ဗြူးကုန်းတောရ စာသင်တိုက်မှ ကိုရင်ကလေးများ သည်လည်း ...။

ကိုတိုး (မြစ်ခြေ)

ခမာဂုဏ်ရှင် ဆရာတော်

သင်းအောင် (မဟာဓမ္မာစရိယ)

ခမာဆိုသည်မှာ

ခမာ–ဆိုသည်မှာသည်းခံမှု ဖြစ်၏။ တစ်နည်းဆိုသော် ခမာဂုဏ်သည်သူတော်ကောင်း လက္ခဏာ တစ်ရပ်ဖြစ်၏။ သို့သော် သည်းခံမှုကို "လူပျော့ လူညံ့တို့ အလုပ် ဖြစ်သည်" ဟု အချို့က လွဲမှားစွာ ပြောဆိုနေကြ၏။ ယင်းသို့ ပြောဆိုကြခြင်းမှာ သည်းခံမှုကြောင့် ရရှိနိုင်သည့် ကောင်းကျိုးများနှင့် သည်းမခံမှုကြောင့် ဖြစ်ပေါ်ခံစားရတတ်သည့် ဆိုးကျိုးများကို မနှိုင်းယှဉ်တတ်ကြခြင်းကြောင့် ဖြစ်လေ၏။ တစ်နည်းအားဖြင့် သည်းခံလေ့ ရှိသူအား အချို့က မထီမဲ့မြင် ပြုတတ်ကြရာ ထိုမထေမဲ့မြင် ပြုခံရမှုကို ရည်ရွယ် ပြောဆိုကြခြင်းဖြစ်၏။ အပေါ်ယံ ကြည့်ရှုပြောဆိုကြခြင်းသာ ဖြစ်ပါသည်။

သတ္တိရှိသူတို့အလုပ်

ကောင်းကျိုးတရားကို အမှန်အတိုင်းသိမြင်၍ ရဲရဲဝံ့ဝံ့ ဆောင်ရွက်တတ်သူ၊ သူတစ်ပါးကောင်းကျိုး ဆောင်ရွက်တတ်သူသည် သတ္တိရှိသူ အမှန်ဖြစ်၏။ သတ္တိရှိသူသည် အရာရာကို ပညာဖြင့် ဆင်ခြင်စဉ်းစားလျက် သည်းခံလေ့ရှိသဖြင့် မိမိကောင်းကျိုး၊ သူတစ်ပါး ကောင်းကျိုးများကို ခံစားရရှိစေသည့် အပြင် အခက်အခဲများကိုပင် ကျော်လွှားအောင် မြင်နိုင်ပေသည်။



သူတော်ကောင်းတို့အလုပ်

သူတော်ကောင်း သူမြတ်လောင်းတို့သည် သည်းခံမှုကို ဂုဏ်အဂါတစ်ခုအဖြစ် မြတ်နိုးနှစ်သက် တော်မူ၏။ သည်းခံမှု ဂုဏ်အဂါဖြင့် ပြည့်စုံနေသည့် ပုဂ္ဂိုလ်သည် အလိုလိုပင် မဂ်လာကျက်သရေ တိုးပွားသဖြင့် မဂ်လသုတ်၌ ဘုရားရှင် အလေးထား ဟောကြား

တော်မူ၏။ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်း ဆယ်ရပ်တွင် သည်းခံမှု (ခန္တီ) ကို ထည့်သွင်း၍ ကိုယ်တော်တိုင် ဖြည့်ဆည်း တော်မူခဲ့သည့်အပြင် တပည့်သာဝကတို့ကိုလည်း ဖြည့်ဆည်းကြရန် အခါခါ အထပ်ထပ် ဟောကြား ဆိုဆုံးမတော်မူ၏။

ထို့ကြောင့် သည်းခံမှုသည် ဗုဒ္ဓဘာသာ တရားတော်တွင် အဆိအနှစ်တစ်ခု ဖြစ်သည်။ သည်းခံမှုသည် သူတော်ကောင်းတို့ အလုပ်တွင် မပါလျှင် မဖြစ်အောင် အရေးကြီးလှ ပေသည်။

လောကငြိမ်းအေးကြောင်းတရား

ဗုဒ္ဓရှင်တော်မြတ် ဟောကြားတော်မူသည့် တရားတော်၏ အဓိကရည်ရွယ်ချက်မှာ လောကငြိမ်အေးစေရန်နှင့် လောကမှ ထွက်မြောက်သွားရန် ဖြစ်၏။ လောကနယ်မှာ လောဘ၊ ဒေါသ၊ မောဟစသော တရားဆိုးများ ပြည့်လျှမ်းနေသောကြောင့် ငြိမ်းအေးခြင်း မရှိလှချေ။ အချင်းချင်း ငြင်းခုန်မှုများ၊ ခိုက်ရန်ပွားမှုများ၊ ကလဲ့စား ချေမှုများ၊ ခိုးယူသတ်ဖြတ်မှု စသည်များ အခါမလပ် ဖြစ်ပွားလျက်ရှိ၏။ ထိုဖြစ်ပွားမှုများ၏ အဓိက လက်သည်မှာ သည်းမခံမှု ဖြစ်၏။ စော်ကားမှုကို သည်းမခံနိုင်ခြင်းကြောင့် ငြင်းခုန်ခိုက်ရန် စသည် ဖြစ်ရ၏။ ဆင်းရဲမှုကို သည်းမခံနိုင်သဖြင့် သူတစ်ပါးပစ္စည်း ခိုးယူကြခြင်း ဖြစ်၏။ ထို့ကြောင့် ငြိမ်းအေးသော လောကကြီးတစ်ခု ဖြစ်လာနိုင်ရန် သည်းခံမှု (ခန္တီ) တရားကို လူသားတစ်ရပ်လုံး ကျင့်သုံးလိုက်နာ သင့်ကြပေသည်။

သည်းခံနိုင်မှ အထက်တန်းကျ

ဆိုးကောင်းနှစ်ဝ လောကမှတ်သည် အချင်းချင်း ကျေးဇူးပြုလျက် ရှိ၏။ ရောင်ပြန်ဟတ်လျက် ရှိ၏။ ထို့ကြောင့် သည်းခံမှုနှင့် ပြည့်စုံသူသည် လောကငြိမ်းအေးရာ မေတ္တာကိုပါ ပွားပြီးဖြစ်တော့၏။ သူ့ကောင်းကျိုးကိုလည်း အလိုလို သယ်ပိုးပြီး ဖြစ်တော့၏။ အမျက်ဒေါသ စသည်များကိုလည်း စောင့်ထိန်းပြီး ဖြစ်တော့၏။ ယင်းကြောင့် ခန္တီတစ်ခု လက်ကိုင်ပြုလျှင် ဘဝအတွက် ပြည့်စုံနိုင်ပြီဟု ဆိုနိုင်၏။ သည်းခံမှုကို အခြေခံ၍ အခြားကောင်းမှုများပါ တိုးပွားလာနိုင်သဖြင့် သည်းခံမှုသည် လူ့ပျော့လှည့်တို့အလုပ် မဟုတ်ဘဲ မြင့်မြတ် အထက်တန်းကျသူတို့ အလုပ်ဟုသာ စွဲစွဲမြဲမြဲ နားလည်ရပေမည်။

အရှင်တိဿ၏ သာမဏော

ပိဋကတ်တော်များတွင် သည်းခံမှုပြ ဝတ္ထုဇာတ်ကြောင်း များစွာ ရှိ၏။ ဓမ္မပဒလာ တိဿမထေရ်၏ တပည့်သာမဏော ဝတ္ထုတွင် "ဆရာတိဿ ကိုင်ဆောင်သော ယပ်တောင်ရိုးဖြင့် ထိခိုက်

မိသဖြင့် တပည့်သာမဏော မျက်စိတစ်ဖက် ကွယ်ခဲ့ရ၏။ သာမဏောသည် ထိုအကြောင်းကို အသိမပေးဘဲ ဆရာ့ဝတ်များကို မပျက်အောင် မျက်စိဝေဒနာကို သည်းခံဆောင်ရွက်ပေး၏။ မထေရ်သိရှိသွားသည့်အခါ သာမဏောကို တောင်းပန်၏။ ထိုအခါ သာမဏောက

"တပည့်တော် မျက်စိ ကွယ်ခြင်းမှာ အရှင်ဘုရားတွင် အပြစ်မရှိသလို တံပည့်တော်၏ အပြစ်လည်း မဟုတ်ပါ၊ အမှန်စင်စစ် တပည့်တော်၏ ဝဋ်ကြွေးသာ ဖြစ်ပါသည်ဘုရား"

ဟု လျှောက်ထား လေ၏။ ထိုအကြောင်းကို ဘုရားရှင်အား မထေရ်က လျှောက်ကြားသည်တွင် ဘုရားရှင်က...

"သူတစ်ပါး ကြီးပွားချမ်းသာမှုကို မလိုစိတ်ကင်းသူ၊ လိမ်ညာပြောခြင်း၊ သူ့အသက် သတ်ခြင်းစသည် မရှိသူသည် မည်သူ့ကိုမျှ အမျက်မထွက်သည်းခံလျက်ရှိသောကြောင့် စိတ်အစဉ် ငြိမ်းချမ်းရေး ရပေသည်"

ဟု ပြန်လည် ဟောကြားတော်မူကြောင်း တွေ့ရှိရပေသည်။

ဤဝတ္ထုဌာ သာမဏော၏ မျက်စိဝေဒနာကို သည်းခံခဲ့ပုံ၊ မထေရ်အား အမျက်မထားသည့်အပြင် မေတ္တာပွားရ်ပင် နှစ်သက်ခဲ့ပုံ၊ နောက်ဆုံး ဘုရားရှင်၏ အချီးမွမ်း ခံရကာ ရဟန္တာဖြစ်သွားသည်အထိ ငြိမ်းအေးအောင်မြင်ခဲ့ပုံများကို တွေ့ရှိရပေ၏။

ဤကား သည်းခံမှုကို ချစ်မြတ်နိုးသဖြင့် ဘဝအောင်မြင်ခြင်းသို့ ရောက်ခဲ့သူ အထက်တန်းပုဂ္ဂိုလ်တစ်ဦး၏ အကြောင်းပင် ဖြစ်ပေ၏။

ပြုံးကုန်းဆရာတော်

သုတ္တနိပါတ် ခဂ္ဂဝိသာဏသုတ်အရ အစစအောင်မြင်ရေးအတွက် တစိုက်မတ်မတ် ဆောင်ရွက်ပြုလုပ်ရန်မှာ မလွယ်သည့် ကိစ္စဖြစ်၏။ အပူအအေးကို သည်းခံရခြင်း၊ မှက် ခြင် ရေ လေ အစားအသောက်များကို သည်းခံရခြင်း၊ အာရုံများကို သည်းခံရခြင်း၊ ကဲ့ရဲ့ပြောဆိုမှုများကို သည်းခံရခြင်း စသည်ဖြင့် များစွာ ရှိလေ၏။

ထို့ကြောင့် စာပေသင်ကြား အောင်မြင်ခြင်း၊ တိုက်တာတည်ထောင် အုပ်ချုပ်ခြင်း စသည့် အောင်မြင်မှုအမျိုးမျိုး ရရှိတော်မူခဲ့သည့် ပြုံးကုန်းဆရာတော်သည် အပူအအေးစသည့် ဒုက္ခများကိုလည်း သည်းခံသည်။ စာပေကျမ်းဂန် ပို့ချရာ၌ တပည့်တပန်း အမျိုးမျိုးတို့၏ စရိုက်အသွယ်သွယ်သော ဒဏ်ကိုလည်း သည်းခံတော်မူခဲ့သည်သာ ဖြစ်လေသည်။ထို့ကြောင့် ပြုံးကုန်းဆရာတော်သည် ခမာ ဂုဏ်ရှင် ဖြစ်တော်မူ၏။

ထို့ပြင် ပိဋကတ်စာပေ ကျမ်းကျင်တော်မူသဖြင့် ပိဋကတ္တယဆေက ဂုဏ်တွင် သမိုင်းစသည့်ကျမ်းတို့ကို ပြုစုတော်မူ သဖြင့် ဂန္ဌဓုရာဝဟ ဂုဏ်ရှင် သက်တော် ၈၀၊ ဝါတော် ၆၀ ရှိနေပြီ ဖြစ်၍ မဟာထေရဂုဏ်ရှင်၊ ပရိယတ္တိ စာပေများကို အခါမလပ် ပို့ချနေသောကြောင့် ပရိယတ္တိဝိသာရဒနှင့် မဟာဂန္ဌဝါစကပဏ္ဍိတဂုဏ်ရှင်၊ တရားဝမ္မတို့ကို ဟောကြားတော်မူသဖြင့် မဟာဝမ္မကထိက ဂုဏ်ရှင်၊ အမြင့်မြတ်ဆုံး ပညာရှင် ဖြစ်တော်မူသောကြောင့် အဂ္ဂမဟာပဏ္ဍိတဂုဏ်ရှင်လည်း ဖြစ်တော်မူလေ၏။

ယင်းသို့ ခမာစသော ဂုဏ်တော် များဖြင့် ပြည့်စုံတော်မူသည့် ပြုံးကုန်းဆရာတော် ဘုရားကြီးအား တပည့် ဒကာ ဒကာမအပေါင်းတို့က ဂုဏ်တော်ရည်မြော် ပူဇော်ကြခြင်းသည် အလွန်အကျူးရှိ အဖိုးတန်လှသော ပူဇော်ပွဲကြီးပင် ဖြစ်ပေသည်။

သင်းအောင် (မဟာဓမ္မာစရိယ)

အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအာစိဏ္ဏ၏

သံဝေဇနိယ လေးဌာန [ဗုဒ္ဓဂယာ] ဘုရားဖူး ခရီးစဉ်

အဖွဲ့အမှတ် ၅/၂၀၀၁

၇-၁၁-၂၀၀၁ မှ ၂၁-၁၁-၂၀၀၁ ထိ

ဦးစိန်မောင်(ကထိက၊ အငြိမ်းစား) ရန်ကုန်စက်မှုတက္ကသိုလ်

ရာဇဂြိုဟ်ပြည် ဗိမ္ဗိသာရမင်းကြီး၏ ဘဏ္ဍာတိုက်

၇-၁၁-၀၁ (ဗုဒ္ဓဟူးနေ့)

သာသနာရေးဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် အောင်ချမ်းသာဘုရားဖူး အဖွဲ့အမှတ် ၅/၂၀၀၁ မှ သံဃာတော်၊ သီလရှင်နှင့် လူပုဂ္ဂိုလ် စုစုပေါင်း ၃၃ ဦးတို့သည် ရန်ကုန်မြို့ ကမ္ဘာအေး ဘုရားလမ်း သာသနာရေး ဝန်ကြီးဌာနမှ ရန်ကုန် မင်္ဂလာဒုံ လေဆိပ်သို့ နံနက် ၁၁ နာရီခန့်တွင် မော်တော်ယာဉ်ဖြင့် ထွက်ခွာလာပါသည်။ ရန်ကုန်မှ ဗန်ကောက်သို့ မွန်းလွဲ ၁း ၃၀ နာရီတွင် အိန္ဒိယလေကြောင်းလိုင်း လေယာဉ်ဖြင့် ထွက်ခွာခဲ့ကြပြီး ဗန်ကောက်လေဆိပ်တွင် မိနစ် ၃၀ ခန့် နား၍ အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့သို့ ဆက်လက် ထွက်ခွာခဲ့ပါသည်။ ကာလကတ္တားလေဆိပ်မှ တည်းခိုမည့် မြန်မာ ဘုန်းကြီးကျောင်းသို့ ည ၇ နာရီခန့်တွင် ရောက်ရှိပါသည်။

၈-၁၁-၀၁ (ကြာသပတေးနေ့)

ကာလကတ္တားမြို့တွင် လေ့လာသည်။

၉-၁၁-၀၁ (သောကြာနေ့)

ပတ္တနား (ပါဋလိပုတ်) မြို့သို့ နံနက်ပိုင်းတွင်

ရာဇဂြိုဟ် ဂိဇ္ဈကူတ်တောင်ပေါ်ရှိ မြတ်စွာဘုရားကျောင်းတော်ရာ

လေယာဉ်ဖြင့် ဆက်လက် ထွက်ခွာခဲ့ပါသည်။ နေ့ဆွမ်းကို လေယာဉ်ကွင်းတွင် ဘုဉ်းပေး၍ ရာဇဂြိုဟ် မြို့သို့မော်တော်ယာဉ်ဖြင့် အသွားလမ်းတွင် မြန်မာဘုန်းတော်ကြီးကျောင်းသို့ ခေတ္တဝင် ရောက်ပြီး တော်ရာသို့ သွားရောက်ခဲ့သည်။ ကျောင်းဝင်းထဲတွင် အရှင်မောဂ္ဂလာန် မထေရ်မြတ်၏ ဓာတ်တော်များ ကိန်းဝပ် စံပယ်တော်မူရာ စေတီတော်မြတ်အား ဖူးမြော်ကန်တော့ခဲ့ပါသည်။ သြဝါဒပါတိ နောက် အရှင်သာရိပုတ္တရာ မွေးဖွားရာနှင့်ပရိနိဗ္ဗာန် ပြုတော်မူသည့် မြို့ဌ်ရှိသော နာလန္ဒာ တက္ကသိုလ်ကျောင်းတော်ကြီးသို့ သွားရောက်ပူ ဇော်ခဲ့ပါသည်။ ရှင်သာရိပုတ္တရာ မွေးဖွားရာနှင့်ပရိနိဗ္ဗာန် ပြုသည့် နေရာတွင် တည်ထားသည့် စေ တီ တော် ကို လည်း ဖူးမြော်ခဲ့ပါသည်။

ညနေပိုင်းတွင် ရာဇဂြိုဟ်မြို့ဌ်ရှိသောမြန်မာဘုန်းတော်ကြီး ကျောင်းသို့ ရောက်ရှိပါသည်။

၁၀-၁၁-၀၁

(စနေနေ့)

နံနက်ပိုင်းတွင် ဗိမ္ဗိသာရမင်းကြီး၏ ကောင်းမှုတော် ဖြစ်သော ဝေဠုဝန် ကျောင်း



မောက်ကို စတင်ဟောကြားတော်မူသည့် နေရာကို လည်း ဖူးတွေ့ ခဲ့ပါသည်။

ထို့နောက် ဂိဒ္ဓဂုတ်တောင်ပေါ်ရှိ မြတ်စွာဘုရား ကျောင်းတော်ရာသို့ တက်ရောက်၍ ပူဇော်ခဲ့ပါသည်။ တောင်ထိပ်တွင် ကျောက်တုံးကြီးများ ပေါ်ထွက်နေ သဖြင့် လင်းတကြီးများ နားနေသကဲ့သို့ ထင်ရ သည်။ ကျောက်ဂူငယ်များ နားနေသကဲ့သို့ ထင် ရသည်။ ကျောက်ဂူငယ် များစွာလည်း တွေ့ရပါ

သည်။ ရဟန်းတော်များ သီတင်းသုံးသည့် နေရာများ ဖြစ်သည်။ ထိုမှတစ်ဆင့် ဂိဇ္ဈဂုတ်တောင်ထိပ်ပေါ်တွင် တည်ရှိသော ဂျပန်နိုင်ငံမှ ဗုဒ္ဓဘာသာ ရဟန်းတော် အရှင်မီဂျီက သာသနာတော် ၂၅၀၀ ပြည့်နှစ်က တည်ထားသော "ဝိရွှသျှန္တီ" (ကမ္ဘာ့ငြိမ်းချမ်းရေး) စေတီတော်သို့ ထိုင်ခုံစက်လှေကား ဖြင့် သွားရောက်ဖူးမြော်ခဲ့ပါသည်။

ထိုကဲ့သို့ ဖူးမြော်ပြီးနောက် ဘုရင် အဇာတသတ်အား "သာမညဖလသုတ်" ဟောတော်မူရာ ဖြစ်သည့် ဇီဝကသရက်ဥယျာဉ်သို့ သွားရောက်ကြည်ညိုခဲ့ပါသည်။ ဗိမ္ဗိသာရ မင်းအား အကျဉ်းချထားခဲ့သည့် အကျဉ်းထောင်နေရာ၊ ဗိမ္ဗိသာရ မင်းကြီး၏ ဘဏ္ဍာတိုက် (ဆွန်ဘဏ္ဍာလှိုင်ဂူ) နှင့် အဇာတသတ်မင်း ကောင်းမှုတော်ဖြစ်သော မဏိရာမတ် ဓာတ်တော်တိုက်တို့ကိုလည်း သွားရောက်လှည့်လည်ဖူးမြော်ခဲ့ပါသည်။ ဝေဘာရတောင်ခြေရင်းတွင် ရှိသည့် ရေပူစမ်းကိုလည်း သွားရောက်ခဲ့ပါသည်။ ရေပူစမ်းမှ ကျောက်လှေကားအတိုင်းတက်၍ ရှင်မဟာကဿပ နေထိုင်ခဲ့သည့် ပိပ္ပလိကျောက်ဂူကြီးကိုလည်း ဖူးမြော်ခဲ့ပါသည်။ ထိုနေရာတွင် မြတ်စွာဘုရားက ရှင်မဟာကဿပအား ဗောဇ္ဈင်သုတ်ကို ဟောကြားခဲ့ပါသည်။

ညနေပိုင်းတွင် ဗုဒ္ဓဂယာသို့ မော်တော်ယာဉ်ဖြင့် ခရီးဆက်ခဲ့ရာ ညနေ ၅ နာရီခန့်တွင် ရောက်ရှိ၍ ဗောဓိပင်နှင့် ရွှေပလ္လင်ကို ဦးတိုက်ပြီး မဟာဗောဓိ စေတီတော်မြတ်ကို ဖူးမြော်ပူဇော်ခဲ့ပါသည်။ ထိုညဉ့်ပင် ဆရာတော်ဘုရားအား ရည်စူး၍ ဒကာဒကာမများက မဟာဗောဓိ စေတီတော်မြတ်တွင် ဆရာတော် သက်စေ့ ဆီမီးပူဇော်ခဲ့ပါသည်။

၁၁–၁၁–၀၁ (တနင်္ဂနွေနေ့)

နံနက်စောစော မဟာဗောဓိ စေတီတော်မြတ်မှ ဗုဒ္ဓရုပ်ပွားတော်အား ရွှေသက်နုံးကပ်လှူ ပူဇော်၍ သတ္တဌာနတို့ကို လှည့်လည်ဖူးမြော်ခဲ့ပါသည်။

နေ့ခင်းပိုင်းတွင် ရဟန်းခံ ရဟန်း ခြောက်ပါး၊ သီလရှင်ဝတ် ငါးပါး မင်္ဂလာဆင်ယင် ကျင်းပပါသည်။

ညနေဘက်တွင် သုဇာတာ ဃနာနို့ဆွမ်းကပ်သည့်နေရာ ရွှေခွက်မြောသည့် နေရာ့ဘုရာမြစ်နှင့် သုဇာတာ၏ သေနနိဂုံးရွာ၊ သောတ္ထိယ (သုဒ္ဓိယ) မြက်ရှစ်ဆုပ်လှူသည့် နေရာများသို့ သွားရောက်ခဲ့ပါသည်။

၁၂–၁၁–၀၁ (တနင်္လာနေ့)

နံနက်ပိုင်းတွင် မြတ်စွာဘုရား ခြောက်နှစ်တိုင်တိုင် ဒုက္ကရစရိယာ ကျင့်တော်မူသည့် ဥရုဝေလတော၌ ရှိသည့် ဒုက္ကရ စရိယတောင်သို့ သွားရောက် ကြည့်ညိုခဲ့ပါသည်။

နေ့ခင်းဘက်တွင် ဗုဒ္ဓဘာသာ နိုင်ငံပေါင်းစုံမှ တည်ထားကိုးကွယ်ထားသော ဆင်းတုတော်နှင့် စေတီပုထိုးများကို သွားရောက်ပူဇော်ခဲ့ပါသည်။

ညပိုင်းတွင် ဆရာတော်ဘုရားသည် မဟာဗောဓိ စေတီတော်၌ ဆီမီးနှင့် အမွှေးတိုင်များကို ထွန်းညှိပူဇော်ပြီး၍ မြန်မာ ဗောဓိစေတီတော် အထက်ပစ္စယံတွင် အဓိဌာန်၍ တရားရှုပွားခဲ့ပါသည်။

၁၃–၁၁–၀၁ (အင်္ဂါနေ့)

ဗုဒ္ဓဂယာမှ ဗာရာဏသီပြည် မိဂဒါဝုန် (ဆာနတ် Sarnath) သို့ ဆက်လက်ထွက်ခွာခဲ့ရာ ညနေပိုင်းတွင် ဘုရားရှင်အား ပဉ္စဝဂ္ဂီငါးဦးတို့ ခရီးဦးကြိုဆိုသည့် နေရာတွင် တည်ထားခဲ့သော ချောက်ခဏ္ဍီစေတီကို ဝင်ရောက်ကြည်ညိုခဲ့ပါသည်။

၁၄–၁၁–၀၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်းတွင် ပဉ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရားဦး ဟောကြားသည့် နေရာ၌ တည်ထားခဲ့သော ဓမ္မရာဇိကစေတီတွင် စုပေါင်း၍ ဓမ္မစကြာဒေသနာတော်မြတ်ကို ရွတ်ဆိုပူဇော်ခဲ့ပါသည်။ ထိုမှတစ်ဆင့် အနတ္တလက္ခဏသုတ် ဟောကြားခဲ့

သည့် နေရာဖြစ်သော "ဓမ္မေခစေတီ" တော်တွင် အနတ္တလက္ခဏသုတ်တော်ကို ရွတ်ဆိုပူဇော်ခဲ့ပါသည်။

ထို့နောက် အသောက ကျောက်စာတိုင် နန္ဒိယ ကျောင်းတော်ရာနှင့် ကုမာရဒေဝီ ကျောင်းတော်ရာတို့ကိုလည်း ကြည်ညိုဖူးမြော်ခဲ့ရပါသည်။ မူလ ဂန္ဓကုဋိဝိဟာရသို့လည်း သွားရောက်ဖူးမြော်ပူဇော်ခဲ့ပါသည်။

၁၅-၁၁-၀၁ (ကြာသပတေးနေ့)

သာဝတ္ထိပြည်သို့ မော်တော်ကားဖြင့် ဆက်လက်ထွက်ခွာခဲ့၍ ရေမီးအစုံ တန်ခိုးပြာဋိဟာပြသည့် သရက်ဖြူပင် ပေါက်သည့်နေရာတွင် တည်ထားသည့် စေတီတော်ကို ဖူးမြော်ကြည်ညိုခဲ့ပါသည်။

ယင်းမှတစ်ဆင့် အနာထပိဏ် သေဌေးလူဒါန်းသည့် ဇေတဝန်ကျောင်းတော်သို့ သွားရောက်၍ မြတ်စွာဘုရား တရားဟောသည့် ပလ္လင်တော် ဂန္ဓကုဋိတိုက်၊ ခြေဆေးသည့် နေရာနှင့် အာနန္ဒာဗောဓိပင်တို့ကို ကြည်ညိုခဲ့ပါသည်။ ကောသလမင်းကြီး၏ နန်းတော်ရာ အဂ်ုလိမာလစေတီနှင့် ဒေဝဒတ်နှင့် စိဉ္စမာနတို့ မြေမြို့သည့် နေရာတို့ကိုလည်း ကြည့်ရှုခဲ့ပါသည်။

ညဦးပိုင်းတွင် တည်းခိုခဲ့သည့် မြန်မာဘုန်းကြီးကျောင်းတော်၌ မလေးရှားနိုင်ငံမှ ဘုရားဖူးအဖွဲ့ဝင်များ၏ ကထိန်သင်္ကန်း ကပ်လှူပူဇော်ခြင်းကို ခံခဲ့ပါသည်။

၁၆-၁၁-၀၁ (သောကြာနေ့)

မြတ်စွာဘုရား ဖွားမြင်တော်မူသည့် နေရာဖြစ်သော နီပေါပြည် လုမ္ဗိနီအင်ကြင်းတောသို့ ထွက်ခွာခဲ့ရာ ရတနသုတ် ပရိတ်တော်ကို ဟောကြားတော် မူခဲ့သည့် ဝေသာလီပြည်ကိုလည်း ဝင်ရောက်ခဲ့ပါသည်။

ညနေဘက်တွင် မြတ်စွာဘုရား ဖွားမြင်တော်မူသည့် နေရာနှင့် စင်္ကြံကြွခဲ့သည့် နေရာတွင် တည်ထားသည့် စေတီများ၌ ဆီမီးပူဇော်ထွန်းညှိခဲ့ပါသည်။

၁၇-၁၁-၀၁ (စနေနေ့)

နံနက်ပိုင်းတွင် မြန်မာနိုင်ငံမှ အလှူရှင်များ လှူထားသည့် ဘုရားအနေကဇာတင် မင်္ဂလာနှင့် ဓမ္မာရုံ ရေစက်ချပွဲကို တက်ရောက်ခဲ့ပြီး နေ့ဆွမ်းဘုဉ်းပေးပြီးလျှင် မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုသည့် ကုသိနာရုံသို့ မော်တော်ယာဉ်ဖြင့် ထွက်ခွာခဲ့ပါသည်။ ညဘက်တွင် တည်းခိုမည့် ကုသိနာရုံ မြန်မာဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိပါသည်။

၁၈-၁၁-၀၁ (တနင်္ဂနွေနေ့)

နံနက်စောစောတွင် ပရိနိဗ္ဗာန ရုပ်ပွားတော်စေတီကို ရွှေသင်္ကန်း ကပ်လှူပူဇော်ပြီးလျှင် ပရိနိဗ္ဗာန်ပြုသည့် နေရာတွင် တည်ထားသည့် ပရိနိဗ္ဗာန စေတီကို ဖူးမြော်ကြည်ညိုပူဇော်ပါသည်။ တေဇောဓာတ် လောင်ရာနေရာ၌ တည်ထားသော အဂ်ုရ စေတီကိုလည်း ဖူးမြော်ခဲ့ပါသည်။

၁၉-၁၁-၀၁ (တနလ်ာနေ့)

ကုသိနာရုံမှ ပတ္တနား (ပါဋလိပုတ်) သို့ ဆက်လက်ထွက်ခွာခဲ့ပါသည်။ အသောကမင်း၏ နန်းတော်ရာကို လေ့လာခဲ့ပါသည်။

၂၀-၁၁-၀၁ (အင်္ဂါနေ့)

ပတ္တနာမြို့မှ ကာလကတ္တားမြို့သို့ ညနေပိုင်းတွင် လေယာဉ်ဖြင့် ထွက်ခွာခဲ့ပါသည်။

၂၁-၁၁-၀၁ (ဗုဒ္ဓဟူးနေ့)

ကာလကတ္တားမြို့မှ ရန်ကုန်မြို့သို့ နံနက်စောစောတွင် အိန္ဒိယလေကြောင်းပိုင် လေယာဉ်ဖြင့် ထွက်ခွာခဲ့ရာ နေ့ဆွမ်းကို လေယာဉ်ပေါ်တွင် ဘုဉ်းပေးရပါသည်။ မွန်းလွဲ ၁ နာရီခန့်တွင် မင်္ဂလာဒုံ လေဆိပ်သို့ ရောက်ရှိပါသည်။

မှတ်တမ်းတင်သူ

ဦးစိန်မောင်၊ ကထိက(ငြိမ်း)

ရန်ကုန်စက်မှုတက္ကသိုလ်

လှိုက် လှိုက် လဲ့ လဲ့ ဝမ်းဘေပါသည်

မောင်ရေချမ်း



ကြည်ညိုမှုကတိုက်တွန်း

စာရေးသူသည် ဆောင်းပါးနှင့် ဂုဏ်ပြုစာများ တော်တော်များများ ရေးခဲ့ဖူး၏။ ထိုဆောင်းပါး ဂုဏ်ပြုစာများတွင် သူတစ်ပါး ရေးခိုင်းလို့ ရေးရသည်က အနည်းငယ်မျှသာ ရှိပါ၏။ များသောအားဖြင့် မိမိသဒ္ဓါတရားက မိမိအား တိုက်တွန်းချက်ဖြင့်သာ မိမိဉာဏ်မီသမျှ စာဖတ်သူများအား တင်ပြဂုဏ်ပြု အသိဉာဏ် ဖြန့်ဝေ သဒ္ဓါတရား တက်စေ ဆောင်ရန် ရှောင်ရန်တို့ကို သတိထားစေလို၍ ရေးသားခြင်းက များပါသည်။

ယခုလည်း ပြီးခဲ့သည့် လွတ်လပ် ရေးနေ့က သတင်းစာကြည့်ပြီး ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ် ဗြူးကုန်းတောရ ကျောင်းတိုက် ပဓာနနာယက ဆရာတော်အား နိုင်ငံတော်က အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်သည့် သတင်းကိုသိရပြီး တပည့် ဒါယကာ ဒါယကာမ

များက ဂုဏ်ပြုပူဇော်ပွဲ လုပ်လျှင် ဆောင်းပါးတစ်ပုဒ် ဖြင့် ရေးသားပူဇော်ဦးမည်ဟု ဆန္ဒရှိခဲ့ပါ၏။

သို့သော် ဂုဏ်ပြုပူဇော်ပွဲ ဖြည်းဖြည်းမှ လုပ်မည် ထင်မြင်ထား ရာ မမျှော်လင့်ဘဲ ရတနာမွန်မဂ္ဂဇင်း အယ်ဒီတာချုပ် ကတော် ဒေါ်စိုးမြင့်က 'ဗြူးကုန်း ဆရာတော်အား ဂုဏ်ပြုပူဇော်ပွဲ မကြာမီ လုပ်ကြ မည်၊ စာစောင်လည်း ထုတ်ဝေဦးမည်။ ထို့ကြောင့် **မောင်ရေချမ်းလည်း ရေးပါဦး'** ဟု စာမူ တောင်းခံ လာရာ စာရေးသူမှာ အလုပ်များနေသည့် အချိန်ပင် ဖြစ်သော်လည်း မငြင်းပယ်ဘဲ ဝမ်းပမ်းတသာ လက်ခံခဲ့ပါသည်။

ဂုဏ်ပြည့်ဝသူ

ထိုသို့ ဝမ်းပမ်းတသာလက်ခံခဲ့ခြင်းမှာ ဂုဏ်ပြု ခံ ဆရာတော်မှာ မိမိဉာဏ်မီသမျှ ကြည့်လျှင် ဂုဏ်ပြုပူဇော်ထိုက်သည့် ဂုဏ်များကား ပြည့်ပြည့် လျှမ်းနေသည်။

သာမန်ပုဂ္ဂိုလ်တို့လို ဂုဏ်ကို ခြစ်ခြစ်ခြုတ်ခြုတ် ရှာဖွေနေရသည် မဟုတ်၊ ဂုဏ်တွေက ပေါ်ပေါ် လွင်လွင် ထင်ထင်ရှားရှားကြီး ရှိနေသည်။ ဂုဏ်ပြု စရာမရှိ၍ စာမူလှအောင် ဝိဇာတ မဂ်လာ၊ ပဗ္ဗဇ္ဇာ

ဘိသေက မင်္ဂလာ၊ ပုနောပသမ္ပဒ မင်္ဂလာ အစ ရှိသည်တို့ကို ချဲ့ကားပြီး ရေးရမည်မဟုတ်၊ ပေါ်လွင်နေသည့် ဂုဏ်ထဲမှ အနည်းငယ်မျှကိုသာ တင်ပြ၍ ဂုဏ်ပြုပူဇော်ရန် ဖြစ်ပါသည်။ ဂုဏ်အနည်းမျှကိုသာ ဖော်ပြခြင်းကား မနာလို ဝန်လိုမှုကြောင့် ရှောင်သည် မဟုတ်ပါ။

ဗြူးကုန်း ဆရာတော်၏ ဂုဏ်တွေကို ကုန်စင်အောင် ရေးမည်ဆိုပါက မိုးကောင်းကင်က ကြယ်တွေကို ရေတွက်သလို သည်းထန်စွာ ရွာသော မိုးကြီးမှ မိုးပေါက်တွေကို ရေတွက်သလို ပင်လယ်သမုဒ္ဒရာရှိ ရေများကို ဂါလံခွက်နှင့် ချင်သလိုသာ ဖြစ်နေမည် မဟုတ်ပါလား။

ဂုဏ်ပြုပူဇော်ထိုက်သူ

ဂုဏ်ပြုပူဇော်ထိုက်သူကို ဂုဏ်မပြုလျှင်လည်း ရှောင်ရာရောက်သလို ဂုဏ်မပြုထိုက်သူကို ဂုဏ်ပြုပြန်လျှင်လည်း လှောင်ရာရောက်ကြောင်းကို ဆရာတော် သံဃာတော်များထံမှ ကြားနာရဖူးပါ၏။ ဂုဏ်ပြုထိုက်သူ ဂုဏ်ရှိသူကို ကဲ့ရဲ့ခြင်းသည် ဂုဏ်ရှိသူမှာ ဂုဏ်ပဲ့မသွား ဂုဏ်မရှိသူကို ဂုဏ်ပြုချီးမြှောက်ခြင်းသည်လည်း ထိုပုဂ္ဂိုလ်မှာ ဂုဏ်မြောက်မလာပါဟု နီတိစကားကို ကြားဖူးပါ၏။ ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုခြင်းကြောင့်သာ ဂုဏ်မြောက်သည် မဟုတ်ပါလော။ ဗြူးကုန်းဆရာတော်ကား တကယ့်စစ်မှန်သော ဂုဏ်တွေ ပြည့်လျှမ်းနေသောကြောင့် ဂုဏ်ပြုပူဇော်ထိုက်သည့် ဆရာတော်တစ်ပါးပင် ဖြစ်ပါ၏။

ပြည့်စုံခြင်းသုံးပါး ရှိမှသာ

ဟုတ်ပါသည်။ ပူဇော်ခံထိုက် ဂုဏ်ပြုထိုက်သူမှာ (၁) အကြောင်း၏ပြည့်စုံခြင်း၊ (၂) အကျိုး၏ ပြည့်စုံခြင်း၊ (၃) သာသနာတော်၏ အကျိုးကို ဆောင်ရွက်ခြင်း တစ်နည်းဆိုလျှင် သတ္တဝါတို့၏ အကျိုးကို ဆောင်ရွက်ခြင်း၏ ပြည့်စုံခြင်း ဤသုံးပါး ပြည့်စုံမှ ပူဇော်ခံထိုက် ဂုဏ်ပြုခံထိုက်သည်ဟု ပညာရှင်များ တညီတညွတ်တည်း လက်ခံထားသည် မဟုတ်ပါလော။ ရှိထိုက်သော အကြောင်းအဂါ် မပြနိုင်ဘဲ အကျိုးကိုသာ ထုတ်ဖော်ပြလျှင် ယုတ္တိကင်း၍ ဂုဏ်မပြုထိုက်၊ အကြောင်းသာပြ၍ အကျိုးမပြနိုင်လျှင်လည်း သာဓကကင်း၍ ဂုဏ်ပြုပူဇော်မှုကို မခံယူထိုက်၊ အကြောင်းအကျိုး ပြည့်စုံသော်လည်း သာသနာအကျိုး သတ္တလောကအကျိုးကို မဆောင်ရွက်နိုင်လျှင် သာသနာနှင့် လောကအတွက် အချည်းအနှီး ဖြစ်သောကြောင့် ဂုဏ်ပြုပူဇော်မှုကို မခံယူထိုက်ပါ။

အကြောင်းပြည့်စုံ

ဗြူးကုန်းဆရာတော်မှာ အကြောင်း၏ ပြည့်စုံခြင်းဟူသော ပဲခူး ကျောက်တန်း မဟာဗောဓိကျောင်းတိုက်ကြီးနှင့် မန္တလေး အဘယာရာမ ရွှေဂူတိုက် စသည်တို့၌ ကျေးဇူးရှင် ဆရာတော်များ၏ ခြေတော်ရင်းဝယ် ဝပ်စင်းလျက် နေနည်းထိုင်နည်းနှင့် ပရိယတ္တိစာပေတို့ကို စံနစ်တကျ အဝါးဝစွာ သင်ကြားရုံမျှမက အာစရိယ အာစရိယ မတ္တတို့ အပေါ်၌ ဂရုဂါရဝကြီးမားသလို သူတော်ကောင်း ပီပီ နိဝါတရားများကိုလည်း အမြဲလက်ကိုင်ထားတော်မူသည်။

အကျိုးပြည့်စုံ

ဗြူးကုန်းဆရာတော်မှာ ပရိယတ္တိစာပေကို သင်ကြားရာဝယ် သဒ္ဓါတရားနှင့် ဇွဲ လုံ့လ ဝီရိယ ရှိခြင်းကြောင့် သင်ယူသည့်အတိုင်း တကယ်ပင် ကျွမ်းကျင်တတ်မြောက်ပါ၏။ စာပေအရာ၌ ဝါသနာထုံရကား သင်ရိုးကျမ်းစာမျှသာမဟုတ် ကျမ်းအိပ်ဟု ဆိုရသော သမ္ဓန္ဓစိန္တာ စသော ကျမ်းများကိုလည်း မိမိရရ ရှိလှ၏။

ထို့ကြောင့်ပင် အဘယာရာမ ဆရာတော် ရေးသော သမ္ဓန္ဓစိန္တာစာကိုယ်၌ ဋီကာ နိဿယနှင့် သပြေကန်ဆရာတော် ရေးသားသော နိဒါန်းတို့၏ ကောင်းခြင်းဂုဏ်ကို မကြာမကြာ ချီးကျူးခြင်းကို

ပြုသည်မဟုတ်ပါလော။

သာမန် ပုဂ္ဂိုလ်ဆိုလျှင် ထိုစာတို့၏ ကောင်းခြင်း မကောင်းခြင်းကို သိနိုင်မည် မဟုတ်ပါ။ ဂုဏ်ရှိသူ တို့၏ တကယ်စစ်မှန်သော ဂုဏ်ကိုလည်း ဉာဏ်အမြင်ဖြင့် သိသောကြောင့် ဂုဏ်ရှိသောပုဂ္ဂိုလ် စသည်ဖြင့် အကျိုးမှာလည်း တကယ့်ကို ပြည့်ပြည့် စုံစုံ ဖြစ်နေသူ ဖြစ်ပါ၏။

အကျိုးနှင့် ပြည့်စုံပုံ ပိဋကတ် ကျမ်းကျင်ပုံကို အနည်းငယ် တင်ပြချင်ပါသေးသည်။ စာရေးသူသည် ဗြူးကုန်းဆရာတော်၏ ဂုဏ်သတင်းကို ကြားဖူးနေသည်မှာ ကြာညောင်းလှပါပြီ။ သို့သော် နှစ်နှစ်ကာကာကြီး မကြည့်ညိုတတ်ပါ။ အထင်လည်း မကြီးလှပါ။

လွန်ခဲ့သော (၁၃) နှစ်ခန့်ကာလတွင် ဓမ္မမိတ်ဆွေ တစ်ဦးက ကော့မှူး သရက်တောရွာ၌ သိမ်သမုတ်ပွဲကို ဖိတ်ကြားသဖြင့် ကြုံခဲ့လှသော သာသနာပွဲ ဖြစ်သောကြောင့် ကြည့်ညို

ကျေးဇူးရှင် သပြေကန်ဆရာတော်ကြီးသည် ဗြူးကုန်းဆရာတော် ဗြူးကုန်းကျောင်းတိုက်ကို လက်ခံ ကျောင်းထိုင်ပြီး စာသင်တိုက်ဖွင့်သော အခါ၌ မိမိ ချစ်တပည့်အား ဤသို့ ကိစ္စကြီးငယ် ရှိတိုင်း တရားဟောပေးခြင်းဖြင့် တိုက်တာကြီးပွားအောင် ချီးမြှင့်ခဲ့သည်။



နှိုင်ရန် လိုက်သွားရာ ထိုသိမ်သမုတ်ပွဲတွင် ဗြူးကုန်း ဆရာတော်ပင် သိမ်နှတ် သိမ်သမုတ်ရာ၌ ဦးစီးပြီး ဆောင်ရွက်တော်မူရာ ဝိနည်းနှင့်စပ် သိမ်အဆုံး အဖြတ်ဝယ် သိမ်နှင့်စပ်၍ သိသင့်သိထိုက် သတိထားရမည့် အရာတို့ကို ကွက်ကွက် ကွင်းကွင်း ရှင်းရှင်းလင်းလင်း မိန့်ကြားညွှန်ကြားတော်မူသည် ကိုတွေ့ရ၍ အံ့သြဝမ်းသာကာ သြော် ဗြူးကုန်းဆရာတော်ဟာ ပညာသင်ခဲ့ရာဝယ် ပိဋကကျွမ်းကျင်ခြင်းဟူသော အကျိုးနှင့် ပြည့်စုံပါလားဟု မှတ်ချက်ချမိကာ ဆရာတော်အား နှစ်နှစ်ကာကာကြီး ကြည်ညိုကာ ဆရာတော်၏ သီလနှင့် သုတကို ကိုယ်တွေ့ကြုံခဲ့ရပြီး အထင်မသေးဝံ့တော့ပါ။

သာသနာအကျိုးဆောင်ရွက်

ဗြူးကုန်းဆရာတော်သည် အကြောင်း ပြည့်စုံ အကျိုးပြည့်စုံပြီး အေးအေးလူလူ သာသနာအတွက် လောကအတွက် ကြောင့်ကြမဲ့နေသူ မဟုတ်ပါ။ နှောင်းသာသနာနှင့် နှောင်းလူတို့အတွက် အမြဲတမ်းပင် အလုပ်ကိုလုပ် အကျိုးကိုဆောင်နေပါသည်။

ပဲခူးကျောက်တန်း မဟာဗောဓိကျောင်းတိုက်၌ ထိပ်ထိပ်ကျဲ စာချဆရာတော် အဖြစ်လည်းကောင်း၊ ရန်ကုန် ဗြူးကုန်းတောရ ကျောင်းတိုက်ကြီးကို ပဋိပတ်မကင်းသော ပရိယတ္တိ စာသင်တိုက်ကြီး အဖြစ် ဖန်ဆင်း၍ ဦးဆောင်ပြီး စာပေပို့ချ တပည့်ရဟန်း သာမဏေတို့နှင့် ဒါယကာ ဒါယိကာမများ အား ဟောကြားပြသဆုံးမခြင်း စသည်ဖြင့် သာသနဟိတာဝဟာဂုဏ် လောကဟိ တာဝဟာဂုဏ်တို့ကား ကြီးကြီးမားမား ထင်ထင်ရှား ရှားကြီး ရှိနေပါ၏။

ဗြူးကုန်း ဆရာတော်သည် တပည့်ရဟန်း သာမဏေတို့ကို ဆုံးမရာ၌ နှုးညံ့သိမ်မွေ့ နားဝင်လောက်အောင် ဆုံးမတတ်ပါ၏။

တစ်ခါတစ်ရံ ဝတ်ဖြည့် အနှိပ်ခံရင်း တပည့်များ အားကျနည်းယူ ကြည်ညိုပြီး သာသနာတော်ကြီး၌ ရှင်ကောင်း ရဟန်းကောင်းများ ဖြစ်အောင် အမြဲပင် အားထုတ် တော်မူ၏။ သူ၏ ဆရာတော်သူ သပြေကန် ဆရာတော်၏ ဂုဏ်နှင့် စပ်၍...

"ကိုယ်တို့ဆရာ ဦးဝါသေဋ္ဌရဲ့ ဉာဏ်မျိုးကမှ တကယ့်ပါရမီ ဉာဏ်မျိုး ပါရမီ အခြေခံကိုက လူတကာ လိုက်မမီအောင် ကောင်းတာ၊ ဘယ်ကျမ်းမဆို နံ့နံ့စပ်စပ် ကျမ်းကျမ်း ကျင်ကျင် ချည်းပဲ၊ ဒါကြောင့် ဆဋ္ဌသင်္ဂါယနာ တင်တဲ့အခါ မဟာစည်ဆရာတော်ကြီးတို့ ဆဋ္ဌသင်္ဂါယနာ အကျိုးတော်ဆောင် ဝိဇ္ဇာလင်္ကာရ ဆရာတော် ဦးဝိသုဒ္ဓတို့က သိပ်အားကိုးကြတာ။ စာပေနှင့်စပ်လို့ အခက်အခဲရှိလျှင် ကိုယ်တို့ဆရာ ဦးဝါသေဋ္ဌထံ ရောက်ကြတာပဲ၊ ကိုယ်တို့ဆရာက အနေအထိုင်က ကျစ်လျစ်၊ သီလဆို ဘယ်နည်းနဲ့မှ အထိအခိုက် မခံဘူး၊ သိပ်ကြည်ညိုစရာ ကောင်းတာ"

ဤသို့စသည်ဖြင့် နည်းယူအားကျလောက်အောင် ပြောဆိုသိမ်းသွင်း ဆုံးမ၍ ရဟန်းကောင်းရှင်ကောင်းဖြစ်အောင် သာသနာကျိုးကို အမြဲတမ်းဆောင်တော်မူ၍ ဗြူးကုန်းဆရာတော် မိန့်ကြားသမျှ စကားတို့တွင် များသောအားဖြင့် သာသနာကျိုးနှင့် လောကအကျိုးအတွက်သာ ဖြစ်သည်။

အများပူဇော်

ဤသို့ ပူဇော်ဂုဏ်ပြုခြင်းငှာ သုံးပါးသော ပြည့်စုံခြင်းရှိသော ဗြူးကုန်းဆရာတော် အရှင်မြတ်အား နိုင်ငံတော်က အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ဖြင့် ပူဇော်ခြင်းကို လည်းကောင်း၊ တပည့် ဒါယကာ ဒါယိကာမများက ဂုဏ်ပြုပူဇော်ပွဲကြီး ဆင်ယင်၍ သူ့ထက်ငါ အာမိသဓမ္မ ပူဇာနှစ်ရပ်ဖြင့် ပူဇော်ခြင်းကိုလည်းကောင်း၊ နှောင်းခေတ် ရဟန်းသာမဏေတို့ ကြည်ညိုအားကျကြ၍ ပရိယတ္တိသာသနာကို အားထုတ်ကြမည့်အဖြစ်ကို မြင်မြော်၍ လှိုက်လှိုက်လှဲလှဲကြီး ဝမ်းသာပါသည်ဟုသာ။

မောင်ရေချမ်း



စာချဘုန်းကြီး ဦးအာစိဏ္ဍာဘဝက ပြူးကုန်းဆရာတော်

အဂ္ဂမဟာပဏ္ဍိတဘွဲ့တော်

ဦး

ပြူးကုန်းဆရာတော်

ထွန်းလွင်

(မွှောစရိယ၊ ဘီ၊ အေ)

ကျွန်တော့် ငယ်ဆရာ အင်းစိန်၊ အရှေ့ကြို့ ကုန်းရပ် ပြူးကုန်တောရ စာသင်တိုက်ကြီး၏ ဦးစီးနာယက ပဓာန အချုပ်ဖြစ်သော ပြူးကုန်းဆရာတော် ဘဒ္ဒန္တ အာစိဏ္ဍ ယခုနှစ် (၂၀၀၂) လွတ်လပ်ရေးနေ့မှာ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်

တော် ရရှိလိုက်ပြီဆိုတော့ ကျွန်တော့်မှာ အတိုင်းမသိ ဝမ်းသာ ကြည်နူးရသည်။ အရင်က ခံစားဖူးသော ဝမ်းသာ ကြည်နူးမျိုးနှင့် လုံးဝမတူ။

အခုဟာက ရင်ထဲ၊ အသည်းနှလုံးထဲမှာ အေးကနဲ၊ စိမ့်ကနဲ၊ ငြိမ့်ကနဲ၊ နွေးကနဲ၊ ထွေးကနဲနှင့် နေအောင် တစ်ကိုယ်လုံး တုန်ခါသွားသလို ရှိသည်။

"ဆရာတော် ဘုရား၊

"ပြုံးကုန်းဆရာတော်နဲ့ ဒီအဂ္ဂမဟာပဏ္ဍိတ ဘွဲ့ဟာ အလွန်ထိုက်တန်တာ ဘုရား၊

"အစောကြီးကကို ရဖို့ကောင်းတာ"

ဟူ၍ တွဲဖက်ရှေ့ကျင်သာသနာပိုင်၊ အဘိဓမဟာရဋ္ဌဂုရု သိရိမန္တ စံကျောင်း ဆရာတော်ကြီး

ဒီကြားထဲ ရွှေမျက်ရည်က စိုလာသေး။ များများတော့ မဟုတ်။ စွတ်ရုံလောက်သာ ဖြစ်သည်။ ကြည်နူးမှုနှင့် တွဲဖက်ကျလာဟန် ဖြစ်သည်။ အရောင်အဆင်းမှာ ကြည်လဲ့နေဟန်၊ အညစ်စင်နေဟန် ရှိနေပေလိမ့်မည်။

အမှန်က ထိုဘွဲ့တော်နှင့် ကျွန်တော့်ဆရာ အလွန် ထိုက်တန်မှန်း ကျွန်တော် သိသည်။ ကျွန်တော်သိသလို အခြားအခြားသော ပုဂ္ဂိုလ်များလည်း သိသည်။ တိပိဋကာ မဟာဂန္ဓာရုံကျောင်းတိုက်ဆရာတော် အရှင်သုမင်္ဂလာလင်္ကာရ(PHD) က ဆိုလျှင်–

ဘဒ္ဒန္တ ရာဇိန္ဒာဘိဝံသအား လျှောက်ထားရာ ဆရာတော်ကြီးက–

"အေး... ဟုတ်တယ်၊ ရကို ရရမယ့် ပုဂ္ဂိုလ်တွေပဲ၊ အဆင့်ပြည့် အချင်းပြည့်တွေပဲ၊"

ဟု ပြန်လည် အမိန့်ရှိသည်ကိုလည်း ကြားနာ ကြည်ညိုခဲ့ရဖူးသည်။

မှန်ပါသည်။ ယနေ့ကာလ ဗုဒ္ဓသာသနာတော်မှာ ပြုံးကုန်းဆရာတော် ဘဒ္ဒန္တ အာစိဏ္ဏ မွေးထုတ်လိုက်သော တပည့်တပန်းတွေ များများစားစားကြီးကို ရှိနေသည်။ အချို့ကျောင်းထိုင်၊ အချို့စာချ၊ အချို့ ဓမ္မကထိက၊ အချို့ ကမ္မဋ္ဌာနာစရိယ စသည်

ဆရာတော်သည် စာချရမည်ဆိုလျှင် ဘယ်သောအခါမှ ညည်းညူသည်ဟူ၍မရှိ ပျော်ပျော်သာချသည်။ နားလည်အောင် ပို့ချသည် အော်ငေါက်ပြီးတော့လည်း ကြမ်းကြမ်းတမ်းတမ်း ပြောဆိုကာ မပို့ချတတ်...

ဖြင့် နိုင်ရာနိုင်ရာ သာသနာ့ဝန်ကို ထမ်းလျက်ဒေသ အသီးသီးမှာ ရှိနေကြသည်။

ထိုပုဂ္ဂိုလ် အသီးသီး၏ အရည်အသွေးကို ကြည့်လျှင် အချို့ ပထမငယ်တန်း အောင်သည်။ အချို့ ပထမလတ်၊ အချို့ ပထမကြီးတန်း အောင်သည်။ အချို့ စာချတန်းအောင်သည်။ ဒွိပိဋက နှစ်ပုံအောင်ပင် ရှိလိုက်သေးသည်။

ဗြူးကုန်းဆရာတော်သည် စာအလွန်ပို့ချသည်။ ကျောင်းထိုင်ဆရာတော်ဘဝ မရောက်ခင်က ပဲခူးမြို့နယ်၊ ကျောက်တန်းကျေးရွာ၊ မဟာဗောဓိစာသင်တိုက်ကြီးမှာ နှစ်ပေါင်းသုံးလေးဆယ်ကြာအောင် စာပေများကို မနားတမ်းပို့ချပေးခဲ့သည်။ ပထမ အကူစာချ အဖြစ်ဖြင့် ပို့ချရသည်။ နောက်ဦးဆောင် စာချအဖြစ်နှင့် ပို့ချလာခဲ့သည်။ သည်ကြားထဲ သင်္ကန်းကျွန်း၊ ကျိုက္ကစံ ရွှေကျင် တိုက်သစ်တို့လို နေရာမျိုးမှာလည်း တစ်နှစ်တန်သည်၊ နှစ်နှစ်တန်သည် သွားရောက်ပို့ချပေးသေးသည်။

သို့သော် အများအားဖြင့်တော့ ပဲခူး၊ ကျောက်တန်း၊ မဟာဗောဓိစာသင်တိုက်မှာသာ ဖြစ်သည်။ ထိုစဉ်က ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး ဦးပဏ္ဍဝ၊ ယခုလက်ရှိ ဆရာတော်ကြီး ဦးပဏ္ဍဝံသတို့နှင့်အတူ နှစ်ပေါင်းများစွာ စာချပေးရင်း မဟာဗောဓိသာသနာကို အရှိန်အဝါတက်စေခဲ့သူ ဖြစ်သည်။ ဂိုဏ်းကြောင့် အရှင်အာစိဏ္ဏ ဂုဏ်တက်ရသလို၊ အရှင်အာစိဏ္ဏကြောင်းလည်း ဂိုဏ်း ဂုဏ်တက်ရသည်။ ကျောက်တန်းမှာ–

"ဦးအာစိဏ္ဏ ရှိနေတယ်လေ" ဟူသော ဂယက်သံက လွင်လွင်သာ မြွေးပျံ့နေဆဲ။

ထိုစဉ်က ပဲခူး ကျောက်တန်းသားတွေဆိုရင် အချို့ သာသနာတော်မှာ၊ အချို့ လယ်ကွင်းတခွင် တပြင်မှာ၊ အချို့ ဥယျာဉ်ခြံမြေ စသည်တို့မှာ ကျရာတာဝန်ကို ထမ်းဆောင်နေကြသော်လည်း သူတို့၏ နှလုံးသားတွင် ပိဋကစာပေက အနည်ထိုင်နေသည်။ အချို့ အငယ်အောင်ထားသည်။ အချို့ အလတ်၊ အချို့ အကြီး၊ အချို့ စာချတန်း စသည်ဖြင့် အသီးသီးအောင်မြင်ခဲ့ကြသည်။

ယနေ့ထိ အချို့လူဝတ်ကြောင် ဘဝရောက်နေသည့်တိုင် သူတို့၏ နှုတ်ဖျားဝယ် "သမ္မာသမ္ဗုဒ္ဓ မတုလံ" အစချီသော အဘိဓမ္မာ သင်္ဂြိုဟ်ပါဋိသံလည်း ရှိနေသေးသည်။ "သမ္မဇ္ဇနီ ပဒီပေါစ" အစချီသော ဝိနည်းပါဋိသံလည်း ရှိနေသေးသည်။ အတ္ထော အက္ခရသညာတော" စသော သဒ္ဒါကြီး ပါဋိသံလည်း ရှိနေသေးသည်။ "ကရဏာ သီတလ ဟဒယံ" အစချီသော အထက်တန်း ပိဋကတ်သံများလည်း သင်းနေသေးသည်။ ဤသည်တို့ကား ဗြူးကုန်း ဆရာတော် အလောင်းအလျာ စာချ ဘုန်းကြီး ဦးအာစိဏ္ဏ၏ ကြိုးပမ်းမှုများ၏ ရလဒ်ကောင်းများ ဖြစ်သည်။

မှတ်မိပါသေးသည်။ တစ်ခါက ဘုန်းကြီး ကျောင်းတစ်ကျောင်းမှာ ဖြစ်သည်။ အုန်းနဲ့ရွာ ဒက္ခိဏာရုံ ရွှေကျင်တိုက်ဟု ထင်ပါသည်။ ဤကျောင်းတိုက်မှာ ပြုလုပ်သော အလှူပွဲတစ်ခု၌ ဟိုကသည်က ဘုန်းကြီးကျောင်းသားချင်း ဆုံမိတော့

စကားကို ဦးတည်ရာမဲ့ ပြောဆိုနေကြသည်။ စာကြောင်း ပေကြောင်းလည်း ပါသည်။ နွားအကြောင်း၊ မွေးအကြောင်းလည်း စုံသည်။ သည်တွင် ကျောင်းသားတစ်ယောက်က–

"ဟေ့ ဗုဒ္ဓေါဆိုတာ ဘာဓာတ်၊ ဘာပစ္စည်းလဲကွ"

ဟု ဖောက်မေးလာသည်။ ထိုအခါ မောင်ညိုဟု ထင်သည်။ နာမည်တော့ အတိအကျ မမှတ်မိတော့၊ ထိုသူက–

"ဗုဓ–ဓာတ်၊ တ–ပစ္စည်းပေါ့၊ ဘယ်သုတ်နဲ့သက်ထားတယ် ဆိုတာကော သိချင်သေးလား။

"ဗုဓ ဂမာ ဒိတ္ထော ကတ္တာရိ– သုတ်လေ"

ဟု ဒိုးဒိုးဒေါက်ဒေါက် ကောက်ကာင်ကာ ဝင်ပြောသည်။ ဤသို့လျှင် ဆရာ့စာချသံက အထက်အောက် တခွင်တပြင်ဝယ် ဆရာ့လက်ထွက်တို့၏ နှလုံးသားဝယ် သင်းထုံလျက် ရှိသည်။

ထိုအချိန်က ပြုံးကုန်း ဆရာတော် အလောင်းအလျာ စာချဘုန်းကြီး ဦးအာစိဏ္ဏ စာချသည် ဆိုသည်မှာ အထောက်အကူပြုသူ စာချတွေ မြိုင်မြိုင်ဆိုင်ဆိုင်နှင့် ရှိနေသည်မဟုတ်၊ တစ်ပါးတည်းသာ ဖြစ်သည်။ အတန်းစုံ၊ ဘာသာစုံကို စာမေးပွဲ အချိန်မီအောင် တစ်ပါးတည်း ဒိုင်ခံပို့ချ ရရှာသည်။ အငယ်တန်းကိုလည်း သူပို့ချသည်။ အလတ်တန်းကိုလည်း သူပို့ချသည်၊ အကြီးတန်းကိုလည်း သူပို့ချသည်။ စာချတန်းဆိုင်ရာကိုပင် ပို့ချရသေးသည်။ ကျွန်တော်ဆိုလျှင် သုတ်သီလကွန် အဋ္ဌကထာ၊ ဋီကာကို ဘုန်းကြီး ဦးအာစိဏ္ဏ အထံမှာပင် သင်ယူခဲ့ရသည်။ သို့ကလောက် စာပေကို နိုင်နိုင်နင်းနင်း မြတ်မြတ်နိုးနိုး ပို့ချပေးခဲ့သည်။

ထိုသို့ ပို့ချရာ၌ သူ့ခမျာ စိတ်အေးလက်အေးနှင့် အချိန်ရရ ပို့ချရသည် မဟုတ်ရှာပေ။ အကြောင်းက စာချဘုန်းကြီး ဦးအာစိဏ္ဏတွင် မိခင်အိုကြီး ဒေါ်ပိုနှင့် ညီငယ် မောင်လှအောင်တို့ ရှိနေသည်။ သူတို့က ဒါးပိန်မြို့မှာ နေထိုင်သည်။ ဒါးပိန်နှင့် ကျောက်တန်းက (၇)မိုင်၊ (၈)မိုင် ဝေးသည်။ ရထားနှင့်သွားရသည်။ မိခင်ဒေါ်ပိုက ကျန်းမာရေး မကောင်း၊ လူအိုနာမို့ တရှောင်ရှောင် ရှိသည်။ ညီမောင်လှအောင်က အိမ်ထောင်မကျသေး။ လယ်လုပ်ကိုင်ရင်း မိခင်အိုကြီးကို လုပ်ကျွေးပြုစုရသည်။ တစ်ဘက်က လယ်အလုပ်က ရှိသေးသမို့ မိခင်အိုကြီးကို အချိန်ပြည့်မပြုစုနိုင်ရှာ။ သို့ဖြင့် မိခင်အိုကြီး နာမကျန်း ရှိသောအခါ ဘုန်းကြီး ဦးအာစိဏ္ဏက အနားမှာ သွားရောက်ပြုစုရသည်။ မိခင်ကြီးအနားက ဆေးပေးမီးယူ ပြုလုပ်ပေးရသည်။ သူ့အတွက် ဆွမ်းကိုပင် အနားက အသိဒကာတွေက သင့်သလို စီမံပေးကြရသည်။ ထိုအခါမျိုးတွင် သူ့အဖို့ ဝါတွင်း၊ ဝါပ မရှောင်နိုင် အပြုအစုသွားရရှာသည်။ မသွားခင် တပည့်တွေအတွက် စာဝါတွေ

<u>သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်</u>

<u>ဝိနယဂရုကဂုဏ်၊ ခမာဇာဂရိယဂုဏ်</u>

<u>ပရိယတ္တိဝိသာရဒဂုဏ်</u>

<u>စသော ဂုဏ်အသီးသီးနှင့်</u>

<u>ပြည့်စုံထိုက်တန်လှသော</u>

<u>အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကြီးကို</u>

<u>နိုင်ငံတော်က</u>

<u>ထိုက်ထိုက်တန်တန်</u>

<u>ပေးအပ်လှူဒါန်းလိုက်ပြီမို့ ...</u>

ကို မနားတမ်း ပြီးသင့်တာ ပြီးနှင့်အောင် ပို့ချသွားရသည်။

ဘယ်ဟာကို အနက်လှည့်ထား၊

ဘယ်ဟာ ကိုဖြင့် ကျက်ထား၊

ဒကာမကြီး သက်သာသလိုရှိ တာနဲ့ ငါပြန်လာခဲ့မယ်။

စသည်ဖြင့် မှာတမ်းတွေ တသီကြီးပေးကာ မိခင်အပြုအစု ဒါးပိန်မြို့ကို သွားရရှာသည်။ (၄)ရက်တန် သည်၊ (၅)ရက်တန်သည် ကြာတတ်သည်။ ထိုသို့ကြာနေလျှင် တပည့်တွေက–

"ဒီ အဘွားကြီးကလဲ ခဏခဏကို ဖြစ်နေတယ်"ဟု တစ်ခါတစ်ခါ နောက်ပြောင် ပြောဆိုရယ်မော တတ်ကြသေးသည်။

တစ်ခါတစ်လေ မိခင်ထံမှ ကမန်းကတမ်း အရှင်အာစိဏ္ဏ ကျောင်းပြန်လာသည်။ သူ့ခများ မောလို့မှ အနားမယူနိုင်သေး၊ ချွေးမှ မသိပ်အားသေး၊ စာတက်လိုသော တပည့်တွေက နောက်မှ တန်းလိုက်သွားတတ်ကြသည်။ ထိုအခါမျိုးတွင်

"နေကြပါဦးကွ၊ အနားလေး ယူပါရစေဦး၊ တကယ်ထဲ မင်းတို့ကလဲ" စသည်ဖြင့် ဆူပူမာန်မဲခြင်းမရှိ။ မျက်နှာတော်ကြည်ကြည်လင်လင်နှင့်သာ...

"အေးအေး လာလာ"

ဟု ပြောလျက် ချွေးစိုနေသော သက်နံးကြီး ဘေးပုံကာ စာအုပ် ကောက်ကိုင်၍ ပို့ချပေးတော့သည်။

ဆရာတော်သည် စာချရမည်ဆိုလျှင် ဘယ်သောအခါမှ ညည်းညူသည်ဟူ၍ မရှိ။ ပျော်ပျော်သာ ချသည်။ နားလည်အောင် ပို့ချသည်။ အော်ငေါက် ပြီးတော့လည်း ကြမ်းကြမ်းတမ်းတမ်း ပြောဆိုကာ မပို့ချတတ်၊ တပည့်တွေကို ယဉ်ယဉ်ကျေးကျေး ပြောဆိုဆက်ဆံကာ စိတ်ရှည်ရှည်နှင့် ပို့ချပေးတတ် သည်။ သူကိုယ်တိုင်လည်း မိခင်အိုကြီး အိပ်ရာဘေး မှာ ပြုစုရင်း ပထမကြီးတန်း အောင်လာခဲ့သည်။ တပည့်တွေနှင့်ဆက်ဆံရသည်ဖြစ်စေ၊ ဒကာ ဒကာမတွေနှင့် ဆက်ဆံရသည်ဖြစ်စေ ရိုင်းရိုင်း စိုင်းစိုင်း ကြမ်းကြမ်းတမ်းတမ်း ဆက်ဆံသည်ဟူ၍ မရှိစဖူး။ အလွန် ယဉ်ကျေးသိမ်မွေ့သည်။

စာချရင်း နှင့် ပရိသတ်ကိုလည်း ငြိမ်အောင် ထိန်းတတ်သည်။ စာကျက်ရင်း စကားမပြောဆိုဖို့ ဆူညံဆူညံမလုပ်ဖို့ မခံသာအောင် အချင်းချင်း နောက်ပြောင်ကျီစယ်တာမျိုး မလုပ်ဖို့ စသည်ဖြင့် ဆုံးမရုံတင်မက ဝိနည်းကို လေးစားဖို့ကိုလည်း ဆုံးမသည်။ အချင်းချင်းစကား ပြောရာ၌ "မင်း၊ ငါ၊ ခင်ဗျား၊ ကျွန်တော်" စသော လူ့အသုံးအနှုန်းများ မပြောဖို့ကိုလည်း ဆုံးမလေ့ရှိသည်။ ထိုအသုံးအနှုန်းများကို သုံးစွဲသံကြားရရင် အလွန်နားရှက်သည်ဟုလည်း မိန့်သည်။ ရဟန်းဖြစ်ရင် ရဟန်းသညာ၊ သာမဏေ သညာ ရှိဖို့၊ ကိုရင်ဆိုကလည်း ကိုရင်သညာ ရှိဖို့ တဖွဖွ ဆုံးမလေ့ရှိသည်။ သူကိုယ်တိုင်လည်း ဝိနည်းကို အလွန်လေးစားသည်။

မှတ်မိပါသေးသည်။ ယခုအခါ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အသောကာရုံရွှေကျင်ကျောင်းတိုက်ကြီး၏ ဦးစီးနာယက ဆရာတော်ကြီး အရှင်ဉာဏဝရ (အဂ္ဂမဟာပဏ္ဍိတ)သည် ထိုစဉ်က အသောကာရုံကျောင်းတိုက်ကြီးကို စတင်တည်ထောင်ခါစ ရှိသေးသည်။ တစ်ချိန်တွင် ဘုန်းကြီး ဦးဉာဏဝရ ကျောက်တန်းကို အလည်လာသည်။ ဘုန်းကြီး ဦးအာစိဏ္ဏ အခန်းမှာပင်တည်းသည်။ ထိုအခါ ဘုန်းကြီး ဦးအာစိဏ္ဏက ကျွန်တော့်ကိုခေါ်၍–

"ကိုရင်"

"အာဂန္တုဘုန်းကြီးအတွက် ရေနွေးလေး သွားကျိုပြီး ယူခဲ့"

ဟု ခိုင်းသည်။ သို့နှင့် ကျွန်တော်လည်း လေဖိုထိုး၍ ရေနွေးကို ကမန်းကတမ်းကျိုကာ

လက်ဖက်ခြောက်ခပ်ပြီး လင်ပန်းနှင့်သွားကပ်သည်။ ဘုန်းကြီး ဦးအာစိဏ္ဏက အကပ်ခံပြီး ရေနွေးတစ်ခွက်ကို ငဲ့လိုက်သည်။

"ဟဲ့- မင်းဟာက လက်ဖက်ခြောက်တွေနဲ့ပါလား"

"သွားသွား ပြန်ယူသွားတော့၊

ရေအေးအေး နှစ်ခွက်သာ ထန်းလျက်ခဲ လေးငါးခဲနဲ့ ယူခဲ့တော့"

ဟု အမိန့်ရှိလိုက်သည်။ ကျွန်တော်လည်း လင်ပန်းကိုယူ၍ အခန်းအပြင်သို့ ကြောက်ကြောက်ရွံ့ရွံ့နှင့် ထွက်လာခဲ့သည်။ ထိုအခါ ဘုန်းကြီး ဦးဥာဏာဝရက နောက်ကလိုက်လာပြီး

"ကိုရင်ကလည်း ဘုန်းကြီးဦးအာစိဏ္ဏခိုင်းတာ ရိုရိုသေသေလုပ်မှပေါ့၊ သူ၀ိနည်းလေးစားတာ အတူနေပြီး ကိုရင်မသိဘူးလား၊ ဘာလို့ လက်ဖက်ခြောက်ကို ခပ်ခဲ့တာလဲ၊ နောက်ဆို ဒီလိုမလုပ်နဲ့၊ မှတ်ထား"

ဟု ဆုံးမရှာသည်။ ဘုန်းကြီး ဦးဥာဏာဝရနှင့် ကျွန်တော်က ဆွေရိပ်၊ မျိုးရိပ် မကင်းသည်မို့ ကျွန်တော်လိမ္မာအောင် လိုက်၍ ဆုံးမရှာခြင်းဖြစ်သည်။

ကျွန်တော့်ငယ်ဆရာသည် ၀ိနည်းနှင့်စပ်လာလျှင် အခုလို အသေးအဖွဲကိစ္စလေးမျိုးကိုတောင် ဂရုတစိုက်ရှိလှသည်။

ယခုတော့ ကျွန်တော့်ငယ်ဆရာ၊ သူ့တွင် အခိုင်အခန့် ရှိနှင့်ပြီးသော သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ ၀ိနယဂရုကဂုဏ်၊ ခမာဇာဂရိယဂုဏ်စသော ဂုဏ်အသီးသီးနှင့် ပြည့်စုံထိုက်တန်လှသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကြီးကို နိုင်ငံတော်က ထိုက်ထိုက်တန်တန် ပေးအပ်လှူဒါန်းလိုက်ပေပြီမို့ ကျွန်တော် ဝမ်းသာရသည်။



ထွန်းလွင် (ခမ္မာစရိယ ၊ ဘီအေ)

ခွင့်လွှတ်နိုင်သောအပြုံးပိုင်ရှင်

ဒက္ခိဏာရုံအရှင်ညာဏဝရ

ခရစ် ၂၀၀၂-နှစ် ဇန်နဝါရီလ (၄) ရက် (လွတ်လပ်ရေး) နေ့က နိုင်ငံတော်မှ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ပေးအပ်ခဲ့ရာ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်ခံရသည့် ဆရာတော်များစာရင်းတွင် ဗြူးကုန်းတောရ စာသင်တိုက်ပဓာနဆရာတော် ပါသည်ကို ကြေးမုံ သတင်းစာ၌ ဖတ်လိုက်ရသည့်အတွက် စာရေးသူအနေနှင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါသည်။ သို့နှင့်...

တစ်နေ့ ဆရာတော်ဘုရားအား စာရေးသူအနေနှင့် မဖူးတွေ့ရသည်မှာ ကြာညောင်းပြီမို့ သွားရောက်ဖူးမြော်စဉ် ရတနာမွန်မဂ္ဂဇင်း အယ်ဒီတာ ချုပ်ဆရာ ဦးထွန်းလွင်နှင့်ဆုံကြသည်။ ဦးထွန်းလွင်က ဆရာတော့် ပူဇော်ပွဲမှာ စာမူဖြင့် ပူဇော်ကြဖို့ တိုက်တွန်းပါသည်။ ဒီတော့ စာရေးသူမှာ စာဖတ်ပရိသတ် သက်သက်ဖြစ်သည်မို့ စာမူရေးရန် အခက်ကြုံ တွန်းဆုတ်သွားရသည်။

"ဦးထွန်းလွင် မဖြစ်ဘူးနဲ့ တူတယ်"

လို့ ပြောတော့ ဒကာလွင်က

"ဘာမဖြစ်ရ မှာလည်း ဘုရား၊ ငယ်ငယ်တုန်းက အတူနေလာခဲ့တဲ့ အကြောင်းလေးတွေ ရေးပေါ့ ဘုရား"

ဟု ပြောတော့မှ ဘုန်းကြီးစိတ်ထဲ အတိတ်က ပုံရိပ်များ တရိပ်ရိပ် ပြန်ပေါ်လာတော့သည်။

စာရေးသူ ကျောင်းသားဘဝက ကဝမြို့နယ် အုန်းနဲ့ရွာ ဒကို့ဏာရုံ ရွှေကျင်ကျောင်းတိုက်၌ အဂ္ဂမဟာအကျော် ဆရာတော် ဦးကဝိန္ဒာဘိဝံသ (ယခု လွန်တော်မူ)နှင့် အတူနေ၍ စာသင်ခဲ့သည်။

တစ်နေ့ စာရေးသူတို့ ဆရာတပည့် အုန်းနဲ့မှ ကျောက်တန်း သို့ အလည်လာရန် ခြေကျင်ခရီး လျှောက်လာကြသည်။ ခရီးတစ်ဝက် ရောက်တော့ မောစပြုလာသည်။ သည်တွင် ကျားတက်ရွာအနီးသို့ ရောက်သည့်အခါ အရိပ်ကောင်းသည့် ကုက္ကိုပင်ကြီး တစ်ပင် တွေ့တာနှင့် အမောဖြေဖို့ ခဏဝင်နားကြ သည်။

ဆရာက ကွမ်းရွက်တစ်ဖဲ့ကို ထုံးတို့၊ ကွမ်းသီး တစ်စိတ်ထည့် ကွမ်းလေးမြို့ရင်း အမောဖြေ၊ အဆာဖြေ၊ ရေငတ်ဖြေသည်၊ စာရေးသူကိုတော့ ဆရာတော်က

"အဲ မင်းကတော့ ကျောက်တန်းရောက်မှ မင်းဘုန်းကြီးဆီ (ယခု ပြုံးကုန်းတောရ ပဓာန ဆရာတော်) မုန့်တောင်း စားပေါ့"

ဟု ပြောကာ ဆရာတပည့် တစ်အောင့် နားပြီး ခရီးဆက်ပြန်ရာ ကျောက်တန်းကို နေ့ဆွမ်း စားအမီ ရောက်ခဲ့သည်။

ကျောက်တန်း မဟာဗောဓိစာသင်တိုက်သို့ ရောက်လျှင် ယခုပြုံးကုန်းတောရဆရာတော် (ထိုစဉ်က တိုက်အုပ်ဆရာတော်)သည် ဖော်ရွေသော အပြုံးဖြင့် ဆီးကြိုလေသည်။

"ဟော... ဆရာတော် ကဝိန်တို့ပါလား၊ ကြွဘုရား...ကြွဘုရား၊ ဖူးရတာဝမ်းသာလိုက်တာ"

ဟူ၍ ပြုံးပြုံးရွှင်ရွှင်ဖြင့် ဆီးကြို နှုတ်ဆက်လေ သည်။ စာရေးသူမှာ ထိုသို့ အပြုံးဖြင့် ဆီးကြိုလိုက် သော ဆရာတော်၏ မျက်နှာတော်ကို ဖူးလိုက်ရ သည်နှင့် တစ်ပြိုင်နက် ခရီးလမ်းမှာ မောခဲ့သော အမော၊ ဆာခဲ့သောအဆာများ ဘယ် ရောက်သွား မှန်းမသိ ကြက်ပျောက် ငှက်ပျောက် ပြေပျောက် သွားရသည်။

နောင်အခါ ဆရာတော်ဦးကဝိန္ဒာဘိဝံသနှင့် ပြုံးကုန်းတောရ ဆရာတော်တို့သည် ပရိယတ္တိ စာမေးပွဲ ကိစ္စတွေ ပြီးဆုံးခဲ့ကြသည်။ နှစ်ပါးစလုံးပင် ပိဋကတ် နှံ့စပ်ကျွမ်းကျင်သော ပညာရှင် ပညာတတ် များ ဖြစ်ကြသည်။ နှစ်ပါးစလုံးပင် ပဲခူးမြို့နယ် ကျောက်တန်းကျေးရွာ မဟာဗောဓိ ဆရာတော် ကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်ကို ရောက်တော် မူခဲ့ကြသည်။

သို့သော် ဆရာတော် ဦးကဝိန္ဒာဘိဝံသက သိက္ခာဝါတော်ကြီး၍ ပြုံးကုန်းဆရာတော်က သိက္ခာ ဝါငယ်သည်။ တစ်ပါးနှင့်တစ်ပါးလည်း အလွန်ချစ်ခင် လေးစားကြသည်။ ဆရာတော် ဦးကဝိန္ဒသည် မဟာဗောဓိမှာပင် တစ်ဝါဆိုပြီး တစ်နှစ်လောက် ဝိုင်းကူစာချပေးသေး သည်။ နောင်အခါ ဆရာတော် ဦးကဝိန္ဒာဘိဝံသည် အုန်းနဲ့ရွာ ဒကို့ဏာရုံ ရွှေကျင် ကျောင်းတိုက်ကြီး၏ ဦးစီးနာယက ပဓာန မထေရ် ကြီး ဖြစ်တော်မူပြီး ပျံ့လွန်တော်မူသွားရှာသည်။

ဆဋ္ဌသင်္ဂါယနာခေတ်တွင် သူတို့နှစ်ပါးစလုံး ပါဠိပဋိဝိသောဓက တာဝန်ကို ထမ်းဆောင်ခွင့် ရကြသည်။ မိလိန္ဒပဉ္ဘာကျမ်းကို သုတ်သင်ပြင်ဆင် ကြသည်။ ထိုအခါကလည်း ကမ္ဘာအေးကို အတူ တကွကြ၍ ဇမ္ဗူဒီပ ကျောင်းဓဆောင်မှာ တစ်ခန်း တည်း အတူ သီတင်းသုံးတော်မူကြရလေသည်။ ထိုအချိန်က စာရေးသူမှာ ကျောင်းသားအရွယ် မျှသာ ရှိသေးသည်။ ဆရာတော် ဦးကဝိန္ဒာဘိဝံသ၏

ကပ္ပိယကာရကအဖြစ်နှင့် အမြဲလိုက်ပါရသည်။

တစ်နေ့ ဆရာတော်နှစ်ပါး ပါဠိပဋိဝိသောဓက တာဝန်ကို သွားထမ်းဆောင်နေစဉ် စာရေးသူမှာ အခန်း၌ ကျန်ခဲ့ပြီး ကွမ်းထဲ ဆေးထည့်စားမိသဖြင့် ကွမ်းမူးနေသည်။ ချွေးသီးချွေးပေါက်တွေ ကျလျက် မရှုနိုင်မရှိုက်နိုင် ဖြစ်လာသည်မို့ အခန်းတံခါးကို ချက်ချပိတ်ပြီး ပန်ကာဖွင့်ကာ မှိန်းနေလိုက်သည်။ ဘယ်အချိန် အိပ်ပျော်သွားသည်မသိ၊ ဆရာတော်နှစ်ပါး တာဝန်ချိန်ပြီးဆုံး၍ ပြန်လာသည့်အခါ အခန်းတံခါးကို ဖွင့်မရဘဲ ဖြစ်နေသည်။ ဆရာတော်နှစ်ပါးက အပြင်ဘက်တွင် မိုးတိုးမတ်တပ် ရပ်လျက် စိုးရိမ်လျက် စာရေးသူက အခန်းထဲတွင် အိပ်မောကျလျက်။

သည်တွင် ဗြူးကုန်းဆရာတော်က ခေါ်မရ အော်မရ သည့်အဆုံး 'ဟေ့...ဆာမိ၊ ဟေ့ ဆာမိ' ဟု အပြင်က ခေါ်၍ အခန်းတံခါးကို တဝုန်းဝုန်း ထု၍ နှိုးတော့သည်။ ထိုအခါတွင်မှ စာရေးသူမှာ နှိုးသံကြားရသဖြင့် ကမန်းကတမ်း ဖွင့်ပေးလိုက်သည်။ အိပ်ပျော်သွားသဖြင့် ကွမ်းအမူးလည်း ပြေပျောက်သွားသည်။ ထိုအခါ ဗြူးကုန်း ဆရာတော်က...

"ဟေ မင်းဘယ်လို ဖြစ်တာလဲ၊ တံခါးကြီး ချက်ချလို့"

"တပည့်တော် ကွမ်းမူးလို့ မှိန်းရင်း အိပ်ပျော်သွားတယ် ဘုရား"

"နို့မင်းက ငယ်ငယ်ရွယ်ရွယ်နဲ့ ကွမ်းစားရသလား၊ အုံ့ကွာ၊ ဆေးထည့်ပြီး စားရတယ်လို့" ဟု သူ့ဟန်အတိုင်း အပြုံးဖြင့် ပြန်လည် ပြောရှာသည်။

နောက်မှ ဆရာတော့်အပြုံးကို လေ့လာကြည့်သောအခါ စာရေးသူကိုမှ မဟုတ်၊ လူတိုင်းကိုပင် ခွင့်လွှတ်နိုင်သော အပြုံးမျိုးဖြင့် ပြုံးလေ့ရှိပေသည်။ စာရေးသူသည် ဆရာတော့်အပြုံးမျိုးကို အားကျပြီး အတုယူ ပြုံးကြည့်မိသည်၊ မရပါ၊ မခိုပြုံးနှင့် မဲ့ပြုံးသာ ဖြစ်ဖြစ်သွားသည်။ သည်တော့မှ

"ညြော်...ဗြူးကုန်းဆရာတော်၏ အပြုံးဆိုတာ သူ့မှုလဓာတ်ခံကိုက ပါလာတဲ့ အပြုံးမျိုး၊ ဒါဟာ ဒေါသနည်းသူတို့ရဲ့ လက္ခဏာတစ်ရပ်ပေပဲ" ဟု သဘောပေါက်သွားမိသည်။

ဗြူးကုန်းဆရာတော်သည် စာမေးပွဲကိစ္စများ အောင်မြင်စွာ ပြီးဆုံးသွားသည် ဆိုရသော်လည်း လွယ်ကူစွာ ပြီးဆုံးခဲ့ရသည် မဟုတ်ပါ။ ဂျပန်ခေတ်လို ခေတ်မျိုးနှင့်လည်း ကြုံရသည်။ အစ်ကို အစ်မတို့၏ ကျန်းမာရေး ကိစ္စနှင့်လည်း ကြုံရသည်။ နောက်ဆုံး မိခင်အိုကြီး၏ ကျန်းမာရေးနှင့်လည်း ကြုံရသည်။ မိခင်အိုကြီးကို ပြုစုရင်း ပထမကြီးတန်းကို သွားရောက်ဖြေဆိုရသည်။

စာရေးသူမှာ အမှတ်အသားတစ်ခု ရှိခဲ့ဖူးသည်။ ထိုအမှတ်အသားက ဗြူးကုန်းဆရာတော် ပထမအကြီးတန်း ဖြေနေတုန်းက ဖြစ်သည်။ စာဖြေဌာနက ပဲခူးမြို့ အထက်(၃) ဖြစ်သည်။ ထိုစဉ်က စာဖြေရင်းတန်းလန်းမှာပင် အဖျားရောဂါက သူ့ကို နှိပ်စက်လာသည်။ စ်ာကို လုံးဝ မကြည့်နိုင်ရှာ။ သို့နှင့် အဖော်တစ်ယောက်ကို စာဖတ်ခိုင်းပြီး ဘေးက မျက်လုံးလေးမှိတ် ခေါင်းကိုက်ဝေဒနာကို လက် ကလေးနှင့်နှိပ်ရင်း နားထောင်ကာ မှတ်နေရသည်။ ထိုစဉ်က အကြီးတန်းဘာသာပြန်မှာ ဝိသုဒ္ဓိမဂ်ဖြစ်သည်။ စာအုပ်လည်း မရှိသေး။ စာဖြေသူများ အခက်တွေ့ရသည်။ ဗြူးကုန်းဆရာတော် အတွက်ကမူ ငယ်ဆရာ ကျောက်တန်း မဟာဗောဓိ တောရတိုက် တိုက်အုပ်ဆရာတော် ဦးပဏ္ဍိတက ပေထုပ်ကြည့်၍ ပို့ချပေးသဖြင့် တော်သေးသည်။ ထိုနှစ်က ပထမကြီးတန်းကိုလည်း ချောချောမောမော အောင်မြင်ရှာသည်။

ဆရာတော်သည် စာမေးပွဲကိစ္စ ပြီးသော နောက်ပိုင်း၌ ပရိယတ္တိသာသနာတော် ကြီးပွားတိုး

တက်ရေးကို အလေးထားပြီး မဟာဗောဓိ သာသနာကို ဒုတိယမြောက် ငယ်ဆရာ မဟာဗောဓိဂိုဏ်းနာယက ဆရာတော်ကြီး ဦးပဏ္ဍာဝ၊ ယခုလက်ရှိ ဆရာတော်ကြီး ဦးပဏ္ဍာဝံသတို့နှင့် တွဲဖက်၍ စာချဘုန်းကြီး တာဝန်၊ တိုက်အုပ်ဘုန်းကြီး တာဝန်တို့ကို တာဝန်ယူရင်း ပရိယတ္တိစာပေကို ဒိုင်ခံပို့ချပေးတော်မူခဲ့သည်။ ဗြူးကုန်းဆရာတော်၏ ကြိုးပမ်းမှုကြောင့် ငယ်လတ်ကြီးတန်းအောင် တပည့်များ၊ ဓမ္မာစရိယတန်းအောင် တပည့်များ အသီးအသီး ပေါ်ထွက်လာရုံမက ဒွိပဋ္ဌကဓရအောင်တပည့်များပင် ဖြစ်ထွန်းပေါ်ပေါက်ခဲ့သည်။

ဗြူးကုန်းဆရာတော်သည် သံဃာ့ပရိသတ်ကို ဖြစ်စေ၊ လူပရိသတ်ကို ဖြစ်စေ ဆုံးမစရာ၊ ဟောပြောစရာ ရှိလျှင် အသံသြဇာနှင့် ပြည့်စုံပြီး ယဉ်သော စကားလုံး အသုံးအနှုန်းများဖြင့်သာ ဟောလေ့ ပြောလေ့ရှိသည်။ သူ့အသံ သူ့အပြောက ချိုသာသည်။ ညက်ညောသည်။ အထူးသဖြင့် ရတု၊ ရကန်၊ ကဗျာ၊ အလင်္ကာနှင့် ပါဠိဂါထာ အရေးအဖွဲ့များတွင် အလွန်ညက်ညောသည်။ ဆရာတော် ဦးကဝိန္ဒာဘိဝံသကမူ–

"တိုက်အုပ် ဘုန်းကြီး ဦးအာစိဏ္ဏတို့ကမှ ပါဠိအရေးအသားရော အနက်ဆံ အရေးအသားရော ညက်ညောတာ...

"သူ့ဆရာတွေကလည်းကြည့်လေ၊ ဦးဇနကာဘိဝံသတို့လို၊ ဦးနရိန္ဒတို့လိုပဲဟာ"

စသည်ဖြင့် ဗြူးကုန်းဆရာတော်၏ စာအရေးအသားကို ချီးကျူးလေ့ရှိသည်။

ကျေးဇူးတော်ရှင် သာကေတ ပညာလင်္ကာရ ဆရာတော်ဘုရားကလည်း ...

"ဟေ့ ပညာရေးနဲ့ စပ်လာရင် အားထားရတဲ့ တပည့်တွေထဲမှာ အာစိဏ္ဏလည်း တစ်ပါး အပါအဝင်ပဲကွ"

လို့ မကြာမကြာအမိန့်တော် ရှိခဲ့ဖူးသည်။

ဤကဲ့သို့ သာသနာတော်မှာ အရည်အသွေးပြည့်ပြည့်ဖြင့် ဘုရားရှင် သာသနာအတွက် ရှေ့ကျင်ဂိုဏ်း သာသနာအတွက် အလွန်အကျိုးများသော ဆရာတော်တစ်ပါးအား အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို အခုလို ဆက်ကပ်လိုက်ခြင်းသည် အလွန်ပင် ထိုက်တန်လှပေသည်။

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ရသောသက်တမ်းသည် လသားမျှသာရှိသေးသဖြင့် တံဆိပ်တော်က နုပျိုနေသလို ဘွဲ့ခံ ဆရာတော်ကလည်း အရာရာကို ခွင့်လွှတ်နိုင်သော အပြုံးကြောင့် ဘွဲ့နှင့် အတူ နုပျိုနေဆဲပင် မဟုတ်ပါလား။

ဒကွိဏာရုံ အရှင်ဥာဏာဝရ
(ကဝေ၊အုန်းနဲ့)



ဖွံ့ဖြိုးချင်းသာ မြတ်ပညာ

ဦးကုသလ

- အမြင်အကြား
  သုတပွားမှ
  ဉာဏ်အားပွားမည်
  ထိန်ထိန်ကြည်၏။
- ဉာဏ်ရည်သွက်လက်
  စွမ်းရည်ထက်သော်
  တိုးတက်ဖွံ့ထွား
  လွန်ကြီးမား၏။
- ကိုးစားဘာသာ
  သာသနာဝယ်
  သဒ္ဓါစွင့်စွင့်
  ဉာဏ်ရောင်ဖွင့်လျက်
  နှိုင်းချင့်တည်းဖြတ်
  ကိုးကွယ်တတ်မှ
  မွန်မြတ်အကျိုး
  ဖွံ့ဖွံ့ဖြိုး၏။
- ဖွံ့ဖြိုးဉာဏ်ကင်း
  လူသားဖျင်းတို့
  မယွင်းချည်းနှီး
  ကျိုးမပြီးသည့်
  ရှုံးကြီး ရှုံးစွတကား။ ။

မိမိသည် တိုက်အုပ်ဆရာတော်၏ မှတ်တမ်းစာအုပ်ထဲမှ ရရှိထားသော "ဖွံ့ဖြိုးချမ်းသာ မြတ်ပညာ" ကဗျာလေးကို မကြာမကြာ ရွတ်ဆိုမိတတ်ပါသည်။ ဤကဗျာလေးသည် ဗြူးကုန်းတောရ ဆရာတော်ဘုရားကြီး ရေးသားဖွဲ့စပ်ထားသော ဆိုရှင်လည်းကောင်း၊ မှတ်သားလိုက်နာဖွယ်ရာလည်းကောင်းသော သြဝါဒ တရားတော်လေး တစ်ပုဒ်ဖြစ်ပါသည်။ ကဗျာဖြစ်၍ စာကြောင်းနည်းကာ တိုပါသော်လည်း အနက်အဓိပ္ပာယ်များကား များပြားကျယ်ပြန့် ရှည်လျားနက်ရှိုင်း လှပါသည်။ ထို့ကြောင့် မကြာမကြာ ရွတ်ဆိုပွားများနေမိခြင်းဖြစ်ပါသည်။

ဆရာတော်ဘုရားကြီးသည် ကဗျာပထမပိုဒ်ဖြင့် အသိဉာဏ်ခွန်အား ပွားများခြင်း၊ ဆုတ်ယုတ်ခြင်း အကြောင်းကို သတိပေး ဆုံးမထားပါသည်။ ကဗျာ ဒုတိယပိုဒ်ဖြင့် အသိဉာဏ် ပွားများခြင်း ဆုတ်ယုတ်ခြင်းကြောင့် အကျိုးရရှိပုံ အကျိုးကင်းမဲ့ပုံကို သတိပေးဆုံးမထားပါသည်။ ကဗျာ တတိယပိုဒ်ဖြင့် ဗုဒ္ဓဘာသာဝင် သူတော်စင်တို့အတွက် ၁။ သဒ္ဓါတရား၊ ၂။ ပညာတရား နှစ်မျိုးလုံး ရှိသင့်ကြောင်း။ သဒ္ဓါ ပညာ နှစ်မျိုးစလုံး အညီအမျှ ထားရှိလျက် သာသနာတော်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါမှ ကောင်းကျိုးချမ်းသာ ရရှိနိုင်ကြောင်း၊ ပညာမပါသော သဒ္ဓါတရား သက်သက်ဖြင့် ဆည်းကပ်မှုမျိုး၊ သဒ္ဓါမပါသော ပညာတရားသက်သက်ဖြင့် ဆည်းကပ်မှုမျိုးဖြင့် ဆည်းကပ်ပါက ကောင်းကျိုးချမ်းသာ မရသည့်အပြင် မကောင်းကျိုးများစွာပင် ဖြစ်တတ်ကြောင်း သတိပေး ဆုံးမထားပါသည်။ ကဗျာ စတုတ္ထပိုဒ်ဖြင့် အဓိကအားဖြင့် အသိဉာဏ်ပညာရှိဖို့ ဆုံးမထားပါသည်။ ကောင်းကျိုးပြီးမြောက်လျက် အမြတ်ထွက်တတ်မြဲ သဘောရှိကြောင်း အသိဉာဏ်ပညာကင်းမဲ့သူတို့မှာကား ကောင်းကျိုးမရ ဆိုးကျိုးမျှသာ ရ၍ ဆုံးရှုံးတတ်မြဲ သဘောရှိကြောင်းတို့ကို သတိပေး ဆုံးမထားပါသည်။

ကဗျာလေးပိုဒ်လုံးကို ခြုံကြည့်လျှင်ကား စတုတ္ထပိုဒ်သည်သာ အဓိကအကျဆုံးဟု ယူဆဖွယ်ရာ ရှိပါသည်။

ဖွံ့ဖြိုးဉာဏ်ကင်း
လူသားဖျင်းတို့
မယွင်းချည်းနှီး
ကျိုးမပြီးသည်
ရှုံးကြီး ရှုံးစွတကား။

ဆရာတော် ဘုရားကြီးသည် ဤကဗျာ စတုတ္ထပိုဒ်ဖြင့် ...

က။ အသိဉာဏ်ကင်းသောသူ၊ အသိဉာဏ် ရှိသော်လည်း ဖွံ့ဖြိုးဉာဏ် မရှိသောသူတို့သည် လူဖျင်း လူတုံး လူအ လူနတို့ ဖြစ်သဖြင့် မိမိအတွက် သူတစ်ပါးအတွက်၊ ဘာသာအတွက်၊ သာသနာ အတွက်၊ နိုင်ငံတော်အတွက်၊ လူမျိုးအတွက်၊ လောကီအတွက်၊ လောကုတ္တရာအတွက် အကျိုး မပြီးသူများ လူ့အချည်းနှီးများ ဖြစ်သည်ဟူ၍ လည်းကောင်း၊ မနုဿတ္တဘာဝေါ ဒုလ္လဘော

ဆရာတော်ဘုရားကြီးသည် 'ဖွံ့ဖြိုးဉာဏ်ကင်း လူသားဖျင်းတို့ မယွင်းချည်းနှီး ကျိုးမပြီးသည် ရှုံးကြီးရှုံးစွတကား' ဟူ၍သာ တစ်ဘက်ပြန်ညည်းအားဖြင့် ကဗျာရေးဖွဲ့ အသိပေး ဆုံးမထားပါသည်။

ဟူသည်နှင့်အညီ လူ့အဖြစ်ကို ရရှိထားပါလျက် အကျိုးမပြီး ဖြစ်ရသူများသည် လူဖြစ်ရှုံးသူများသာ ဖြစ်သည်ဟူ၍ လည်းကောင်း အသိပေး ဆုံးမထားပါသည်။

ခ။ ထို့ပြင် အသိဉာဏ်ရှိသောသူ၊ အသိဉာဏ် ရှိရုံမျှမက ဖွံ့ဖြိုးစည်ပင်သူတို့သည် လူတော် လူမော် လူမွန် လူချွန်များ ဖြစ်သည်ဟူ၍လည်းကောင်း၊ လူတော် လူမော် လူမွန် လူချွန်တို့သည်သာ မိမိအတွက် သူတစ်ပါးအတွက် ဘာသာအတွက် သာသနာအတွက် နိုင်ငံအတွက် လူမျိုးအတွက် လောကီအတွက် လောကုတ္တရာအတွက် အကျိုးပြီးသူ အောင်မြင်သူများ ဖြစ်သည်ဟူ၍ လည်းကောင်း၊ မနုဿတ္တဘာဝေါ ဒုလ္လဘော ဟူသည်နှင့်အညီ လူ့အဖြစ်ကို ရရှိထားသည့် အလျောက် လူဖြစ်မရှုံးသူများ၊ လူဖြစ်ရကျိုး နပ်သူများ၊ လူဖြစ်ရာ အခါအတွင်း၌ အမြတ်ထွက် အောင် ဆောင်ရွက်နိုင်သူများ ဖြစ်သည်ဟူ၍လည်းကောင်း အသိပေး ဆုံးမထားပါသည်။

ဆရာတော်ဘုရားကြီးသည် "ဖွံ့ဖြိုးဉာဏ်ကင်း လူသားဖျင်းတို့ မယွင်းချည်းနှီး ကျိုးမပြီးသည် ရှုံးကြီး ရှုံးစွတကား" ဟူ၍သာ တစ်ဘက်ပြနည်းအားဖြင့် ကဗျာရေးဖွဲ့ အသိပေး ဆုံးမထားပါသည်။ သို့ရာတွင် ဆရာတော်ဘုရားကြီး၏ ရင်ထဲ၌ကား နှစ်ဘက်လုံးကို မြင်စေ သိစေလိုသော ဆန္ဒတော်၊ ကရုဏာတော် ရှိသည်မှာ ယုံမှားဖွယ် မရှိပါပေ။ အဆုံးအမ ဩဝါဒ အစစ်အမှန်တို့သည် ကရုဏာတရား သနားခြင်းမှ စတင်ပေါက်ဖွားလာရခြင်း ဖြစ်ပါသည်။ ကရုဏာတရား ခေါင်းပါးသောသူများသည် ကရုဏာခေါင်းပါးနေသဖြင့် အဆုံးအမ ဩဝါဒ ပေးစရာ မရှိနိုင်သောကြောင့် မည်သူ့ကိုမျှ အဆုံးအမ ဩဝါဒ ပေးမည် မဟုတ်ချေ။

ထို့ပြင် ကရုဏာတရား ခေါင်းပါးသူတို့၏ အဆုံးအမ ဩဝါဒများသည်လည်း အစစ်အမှန်များ မဟုတ်ပေ။ အမိန့်၊ အာဏာ၊ ပညတ် စည်းဘောင်ခတ်လျက် တင်းကျပ်နေအောင် ကျဉ်းကျပ်ချည်နှောင် နှိပ်စက်ခြင်း သက်သက်သာ ဖြစ်ရမြဲသဘောရှိပါသည်။

ဆရာတော်ဘုရားကြီးကား ကရုဏာတရားနှင့် ပြည့်စုံကြောင်း ကဗျာလေးကို သက်သေပြုကာ သိသာလှပါသည်။ ထို့ကြောင့် ဆရာတော်ဘုရားကြီး၏ ရင်ထဲ၌ကား ကရုဏာတရားနှင့် ပြည့်စုံသည့်အလျောက် နှစ်ဘက်မြင် အနက်အဓိပ္ပာယ်တို့ကို ဆင်ခြင်ပွားများရုံသာမက ဖွံ့ဖြိုးဉာဏ်လွန် လူရည်ချွန်တို့ နေ့စဉ်ပွားစီး ကောင်းကျိုးပြီးသည် မြတ်ကြီးမြတ်စွတကား" ဟူ၍ပင် ဆရာတော် ဘုရားကြီး၏ ကဗျာဘဝင်ကို ထင်ဟပ်မှီခိုလျက် တွေ့မြင်ဖော်ကျူးမိကာ အတိုင်းထက်အလွန်ကြည်ညိုမိပါသည်။

ဆရာတော်ဘုရားကြီးသည် ကဗျာ ပထမပိုဒ် တတိယပိုဒ်တို့၌လည်း ဤကဲ့သို့ပင် တစ်ဘက်မြင်နည်းအားဖြင့် စီကုံးရေးသား ဆုံးမထားပါသည်။ စာပေသဘောတရားအရ ယူဆရလျှင် အလွန်လေးစားစရာ၊ အလွန်မြတ်နိုးစရာ အလွန်တန်ဖိုးထားစရာ ရတနာကုံးသဖွယ် ဖြစ်ကြောင်း တွေ့ရပါသည်။ ကဗျာပထမပိုဒ်၌ "အမြင်အကြား သုတပွားမှ ဉာဏ်အားပွားစည် ထိန်ထိန်ကြည်ညိုမိသော အခါတို့တွင်ကား "အမြင်အကြား သုတပါးက ဉာဏ်အားကင်းကွာ ဂုဏ်မွဲစွာ၏" ဟု ဖော်ကျူးမိကာ ကြည်နူးလျက် ရှိနေမိတတ်ပါသည်။

ကဗျာ ဒုတိယပိုဒ်၌ "ဉာဏ်ရည်သွက်လက်စွမ်းရည်ထက်သော် တိုးတက်ဖွံ့ထွား လွန်ကြီးပွား၏" ဟု ရေးသားဖွဲ့ဆို ဆုံးမထားပါသည်။ သို့ရာတွင် မိမိရွတ်ဆိုပွားများမိသော အခါတို့တွင်ကား "ပညာဆုတ်ယုတ် ဉာဏ်မထုတ်သော် အလုပ်မဲ့ကာ ဆင်းရဲရာ၏" ဟု ဖော်ကျူးမိကာ ကြည်နူးလျက် ရှိနေမိတတ်ပါသည်။ ကဗျာ တတိယပိုဒ်၌

လည်း "ကိုးစားဘာသာ သာသနာဝယ် သဒ္ဓါစွင့်စွင့် ဥာဏ်ရောင်ဖွင့်လျက် နှိုင်းချင့်တည်းဖြတ် ကိုးကွယ်တတ်မှ မွန်မြတ်အကျိုး ဖွံ့ဖွံ့ဖြိုးတ၏" ဟု ရေးသားဖွဲ့ဆို ဆုံးမထားပါသည်။ သို့ရာတွင် မိမိကြည်ညိုမိသော အခါတို့တွင်ကား "ဘာသာသာသနာ ကိုးကွယ်ရာဝယ် သဒ္ဓါကင်းမဲ့ ဥာဏ်ကင်းမဲ့လျက် ချည့်နဲ့ကပ်ယက် ကိုးကွယ်လက်ကမပျက်ဆိုးကျိုး တိုးတက်တိုးတ၏" ဟု ဖော်ကျူးမိကာ ကြည်နူးလျက် ရှိနေမိတတ်ပါသည်။

အဖြစ်အပျက် အကြောင်းအရာ အနက် အဓိပ္ပာယ် တစ်ခုစီ ခက်ခဲကပ်ညပ် တိမ်မြှုပ်ငုပ်ကွယ်နေသည်ကို ထင်ရှားပေါ်လွင်စွာ သိမြင်ဆင်ခြင်မိသူ မှန်သမျှသည် အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်ရတတ်သည်မှာ ဓမ္မတာပင် ဖြစ်ပေသည်။ စာပေပညာ သင်ကြားဖူးသူတိုင်း ဤကဲ့သို့သော ဝမ်းမြောက်ဝမ်းသာ ဖြစ်ရမှု ပီတိသောမနဿ၏ အရသာကို ခံစားဖူးကြသည်သာ ဖြစ်ပါသည်။ ဘုရားဟော ပါဠိကျော်များကို ဖတ်ရှုကြည်ညိုမိသောအခါ ဘုရားရှင်ထံမှ တရားတော် နာယူပြီး ဆုံးရာ ခဏာ၌ပင် နက်နဲခက်ခဲလှစွာသော တရားတော်၏ အနက်အဓိပ္ပာယ် အကြောင်းအရာတို့ကို သိခွင့်မြင်ခွင့် ရရှိကြသဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြကြောင်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ရလွန်းသဖြင့် "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အရှင်ဘုရားသည် အမိုက်တိုက်ခန်း အတွင်း၌ ဆီမီးတန်ဆောင်ကို ညှိတွန်းဘိသကဲ့သို့ ဖြစ်ပါသည် ဘုရား" ဟု ဝစီကံမြောက် ဥဒါန်းကျူး လျှောက်ထား ကြကြောင်းတို့ကို ပါဠိတော် နိဂုံးပိုင်းတို့၌ တွေ့မြင်ကြည်ညိုရမြဲ ဖြစ်ပါသည်။

ဆရာတော်ဘုရားကြီးသည် အဆင့်မြင့် စာပေနည်းပညာ (ကေပဿ=တစ်ဘက်ပြနည်း) ကို အသုံးပြုလျက် ကျစ်လျစ်သိပ်သည်းစွာ ကဗျာရေးဖွဲ့ ဆုံးမထားပါသည်။ မိမိသည် ဆရာတော်ဘုရားကြီး၏ သြဝါဒ အဆုံးအမတော်မြတ်ကို ဆရာတော်ဘုရားကြီး သိစေလို မြင်စေလို လိုက်နာစေလို သော ဆန္ဒတော်မြတ်ကို ပြည့်မီအောင် ဖြည့်ဆောင်လျက် အဆုံးအမ သြဝါဒတော်အတိုင်း လက်တွေ့ ကြီးစား ရွတ်ဆိုပွားများ လိုက်နာကြပါမူကား ကောင်းလေစွဟု ဆင်ခြင်စဉ်းစား ဆန္ဒထားမိပါသည်။ လက်တွေ့ကြီးစား ရွတ်ဆိုပွားများ လိုက်နာနိုင်သဖြင့် ဆင်းရဲကင်းပျောက် ချမ်းသာရောက် လျက် မျက်မှောက်ဘဝမှသည် နိဗ္ဗာန်တိုင်အောင် တစ်ဆင့်ထက် တစ်ဆင့် မြင့်သထက်မြင့်ဖို့ ဖြည့် ကျင့်ပွားများ နိုင်ကြပါစေဟု အလေးအနက် မေတ္တာ ထားမိပါသည်။

ထို့ကြောင့် ဆရာတော်ဘုရားကြီး၏ အဆုံးအမ သြဝါဒ ကဗျာလင်္ကာလေးကို ကိုယ်စားပြုလျက် ဆရာတော်ဘုရားကြီး၏ တပည့်သာဝက အဆက်ဆက် စာဖတ်သူအားလုံးတို့အတွက် ဓမ္မလက်ဆောင် ပဏ္ဏာပါးရင်း "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့ခံ ဆရာတော်ဘုရားကြီး ကျေးဇူးတော်အစုံ ဂုဏ်တော် အနန္တတို့ကို အာရုံပြု၍ ကောင်းမြတ်သော ဓမ္မပူဇာဖြင့် ပူဇော်လိုက်ရပါပေသည်။

ဦးကုသလ

ဂုဏ်တမ်ခုနှစ် ခြေရာ

ကျိုက်လတ်မောင်သုပိုင်

စာရေးသူတို့၏ မြန်မာနိုင်ငံတွင် အစဉ်အဆက် အုပ်ချုပ်မင်းလုပ်ခဲ့ကြသော ရှေးမင်းကောင်းမင်းမြတ်များသည် မိမိတို့ အုပ်ချုပ်လျက်ရှိသော တိုင်းနိုင်ငံအတွင်းရှိ ပူဇော်သင့် ပူဇော်ထိုက် ချီးမြှင့်သင့် ချီးမြှင့်ထိုက်သော ရဟန်းရှင်လူ ပုဂ္ဂိုလ်များကို အစဉ်အမြဲ ပူဇော်ခဲ့ကြ ချီးမြှင့်မြှောက်စားခဲ့ကြပါသည်။

ယနေ့ခေတ် ပြည်ထောင်စု မြန်မာနိုင်ငံကို အုပ်ချုပ်လျက် ရှိသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရမင်းသည်လည်း ရှေးမင်းကောင်း မင်းမြတ် များနည်းတူ ပူဇော်သင့် ပူဇော်ထိုက် ချီးမြှင့် သင့် ချီးမြှင့်ထိုက်သော ပုဂ္ဂိုလ်များကို ပူဇော် လျှက် ချီးမြှင့်လျက် ရှိပါသည်။

စာရေးသူတို့၏ ဆရာတစ်ဆူ ဖြစ်တော်မူသော အင်းစိန် မြို့နယ် အရှေ့ကြို့ကုန်း ရပ်ကွက်၊ ဗြူးကုန်းတောရ စာသင် တိုက် ကြီး၏ ပဓာ နနာယက

ဒါးပိန်မြို့.မြင်ကွင်း

ဆရာတော် ဖြစ်သော ဘဒ္ဒန္တ အာစိဏ္ဏ မဟာ ထေရ်မြတ်သည် လည်းပြည် ထောင်စုမြန်မာ နိုင်ငံတော် နိုင်ငံတော် အေးချမ်း သာယာရေး နှင့် ဖွံ့ဖြိုးရေး ကောင်စီ၏ အမိန့် ကြော်ငြာစာ အမှတ် ၁/၂၀၀၂ ဖြင့် ထုတ်ပြန်ကြေညာ၍ ဆက်ကပ် လှူဒါန်း အပ်သော ဘွဲ့တံဆိပ်ဆိုင်ရာ ချီးမြှင့်ပွဲတွင် သာသနာ၌ ဒုတိယ အမြင့်ဆုံး ဖြစ်သော အဂ္ဂမဟာပဏ္ဍိတဘွဲ့ တံဆိပ်တော်ကို ချီးမြှင့် ဆက်ကပ် လှူဒါန်းခြင်းကို ခံရပါသည်။

ဤကဲ့သို့ ထူးကဲမြင့်မြတ် သော ဘွဲ့တံဆိပ် တစ်ခု ရရှိရန်အတွက် ဆရာတော်ဘုရားကြီးသည် "ဘဝကို လုံ့လဖြင့် ထူထောင်ရမည်၊ လုံ့လထားမှ အတ္တ–ပရ အကျိုးများမည်။ လုံ့လ၊ ဝိရိယ နည်းက ဘဝ ဆက်တိုင်း ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲနှင့် လူမွဲဖြစ်တတ်သည်" ဟု တပည့်များအား ပြောဆိုဆုံးမ တတ်သကဲ့သို့ မိမိကိုယ်တိုင် လည်းပြောသည့် အတိုင်း ကျင့်သုံးတော်မူခဲ့ပေသည်။ ထိုသို့သော လုံ့လဝိရိယများ ကြောင့်ပင် ဆရာတော်ဘုရားကြီး၏ ဘဝသမိုင်းတစ် လျှောက်၌ အောင်မြင်မှု အလီလီ ဘွဲ့ထူးဂုဏ်ထူး အသွယ်သွယ်တို့ကို ရရှိတော်မူခဲ့ပါသည်။

မြတ်ဗုဒ္ဓကလည်း နိဒါနဝဂ္ဂ သံယုတ်တွင် "ချစ်သားတို့ ယုတ်သော လုံ့လဝိရိယဖြင့် မြတ်သော အရာဌာနတို့ကို မရရှိနိုင်၊

မြတ်သော လုံ့လ ဝိရိယ တို့ဖြင့်သာမြတ်သော အရာဌာနတို့ကို ရရှိနိုင်သည်"

ဟု မိန့်တော်မူခဲ့ သည့် မဟုတ်လော။

ယခု စာရေးသူ တို့၏ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ တံဆိပ်ကို ရရှိတော် မူသော ဗြူးကုန်းတောရ စာသင်တိုက်ကြီး၏ ပဓာနနာယကဆရာ တော်ဘုရားကြီး၏ လုံ့လ ဝိရိယကြောင့် ရရှိတော်မူသော ဘွဲ့ထူး ဂုဏ်ထူးများ အတွက် နောက်ကြောင်းသမိုင်း စာမျက်နှာ တချို့ကို ပြန်၍ကြည့်မည်ဆိုလျှင် ဆရာတော် ဘုရားကြီး ဗြူးကုန်းကျောင်းသို့ ရောက်စတွင် သံဃာ လေးပါး ငါးပါးမျှ ရှိသော်လည်း ယနေ့ ယခုအခါ သံဃာ အပါး (၁၀၀) ကျော် ရှိနေပါသည်။ ရောက်စတွင် ကျောင်းဆောင် ငါးဆောင်မျှ ရှိသော်လည်း ယခုအခါ ကျောင်း ဆောင် (၁၆) ဆောင် ရှိနေပါသည်။ ဆရာတော် ဘုရားကြီး၏ ဂုဏ်ကို ယုံကြည်၍ ကိုးကွယ်ဆည်းကပ်ကြသော တပည့် ဒါယကာ ဒါယိကာမ များသည်လည်း တစ်နေ့

တခြား များ၍များ၍ လာနေသည်ကို တွေ့ရပါသည်။

ထမ်းဆောင်တော် မူခဲ့ ရသော သာသနာတော် တာဝန်များကို ကြည့်မည်ဆို လျှင် မဟာဗောဓိဂိုဏ်း ကြီး၏ အကျိုး ဆောင်၊ ရွှေကျင်ဂိုဏ်းကြီး အတွက် ဝိနည်းမိုရ်၊ ရွှေကျင် နိကာယ ရတ္တညူ မဟာနာယ က တာဝန်နှင့် ဆဋ္ဌသင်္ဂါယနာတင်ပွဲ၌ ဆဋ္ဌသင်္ဂီတိ ပါဋ္ဌိပဋိုဝိ သောဓက (မိလိန္ဒပဉ္ဍာ) စသော တာဝန်များ၊

သံဃာ့ အဖွဲ့ အစည်း တွင်ပထမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန် ဆောင် (၁၃၄၂-၁၃၄၆) ဒုတိယအကြိမ် သံဃာ့အဖွဲ့ အစည်း ရန်ကုန်တိုင်းဗဟို ဝန်ဆောင် (၁၃၄၇-၁၃၅၁)စသော တာဝန်များကို တွေ့ရ ပေမည်။

အောင်မြင်ဆွတ်ခူးခဲ့သော ဘွဲ့တံဆိပ်တော်များကို ကြည့်မည်ဆိုလျှင် လည်း ပဲခူးမြို့ ဝိနယာဓိက စာမေးပွဲ ဝိနယာဓိက ပထမကျော်၊ ပဲခူး ကျောက်တန်း ပရိယတ္တိ သာသနမာမက အာဂုံ စာပြန်ပွဲ၌ ပရိယတ္တိ ပထမကျော်(ရွှေတံဆိပ်ရ)၊ သာသနဓဇသိရီ ပဝရ ဓမ္မာစရိယဘွဲ့၊ မဟာဂန္ဆ ဝါစကပဏ္ဍိတဘွဲ့ တံဆိပ်တော်နှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်များကို တွေ့ရပေမည်။

ဤသို့ ကြီးမြတ်တော်မူလှသော ဂုဏ်ထူး ဘွဲ့ထူးများဖြင့် ထင်ရှားတော်မူသော ဆရာတော် ဘုရားကြီး၏ မွေးရပ်ဇာတိ ချက်မြှုပ်ရာ ဒေသ ဖြစ်သော ရန်ကုန်တိုင်း၊ လှည်းကူးမြို့နယ် ဘုရားကွင်း ကျေးရွာလေးသို့ စာရေးသူတို့အဖွဲ့သည် ဆရာ ဦးထွန်းလွင် (ဓမ္မာစရိယ၊ ဘီအေ၊ ရတနာမွန်၊ မဂ္ဂဇင်းနှင့် ရတနာ့တံခွန် မဂ္ဂဇင်း အယ်ဒီတာချုပ်) ၏ အစီအစဉ်ဖြင့် (၆-၂-၂၀၀၂) ရက်နေ့က သွားရောက်၍ မှတ်တမ်းယူခဲ့ကြပါသည်။



တောရကျောင်းအတွင်းရှိ မဟာဗောဓိပင်

မှတ်တမ်းတင် ခရီးထွက်ခွာ ရန်စာရေးသူတို့ အဖွဲ့သည် အဖွဲ့ ခေါင်း ဆောင်ဗြူးကုန်း တိုက်အုပ် ဘုန်းကြီး ဦးကုမာရ (ဓမ္မာ စရိယ)နှင့် နောက်ပါသံဃာ နှစ်ပါးနှင့် အတူ ဆရာ ဦးထွန်းလွင် အိမ်၌ ညအိပ် ကြပါသည်။ နံနက်မိုး သောက် သည်နှင့် ဆရာတို့ မိသားစုမှ သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်၍ ပရိတ် တရားများ နာယူ ကြပါသည်။

ပရိတ်တရားများ ပြီးဆုံးသွားသည်နှင့် ဆရာတို့ မိသားစုက သာဓု အနုမောဒနာ ခေါ်ဆိုကြ ကာ စာရေးသူတို့၏ မှတ် တမ်းတင် ခရီးအစကို ဆရာ့ ဇနီး ဒေါ်စိုးမြင့် ကိုပါ ကပ္ပိယ ဒါယကာမအဖြစ် လိုက်ပါစေ၍ ထွက်ခွာစေခဲ့ပါသည်။

အဂ္ဂမဟာပဏ္ဍိတ အလောင်းအလျာ ရွှေချက်တော်သိုရာမြေကို ဝါးလုံးထောက်၍ ရပ်ထားသည်

စာရေးသူတို့သည် ရေးဦးစွာ သက်နိုးကျွန်းမှ ဒါးပိန်သို့ လိုင်းကားဖြင့် ထွက်လာခဲ့ကြပါသည်။ ဒါးပိန်သို့ နံနက် ကိုးနာရီခန့်တွင် ရောက်လာခဲ့ပါသည်။ ဒါးပိန်ကားဂိတ်တွင် စာရေးသူတို့ ခရီးအတွက် တစ်ရက်ကြို၍ ရောက်နှင့်နေသော မယဉ်မြင့် (ပြုံးကုန်းဆရာတော်၏မြေး) ၏ စီစဉ်မှုဖြင့် သူ၏ မောင်ဖြစ်သူ ပန်းပုပညာရှင် မောင်မျိုးနိုင်လာ၍ကြိုနေသည်ကို တွေ့ရပါသည်။

စာရေးသူတို့သည် ဒါးပိန် ဇောတိကာရုံ ကျောင်းတော်ကြီးအား ဝင်၍ ဦးခိုက်ကြပြီး ဆရာတော် ဘုရားကြီး၏ တူမဖြစ်သူ ဦးစောမောင်–ဒေါ်မြညွှန့်တို့အိမ်သို့ သွားခဲ့ကြပါသည်။ ဒေါ်မြညွှန့်တို့အိမ်တွင် အဆာပြေ အချိုပွဲများ စားပြီး မဟာဗောဓိ ဆရာတော် ဘုရားကြီး သီတင်းသုံးတော်မူခဲ့ရာ ဒါးပိန်တောရကျောင်းသို့ သွားခဲ့ကြပါသည်။

ဒါးပိန်တောရကျောင်း သိကောင်းစရာ

ဒါးပိန်တောရကျောင်းသည် ထန်းပင် ထန်းတောတို့၏ အလယ်၌ စေတီပုထိုး၊ သိမ်ကျောင်းစသည်တို့ဖြင့် သာမောဖွယ်အတိ တည်ရှိနေပါသည်။ ကျောင်းဝင်းအတွင်းသို့ ဝင်လိုက်သည်နှင့် အိုမင်းနေသော အဆောက်အအုံတစ်ခုအား အုတ်အင်္ဂတေတို့ဖြင့် ပြုပြင်မွမ်းမံထားသည်ကို တွေ့ရ၏။ စာရေးသူတို့နှင့် အတူပါလာသော ဦးစောမောင်၊ ဦးသိန်းသန်း တို့က "ဒီ အဆောက် အအုံကြီးက ရှေးနှစ်ပေါင်း နှစ်ရာခန့်က တည်ဆောက် ခဲ့တဲ့ သိမ်ကျောင်း ဖြစ်ကြောင်း၊ ယခုလက်ရှိ ဆရာတော်က ရှေးဟောင်း အမွေအနှစ်များ မပျက်စီးရအောင် အခုမြင်တဲ့အတိုင်းထိန်းသိမ်း စောင့်ရှောက်နေကြောင်း ရှင်းပြပါသည်။

သိမ်နံဘေးတွင် သဟာယ်စွာ တည်ရှိနေသော စေတီတစ်ဆူအား ညွှန်ပြရင်း ဦးစောမောင်တို့က "ဒီစေတီနေရာဟာ ရှေးတုန်းအခါက မဟာဗောဓိ ဆရာတော်ဘုရားကြီး သီတင်းသုံးတဲ့ ကျောင်းနေ၄ ဖြစ်ကြောင်း ရှင်းပြ၍ စာရေးသူတို့သည် သိမ်၊ ကျောင်းတော်နှင့် စေတီတော်တို့အား ဓာတ်ပုံရိုက်ယူကြပါသည်။

ထို့နောက် စာရေးသူတို့သည် ကျောင်းရှိ သံယာတော်များအား ဖူးမြင်နှုတ်ဆက်ကြပြီး မဟာဗောဓိ ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် ရှေးအခါက စိုက်ပျိုးတော်မူခဲ့သော မဟာဗောဓိပင်ကြီးအား အမှတ်တရ ဓာတ်ပုံများ ရိုက်ကြပြီး မဟာဗောဓိ ဆရာတော်ဘုရားကြီး၏ ဂုဏ်ကို အာရုံယူဦးတိုက်ကာ ဒါးပိန်တောရကျောင်းမှ ပြန်ခဲ့ကြပါသည်။

နေ့လယ် ၁၁ နာရီခန့်တွင် ဒေါ်မြညွန့် အိမ်တွင် ဆွမ်းဘုဉ်းပေးကြပြီး ကျွဲကူးဆိပ်ကျေးရွာသို့ မြင်းလှည်း ဖြင့် ထွက်ခဲ့ ကြပါသည်။ မြင်းလှည်း လမ်း ဆုံး သည်နှင့် မြစ်ကြီး တစ်ခုအား တွေ့ရပါသည်။ ဦး သိန်းသန်း က...

"ဒီဘက် ကမ်းကကျွဲကူးဆိပ်ကျေးရွာ၊ မြစ်တစ်ဖက်ကမ်းကတော့ ဆရာ တော် ဦးအာစိဏ္ဏတို့ ဦးစီးဆောင်ရွက်နေတဲ့ အလှည့် ကျ မဟာဗောဓိ စာပြန်ပွဲကြီး တည်ရာသပြုကျေးရွာပဲ" ဟု ပြောပြ၏။



ဘုရားကွင်းရွာမှ အပြန်

မှန်ပါသည်။ သပြုကျေးရွာသည် မဟာဗောဓိ စာပြန်ပွဲကြီး၏ ပင်မအခက်အလက်ကြီးတစ်ခု ဖြစ်ပါ သည်။ ကျောက်တန်း၊ အုန္နဲ၊ သပြုကျေးရွာများသည် မဟာဗောဓိ ဝိနည်းစာပြန်ပွဲ သုံးနှစ်တစ်ကြိမ် အလှည့်ကျ ကျင်းပခဲ့ရာ ရွာကြီးများ ဖြစ်ပါသည်။ ဗြူးကုန်းဆရာတော်သည် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ် ရရှိရန် ဤမဟာဗောဓိ စာပြန် ပွဲကြီး၌ ပထမအားမာန်သစ် ခြေလှမ်းများ ချခဲ့သည် မဟုတ်ပါလား။ မှန်ပေသည်။ ဗြူးကုန်းဆရာတော်သည် ၁၅ နှစ် အနှစ် ၂၀ ဝိနည်းပြန်ဌာနတာဝန်၊ စာချတာဝန်၊ နိုင်ငံလုံးဆိုင်ရာ ရွှေကျင်ဂိုဏ်း တာဝန်များကို ထမ်းဆောင်ခဲ့သည်။

ဤသို့ အာရုံယူကာ သပြုကျေးရွာ ဆိပ်ကမ်းသာအား ဓာတ်ပုံရိုက်ယူခဲ့ပါသည်။ ထိုအချိန်တွင် မဟာဗောဓိဂိုဏ်းကြီး၌ အလွန်ကျေးဇူးများသော ဦးမြင့်အေး(ဆန်စက်ပိုင်ရှင်)၏ ညီဖြစ်သူ ရောက်လာပါသည်။ စာရေးသူတို့အဖွဲ့အား ဗြူးကုန်းကျောင်းမှ လာသည်ဟု သိသောကြောင့် ဦးမြင့်အေး ဆန်စက်သို့ ပင့်ခေါ်ပြီး အအေးများဖြင့် လှူဒါန်းဧည့်ခံပါသည်။

နေ့လယ် တစ်နာရီခွဲခန့်တွင် ကျွဲကူးဆိပ်ကျေးရွာမှ ပြန်ခဲ့ကြပြီး ဒေါ်မြညွန့် မိသားစု စီစဉ်ပေးသော လှည်း နှစ်စီးဖြင့် ဆရာတော်ဘုရားကြီး မူလဘဝ အစချက်မြှုပ်ရာ ဇာတိဖြစ်သောဘုရားကွင်း ကျေးရွာလေးသို့ ထွက်ခဲ့ကြပြန်ပါသည်။

ဘုရားကွင်းကျေးရွာ ရှုခင်းသာ

စာရေးသူတို့သည် လှည်းများကို ဒါးပိန်ကျေးရွာအတွင်းမှ ဖြတ်မောင်း လာကြပြီးရထားလမ်းတစ်ခုကို ကျော်ကာ မြောက်ယွန်း ယွန်း လယ်ကွင်းများဆီသို့ ဦးတည်ခဲ့ကြပါသည်။

လမ်းတစ်လျှောက် တွင် ရိုးပြတ်ပင်များနှင့် ပဲမျိုး စုံ စိုက်ခင်းများ ကြီးမား ကျယ်ပြန့်သော မြန်မာကုက္ကိုပင်ကြီးများကို တွေ့ခဲ့ရပါသည်။

နာရီဝက်သာသာခန့် လှည်းများဖြင့် လာမိကြသောအခါ ဘုရားကွင်း ကျေးရွာ၏ ရွာဦးကျောင်းကို လှမ်းတွေ့နေရပါသည်။ စာရေးသူတို့သည်

ကျောင်းအနီး လှည်းလမ်းလေးမှ ရွာတွင်းသို့ဝင်ကာ ရွာမြောက်ဘက် ဆရာတော်ဘုရားကြီး၏ ဘဝအစ ချက်မြှုပ်ရာ အိမ်နေရာလေးဆီသို့ သွားခဲ့ကြပါသည်။

ယခုအခါ ဆရာတော် ဘုရားကြီး၏ အိမ်နေရာ အနီးတွင် ဦးပါတွန်–ဒေါ်စန်းမြင့် မိသားစုနှင့် ဦးခင်ဇော်–ဒေါ်ညိုမိသားစုတို့ နေထိုင်လျက်ရှိပါသည်။ စာရေးသူတို့ ရောက်လာသောအခါ ဦးပါတွန် မိသားစုက ကြိုဆိုကြပြီး ဆရာတော်ဘုရားကြီး၏ အိမ်နေရာလေးကို လိုက်ပြကြပါသည်။

စာရေးသူတို့ အဖွဲ့သည် ဆရာတော် ဘုရားကြီး၏ အိမ်နေရာလေးကို လှည့်လည်ကြည့်ရှုကြပြီး ဓာတ်ပုံရိုက်ယူကြပါသည်။ ထိုအချိန်တွင် စာရေးသူတို့နှင့် အတူပါလာသော ဆရာတော်၏ တူမဖြစ်သူ ဒေါ်မြညွှန့်က ဆရာတော်ဘုရားကြီး၏ မိဘများ ဤနေရာလေးမှ စွန့်ခွာထွက်ခွာခဲ့ကြပုံများကို ပြောပြခဲ့၏။

ဒေါ်မြညွှန့်၏ ပြောပြချက်များတွင် ထိုခေတ်အခါက သမိုင်းကြောင်းတို့သည် အလွန်အကျည်းတန်လှ၏။ လက်နက်ရှိသူက လက်နက်အားကိုးဖြင့် လူသတ်လုယက်ဓားပြတိုက်စသော အယုတ်ဇာတ် လမ်းအမျိုးမျိုးတို့ကို ပြုလုပ်လျက် သူနှိုင်ငါညှဉ်း စနစ်အောက်တွင် နေခဲ့ကြရ၏။ ဆရာတော်ဘုရားကြီးတို့၏ မိသားစုများသည်လည်း ထိုခေတ်ဆိုး စနစ်ဆိုးအောက်တွင် သူခိုး ဓားပြတို့၏ လုယက်နှိပ်စက်မှုဒဏ်ကို အကြိမ်ကြိမ် ခံခဲ့ကြရလေ၏။ ထို့ကြောင့် ဤနေရာ ဤဌာနလေးကို ချစ်သော်လည်း ပစ်ခွာ၍ ဒါးပိန် အရပ်သို့ ပြောင်းရွှေ့နေထိုင် ကြရ၏။

အိမ်ခြံဝင်း၏ အရှေ့ဘက်တွင် ရိုးချောင်းကလေးတစ်ခုကို တွေ့ရ၏။ ထိုချောင်းလေးသည်ပင် သူသည် အတိတ်ဆီက ချောင်းမကြီးတစ်ခု ဖြစ်ခဲ့ကြောင်း သူ့ဘဝနှင့် လူ့သမိုင်းဖြစ်စဉ်များကို ပြန်လှန်၍ ပြောပြချင်နေသည်လား မသိ။ ချောင်းနံဘေးရှိ သမန်းမြက်ပင်လေးများကို ပွတ်သပ်နှုတ်ဆက် စီးဆင်းနေရင်း စာရေးသူတို့အား ဟန်ရေးပြနေပါသည်။

စာရေးသူတို့သည် ဆရာတော်ကြီး၏ ချက်မြှုပ်မွေးဖွားခဲ့ရာ အိမ်နေရာအနီးရှိ ဝါးရုံပင်ရိပ်၌ နားခိုကြရင်း ဒေါ်မြညွှန့် ပြောပြသော အတိတ် ဝိပတ္တိခေတ်ကြီး၏ · အနိဋ္ဌာရုံမြင်ကွင်းများကို သံဝေဂဖွားဖွယ် မှတ်သားခဲ့ကြရပါသည်။ တစ်ဆက်တည်းမှာ ပင် ဤနေရာလေးသည် လွန်ခဲ့သော နှစ်ပေါင်း (၈၀) ကျော်အခါက ဆရာတော်ဘုရားကြီးကို ခမည်းတော် ဦးဖိုးကျယ် မယ်တော် ဒေါ်ပိုတို့က မွေးဖွားပေးခဲ့သည်။ ဤနေရာလေးမှ မွေးဖွားလာသော အာဇာနည် သားမြတ် ရတနာ

ဘုရားကွင်းကျေးရွာကို အဝေးမှ မြင်တွေ့ရပုံ

တစ်ပါးသည် ယခုအခါ လူပြည်လူ့လောက၏ ကောင်းကျိုးတရား တို့ကို အဆင့်ဆင့် တိုးပွားအောင် ဆောင်ရွက်ပေးနိုင် ခဲ့ချေပြီ။

ခေတ်သမိုင်းတို့သည် မည်မျှပင် ကြမ်းကြ ရိုင်းကြပါသော်လည်း အာဇာနည် သားမြတ်သားကောင်း တစ်ပါး၏ ဘဝသမိုင်းကို တော့ မရိုင်းစေနိုင် ခဲ့ပါ။ မဝါးမြိုနိုင်ခဲ့ပါ။ ဗုဒ္ဓမြတ်စွာ ဒေသနာတစ်ခု၌

"ချစ်သားတို့ လောက၌ အာဇာနည်သား ကောင်း တစ်ယောက် ဖြစ်ဖို့ အလွန်ခဲယဉ်း၏။

အာဇာနည် သားကောင်းသည် နေရာတိုင်း၌ မဖြစ်၊

အာဇာနည် သားကောင်းတစ်ယောက် ဖြစ်ထွန်းလာသော အမျိုးတို့သည် ချမ်းသာသုခ အဝဝကို ခံစားနိုင်သည် ဟု မိန့်ဆိုသော စကားကို ဆရာတော် မွေးဖွားခဲ့ရာ အိမ်နေရာလေးမှ ဆင်ခြင်ပွား များမိပါသည်။

ညနေ သုံးနာရီ ခန့်တွင် ဆရာတော် ဘုရားကြီး၏ အိမ် နေရာလေးကို မှတ်တမ်းတင်ပြီး ထိုအိမ် နေရာလေး၌ နေထိုင်ကြသော ဦးပါတွန်နှင့် ဦးခင်ဇော်တို့ မိသားစုများ အား နှုတ်ဆက်ကာ ဘုရားကွင်း ကျေးရွာ၏ ရွာဦးကျောင်းသို့ လှည်းများဖြင့် ထွက်ခဲ့ ကြပြန်ပါသည်။

သပြေကျေးရွာအလှ

ရွာကျောင်းဝင်းကို အဝေးမှ လှမ်းကြည့်လိုက်သောအခါ ဝါးရုံပင်၊ ကုက္ကိုပင်၊ ထန်းပင်များဖြင့် ဝန်းဝိုင်းလှပနေပါသည်။ ကျောင်းဝင်းအတွင်းသို့ ဝင်လိုက်သောအခါ သမိုင်းဝင် ကျိုက်မတ္တီကော စေတီကြီးမှ ပျံ့လွင့်လာသောဆည်းလည်းသံ ချိုမြမြတို့ကို ကြားလိုက်ရပါသည်။ သမိုင်းဝင် ကျိုက်မတ္တီကော စေတီတော်ကြီးသည် ထန်းပင်များ၏ အလယ်၌ တင့်တယ်သပ္ပာယ်လွန်းလှ၏။ ဖူးမဝ နိုင်အောင် ရှိခဲ့ရပါသည်။

ဤကျောင်းကန်၊ ဤဘုရား စေတီတို့သည် ဆရာတော်ဘုရားကြီး၏ အမိ၊ အဖ၊ အဘိုး၊ အဘွား အစဉ်အဆက် ကိုးကွယ်ခဲ့သော ကျောင်းကန်ဘုရားများ ဖြစ်ပါသည်။ မိဘဘိုးဘွားတို့၏ နှလုံးအိမ်၌ တည်ကိန်းလာခဲ့သော သာသနာအပေါ် ယုံကြည်ကိုးစားခဲ့သော သဒ္ဓါဓာတ်တို့သည် ဆရာတော် ဘုရားကြီး၏ နှလုံးအိမ်၌ ကူးစက်ကာ ထိုသဒ္ဓါဓာတ်ကို အရင်းပြု၍ ပညာ ဝိရိယတို့ဖြင့် ထပ်ဆင့်ဘဝကို ထူထောင်လိုက်သောအခါ အောင်ပန်းအလီလီ ဂုဏ်ထူးအသွယ်သွယ်တို့ဖြင့် တင့်တယ်

သော အာဇာနည်သားကောင်း ရတနာတစ်ပါး ဖြစ်ခဲ့ရပေပြီ။

ထို့ကြောင့် ဤနေရာ ဤဌာနသည်လည်း တပည့်များ ဖြစ်ကြသော စာရေးသူတို့အဖို့ ဂုဏ်ယူဝင့်ကြွား မမေ့အပ်သော နေရာလေးအဖြစ် သမိုင်းဝင် ကျိုက်မတ္တကော စေတီနှင့်တကွ ရုပ်ပွားဆင်းတုတော်များ၊ ကျောင်းကန်များကို မှတ်တမ်းဓာတ်ပုံ ရိုက်ယူကြရင်း ကျောင်းရှိ သံဃာတော်များနှင့် ဘုရားဂေါပကများနှင့် တွေ့ဆုံကြပြီး ညနေလေးနာရီကျော်ကျော်ခန့်တွင် စာရေးသူတို့အဖွဲ့သည် ဆရာတော်ဘုရားကြီး၏ မွေးရပ်မြေ ဘုရားကွင်း ကျေးရွာလေးမှ ခွဲခွာထွက်ခဲ့ကြပါသည်။

ဒါးပိန်မြို့သို့ ရောက်သည်နှင့် ဦးစောမောင်–ဒေါ်မြည္ဌန့်တို့ တည်ခင်းသော ညနေစာကို ကပ္ပိယများက စားသောက်ကြပြီး ဒါးပိန်ဘူတာသို့ ထွက်ခွာခဲ့ကြပါသည်။ ဒါးပိန်ဘူတာမှတစ်ဆင့် ပဲခူး၊ ရန်ကုန် ကားရထားကိုစီး၍ ရန်ကုန်သို့ ပြန်ခဲ့ကြပါသည်။

ကားရထားကို စီးလာရသော အချိန်၌ ပတ်ဝန်းကျင် တစ်ခုလုံးသည် အမှောင်ထုများ ကြီးစိုးနေချေပြီ။ စာရေးသူသည် အမှောင်ထုတွင်း သို့ငေးမောကြည့်မိရင်း ဥာဏ်အလင်း၌ မြင်နေရသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ထူးတစ်ခု၏ အစပြုသော ဘုရားကွင်းကျေးရွာနှင့် ဒါးပိန်မြို့ဝန်းကျင်ရှိ ဆရာတော်ဘုရားကြီး၏ သမိုင်းခြေရာများကို မြင်တွေ့နေရပါသည်။

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ထူးတစ်ခုသည် မြန်မာပြည်၌ အထူးအမြတ် ပူဇော်အပ်သော ဘွဲ့ထူးတစ်ခု ဖြစ်ပါသည်။ ထိုဘွဲ့ထူးတစ်ခုအတွက် စာရေးသူသည် အမှောင်တွင်းမှ မြင်နေရသော ဥာဏ်အလင်းဖြင့် ဆရာတော်ဘုရားကြီး၏ ဂုဏ်တော်များကို အာရုံယူကာ အောက်ဖော်ပြပါ "တင့်ဂုဏ်ရောင် နေတစ်နှုန်းသာပ" တေးထပ်ဖြင့် ရေးသားပူဇော်မှတ်တမ်းတင်အပ်ပါတော့သည်။

အဂ္ဂမဟာပဏ္ဍိတ
မြန်ပြည်က ပူဇော်
စံမှီရ ဇမ္ဗူပေါ်ဝယ်
ထေရ်ရှင်ကျော် ဂုဏ်ထူး
ဗြူးကုန်းကျောင်း ဗိမာန်တော်ဝယ်
ရိပ်စံပျော် မွေ.ရှင်လိုမြူး
ဘဒ္ဒန္တ အာစိဏ္ဏ မဟာထေရ်
သီဿတွေ ကြယ်သောက်ရှူး
လမ်းပြနော် လင်းရောင်ကျူးပါလို့
တင့်ဂုဏ်ထူး ထိန်ဝါ
ကျင့်သိက္ခာ မွေးသီလရယ်က
ဖွေးဖြူးစွ မှန်စွာ
မြတ်ဗုဒ္ဓ ရှေသာသနာတော်ကို
ရှည်ကြာစွာ တင့်စေကြောင်းရယ်မို့
တပည့်အပေါင်း တည်ထောင်
ထွန်းပဂုဏ်ရောင်
ပရိယတ္တိ မြင့်ဘုံဆောင်အလယ်
တင့်ဂုဏ်ရောင် နေတစ်နှုန်းသာပလေး။

တပည့်
ကျိုက်လတ်မောင်သုဝိုင်





မြူးကွန်းနှင့်
သူတို့အမြင်



၁။ သပြေကန်ဆရာတော်

၂။ ထွန်းလွင် (ဓမ္မာစရိယ၊ ဘီအော)

၃။ မင်းယုဝေ

၄။ စာတည်းအဖွဲ့ဝင်တစ်ဦး

၅။ ဌေးလွင် (ဆားလင်းကြီး)

၆။ ရဝေထွန်း

၇။ ကိုတိုး (မြစ်ခြေ)

ဤသူတို့အမြင်ကဏ္ဍသည် ဖြူးကုန်းနှင့်ပတ်သက်၍ စာနယ်ဇင်းများတွင် ဖော်ပြပြီး စာမူများ ဖြစ်ပါသည်။

ပြူးကုန်းတောရ စာသင်တိုက် ၇၅ နှစ်ပြည့်

စိန်ရတုမင်္ဂလာ ထောမနာ အာသီသဂါတာ

[ရွှေကျင်နိကာယဥပဥက္ကဋ္ဌ မဟာနာယက၊ တွဲဖက်ရွှေကျင် သာသနာပိုင် အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု သပြေကန်ဆရာတော် ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသာ ချီးမြှင့်သည်။]

ပြူးကုန်းတောရာမှ အာရာမော၊
စိန်ရတုကာလ မာဂတော။
ဟာသယံ ဇနာနံ ဒါနိ၊
ဝိရောစိ သသိရိ ဓရံ။

စိန်ရတုကာလံ=လောကအသုံးဝယ်၊ ခုနစ်ဆယ့်ငါး၊ မှတ်သားဖွယ်တစ်ခု စိန်ရတုကာလ ထူးမြတ်သော ခါသမယသို့၊ အာဂတော=သူ့ဆရာနှင့် သူ့ဆရာ၊ သူ့အခါနှင့်သူ့အခါ သာယာဖွယ်တစ်ချက်၊ အပျက်နှင့် တစ်ဖုံ၊ ကြုံကာဆုံကာ၊ အခါတွေကြာညောင်း ပြောင်းလွှဲဆိုက်ရောက်လာခဲ့သော။ **ပြူးကုန်းတောရာမှ အာရာမော**–ပြူးကုန်းတောရဟု လောကအခေါ် ပျော်ဖွယ်တည်ဘိအမည်ရှိရာ သာသနာသိုက် ပရိယတ္တိ ရတနာတိုက်သည်။ **ဒါနိက္ကုဒါနိ**=အရှင်အာစိဏ္ဏ အစွမ်းပြလျက်

တိုးတက်အောင်ဖန် စိမ်ပြုလာ ယခုအခါ၌။ **သသိရိ**= အသိမာတ် အကျင့်မာတ်၊ နှစ်ရပ်ကိုဖန် အကြံမြတ် ဘိ ဖန်တတ်သည့်အနေ သမ္ပတ္တိ**အထွေထွေ**၊ ကျက်သရေ ကိုယ့်အလှကို။ **ဝရံ–ဝရန္တော**=ဤ ကုန်းတော် ပွေအမြင့်က ရွှေကျင့်ကျက်သရေ လက်ဝေတကြွကြွ ပြသဆောင်ထားခဲ့သည်ဖြစ်၍ **ဇနာနံ**=အရင်းအဖျား မျှားပြားသောင်းသောင်း ဤ ကျောင်းတိုက်အတွင်း ချင်းနင်းဝင်သူ ရှင်လူအပေါင်း တို့ကို၊ **ဟာသယံ ဟာသယန္တော**=ပျော်ဖွယ်အသွင် ရွှင်ဖွယ်အချက် ပြုလျက်အသွင် မြင်စေအလိလိ ရွှင်စေသည်ဖြစ်၍။ **ဝိရောစိ**=အဟောဝတ အော် ကောင်းစွဟု ရွှင်ပျ စဖွယ် ဝင့်ထယ်တကယ့် တင့်တယ်ခဲ့ပါပေပြီတကား။

ဏ ပဿထ ဓမ္မသ၊
ကထံ ဝုဋ္ဌိကရောတိသ။
ဒဿယံ ဂရုသောတူနံ၊
ယောဂံ ဝေတိ ဇနေ ဣဒေ၀။

ဏ–ပညာလဲပါ သဒ္ဓါလဲ့လဲ့ မကွာဖွဲ့ကာ လာလှည့်ကြပါကုန်လော့။ **ပဿထ**=အာရုံပြုငြား ဂရုထားလျက် သူ့အလားအခါခါ ရှုးစားလှည့်ပါကုန်လော။ **သ–သော–ပြုုန်းတောရာဝ အာရာမော**= ပြုုကုန်းတောရ လောကအခေါ် ပျော်ဖွယ်ရွှင်စရာ မင်္ဂလာအပေါင်းဆိုက် ထိုကျောင်းတိုက် အာဝါသ သည်။ **ဓမ္မသ**=သတိကပ်လျက်၊ သိအပ်အစားစား ပရိယတ်တရားတော်ကို။ **ကထံဝုဋ္ဌိကရော**=ဆထက် ထမ်းပိုး ကြိုးထက်ကြိုးလျက် နှုးကြားသမျှ၊ အဘယ်ပုံ တိုးပွားအောင် ပြုနေပါသနည်း။ **ဣတိ**= ကျောင်း တိုက်ခြင်းရာ လက္ခဏာကို သေချာစစ်ဆေး အဖြေ ပေးသကဲ့သို့ပင်။ **ဂရုသောတူနံ**=တာဝန် ကိုယ်စီ ထမ်းကြမည်ဟု ဤကားငါ့တာ၊ ,ဒါ သူ့တာဟု၊ ခွဲကာထမ်းသည့် သတိမကွာ အသိပါသည့် ဆရာ တပည့်အပေါင်းတို့၏။ **ယောဂံ**=နေ့ချင်းဆက်စပ် မပြတ်ဆော်နှိုး နှုးကြားမကင်း ကြိုးစားခြင်းကို။ **ဒဿယံ**=သူငါရှင်ပျ အမြင်လှအောင် ရုပ်ပြအလျော်၊ ထုတ်ပြဖော်လျက်။ **ဇနေ**=ဘုရားတပည့် တရား ရှိကြတဲ့ သာသနာ့ကာမီ ပါရမီရှင်ကောင်း ရှင်လူ အပေါင်းတို့ကို။ **အဝေတိဣဝ**= မိမိ သရုပ်ပြလျက် ထုတ်ပြမြွက်ဖော် ပျော်စေအတိ ခေါ်နေဘိသကဲ့သို့ ဖြစ်ပါပေတော့သတည်း။

သတ၀ဿာဒိကာလမ္ပိ၊
ပါပယံ အနုပုဗ္ဗသော။
သဘာရံ ဓာရယံ သဗ္ဗေ၊
ဣမံ ရက္ခန္တု သဗ္ဗဒါ။

အနုပုဗ္ဗသော=စိန်ရတုကာလ ဤသမယမှ စတင်ထွင်ငြား အစဉ်အားဖြင့်။ **သတ၀ဿာဒိကာ လမ္ပိ**=ရ၅ အစထားလျက် တိုးပွားလာဘိ ရာပြည့် အစ ထိုထိုဂုဏ်ပြုရမည့် ကာလသို့လည်း။ **ပါပယံ ပါပယန္တော**=တပည့်ဆရာ၊ ဆရာတပည့် နှစ်ဖြာ ညှိလျက် တိုးတက်ကြီးစား နှုးကြားအားစိုက် သမိုက် မြောက်လေ၊ ဆိုက်ရောက်စေလျက်၊ **သဗ္ဗေ**=ဆရာနဲ့ တပည့် တပည့်နဲ့ဆရာ ဒကာဒကာမ သာသနာ့ဝန် တာ တူညီစွာလက်တွဲ မြှမြှကြီးထမ်း အစွမ်းထုတ်လို ပုဂ္ဂိုလ်အမျိုးစုံတို့သည်။ **သ–ဘာရံ=သာဂါရာ အနာဂါရာစ၊ ဥဘောအညောညဉ္စ နိဿိတာ၊ အာရာ ဝယန္တိ သဒ္ဓမ္မံ၊ ယောဂကွေမ မနုတ္တရံ**=ထုတ်ပြန် ညွှန်ရာ မိမိ မိမိတို့၏ ဝန်တာကို။ **ဓာရယံ**= ပညာ လဲပါ၊ သဒ္ဓါလဲရှိ သတိဝိရိယ တက် ကြွလွှမ်းပြောင် ထမ်းဆောင်သယ်ပိုး ကြကုန်လျက်။ **သဗ္ဗဒါ**= သာသနာပြု အမှုထမ်းရာ ကြိမ်လာသမျှ ချိန်ကာလ ပတ်လုံး။ **ဣမံ**=ပြုုကုန်းတောရ သာသနာ့ သိုက် သမိုက်ဖော်ရာ တိုက်တော်ရတနာကို။ **အနုရက္ခန္တု**= သာသနာ့တာဝန် တို့တာဝန်ဟု လမ်းညွှန်ဖော်ထား နှုးကြားရှင်ပျ၊ စောင့်ရှောက်တော်မူ နိုင်ကြပါစေကုန် သတည်း။

သပြေကန် ဆရာတော်
အရှင်ဝါသေဋ္ဌာဘိဝံသ

ထွန်းလွင် (ဓမ္မာစရိယ၊ ဘီအေ)

အခုနေ ပိဘာခါတို့ အနာထပိဏ်တို့နဲ့များ တွေ့ရရင်လား



ဝိုးထပ် ကျောင်း ဆောက်ရန် အတွက် စည်းဝေး နေကြစဉ်

တစ်လောက ကျွန်တော် ပြူးကုန်းတောရ ဆရာတော်ကြီးထံ ရောက်ဖြစ်ခဲ့သေးသည်။ အကြောင်းက ကျွန်တော်တို့တိုက်က ပြုလုပ်မည့် ဗုဒ္ဓာဘိသေက အနေကဇာတင်ပွဲအတွက် ပင့်ရန် ဖြစ်သည်။

ပြူးကုန်းတောရနှင့် မလှမ်းမကမ်းမှာ ရှိနေသည့် စော်ဘွားကြီးကုန်းရပ်ကွက် အသောကာရုံ ရွှေကျင်ကျောင်းတိုက်မှာ ကျွန်တော်တို့ ဥာဏ်လင်း စာပေနှင့် ရွှေသမင် စာပေတိုက်က ဘုရားတံကဲတော်ကြီး အပါအဝင် သုံးပေကျော်ကျော်

ဗုံးတပ်ကျောင်း မြေနေကဲ့ မြောက်မင်းတန် ဆင်ယင်စဉ်

ရှိသည့် ကြေးဆင်း တုတော်ကြီး တစ်ဆူ လှူဒါန်းပူဇော်ထားသည်။ ခေတ်ကာလ တန်ဖိုးငွေ တစ်သိန်းကျော် တန်သည်။ ထိုဘုရားရှင်ကို ယခုလာမည့် ၁၉၉၈ ခု ဖေဖော်ဝါရီလ ၁ ရက်နေ့မှာ အနေကဇာတင်ပွဲ ကျင်းပမည် ဖြစ်သည်။ ထိုပွဲတွင် ဗဟန်းရေတာရှည်လမ်းသစ် သိရီမန္တာ စံကျောင်း ဆရာတော်ကြီး ဘဒ္ဒန္တ ရာဇိန္ဒာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) နှင့် ပြုံးကုန်းဆရာတော်ကြီး ဘဒ္ဒန္တ အာစိဏ္ဏ (မဟာဂန္ဓ ဝါစကပဏ္ဍိတ) တို့ကို ပင့်သံယာအဖြစ် ပင့်သည်။ အသောကာရုံ ဆရာတော်ကြီး ဘဒ္ဒန္တ ဉာဝရ (ပဲခူးကျောက်တန်း မဟာဗောဓိ ရွှေကျင်းနိကာယ တတိယဂိုဏ်းချုပ်) ဆရာတော်ကြီးကို အမှူးထား၍ ကျင်းပသော ပွဲတော် ဖြစ်သည်။

ထိုနေ့က ပြုံးကုန်းဆရာတော်နှင့် ကျွန်တော်တို့ စကားစမြည် ပြောနေခိုက် ကြို့ကုန်းအရှေ့ ရပ်ကွက်မှ ဒေါ်စန်းစန်း ရောက်လာသည်။ ရောက်လာသည် ဆိုရင်ပဲ ဒေါ်စန်းစန်းက-

"အတော်ပဲ၊ ဆရာ့ကိုမျှော်နေတာ"

ဟု စကားစလိုက်သည်။

"ကျွန်တော်လဲ ဒေါ်စန်းစန်းနဲ့ တွေ့ချင်နေတာ၊ ကိုတိုး သတင်း သိချင်လို့"

"ကိုတိုးမောင် နေကောင်းပါတယ်၊ အိမ်မှာ တယ်လီဖုန်း တပ်ပြီးပြီမို့ အရင်ကလို စာမရေးတော့ဘူး၊ ဖုန်းနဲ့ပဲ ပြောစရာရှိရင် ပြောတော့တယ်"

ကိုတိုးမောင်မှာ ဒေါ်စန်းစန်း၏ ခင်ပွန်းဖြစ်ပြီး ရန်ကုန် စက်မှုတက္ကသိုလ်မှ ဆောက်လုပ်ရေး အင်ဂျင်နီယာဘွဲ့ရ ဖြစ်ပြီး ယခု စင်ကာပူနိုင်ငံမှာ အလုပ်လုပ်နေသည်။

"နို့... ဆရာ့ဆီကော"

"ကျွန်တော့်ဆီတော့ ဒီနှစ်ထဲမှာ တောင်စွန်းဓမ္မဒူတကျောင်း ဆရာတော် အရှင်ပညာဇောတ ပျံ့လွန်တော်မူတုန်းက ဆရာတော်ကြီး ပျံ့လွန်သွားလို့ သူ့မှာ ဝမ်းနည်းပမ်းနည်း ဖြစ်ရကြောင်း စသည်ဖြင့် စာရေးပါသေးတယ်"

"အဲဒီသတင်း ကျွန်မကပဲ ဖုန်းနဲ့ပြောလိုက်တာ"

"အင်း... ကိုတိုးကတော့ မျိုးချစ်စိတ်တို့ ဘာသာချစ်စိတ်တို့ အတော်ပြင်းထန်တာဗျ။ ကျွန်တော့်

သုံးထပ်ကျောင်းကြီး ဆောက်လုပ်ရန် ပန်းတိုင်မင်းလာ ကျင်းပနေစဉ်

ဆီ စာရေးရင် စားဖို့သောက်ဖို့နဲ့ လှူနိုင်ဖို့အတွက်သာ သူ အလုပ်လုပ်နေကြောင်း၊ ဒီမှာ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး ကိုယ့်ဘာသာ ကိုယ့်ယဉ်ကျေးမှုကလွဲ၍ ဘာကိုမှ သူ တန်ဖိုးမထားကြောင်းနဲ့ စာတမ်းရည်ကြီးတွေချည်း ရေးလေ့ရှိတာ"

"ဟုတ်ကဲ့၊ သူကတော့ ကျွန်မဆီလည်း ဒီလိုပဲ ပြောနေတာပဲ"

"နို့ ဒေါ်စန်း တွေ့ချင်တာက"

"သြော်...ဒါလား၊ ဒီလိုဆရာ၊ ကျွန်မတို့ အခု ဗြူးကုန်းကျောင်းတိုက်ထဲမှာ အလျား ပေ တစ်ရာ၊ အနံ နှစ်ဆယ့်ရှစ်ပေရှိတဲ့ သုံးထပ်ကျောင်းကြီး တစ်လုံး ဆောက်လှူကြမလို့တဲ့"

"ဒါဆို နည်းတဲ့ကျောင်းကြီးမှ မဟုတ်တာ"

"ဟုတ်ကဲ့၊ အောက်ထပ်ကို သံဃာ့အစည်းအဝေးပွဲကြီးအတွက် ဟောအဖြစ်ထားမယ်၊ အပေါ်နှစ်ထပ်မှာ စာသင်သား သံဃာတွေ ထားမယ်လေ၊ တစ်ထပ်မှာ ၃၂ ပါး နေနိုင်အောင် စီမံထားတော့ ဒီကျောင်းမှာတင် အားလုံး ၆၄ ပါး နေနိုင်မှာကို၊ ပုံစံကတော့ ဟိုကမ္ဘာ အေးက ဥတ္တရကုရုကျောင်းတို့၊ အပရဂေါယာန ကျောင်းတို့လိုပေါ့"

"အခုဆောက်လှူမယ့် ကျောင်းက ကျောင်းဒကာ ရှိလို့လား"

"ဟင့်အင်း မရှိပါဘူး၊ ဝါသနာပါတဲ့ အလှူရှင်တွေ စုပေါင်းပါဝင် ဆောက်လှူကြမှာ"

"နို့ ဘယ်လို စီမံပေးထားသလဲ"

"စာသင်သား သံဃာနှစ်ပါး နေနိုင်တဲ့ ဆယ်ပေပတ်လည် တစ်ခန်းကို နှစ်သိန်းကျပ်နဲ့ အလှူခံပါတယ်၊ ကျောင်းဒကာရဲ့ ကမ္မည်းစာလည်း ထိုးပေးမှာပါ၊ တစ်ဦးတည်းနိုင်လည်း တစ်ဦးတည်းပေါ့၊ မနိုင်လည်း နှစ်ဦး၊ သုံးဦး စသည်နှင့် စုပေါင်းလှူပေါ့၊ နောက်ပြီး အလှူငွေကိုလည်း တစ်လုံး တစ်ခဲတည်း မလှူနိုင်လည်း အရစ်ကျနဲ့ ပြည့်တဲ့အထိ ထည့်ဝင်လှူဒါန်းသွားနိုင်ပါတယ်"

"တကယ်လို့ တစ်ခန်း၊ နှစ်ခန်း စသည် မလှူနိုင်ရင်ကောဗျာ"

"အား...ဒီအတွက်လည်း စီမံထားပါတယ်၊ ဆိုပါတော့ ဆရာရယ်၊ စက်အုတ်တစ်လုံးကို ၁၀ ကျပ်နှုန်းနဲ့၊ ဘိလပ်မြေ တစ်အိတ်ဆိုရင် ကျပ်

၁၅၀၀ နဲ့ နောက် ကျောက်စရစ် တစ်ကျင်းဆို ၈၀၀၀ ကျပ်၊ အဲ...သံချောင်းတစ်ဟန်လှူက ကျပ် ၆၀၀၀ ကျပ်၊ နောက်ပြီး ရှစ်ပေသွပ် တစ်ချပ်ဆိုရင် ကျပ် ၈၀၀၊ အဲ...နှစ်ပေပတ်လည် မျက်နှာကြက် ကျောက်ပြား တစ်ချပ်ဆိုရင် ၁၅၀ ကျပ်နဲ့ လှူဒါန်း နိုင်ကြပါတယ်။

"အဲ...ဆရာရယ်၊ ဒီကျောင်းက ကျောင်းဒကာရယ်လို့ သတ်သတ်မှတ်မှတ် မရှိတာ၊ ဒီတော့ တစ်ခန်း နှစ်ခန်း လှူနိုင်သူက လှူပေါ့၊ မနိုင်သူက လည်း အုတ်တို့၊ သဲတို့ ဆိုတာတွေကို နိုင်သလောက် လှူပေါ့၊ အဲလို စုပေါင်းလှူကြရင် အားလုံး ကျောင်းဒကာတွေချည်းပဲပေါ့၊ အလှူလုပ်ရမှာ ပျော်စရာကြီးနော် ဆရာ"

"ဟုတ်ပါ့ဗျာ၊ အလှူ လှူရမှာက တကယ့် ပျော်စရာကြီးရယ်၊ ဂေါတမ ဘုရားရှင်ရဲ့ သသနာတွင်းမှာ တကယ့်ကို ထည့်ဝါခံ့ညားတဲ့ ဒီရောမ ကျောင်းကြီးကို ကြီးမားတဲ့ သန့်စင်တဲ့ မေတ္တာစေတနာတွေ၊ ကြီးမားခိုင်ခံ့တဲ့ ယုံကြည်ချက် သဒ္ဓါအားတွေနဲ့ စုလှူကြရမှာကိုး၊ နို့ပေမယ့် အခုလို စုပေါင်း လှူရမှာကို ကျယ်ကျယ်ပြန့်ပြန့်တော့ သိအောင် လုပ်ဖို့ လိုမယ်နော်"

"ဟုတ်ကဲ့ လိုပြီပေါ့ ဆရာ၊ ကျွန်မတို့ အခု လက်ကမ်းစာစောင်တွေ လက်လှမ်းမီသလောက် ကမ်းထားပါတယ်"

"နို့...အလှူရှင်တွေကော ပေါ်ပြီလား"

"ဟုတ်ကဲ့၊ အခုဆို လေးငါးဆယ်ခန်း လောက်တောင် တစ်ဦးချင်း အလှူရှင်တွေရော၊ အုတ် ငါးထောင်လှူသူ၊ ငွေသားချည်းကိုလည်း ငါးထောင် တစ်သောင်းနဲ့ ထည့်ဝင်လှူဒါန်းသူတွေ ပေါ်နေပြီပေါ့၊ ကျောင်းက သိန်း ၂၅၀ ကျော် ကုန်မယ်လို့ ခန့်မှန်းထားပါတယ်"

"ဒါနဲ့ ဒီလုပ်ငန်းကို ဘယ်သူတွေက ဦးစီး လုပ်ဆောင်သွားမှာလဲ"

"ကျွန်မတို့ မိန်းမသားတွေချည်းပဲ အလုပ်အမှုဆောင်အဖွဲ့ကို ဖွဲ့ထားပါတယ် ဆိုပါတော့၊ ဆရာဝန် ဒေါက်တာဒေါ်စောကြည် (ငြိမ်း)က ဥက္ကဋ္ဌပါ၊ ဒေါ်ဝင်းထိန် (လုပ်ငန်းရှင်)က ဒုဥက္ကဋ္ဌ၊ နောက် ကျွန်မက အတွင်းရေးမှူးပါ"

"နေရာကျဟော့၊ ဒေါ်စန်းက ရန်ကုန် စက်မှုတက္ကသိုလ်က ဆောက်လုပ်ရေး အင်ဂျင်နီယာဘွဲ့ရ ဆိုတော့"

"ကျွန်မချည်း ဘယ်ဟုတ်မလဲ ဆရာရဲ့၊ ဆရာဦးကျော်သိန်းလဲ နာယကတစ်ဦးအဖြစ် ပါသေးတယ်၊ ကျောင်းပုံစံကို သူပဲ ထုတ်လုပ်ပေးတာ"

"သိပ်ကောင်းပေါ့ဗျာ၊ ဆရာဦးကျော်သိန်းက ရန်ကုန် စက်မှုတက္ကသိုလ်က ကထိက(ငြိမ်း) မဟုတ်လား၊ နောက် ဘယ်သူတွေ ပါသေးလဲ"

"ပါတာမှ အများကြီးရယ်၊ သံဃာ့ဝေယျာဝစ္စအဖွဲ့ကြီးရော၊ နောက် ဦးဇော်ဝင်း (ဘီပီအိုင်၊ စက်ရုံမှူး၊ ငြိမ်း)၊ ဦးခင်မောင်တင့် (ညွှန်ကြားရေးမှူး) အမျိုးသား စာကြည့်တိုက် စတဲ့ ပုဂ္ဂိုလ်တွေက နာယကကြီးတွေပါ"

"ဒါနဲ့ ဦခင်မောင်တင်ဆိုလို့ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန ဦးစီးဌာနနှင့် ယဉ်ကျေးမှုဗိမာန် ဦးစီးဌာနတို့က ဒီကျောင်းကို ပစ္စည်းလေးပါး အမြဲတမ်း ထောက်ပံ့နေတယ် မဟုတ်လား"

"ဟုတ်ကဲ့ပါ"

"နို့ အလုပ်အမှုဆောင်မှာ အခြားပါတဲ့သူတွေကော"

"ဆရာမကြီး ဒေါ်မိမိစိန်က ဘဏ္ဍာရေးမှူး၊ တွဲဖက်အဖြစ်နဲ့က ဒေါ်ကြင်နွဲ့ (ကုန်သည်)နှင့် ဒေါ်မြမာဦး (ကုန်သည်)တို့ ပါဝင်ပါတယ်၊ သူနာပြု ဆရာမ ဒေါ်မြင့်မြင့်အေးကတော့ စာရင်းစစ်ပါ"

"နို့ အခြားအလှူရှင်တွေက လှူချင်တန်းချင်ရင်ကော"

"လက်ကမ်းစာစောင်မှာ ဆက်သွယ်ရမယ့် ဖုန်းနံပါတ်တွေ ထည့်ထားပါတယ်၊ ဆိုပါတော့ ဆရာရယ်...

၁။ ဦးကျော်ဇော–ဒေါ်ဝင်းထိန်
(ဖုန်း – ၆၄၀၅၅၃)

၂။ ဦးဇော်ဝင်း–ဒေါ်မြည့်နှ့်
(ဖုန်း – ၆၆၃၉၆၁)

၃။ ဦးအောင်ရွှေ–ဒေါ်ခင်မမ
(ဖုန်း – ၆၄၁၂၃၇)

၄။ ဦးတိုးမောင် – ဒေါ်စန်းစန်း
(ဖုန်း – ၆၄၂၆၂၆)

၅။ ဦးအောင်မောင်း–ဒေါ်မြင့်မြင့်အေး
(ဖုန်း – ၆၄၀၈၅၄)

တို့ကို ဖော်ပြထားပါတယ်၊ ဗြူးကုန်းဆရာတော် ဘုရားကြီးထံမှာ တိုက်ရိုက်ပေးလှူရင်လဲ ကျွန်မတို့ ကပ်ပိယကာရက ထားပေးထားပါတယ်"

"နို့...ဆရာတို့ဆီ ဆက်သွယ်ချင်ရင်ကော"

"ဟာ...ကျွန်တော်တို့ဆီ ဆက်သွယ်ရင်လဲ လက်ခံပြီး ပို့ပေးမှာပေါ့၊ ဝေယျာဝစ္စ ကုသိုလ်ဆိုတာ နည်းတာမှ မဟုတ်တာ"

"အခုန ဒေါ်စန်း ပြောသလို ဒီသုံးထပ် ကျောင်းဆောင်ကြီး ဝိုင်းဝန်းဆောက်ရမှာက ပျော်စရာကြီးပါပဲ"

"ဒီလိုရှိတယ် ဆရာရဲ့၊ ဒီကျောင်းကြီး အမြန်ဆုံး ပြီးအောင် လုပ်ကြမှာ၊ အခု ၁၉၉၈ ခုနှစ်မတ်လ ၁ ရက်နေ့မှာကို ကျောင်း ပန္နက် ချကြတော့မယ်လေ"

"အင်း...အရင် ဘုရား လက်ထက်ကလဲ ဝိသာခါတို့ ရောဟိနီ မင်းသမီးတို့ဆိုတာ အမျိုးသမီးတွေပဲ၊ ကျောင်းဆောက်လှူကြတာ၊ ရောဟိနီ မင်းသမီးဆို သူ့မှာ စွဲကပ်နေတဲ့ ကုဋ္ဌနူနာကြီးတောင် ပျောက်ကင်းသွားရှာတယ်...

"အဲ...ယောကျ်ားတွေဘက်ကလည်း ဟို နန္ဒိယသေဌေးဆို မိဂဒါဝုန်တောမှာ ကျောင်းကြီးဆောက်လှူတယ်၊ ဟော ကျောင်းကြီးပြီးလို့ ရေစက်ချက်နေတုန်းမှာတွင် ဟို တာဝတိံသာမှာလည်း နန္ဒိယ သေဌေးအတွက် နတ်ဗိမာန်ကြီးက ပေါ်နှင့်နေသတဲ့"

"ဟုတ်ကဲ့ အမိန့်ရှိပါ ဆရာ"

"ကျောင်းအလှူရဲ့ အကျိုးတွေပေါ့၊ ကျောင်းလှူရခြင်းရဲ့ အကျိုးကို ဗုဒ္ဓမှတစ်ပါး ဘယ်သူကမှ ကုန်စင်အောင် မဟောနိုင်ဘူးတဲ့၊ ဒီအထိ အကျိုးကြီးတာ...

"ဟို...အနာတပိဏ် သေဌေးကြီးဆို ဒီလူ့ပြည်က စုတိစိတ်လဲကျရော ဟို တာဝတိံသာမှာ ချက်ချင်းပဲ နတ်သားကြီး ဖြစ်သွားတယ်၊ ဗိမာန်ကြီးနဲ့ အခြွေအရံတွေနဲ့တဲ့...

"အဲဒါ နတ်ပြည်မှန်းလဲ သိရော၊ ဒါ ငါ့ကုသိုလ်အရှိန်နဲ့ နတ်သားလာဖြစ်တာပဲ၊ လူ့ပြည်ပြန်ဦးမှဆိုပြီး ဘုရားရှင်ဆီ သန်းခေါင်ယံမှာ ချက်ချင်း ပြန်လာတယ်"

"ဟုတ်ကဲ့"

"အဲ...သူ့ ဇေတဝန်ကျောင်းတိုက်ထဲက ဘုရား သီတင်းသုံးရာ ဂန္ဓကုဋီတိုက်ထဲကို ကိုယ်ရောင်ကိုယ်ဝါတွေ တဝင်းဝင်း တထိန်ထိန်နဲ့ ရောက်လာသတဲ့...

"ဗုဒ္ဓက သူလဲ ဝင်လာရော၊ ဒါ အနာထပိဏ်သေလို့ နတ်သားဖြစ်မှန်း သိတယ်၊ ဘာမှတော့ အမိန့်ရှိတော် မမူဘူး"

"အဲ...အနာထပိဏ် နတ်သားကသာ လက်အုပ်ကလေး တချီချီနဲ့...

"(ကူဒံဟိတံ ဇေတဝနံ) ဒီဝေဇတဝန် ကျောင်းတော်ကြီးဟာ (ကူသိသံဃနိသေဝိတံ) ရဟန်းသံဃာတွေ အမြဲသီတင်းသုံးတဲ့ ကျောင်းကြီးပါပဲ၊ (အာဝုတ္ထံဓမ္မရာဇေန) တရာမင်းမြတ် ဘုရားလဲ အမြဲသီတင်းသုံးတာပဲ၊ (ပီတိသဉ္ဇာနနံမမ)

အဲ ခုလို ဘုရားနဲ့တကွ သံဃာတော်တွေ သီတင်းသုံးတာကို ကြည့်ကြည့်ပြီး တပည့်တော်မှာ နှစ်သက်မှု ပီတိတွေ ဖြစ်လိုက်ရတာ ဘုရားလို့ လျှောက်ထားသတဲ့။

"ကဲ...အဲဒါကြည့်တော့ အထွတ်အမြတ် ကျောင်းကြီး လှူထားတဲ့ အကျိုးလေ၊ နတ်ဘဝ ရောက်တာတောင် ကိုယ့်ကုသိုလ်ရှိရာ အတင်းပြန်ဆင်းလာပြီး ကုသိုလ်တွေ ထပ်ဖြည့်နေရသေးတယ်၊ ဒါကြောင့်မို့ အခုန ဒေါ်စန်းပြောသလို ပျော်စရာကြီးဆိုတာ အဟုတ်ပဲနော်"

"ဟုတ်ကဲ့ ဆရာ၊ ကျွန်မတော့ ဆရာ့တရားနာရတာ အရမ်းကို ပျော်ပြီး အားတက်သွားတာပဲ၊ အခုနေ အနာထပိဏ်တို့ ဝိသာခါတို့နဲ့များ တွေ့လိုက်စမ်းချင်တယ်၊ တွေ့ရင်သာ သူတို့က ဘုရားကို မိလိုက်တော့ ဘုရားရှင်ရဲ့ တင့်တယ်ပုံတွေ မေးကြည့်ချင်လိုက်တာ ဆရာရယ်"

"တွေ့မှာ သေချာပါတယ်၊ လူပြည်က အနှစ်တစ်ရာရှိရင် တာဝတိံသာ နတ်ပြည်က သူတို့ တာဝတိံသာနတ်သက်တမ်းနဲ့ဆိုရင် တစ်ရက်တဲ့၊ အခု သာသနာတော် သက်တမ်းကို ၂၅၀၀ နဲ့ အညီ ညှိကြည့်ရင် အဲ သူတို့ အသက် ဘာရှိသေးလို့လဲ၊ အခုမှ ၂၅ ရက်သားပဲ ရှိကြသေးတာ။

"အဲ တစ်ခုတော့ ရှိတယ်၊ အလှူလုပ်တဲ့ အခါ အဂ်ါသုံးချက်နဲ့တော့ ညီရမယ်နော်"

"အဲဒါ ပြောပါဦး ဆရာ"

"တစ်အချက်က အလှူဒကာက ကိုယ်ကျင့်သီလ ကောင်းကောင်းနဲ့ ကိုယ်လှူမယ့် ပစ္စည်းကို အတွယ် မထားဘဲ လွတ်လွတ်ကျတ်ကျတ်ကြီးကို လှူနိုင်တဲ့စိတ်ဓာတ်မျိုး ရှိရမယ်၊ နှစ်အချက်က အလှူခံက ပုဂ္ဂိုလ်ဆိုရင် သီလရှိရမယ်တဲ့၊ အဲ အခု ဒေါ်စန်းတို့အလှူက သံဃာကျောင်းဆိုတော့ အလှူခံဘက်က ဘာမှ သီလမရှိစရာ မလိုဘူး၊ ရှိကိုရှိနေပြီ၊ ရှိလိုက်တာမှ ဒေါင်ဒေါင်ကိုမြည်ပဲ၊ ဘာကြောင့်ဆိုတော့ သံဃာဟော့ဆိုရင် သီလရှိတာ ချည်းပဲတဲ့၊ သံဃာကို လှူပြီဆိုကတည်းက အရိယာသံဃာရော၊ သမုတိသံဃာရော အကုန်ပါတာ။

"နို့ပေမယ့် လှူတဲ့အခါမှာတော့ သံဃာ့ဂုဏ်ကို အာရုံပြုတတ်ဖို့ အရေးကြီးတယ်"

"ဘယ်လိုလဲ ဆရာ"

"ဟို...ကျွတ်ပိသောထဲမှာပါတဲ့ သံဃာ့ဂုဏ်ကိုးပါးပေါ့၊ ဩဘာ သံဃာဆိုတာ သုပ္ပဋိပန္နနိဗ္ဗာန်ရောက်ဖို့ ကောင်းတဲ့အကျင့်ကိုပဲ ကျင့်တာပါကလားနဲ့ အဲလို အာရုံပြုရမှာ၊ အဲလို သံဃာ့ဂုဏ်ကို အာရုံပြုလှူ။

"နောက် သုံးအချက်က လှူတဲ့ပစ္စည်းက လည်း ဓမ္မိယလဒ္ဓတရားသဖြင့် ရတဲ့ပစ္စည်း ဖြစ်ပါစေတဲ့၊ အဲလို အဂ်ါသုံးချက်နဲ့သာ ညီနေပါစေ၊ ဒီအလှူအကျိုးပေးပြီမှတ်၊ ထက်ထက်သန်သန်ကြီးကို ပေးမှာ"

"ဟုတ်ကဲ့ပါ ဆရာ"

"ကျွန်တော်လဲ ပြန်ဦးမယ်"

"နောက်လဲ မကြာမကြာ လာပါဆရာ"

"ဟုတ်ကဲ့၊ ကျွန်တော် အချိန်ရရင် လာခဲ့ပါ့မယ်"

ကျွန်တော် ကျောင်းမှ ပြန်ထွက်လာတော့ မှောင်စပင် ပျိုးနေပြီ၊ ကျွန်တော့်အာရုံမှာမူ "စုပေါင်းလှူရမှာ ပျော်စရာကြီးရယ် ဆရာ"၊ "ကျောင်းကြီးက ဒကာမရှိဘူး၊ မဖြစ်ဖြစ်အောင် စုပေါင်းလှူကြရမှာ စတဲ့ ဒေါ်စန်းစန်းရဲ့ အသံတွေက ဝဲပျံလိုက်လာသည်။

သို့အတွက် ယခင် ဦးစက္ကိန်ကျောင်းခေါ်ပြုံးကုန်းတောရ စာသင်တိုက်ကြီး အတွင်းမှာ ဆောက်လုပ်မည့် စာသင်သံဃာနေ သုံးထပ်ကျောင်းကြီး၌ ပါဝင်လှူဒါန်းနိုင်ရေးအတွက် နိဗ္ဗာန်ဆော် လုပ်ပေးလိုက်ခြင်း ဖြစ်ပါသည်။

ထွန်းလွင် (ဓမ္မာစရိယ၊ ဘီအေ)

ပြုံးကုန်းတောရစာသင်တိုက် သို့မဟုတ် ဦးစက္ကိန်ကျောင်း

ပြီးခဲ့သော သက္ကြာန်တွင်းက ကျွန်တော်သည် ဒုလ္လဘရဟန်းခံခဲ့သည်။ သစ်ရိပ်ဝါးရိပ် ကောင်း၍ အေးငြိမ်းသာယာသော တောရကျောင်းမျိုးတွင် ရဟန်းခံလိုသဖြင့် လိုက်လံရှာဖွေခဲ့သည်။ နောက် ဆုံးတွင် မိတ်ဆွေတစ်ဦး၏ ကူညီမှုကြောင့် ပြုံးကုန်း

မင်းယုဝ

တောရ စာသင်တိုက်တွင် ရဟန်းခံခွင့် ရခဲ့သည်။

ပြုံးကုန်းတောရ စာသင်တိုက်မှာ အခြားမဟုတ် ဆူပူသောင်းကျန်းသောကာလ အင်းစိန် ခဝဲခြံ တိုက်ပွဲတွင် ကျော်ကြားခဲ့သော ဦးစက္ကိန် ကျောင်းပင် ဖြစ်သည်။ အောင်ဆန်းသူရီယဘွဲ့ရ ဗိုလ်တိုက်ချန်းတို့ စွန့်စားတိုက်ပွဲဝင်ရာ ,နေရာ ဖြစ်သည်။ ပြုံးကုန်းတောရ စသင်တိုက်သည် အင်းစိန် မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ဌာ တည်ရှိသည်။ အင်းစိန်သွား လမ်းမကြီးအတိုင်းသွား၍ စက်မှုတက္ကသိုလ်ဝင်းနှင့် ကပ်လျက် တည်ရှိသော မဟာသုခိတာလမ်းသို့ ရောက်လျှင် အထဲသို့ ချိုးဝင်သွားရသည်။ လမ်းဆုံးရောက်သောအခါ တောင်ကုန်းရှည်ကြီးတစ်ခုကို တွေ့ရမည်။ ဤကား ပြုံးကုန်း တောရ စာသင်တိုက် တည်နေရာပင် ဖြစ်သည်။ ကျောင်းဝင်းမှာ မြေကေ ငါးကေကျော် ရှိသည်။

သည်ကျောင်းတိုက်မှာ တောတောင် လျှို့မြောင်လည်း သာသည်။ သစ်ရိုပ် ဝါးရိုပ်လည်း ဖြာသည်။ တည်နေရာလည်း ကောင်းသည်။ ထို့ကြောင့် ဒုတိယ ကမ္ဘာစစ်ကြီးအတွင်းဝယ် ထိုနေရာကို ဂျပန်စစ်တပ်က လက်နက် သိုလှောင်ရာ ဌာနတစ်ခုအဖြစ် အသုံးပြုခဲ့သည်။ ၁၉၄၈ ခု၊ လွတ်လပ်ရေးရပြီး စတွင် ဆူပူသောင်းကျန်းမှုများ အထွတ်အထိပ်သို့ ရောက်သောအခါ သူပုန်တို့က ထိုနေရာကို ခံတပ်အဖြစ် အသုံးပြုခဲ့ ကြပြန်

ကျွန်တော်မှာ အုံ့ချိုးမဆုံး ရှိရသည်။ ကျောင်းဝင်းထဲတွင် အပင်မျိုးစုံ မြင်တွေ့ရသောကြောင့် ဖြစ်သည်။

ကျောင်းတိုက်၌ ရက်သတ္တပတ် တစ်ပတ်ကြာမျှ နေထိုင်စဉ်အတွင်း ကျွန်တော်သည် ၁၀ တန်း ကျောင်းသား မောင်ဝင်းအောင်၏ အကူအညီဖြင့် အပင် အမျိုးအမည်တို့ကို မှတ်သား စာရင်းယူ ကြည့်သည်။ အပင်အမျိုးပေါင်း ၈၀ ကျော်ရှိသည်။

ယင်းတို့မှာ ပျဉ်းကတိုး၊ လက်ထုတ်၊ သစ်ပုပ်၊

သည်။ ထို့ကြောင့် ကျောင်းတိုက်သည် စစ်ဘေး စစ်ဒဏ်ကို နှစ်ကြိမ်တိုင် ခံခဲ့ရပေသည်။

ကျွန်တော်သည် ရန်ကုန်တွင် နှစ်ပေါင်း ၃၅-နှစ်ခန့် နေထိုင်ခဲ့သော်လည်း အကြောင်း မညီညွတ်သဖြင့် ထိုကျောင်းတိုက်သို့ မရောက်ဖူးပေ။ ယခုအကြိမ်သည် ပထမဆုံးအကြိမ် ရောက်ဖူးခြင်းဖြစ်သည်။

ကျောင်းတိုက်သို့ ရောက်သည်နှင့် တပြိုင်နက် ဒူးရင်း၊ ကတ္တီပါ၊ သဖန်း၊ မဏိသြဃ၊ မင်းပေါ်ဖီးဖြူ၊ ကတွတ်၊ တမာ၊ ဇကွဲ၊ ကြောင်လျှာ၊ ကြောင် ထောင့်၊ ငဖုန်းဆေး၊ ဖန်ခါး၊ တောင်ထန်း၊ ခွေးတောက်၊ အောင်သပြေ၊ ကာင်ပလင်း၊ စင်ပြွမ်း၊ သဗြု၊ သဗြုသပြေ၊ အုန်း၊ ထန်း၊ ကွမ်းသီး၊ ငှက်ပျော၊ အုန်းငှက်ပျော၊ တောကြက်မောက်၊ ဝက်လျှာ၊ ပျဉ်းမ(ပြာ)၊ ပျဉ်းမ(ဖြူ)၊ ဗောဓိညောင်၊ လင်းလွန်း၊ သရက်၊ ပိန္နဲ၊ ခပေါင်းရေကြည်၊ မရန်း၊

မြရာ၊ မယ်ဇလီ၊ သြဇာ၊ ပိတောက်၊ ကုံကော်၊ တညင်း၊ ရင်ခတ်၊ အကျော်၊ တရုတ်စကား၊ ဆေးရိုး၊ သစ်တို၊ ဒူးရင်းသြဇာ၊ ဆန်ဆေး၊ ဖက်သန်း၊ မလွ၊ ထန်း၊ မကျည်း၊ ကြိမ်၊ ဝါး၊ ဥနဲ၊ ဥသျှစ်၊ ကေရာဖ၊ အညာကုက္ကို၊ ချဉ်ဖြူသီး၊ သရဖီ၊ သော်က၊ သစ်ဆိမ့်၊ စိန်ပန်း၊ စကားစိမ်း၊ ဆိတ်ဖလူး၊ စွယ်တော်ဖြူ၊ ဂေါ်သဇင်၊ ဆောင်တော်ကူး၊ ဖော်ဂျီတောင်ဝှေး၊ တတိုင်းမွှေး၊ နန်းလုံးကြိုင် စသည်တို့ ဖြစ်ကြသည်။

ကျွန်တော်တို့ မမှတ်သားခဲ့ရသော အပင်များလည်း ကျန်ရှိနေသေးသည်။ မူလက ထိုနေရာမှာ သစ်ပင်မျိုးစုံ ပေါက်ရာ တောကြီး၊ ဥယျာဉ်ကြီး ဖြစ်သည်။ တဖန် ဆရာတော် ဦးစက္ကိန် လက်ထက်တွင် အနယ်နယ် အရပ်ရပ်မှ အပင်မျိုးစုံကို ထပ်မံ မျိုးယူ စိုက်ခဲ့ပြန်ရာ အပင်များ မျိုးစုံနေပေတော့သည်။ ထိုကျောင်းဝင်းထဲ၌ သစ်ပင်မျိုးစုံ ရှိကြောင်းကို ရှေးယခင်က သိချင်းပင် စပ်ဆိုထားသည်ဟု ကြားသိရသည်။

ထိုထို အပင်တို့တွင် ကျွန်တော် မမြင်တွေ့ဖူးသော အပင်များ အများအပြား ပါဝင်သည်။ ဥပမာ ပျဉ်းမပင်ဆိုလျှင် အပြာရောင် အပွင့်များ ပွင့်သော ပျဉ်းမ(ပြာ) ကိုသာ တွေ့ဖူးသည်။ ယခု ထိုနေရာတွင် အဖြူရောင် အပွင့်များပွင့်သော ပျဉ်းမ(ဖြူ)မျိုးကိုလည်း တွေ့ရသည်။

ထို့ပြင် အလွန်ရှားပါးသော အပင်မျိုးတို့ကိုလည်း တွေ့ရသည်။ ဥပမာ လင်းလွန်းပင်ဆိုလျှင် လွန်ခဲ့သော ၁၅ နှစ်ကျော်က ဗုဒ္ဓဂယာမှာပင် မရှိပေ။ ၁၉၇၃ ခုက ဗုဒ္ဓဂယာသို့ ကျွန်တော် ရောက်ရှိစဉ်က ဗုဒ္ဓဘုရားရှင် သတ္တမ သတ္တာဟ စံတော်မူသော လင်းလွန်းပင်ရှိရာ နေရာသို့ ရောက်ခဲ့သည်။ ထိုနေရာတွင် လင်းလွန်းပင်ကြီးကို မတွေ့ရ။ လင်းလွန်းပင်ပေါက်ကလေး တစ်ပင်ကိုသာ တွေ့ရသည်။ ယင်းသည် မြန်မာနိုင်ငံမှ ဗိုလ်မှူးကြီး လှအောင် ဦးစီးသော အိန္ဒိယ မြန်မာ နယ်နိမိတ် သတ်မှတ်ရေး ကော်မရှင် ကိုယ်စားလှယ် အဖွဲ့က လှူဒါန်းစိုက်ပျိုးထားသော အပင်ပေါက်ကလေး ဖြစ်သည်။ ယခု ဗြူးကုန်းတောရတွင် တွေ့ရသော လင်းလွန်းပင်ကား ပေ ၄၀ ကျော် မြင့်မားကြီးမားသည်။ ထိုလင်းလွန်းပင်ကြီး အနီးတွင် အခက်အလက် အရွက် ဝေဝေဆာဆာနှင့် ရှိနေသော ဗောဓိညောင်ပင်ကြီးကိုလည်း တွေ့ရသည်။

သည်မြေနေရာကို လွန်ခဲ့သော အနှစ် ၁၀၀ ခန့်က အလှူရှင် ဦးဖိုးချက်က ပရိယတ် ပဋိပတ်နှင့် ပြည့်စုံသော ဆရာတော် ဦးစက္ကိန်ကို လှူဒါန်းခဲ့သည်။ ထို့နောက် ဘီးလစ် ဦးဘအို၊ ဒေါ်ရွှေဇင်၊ တိုက်သူကြီး ဦးဖိုးအို၊ ဒေါ်သီး၊ ဦးတင်ရ၊ ဒေါ်ရွှေရင်၊ ဦးထွန်း စသော အလှူရှင်များက ကျောင်းများ၊ ဇရပ်များ၊ စသည်တို့ ဆောက်လုပ်လှူဒါန်းခဲ့ကြသည်။ သို့ဖြင့် ထိုနေရာသည် သာသနာတော် ပွင့်လင်းရာ နေရာ ဖြစ်လာခဲ့သည်။ ဆရာတော် ဦးစက္ကိန်သည် ရွှေကျင်ဂိုဏ်းဝင် စာသင်တိုက်ကို အောင်မြင်စွာ တည်ထောင်ဖွင့်လှစ်ကာ သာသနာ ပြုလာခဲ့သည်။

ထိုစဉ် ဒုတိယကမ္ဘာစစ်မီး ကူးစက်လာရာ ဗြူးကုန်းတောရ စာသင်တိုက်သည် စစ်ဒဏ်ကို ခံခဲ့ရသည်။ ဂျပန်စစ်တပ်က ကျောင်းတိုက်ကို လက်နက်သိုလှောင်ရာ ဌာနတစ်အခု အဖြစ် ဖွင့်လှစ်အသုံးပြုသည်။ စစ်ဆုတ်သောအခါ ဆွမ်းစားကျောင်းကြီးနှင့် ကျောင်းများ၊ ဇရပ်များကို မီးရှို့ဖျက်ဆီးသွားသည်။ ကျောင်း အနည်းငယ်နှင့် သိမ်တော်သာ ကျန်ရှိသည်။ တဖန် ၁၉၄၈-ခု၊ လွတ်လပ်ရေး ရပြီးစ ဆူပူသောင်းကျန်းမှုများ အထွတ်အထိပ်သို့ ရောက်လာရာတွင် သူပုန်တို့က ထိုကျောင်းတိုက်ကို ခံတပ်အဖြစ် အသုံး ပြုခဲ့ပြန်သည်။ ထိုနေရာတွင် ဘိုက်ခွဲများ ဖြစ်ပွားခဲ့သည်။

သည်တွင် ကျောင်းတိုက်ရှိ ကျန်ရှိသော

အဆောက်အအုံများမှာ အတော်ပင် ပျက်စီးသွားပြန်သည်။ ကျောင်းတိုက်ကြီးမှာလည်း ရဟန်းသံဃာ အနည်းငယ်သာ ကျန်ရှိပြီး ညှိုးမှိန်သွားသည်။

ဆရာတော် ဦးစက္ကိန်သည် သက်တော်ကြီးရင့် အိုမင်းလာသဖြင့် ကျောင်းတိုက်ကို ဆက်လက်စောင့်ရှောက် သာသနာပြုပေးရန် ၁၃၁၃-ခု (၁၉၅၂-ခု) တွင် ဆရာတော် ဦးဆန္ဒာဓိကကို လွှဲအပ်လိုက်သည်။

ဆရာတော် ဦးဆန္ဒာဓိကမှာ ပဲခူးတိုင်း၊ ကျောက်တန်းရွာ ဇာတိဖြစ်သည်။ ၁၂၆၆-ခုတွင် ဖွားမြင်သည်။ ၁၃ နှစ်သားအရွယ်မှစ၍ သာမဏေအဖြစ် ခံယူခဲ့သည်။ ထို့နောက် အသက် ၂၀ တွင် ကျောက်တန်းရွာ မဟာဗောဓိတောရ ဆရာတော် ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းခံခဲ့သည်။ ကျိုက္ကဆံ ရွှေကျင်တိုက်သစ်၊ မွန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ ပခုက္ကူမြို့ မဟာ ဝိသုတာရာမ ကျောင်းတိုက်တို့၌ အထက်တန်း စာပေတို့ကို သင်ယူခဲ့သည်။ အစိုးရ ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်းများကို ငယ်ရွယ်စဉ်ကပင် အောင်မြင်တော်မူခဲ့သည်။ ဓမ္မာစရိယစာချုတန်း ပေါ်စဉ်မဇ္ဈိမနိကာယ်ကျမ်းကို အောင်မြင်တော်မူခဲ့သည်။ ဆရာတော်သည် ၁၂၉၃-ခုနှစ်မှစ၍ ကျိုက္ကဆံ ရွှေကျင်တိုက်၊ ဟသ်ာတမြို့ မိုးကောင်း ကျောင်းတိုက်၊ အင်းစိန်ခရိုင် မဒရာ ကျောင်းတိုက်တို့တွင် စာချဆရာတော်အဖြစ် သာသနာပြုခဲ့သည်။

ဆရာတော် ဦးစက္ကိန်က ပြုံးကုန်းတောရ ကျောင်းတိုက်ကို အပ်နှင်းသဖြင့် ၁၃၁၃-ခု(၁၉၅၂-ခု) မှစ၍ ရဟန်းသံဃာ ၁၅ ပါးခန့်နှင့်အတူ သီတင်းသုံး နေထိုင်၍ သာသနာတော်ကို ပြုသည်။

ဆရာတော် ဦးဆန္ဒာဓိကသည် သက်ရွယ်ကြီးလာသဖြင့် ကျောင်းတိုက်ကို ဆရာတော် ဦးအာစိဏ္ဏအား အပ်နှင်းလိုက်ပြန်လေသည်။

ဆရာတော် ဦးအာစိဏ္ဏသည် ကျောင်းတိုက်လွှဲပြောင်းပေးမှုကို ၁၃၁၅-ခု (၁၉၅၃-ခု) တွင် လက်ခံခဲ့သည်။ ထို့နောက် ၁၃၄၂-ခု(၁၉၈၀ ပြည့်) တွင် ပြောင်းရွှေ့ သီတင်းသုံးသည်။

ဆရာတော် ဦးအာစိဏ္ဏမှာ လှည်းကူးမြို့နယ် ဘုရားကွင်းရွာဇာတိ ဖြစ်သည်။ ၁၂၈၃-ခုတွင် ဖွားမြင်သည်။ ၁၂-နှစ်သား အရွယ်မှစ၍ သာမဏေအဖြစ် ခံယူခဲ့သည်။ အသက် ၂၀ တွင် မဟာဗောဓိတောရ ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းခံခဲ့သည်။ မဟာဗောဓိတောရ တိုက်အုပ် အရှင် ပဏ္ဍာဝ၊ မွန္တလေးမြို့ အဂ္ဂမဟာပဏ္ဍိတ အဘယာရာမ ဆရာတော်ဘုရားကြီး၊ အဘယာရာမ ပထမစာချ အရှင်ဇနကာဘိဝံသ (တောင်မြို့ မဟာဂန္ဓာရုံ ဆရာတော်)၊ အရှင် နရိန္ဒတို့ထံ၌ အထက်တန်း စာပေတို့ကို လေ့လာသင်ယူခဲ့သည်။

ဆရာတော် ဦးအာစိဏ္ဏသည် ပညာထူးချွန်သူ ဖြစ်သည်။ ၁၁ နှစ်သားတွင် ဓမ္မပရိယတ္တိ ပါဠိအာဂုံပြန် စာပြန်ပွဲကြီး၌ အငယ်တန်းတွင် အကောင်းဆုံး ပြန်ဆိုနိုင်၍ ရွှေတံဆိပ်ဆု ရခဲ့သည်။ ထို့နောက် ထိုစာပြန်ပွဲကြီး၏ အလတ်၊ အကြီး၊ အကျော်တို့ကို အောင်မြင်ခဲ့သည်။ ပထမကျော်အတန်းတွင် အမှတ်အများဆုံးရ၍ အောင်မြင်သဖြင့် ဒုတိယအကြိမ် ရွှေတံဆိပ်ဆု ရခဲ့သည်။ ၁၅ နှစ်သား အရွယ်တွင် အစိုးရ ပထမငယ်တန်း၊ ၁၇ နှစ်သား အရွယ်တွင် ပထမလတ်တန်း၊ ၂၆ နှစ် အရွယ်တွင် ပထမကြီးတန်းတို့ကို အောင်မြင်ခဲ့သည်။ ၁၃၀၈-ခု သက်တော် ၂၅ နှစ်တွင် ပဲခူးမြို့ ဝိနယာဓိက အသင်း၏ ပထမကြီးတန်းကို အမှတ် အများဆုံးရ၍ အောင်မြင်ခဲ့သည်။ ၁၃၁၃-ခုတွင် အစိုးရ စာချတန်းကို ကျမ်းရင်း နှစ်ကျမ်း၊ ဂုဏ်ထူး ငါးကျမ်းဖြင့် အောင်မြင်ခဲ့သည်။ ထို့နောက် အစိုးရ ဓမ္မာစရိယတန်းကို ဖြေဆိုခဲ့ရာ ၁၃၁၅-ခုတွင် ကိုးကျမ်းပြီး အောင်မြင်ခဲ့သည်။ ဂုဏ်ထူး

ကျမ်းများကိုပါ အောင်မြင်ခဲ့သဖြင့် သာသနဝေ သိရိပဝရဝမ္မာ စရိယဘွဲ့ ရခဲ့သည်။

ဆရာတော်သည် စာချဆရာတော်အပြင် ပရိယတ္တိသာသနာ တာဝန်များကိုလည်း ဆောင်ရွက်ခဲ့သူ ဖြစ်သည်။ ဆဋ္ဌသင်္ဂါယနာတင်ရာတွင် ပဋိဝိသောဓကအဖြစ် ဆောင်ရွက်ခဲ့သည်။ ရှေကျင်နိကာယ စာမေးပွဲကြီး၏ အတွင်းရေးမှူး အဖြစ်လည်း ၁၃၃၀-မှ ၁၃၄၁-ခုနှစ်အထိ ဆောင်ရွက်ခဲ့သည်။

ဆရာတော် ဦးအာစိဏ္ဏ ပြူးကုန်းတောရ ကျောင်းတွင် ပြောင်းရွှေ့သီတင်းသုံးချိန်၌ ဝါဆိုသံဃာ ၁၅ ပါးရှိသည်။ တစ်နှစ်အကြာတွင် ဝါဆိုသံဃာ ၂၅ ပါး ရှိလာသည်။ ဤတွင် **ပြူးကုန်းတောရ စာသင်တိုက်**ဟု အမည်သတ်မှတ်၍ စာသင်သားများ မွေးမြူကာ ပရိယတ္တိလုပ်ငန်းများကို ဆက်လက် တိုးချဲ့ပြုစုသည်။ ယခုအခါ ပြူးကုန်းတောရ စာသင်တိုက်၌ ရဟန်းသံဃာ ၄၀ ကျော် ရှိနေပြီ။

ကျွန်တော် ဖူးတွေ့စဉ် အချိန်၌ ဆရာတော် ဦးအာစိဏ္ဏမှာ သက်တော် ၆၄ နှစ် ရှိပေသည်။ ကျောင်းထိုင်ဆရာတော် တာဝန်ကို ထမ်းဆောင်ရင်း ကိုယ်တော်တိုင်ပင် စာပေပို့ချနေသည်။ တစ်နေ့လျှင် ၄-၅ ဝါ စာချရသည်။ ကျောင်း တိုးချဲ့ရေး လုပ်ငန်းများ၊ စာသင်သားများ နေရေးထိုင်ရေး ပြည့်စုံရေး၊ ဆွမ်း ကွမ်း ပြည့်စုံရေး ကိစ္စများကိုလည်း ဆောင်ရွက်ရသည်။ ဒကာ ဒကာမများ၏ ဆွမ်းကျွေး၊ ပရိတ်ရွတ် စသည့် သာရေး နာရေး ဆိုင်ရာ ပင့်ဖိတ်မှုများကိုလည်း ချီးမြှင့်ရသည်။ အချို့ နွမ်းပါးသော ဒကာ ဒကာမများအိုမ်သို့ ခြေကျင် ကြွရောက်ရသည်။ ကျောင်းတိုက်တွင် လပြည့်လကွယ် အခါများ၌ ဥပုသ်သည်များ၊ ယောဂီများ အား တရားပြ၊ တရားဟောလည်း ပြုရသည်။ အနားမရရှာပေ။

ဆရာတော်သည် ကျောင်းတိုက် ကိစ္စများ အပြင် နိုင်ငံတော် သံဃနာယကအဖွဲ့၊ ဗဟိုဝန်ဆောင်အဖြစ်လည်း ဆောင်ရွက်သည်။ ရှေကျင်နိကာယ ဗဟိုဝိနည်းမိုရ် အဖြစ်လည်း ဆောင်ရွက်သည်။ ရှေကျင်နိကာယ ဗဟိုဝန်ဆောင်အဖြစ်လည်း ဆောင်ရွက်သည်။ သာသနာ ပြန့်ပွားရေး အတွက် အုံ့ဖွယ်ကြီးပမ်းဆောင်ရွက်နိုင်သော ရဟန်းမြတ်ပင်။

ကျွန်တော်သည် ခုနှစ်ရက်တိတိ ရဟန်းပြုနေစဉ် ဆရာတော် ဦးအာစိဏ္ဏ၏ အဆုံးအမကို နာယူခဲ့ရသည်မှာ များစွာ အကျိုးရှိလှပေသည်။

ဆရာတော် ဦးအာစိဏ္ဏကိုသာမက ဆရာတော်ကြီး ဦးဆန္ဒာဓိကကိုလည်း ကျွန်တော် ဖူးတွေ့ရခဲ့သည်။ ဆရာတော်ကြီး ဦးဆန္ဒာဓိကမှာ သက်တော် ၈၁ နှစ် ရှိနေပြီ။ ကျောင်းတိုက်တာဝန် ကိစ္စအဝဝကို ဆရာတော် ဦးအံ့စိဏ္ဏအား လွှဲအပ်ပြီး ဖြစ်သဖြင့် နာယကအဖြစ်ဖြင့် သီတင်းသုံးနေထိုင်သည်။ သက်တော် အိုမင်းလာသဖြင့် စာမချနိုင်ရှာတော့၊ ပဋိပတ္တိဝမ္မကို အားထုတ်သီတင်းသုံးလျက် ရှိသည်။ ကျန်းမာရေးလည်း များစွာ မကောင်းရှတော့ပေ။

ကျွန်တော်သည် ဆရာတော်ကြီး၏ အဆုံးအမကို နာခံရာမှ ကျောင်းတိုက်သမိုင်းကိုလည်း မေးလျှောက်ကြည့်ခဲ့သည်။ ဆရာတော်ကြီးမှာ သတိမေ့လျော့ခြင်း မရှိသေးပေ။ ၁၃၁၆-ခု (၁၉၅၄-ခု) တွင် ဆရာတော် ဦးစက္ကိန် ပျံ့လွန်တော်မူကြောင်း ကျွန်တော့်ကို ပြောပြသည်။ ထို့ပြင် ကျောင်းတိုက်အကြောင်း သေချာစွာ ပြောပြနိုင်သော ၁၀ မိုင်၊ စော်ဘွားကြီးကုန်းမှ ဦးထွန်းရှင်ထံ သွားရန်လည်း ညွှန်ပြတော်မူခဲ့သည်။

ပြူးကုန်းတောရ စာသင်တိုက်သည် တည်နေရာ ကောင်းသော၊ ငြိမ်းချမ်းသာယာသော၊ သမိုင်းဝင် သာသနာပွင့်လင်းရာ ဌာန ဖြစ်သည်။ ရန်ကုန်

စက်မှုတက္ကသိုလ်(နည်းပညာတက္ကသိုလ်)မှ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသူကျောင်းသားများနှင့် အရှေ့ကြို့ကုန်း တစ်ဝိုက်တွင် နေထိုင်သူများ မိုခိ အားထားရာ ကျောင်းတိုက်ဖြစ်သည်။

ကျောင်းတိုက်တွင် သံဃဝေယျာဝစ္စအဖွဲ့ကိုလည်း စနစ်တကျ ဖွဲ့စည်းထားသည်။ ဥက္ကဋ္ဌဦးလှမောင်၊ အတွင်းရေးမှူး ဦးမြလှိုင် အမှူးပြုသည့် အဖွဲ့ဝင် ၆၂ ဦး ပါဝင်သော ထို သံဃဝေယျာဝစ္စအဖွဲ့သည် စစ်ဘေးဒဏ်ခံ သာသနာ့ အဆောက်အအုံများ ပြုပြင်မွမ်းမံ တည်ဆောက်နိုင်ရေး၊ ကျောင်းတိုက် တိုးတက်ရေး၊ စာသင်သား ရဟန်းတော်များ တိုးချဲ့ လက်ခံနိုင်ရေး၊ စာသင်သား ရဟန်းတော်များ တိုးချဲ့လက်ခံနိုင်ရေး၊ ရဟန်းတော်များ စိတ်ချမ်းမြေ့စွာဖြင့် သာသနာပြုနိုင်ရေး စသည်တို့ အတွက် တက်ကြွစွာ လှုပ်ရှားဆောင်ရွက်လျက်ရှိသည်။ အနီးဝန်းကျင်ရှိ ဒကာ၊ ဒကာမများကလည်း တတ်စွမ်းသမျှ အားပေးကူညီဆောင်ရွက်နေကြသည်။ နွေရာသီ၌ ရေရှားရာ စေတနာရှင်များသည် ရေများကို အိုးကြီး၊ အိုးငယ်၊ ပုံးကြီးပုံးငယ်တို့ဖြင့် သယ်ယူလာပြီး လှူဒါန်းကြသည်ကို နေ့စဉ်လိုလို တွေ့ရသည်။ လပြည့်၊ လကွယ်နှင့် အခါကြီး ရက်ကြီးများတွင် ပကာသန မဖက်၊ ဖြူစင်ရိုးသားစွာဖြင့် ကျောင်းတိုက်သို့ လာ၍ ဥပုသ်စောင့်ကြသည်။ တရားနာကြသည်။ တရားထိုင်ကြသည်။ အားရကြည်နူးဖွယ်ပင်။

ကျွန်တော်သည် ကျေးလက်ရှိ ဘုန်းတော်ကြီး ကျောင်းများကို အလွန်မြတ်နိုးသည်။ ယခုပြုံးကုန်းတောရ စာသင်တိုက်တွင် ကျေးလက်ဘုန်းတော်ကြီးကျောင်း၏ အလှမျိုး၊ ကျေးလက်ဘုန်းတော်ကြီး၏ အနုံအသက်မျိုးကို ခံစားရသည်။ မြတ်နိုးမဆုံး ရှိမိသည်။ ထို့ကြောင့် ရဟန်းဘဝမှ ထွက်ခဲ့သော်လည်း ကျွန်တော့်နေအိမ်နှင့် ဝေးကွာသော်လည်း ပြုံးကုန်းတောရ စာသင်တိုက်သို့ မကြာခဏ သွားရောက်ခိုလှုံနေမိပေတော့သည်။

မင်းယုဝေ

ဗြူးကုန်းကျောင်းသို့

ဌေးလွင် (ဆားလင်းကြီး)



ရောက် ၁၀ ၊ ဧပြီ

"ဗြူးကုန်း ဆရာတော် ဘဒ္ဒန္တ အာစိဏ္ဏ"

သည်ဆရာတော်နှင့် ကျွန်တော် ရင်းနှီးသည်မှာ ကြာပေပြီ။ သို့သော် ဆရာတော်၏ ကျောင်းသို့ တစ်ခါတစ်ခေါက်မှ မရောက်ဖူးပေ။ မကြာမီ ရက်အတွင်းက ဆရာတော်၏ကျောင်းသို့ရောက်ခဲ့ပါသည်။ ဆရာတော်၏ ဗြူးကုန်းကျောင်းကား ရန်ကုန်မြို့ အရှေ့ကြို့ကုန်း ရပ်ကွက်ရှိ ဗြူးကုန်း ကျောင်းတိုက် ဖြစ်သည်။

ရောက်မည်ရောက်တော့လည်း တိုက်တိုက် ဆိုင်ဆိုင် တကယ်နေမှ ရောက်သွားသည်။ ၁၃၅၈ ခု၊ တော်သလင်းလဆန်း (၃)ရက်၊ (၁၅-၅-၉၆) တနင်္ဂနွေ နေနံနက် ဖြစ်သည်။ ထိုနေ့ကား ဆရာတော်၏ (၇၅)နှစ်ပြည့် ဝိဇာမင်္ဂလာမွေးနေ့ ဖြစ်သည်။ ဆရာတော်က တနင်္ဂနွေသား ဖြစ်ရာ ထိုနေ့သည် တနင်္ဂနွေနေ့ ဖြစ်သဖြင့် ထူးခြားသော တိုက်ဆိုင်မှုဟုပင် ဆိုရပေမည်။

ဆရာတော်၏ (၇၅) နှစ်ပြည့် မွေးနေ့ အခမ်း အနားဖြစ်၍ တပည့် ဒကာ ဒကာမများ စည်ကား များပြားလှပါသည်။ ပင့်ဖိတ်ထားသော ဆရာတော် အပါး ၈၀ တို့ စုံညီစွာ ကြွရောက်တော် မူကြပါသည်။ ဆရာတော်၏ (၇၅) နှစ် မွေးနေ့ ပူဇော်ပွဲကို တပည့် ဒကာ၊ ဒကာမများ ဦးဆောင်ကျင်းပ သော်လည်း ဆရာတော်ကလည်း မွေးနေ့ကုသိုလ်အဖြစ် တစ်သိန်းကျော် ဒကာများထံ အပ်နှံလှူဒါန်းသည် ဟူ၍ သိခဲ့ရသည်။

မွေးနေ့ပူဇော်ပွဲသို့ လာရောက်ကြသော တပည့် ဒကာ၊ ဒကာမများကိုလည်း ထမင်းဟင်း အစုံ ကျွေးမွေးသည်။ ပင့်ဖိတ်ထားသော ဆရာ တော်များကို လည်း သက်နှံ့တစ်စုံ၊

ဘိဝံသ၏ အောင်မြင်သော အသံက မိုးသံကို အနိုင် ယူနေသည်။ ဓမ္မာရုံတစ်ခုလုံးလွှမ်းနေသည်။ တပည့် ဒကာဒကာမများကလည်း ပူဇော်လို၍ ဆရာတော်က မွေးနေ့ပူဇော်ပွဲ အခမ်းအအနားကို ကျင်းပခြင်း ဖြစ်သည်။ ကုသိုလ်ရေးဖြစ်၍ ခွင့်ပြုခြင်း ဖြစ်သည်။ မွေးနေ့ပွဲ ကျင်းပရသဖြင့် တက်ကြွသော ဟန်စိတ်များ ဖြစ်နေမည် မဟုတ်ဟု ယုံကြည်မိပါသည်။ ဆရာတော် ပရိယတ်စာပေများကို အမြဲတမ်း ပို့ချ သာသနာပြုနေရာ ပရိယတ် စာပေက ပေးသော အသိက နှလုံးသားတွင် ကိန်း အောင်းနေသည်။

ရဟန်းတော်များ အမြဲတမ်း ဆင်ခြင်ရမည့် အဘိဏှ (ဒသဓမ္မ) သုတ်တော်ကို ဗုဒ္ဓရှင်တော်မြတ်က ဟောကြားတော်မူခဲ့သည်။ အမြဲတမ်း ဆင်ခြင်ရမည့် တရားမှာ (၁၀) ပါးဖြစ်သည်။

ပထမအချက်မှာ...

ဝေဝဏ္ဏိယမှိ အဇ္ဈပဂတောတိ ပဗ္ဗဇိတေန အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။

"ငါသည် ရှေးအမူနှင့်မတူ ထူးခြားကွဲပြားသော အသွင်ရှိသည့် အဖြစ်သို့ ရောက်ခဲ့ပြီ။ ဤသို့ ရဟန်းသည် အမြဲတမ်း ဆင်ခြင်ရမည်"

ဟု ဟောထားသည်။ ဆရာတော်သည် ယနေ့ (၇၅)နှစ်ပြည့်ခဲ့ရာ ထိုအချက်ကို အမှန်ပင်

ဓာတ်ဘူးကြီး တစ်လုံးနှင့် ထွန်းလွင် (ဓမ္မာစရိယ၊ ဘီအေ) ရေးသားသော မြန်မာ့ ဗုဒ္ဓဘာသာ အမှတ်(၁) တစ်အုပ်စီ လှူဒါန်းသည်။

သံဃာတော်များ ဆွမ်းကပ်ပြီးသောအခါ မွေးနေ့ ပူဇော်ပွဲ အခမ်းအနားကို စတင်ကျင်းပသည်။ ၁၀ ခန်း ၇ ခန်းရှိ ဓမ္မာရုံကြီးပေါ်တွင် ကျင်းပရာ ပရိသတ်က များလှပါသည်။ အခမ်းအနားစလျှင် မိုးက သဲသဲမဲမဲ ရွာချနေသည်။ ဆရာတော် မွေးနေ့ပွဲ၏ ငြိမ်းချမ်းအေးမြသော အတိတ်နိမိတ်ဟုပင် ဆိုရပေမည်။

အခမ်းအနားတွင် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် စည်ရှင်ကျောင်း နာယကဆရာတော် ဘဒ္ဒန္တအဂ္ဂညာနာဘိဝံသ (အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတာ အရှင်မြတ်က သီလပေးနှင့် ရေစက်ချ ချီးမြှင့်သည်။

မိုးက တဝေါဝေါနှင့် သဲသဲမဲမဲ ရွာချနေသည်။ မိုးသံက ပြင်းထန်သော်လည်း ဘဒ္ဒန္တအဂ္ဂညာနာ

ဆင်ခြင်ပေလိမ့်မည်။ သို့သော် ဆရာတော်သည် (၇၅)နှစ် ရှိသော်လည်း ခန္ဓာကိုယ် အရေအဆင်းက ပြည့်ဖြိုး၍ ရွှင်လန်းနေသည်။ ထိုသုတ်တော်၏ နံပါတ် (၈) အချက်မှာ...

"ကထံဘူတဿ မေ ရတ္တိန္ဒိဝါ ဝီတိဝတ္တန္တိ"

"ငါသည် အဘယ်အမှုအလုပ်တို့ကို ပြုလုပ်နေစဉ် နေ့ညဉ့်တို့သည် ကုန်လွန်၍ သွားကုန်သနည်း" စာအံစာချရင်း အချိန်ကုန်သွားသလား။ ဘုရားဝတ်ပြုရင်း အချိန်ကုန်သွားသလား၊ ကမ္မဋ္ဌာန်းအလုပ် အားထုတ်ရင်း အချိန်ကုန်သွားသလားဟု စဉ်းစားဆင်ခြင်ရမည်ဟု ဆိုလိုသည်။ ဤသို့ ဆင်ခြင်ပါက ဆရာတော်သည် ငယ်စဉ် သာမဏေဘဝကပင် အဘယာရာမ ဆရာတော်နှင့် ပဲခူးကျောက်တန်းတောရဆရာတော်ကြီး အရှင်ကေလာသဟူသော အမှီကောင်း သပ္ပူရိသူပနိဿယကို ရခဲ့သည်။ ဆရာကို ဝတ်ကြီးဝတ်ငယ် ပြုလျက် စာပေများကို ကြိုးစားသင်ယူခဲ့ရင်း အချိန်ကုန်ခဲ့သည်။ ရဟန်းဘဝတွင်လည်း ပဋိကတ်စာပေများ ကြိုးစားသင်ယူခဲ့ရာ သာသနဓဇသိရီပဝရ ဓမ္မာစရိယဘွဲ့၊ ဝိနယာဓိကပထမကျော်ဘွဲ့တို့ကို ရရှိခဲ့ရုံမက မဟာဂန္ဆဝါစကပဏ္ဍိတဘွဲ့ တံဆိပ်ကိုပင် ဆက်ကပ်ခံခဲ့ရသည်။ ဤသို့ အချိန်ကုန်ခဲ့ရသည်။

စာတတ်သောအခါ စာပေများ ပို့ချပေးခဲ့ရသည်။ ယခု သက်တော် (၇၅) နှစ် ရောက်သည် အထိ စာပေများ ပို့ချပေးကာ အချိန်ကုန်ခဲ့သည်။

တရားဟောခွင့် ကြုံလျှင်လည်း တရားဟောရသည်။ ဆုံးမသြဝါဒပေးရသည်။ တပည့် ဒကာ၊ ဒကာမများကို ယဉ်ကျေးအောင် ဆုံးမရသည်။ ဤသို့ဖြင့် (၇၅)နှစ် ပြည့်ခဲ့ရသည်။ ကောင်းသော အချိန်ကုန်ခြင်းပါလားဟု စဉ်းစားကာ ကြည်ညိုမိပါသည်။ အကျိုးရှိသော အသက်ရှည်ခြင်းပင်ဖြစ်သည်။

ကျောင်းသို့ ရောက်ခဲ့ရသော်လည်း မိုးကသဲနေ၍ လှည့်ပတ်ကြည့်ရှုခွင့် မရခဲ့ပေ။ ပရိသတ်များလွန်းသဖြင့် စကားပြောခွင့်လည်း မရခဲ့ပေ။ ရပ်ကွက်မှာ ကြို့ကုန်းရပ်ကွက် ဖြစ်ရာ "ကြို့ပင်" ရှိ၍ ကြို့ကုန်းခေါ်ခြင်း ဖြစ်နိုင်သည်။

ဗြူးကုန်း" ဟု ဘာကြောင့် ခေါ်ပါလိမ့်။ ဆရာတော်ကိုလည်း လျှောက်ထားရန် အချိန်မရခဲ့ပေ။ စိတ်ထဲတွင် အတွေးက ဝင်လာသည်။ စက်မှုတက္ကသိုလ်မှ အငြိမ်းစား ကထိက ဆရာကြီး ဦးကျော်သိန်းက...

"ဗြူးကုန်းဆိုတာ အင်္ဂလိပ်ဝေါဟာရက ဆင်းသက်လာတယ်လို့ ယူဆကြပါတယ် ဘုရား။

"ဗြူးကုန်းဆိုတာ ရှုခင်း ရှုမျှော်ခင်းလို့ ဆိုပါတယ်။ ရှုခင်းကောင်းတဲ့ ကုန်းလို့ ဆိုရမယ် ထင်ပါတယ်" ဟု ရှင်းပြသည်။ ဆရာတော်၏ ကျောင်းတည်နေရာ ကုန်းမြေမှာ အဆင့်ဆင့် သစ်ရိပ်များ အုပ်ဆိုင်းနေရာ ဗြူးကုန်းဖွင့်ဆိုချက်မှာ အဓိဟ္ပာယ် ရှိလှပါသည်။ ရေစက်ချပေးသော ဘဒ္ဒန္တအဂ္ဂညာနာဘိဝံသက-

ဆရာတော်သည် သက်တော် ရာကျော်ရှည်ပြီး ပရိယတ္တိ ပဋိပတ္တိသာသနာတော် နှစ်ပါးကို ကြိုးစားအားထုတ်နိုင်ပြီး ပဋိဝေဓ အသိဉာဏ်ဖြင့် တပည့်များကို ဆုံးမနိုင်ပါစေဟု ဆုတောင်းသွားသည်။ ရွှေမန်းတင်မောင် သီချင်းလို ကျွန်တော်တို့လည်း ထိုနည်းလည်းကောင်း၊ ထိုနည်း လည်းကောင်းဟု ဆုတောင်းမိပါသတည်း။

ငွေးလွင် (ဆားလင်းကြီး)





(၁) အုတ်တွင်းဆရာတော်နှင့် ရွှေဥမင်ဆရာတော်တို့ ကျမ်းစာအုပ်များကြည့်ရှုနေစဉ်။

(၂၃၅) မြန်မာ့ကုန်းဆရာတော်က သီရိလင်္ကာနိုင်ငံ၊ ကိုလံဘိုမြို့ ဝိသုဒ္ဓါရုံ ဆရာတော်ကြီးအား မြခန်းအတွင်း လှည့်လည်ပြသနေစဉ်။

(၄) ညီမှတ်တမ်းရေးထိုးနေကြစဉ်။

အသွင်ထူးသော

ရဝေထွန်း

စာအုပ်ပြပွဲ

တောရကျောင်းနှင့် စာအုပ်ပြပွဲ

"စာအုပ်ပြပွဲတစ်ခုကို တက်ရောက်ခဲ့ပါသည်" ဟု ပြောလျှင် နိုင်ငံကြီးတစ်ခုခု သံရုံးဆိုင်ရာ စာအုပ်ပြပွဲ၊ စာကြည့်တိုက်ဆိုင်ရာ စာအုပ်ပြပွဲ၊ စာပေဗိမာန် စာအုပ်ပြပွဲနှင့် နိုင်ငံတော်အစိုးရ ဌာနကြီးများက စီစဉ်သော စာအုပ်ပြပွဲများကို ပြောသည်ဟု ထင်မြင်စရာ ရှိသည်။ သို့သော် မဟုတ်ပါ၊ သာသနာရေးဆိုင်ရာ စာအုပ်ပြပွဲတစ်ခု သာ ဖြစ်ပါသည်။ ထို့ထက် တိတိကျကျ ဆိုသော် တောရကျောင်း တစ်ကျောင်းတွင် ပြသထားသော စာအုပ်ပြပွဲသာ ဖြစ်သည်။

ဟုတ်ပါသည်။ တောရကျောင်း တစ်ကျောင်း ၏ ကျောင်းတည်သက်တမ်း ၇၅–နှစ်မြောက် စိန် ရတုသဘင်တွင် စီစဉ်ခင်းကျင်းပြသသော စာအုပ် ပြပွဲ ဖြစ်၍ လာရောက်ကြည့်ရှုသူ၊ လေ့လာသူတို့နှင့် အမှတ်မထင် တွေ့မြင်ရသကဲ့သို့ ရင်သပ်ရှုမော အံ့သြချီးကျူးရသော ပွဲပင် ဖြစ်သည်။ နေရာမှာ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်း ဗြူးကုန်းတောရ ကျောင်းတိုက်တွင် ဖြစ်၍ အချိန်မှာ ၁၃၄၉ ခု၊ ပြာသိုလပြည့်ကျော် ၁၄ ရက် (၁၇–၁–၈၈) တနင်္ဂနွေနေ့ ဖြစ်ပါသည်။

ဗြူးကုန်းတောရဟူသည်

အဆိုပါ ဗြူးကုန်းတောရမှာ တောရဆိုသည့် အတိုင်း တောပိုင်း၌ ကျရောက်၍ အနီးပတ်ဝန်း ကျင် နေထိုင်သူများမှအပ သိသူနည်းလှသည်။ လျှိုမြောင်၊ တောင်ကုန်းများဖြင့် သစ်ပင် ပန်းပင် များ နေပြောက် မထိုးလောက်အောင် အုပ်ဆိုင်း၍ နေသည်။

"တစ်စဉ်တစ်စဉ်၊ ပင်ချင်းယှဉ်၍၊ ကူးလျဉ် ခက်စိပ်၊ မွမ်းမွမ်းသိပ်သား၊ မြိုင်ရိပ်ရွက်ကြား၊ ထွားရရားလျှင်၊ ချားမုလေး၊ ကြိုင်အေးပုန်းညက်၊ ကြက်တက်ပန်းသုန်း ဂမုန်းကြံစာ၊ မဟာလှေကား၊ ဆပ်သွားအင်ကြင်း"

ဟူသော ဂါထာခြောက်ဆယ် ပျို့လာစကား ကဲ့သို့ သစ်ပင်ပန်းပင်တို့သည် ပင်ချင်းထိမျှ မှိုင်းပျ ရီမှောင်၍ပင် နေသည်။ တကယ့် တောရပင် ဖြစ်ပါ၏။

သို့သော် ခေတ်အားလျော် စွာ ကုလလေး တာ ပြန်ငါးရာမျှ လူတို့နှင့် ဝေးကွာသော တောရ ကား မဟုတ်တော့။ အင်းစိန် ကြို့ကုန်း စက်မှု တက္ကသိုလ် (ယခု နည်းပညာတက္ကသိုလ်) မြောက် ဘက် ကပ်လျက်ရှိသော ကား လမ်းမှ အတန်ငယ် ဝင်သွားရလျှင် ဗြူးကုန်းတောရကို ရောက်ရှိနိုင် သည်။ ဗြူးကုန်းတောရဟူသော နာမည်ထက် 'ဦးစက္ကိန် ကျောင်း' ဟု ဆိုက သိသူများပြားသည်။ မြန်မာ့ လွတ်လပ်ရေးလွန် နှစ်များက ပြည်တွင်း သောင်းကျန်းမှု အရှိန်တက်ချိန်တွင် ဤကျောင်း ကုန်းတွင် သောင်းကျန်းသူတို့ ခိုအောင်းခဲ့၍ တိုက်ပွဲကြီးကျယ်စွာ ဖြစ်ခဲ့ဖူးသဖြင့် တစ်နိုင်ငံလုံး

ထင်ရှားခဲ့ရပေသည်။ ယင်း ဦးစက္ကိန်ကျောင်းသည်ပင် ပြုံးကုန်းတောရ ဖြစ်ပါသည်။

ဆရာတော် ဦးစက္ကိန် နောက်တွင် ယခု ဆရာတော် အရှင်အာစိဏ္ဏ (နှင်ငံတော် ဗဟိုသံဃာ ဝန်ဆောင်) လက်ထက်၌ သံဃာ ၅၀ ကျော်ရှိသော တောရစာသင်တိုက် ဖြစ်၍ နေပေပြီ။ ဤ အရှင်အာစိဏ္ဏ လက်ထက်မှာပင် ကျောင်းတည်နှစ် **၇၅-နှစ်ပြည့်**၍ ယခု စိန်ရတုသဘင် ဆင်ယင်ခဲ့ခြင်းပင် ဖြစ်ပါလေ၏။

ဤ ပြုံးကုန်းတောရ၏ စိန်ရတု သဘင်ပွဲတော်တွင် အခြား အခြား ရတုသဘင်များ၌ စိတ်ကူးမျှပင် မဖြစ်ဖူးသော အစီအစဉ်တစ်ရပ်ကို ထည့်သွင်းထားပေသည်။ ယင်းမှာ ဖော်ပြပါ စာအုပ်ပြပွဲပင် ဖြစ်ပါ၏။ စာအုပ်ဟူသည်မှာလည်း ဤကျောင်းတိုက်ကြီးသည် ရွှေကျင်ဂိုဏ်းဝင် ကျောင်းတိုက်ကြီး ဖြစ်သဖြင့် ဂဏသမုဒ္ဒာပက ပထမ ရွှေကျင်ဆရာတော်ဘုရားကြီးမှ စ၍ ဝိသုဒ္ဓါရုံ ဆရာတော်၊ ဒီပဲယင်း ဆရာတော်စသော ရွှေကျင်သာသနာပိုင် အဆက်ဆက်နှင့် ရွှေကျင် ဂိုဏ်းဝင် ဆရာတော်ကြီးများ ပြုစုခဲ့ကြသော စာအုပ်များကို ရှာဖွေပြသထားသဖြင့် ပြပွဲ၌ ပြသထာလသော စာအုပ်များမှာ ရွှေကျင်ဂိုဏ်းဝင် ဆရာတော်တို့ ပြုစုတော်မူကြသော စာအုပ်များသာ ဖြစ်လေသည်။

ရွှေကျင်ဂိုဏ်းနှင့် စာပေကျမ်းဂန်

ရွှေကျင်ဂိုဏ်း၏ ထူးခြားချက်ကား ကျမ်းစာများစွာ ရေးသားပြုစုခဲ့ခြင်းပင် ဖြစ်ရာ ဂိုဏ်း၏ ပမာဏ၊ ဂိုဏ်း၏ သက်တမ်းနှင့် စာသော် အံ့သြလောက်အောင် ကျမ်းစာများစွာ ထွက်ပေါ်ပေသည်။ ဤသည်မှာလည်း ဂိုဏ်း၏ ပုဓာန ပထမ ရွှေကျင်ဆရာတော်ကြီး ကိုယ်တိုင်က ကျမ်းပေါင်း များစွာ ပြုစုခဲ့ပြီး ဒုတိယ ရွှေကျင်သာသနာပိုင် မဟာဝိသုဒ္ဓါရုံ ဆရာတော် စသော ဆရာတော်များကလည်း ကျမ်းစာများစွာ ပြုစုခဲ့သဖြင့်-

'အင်ကြင်းခက်ကျိုင်း ရွှေကျင်ဂိုဏ်း'

ဆောင်ပုဒ် အရ ၁၂၂၂-ခုနှစ်မှ စတင်ခဲ့သော ရွှေကျင်ဂိုဏ်းကြီးသည် စတင်ဖြစ်ပေါ်ချိန်မှ ဤခေတ် အထိ ဂိုဏ်းသက်တမ်းနှင့် မမျှလောက်အောင်ပင် ကျမ်း စာအုပ်ပေါင်းများစွာ ထွက်ပေါ်ခဲ့ပေသည်။

'ပရိယတ္တိ စာပေနယ်တွင် ရွှေကျင်ဂိုဏ်းက မရေးမပြုဖူးသော ကျမ်းဂန်ဟူ၍ မရှိ'

ဟု ဥဒါန်း ထိုးနှိုင်လောက်အောင် ဘက်စုံ ကျမ်းဂန် ပြုနိုင်သော သံဃာ့ဂိုဏ်းကြီး တစ်ဂိုဏ်းပင် ဖြစ်သည်။

"အခါတစ်ပါး သပြေကန် ဆရာတော် ဘုရားကြီးနှင့် ရွှေဟသ်ာတောရ စံကျောင်း ဆရာတော် ဘုရားကြီးတို အာလာပသလ္လာပ ပြောဆိုနေကြရာ၌ စံကျောင်းဆရာတော် ဘုရားကြီးက မသိ, မတတ်လျှင် မဖြစ်သော အဘိဓာန်, သဒ္ဒါ, အလင်္ကာ, ဆန်း လေးခုတို့ အနက် အဘိဓာန် နိသယကို အဘယာရာမ ဆရာတော် ရေးအပ်ပြီ၊ သဒ္ဒါကြီး ကစ္စည်း နိသယကို ပစ္ဆိမာရုံ ဆရာတော်ကြီးနှင့် သပြေကန် ဆရာတော်တို့ ရေးအပ်ပြီ၊ အလင်္ကာ နိသယကို တပည့်တော် ရေးအပ်ပြီ၊ ဆန်းနိသယသစ်ကို သိရိကုမာရထေရ် ရေးအပ်ပြီ၊ တပည့်တော်တို့ ရွှေကျင်ဂိုဏ်းက ဘက်စုံ ပရိယတ္တိ အခြေခံကို အလုံ အလောက် ပြုပြီးပြီ" ဟု မိန့်တော်မူကြောင်း။

(ပစ္ဆိမာရုံ သာသနာဝင် ၁၂၇-၁၂၈)

သို့သော် ဤ ပြုံးကုန်းတောရ စိန်ရတုသဘင်ပွဲတော် စာအုပ်ပြပွဲတွင်ကား ရွှေကျင်ဂိုဏ်းဆိုင်ရာ စာအုပ်များကို အကုန်အစင် ရှာဖွေ၍ ပြသနိုင်ခြင်းကား မရှိချေ။ အချိန်တိုတိုနှင့် စီစဉ်ရသဖြင့် လက်လှမ်းမီသမျှ စာအုပ် ၃၀၀ ကျော်မျှသာ

ပြသနိုင်ခဲ့ပေသည်။ နေရာထိုင်ခင်းအလိုက် ပြင်ဆင်ပြသရသဖြင့် အချို့ဆရာတော်များ (ဥပမာ အမရပူရ မဟာဂန္ဓာရုံ ဆရာတော် အရှင်ဇနကာဘိဝံသ) ပြုစုသော ကျမ်းများဆိုလျှင် ရသလောက် မပြနိုင်ဘဲ သင့်တန်ရုံမျှသာ ပြသထားသည်ကို တွေ့ရပေသည်။

ယပ်လဲ့ကျမ်းစာများ

အချိန်နည်း၍ ရှာဖွေခွင့် မရသဖြင့် ဟာကွက်ပမာ ဖြစ်ရသည်မှာ ရွှေကျင်ဂိုဏ်းထွက် ယပ်လဲ့ကျမ်းစာများကို ပြည့်ပြည့်စုံစုံ ပြသမထားနိုင်ခြင်းပင် ဖြစ်၏။

စာရေးသူ သိသမျှ 'ယပ်လဲ့အစ ရွှေကျင်က' ဟု ဆိုရလောက်အောင် စိန်ဇနီခေါ် ဝိသုဒ္ဓါရုံ အရှင်ဇနီတက ယပ်လဲ့တရားစာများ ပလူပျံ့မျှ ထွက်ခဲ့သည်။ ယင်းသို့ ထွက်ရာမှာလည်း ဝိသုဒ္ဓါရုံ အရှင်စာရိတ္တ, အရှင်သောဘန (ရန်ကင်း ချောင်), ဝိသုဒ္ဓါရုံ ဓမ္မတိဏ္ဏ, ကျိုက္ကစံ ဦးအာစရ, ဦးပဏ္ဍိဝမ္ပ, အရှင်နာဂဝံသ, ကျိုက်ဝိုင်း ဦးဂ္ဂနန္ဒက စသည်ဖြင့် ရွှေကျင်ဂိုဏ်းထွက် ယပ်လဲ့ ကျမ်းများမှာ အမျိုးအစားပင် ရာဂဏန်းထိ ရှိနိုင်ပေသည်။ အချိန်ယူ၍ ရှာဖွေလျှင် ဤရွှေကျင်ဂိုဏ်းဆိုင်ရာ ယပ်လဲ့တရားစာများကိုပင် တခမ်းတနား ပြသထားနိုင်လိမ့်မည်။

မမြင်ဖူးလောက်အောင် အသွင်ထူးသည်

ထို့ပြင် ခေတ်အလိုက် စီစဉ်နေချိန်လည်း ရဟန် မတူပေ။ ဖြစ်သင့်သည်မှာ ရွှေကျင် ဆရာတော်ကြီး စာအုပ်များ တစ်ကဏ္ဍ, ဝိသုဒ္ဓါရုံ ဆရာတော်ကြီး တစ်ကဏ္ဍ စသည်ပင်။ သို့သော် ရသလောက် အချိန်မျှဖြင့် သင့်တန်သလောက်မျှတ၍ ပြသထားနိုင်သဖြင့် ကျေနပ်ရပေသည်။ ခေတ်အမြင် ရှိသူများ ဦးစီးစီစဉ် ပြသ သဖြင့် စာအုပ်တိုင်းကို ပလတ်စတစ်များဖြင့် အလုံအခြုံ ထုပ်စည်း၍ ပြသထားခြင်း, အပြင်ဖုံး ပျက်စီးနေလျှင် အတွင်းဖုံးကို ဖိုတိုစတက်ကူး၍ ပြသထားခြင်း၊ ကျမ်းပြုဆရာတော် ဘုရားကြီးများ၏ ဓာတ်ပုံများကို အစုံလိုက် ချိတ်ဆွဲ၍ ပြသထားခြင်း, လူတိုင်းမျက်စိပသာဒ သာယာမှုရအောင် လှလှပပ ပြင်ဆင်ထားခြင်း, ပြခန်းတည်ရာ ဌာန အဆင်ပြေအောင် ရွေးချယ်တတ်ခြင်းနှင့် အကျော်အမော် ဆရာတော်များ၏ သြဝါဒတော်များကို လက်ကမ်းစာစောင် ပြုလုပ် ဖြန့်ဝေခြင်း စသည်တို့ကြောင့် စာရေးသူ ရောက်ခဲ့ ရသော **"ဗြူးကုန်းတောရ စာအုပ်ပြပွဲ"** ကား မမြင်ဖူးလောက်အောင် အသွင်ထူးပေသော ပြပွဲ တစ်ပွဲပင် ဖြစ်သဖြင့် ဤပြပွဲမျိုးကို ကျောင်းတိုက်ပွဲမျိုး, စာပြန်ပွဲ မျိုး, ဂုဏ်ပြုပွဲမျိုးတိုင်းတွင် ကြိုးစားပြသနိုင်ပါစေဟု ဆန္ဒပြုမိပါတော့သည်။

ရဝေထွန်း

ပြီးတော့ ပဲ

ကိုကိုး (မြစ်ခြေ)

မြူးကုန်းတောင်စောင်းက သုံးထပ်ကျောင်းကြီး

ဆောက်လုပ်ဆဲ စာသင်သားနေ သုံးထပ်ကျောင်းကြီး

၁၉၉၄ ခုနှစ် မတ်လမှစ၍ စင်ကာပူနိုင်ငံရှိ ကုမ္ပဏီတစ်ခုသို့ ကျွန်တော် သွားရောက် အလုပ်လုပ်နေပြီး နှစ်စဉ် ပြေလရောက်တိုင်း ခွင့်ယူ၍ အမိနိုင်ငံမြန်မာပြည်သို့ ပြန်လာမြဲ ဖြစ်သည်။ သို့ရာတွင် ၁၉၉၈ ခုနှစ် ပြေလက ကုမ္ပဏီတွင် အလုပ်များနေသဖြင့် ခွင့်မရသောကြောင့် မပြန်ဖြစ်ခဲ့ဘဲ ယခုနှစ် ၁၉၉၉ ခုနှစ်တွင်မှ မတ်လနှင့် ပြေလပေါင်း ခွင့်နှစ်လဖြင့် ပြန်ခဲ့ရသည်။ ယမန်နှစ် ၁၉၉၈ ခုနှစ်က မပြန်ဖြစ်လိုက်သဖြင့် မြူးကုန်းတောရ စာသင်တိုက်ကြီးတွင် ပြုလုပ်ခဲ့သည့် စာသင်သား သံဃာနေ သုံးထပ်ကျောင်းဆောင်သစ် ပန္နက်ချပွဲနှင့် လွှဲခဲ့ရသည်။ ၎င်းကျောင်းဆောင်သစ် ဆောက်လုပ်ရေးလုပ်ငန်းတွင် ကျွန်တော်၏ ဇနီးဖြစ်သူသည် အတွင်းရေးမှူးအဖြစ် တာဝန်ယူလုပ်ရှားဆောင်ရွက်နေပြီး ကျွန်တော်တို့ မိသားစုက အခန်းတစ်ခန်းအတွက် ကျပ်နှစ်သိန်း ပါဝင်လှူဒါန်းထားပါသည်။ ထို့ကြောင့်လည်း ထိုပန္နက်ချပွဲကို ကျွန်တော် အလွန်ဆင်နွှဲချင်ပါသည်။ ခွင့်မရလို့ မပြန်ဖြစ်ခဲ့သော်လည်း ကျွန်တော့်ဇနီးဖြစ်သူက စာနှင့်ရော၊ ဖုန်းနှင့်ပါ ထိုပန္နက်ချပွဲနှင့် ကျောင်းဆောင်သစ်ကြီး ဆောက်လုပ်နေပုံများကို ရေးပြ၊ ပြောပြသဖြင့် ကျေနပ်ဖြေသိမ့်ခဲ့ရပါသည်။

အမှန်ဆိုမူ ကျွန်တော်သည် ၁၉၈၃ ခုနှစ်မှစ၍ ၁၉၉၄ ခုနှစ် စင်ကာပူနိုင်ငံသို့ မထွက်မီ

ပြုံးကုန်းတောရ စာသင်တိုက်ကြီး၏ ဝေယျာဝစ္စ အဖွဲ့တွင် ပါဝင်၍ စာသင်တိုက်ကြီး၏ တိုးတက်ရာ တိုးတက်ကြောင်း သာသနာရေးရာများတွင် တတ်အားသမျှ ဆောင်ရွက်ခဲ့သဖြင့် ပြုံးကုန်းတောရ စာသင်တိုက်ကြီးတွင် တကယ် လိုအပ်နေသည့် စာသင်သား ရဟန်းတော်များအတွက် ကျောင်းဆောင် ဆောက်လုပ်ခြင်းကိစ္စကို ကျွန်တော် အထူး စိတ်ဝင်စားပါသည်။ တစ်စတစ်စ တိုးတက်များပြား လာသည့် စာသင်သား ရဟန်းနှင့် သာမဏေများ အတွက် နေစရာ မလုံမလောက်ဖြစ်နေသည်ကို ကျွန်တော် စင်ကာပူသို့ မထွက်ခွာမီကပင် သိရှိခဲ့ပြီး ဖြစ်ပါသည်။ သို့အတွက် ရန်ကုန်စက်မှု တက္ကသိုလ် (ယခု နည်းပညာတက္ကသိုလ်)မှ အင်ဂြိမ်းစား ကထိက တစ်ဦးလည်းဖြစ်၊ ကျွန်တော်ကဲ့သို့ပင် ပြုံးကုန်း တောရ စာသင်တိုက်ကြီး၏ ဝေယျာဝစ္စ အဖွဲ့ဝင် တစ်ဦးလည်းဖြစ်၊ ယခုအခါ ထိုင်းနိုင်ငံရှိ တက္ကသိုလ် တစ်ခုတွင် ဆရာအဖြစ် သွားရောက် လုပ်ကိုင်နေသော ဆရာဦးစိန်မောင်က အင်္ဂလေးအနက် အကြံပြုစီစဉ်ဆောင်ရွက်ခဲ့မှုဖြင့် စာသင်သား သံဃာနေ သုံးထပ်ကျောင်းဆောင် ဆောက်လုပ်ရေးလုပ်ငန်းကို ဆရာဦးစိန်မောင်၏ ဇနီး ဒေါက်တာ ဒေါ်စောကြည် (ဩဇာ)က ဦးဆောင်၊ ကျွန်တော့် ဇနီး ဒေါ်စန်းစန်း (မြို့ပြ အင်ဂျင်နီယာ)က အတွင်းရေးမှူးအဖြစ် အဖွဲ့ဖွဲ့၍ အကောင်အထည် ဖော်ခဲ့ကြခြင်း ဖြစ်သည်။ ခွင့်ရ၍ မြန်မာပြည် ပြန်လျှင် ကျောင်းဆောင် သစ်ကြီး ဆောက်လုပ်နေခြင်း လုပ်ငန်းကို အလျင်ဆုံး သွားကြည့်ရမည်ဟု ကျွန်တော် စိတ်ကူး ထားပါသည်။



တည်ဂြိမ်အေးဆေးလှသော ပြုံးကုန်းဆရာတော်

၂၈-၂-၉၉ နေ့က ကျွန်တော် မြန်မာပြည်သို့ ပြန်ရောက်လာပါသည်။ စင်ကာပူမှ စင်ကာပူ စံတော်ချိန် ၁ နာရီ ၃၀ မိနစ် မြန်မာစံတော်ချိန် ၁၂ နာရီတွင် လေယာဉ်ထွက်၍ မြန်မာပြည် ရန်ကုန်လေဆိပ်သို့ မြန်မာစံတော်ချိန် ၂ နာရီ ၄၅ မိနစ်တွင် ရောက်ရှိပါသည်။ လေဆိပ်၌ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ကိစ္စ၊ အကောက်ခွန်ဆိုင်ရာကိစ္စများ နာရီဝက်ခန့် ဆောင်

ရွက်ပြီး လေယာဉ်ကွင်းမှ လာရောက်ကြိုဆိုနေကြသော မိသားစုများနှင့်အတူ ပြန်လာရာ အင်းစိန်မြို့နယ် ကြို့ကုန်းရပ်ကွက်ရှိ ကျွန်တော့်နေအိမ်သို့ ညနေ ၄ နာရီခန့်တွင် ရောက်ရှိပါသည်။ ညနေခင်းတစ်ခုလုံး နေအိမ်၌ မိသားစုတစ်တွေ ပြန်လည် ဆုံတွေ့ကြရ၍ မမောနိုင်၊ မပန်းနိုင် ပြောကြ၊ ဆိုကြ၊ ရယ်ကြ၊ မောကြ၊ ကြည်နူးကြပြီး ၇ နာရီ ၃၀ မိနစ် ခန့်တွင် ညစာ စားသောက်ကြပါသည်။ ညစာ စားပြီးသောအခါ လက်နှိပ်ဓာတ်မီး တစ်လက်ယူ၍ ကျွန်တော်နှင့် ကျွန်တော့် ဇနီးတို့ ဆောက်လုပ်ဆဲ သုံးထပ်ကျောင်းဆောင်ကြီးကိုလည်း ကြည့်ရှုရန်နှင့် ဗြူးကုန်းတောရ ဆရာတော်ကြီးအားလည်း နှုတ်ဆက်ကန်တော့ရန် ဗြူးကုန်း တောရ စာသင် တိုက်ကြီးသို့ ထွက်ခဲ့ကြပါသည်။

ပဓာနနာယက ဗြူးကုန်းဆရာတော်နှင့် ဗြူးကုန်း တွဲဖက်နာယက ဒီဃနိကာယကောဝိဒ၊ ဒွိပိဋကရေ အရှင်ကဝိသေဋ္ဌ

ဗြူးကုန်းတောရ စာသင်တိုက် နှင့် ကျွန်တော့်နေအိမ်မှာ ၁၀ မိနစ်ခန့် လမ်းလျှောက်လျှင် ရောက်ပါသည်။ အရှေ့ကြို့ကုန်းရပ်ကွက်တွင် (၁) လမ်းမှ (၁၀) လမ်းအထိရှိရာ ကျွန်တော့် အိမ်သည် (၈) လမ်းတွင်ရှိ၍ စာသင်တိုက်ကြီးသည် (၁၀) လမ်းတွင် ရှိပါသည်။ ဗြူးကုန်းတောရ စာသင်တိုက် ဟူသော အမည်နှင့် လိုက်ဖက်ညီလှစွာ သစ်ပင်ကြီးငယ်တို့ ဝေဆာအုံ့မှိုင်းနေသည့် တောအုပ်ငယ် ကလေး ဖုံးလွှမ်းထားသည့် တောင်ကုန်းကြောလေးပေါ်တွင်တည်ရှိသဖြင့် အလွန်အေးချမ်းသာယာလှပါသည်။ ကျွန်တော်တို့ ဇနီး မောင်နှံသည် ကျောင်းတိုက်ကြီး၏ မုခ်ဦးတံခါးဝမှ တောအုပ်ကလေး၏ကြားဝယ် ပစ္စည်းများ သယ်ယူ ရန်နှင့် နောင်တွင် လည်းကွန်ကရိ လမ်းကလေး ပြုလုပ်ရန်သစ်ပင် ငယ်များကို ခုတ်ထွင်ရှင်းလင်း ဖောက်လုပ်ထားသော မြေလမ်း ကလေးမှ ဆောက် လုပ်ဆဲ ကျောင်း ဆောင် သစ်ကြီးဆီသို့သွားကြပါသည်။ ရောက်သောအခါ အောက်မြေညီထပ်မှစ၍ လှေကားအတိုင်း သုံးထပ်သို့ ရောက်အောင် အထပ်တိုင်း ဓာတ်မီးဖြင့် ထိုးကြည့်ရင်း တက်ခဲ့ကြပါသည်။

ကျွန်တော့်ဇနီးက ကျွန်တော်အား လက်ရှိ အခြေအနေကို စိတ်ရှည် လက်ရှည် ရှင်းပြပါသည်။ အမိုးဒိုင်းကြီးများ တင်ရန်အတွက် ထုတ်နှင့် ယောက်များ ကျောက်ထုတ် လောင်းတော့မည့် အခြေအနေတွင် ရှိပါသည်။ ကျောက်ပုံးများရိုက်ပြီး သံချိသံကွေး လုပ်ငန်းများလည်း ပြီးစီးသလောက် ဖြစ်နေပါသည်။ ဒိုင်းခွေ များလည်း အရန်သင့် အနေအထားတွင် ရှိပါသည်။ နံရံအုတ်စီခြင်း လုပ်ငန်းလည်း အတော်ပြီးစီးနေ ပါသည်။ ၁၅ မိနစ်ခန့် လုပ်ငန်းခွင်ကို ကြည့်ရှုကြပြီး အောက်သို့ ပြန်အဆင်းတွင် ကျွန်တော်က ဇနီးသည်အား-

"မနှစ်က ပြေလမှာ ပန္နက်တင် အုတ်မြစ်ချပြီး လုပ်ငန်းတွေ စတာဆိုတော့ ခုချိန်မှာ (၁၀)လ ကျော်ကျော် (၁၁) လပေါ့။ ဒီ တစ်နှစ်မပြည့်တပြည့် အချိန်မှာ ခုလို သုံးထပ်ကျောင်းကြီး တစ်ဆောင် ဒီလောက်ထိ အကောင်အထည်ပေါ်လာတာ အားရစရာတော့ အတော်ကောင်းသား အမေကြီးရေ၊ အမေကြီး တယ်လိုဖုန်းနဲ့ ပြော၊ စာနဲ့ရေးပြခဲ့ပေမယ့် ကိုယ်တိုင် မမြင်ရသေးတော့ မှန်းပြီး ကြည့်ရတာ ဒါလောက် ဟုတ်လိမ့်မယ် မထင်ဘူး၊ ခုမြင်လိုက်ရမှ တကယ်ကို ပြီးနေတာ တွေ့ရတယ်၊ အလှူရှင်တွေ မြင်ကြရရင် ဝမ်းသာကြမှာ" ဟု ပြောလိုက်ပါသည်။

"ဆရာတော်က ဝါဆိုအမီ သံယာထားချင်တယ်လို့ မိန့်ထားတာ၊ အဲဒါ ကြိုးစားတော့ ကြိုးစားနေတာပဲ အဖေကြီးရဲ့၊ ခုလောက်ပြီးလာတာ အဓိကကတော့ အလှူရှင်တွေရဲ့ သဒ္ဓါတရားရှိမှုပဲ၊ ဆောက်လုပ်နေတဲ့ အမေကြီးတို့အဖွဲ့ကလည်း အင်တိုက်အားတိုက်နဲ့ တက်တက်ကြွကြွ ဆောင်ရွက်ကြတယ်၊ မလေလွင့် မပျောက်ပျက်ရအောင်လည်း စေ့စေ့စပ်စပ် ရှိကြတယ်၊ နှစ်ပတ်တစ်ခါလည်း အမြဲ အစည်းအဝေးလုပ်ပြီး ညှိနှိုင်းတိုင်ပင်ကြတယ်၊ ဒီတော့ အဖွဲ့ဝင်တွေအားလုံး လုပ်ငန်းအခြေအနေကို မျက်ခြည်မပြတ် သိနေကြပြီး လုပ်ရကိုင်ရတာ လွယ်တယ်လေ၊ ဒီတော့လည်း ပြီးတာပေါ့"

"ဟုတ်တယ်၊ အသင်းအဖွဲ့မှာ အစည်းအဝေးက အရေးကြီးတယ်၊ အလှူရှင်တွေက စေတနာပြတ်တယ် ဆိုပေမယ့် ကိုယ်လှူလိုက်တဲ့ ကိစ္စ၊ ကိုယ်ပြုထားတဲ့ ဒါနလေး အောင်မြင်တာကို စိတ်ကြည်ကြည်လင်လင်နဲ့ တွေ့ရတော့ ပိုပြီး လှူချင်စိတ်တွေ ဖြစ်မယ်၊ သဒ္ဓါတရားတွေ ထက်မယ်လေ၊ ဒ့ါကြောင့် စည်းဝေးရမယ်၊ တိုင်ပင်ရမယ်၊ အားလုံး အမြင်ရှင်းဖို့ လိုတယ်ပေါ့"

"လှူချင်စိတ်တွေ ဖြစ်ကြတာတော့ မပြောနဲ့တော့၊ တစ်ခါတလေ ကိုယ်ဖာသာကိုယ်တောင် မယုံဘူး၊ လာလှူကြတာ ဟိုနယ်အဝေးတွေကတောင် ပါတယ် အဖေကြီးရေ"

"ဒါကလည်း အကြောင်းနဲ့ အကျိုးဖြစ်မှာပေါ့၊ နောက်တစ်ကြောင်းက အဖေကြီးတို့ ဆရာတော်ကြီးရဲ့ စေစတနာနဲ့ ရည်ရွယ်ချက်လိုပဲ ပြောရမလား၊ အားလုံး အနယ်နယ်အရပ်ရပ်က စာသင်သားသာမဏောလေးတွေနဲ့ ဦးပဉ္စင်းလေးတွေ လက်ခံပြီး စာချပေးနေတာ၊ တချို့ဆို ဟိုဝေးလံလှတဲ့ ရှမ်းပြည်နယ်ဘက်က ပါတယ်၊ တစ်ခါတစ်ရံ ကရင်ပြည်နယ်ဘက်က ပါတယ်၊ ဒီ သာမဏောလေးတွေနဲ့ ဦးပဉ္စင်းလေးတွေ စာတတ်ပြီး ပြန်သွားကျရင် အဲဒီနယ်တွေမှာ သာသနာထွန်းကားဦးမှာပဲ၊ ကိုယ်တိုင်ကျွေးပြီး သာသနာပြန့်ပွားအောင် လုပ်တာက တစ်မျိုး အခုလို နယ်က စာသင်သားတွေခေါ်ပြီး စာသင်ပေးပြီး သာသနာထွန်းကားအောင် လုပ်တာလည်း တစ်မျိုးပေါ့လေ အမေကြီးရယ်"

"ဆရာတော်ကြီးက အခု ဆောက်လုပ်နေတဲ့ သုံးထပ်ကျောင်းဆောင်သစ်ကြီးသာ ပြီးရင် စာသင်သားတွေအတွက် နေရေး၊ ထိုင်ရေး စိတ်အေးရတာပေါ့၊ လက်ရှိ ကျောင်းဆောင်တွေက မိုးမလုံတာ၊ ကျဉ်းနေတာနဲ့ တိုးတိုးခွေ့ခွေ့ သိတင်းသုံးကြရတာ၊

ဒါထက် အခန်းတွေ ဘယ်နှစ်ခန်းနဲ့ စာသင်သား ဘယ်လောက် သီတင်းသုံးနိုင်မှာလဲ"

"အခန်း ၃၂ ခန်းလေ၊ တစ်ခန်း နှစ်ပါးကျ၊ ၆၄ ပါး သီတင်းသုံးနိုင်မယ်၊ စာချကိုယ်တော်တွေ အတွက်တော့ ထိပ်ဆုံးခန်း နှစ်ခန်းပေါ့"

"ဒါဆို အတော့်ကို ဟုတ်သွားပြီကွ"

"ဟုတ်တယ်၊ ဒါကြောင့်လည်း အမေကြီးတို့ အဖွဲ့က အင်တိုက်အားတိုက်ကို ကြိုးစားနေကြတာ၊ ဆရာတော်ကြီး ဘုန်းကံကလည်း ကြီးပါတယ်"

"ဘုန်းကံဆိုတာကလည်း အလကားနေရင်း ကြီးတာ မဟုတ်ဘူးလေ၊ သီလ၊ သမာဓိ၊ ပညာ ဆိုတဲ့ သိက္ခာသုံးပါးပေါ်မှာ အခြေပြုထားတာ၊ ပုဂ္ဂိုလ် တစ်ဦးတစ်ယောက် ဘုန်းကံကြီးတယ်ဆိုတာ အဲဒီသုံးချက်နဲ့ စံထားကြည့်ရတာ အမေကြီးရဲ့ အလှူရှင်တွေရဲ့ သဒ္ဓါတရားကလည်း ထက်သန်၊ လှူကြတာကလည်း သံယာကိုရည်ပြီး သံယိုက၊ သံယာ့ကိုယ်စား 'ဝေဖန်' ပေးမယ့် ဆရာတော်ကြီးကလည်း သီလ၊ သမာဓိ၊ ပညာပြည့်စုံဆိုတော့ အခုလှူလိုက်တဲ့ အလှူကတော့ ဟိုတစ်ခါ ရတနာမွန် မဂ္ဂဇင်းမှာ ဆရာဦးထွန်းလွင် ရေးလိုက်သလို 'အခုနေ ဝိသာခါတို့၊ အနာထပိဏ်တို့နဲ့များ တွေ့ရရင်လား' ဆိုတဲ့ ဆောင်းပါးထဲကလိုပဲ အဖေကြီးက ထပ်ပြောချင်တယ်"

"အမေကြီးကတော့ အလှူရှင်တွေအားလုံးကို သိပ်ကျေးဇူးတင်ပါတယ်ရှင်၊ တကယ်ပါ စေတနာရော၊ သဒ္ဓါရော ပြောစရာ မလိုပါဘူး"

"အဖေကြီးတို့ မြန်မာပြည်က လူတွေဟာ စေတနာ သဒ္ဓါတရားနဲ့ ပတ်သက်လာရင် တစ်ဦးကောင်း တစ်ယောက်ကောင်း မဟုတ်ဘူး၊ နိုင်ငံနဲ့ ချီပြီးကို ကောင်းကြတာ၊ အဲဒါ ,ပြောရဦးမယ်၊ အဖေကြီး စင်ကာပူမှာ အလုပ်လုပ်တော့ သူတို့ နိုင်ငံက တချို့တွေက အဖေကြီးတို့ နိုင်ငံကို ဆင်းရဲတဲ့ နိုင်ငံလို့ ထင်ကြပြီး ပြောကြတာလေ၊ အဖကြီးက **တို့ဆီမှာ သံယာတွေ နှစ်သိန်းကျော်လောက် ရှိတယ်၊ သီလရှင်တွေကလည်း သုံးလေးသောင်း ရှိတယ်၊ အဲဒီ သံယာနဲ့ သီလရှင်တွေကို နေဖို့ဆိုရင် ကောင်းပေ့ဆိုတဲ့ ကျောင်းကြီးတွေ၊ စားဖို့ဆိုရင် ကောင်းပေ့ညွှန်ပေဆိုတဲ့ အစားအစာတွေကို မိမိတို့ကိုယ်တိုင် ရိုးရိုးနေ၊ ဖြစ်သလိုစားပြီး လှူဒါန်းထောက်ပံ့ထားကြတာ၊ မင်းတို့ဆီမှာ အဲဒီလို ထားနိုင်လို့လားလို့၊ ချမ်းသာတယ်ဆိုပြီး ဘယ်သူ့ကိုမှ အလကား မပေးနိုင်ဘူးဆိုတဲ့ ချမ်းသာမှုမျိုးကတော့ တို့ဆီက အားမကျဘူးကွ၊ ချမ်းသာတယ်လို့လည်း မထင်ဘူးလို့ ပြောတော့ သူတို့ အဖေကြီးကို ပြန်မချေနိုင်ဘူး"**

"ဟုတ်တာပေါ့၊ ဒါကြောင့်လည်း အမေကြီးတို့ မြန်မာပြည်က ပရိယတ္တိစံနဲ့ပဲ ကြည့်ကြည့်၊ ပဋိပတ္တိစံနဲ့ပဲ ကြည့်ကြည့် ဗုဒ္ဓဘာသာ နိုင်ငံချင်းတူတာတောင် စံပြဖြစ်နေတာ၊ အဓိကကတော့ သာသနာ့ဝန်ထမ်း ရဟန်းတွေ စိတ်အေးချမ်းသာ သာသနာပြုနေကြလို့၊ အဲဒီလို စိတ်အေးချမ်းသာ သာသနာပြုနိုင်အောင် တစ်နိုင်ငံလုံးက ထောက်ပံ့ထား လို့ပေါ့၊ ဒါတွေရဲ့ အကျိုးဆက်အဖြစ် ပဋိဝေဓစံနဲ့ ကြည့်ရင်လည်း ရဟန္တာမဆိတ်တဲ့ နိုင်ငံလို့ ပြောရ မှာပဲ"

"လှူကြတာကလည်း စုပေါင်းလှူတဲ့ အများကောင်းမှုလေ၊ သိန်းသန်းချီပြီး' ချမ်းသာတဲ့လူတွေကလည်း မမော်ကြား၊ မမောက်မာဘဲ ဦးဆောင်ပြီး သိန်းနဲ့ သောင်းနဲ့ စုပေါင်းကြသလို ရာထောင်လောက်သာ ရှိတဲ့ လူတွေကလည်း အားမငယ်၊ စိတ်ဓာတ်မကျဘူး၊ ရှိတာထဲက ဖဲ့ပြီး စုပေါင်းပါဝင်ကြတာ တကယ်ကို နတ်လူသာဓု ခေါ်ရမယ့် အလှူအစစ်ပေါ့ကွာ"

"ဒီကျောင်းဆောင်သစ်ကြီး ပြီးရင် ဝိနည်းစာပြန်ပွဲကြီးလည်း လုပ်ဦးမယ်လို့ ဆရာဦးထွန်းလွင်

"ဟုတ်တယ်၊ ရေးရမယ်၊ အမေကြီးတို့ အဖွဲ့ဝင်တွေနဲ့လည်း တွေ့ဦးမယ်လေ၊ ဆရာတော်ရဲ့ သြဝါဒလည်း ခံယူရဦးမယ်၊ ဘာပဲ ဖြစ်ဖြစ် ဒီကျောင်းဆောင်သစ်ကြီး ပြီးဖို့ ဝိရိယအား၊ ဉာဏ်အား၊ ငွေအား တတ်နိုင်သလောက်ပါဝင်ပြီး ကုသိုလ် ယူဖို့ ဆုံးဖြတ်ထားပြီးသားပဲ မဟုတ်လား၊ ဒီတော့ လိုနေတဲ့ဘက်၊ ဟာနေတဲ့ဘက် ရှိရင် အဲဒီ ဟာ နေတဲ့ဘက်ကို တတ်နိုင်သမျှ ဖြည့်ရမှာပဲ"

"လာမယ့် တနင်္ဂနွေနေ့မှာ အပတ်စဉ် အစည်း အဝေးရှိတယ်၊ အဖေကြီးလည်း လိုက်တက်ပေါ့"

"ကောင်းတယ်၊ တက်မယ်၊ ကဲ ... ကဲ ... အဖေကြီးတို့ ဆွေးနွေးနေ ကြတာတောင် ကြာပြီ၊ ဆရာတော် ကြီးကို ကန်တော့ဖို့ ဆရာတော်ကြီး ကျောင်းကို သွားကြစို့"

ကျွန်တော်နှင့် ကျွန်တော်ဇနီးတို့သည် ကျောင်းဆောင်သစ်ကြီးနားမှ ဆရာတော်ကြီးအား ကန်တော့ရန် ထွက်ခဲ့ကြပါသည်။ ကျောင်းဆောင်သစ်ကြီးမှ ဆင်ခြေလျှော လမ်းကလေးအတိုင်း လာခဲ့ကြ၍ ကုန်းအတက် တစ်နေရာ အရောက်တွင် နောက်သို့ လှည့်ကြည့်လိုက်ရာ ဆာက်လုပ်ဆဲ ကျောင်းဆောင်သစ်ကြီးကို ညအမှောင်အောက်မှာပင် ဖြူဖြူဖွေးဖွေး မားမားမတ်မတ်ကြီး မြင်နေရပါသေးတော့သည်။

ကိုတိုး (မြစ်ခြေ)

တို့ အားခဲနေကြတာ၊ သူ့ဆောင်းပါးထဲမှာတောင် ပါတယ်လေ အဖေကြီးရဲ့"

"ဟုတ်တယ်၊ အဖေကြီးကိုလည်း သူကိုယ်တိုင် ပြောဖူးတယ်၊ အဖေကြီးလည်း အဲဒီကိစ္စ အတော်ကို စိတ်ဝင်စားတယ်း ဝိနည်းစာပြန်ပွဲကြီး တစ်ခုဖြစ်ဖို့ အရေးကြီးဆုံးက အနယ်နယ်အရပ်ရပ်က လာကြမယ့် သံဃာတွေ အတွက် နေစရာ နေရာပဲ၊ ဒီကျောင်းဆောင်သစ်ကြီး ပြီးသွားရင် အဆင်ပြေပြီပေါ့၊ ဒါကြောင့် ဒီကျောင်းဆောင်သစ်ကြီး မြန်မြန်ပြီးဖို့ပဲ လိုတော့တယ်း အဆောက်အအုံကြီး ပြီးရင် တစ်ခါ စားပွဲ၊ ကုလားထိုင်၊ ခုတင် ဒါတွေလည်း လိုသေးတယ်၊ ဒီအတွက် လုံးပန်းရဦးမယ်"

"အလှူတွေကတော့ ဆက်နေမှာပဲ၊ ဒီလိုဆို ဒီကျောင်းဆောင်သစ်ကြီး ပြီးဖို့အရေး အလှူရှင်တွေ ဆီကို ဆောင်ရွက်ပြီးသမျှ ဆောင်ရွက်နေသမျှ သတင်းပေးရင်း နိဗ္ဗာန်ဆော် ဆောင်းပါးလေး ရေးပါလား အဖေကြီးရဲ့"

ဗြူးကုန်းတောရစာသင်တိုက်ကြီး၏
သုံးကြိမ်မြောက် အဘိဓမ္မာပူဇာသဘင်

စာတည်းအဖွဲ့ဝင်တစ်ဦး



၁၉၈၇ ခုနှစ်က အဘိဓမ္မာပူဇာသဘင်ပွဲတွင် ဆရာတော်ကြီး အရှင်သေဋ္ဌိလာဘိဝံသ အမှင့်တရား ချီးမြှင့်နေစဉ်

အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ ဗြူးကုန်းတောရ စာသင်တိုက်ကြီးတွင် သုံးကြိမ်မြောက်၊ အသံမစဲအဘိဓမ္မာ ခုနှစ်ကျမ်း ရွတ်ဖတ်ပူဇော်ပွဲကြီးကို (၁၇-၁-၈၇) ရက်နေ့မှ (၂၄-၁-၈၇) ရက်နေ့အထိ ကျင်းပခဲ့သည်။

ထိုပွဲတော်ကြီးကို အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်း ရပ်ကွက်၊ အသောကာရုံ ရွှေကျင်ကျောင်းတိုက် ဆရာတော် အရှင်ဉာဏာဝရနှင့် ဗြူးကုန်းတောရ စာသင်တိုက် ဆရာတော် အရှင်အာစိဏ္ဏတို့ အမှူးပြုသော သံဃာတော် ၂၈-ပါးတို့က တစ်ပါးလျှင် တစ်နေ့လျှင် တစ်နာရီကျနှုန်းဖြင့် ရှစ်ရက်တိုင်တိုင် ရွတ်ဖတ်ပူဇော်ကြလေ သည်။

ထို့ပြင် ကျမ်းပြု အကျော်သာသနာ့ထိပ်ခေါင်တင် ဆရာတော်ကြီး နှစ်ပါးတို့လည်း ကြွရောက်ချီးမြှင့်တော်မူကြသည်။ ထို ဆရာတော်ကြီး နှစ်ပါးက ကမ္ဘာ့ ဗုဒ္ဓသာသနာပြု၊ အဂ္ဂမဟာ ပဏ္ဍိတ ဆရာတော်ကြီး ပထမကျော် အရှင်သေဋ္ဌိလာဘိဝံနှင့် ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ သပြေကန် ဆရာတော် အရှင် ဝါသေဋ္ဌာဘိဝံသ တို့ ဖြစ်ကြသည်။

ပွဲတော်ဖွင့်ပွဲ အခမ်းအနား အစရက်၌ ဆရာတော်ကြီး အရှင်သေဋ္ဌိလာဘိဝံသက တရားချီးမြှင့်တော်မူ၍ ပွဲတော် အပိတ်ရက်နေ့တွင်မူ ဆရာတော် အရှင် ဝါသေဋ္ဌာဘိဝံသက တရားချီးမြှင့် ရေစက်ချပေးတော်မူသည်။

ဗြူးကုန်းတောရ စာသင်တိုက်၊ သံဃာ့ဝေယျာဝစ္စ အသင်းကြီးက ဦးဆောင်ဦးရွက် ပြု



၁၉၈၇ ခုနှစ်က ဗြူးကုန်း အာဘိဓမ္မာပူဇာသာဘင်ပွဲတွင် သပြေကန်ဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသ ပွဲတော် အပိတ်တရားချီးမြှင့်နေစဉ်

၁၉၈၇ ခုနှစ် အာဘိဓမ္မာ ပူဇာ သာဘင် ကောင်းမှု မြင်ကွင်း

သည့် ထိုအခမ်းအနားကြီးဌ ပရိသတ်ကြီးက ဆရာတော်ကြီး နှစ်ပါးစလုံး၏ သာသနာတော်အတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သော ဂုဏ်တော်များနှင့် ကျမ်းဂန်ပြုစု ဂုဏ်တော်များကို ဓမ္မပူဇာ အဖြစ်ဖြင့် အလေးအမြတ်ထား ပူဇော်ကြသည်။ အရှေ့ ကြို့ကုန်း ဓမ္မမာလာ ဓမ္မစကြာဝတ်အသင်းကလည်း ဆရာတော်ကြီး နှစ်ပါး၏ သာသနာပြုဂုဏ်၊ ကျမ်းဂန်ပြုစုဂုဏ် များကို ဖွဲ့သီထားသော ကဗျာ လင်္ကာများ၊ ဆရာတော်ကြီးနှစ်ပါး သက်တော်ရာကျော် ရှည်ပါစေဟူသော ဆုတောင်းမေတ္တာပို့ ကဗျာများကို ရွတ်ဆို ပူဇော်ကြလေသည်။

ထိုပွဲတော်ကြီး တစ်လျှောက် လုံးဌ သံယာ့ဝေယျာဝစ္စ အသင်းကြီးနှင့်တကွ ရပ်နီး ရပ်ဝေးမှ အလှူရှင်များက ဆွမ်း ဘောဇဉ် အချိုအချဉ်၊ အဖျော်ယမကာ များကို သံယာ့ပရိသတ်၊ လူပရိသတ် တို့အား လိုလေ သေးမရှိအောင် လှူဒါန်း လေသည်။(**စာတည်းအဖွဲ့ဝင်တစ်ဦး**)

သူရိယသတင်းစာ သက္ကရာဇ် ၁၂၉၈ ခုနှစ်

ဝါဆိုလဆန်း ၁၅ ရက်၊ 2-7-36

ကျောက်တန်းရွာ

မဟာဗောဓိ ဆရာတော်၏ မွေးနေ့

၁၂၉၈-ခုနှစ်၊ ဝါဆိုလဆန်း ၄ ရက်နေ့က ပဲခူးမြို့၊ ကျောက်တန်းရွာ မဟာဗောဓိ တောရတိုက် ဆရာတော်ဘုရားကြီး၏ သက်တော် ၇၁ နှစ်ပြည့်သော မွေးနေ့ အထိမ်းအမှတ်အဖြစ် အစည်းအဝေး ပွဲတခု ပြုလုပ်ကြကြောင်း၊ ၎င်းအစည်းအဝေးပွဲသို့ ၁ ကော့ခဲဘုန်းတော်ကြီး။ ၂ တောင်ပို့လုံးရွှေကျောင် ကျောင်း ဘုန်းတော်ကြီး။ ၃ သပြုရွာ ဥတ္တရာရုံ ရွှေကျောင်ကျောင်း ဘုန်းတော်ကြီး။ ၄ အုန်နဲ့ရွာ ဒက္ခိဏာရုံ ရွှေကျောင်တိုက် ဘုန်းတော်ကြီး။ ၅ ကျောက်တန်းရွာ မဟာဗောဓိ တောရတိုက် ဘုန်းတော်ကြီး။ ၆ ရန်ကုန်မြို့ ကျုံကစံ ရွှေကျောင် တိုက်သစ် ဘုန်းတော်ကြီး။ ၇ ရန်ကုန်မြို့ အင်းလျား ကန်-မနောမယ ဓမ္မာရုံဘုန်းတော်ကြီး။ ၈ ကျောက်တန်းရွာ ဝေဠုဝန်ဘုန်းတော်ကြီး။ ၉ ရန်ကုန်မြို့ အိုးထိန်းမှော်ကျောင်းတိုက် ဂဏဝါစက အရှင် ကောဝိဒ။ ၁၀ ကျောက်တန်းရွာ တောင်ကျောင်း ဘုန်းတော်ကြီး။ ၁၁ ဇလွန်မြို့ သပြုကွင်းကျောင်း ဘုန်းတော်ကြီး အစ ရှိသော တပည့်သံဃာ ၇၀ ကျော်တို့ ရောက်ရှိကြပါ ကြောင်း။ ၎င်းအစည်းအဝေးပွဲတွင် ကော့ခဲ ဘုန်းတော် ကြီးကို နာယက တင် မြှောက်၍ မဟာဗောဓိ တောရတိုက် ဂဏဝါစက အရှင်နန္ဒိယ၊ အုန်နဲ့ရွာ ဒက္ခိဏာရုံတိုက် ဓမ္မကထိက အရှင် ဥတ္တမတို့ကို အကျိုးဆောင်အဖြစ်ဖြင့် တင်မြှောက်ပြီးလျှင် ပဲခူးမြို့ အုန်နဲ့ရွာ ဒက္ခိဏာရုံ ရွှေကျောင်တိုက်၌ ၁၂၉၈ ခု တပို့တွဲလဆန်း ၈၊ ၉၊ ၁၀ ရက်နေ့တွင် နှစ်စဉ် ဝိနည်းပြန်ဌာနတခု သီးခြား ပြုလုပ်ရန် အများသဘောတူ ဆုံးဖြတ်ကြကြောင်းနှင့် သတင်းရောက်ရှိလေသည်။

ကျောက်တန်းရွာ၊

မဟာဗောဓိ ဆရာတော်၏ မွေးနေ့

၁၂၉၈ ခုနှစ် ဝါဆိုလဆန်း ၄ ရက် နေ့က ပဲခူးမြို့ ကျောက်တန်းရွာ၊ မဟာ ဗောဓိ တောရတိုက် ဆရာတော်ဘုရားကြီး၏ သက် တော် ၇၁ နှစ်ပြည့်သော မွေးနေ့ အထိမ်း အမှတ်အဖြစ် အစည်းအဝေးပွဲ တခုပြုလုပ် ကြကြောင်း၊ ၎င်းအစည်းအဝေးပွဲသို့ ၁ ကော့ခဲ ဘုန်းတော်ကြီး၊ ၂ တောင်ပို့လုံး ရွှေကျောင်း ကျောင်းဘုန်းတော်ကြီး၊ ၃ သပြုရွာ ဥတ္တရာ ရုံ ရွှေကျောင်းကျောင်းဘုန်းတော်ကြီး၊ ၄ အုန်နဲ့ရွာ ဒက္ခိဏာရုံ ရွှေကျောင်းတိုက် ဘုန်းတော်ကြီး၊ ၅ ကျောက်တန်းရွာ မဟာဗောဓိ တောရတိုက် ဘုန်းတော်ကြီး၊ ၆ ရန်ကုန်မြို့ ကျုံကစံ ရွှေကျောင်း တိုက်သစ်ဘုန်းတော်ကြီး၊ ၇ ရန်ကုန်မြို့ အင်း လျားကန်-မနောမယဓမ္မာရုံဘုန်းတော်ကြီး၊ ၈ ကျောက်တန်းရွာ ဝေဠုဝန်ဘုန်း တော်ကြီး၊ ၉ ရန်ကုန်မြို့ အိုးထိန်းမှော်ကျောင်းတိုက် ဂဏ ဝါစကအရှင်ကောဝိဒ၊ ၁၀ ကျောက်တန်း ရွာတောင်ကျောင်းဘုန်းတော်ကြီး၊ ၁၁ ဇလွန် မြို့သပြုကွင်းကျောင်းဘုန်းတော်ကြီး အစရှိ သောတပည့်သံဃာ ၇၀ ကျော်တို့ ရောက်ရှိ ကြပါကြောင်း၊ ၎င်း အစည်းအဝေးပွဲတွင် ကော့ခဲ ဘုန်းတော်ကြီးကို နာယက တင် မြှောက်၍ မဟာဗောဓိ တောရတိုက်ဂဏဝါစက အရှင်နန္ဒိယ၊ အုန်နဲ့ရွာ ဒက္ခိဏာရုံတိုက် ဓမ္မ ကထိက အရှင်ဥတ္တမ တို့ကို အကျိုးဆောင် အဖြစ်ဖြင့်တင်မြှောက်ပြီးလျှင် ပဲခူးမြို့ အုန်နဲ့ရွာ ဒက္ခိဏာရုံ ရွှေကျောင်းတိုက်၌ ၁၂၉၈ ခု တပို့ တွဲလဆန်း ၈-၉-၁၀ ရက်နေ့တွင် နှစ်စဉ် ဝိနည်းပြန်ဌာနတခု သီးခြား ပြုလုပ်ရန်အများ သဘောတူ ဆုံးဖြတ်ကြကြောင်းနှင့် သတင်း ရောက်ရှိလေသည်၊

ကဉ်းနှင့် ရှေးတော်



ဖိုးပညာ(သပိတ်ကျင်း)

စာရေးသူသည် (၃-၃-၂၀၀၂) နေ့က အရှင် ဇဝနု (မောင်ချစ်ညို၊ ပဲခူး) နယ်လှည့် ဓမ္မကထိက ဆရာတော်နှင့်အတူ ရတနာမွန် မဂ္ဂဇင်းစာပေတိုက်သို့ သွားပါသည်။ စာပေတိုက်သို့ ရောက်သောအခါ ဆရာကြီး ဦးထွန်းလွင်(ရတနာမွန်မဂ္ဂဇင်း အယ်ဒီတာချုပ်) မှ ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ အရှေ့ကြီ့ကုန်း ရပ်ကွက်၊ ပြုံးကုန်းတောရ စာသင်တိုက်မှ ပြုံးကုန်းဆရာတော် ဘုရားကြီး၏ အဂ္ဂမဟာပဏ္ဍိတ ပူဇော်ပွဲအတွက် စာအုပ်တစ်အုပ် ထုတ်လိုရှိ ဆောင်းပါးတစ်ပုဒ်ရေးပေးရန် လက်ကမ်းစာစောင် တစ်ခု ပေးပါသည်။ ယင်း လက်ကမ်းစာစောင်ကို ဖတ်ကြည့်ပြီးသောအခါ စာရေးသူ၏ ရင်ထဲဝယ် "အသက်သိက္ခာ ကြီးရင့်ပြီး သီလ သမာဓိ ပညာနှင့် ပြည့်စုံသည့် ဆရာတော်ဘုရားကြီးအား မိမိ၏ စာပေပညာဖြင့် ပူဇော်ခွင့် ရတော့မှာပါလားဆိုသည့် ဝမ်းသာပီတိတွေသည် ဂွမ်းဆိတ်သည့်နယ် တစ်ကိုယ်လုံး ပျံ့နှံ့၍ သွားပါသည်။

စာရေးသူသည် ပြုံးကုန်းတောရ ဆရာတော် ဘုရားကြီးကို တစ်ခါမျှ ဖူးမြော်ကြည်ညိုခွင့် မကြုံ ဖူးသေးပါ။ သို့သော် ပန်းသတင်း လေညင်းဆောင်၊

လူသတင်း လူချင်းဆောင် ဆိုသည့်အတိုင်း ဆရာတော် ဘုရားကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့မှာ လေညာလေအောက် သင်းပျံ့မွှေးကြူနေပါသည်။ ပတ္တမြားအစစ် နွံမနစ်ဆိုသည့်အတိုင်း ပတ္တမြားမှန်လျှင် ရွံ့နွံထဲမှာ နစ်မြှုပ်နေသော်လည်း ပတ္တမြား၏ အရောင်အသွေးတို့မှာ လင်းလက်တောက်ပနေသလို ဗြူးကုန်းဆရာတော်ဘုရားကြီး၏ ဂုဏ်သတင်းတို့သည်လည်း ရဟန်းရှင်တို့အကြား ကျော်စောထင်ရှားလျက် ရှိနေပါသည်။

ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိ ခေါင်းစဉ်တွင် "ဗြူးကုန်းတောရ စာသင်တိုက်" ဆိုသည့် စာတန်းကို ဖတ်ပြီးသည်နှင့် တစ်ပြိုင်နက် ဤဆရာတော်သည် ရှိခိုးထိုက်၊ ပူဇော်ထိုက်၊ လေးစားထိုက်၊ မြတ်နိုးထိုက်၊ အရိုအသေခံထိုက်သည့် ဆရာတော်" ဟု ရင်ထဲမှ အကြိမ်ကြိမ် ပီတိပွားမိပါသည်။ အဘယ့်ကြောင့်ဆိုသော် ဆရာတော်သည် တပည့်သား ရဟန်းသံဃာများ မွေးမြူကာ သာသနာ၏ အသက်သွေးကြောသဖွယ်ဖြစ်သော ပရိယတ္တိစာပေများကို သင်ကြားပို့ချပေးပြီး ရေလောင်းပေါင်းသင် မြေထောင်မြှောက်ပေးနေသော ဥယျာဉ်မှူး ဆရာတော် ဖြစ်နေသောကြောင့် ဖြစ်ပါသည်။

လှည်းကူးမြို့နယ်၊ ဒါးပိန်မြို့ ဘုရားကွင်း ကျေးရွာ၌ ခမည်းတော် ဦးဘိုကျယ်၊ မည်တော် ဒေါ်ပိုတို့မှ ၁၂၈၃-ခုနှစ်တွင် မွေးဖွားခဲ့ပါသည်။ ထူးထူးခြားခြားဟု ဆိုရပေမည်။ ဆရာတော်အား ပြည်ထောင်စု မြန်မာနိုင်ငံတော်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့က "အဂ္ဂမဟာ ပဏ္ဍိတ" ဆက်ကပ်သော ယခုနှစ် (၁၃၆၃) နှစ်သည် ဆရာတော်ဘုရားကြီး၏ သက်တော် (၈၀) ပြည့်၊ သိက္ခာ (၆၀) ပြည့်နှင့် တိုက်ဆိုင်နေပါသည်။ ၁၃၄၂-ခုနှစ်ကလည်း ဆရာတော်ဘုရားကြီးအား ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် ဦးမ်ဝပ်ပိပြားမှ တည်ဆောက်ရေး အဖွဲ့က မဟာဂန္ဓ ဝါစက ပဏ္ဍိတ ကို ဆက်ကပ်ခြင်းခံရပါသည်။ ဆရာတော် ဘုရားကြီးအား နိုင်ငံတော်မှ ယခု ဆက်ကပ်သော ဘွဲ့သည် ယခင် ဆက်ကပ်ခဲ့သော ဘွဲ့ထက်မြင့်ပြီး ဒုတိယ အကြိမ်မြောက် ဆက်ကပ်ခြင်းလည်း ဖြစ်ပါသည်။

နိုင်ငံတော်မှ ဆရာတော်ဘုရားကြီးကို အဆင့်မြင့်ဘွဲ့များ ဆက်ကပ်နေခြင်းမှာ တခြားကြောင့် မဟုတ်။ ဆရာတော်ဘုရားကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်နှင့် သာသနာရေးဆိုင်ရာ ဆောင်ရွက်ချက်များကြောင့် ဖြစ်ပါသည်။

မြတ်စွာဘုရားရှင်သည် ဓမ္မပဒ ဥပနန္ဒသုတ်၌ ရှေးဦးစွာ မိမိကိုယ်ကို သင့်တင့်လျှောက်ပတ်သော ဂုဏ်၌ တည်စေရမည်။ ထိုနောင်မှ သူတစ်ပါးကို မိမိကဲ့သို့ဖြစ်အောင် တိုက်တွန်းပြောဆို၍ နည်းလမ်းပြသ ဆိုဆုံးမရမည်။ မိမိ မပြုလုပ်နိုင်သော အလုပ်ကိစ္စကို သူတစ်ပါးအား တိုက်တွန်းလျှင် အကျိုးမရဘဲ အကဲ့ရဲ့ခံရတတ်သည်ဟု ဟောတော်မူခဲ့၏။

ထိုနည်းအတူ ကျင့်ကြံအားထုတ်ခဲ့သော ဗြူးကုန်းတောရ ပရိယတ္တိ စာသင်တိုက်ကြီးမှ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ အာစိဏ္ဏသည် ပထမ မိမိကိုယ်ကို ဆရာကောင်း ဆရာမြတ်တို့ တတ်သင့်တတ်ထိုက်သည့် ပရိယတ္တိစာပေများကို သင်ကြားခဲ့ရာ သာသနာ့ဓေသီရိပဝရဓမ္မာစရိယ" ဘွဲ့ကို ရရှိတော်မူခဲ့ပါသည်။

"ပရိယတ္တိဓမ္မောနာမ တိဝိဓံ သဒ္ဒမ္မ ပတိဋ္ဌာတိ" ပရိယတ္တိမည်သည် သာသနာသုံးရပ်လုံးကို တည်စေနိုင်၏။

ထိုအချက်ကို သိသော ဗြူးကုန်းတောရ ဆရာတော်ဘုရားကြီးသည် မိမိ သင်ကြားတတ်မြောက်ခဲ့ပြီးသော ပရိယတ္တိစာပေများကို ဗြူးကုန်းတောရ ပရိယတ္တိစာသင်တိုက်သို့ ရောက်လာကြသည့် တပည့်သား ရဟန်းသံဃာများအား အားကြိုး

မာန်တက် သင်ကြား ပို့ချပေးတော်မူခဲ့ပါသည်။

မြတ်စွာဘုရား ထားတော်မူခဲ့သော သာသနာသုံးရပ်တွင် ပရိယတ္တိသာသနာသည် အရင်းမူလပဓာန ကြလေသည်။ ပရိယတ္တိမရှိလျှင် ပဋိပတ္တိမရှိနိုင်၊ ပဋိပတ္တိ မရှိလျှင် ပဋိဝေဓလည်း မရှိနိုင်၊ ထို့ကြောင့် ရှေးဆရာတော် အဆက်ဆက်တို့သည် သိဿာနုဿ တပည့် အဆက်ဆက်တို့အား ပရိယတ္တိ စာပေများကို လက်ဆင့်ကမ်း သင်ကြား နေကြခြင်းမှာ ယနေ့တိုင်အောင် အထင်အရှား တွေ့မြင်နိုင်ပါသည်။

ဗြူးကုန်းတောရ ပရိယတ္တိ စာသင်တိုက်ကြီးမှ ဆရာတော် ဘဒ္ဒန္တအာစိဏ္ဏသည် လည်း ဗုဒ္ဓသာသနာတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲဖို့အတွက် အုတ်မြစ်သဖွယ်ဖြစ်သော ပရိယတ္တိ သာသနာတော်ကြီး မယိမ်းမယိုင်အောင် ပန်းခင်းသဖွယ်ဖြစ်သော ဗြူးကုန်းတောရ ပရိယတ္တိ စာသင်တိုက်ကြီး၌ ဥယျာဉ်မှူးအဖြစ် တာဝန်ယူ၍ ဖူးပွင့်ဝေဆာလျက်ရှိသော စာသင်သံဃာများအား မြေတောင်မြှောက်ပေးနေပါသည်။

ဆရာတော် ဥယျာဉ်မှ ပေါက်ရောက်ပွင့်လန်းလာသော ပန်းမျိုးစုံလည်း အရောင်အသွေး အဆင်းရနံ့တို့ဖြင့် တင့်တယ်၍ သာသနာတော်အတွက် အခက်အလက်များဖြင့် ဝေဆာလျက်ရှိပါသည်။ ဆရာတော် ဘဒ္ဒန္တအာစိဏ္ဏသည် ဤသို့ ပရိယတ္တိ စာသင်တိုက်ကြီးကို တည်ထောင်ပြီး စာပေသင်ကြား ပို့ချပေးခြင်း ဂန္ထဓုရ၊ ဝိနည်းတော်နှင့်အညီ သီလအကျင့် သမာဓိအကျင့်များကို ကျင့်ကြံအား ထုတ်ခြင်း၊ ဝိပသာနာဓုရ ဤသို့ ဓုရနှစ်ဖြာနှင့် ပြည့်စုံခြင်း၊ ကျမ်းစာပေများကို ရေးသားပြုခြင်းနှင့် သာသနာတော်မှ ပေးအပ်သော တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ခြင်းတို့ကြောင့် ယနေ့နိုင်ငံတော်မှ ဆက်ကပ်လှူဒါန်းသော "အဂ္ဂမဟာ ပဏ္ဍိတ" ဘွဲ့တံဆိပ် ခတ်နှိပ်ခြင်းသည် သက်တော် (၈၀) ပြည့် ဝါတော် (၆၀) ပြည့်ဖြစ်သည့်အတွက် "ပူဇာစ ပူဇနေယျာနံ" မင်္ဂလာနှင့် ပြည့်စုံပါပေသည်။

ဇာနည်ယောက်ျား တကယ်ရှား

ဒုလ္လဘော ပုရိသာဇညော၊
နသော သဗ္ဗတ္တ ဇာယတိ။
ယတ္ထ သော ဇာယတေ ပေါသော၊
တံကုလံ သုခ မေဓတိ။

ပုရိသာဇညော=အမျိုးကောင်းသား၊ ယောကျှင်းပီပီ၊ ဇာနည်ဥက္ကဋ္ဌ၊ ယောကျ်ားမြတ်ကို။ ဒုလ္လဘာ=စိန်စစ်မြကောင်း၊ ပုလဲကောင်းထက်၊ ဆပေါင်းအရာ၊ မကသာအောင်၊ လွန်စွာရခဲပေ၏။

သော=ထိုလောကီ လေကုတ်၊ နှစ်လီညွှန့်ဖူး၊ ပုဂ္ဂိုလ်ထူးသည်။ သဗ္ဗတ္တ=ဟိုဟိုဒီဒီ၊ ဖြန့်ချီတန်တန်၊ သာမန်ဌာန၊ နေရာတိုင်းဟူသမျှတို့၌။ နဇာယတိ=ဒိဋ္ဌကေန်၊ မဖြစ်ပေါ်ရိုး အမှန်ပေတည်း။

သောပေါသော=ထိုသူတစ်ပါးထက်၊ ထူးခြားကဲသာ၊ ဂုဏ်ဝါလွှမ်းမိုး၊ ယောကျ်ားကောင်း အာဇာနည်မျိုးသည်။ ယတ္ထ=မြို့ရွာခရိုင်၊ နိုင်ငံနယ်ပယ်၊ အကြင်အမျိုးအနွယ်၌၊ ဇာယတေး=ရှေးကဆုတောင်း၊ ကုသိုလ်ကောင်း၍၊ အကြောင်းလျော်စွာဖြစ်ပေါ်လာရလေ၏။

တံကုလံ=ထိုအာဇာနည်ယောကျ်ား၊ မွေးဖွားရာဌာန်၊ နိုင်ငံမြို့ရွာ၊ ဥာတကာစုရုံး၊ တစ်မျိုးလုံးသည်။ သုခံ=လောကုတ်လောကီ၊ ဇောအကြည်ဖြင့်၊ လောကီကိန်းကြုံ၊ ကူဌာရုံတွဲ၊ အမြဲကြည်လင်၊ စည်ပင်ချမ်းသာစွာ။ ဓေတိ=သူတကာ လှမ်းမမီအောင်၊ ကျမ်းအညီဘဝစခန်းမှာ၊ ပထမတန်းကြီးပွားရလေသတည်း။ ။

ဖိုးပညော(သပိတ်ကျင်း)

မြင်စေချင် စမ်းလှသည်

တပည့်ကြီးတစ်ဦး

"ဦးထွန်းမြတ်-ဒေါ်မေ သားသမီးတစ်စုကော်င်းမှု" ဟူသော ကုသိုလ်ရှင် ကမ္ပည်းစာတန်း လေးများသည် လွန်ခဲ့သော နှစ်ပေါင်း ၆၀ ခန့်က ပဲခူးကျောက်တန်း မဟာဗောဓိ သာသနိက အဆောက်အအုံများနှင့် ပရိဘောဂ အသုံးအဆောင် တော်တော်များများ၌ တွေ့မြင်ရပါသည်။

အထက်ပါ အမည်ပိုင်ရှင် ကုသိုလ်ရှင်များ ဖြစ်ကြသော ဦးထွန်းမြတ် ဒေါ်မေတို့သည် သာ သ နာ တော် ကို သက်ဝင်ယုံကြည်ကြသော ဥပါသကာ ဥပါသိကာမများ ဖြစ်ကြသည့် အားလျော်စွာ သာမဏေ တစ်ပါးကို ရဟန်း ဒါယကာ- ဒါယိကာမ အဖြစ်ခံယူကာ သာသနာ့ အမွေကို

ခံယူခဲ့ကြပါသည်။ (ယခု မဟာဗောဓိ တတိယ ဆရာတော်ကြီး၊ မဟာဗောဓိ ဝိနည်းပြန်ဌာန ဂိုဏ်းချုပ် ဆရာတော် ဘဒ္ဒန္တ ပဏ္ဍာဝံသ ဖြစ်ပါသည်)။

သားသမီး ငါးယောက်ရှိသည့်အနက် သမီးသုံးယောက်ဖြစ်ကြသော ညီမသုံးဖော်တို့သည် မိဘများနည်းတူ အသီးသီး ကိုယ်စီကိုယ်ဌ ရဟန်းအမများအဖြစ် သာသနာ့အမွေ ခံယူထားကြပါသည်။

ယခု အဂ္ဂမဟာပဏ္ဍိတ ဆရာတော်သည် သမီးအငယ်ဆုံးဖြစ်သော **ဒေါ်ခင်ညွန့်**၏ ရဟန်းတော် ဖြစ်ပါသည်။

သာသနာ့အမွေကို ခံယူထားကြသော ညီမသုံးယောက်အနက် ကျန်နှစ်ယောက်တို့၏ ရဟန်းတော်များသည် များမကြမီ လူ့ဘောင်သို့ ပြောင်းရွှေ့သွားကြပါသည်။ ညီမ အငယ်ဆုံးဖြစ်သော ဒေါ်ခင်ညွန့်၏ ရဟန်းတော်သည်သာလျှင် သာသနာ့ဘောင်၌ ကျန်ရစ်ပါသည်။

"မခင်ညွန့် ကုသိုလ်သိပ်ထူးတယ်၊ ညီမတစ်တွေ ကိုယ်စီကိုယ်ဌ ရဟန်းအမအဖြစ် ခံယူထားကြတာ၊ မခင်ညွန့် ရဟန်းတစ်ပါးသာ သာသနာတော်မှ ကျန်ရစ်တယ်။

"သာသနာကို ထောက်ပံ့ရမည့် ကုသိုလ်ထူးပါတယ်"

ဟု ရင်းနှီးသူများက ချီးမွမ်းစကား ပြောကြားကြပါသည်။

ဝမ္မကထိက အကျော်ဖြစ်တော်မူသော ဒုတိယ မဟာဗောဓိဆရာတော်ဘုရားကြီး ဦးပဏ္ဍာဝ ထံ စာတော်သော သာမဏေတစ်ပါးကို ရဟန်း အဖြစ် ချီးမြှောက်ထောက်ပင့်ပြီး သာသနာ့အမွေ ခံယူလိုပါကြောင်း လျှောက်ထား တောင်းပန်မှုကြောင့် ဆရာတော်ဘုရားကြီးက တပည့်ဖြစ်၍ စာတော်သော **ရှင်အာစိဏ္ဏ**ကို ရဟန်းအမအဖြစ် ခံယူစေရန် ခွင့်ပြုလိုက်ခြင်း ဖြစ်ပါသည်။

အဂ္ဂမဟာပဏ္ဍိတလောင်းလျှာ သာမဏေ ရှင်အာစိဏ္ဏာသည် ငယ်စဉ်ကပင် ဉာဏ်ပညာထူးချွန်ထက်မြက်သည့်အလျောက် စာပြန်ပွဲ၊ စာမေးပွဲများ၌ အထက်တန်းကျကျ အောင်မြင်တော်မူ၍ ရွှေတံဆိပ်စသည့် ဆုများကို ရရှိခဲ့ပါသည်။

ဂါထာပေါင်း (၄၇၆) ဂါထာရှိ ခုဒ္ဒသိက္ခာပါဠိ ဂါထာ များကို (၁၈) ရက်နှင့် အရကျက်ခဲ့ဖူးသည်ဟု အမိန့်ရှိခဲ့ဖူးပါသည်၊

ဒီယဒသီဖြစ်တော်မူသော ဒုတိယမဟာဗောဓိဆရာတော်ဘုရားကြီးသည် မဟာဗောဓိ သာသနာ၏ အနာဂတ်ရေးကို မျှော်တွေး ရှုမြင်တော်မူပါသည်။

ဆရာစဉ်ဆက် တည်ထောင်လာခဲ့သည့် မဟာဗောဓိ သာသနာကို မိမိတို့ မရှိသည့်နောက် ထိန်းသိမ်း စောင့်ရှောက်နိုင်မည့် ပုဂ္ဂိုလ်အဖြစ် အဂ္ဂမဟာပဏ္ဍိတလောင်းလျှာ သာမဏေကို မြင်တော်မူခဲ့ဟန် တူပါသည်။

တတိယ သင်္ဂါယနာတင်ရာဝယ် ဦးစီး ခေါင်းဆောင်ဖြစ်သည့် ရှင်မောဂ္ဂလိပုတ္တတိဿထေရ်လောင်း တိဿလုလင်ကို ရှင်စဏ္ဍာဝဇိန့် ရှင်သိဂ္ဂဝ မထေရ်တို့သည် စောင့်ရှောက်ချီးမြှောက်တော်မူသကဲ့သို့ ဒုတိယမဟာဗောဓိဆရာတော်သည်လည်း အဂ္ဂမဟာပဏ္ဍိတ လောင်းလျှာ ရှင်အာစိဏ္ဏကို သာမဏေဘဝကပင် စောင့်ရှောက်ချီးမြှင့်တော်မူခဲ့ပါသည်။

အဂ္ဂမဟာပဏ္ဍိတလောင်းလျှာသည် သာမဏေဘဝက ကျန်းမာရေးချို့တဲ့သဖြင့် မိဘများရှိရာ ဇာတိရပ်ရွာသို့ပြန်ပြီး ဆေးကုသနေစဉ် ဒုတိယ မဟာဗောဓိဆရာတော်သည် အဂ္ဂမဟာပဏ္ဍိတ လောင်းလျှာ သာမဏေကို ခေါ်စေတော်မူကာ ဒေါ်စန္ဒီအမည်ရှိ သီလရှင်ဆရာကြီးကို ဂိလာနုပဋ္ဌကအဖြစ် တာဝန်ယူစေလျက် ကဝမ္မို ဆေးရုံသို့ မိမိစရိတ်ဖြင့် ဆေးကုသ ပျောက်ကင်းစေခဲ့ပါသည်။

အဂ္ဂမဟာပဏ္ဍိတလောင်းလျှာသည် ငယ်လတ်ကြီးတန်းများကို အောင်မြင်ပြီး၍ ဓမ္မာစရိယ စာချတန်းကို ကျမ်းရင်းသုံးကျမ်းနှင့်တကွ ဂုဏ်ထူးဆောင်ကျမ်းများကို အောင်ခဲ့စဉ်က ဖြစ်ပါသည်။

ဒုတိယ မဟာဗောဓိဆရာတော်ဘုရားကြီးသည် မိမိ၏တပည့်များထဲမှ ဦးဦးဖျားဖျားနှင့် ထူးထူးခြားခြားအောင်မြင်လာသော တပည့်အတွက် ဝမ်းမြောက်၍ မဆုံးနိုင်လောက်အောင် အားရကျေနပ်နေဟန်တူပါသည်။

ငွေတံဆိပ်တုံးကြီးများနှင့် အောင်လက်မှတ်များကို အားရဝမ်းမြောက်ကြည်ရှုပြီး...

"အမေတွေကိုလည်း ပြလိုက်ပါဦး၊ အမေတွေကိုလည်း ပြလိုက်ပါဦး"

ဟု ဝမ်းသာအားရ မိန့်တော်မူပါသည်။ (ရဟန်းအမများကို ဆိုလိုပါသည်။)

"ဦးအာစိဏ္ဏ စာချတန်းအောင်လို့ ဘွဲ့တံဆိပ်တွေ ရခဲ့တုန်းက ဒုတိယဆရာတော် ဦးပဏ္ဍိဝကလေ ဝမ်းသာလွန်းလို့"

"အမေတွေကိုလည်း ပြလိုက်ပါဦး၊ အမေတွေကိုလည်း ပြလိုက်ပါဦး"

ဟု ပြောစကားတွေကို မေ့လို့မရအောင် ငါ့မှာ မှတ်မိနေတယ်ဟု ရဟန်းအမ ဒေါ်ခင်ညွန့်က သာသနာရေးရာများနှင့် စကားစပ်မိတိုင်း မကြာခဏ ပြောပြတတ်ပါသည်။

ဒုတိယ မဟာဗောဓိဆရာတော်သည် အဂ္ဂမဟာပဏ္ဍိတလောင်းလျှာ၏ စာချတန်းကို ဂုဏ်ထူးဆောင်ကျမ်းများနှင့် အောင်မြင်ခဲ့သည်ကို ဝမ်းမြောက်ဂုဏ်ယူ ကျေနပ်အားရတော်မူလျက် သက်တော် (၆၆)နှစ်အရွယ်၌ ဘဝနတ်နန်း စံမြန်းတော်မူပါသည်။

ဒုတိယ မဟာဗောဓိဆရာတော်ဘုရားကြီး လွန်ခဲ့ပြီးနောက် အဂ္ဂမဟာပဏ္ဍိတဆရာတော်၏ သာသနာရေးကြီးပမ်းဆောင်ရွက်မှုများကြောင့် ငယ်-လတ်-ကြီး စာချတန်းနှင့် တိပိဋကစာမေးပွဲများ၌ အောင်မြင်ခဲ့ကြသော တပည့်များလည်း အမြောက်အမြား ပေါ်ထွန်းခဲ့ပါပြီ။

ဗြူးကုန်းတောရ စာသင်တိုက်ကြီးကိုလည်း ပရိယတ္တိတိုက်ကြီးများအဂါနှင့် ညီညွတ်အောင် တည်ထောင်ဖန်ဆင်းတော်မူခဲ့ပါပေပြီ။

ထိုထိုသို့သော သာသနာရေး ဆောင်ရွက်ချက်များကြောင့် သာသနာတော်၌ အမြင့်မားဆုံးသော **"အဂ္ဂမဟာပဏ္ဍိတ"** ဘွဲ့တံဆိပ်တော်ကို နိုင်ငံတော်က ဆက်ကပ်လှူဒါန်းတော်မူပါပြီ။

ဒုတိယ မဟာဗောဓိဆရာတော်ဘုရားကြီး ဦးပဏ္ဍိဝသာ သက်တော်ထင်ရှား ရှိခဲ့ပါမူ တပည့်၏ အောင်မြင်မှုအထွတ်အထိပ်သို့ ရောက်တော်မူပုံကို မြင်တော်မူလျက် ဆရာတော်ဘုရားကြီး၏ ရင်တွင်းဝယ် မည်သို့ခံစားရပါမည်နည်း၊ အတိုင်းမသိသော ပီတိသောမနဿ လှိုင်းဂယက်တို့သည် အထပ်ထပ် ရိုက်ခတ်လျက် ထိုပီတိသောမနဿတို့၏ အဟုန်ကြောင့် မည်သို့သောဥဒါန်းစကားကို ကျူးရင့်တော်မူရှာလေမည်နည်း။

အောင်မြင်မှု အထွတ်အထိပ်သို့ ရောက်နေသည်များကို ဝမ်းသာအားရ တိုက်တွန်းပြသခိုင်းမည့် ဆရာသခင်ကျေးဇူးရှင်နှင့် ကြည့်ရှုကြမည့် အမေများလည်း မရှိကြတော့ပြီ။

ထိုဆရာသခင်ကျေးဇူးရှင် ဒုတိယမဟာဗောဓိဆရာတော်ဘုရားကြီးနှင့် အမေများတို့သည် မိမိတို့ စံမြန်းရာ ဘုံဘဝတို့မှ' အဂ္ဂမဟာပဏ္ဍိတ ဗြူးကုန်းတောရစာသင်တိုက်ဆရာတော်၏ အောင်မြင်မှု အထွတ်အထိပ်သို့ ရောက်သည်များကို လှမ်းမျှော်၍ ရှုတော်မူကာ မြင်စေချင်စမ်းလှပါတော့သည်။

တပည့်ကြီး

ထိုက် ထိုက် တန် တန်

ဦးအဒိရူဝံသ (ဆားလင်းကြီး)

ဂုဏီ ဂုဏီ နနိန္ဒာယ၊
ပသံသာယ ဂုဏီ ဂုဏီ၊

ဂုဏီ=ပင်ကိုယ်မူလ၊ ဂုဏ်အရည်အသွေး ပြည့်ဝသူကို၊ နိန္ဒာယ=မလိုလားသူတို့က စကားနှောင်ဖွဲ့ ကဲ့ရဲ့ခြင်းဖြင့် အဂုဏီ=ဂုဏ်မရှိသူ အဖြစ်သို့ ။ နဂစ္ဆေယျ=ဘယ်တော့မှ မရောက်နိုင်။

အဂုဏီ=ပင်ကိုမူလ ဂုဏ်ကင်းပသူ ဂုဏ်မဲ့သူကို။ ပသံသာယ=ချီးမြှင့်မြောက်စား လွန်လိုလား၍ စကားဖွဲ့လျှင်း ချီးကျူးခြင်းဖြင့်၊ ဂုဏီ၊ ဂုဏ်ကြီးရှင်အဖြစ်သို့၊ နဂစ္ဆေယျ=ဘယ်တော့မှ မရောက်နိုင်ရာ။

အဘယ်မည်သော နိတိကျမ်းကလာသည် မသိပါ၊ သည်အဆိုအမိန့်လေးကို စိတ်ထဲတွင် မှတ်မိနေသည်၊ ရနေသည်။ ထိုအဆိုအမိန့်ကား မှန်လှပါသည်။ လောကတွင် ပင်ကိုယ်ကဂုဏ်အရည်အသွေးပြည့်ဝ၍ ဂုဏ်ရှိပြီး စကားနှောင်ဖွဲ့ ကဲ့ရဲ့ခြင်းဖြင့် ဂုဏ်ရည်ကင်းပ ဖိုးသုညဘဝသို့ ရောက်မသွားနိုင်ပေ။

ချီးကျူး လောက်စရာ ဂုဏ်အရည်အသွေး မရှိသူ တစ်ယောက်ကို လိုလားသူတို့က ဂုဏ်ကို မြှင့်တင်၊ ပေါ်လွင်အောင် ချီးကျူးသော်လည်း ဂုဏ်ကြီးရှင် အဖြစ်သို့ ရောက်မလာနိုင်ပါပေ။

နိတိဆရာ၏ အဆိုအမိန့်က စိတ်ထဲတွင် ပေါ်လာသည်။ စိတ်ထဲတွင်သာမက နှုတ်ကပင် အသံထွက်လာသည်။

၂၀၀၂-ခုနှစ် (၅၄)ကြိမ်မြောက် မြန်မာ့လွတ်လပ်ရေးနေ့က ဖြစ်သည်။နိုင်ငံတော်အေးချမ်း

ဤသို့ သီလ သမာဓိ ပညာဂုဏ်လဒ္ဓိပေသလ၊ သိက္ခာ ကာမ စသော ဂုဏ်တို့နှင့် ပြည့်စုံသော ဆရာတော်အား နိုင်ငံတော်အစိုးရက အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ဖြင့် ပူဇော်ဆက်ကပ်ခြင်းဖြစ်ရာ...

သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ နိုင်ငံတော်အစိုးရသည် သာသနာတော်၌ ဂန္ထဓုရ ဝိပဿနာဓုရ သာသနာ့တာဝန်ကို ထူးထူးချွန်ချွန် ကြိုးပမ်းဆောင်ရွက်တော်မူကြသော ဆရာတော်ကြီးများအား သာသနာရေးဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်သောသတင်းကို သတင်းစာတွင် ဖတ်လိုက်ရသည်။ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံတော်မူရသော ဆရာတော်ကြီးများ စာရင်းတွင် ရန်ကုန်တိုင်း၊ အရှေ့ကြို့ကုန်းရပ်ကွက် ပြုံးကုန်းတောရ စာသင်တိုက် ပဓာန နာယကဆရာတော် ဘဒန္တ အာစိဏ္ဏ၏ ဘွဲ့တော်ကို တွေ့ရှိရသည်။ ထိုဘွဲ့တော်ကို ဖတ်ရှုရသောအခါ နှစ်သက်ကြည်နူးအထူး ဝမ်းသာမိပါသည်။ ဆရာတော်၏ သက်တူရွယ်တော် သီလသမာဓိ ပညာဂုဏ်တို့နှင့် လိုက်ဖက်ညီညွတ်သော ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်ခံရခြင်းကြောင့် ဖြစ်သည်။

တစ်ချိန်က ဆရာတော်သည် စာချဘွဲ့တွင် ဒုတိယအဆင့်ဖြစ်သော "မဟာဂဏ္ဌဝါစကပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်ခြင်း ခံတော်မူခဲ့ရသေးသည်။ ထိုအချိန်က တပည့်ဒါယကာ ဒါယိကာမများမှာ နှစ်ခြိုက်ဝမ်းမြောက်မှု ပီတိကို အပြည့်အဝ မခံစားခဲ့ကြရပေ၊ ဆရာတော်၏ ပညာဂုဏ် ပရိယတ္တိအရည်အသွေးနှင့် တိုင်းတာခဲ့ကြသောကြောင့် ဖြစ်သည်။

ယခု ၂၀၀၂-ခုနှစ် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ရရှိသောအခါ ဝမ်းမြောက်ဝမ်းသာနှစ်သက်မှုပီတိကို အပြည့်အဝ ခံစားကြရသည်။ ဘွဲ့ရရှိရေးအတွက် တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်ကမှ မကြိုးပမ်းခဲ့ပေ။ သက်ဆိုင်ရာက ထေရုပ္ပတ္တိလာရောက်တောင်းယူပြီး လွတ်လပ်ရေးနေ့ ဘွဲ့တံဆိပ် ကြေညာသောအခါ အဂ္ဂမဟာပဏ္ဍိတဘွဲ့ရ ဆရာတော်များ စာရင်းတွင် ပါလာခြင်း ဖြစ်သည်။

စာရေးသူကား ဆရာတော်၏ ပြုံးကုန်းတောရသို့ တစ်ခါတစ်ခေါက်မျှ ရောက်ခဲ့ရဖူးပါသည်။ ရတနာမွန် အယ်ဒီတာချုပ် ဦးထွန်းလွင် (ဓမ္မာစရိယ၊ ဘီအေ)၏ ကျေးဇူဟုပင် ဆိုရပါမည်။ စာရေးသူ ရန်ကုန်ရောက်နေခိုက် ဦးထွန်းလွင်က ဆရာတော်၏ မွေးနေ့သို့ တက်ရောက်ရန် ဖိတ်ကြားခဲ့သည်။ ဆရာတော်၏ကျောင်းသို့ မရောက်ဖူးသေးသော်လည်း ဆရာတော်၏ သီလ သမာဓိ ပညာဂုဏ်သတင်းကိုကား သိရှိပြီး ကြားပြီး ဖြစ်ပါသည်။ ဆရာတော်သည် ရွှေကျင်နိုကာယဝင်ဖြစ်၍ ရွှေကျင်နိုကာယတွင် ထင်ရှားသော ဆရာတော်တစ်ပါးဖြစ်ပါသည်။ ဝိနည်းဝိုရ် ဂိုဏ်းလုံး ဝန်ဆောင်နာယက၊ ရတ္တညူနာယကဘွဲ့လက်မှတ်များဖြင့် ရွှေကျင်နိုကာယ ဗဟိုဌာနက ဆက်ကပ်ခြင်း ခံတော်မူရသော ဆရာတော်ဖြစ်သည်။

ဆရာတော်ကား ပဲခူး ကျောက်တန်း မဟာဗောဓိတောရ ဆရာတော်၏ တပည့်အဆက်အနွယ် ဖြစ်သည်။ မဟာဗောဓိ တောရကား ပရိယတ်၊ ပဋိပတ်စွယ်စုံဌာန ဖြစ်သည်။ မဟာဗောဓိတောရမှ ပဋိကတ်စာပေလောကတွင် ထင်ရှားလှသော မေဓာဝီ ဆရာဆိုင်၊ ပါဠိဆရာကြီး ဆရာဝ၊ ဗုဒ္ဓဝင် ဦးထွန်းစိန် စသောပုဂ္ဂိုလ်ကျော်များ၊ ပေါ်ထွန်းခဲ့သည်။

ဆရာတော်၏ သီလ သမာဓိ ပညာဂုဏ်တို့ကို သိရှိထားပြီးဖြစ်၍ ဆရာတော်၏ ဗြူးကုန်း တောရသို့ ရောက်သောအခါ ဝတ်ကျေတမ်းကျေ ဦးချခြင်းမျိုး မဟုတ်ဘဲ စိတ်ထဲတွင် နှစ်နှစ်ကာကာ ကြည်ညိုစွာ ဖြင့် ဦးချကန်တော့ခဲ့ပါသည်။ ဆရာတော်သည် စာပေကိုလည်း မြတ်မြတ်နိုးနိုး တန်ဖိုးထား တော်မူသည်။ လေးလေးစားစား ဖတ်ကြားလေ့ရှိသည်။

တစ်ချိန်က စာရေးသူသည် ရတနာမွန်မဂ္ဂဇင်းသို့ လယ်တီဆရာတော်ဘုရားကြီး၏ သြဝါဒကထာ ဂါထာလေးကို အခြေခံ၍ ဆောင်းပါးတစ်ပုဒ် ရေးပို့ခဲ့ပါသည်။ မဂ္ဂဇင်းတွင်ကား မဖော်ပြခဲ့ပေ။ တပည့်ဖြစ်သူ ဦးထွန်းလွင်က ရတနာမွန် အယ်ဒီတာ ဖြစ်နေတော့ မဂ္ဂဇင်းတွင် မပါသော စာရေးသူ၏ ဆောင်းပါးကို ဆရာတော်ဖတ်ရသည်။ ထိုဆောင်းပါး အကြောင်းကို ဆရာတော်က ပြောပြပါသည်။

မဂ္ဂဇင်းက မဖော်ပြသော်လည်း အလေးထားရသော ဆရာတော်တစ်ပါးက မိန့်ကြားခြင်းခံရ၍ ဝမ်းသာခဲ့ရပါသည်။

ဆရာတော်သည် စာပေကို မြတ်နိုး၍ တန်ဖိုးထားတတ်သော ဆရာတော်ဖြစ်ရာ စိတ်ထဲတွင် အမှတ်ပြုထားမိပါသည်။ ကြည်ညိုလေးစားမိပါသည်။ သူ့ ဗြူးကုန်းကျောင်းတိုက်ကြီး (၇၅) နှစ်ပြည့် စိန်ရတုသဘင် ပွဲကို တစ်ခါက ခြိမ့်ခြိမ့်သဲမျှ ကျင်းပခဲ့သည်။ ထိုပွဲတွင် ရွှေကျင်ဂိုဏ်းဝင် ဆရာတော် အသီးသီးတို့ ရေးသားပြုစုထားသော ကျမ်းစာအုပ်များကို တခမ်းတနားကြီးကို ပြသပေးသည်။ ရွှေကျင်ဂုဏ်ရည်ကို တလက်လက် အရောင်ထွက်အောင် ဆောင်ရွက်ခဲ့သော ဆရာတော်ဖြစ်သည်။ လေးစားချီးကျူးမိပါသည်။ ဆရာတော်ကား စာပေကို ဤမျှအထိ မြတ်နိုးတော်မူသည်။

ဤသို့ သီလ သမာဓိ ပညာဂုဏ် လဒ္ဓိပေ သလ၊ သိက္ခာ ကာမ စသောဂုဏ်တို့နှင့် ပြည့်စုံသော ဆရာတော်အား နိုင်ငံတော်အစိုးရက အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ဖြင့် ပူဇော်ဆက်ကပ်ခြင်း ဖြစ်ရာ လွန်စွာပင် ဝမ်းမြောက်မိပါသည်။

ယနေ့ မျက်မှောက်ခေတ်တွင် ဘွဲ့ထူးဂုဏ်ထူးရရှိရေးကို လိုလားတတ်ကြသည်။ ဘွဲ့ထူးဂုဏ်ထူးရရှိရေးနှင့်ပတ်သက်၍ မြောင်းမြဆရာတော် ဘုရားကြီး၏ အလွန်မှတ်သားဖွယ်ကောင်းသော သြဝါဒလေးကို သတိရမိပါသည်။ မြောင်းမြဆရာတော်ဘုရားကြီးက–

လူက ဂုဏ်နောက်မလိုက်နှင့်၊

ဂုဏ်က လူနောက်လိုက်မှ တန်ဖိုးရှိသည်ဟု မိန့်ကြားလေ့ ရှိပါသည်။ ဂုဏ်ထူး ဘွဲ့ထူးရရှိရေး အတွက် လူက မလိုက်ပါနှင့်၊ မကြိုးစားပါနှင့်၊ ဂုဏ်က အလိုလို လူ့နောက်လိုက်လာမှ တန်ဖိုးရှိသည်ဟု ဆိုလိုပါသည်။

ဗြူးကုန်းတောရဆရာတော် ဘဒ္ဒန္တ အာစိဏ္ဏ အရှင်မြတ်အား နိုင်ငံတော်အစိုးရက အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်း ခံရခြင်းမှာ ဂုဏ်က လူနောက် လိုက်လာခြင်းသာ ဖြစ်ပါသည်။ ရသင့်ရထိုက်သော ဘွဲ့ကို ရရှိခြင်းဖြစ်၍ ထိုက်ထိုက်တန်တန် ရရှိခြင်းပါတကားဟု ဝမ်းသာ ကြည်နူးအထူးပင် ပီတိဖြစ်မိပါသတည်း။

ဤဆောင်းပါးဖြင့် ဆရာတော်အား ဂုဏ်ပြု ပူဇော်ပါ၏။

အရှင်အာဒိစ္စဝံသ (ဆားလင်းကြီး)

ကျောက်တန်းဇာတိ စံကျောင်းဆရာတော်ကြီး၏ ဝိနယဂရုကဂုဏ်တော်များ

ဦးအောင်ထွတ် (မမ္မာစရိယ၊ မဟာဝိဇ္ဇာ)

နောက်ခံအကြောင်းတရားများ

ကျွန်တော့်ဘဝ သက်တမ်းတစ်လျှောက် စံပြပုဂ္ဂိုလ်များတွင် သပြေကန်ဆရာတော်ဘုရားကြီးသည် ထိပ်တန်းမှ ပါဝင်ခဲ့သည်။ ၁၁ နှစ်သားအရွယ် ရှင်သာမဏေ ဖြစ်မှပင် သပြေကန်ဦးဝါသေဌ ဟူသော အမည်သည် ကျွန်တော့်နှလုံးသားတွင် စွဲစွဲထင်ထင် ဝင်ရောက်လာခဲ့သည်။ အသက်အရွယ် ရလာ၍ သပြေကန်ပရိတ်ကြီးနိဿယကို ဖတ်ရှုရသောအခါ ကျွန်တော့်နှလုံးသားကို အရှင်ဝါသေဌဟူသော အသံက ပိုမိုရိုက်ခတ်၍ လှုပ်နှိုးခဲ့သည်။ ကျွန်တော် ကြည်ညိုသော၊ လေးစားသော၊ တန်ဖိုးထားသော အရှင်ဝါသေဌ၏ တန်ဖိုးကို ပို၍ သိရသည်။ ဆရာတော်၏ စကားလုံးတိုင်းသည် မာနကင်းသည်။ မေတ္တာလွှမ်းသည်။

> ကျွန်တော်တွေ့ချင်၊ ဖူးမြော်ချင်သည့် ဗြူးကုန်းဆရာတော်ကြီးအား စာအားဖြင့် ပူဇော်လိုက်မည်ဟု အားခဲ၍ ဂတိပေးလိုက်ခြင်းဖြစ်သည်။ အိမ်သို့ပြန်ရောက်၍ ဗြူးကုန်းဆရာတော်၏ ထေရုပ္ပတ္တိ အကျဉ်းကို ဖတ်လိုက်သောအခါ...

အသစ်အသစ်သော အသိကိုပေးသည်။ ထို့ကြောင့် ထိုစာအုပ်ကို ဖတ်၍ မဝ၊ မှတ်၍မဝနိုင် ဖြစ်ရသည်။

ထို့နောက် ပုဇွန်တောင် ရွှေကျင်ကျောင်း ဆရာတော်၊ ဆရာတော် ဦးကောသလ္လ၏ ကျေးဇူးကြောင့် ဆရာတော်ကြီးကို စတင်ဖူးတွေ့ရသည်။ နှစ်ပေါင်း သုံးဆယ်ကျော်မျှ ရင်ထဲတွင် ကိန်းအောင်းနေသော ဆန္ဒကြီးသည် ပြေပျောက်သွားသည်။ ရေငတ်သူ ရေတဝကြီး သောက်ရသကဲ့သို့ ခံစားရသည်။ ဆရာတော်ကြီးက ထုံးစံအတိုင်း ထွေထွေရာရာ မပြောပါ။ ထိုသို့ မပြောခြင်းသည်ပင် ကျွန်တော့်အဖို့ အရသာ တစ်ခုကြီး ဖြစ်ပါသည်။ ထို့နောက် မဂ္ဂဇင်းကို အကြောင်းပြု၍ ဆရာတော်ကြီးနှင့် ပို၍ ရင်းနှီးခွင့်ရသည်။ ဆရာတော်ကြီး မိန့်ကြားပုံကို ကြည့်ပါဦး။

"မောင်အောင်ထွတ်တို့က ရေးတတ်တာကိုး" တဲ့။ ဆရာတော်ကြီး ဘဝနှင့် ကျွန်တော့်ဘဝကား သူ၏ ခြေမှုန်မျှပင် မရှိနိုင်ပါ။ မနှိုင်းအပ်၊ မတုအပ်ပါ။ ဆရာတော်ကြီးကား ကျွန်တော် ကဲ့သို့သော ပါမွှားကလေးကိုပင် အရေးတယူ ရှိလှပါ တကား။

ထို့နောက် ရတနာမွန် ဦးထွန်းလွင်၏ အရေးအသားများကြောင့် ဆရာအဆက်ဆက်အကြောင်းကို ပို၍ သိလာ၊ ကြည်ညိုလာရသည်။ တစ်ဆက်တည်းမှာပင် "ဗြူးကုန်းဆရာတော်၊ ဗြူးကုန်းဆရာတော်" ဟူသော စကားကို ကြားရပြန်သည်။ ကျွန်တော်သည် သပြေကန် ဆရာတော်ကြီး၏ အကြောင်းကို သိချင်လေ ဆရာတော်ကြီး၏တပည့် ရင်း တစ်ပါးဖြစ်သော ဗြူးကုန်းဆရာတော်အား ဖူးတွေ့ချင်လေ ဖြစ်နေသည်။ သို့သော် ဆန္ဒကား မပြည့်ဝခဲ့။ ဝန်ထမ်းဘဝ တာဝန်များ ကြောင့် မတွေ့နိုင်ခဲ့။ ပင်စင်စားဘဝ ရောက်သော အခါတွင်လည်း ကျန်းမာရေးကြောင့် မသွားဖြစ်ခဲ့။

သို့သော် (၃-၂-၂၀၀၂) နေ့က ပြုလုပ်သော ဓမ္မပိမာန် အစည်းအဝေးတွင် မမျှော်လင့်ဘဲ ဦးထွန်းလွင်နှင့် ဆုံရသည်။ တွေ့လျှင် သူက

"ဗြူးကုန်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ပူဇော်ပွဲရှိတယ်။ ခင်ဗျားတို့ ရေးကြဗျာ"

ဟု ကျွန်တော်နှင့် ကိုတင့်ဝေ (ဒု-ညွှန်မှူး၊ အငြိမ်းစား၊ သာသနာရေး ဦးစီး ဌာန) တို့ကို ပြောကြားသည်။ ကျွန်တော်က ချက် ချင်းပင် ရေးမယ်ဗျာ၊ ရေးမယ်ဟု ပြောလိုက်သည်။ ကျွန်တော် တွေ့ချင်၊ ဖူးမြော်ချင်သည့် ဗြူးကုန်းဆရာတော်ကြီးအား စာအားဖြင့် ပူဇော်လိုက်မည်ဟု အားခဲ၍ ဂတိပေးလိုက်ခြင်း ဖြစ်သည်။ အိမ်သို့ပြန်ရောက်၍ ဗြူးကုန်းဆရာတော်၏ ထေရုပ္ပတ္တိ အကျဉ်းကို ဖတ်လိုက်သောအခါ ဆရာတော်ကြီးသည် ကျောက်တန်းရွာ မဟာဗောဓိတောရတိုက် ထွက်ဖြစ်ကြောင်း မမျှော်လင့်ဘဲ တွေ့ရသည်။

ကျောက်တန်းရွာနှင့် ကျွန်တော်

ကျောက်တန်းရွာကို ကျွန်တော် မရောက်ဖူးပါ။ သို့သော် ကျောက်တန်းရွာနှင့် ကျွန်တော် အလွန်ရင်းနှီးပါသည်။ ကျောက်တန်း ရွာသူရွာသား တို့၏ အာဟာရဒါနကို ကျွန်တော် အခါခါ ခံစားဖူးပါသည်။ အကြောင်းကား ဤသို့ပါ။ ကျွန်တော်သည် ဇာတိ ကွမ်းခြံကုန်းမြို့၌ ၁၆ နှစ်သားတွင်

ပထမကြီးတန်း အောင်ပါသည်။ ထို့ကြောင့် စာချတန်း စာများ ဆက်လုပ်ရန် ငယ်ဆရာသမားက ညောင်တုန်းမြို့ ရွှေဟ့သ်ာတောရသို့ ပို့ပါသည်။ ထိုစဉ်က တိုက်အုပ်ဆရာဝေ ဖြစ်၍ နောင်အခါ အဘိဓဇမဟာရဋ္ဌဂုရု စတုတ္ထစံကျောင်းဆရာတော်ကြီးသည် ကျွန်တော်တို့ရွာသား ဖြစ်၏။ သွေးသားလည်း မကင်း။ ထို့ကြောင့် ဆရာတော်ကြီး သိတင်းသုံးရာ ဝံသာနုတိုက် (သာသနဝံသာနုရက္ခတိုက်) တွင် ကျွန်တော်နေရ၏။ စာသင်ရင်း ဆရာတော်ကြီး၏ ဝတ်ကြီးဝတ်ငယ် ပြုစုရ၏။ ရောက်စနှစ် ၁၈ နှစ်သားတွင် စာချတန်းအောင်ပြီး လူပိုလို ဖြစ်နေသဖြင့် ဝေယျာဝစ္စတို့ လုပ်ရ၏။

ထိုအခါ ကျောက်တန်းရွာသား ပထမစံကျောင်း ဆရာတော်ကြီး၏ သွေးသားများသည် မိုးဦးကျအခါတွင် နာနတ်ယိုပုံးကြီး လာရောက်လှူဒါန်းသည်။ လေးထောင့်သံပုံးကြီးများနှင့် ဖြစ်၏။ ကျွန်တော်သည် သာမဏောဘဝနှင့် ရှိသဖြင့် ထိုနာနတ်ယိုများကို နေ့စဉ် နှစ်နှစ်တိတိ လွတ်လွတ်လပ်လပ် စားခွင့်ရ၏။ ကျွန်တော်သည် နာနတ်ယိုကို သတိရတိုင်း ကျောက်တန်းရွာကို သတိရ၏။ ထိုမှတစ်ဆင့် ကျောက်တန်းဇာတိ ကျေးဇူးတော်ရှင် စံကျောင်းဆရာတော် ဘုရားကြီးကိုလည်း သတိမရဘဲ မနေနိုင်။ အထူးသဖြင့် စံကျောင်းဆရာတော် ဘုရားကြီး၏ အတွေးအခေါ် လောကအမြင်နှင့် ပဋိပတ် အကျင့်တို့ကို သတိတရရှိနေသည်။ ထို့ကြောင့် ဆရာတော်ကြီး အကြောင်း အခွင့်သင့်သလို မဂ္ဂဇင်းများတွင် ရေး၏။ တက္ကသိုလ် ဆရာဖြစ်သဖြင့် လျွန်တော်ကြီးကြပ်ရသော Thesis ကျမ်းခေါင်းစဉ်၌ စံကျောင်းဆရာတော်ကြီး စသည်တို့ကို ဦးထိပ်ပန်၍ ပြုစုစေခဲ့၏။ ယခု ဖော်ပြမည့် အကြောင်းအရာများသည် ထို Thesis ကျမ်းများ အနက်မှ တစ်ခုသော နိဒါန်းကို အခြေခံ၍ ဖော်ပြချက်များ ဖြစ်ပါကြောင်း ဦးစွာ ဝန်ခံပါသည်။

စံကျောင်းဆရာတော်

မြန်မာနိုင်ငံ သာသနာ့သမိုင်းတွင် လည်းကောင်း၊ ရွှေကျင်နိကာယ သာသနာ့သမိုင်းတွင် လည်းကောင်း၊ သာသနာ့ဦးသျှောင် ဆရာတော် ဆရာတော်ကြီးတစ်ပါးအဖြစ် ထင်ရှားခဲ့သော ဆရာတော်ကြီး တစ်ပါးမှာ စံကျောင်းဆရာတော်ကြီး ဖြစ်သည်။ စံကျောင်းဆရာတော်ကြီးသည် ပါဠိ၊ သက္ကတစွယ်စုံရသော ကျမ်၊ပြုပုဂ္ဂိုလ်ကျော်ဖြစ်သည် သာမက အင်္ဂလိပ်ဘာသာကို အတော်အတန် တတ်ကျွမ်းသော ရှားရှားပါးပါး ဆရာတော်ကြီး ဖြစ်သည်။ ဆရာတော်ကြီး ပြုစုခဲ့သည့် ကျမ်းစာများသည် နှစ်ပေါင်း ခုနစ်ဆယ်နီးပါး ကြာမြင်ခဲ့ပြီ ဖြစ်သော်လည်း ယနေ့တိုင် မရိုးနိုင်ဘဲ ခေတ်ရှေ့တွင် ပြေးလျက် ရှိနေသေးသည်။ ဆရာတော်ကြီး အရေး၊ အတွေး၊ အမြင်တို့သည်လည်း သာသနာ အတွက်သာမက ဗုဒ္ဓဘာသာဝင်တို့ အတွက်သာမက လူ့လောကအားလုံးအတွက်ပါ အကျိုးပြုလျက် ရှိနေပေသေးသည်။

ကျောက်တန်းဇာတိသား

ဤသို့သော သာသနာ့ဦးသျှောင် ဆရာတော်ကြီး တစ်ပါးကို ပဲခူးမြို့နယ် ကျောက်တန်းကျေးရွာမှာ ၁၂၃၅ ခုနှစ်တွင် မွေးဖွားခဲ့သည်။ နှစ်ပေါင်း ရာကျော်ပေပြီ၊ ဆရာတော်ကြီးသည် ကျောက်တန်းရွာမှာပင် ပညာသင်ခဲ့၏။ ခုနစ်နှစ်သား အရွယ်မှာပင် မင်္ဂလသုတ်၊ ပရိတ်ကြီး၊ နမက္ကာရ၊ လောကနီတိ၊ ၅၅၀ ဇာတ်တော်များ၊ ဇာတ်အဋ္ဌ ကထာ၊ သဒ္ဒါကြီးရှစ်စောင်၊ ကိုးကြောင်း၊ ဖိုလ်၊ မကာရန္တ၊ ဗေဒင်တို့ကို သင်ယူခဲ့သည်။ ၁၄ နှစ်သားတွင် ပုဇွန်တောင်၊ အစိုးရအထက်တန်း ကျောင်းသို့ ပြောင်း၍ လောကဓာတ်ပညာခေါ် ခေတ်ပညာကို သင်ကြားပြီး ၁၇ နှစ်သားတွင် **ရွှေချိန်ခွင်** (၁၉၂၄-ခု၊ အမေရိကန် နှစ်ခြင်း သာသနာပြု စာပုံနှိပ်တိုက်) ခေါ် ဗုဒ္ဓဘာသာအား တိုက်ခိုက်ထားသည့် စာအုပ်

ကို ဖတ်၍ ကျောက်တန်းရှာသို့ ပြန်၍ ရှာလယ် ကျောင်းတွင် ရှင်သာမဏေ ဝတ်ခဲ့သည်။

ရွှေဟသ်ာတောရတိုက်သို့

မိဘများက ခဏတစ်ဖြုတ်သာ ရှင်သာမဏေ ပြုခြင်း ဖြစ်လိမ့်မည်ဟု ယူဆသော်လည်း သာမဏေ ဘဝက မထွက်တော့။ မကြာမီ ကျောင်းတော်ရာ ရွှေကျင်တိုက်တွင် စာသင်နေသော ဦးကုမာရ၏ ကျေးဇူးကြောင့် ကျောင်းတော်ရာတိုက်သို့ ရောက်ရှိသည်။ ၁၂၅၅-ခုနှစ်တွင် ကျောင်းတော်ရာ ရွှေကျင်ဆရာတော်ကြီးကို ဥပဇ္ဈာယပြု၍ ကာရကသံဃာ ၄၆ ပါးတို့ဖြင့် ရဟန်းဖြစ်ခဲ့သည်။ ကျောင်းတော်ရာတိုက်မှာပင် စာသင်၍ ကျောင်းတော်ရာတိုက်မှာပင် ကျမ်းတတ်ပုဂ္ဂိုလ် ကျော် ဖြစ်ခဲ့သည်။

၁၂၆၂ ခုနှစ်တွင် ညောင်တုန်းမြို့ ရွှေဟသ်ာတောရတိုက်ကို တည်ထောင်သောအခါ ရဟန်းခုနစ်ဝါမျှ ရှိသေးသော်လည်း ဆရာတော် ဘုရားကြီး၏ ပထမတန်းစာချအဖြစ် လိုက်ပါလာခဲ့ရသည်။ ထိုမှ တိုက်အုပ် တိုက်ပိုင်အဖြစ်သို့ ရောက်ရှိကာ နိုင်ငံကျော် ကျမ်းပြု ပုဂ္ဂိုလ်တစ်ပါး ဖြစ်လာခဲ့သည်။ စံကျောင်းတိုက်အတွင်းရှိ မင်္ဂလာစံကျောင်းတွင် သီတင်းသုံးစဉ် ကျမ်းဂန်များ **ပြုစုရာမှ** စံကျောင်းဆရာတော်ဟု ထင်ရှားသည်။

ဝိနယဂရုကာဆရာတော်ကြီး

စံကျောင်းဆရာတော်အား နိုင်ငံကျော်ကြား ကျမ်းပြု ပုဂ္ဂိုလ်ကြီးတစ်ပါးအနေဖြင့် သိမှတ်ကြသည်။ ပဋိပတ္တိမာမက သူတော်စင်ကြီးအဖြစ်ဖြင့်ကား သိမှတ်ကြဟန် မတူပါ။ ဝိနည်းသည် သာသနာတော်၏ အသက်ဖြစ်သည်ဟု ဆိုသည်။ ဆရာတော်ကြီးသည် ဝိနည်းတော်ကို အသက်မက ချစ်မြတ်နိုးသည်။ သီလကို အသက်ကဲ့သို့ တန်ဖိုးထားသည်။ ဥပဇ္ဈာယ်ဆရာဖြစ်သော ကျောင်းတော်ရာ ဆရာတော်ကြီးသည် ပဋိပတ္တိ-မာမက ပုဂ္ဂိုလ်



ကြီး ဖြစ်ကြောင်း ထင်ရှားသည်။ ထိုအနွယ်မှ ဆင်းသက်လာသည့် စံကျောင်းဆရာတော်၏ ပဋိပတ္တိမာမကဂုဏ်သည် အချို့နေရာများ၌ ကြက်သီးမွေးညင်း ထလောက်အောင်ပင် ကြီးမားလှသည်။

သိက္ခာပုဒ် အသေးအမွှားလေးဟူ၍

ဆရာတော်ကြီးသည် မည်သည့် ဝိနည်းသိက္ခာပုဒ်ကိုမျှ အသေးအမွှားဟူ၍ သဘောမထား။ ၁၂၉၄ ခုနှစ်၌ မန္တလေးသို့ သာသနာရေးကိစ္စ ဂိုဏ်းကိစ္စနှင့် ပင့်၍ ကြွလာတော်မူသည်။ နယုန်လ ဖြစ်၍ ပူပြင်းသော လပင်ဖြစ်သည်။ ဥတုဒေသအားဖြင့်လည်း အောက်အရပ်ထက် ပူပြင်း၏။ ပူပြင်းသော ရာသီ၊ ပူပြင်းသော ဒေသဖြစ်ရာ နေ့တစ်ချက်တီး အချိန်တွင် မန္တလေးမြို့ စိန်ပန်းရပ် အဘယာရာမ ရွှေဂူတိုက်မှ ဝိသုဒ္ဓါရုံတိုက်သို့ နေပူ

ကျဲကျဲထဲ၌ ဖိနပ်မစီး၊ **ထီးမဆောင်းဘဲ** ကြွတော်မူသည် (ရွှေဟသ်တောရသမိုင်း) **ဟု ဆိုသည်။** ၁၂၉၉-ခုနှစ်တွင် စစ်တောင်းမြစ်ကမ်း ရွှေကျင်မြို့ကလေးသို့ ကြွတော်မူသည်။ ညနေ လေးနာရီခန့်တွင် မဒေါက်ဘူတာသို့ ရောက်သည်။ ကပ္ပိယမှာယခု အသက်ရာပြည့်ပွဲသဘင်ကြီး ဆင်နွှဲသွားသည့် အင်ကြိမ်းစား သံအမတ်ကြီး ဦးကြင်ဖြစ်သည်။ ထိုစဉ်က ဦးကြင်သည် အိုင်စီအက်စ် ဝန်ထမ်း၊ သမဝါယမ မင်းကြီးဖြစ်၏။ သို့သော် ဆရာတော်ကြီး အား ကြည်ညိုလွန်းသဖြင့် ဘောင်းဘီတိုဝတ် ဘဝဖြင့် ကပ္ပိယသဖွယ် လိုက်ပါခဲ့ခြင်း ဖြစ်၏။ မီးရထားပထမတန်းတွဲ ရပ်သည့်နေရာနှင့် ဘူတာရုံမှာ တစ်ဖာလုံခန့် ဝေးသည်။ ဆရာတပည့် ရထားမှ ဆင်း၍ လျှောက်လာရသည်။ ပထမ လူနေတဲ တစ်လုံးကို တွေ့လိုက်သည်နှင့် တစ်ပြိုင်နက် ဆရာတော်က ဒါဟာ ဂါမဒ္ဓါရရွာဝ ဖြစ်လိမ့် မယ်ဟု ဆိုကာ ဘိနပ်ချွတ်တော့သည်။ သမဝါယမ မင်းကြီးလည်း ဆရာ့တပည့် ပီသစွာ ဘိနပ်ချွတ် လိုက်ရတော့သည်။ (ရွှေဟသ်တောရ ၇၅ နှစ် စာစောင်)

မည်သည့်အခါမ အရုဏ်တက်အောင် မကျိန်းစက်

ဆရာတော်ကြီးသည် ကျောင်းတိုက်အတွင်းမှာ နေစဉ်ပင် မည်သည့်အခါမှ အရုဏ်တက်အောင် မကျိန်းစက်ပေ။ လူ သာမဏေများနှင့် အတူနေသော ရဟန်းများအတွက် သဟသေယျ သိက္ခာပုဒ်ကြီးများ အမြဲတမ်း ခြိမ်းခြောက်နေသည်။ သဟသေယျ ဟင်းလေးအိုးကြီးဟုပင် ဆိုကြသည်။ တပည့်တစ်ဦးက မိမိသည် မြင်ရရုံမျှသော မီးရောင်အလင်းအတွင်း၌ တစ်ပါးထီးတည်း သီတင်းသုံးနေသော ဆရာတော်ဘုရားကို ချောင်းမြောင်း၍ ကြည့်ဖူး၏။ ဆရာတော်ဘုရား ထွေးထွေးနွေးနွေး ကျိန်းစက်နေသည်ကို မတွေ့မိ။ စာရေးသောအချိန်၊ စကြဝဠာသောအချိန်နှင့် ခြေဆန့်လက်ဆန့် လဲလျောင်းသော အချိန်မှလွဲ၍ မျက်စိမှိတ်ကာ ထက်ဝယ်ဖွဲ့ခွေ ထိုင်လျက်သာ တွေ့ရ၏ဟူ၍ မှတ်တမ်းတင်ထားသည်။ (ဦးမိုးမြင့်၊ ရွှေဟသ်ာ နှစ် ၈၀၊ စာစောင်)

စစ်ကိုင်း ရွှေဟသ်ာဆရာတော်ကြီးကမူ ...

"ရွှေဟသ်ာတောရတိုက်၌ စံကျောင်းဆရာတော် ဘုရားသည် ခုတင်၊ ခြင်ထောင်၊ လဲသွတ် ခေါင်းအုံးတို့ဖြင့် ကျိန်းစက်သည်ကို မမြင်ဖူးပေ။ တပည့်များကို အသိမပေး၍ အာနာပါနစသော သမထ ဝိပဿနာ အလုပ်များကိုလည်း အားထုတ်တော်မူလေ့ ရှိသည်ကို အရိပ်အကဲ ကြည့်၍ သိရသည်ဟု ရေးသားထားပေသည်။ (ရွှေဟသ်ာတောရ သမိုင်း ၉၀)

အရည်ဝါသီ တောရမှီ

စံကျောင်းဆရာတော်ကြီး၏ အထက်ပါအတိုင်း ကျောင်းတိုက်အတွင်း၌ ဂန္ဓဓုရတစ်လှည့်၊ ဝိပဿနာ ဓုရတစ်လှည့်ဖြင့် နေရသည်ကို အားရတင်းတိမ်ဟန် မတူပေ။ အခွင့်သာတိုင်း တောရဆောက်တည်လိုစိတ် စောနေသည်။ သို့ဖြစ်၍ ၁၃၀၁-ခုတွင် တောထွက်တော်မူသည်။ စံကင်းဆရာတော်စသော သံဃာ့ထေရ်ကြီးများက ...

"တုမှာ ဒီသာနံ သဗ္ဗတ္တ အရည်ဝါသောဝ ဟောတိ"

"အရှင် ဘုရားကဲ့သို့ ပုဂ္ဂိုလ်မျိုးမှာ ဘယ်နေရာမှာနေနေ တောရနေသည်နှင့် အတူတူပင် ဖြစ်ပါသည်။ တောထွက်ဖို့ လိုမည်မဟုတ်ပါ။ ရွှေဟသ်ာတောရ တပည့်များနှင့်တကွ ရွှေကျင်ဂိုဏ်းကြီးကို နီးနီးကပ်ကပ် စောင့်ကြပ်နေစေချင်ပါသည်"

ဟု တားမြစ်သည်။ သို့သော် သပိတ်တစ်လုံး၊ သင်္ကန်းသုံးထည်ဖြင့် တောထွက်တော်မူပါသည်။ (ဦးရာဇိန္ဒ၊ သိရိမဟာစံကျောင်း၊ ရွှေဟသ်ာ ၇၅-နှစ် စာစောင်)



သစ္စာပြုခြင်း

စံကျောင်းဆရာတော်ကြီးသည် သက်တော်ကြီးမှ သီလစင်ကြယ်သည် မဟုတ်။ တောထွက်ပြီး စိတ္တဝိသုဒ္ဓိဖြစ်သည်မဟုတ်။ ရဟန်းဖြစ်သည်မှစ၍ သက်ဆုံးတိုင် စင်ကြယ်သော ပုဂ္ဂလဝိသေသအမှန်ဖြစ်သည်။ ထိုအချက်ကို ဆရာတော် ဘုရားကြီး သစ္စာပြုခြင်းက သက်သေခံနေသည်။

၁၂၉၄ ခုနှစ်တွင် ညောင်တုန်းနယ်တစ်ဝိုက်၌ မိုးခေါင်ရေရှားဘေးကြီး ကြုံသည်။ မြို့သူမြို့သား နယ်သူနယ်သားတို့သည် အတိဒုက္ခ ရောက်နေကြသည်။ ထိုအကြောင်းကို ဆရာတော်ကြီး သိတော်မူသဖြင့် ဥပုသ်နေ့ သံဃာ့ပရိသတ်စုံညီရာတွင် ဤသို့ သစ္စာပြုသည်။

"ငါသည် မှတ်မိသည်ကစ၍ သေစေလိုသော စေတနာဖြင့် သူတစ်ပါးအသက်ကို သတ်ဖူးသည် ဟူ၍မသိ။ ဤသို့သော သစ္စာစကားကြောင့် မိုးရွာပါစေသတည်း"

"ငါသည် ရဟန်းပြုသည်မှစ၍ သစိတ္တက အာပတ် ကျူးလွန်ဖူးသည်ဟူ၍ မသိ။ ဤသို့သော သစ္စာစကားကြောင့် မိုးရွာပါစေသတည်း"

ဟူ၍ ဖြစ်၏။

ဆရာတော်ကြီး၏ သစ္စာကား ရဲစွမ်းပေစ။ မကြုံစဖူး ထူးကဲပေစ။ ကြားရသူတို့ ကြက်သီးမွေးညင်း ထလောက်ပေစ။ **ထို** ရဲရဲတောက် သစ္စာပြု၍ မကြာမီပင် မိုးသားတိမ်လိပ်များ တက်လာကာ မိုးကြီးရွာသွန်းပါလေတော့သည်။ (မောင်မိုးမြင့်၊ ရွှေဟင်္သာတောရ၊ နှစ် ၈၀-စာစောင်)

လယ်တီဆရာတော်ကြီးအလား

ဤသို့သော ရဲရဲတောက် သစ္စာပြုခြင်းသည် လယ်တီဆရာတော်ကြီး ဟင်္သာတမြို့သို့ ကြွလာစဉ်က ဖြစ်ရပ်နှင့် တူပါသည်။ အင်္ဂလိပ်အစိုးရတို့ အုပ်ချုပ်နေစဉ်ကာလ ဟင်္သာတမြို့တွင် မိုးခေါင်ရေရှားဘေးကြီး ကြုံရပါသည်။ ထိုအခါ တတ်သိသူတို့၏ အကြံပေးချက်အရ **ရောဝတီတိုင်းမင်းကြီး** ဗြိတိသျှလူမျိုး **မစ္စတာ မက္ကဆွေ**၏ ဦးဆောင်မှုဖြင့် **လယ်တီဆရာတော်ကြီး**အား ပင့်ကြသည်။

လယ်တီဆရာတော်ကြီးကလည်း...

"**ရွှေစည်းခုံ** ကျောင်းတိုက်မှစ၍ လယ်တီတိုက်သို့ ရောက်လာသည့်တိုင်အောင် အနှစ်နှစ်ဆယ်မျှ ရွှေစည်းခံဘုရားကြီးနှင့် သက်တော်ကြီး၊ ဝါတော်ကြီးများကို သောက်ရေ သုံးဆောင်ရေ သုံးရေ လှူဒါန်းခဲ့တဲ့ ရေဝတ်ကြီးအကြောင်းကို ဟင်္သာတ မြို့သူမြို့သားများအား သည်ယနေ့ ထင်ရှားပြရတော့မှာပဲကွယ်၊ ရေလှူရတဲ့ ဒါနဟာ ရေရှားပါးတဲ့အခါ အလိုရှိ၍ တောင့်တက ချက်ချင်း ရရှိတယ်။ ကျမ်းဂန်အဆိုရှိတဲ့အတိုင်း သည်တစ်ခါ ချက်ကောင်းပဲကွယ်"

မိန့်ကာ ဟင်္သာတမြို့ကို ရောဝတီ မီးသင်္ဘော

ဖြင့် ကြွသည်။ ဆရာတော်ကြီးမှ သဘော်ပေါ်က မဆင်းသေး မိုးကြီးသည်းထန်စွာ ရွာသွန်းပါသည်။ ရှေးဆရာတော်ကြီးများ၏ သီလ၊ သမာဓိ၊ ပဋိပတ္တိ စွမ်း အားများကား ကြည်ညိုရှိ မဆုံးနိုင်အောင်ပါ တကား။

ဣန္ဒြိယ သံဝရသီလစောင့်စည်းပုံ

စံကျောင်းဆရာတော်ကြီးသည် ဤသို့ ပါတိမောက္ခ သံဝရသီလကို စောင့်ထိန်းရုံသာမက ဣန္ဒြေခြောက်ပါး တံခါးခြောက်ပေါက်တို့မှ ဝင်လာမစဲ တသဲသဲသော အာရုံခြောက်ပါးတို့ကို ထိန်းသိမ်းပုံ အထိုက်အလျောက် ဖော်ပြခဲ့ပါသည်။ ထို့ထက် ထင်ရှားသော သာဓကတစ်ရပ်မှာ ဤသို့ ဖြစ်ပါသည်။

တစ်ခါက ဆရာတော်ကြီးထံ တပည့် ဒကာမ လေးများ လာရောက်ကန်တော့ကြပါသည်။ ၎င်းတို့မှာ ယခု ဗဟန်း သိရိမဏ္ဍစံကျောင်းတိုက် ဒါယကာ နယ်ပိုင်ဝန်ထောက် ဦးဒွေး၏သမီးများ ဖြစ်ကြပါသည်။ ၎င်းတို့ကား နောင်အခါ ပါမောက္ခ ဦးမျိုးမင်း မြို့နီစပါယ် မင်းကြီး ဦးထွန်းအုံ၊ ဆရာကြီး မင်းသုဝဏ် စသည်တို့၏ ဇနီးများ ဖြစ်ပါသည်။ ထိုစဉ်က တက္ကသိုလ်ကျောင်းသူများ ဖြစ်ကြ၏။ ဆရာတော်ကြီးသည် ထိုအမျိုးသမီး ဖော်များကို မော်ရှ် မကြည့်။ ဒကာလေးများ မှတ်ထင်ရှိ ယောက်ျားတို့နှင့် ပတ်သက်သော စကားများ ဟောကြားလေသည်။ ၎င်းတို့ ထပြန်သွားသောအခါ ဦးဒွေး၏ သမီးများဖြစ်နေကြောင်း တပည့်တစ်ဦး၏ ပြောပြချက်အရ သိရလေသည်။ အုံ့ညြဖွယ်ရာ ရှိလေစွ။

ဂုဏ်ကျေးဇူးများစွာ

ဆရာတော်ကြီးသည် ဤသို့ ဝိနယဂရုက ဂုဏ်နှင့် ပြည့်စုံသည်သာမက အခြားအခြားသော ဂုဏ်ကျေးဇူးများနှင့်လည်း အထူးပြည့်စုံသည်။ ဆရာတော်ကြီး သီတင်းသုံးသည့် ကျောင်းတွင် အဆောင်အယောင်မရှိ စာအုပ်ဘီရိုတစ်လုံး၊ ရွက်ဖျင်ခေါက်ကုလားထိုင်တစ်လုံး၊ စာရေးစားပွဲ တစ်လုံး၊ ကွပ်ပျစ်တစ်ခု၊ သင်ဖြူးဖျာ တစ်ချပ်၊ သစ်သားခေါင်းအုံးငယ်၊ ခေါက်ထားသော ရေသနုပ် သက်နီးဟောင်း တစ်ထည်တို့သာ ရှိသည်။ ကြမ်းခင်းပေါ်တွင်လည်း ညှော့သည်တို့လာလျှင် အသင့်ထိုင်ရန် နီးကြောဖျာ သုံးလေးချပ် စပ်မိအောင် ခင်းထားသည်။ အာဂန္တုရဟန်းတို့အတွက် နီသီဒိုင် (နေရာထိုင်) အခင်းပေးရန် အသင့်ထားသည်။ လူပုဂ္ဂိုလ်များအကွက်မှ မည်မျှအဆင့်အတန်း ကြီးမားစေကာမူ နီးကြောဖျာပေါ်မှာသာထိုင်ရသည်။

ဆရာတော်ကြီးသည် ဆရာသမားတို့၏ စကားကို ဦးထိပ်ထားသည်။ ကျောင်းတော်ရာ ဆရာတော်ကြီးက "မောင်ဝါယာမ စာတတ်ချင်လျှင် လက်ဖက်မစားနှင့်" ဟု မိန့်သည်မှစ၍ ရာသက်ပန် လက်ဖက်မစား။ အလားတူ လက်ဖက်ရည် မသောက်နှင့်ဟု ဆိုလျှင် တစ်သက်လုံး မသောက်တော့။ နေ့ခင်း မအိပ်နှင့်ဟုဆို၍ ရာသက်ပန် နေ့ဘက် မကျိန်းစက်တော့။ အချိန်ကို မည်သည့်အခါမှ အအားမပေး။ အနားမယူ။ ပရိယတ် ပဋိပတ် ဝုရန့်စ်ပါး အနက် တစ်ပါးပါးနှင့် အချိန်ကုန်သည်။ အချိန်ကာလ ဝါးမျိုမှုကို မခံ။ မိမိကသာ အချိန်ကာလကို ဝါးမျိုပစ်သည်။ စာမရေးဘဲ စကြိုလျှောက်နေ၍ ဖြစ်စေ၊ ရွက်ဖျင်ကုလားထိုင် လေးပေါ်တွင် အနားယူနေစဉ်မှာ ဖြစ်စေ တရားတော်ကို နှလုံးသွင်းနေကြောင်း သိသာလှသည်။ (အဘိဓမ္မ သိရိမဏ္ဍ ဆရာတော်ကြီး၏ မိန့်ကြားချက်များ)

အဂ္ဂတံဆိပ် ဘာလုပ်ဖို့လဲ

ဆရာတော်ကြီးသည် သက်တော် ၄၀ မှ ရာ နှစ်အထိ ၃၁-နှစ်တာ ကာလအတွင်း ကျမ်းပေါင်း ၂၂-ကျမ်း ပြုစုခဲ့သည်။ ပုံနှိပ်ထုတ်ဝေသည့် ကျမ်းပေါင်း ၁၉ ကျမ်းဖြစ်၏။ ဆရာတော်ကြီး၏

ကျမ်းစာများသည် ကျမ်းဂန်မည်ကာမတ္တ မဟုတ်။ ခေတ်ကို ကျော်လွန်၍ ခေတ်ရှေ့သို့ နှစ်ပေါင်းများစွာ ပြေးနေသော ကျမ်းများဖြစ်သည်။ ယနေ့တိုင် မရိုးနိုင်။ ရဟန်းသံဃာ သာသနာ့ လောကသားတို့ အတွက်သာမက မြန်မာတိုင်းရင်းဖွား အမျိုးသား အမျိုးသမီးတိုင်းအတွက်ပါ အကျိုးရှိစေသည့် ကျမ်းစာများ ဖြစ်နေသည်။

၁၂၉၉- ခုနှစ်က ဆရာတော်ကြီးအား ဗြိတိသျှ အစိုးရတို့က အဂ္ဂမဟာ ပဏ္ဍိတဘွဲ့တံဆိပ် ဆက်ကပ်သည်။ ထိုအကြောင်းကို သိရိမဇ္ဈ ဆရာတော်ကြီးက အောက်ပါအတိုင်း စာရေးသူအား ရေးပေးဖူးသည်။

"တစ်နေ့တွင် စာတိုက်မှ ယူလာသော စာများကို အိတ်ထဲမှ သွန်ထုတ်လိုက်ရာ နီနီရဲရဲ တံဆိပ်ရိုက်ထားသည့် စာအိတ်ကြီး တွေ့ရသဖြင့် ဖြုန်းခနဲ ကောက်ယူကာ ဒီစာအိတ်က ဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ တံဆိပ်လှူမည့် အကြောင်းကြားစာလား မသိဘူး" လွှတ်ခနဲပြောလိုက်မိသည်။ ဝံသာနုဘုန်းကြီး (နောင် အဘိဓဇမဟာရဋ္ဌဂုရု၊ တွဲဖက်ရှေကျင်သာသနာပိုင် စတုတ္ထစံကျောင်း ဆရာတော်ကြီး) က "မင်း ဘာဖြစ်လို့ သိတာလဲ" ဟု မေးပါသည်။ "ဘာရယ် မဟုတ်ပါ၊ တပည့်တော် စိတ်ထင်တာနှင့် ပြောတာပါ" ဟု လျှောက်ထားလိုက်ပါသည်။

ဝံသာနုဘုန်းကြီးက စာအိတ်ကို သေသေချာချာ ကြည့်ပြီး...

"အေး...ဟုတ်ချင်လည်း ဟုတ်မလား မသိဘူး၊ ဒီစာ ငါကိုယ်တိုင် ဆရာတော်ထံ ကပ်မည်" ဟု ပြောကာ ဆရာတော်ထံသွား၍ စာကို ဆက်ကပ်ပါသည်။ ဖောက်ကြည့်သည့်အခါ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ် လှူဒါန်းမည့် အကြောင်းကြားစာ ဖြစ်နေပါသည်။ ထိုအခါ စံကျောင်းဆရာတော်က "မင်းတို့ ဒီအကြောင်း ဘယ်သူ့မှ မပြောကြနဲ့ လှုပ်လှုပ်ရွရွလည်း ဘာမှ မလုပ်ကြနဲ့၊ ဒါ ဘာမှ ထူးခြားကြီးကျယ်တဲ့ကိစ္စ မဟုတ်ဘူး" ဟု၍ မိန့်လိုက်ကြောင်း ပြန်ပြောပါသည်။

သို့ရာတွင် တပည့်များမှာ ဝမ်းသာလှသဖြင့် ဆရာတော်စကားကို မေ့သွားကာ အချင်းချင်း ဝမ်းမြောက်ဝမ်းသာ ပြောဆိုကြပါသည်။ တစ်တိုက်လုံး လှုပ်လှုပ်ရွရွ ဖြစ်သွားပါသည်။ ညအခါ သီတင်းကျွတ်လကဲ့သို့ မိမိတို့ ကျောင်းများ၌ ဆီမီးများ ညှိထွန်းကြပါသည်။ ဆရာတော်မြင်၍ မေးမြန်းသည့်အခါ "မောင်ပဉ္စင်းတွေ အပြောအဆိုခက်သည်၊ ငါကိုယ်တိုင် တားမြစ်ထားပါလျက် နားမထောင်ကြ၊ ဆရာ့စကား နားမထောင်တဲ့ တပည့်တွေနဲ့ အတူနေရာ စိတ်ချမ်းသာစရာ မကောင်း" စသည်ဖြင့် အပြစ်တင်ကာ နောက်တစ်နေ့ နံနက် စောစောတွင် တပည့်ရဟန်းတစ်ပါး နောက်ပါခေါ်၍ ညောင်တုန်းမြို့နှင့် ခုနစ်မိုင်မျှဝေးသော လင်းဝန်ရွာ၊ ရွှေဟသ်ာကျောင်းသို့ ကြွသွားပါသည်။ တိုက်အုပ်ဆရာတော် (နောင် ဒုတိယစံကျောင်း ဆရာတော်) သိသည့်အခါမှ လင်းဝန်သို့ လိုက်သွား၍ နောင် ဒီလိုမဖြစ်စေရပါဟု တာဝန်ယူကာ ပြန်ပင့်သဖြင့် လေးငါးရက်ခန့် ဆက်နေပြီးမှ ပြန်ကြွလာသည်။

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်နှင့် ပတ်သက်၍ ပျံ့လွန်တော်မူသည်အထိ မည်သည့် ချီးကျူးပွဲ၊ ဂုဏ်ပြုပွဲကိုမျှ မလုပ်ဝံကြပါ။

အထက်ပါ အကြောင်းအရာများမှာ အဘိဓဇမဟာရဋ္ဌဂုရု၊ တွဲဖက်ရှေကျင် သာသနာပိုင်၊ သိရိမဇ္ဈစံကျောင်း ဆရတော်ကြီးက စာရေးသူတို့အား အကြောင်းအားလျော်စွာ ရေးထားပေးသော စကားများ ဖြစ်ပါသည်။

ရည်ရွယ်ချက်

မြန်မာနိုင်ငံ သာသနာ့သမိုင်းတွင် ကျမ်းတတ်အကျော်၊ ကျမ်းပြုအကျော် ဆရာတော်များ ပေါ်

ပေါက်ခဲ့ပါသည်။ ထိုဆရာတော်များ အနက် စံကျောင်းဆရာတော်ကြီးသည် ပါဠိ၊ သက္ကတ၊ အင်္ဂလိပ်ဘာသာ စွယ်စုံရသည်သာမက အလွန်တရာ ခေတ်မီသော အတွေးအခေါ်၊ အရေးအသား၊ အမြော်အမြင် ကြီးမားလှသည့် ပုဂ္ဂိုလ်ထူးကြီး ဖြစ်သည်။ သို့သော် ဆရာတော်ကြီးကား "အနေရိုးစေ အတွေးဆန်းစေ" ဟူသော စကားအတိုင်း ဘုရားသားတော် သူတော်ကောင်းစစ်စစ်တို့၏ နေထိုင်ခြင်းဖြင့် သက်ဆုံးတိုင် နေထိုင်သွားကြောင်း သိရပါသည်။ ဤသာသနာဝယ် ဤသို့သော သူတော်ကောင်းကြီးများ တည်ရှိနေသေးသရွေ့ သာသနာတော်ကြီး တိမ်ကောသွားမည် မဟုတ်ပါ။

ဤဆောင်းပါးဖြင့် စံကျောင်းဆရာတော် ဘုရားကြီး၏ ဇာတိ ကျေးရွာ ကျောက်တန်းတွင် ရှင်သာမဏေဖြစ်၍ ရဟန်းပြုပြီးနောက် သာသနာ့တာဝန်ကြီးကို ယခု သက်တော်ရှစ်ဆယ်ကျော် အချိန်အထိ ထမ်းရွက်နေတော်မူသည့် ဗြူးကုန်းတောရ ဆရာတော်ကြီးအား ရိုသေစွာ ပူဇော်ပါသည်။

ဦးအောင်ထွတ်
ဓမ္မာစရိယ၊ မဟာဝိဇ္ဇာ



ပူဇာစ ပူဇနေယျာနံ

ပူဇော်ထိုက်သူ ပူဇော်မူ မှတ်ယူမင်္ဂလာ

ဓမ္မာစရိယဦး အေးနိုင် (ဘီအေ)

ဤ "ပူဇာစ ပူဇနေယျာနံ" ဟူသည် သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားတော်တွင် တတိယ မင်္ဂလာ တရားတော်ဖြစ်၍ စာရှုသူများနှင့် အကျွမ်းဝင်ပြီးသော မင်္ဂလာတရားတော် ဖြစ်သည်။ ဤ မင်္ဂလာပါဠိတော်ကို ကျေးဇူးတော်ရှင် ညောင်တုန်း၊ ရွှေဟင်္သာတောရတိုက်၊ အဂ္ဂမဟာပဏ္ဍိတ၊ ကျမ်းပြု အကျော်၊ ပထမစံကျောင်း ဆရာတော်ဘုရား ကြီးက ဖော်ပြပါအတိုင်း–

"ပူဇော်ထိုက်သူ၊ ပူဇော်မူ၊ မှတ်ယူမင်္ဂလာ" ဟု...

သံပေါက်လင်္ကာဖြင့် အနက် အဓိပ္ပာယ် ဖော်ဆို ခဲ့ပါသည်။

ဤလင်္ကာ၌ ပူဇော်ထိုက်သူ (ပူဇနေယျ ပုဂ္ဂိုလ်) ဆိုသည်မှာ "ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ တရားတော်၊ သံဃာတော်များနှင့် အမိ၊ အဖ၊ ဆရာသမား၊ အစ်ကိုကြီး၊ အစ်မကြီ၊ ဦးကြီး၊ ဦးလေး၊ ဒေါ်ကြီး၊ ဒေါ်လေး၊ မိကြီး၊ မိထွေး၊ ဘကြီး၊ ဘထွေး၊ ယောက္ခမ စသူတို့ ဖြစ်သည်ဟု ခုဒ္ဒကပါဌ အဌ ကထာ စသော အဌကထာကျမ်းများ၌ မိန့်ဆိုထား ကြ၏။

ဤပူဇော်ထိုက်သူများတွင် ဘုရား၊ ပစ္စေက ဗုဒ္ဓါ၊ တရား၊ သံဃာတို့သည် အလုံးစုံသော ကိလေသာအပြစ် အညစ်အကြေးတို့မှ ကင်းစင် ကြပြီး ဖြစ်သောကြောင့်လည်းကောင်း၊ သီလ၊

သမာဓိ၊ ပညာ စသော အလုံးစုံသော ဂုဏ်တို့နှင့် ပြည့်စုံကြွယ်ဝဖြစ်သောကြောင့် လည်းကောင်း၊ ထို ပုဂ္ဂိုလ်တို့အား အနည်းငယ်မျှ ပူဇော်မှုကို ပြုရလျှင် သုမနပန်းသည်။ မလ္လိကာမိဖုရားကြီး စသူတို့ကဲ့သို့ အချိန်ကာလ ကြာမြင့်စွာ၊ အကျိုးစီးပွား ချမ်းသာ သုခများ ဖြစ်ပွားနိုင်သောကြောင့် ပူဇော်ထိုက်သူများ ဖြစ်ကြသည်။

မိဘ၊ ဆရာသမား စသူတို့မှာ ပေးဆပ်၍ မကုန် အနန္တဂုဏ်အင်၊ ကျေးဇူးရှင်ကြီးများ ဖြစ်ကြ သည့်အပြင် မိမိတို့ထက် အသက်အားဖြင့်သော် လည်းကောင်း၊ သီလစသော ဂုဏ်အားဖြင့်သော် လည်းကောင်း ကြီးမြတ်သူများ ဖြစ်သောကြောင့် ထို ပုဂ္ဂိုလ်ကြီးများအား ပူဇော်မှု စသည်ကို ပြု လျှင် အသက်ရှည်ခြင်း၊ အဆင်းလှခြင်း စသော အကျိုးတရားများကို ရရှိခံစားနိုင်သည်ဟု ဘုရားရှင် ဟောထားသောကြောင့် ပူဇော်ထိုက်သူ ပုဂ္ဂိုလ်မွန် ကြီးများ ဖြစ်သည်ဟု အဋ္ဌကထာ၌ ဖွင့်ဆိုထား၏။

ပူဇော်မှု

ပူဇော်မှု၌ ပူဇော်–ဟူသော မြန်မာဝေါဟာရ သည် "ပူဇာ–ဟူသော ပါဠိဘာသာမှ သက်ဆင်း လာသော ဝေါဟာရဖြစ်၏။ အဓိပ္ပာယ်မှာ အရှိ အသေပြုခြင်း၊ အလေးအမြတ်ပြုခြင်း၊ မြတ်နိုးခြင်း၊ ရှိခိုးခြင်း၊ မြတ်နိုးစွာ ပေးလှူခြင်း၊ ပစ္စည်းကို ကောင်းမွန်စွာ စီရင်၍ ရှိသေလေးမြတ်စွာ ပေးလှူ ခြင်းဟု ဆိုလိုပေသည်။ (ပူဇာတိ သက္ကာရ၊ ဂရုကာရ၊ မာနန၊ ဝန္ဒနာ–အဋ္ဌကထာ)

တေမိယဇာတ်တော်၌ "ယသ စတ္တာရော ပစ္စယေ" ဟူသော ပါရာဇိကဏ် အဋ္ဌကထာနှင့် အညီ ပုဂ္ဂိုလ်အား အလေးမပြုလွန်းဘဲ ပစ္စည်းကို သာ ကောင်းစွာ စီရင်၍ ပေးကမ်းခြင်းသည် သက္ကာရမည်၏။ ပေးကမ်းဖွယ် ပစ္စည်းတို့ကို ကောင်းစွာ စီရင်ခြင်းစသည်တို့ကို မပြုဘဲ ပုဂ္ဂိုလ်ကို သာ အလေးအမြတ်ပြု၍ ပေးကမ်းခြင်းသည်– "ဂါရဝ" မည်၏။ ဤ သက္ကာရ၊ ဂါရဝနှစ်ပါးနှင့် ပြည့်စုံစွာ ချစ်မြတ်နိုးခြင်းနှင့်တကွ ကောင်းမွန်စွာ စီရင်အပ်သော ပစ္စည်းဖြင့် ပုဂ္ဂိုလ်ကိုလည်း အလေး အမြတ်ပြု၍ ပူဇော်ချီးမြှောက်ခြင်းသည် "ပူဇာ" မည်၏ဟု မိန့်ဆိုထားပေသည်။ ထို့ကြောင့် ပူဇော် ဟူသော ဝေါဟာရ၏ အဓိပ္ပာယ်ကို ဤဆိုခဲ့သည့် အတိုင်း ပစ္စည်းကို ကောင်းစွာ စီရင်၍ ရှိသေလေး မြတ်စွာ ပေးလှူခြင်းဟု မှတ်သားရပေမည်။

ထိုအဓိပ္ပာယ်အရ "ဦးခေါင်းထိပ်လှူပ်သော် မင်းအပူဇော်ခံရအံ့" ဟု ဆိုရာ၌ မင်း၏ အချီး အမြှောက်ကို ခံရခြင်းပင် ဖြစ်၏။ ဒီပင်္ကရာ မြတ်စွာဘုရားသည် သုမေဓာရှင်ရသေ့အား ရှစ်ဆုပ် သော ပန်းတို့ဖြင့် ပူဇော်သည်ဟူရာ၌ ပန်းတို့ကို ကြဲဖြန့်၍ နှစ်သက်ဝမ်းမြောက်သော အခြင်းအရာကို ပြုခြင်းပင် ဖြစ်၏။ မြတ်စွာဘုရားက တရားတော် ကို ပူဇော်သည်ဟူရာ၌ တရားတော်ကို အလေး အမြတ်ပြုခြင်း၊ အာရုံပြုခြင်း၊ ပွားများခြင်းပင် ဖြစ်၏ဟု စံကျောင်းဆရာတော်ဘုရားကြီးက ပူဇော် ဟူသော စကားသည် အရာကျယ်ဝန်းသော စကား ဖြစ်၍ အရာဌာနအားလျော်စွာ ယူရမည်ဟု မိန့်မှာ ထားပေသည်။

ပူဇော်ခြင်း နှစ်မျိုး

ဤပူဇော်ခြင်းသည် (၁) အာမိသပူဇာ=ပစ္စည်း အာမိသဖြင့် ပူဇော်ခြင်း၊ (၂) ဓမ္မပူဇာ=တရားတော် ဖြင့် ပူဇော်ခြင်းဟူ၍ နှစ်မျိုးရှိ၏။ အာမိသပူဇာဆို သည် မှာ ဝိနည်းဒေသနာတော်နည်းအရ "ဆွမ်း၊ သက်နှံ၊ ကျောင်း၊ ဆေး" ဟူသော ပစ္စည်းလေးပါး သုတ္တန်ဒေသနာတော်နည်းအရ "ဆွမ်း၊ အဖျော်၊ ကျောင်း၊ သက်နှံ။၊ ယာဉ်၊ ပန်း၊ နံ့သာပျောင်း၊ နံ့သာခဲ၊ အိပ်ရာနေရာ၊ ဆီမီး" ဟူသော ဝတ္ထု

ပစ္စည်းတို့ဖြင့် ပူဇော်ခြင်းမျိုး ဖြစ်သည်။ (အာမိသ= ဆွမ်းစသော ပစ္စည်းတို့ဖြင့် ပူဇာ=ပူဇော်ခြင်း၊)

ဓမ္မပူဇာကား ရှင်တော်ဘုရား ဟောကြားတော်မူထားသည့်အတိုင်း မဂ်ဖိုလ် နိဗ္ဗာန်ဆိုသည့် လောကုတ္တရာ တရားကို ရစေနိုင်သည့် သရဏာဂုံယူခြင်း၊ ငါးပါးသီလ၊ ဥပုသ်သီလ ဆောက်တည်ခြင်းမှစ၍ သီလအကျင့်၊ သမထ(သမာဓိ) အကျင့်၊ ဝိပဿနာ(ပညာ)အကျင့်ဟူသော သိက္ခာသုံးပါး အကျင့်တရားတို့ကို ကျင့်ကြံကြိုးကုတ် အားထုတ်ခြင်း ဆိုသည့် ကိုယ်ကျင့်တရားဖြင့် ပူဇော်ခြင်းမျိုးဖြစ်သည်။ (ဓမ္မ=ကိုယ်ကျင့်တရားဖြင့်+ပူဇာ=ပူဇော်ခြင်း။)

ဤဓမ္မပူဇာနှင့် ပတ်သက်၍ မှတ်သားဖွယ် အချက်တစ်ရပ်ကို ထပ်၍ ဆိုပါဦးမည်။ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်က ပုဏ္ဏားကြီး တစ်ယောက်သည် ဘုရားရတနာနှင့် သံဃာရတနာတို့ကို ပူဇော်တာကတော့ ထင်ရှားသိသာတယ်။ တရားရတနာကိုတော့ ဘယ်လိုပူဇော်ရမယ်ဆိုတာ မသိဘူး" ဟု စဉ်းစားမိသတဲ့။ မကြာမီမှာပင် ပုဏ္ဏားကြီးသည် ဘုရားရှင်ထံမှောက်သို့ သွားရောက်ကာ ထိုအကြောင်းကို မေးမြန်းလျှောက်ထား၏။

ဗုဒ္ဓရှင်တော်ဘုရားက–

"ပုဏ္ဏားကြီး၊ အကယ်၍ တရားရတနာကို ပူဇော်လိုလျှင် ကျမ်းဂန်ဗဟုသုတနှင့် ပြည့်စုံသော ရဟန်းတော်တစ်ပါးကို ပူဇော်ပါလေ"

ဟု မိန့်ကြားတော်မူ၏။

"ကျမ်းဂန်ဗဟုသုတနှင့် ပြည့်စုံသည့် ရဟန်းကို ညွှန်ကြားတော်မူပါဘုရား"

ဟု ပုဏ္ဏားကြီးက လျှောက်ထားသည့်အခါ ရဟန်း သံဃာကို မေးမြန်းလျှောက်ထားပါလေဟု မြတ်စွာဘုရားက မိန့်ကြားလိုက်သည်။

ပုဏ္ဏားကြီးက ဘုရားရှင် မိန့်ကြားသည့်အတိုင်း ရဟန်းသံဃာများထံသွား၍ လျှောက်ထားသည့်အခါ သံဃာတော်များက အရှင်အာနန္ဒာမထေရ်ကို ညွှန်ကြားလိုက်၏။ ပုဏ္ဏားကြီးသည် အရှင်အာနန္ဒာမထေရ်အား အသပြာတစ်ထောင် အဖိုးတန်သည့် သင်္ကန်းကို လှူဒါန်းပူဇော်လိုက်၏။ အရှင်အာနန္ဒာမထေရ်သည် ပုဏ္ဏားကြီး လှူဒါန်းသောသင်္ကန်းကို မိမိအတွက် အသုံးမပြုဘဲ ဘုရားရှင် ခွင့်ပြုချက်အရ လက်ယာတော်ရံ အဂ္ဂသာဝကကြီး ဖြစ်သည့် အရှင်သာရိပုတ္တရာ မထေရ်အား လှူဒါန်းလိုက်ကြောင်း မူလပဏ္ဏာသ အဋ္ဌကထာ မဟာဂေါ သိင်္ဃသုတ် အဖွင့်၌ မိန့်ဆိုထား၏။

ဤအကြောင်းအရာအရ ကျမ်းဂန်ဗဟုသုတနှင့် ပြည့်စုံသည့် ရဟန်းတော်အား ဝတ္ထုပစ္စည်းတို့ဖြင့် လှူဒါန်းပူဇော်ခြင်းသည်လည်း "ဓမ္မပူဇာ" ပင် ဖြစ်ကြောင်း မှတ်သားရန် ဖြစ်သည်။

ထိုပူဇော်ခြင်းနှစ်မျိုးတို့တွင် အာမိသပူဇာထက်၊ ဓမ္မပူဇာက ပိုမြတ်၏။ ပိုအကျိုးရှိ၏။ မြတ်စွာဘုရား ချီးမွမ်းတော်မူ၏။ မြတ်စွာဘုရားက–

"ရဟန်းတို့ သင်တို့သည် ငါဘုရား၏ တရားအမွေခံ (ဓမ္မ ဒါယာဒ)တို့ ဖြစ်ကြကုန်လော၊ ပစ္စည်းလာဘ်လာဘ ဟူသော အာမိသအမွေခံ (အာမိသဒါယာဒ) တို့ မဖြစ်ကြကုန်လင့်"

ဟု မူလ ပဏ္ဏာသပါဠိတော်၊ ဓမ္မ ဒါယာဒသုတ်၌ ဟောကြားတော် မူထားပေသည်။

မှတ်ယူမဂ်လာ

ဤကဲ့သို့ ပူဇော်သင့် ပူဇော်ထိုက်သည့် (ပူဇနေယျ) ပုဂ္ဂိုလ်မြတ်တို့အား အာမိသပူဇာ၊ ဓမ္မပူဇာတို့ဖြင့် ပူဇော်ခြင်းသည် မဂ်လာဖြစ်ပေသည်။ မဂ်လာဆိုသည်မှာ သတ္တဝါတို့အား ကြီးပွားချမ်းသာစေတတ်၊ ဘေးရန်ကင်းစေတတ်၊ အရာခပ်သိမ်း

တို့နှင့် ပြည့်စုံစေတတ်သည့် ကုသိုလ်အကြောင်း တရားဖြစ်သည်ဟု အဋ္ဌကထာ၌ မိန့်ဆိုထား၏။ ထို့ကြောင့် ပညာရှင်များက "**မဂ် ပါပံ**–မကောင်းမှု ကို၊ **လုနာတိဆိန္နတိ**–ပယ်တတ်၊ ပတ်သတ်တတ်၏။ **ဣတိတသ္မာ**–ထို့ကြောင့်၊ **မဂ်လံ**–မင်္ဂလာမည်၏ဟု ဝိဂြိုဟ်ဆိုကာ အဓိပ္ပာယ် ဖော်ကြခြင်း ဖြစ်သည်။

ဤအဓိပ္ပာယ်များကို ရည်၍ ကျေးဇူးရှင် ရွှေဟသ်ံတောရ စံကျောင်းဆရာတော်ဘုရားကြီး က–

"ခပ်သိမ်းဘေးဒဏ်၊ ရန်အမျိုးမျိုး၊ ပယ်နှိမ်ချိုး၍၊ ကောင်းကျိုးသုခ၊ ဟူသမျှကို မုချပေးတတ်၊ တရားမြတ်၊ မှတ်လော့မင်္ဂလာ" ဟူ၍ မိန့်ကြားတော်မူခဲ့ခြင်း ဖြစ်ပေသည်။

မင်္ဂလာတရားနှင့် ဆရာတော်ဘုရား

အပူဇော်ခံ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဗြူးကုန်းတောရ ပဓာန နာယက ဆရာတော်ဘုရားကြီးကား သာသနာတော်သုံးရပ် ထွန်းလင်း ပြန့်ပွားရန်အတွက် "သာသနဋ္ဌိတိယာ ပန ပရိယတ္တိပမာဏံ" ဟူသော အဆိုအမိန့်နှင့်အညီ ပရိယတ္တိ စာသင်တိုက်ကြီး တည်ထောင်၍ အခြေခံ ပဓာနဖြစ်သော ပရိယတ္တိ သာသနာကို အားသွန်ခွန်စိုက် ကြိုးစားနေသော သာသနာပြု ဆရာတော်သံဃာတော်တစ်ပါး ဖြစ်၍ ပူဇော်ထိုက်သည့် ပူဇနေယျ ပုဂ္ဂိုလ်များတွင် ပါဝင်၏။ ထိုဆရာတော်ဘုရားကြီးအား ပူဇော်ခြင်းသည် သံဃပူဇာမင်္ဂလာ ဖြစ်၏။ ဆရာတော်သည် စာပေကျမ်းဂန် ဗဟုသုတတို့နှင့် ကုံလုံပြည့်စုံသည်ဖြစ်၍ ပူဇော်သူတို့အား ဖော်ပြပါ ပုဏ္ဏားကြီးကဲ့သို့ ဓမ္မပူဇာမင်္ဂလာလည်း ဖြစ်သည်။

သဗ္ဗညုဘုရားရှင်ဟူသော "**သဗ္ဗညုဗုဒ္ဓ**" တစ်သီးတစ်ခြား ပွင့်၍ ဘုရားငယ်ခေါ်သည့် "**ပစ္စေကဗုဒ္ဓ**"သစ္စာလေးပါး သိမြင် ရဟန္တာအရှင် ဟူသော "**စတုသစ္စဗုဒ္ဓ**" ပရိယတ္တိကျမ်းဂန်ဗဟုသုတ ရှိသည့် ရဟန်းဟူသော "**သုတဗုဒ္ဓ**" ဟူ၍ ဗုဒ္ဓလေးမျိုး ကို သံယုတ်အဋ္ဌကထာ၊ ဌီကာစသော ကျမ်းများတွင် မိန့်ဆိုထားရာဆရာတော်ဘုရားကြီးမှာ "သုတဗုဒ္ဓ" မျိုးတွင် ပါဝင်သည့် ပုဂ္ဂိုလ်မွန်ကြီး ဖြစ်သည်။ ထို့ကြောင့် ဆရာတော်ဘုရားကြီးအား ပူဇော်ခြင်းကို "**ဗုဒ္ဓပူဇာမင်္ဂလာ**" ဟူ၍လည်း ခေါ်ဆိုနိုင်ပေသည်။

ပူဇော်ရကျိုး

ယခုကဲ့သို့ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်အပူဇော်ခံရသည့် ဗြူးကုန်းတောရ ဆရာတော်ဘုရားကြီးအား ပူဇော်ခြင်းအမျိုးမျိုးတို့ ဖြင့် လူဒါန်းပူဇော်ကြခြင်းသည် ပူဇော်ကြသည့် တပည့် ဒကာ၊ ဒကာမတို့အား သံဃပူဇာမင်္ဂလာ ကုသိုလ်အပြင် ဗုဒ္ဓပူဇာမင်္ဂလာ ကုသိုလ်၊ ဓမ္မပူဇာ မင်္ဂလာ ကုသိုလ်များလည်း အမှန်စင်စစ် ဖြစ်ပွားနိုင်ကြပေသည်။ ဤကဲ့သို့ ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃပူဇာဆိုသည့် အမြတ်ဆုံး မင်္ဂလာကုသိုလ်တရားများ ဖြစ်ပွားကြသူများအား အမြတ်ဆုံးအကျိုး၊ ထိပ်ဆုံးအကျိုးတရားများ ရရှိနိုင်ကြောင်းကို အဂုံတို့ရှိပါဠိတော်၊ အဂ္ဂပသာဒသုတ်၌ ဤသို့ မြတ်စွာဘုရား၊ ဟောကြားတော်မူထားပေသည်။

ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃပူဇာထိုက်၍ အမြတ်ဆုံး ပုဂ္ဂိုလ်၌ အလှူကိုပေးလှူသော ပုဂ္ဂိုလ်အား အမြတ်ဆုံး ကုသိုလ်တရား တိုးပွားတတ်၏။ အမြတ်ဆုံးဖြစ်သော အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ အခြီအရံ များခြင်း၊ ကျော်စောထင်ရှားခြင်း၊ ချမ်းသာခြင်း၊ ကိုယ်အား, ဉာဏ်အားတို့နှင့် ပြည့်စုံခြင်းတို့ ဖြစ်ကြ၏။ အမြတ်ဆုံး ပုဂ္ဂိုလ်အား ပေးလှူသော ပညာရှိသည့် အမြတ်ဆုံးတရားနှင့် ပြည့်စုံသည်ဖြစ်၍ လူဖြစ်သော်လည်းကောင်း၊ နတ်ဖြစ်သော်လည်း ကောင်း အမြတ်ဆုံးလူ၊ အမြတ်ဆုံးနတ် ဖြစ်၍

နှစ်သက်ရွင်လန်း ဝမ်းမြောက်ရတဲ့ ဟောကြားတော်မူထားတယ်။

ဝမ္မပူဇာ၊ ဝမ္မဒါနတဲ့ အကျိုးများ

ဤပူဇော်ပွဲ၌ ဂုဏ်ပြုလှူဒါန်းပူဇော်သူတို့ ဝမ်းမြောက်အားတက်၍ စေတနာသဒ္ဓါတရား ပိုမိုထက်သန်စေရန် ဓကန်ရရှိနိုင်သည့် အကျိုးတစ်မျိုးကိုလည်း ထပ်၍ဆိုပါဦးမည်။ ရှေ့ပိုင်းတွင် "ပရိယတ္တိကျမ်းဂန် ဗဟုသုတနှင့် ပြည့်စုံသည့် ရဟန်းတော်အား လှူဒါန်းပူဇော်ခြင်းသည် ဝမ္မပူဇာ ဖြစ်ကြောင်း ပုဏ္ဏားကြီးဝတ္ထုကို သာဓကပြု၍ တင်ပြခဲ့ပေပြီ။ ထိုဝမ္မပူဇာကို ဝမ္မဒါနဟူ၍လည်း ကျမ်းဂန်များ၌ တစ်မျိုးခေါ်သေး၏။

ဝမ္မဒါနကား သာမန်ဒါနမျိုးမဟုတ်၊ ဒါနကုသိုလ်တို့၏ ဘုရင်၊ ထိပ်ခေါင်တင် ဒါနမျိုး ဖြစ်၏။ ထို့ကြောင့် ဝမ္မပဒ၊ သက္ကပဉ္ဇဝတ္ထု၌ "ဝမ္မဒါနသည် အားလုံးသော ဒါနကို အောင်နိုင်၏။ (သဗ္ဗဒါနံ ဝမ္မဒါနံ ဇိနာတိ) ဟု မြတ်စွာဘုရား ဟောကြားထား၏။ ဤသို့ ဟောတော်မူခြင်းမှာ ဝမ္မဒါနသည် အကျိုးပေး အလွန်ကြီးကျယ်သော ကြောင့်ပင် ဖြစ်၏။

မှန်ပါသည်။ စကြဝဠာတိုက်အတွင်း၌ အထက်ဗြဟ္မာ့ပြည်တိုင်အောင် အပြည့်အကြပ် သီတင်းသုံးတော်မူကြသည့် ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတို့အား သက်နှံးတော်များကို အပါးစေ့ လှူဒါန်းသော သက်နှံးဒါနသည် ဤဝမ္မဒါန၏ ဝါ-လေးပါဒရှိသော ဂါထာတစ်ပုဒ်ကို ဟောကြားခြင်း၊ ပို့ချခြင်း၊ နာယူခြင်း ပရိယတ္တိ ပဋိပတ္တိ ဗဟုသုတရှိသော ရဟန်းအား ပုဂ္ဂိုလ်ကို မရည်မှတ်ဘဲ ရဟန်းသန္တာန်ရှိသော တရားကို အာရုံပြု၍ ပူဇော်ခြင်း စသော ဝမ္မဒါန၏ တစ်ဆယ့်ခြောက်စိတ် စိတ်၍ တစ်စိတ်မျှလောက်ပင် အဖိုးမထိုက် အကျိုးမများချေ။

ထိုအလှူခံပုဂ္ဂိုလ်များအား သပိတ်အပြည့် မွန်မြတ်သော ဆွမ်းအလှူ၊ သပိတ်အပြည့် ထောပတ်ဆီ စသော ဆေးအလှူ၊ အရေအတွက် တစ်သိန်းမကသော ကျောင်းအလှူ၊ အနာထပိဏ် သူဌေးစသူတို့၏ ကျောင်းအလှူတို့ထက် ဤဝမ္မဒါနက ပိုမြတ်၏။ ချီးမွမ်းအပ်၏။ အကျိုးပေးကြီးကျယ်၏ဟု အဋ္ဌကထာ၌ ဖွင့်ဆိုထားရာ ဆရာတော် ဘုရားကြီး၏ သန္တာန်၌ရှိသော ပရိယတ္တိဂုဏ်၊ သီလ၊ သမာဓိ၊ ပညာဂုဏ်တို့ကို အာရုံပြု၍ လှူဒါန်းပူဇော်ကြသူ ဝမ္မဒါနရှင်များအတွက် အလွန်ဝမ်းမြောက်အားတက်စရာ ကောင်းလှပေသည်။

စာရေးသူကလည်း ပရိယတ္တိဂုဏ်၊ ပဋိပတ္တိဂုဏ် စသော ကြည်ညိုဖွယ်ရာ ဂုဏ်များစွာနှင့် ပြည့်စုံသည့် ဗြူးကုန်းတောရ ဆရာတော်ဘုရားကြီးအား အောက်ပါ ထုတိပူဇာ၊ မင်္ဂလာဂါထာတစ်ပုဒ်ဖြင့် နိဂုံးချုပ် ဂုဏ်ပြုပူဇော်လိုက်ရပါသတည်း။

ဝမ္မဒေါ ကမ္မာရာမော၊
အလောဘော ဂုဏာဓရကော။
သန္တကာယော ဒန္တမာနော၊
ပူဇိတော အဂ္ဂပဏ္ဍိတော။

ယောထေရော=သီလ,သမာ၊ ပညာမြင့်ကြွယ်၊ သဘင့်အလယ်မှာ၊ ဝင့်ထယ်နိုင်ပြီး အကြင်ဗြူးကုန်းတောရ စာသင်တိုက်၊ ပဓာနနာယက ဆရာတော် ဘုရားကြီးသည်၊ **သီသာနံ**=ဆရာမြတ်ထေရ်မဟာကို၊ သဒ္ဓါဓာတ် စေတနာဖြင့် သွေမကွာ ညွှတ်ပျော်း၊ ရိုသေစွာ ခညောင်းကြသည့်၊ တပည့်အပေါင်းတို့အား။ **ဝမ္မဒေါ**=မြအလား အေးကြည်သည့်၊ ဝမ္မတရား ဆေးရည်ကို၊ စီရရီစရိုက်တွေး၍ အလီလီ တိုက်ကျွေးတော် မူတတ်ပါပေ၏။ **ကမ္မာရာမော ကမ္မာရာမော**=သာသနာ့ကျက်သရေ အာကာသ တက်နေလို၊ လက်ကက်ဝေပြောင်ရွှန်း၊ ကမ္ဘာမြေမှာ အရောင်ထွန်းရန်ဟု၊ အားသွန်ကြိုးပမ်း၊

သာသနာပြုလုပ်ငန်းဌ မဆုတ် တမ်း မွေ့လျော်တော်မူပါပေ၏။

အလောဘော=အကြောင်းအာရုံ၊ အကောင်းကြံကာ၊ ပေါင်းဆုံကျော်တက်၊ လောဘမထွက်သဖြင့် လိုချင်ရမ္မက်လည်း နည်းတော်မူပါပေ၏။ **ဂုဏာဓာရကော**=အမျိုးပညာ၊ သာသနာကို၊ အရာရာအတန်းမြှင့်လျက်၊ လျှမ်းတင့်လက်ဝေ၊ အထက်ဗေဒယ်၊ စက်ရဝေရောင်ကြွားသကဲ့သို့၊ ကျက်သရေဆောင်တစ်ပါးလည်း ဖြစ်တော်မူပါပေ၏။

သန္တုကာယော=ဖန်ခါခါ သတိစိုးသည့်၊ မှန်မကွာ သမာဓိတန်ခိုးဖြင့်၊ မည်ကိုးထိန်လက်၊ ငြိမ်သက်သော ကာယိန္ဒြေ ရှိတော်မူ၏။ **ဒန္တုမာနော**=ပလွှားကြိုတ်ချေ၊ စိတ်နေမမြင့်၊ စာထောက်ချင့်က မြတ်ရှင့်နှုန်းပြ၊ ထုံးနယဖြင့်၊ ဆုံးမအပ်ငြား၊ နည်းပါးသော မာနလည်း ရှိပါပေ၏။ **အဂ္ဂပဏ္ဍိတော**=ပိဋကတ်သင်စရာ၊ ပရိယတ်ပညာတွင်၊ သိတတ်ကျွမ်းကျင်၊ ပိဋကတ်ပညာရှင်ကြီး ဖြစ်သဖြင့်၊ အဂ္ဂပဏ္ဍိတ်ခေါ်ဆို၊ နိုင်ငံတော်ဘွဲ့တံဆိပ်တော်ကိုလည်း ရရှိတော်မူပါပေ၏။

သောဏေရော=ဂုဏ်ပေါင်းစုံလင်၊ မခုံမင်လည်း၊ ဂုဏ်ရှင်ဖြစ်ငြား၊ ထိုပြုံးကုန်းတောရ ဆရာတော်ဘုရားကြီးကို၊ **မဟာဇနေဟိ**=မိုခိုစရာ ဆရာသမားရယ်ဟု၊ ကြည်ညိုမကွာ၊ သဒ္ဓါပွားကြသည့်၊ တပည့်ရှင်လူအများတို့သည်၊ ပူဇိတောဝ= **ပူဇိတောဝတ**=ဝမ္မာမိသာ၊ အဖြာဖြာဖြင့် သံဃာတော်ဂုဏ်၊ ထေရ်ရှင့်ဂုဏ်ကို၊ အာရုံထုံမွမ်း၊ ဂုဏ်တော်မှန်းလျက်၊ ချီးမွမ်းထောမနာ၊ ပဏာညွှတ်ကျိုးလက်စုံမိုး၍ ရှိခိုးပူဇော်ထိုက်လှပါပေသည် ဘုရား။

ဝမ္မာစရိယ ဦးအေးနိုင် (ဘီ၊အေ)
မဟာသဒ္ဓမ္မဇောတိကဝေ







အဂ္ဂပူဇာဝန္ဒနာ

သီလ၊ သမာ ဂုဏ်ရည်မြင့်လို့ မနောဒွါရ စိတ်ထဲထင်မြင်လာ။
စုံညီသဖြင့် ပညာဂုဏ် ဂုဏ်မဟာမြင့်လှ ဆရာထေရ်မဟာကို၊
ထုံ ဝသီအကျင့် လွန်စွာစုံသည်၊ သဒ္ဓါကြည်စွာ ဆက်သကပ်၍
ဝန္ဒနာဂုဏ်ကို စိတ်မှာပွား။ အဂ္ဂအမြတ် ဘွဲ့ထူးပူဇာသဘင်၊
ဗြူးကုန်းတောရ ထေရ်ဆရာအရှင်ကို၊ ဖွဲ့ကျူး ဖြူ သဒ္ဓါလွင်။
ကြည်သဒ္ဓါလွင်လွင် ညွှတ်ဦးနှိမ်လို့တွား။ အဂ္ဂမဟာပဏ္ဍိတ ဆရာထေရ်အရှင်ကို၊
ပရိယတ် ပဋိပတ် အာဂမစုံသည်၊ သဒ္ဓါကြည်လင် ရှိဦးတင်လို့လေး။
သဘာဝအဖုံဖုံ ရုပ်နာမ်တရား တပည့် ဒကာ ဒကာမတို့
ကာလမကုန်အောင် အဟုတ်အမှန်ပွားလို့၊ အသိသဒ္ဓါကြွှလို့ ပူဇာယင်သည်
သုတ္တန်တရား မြတ်အဘိဓမ္မာ။ ဇမ္ဗူပထဗျာတွင် အောင်ပွဲဆင်လို့လေး။
တပည့်ဒကာတွေ ဟောကာပြတော့၊ **နေမျိုးနွယ်**

(၁) ...! ရဟန်းဒါယိကာမ ဒေါ် ... ... တို့၏
ပစ္စည်းလေးပါး အထောက် အပံ့ကို ခံယူကာ
အနုသာသကဆရာ၊ ကမ္မဝါစာ ဆရာ၊ ကာရက
သံဃာတော် (၁၃) ပါးတို့၏ ဝိုင်းဝန်း ချီးမြှောက်မှုဖြင့်
ယုတ်နိမ့်သော ရှင်သာမဏော အဖြစ်မှ မြင့်မြတ်သော
ရဟန်းအဖြစ် သို့ ရောက်သည်။

အနုသာသကဆရာ – ဘုန်းကြီး ဦးစာရိတ္တ
ပထမ ကမ္မဝါစာဆရာ –
(၁) ဘုန်းကြီး ဦးကဝိသေဋ္ဌ(ဒွိပိဋ္ဌက)
(၂) ဘုန်းကြီး ဦးစာရိတ္တ(တိုက်အုပ်)
(၃) ဘုန်းကြီး ဦးကုမာရ(တိုက်အုပ်)
ဒုတိယ ကမ္မဝါစာဆရာ် – (၁) (၂) (၃)
ခရစ်ရက်စွဲ – ၂၀-၆-၉၇

ဇယတု၊ သာသနာတော်နှစ် ၂၅၄၁ နှစ်။
ကောဇာသက္ကရာဇ် ၁၃၅၉နှစ်။
ဂိမ္ဗန္ဓဥတု။ နယုန်လဆန်း ၁၅ ရက်။
သောကြာနေ့ ညနေ ၃ နာရီ ၃၄ မိနစ်
အချိန်တွင် ရဟန်းလောင်း
ရှင်ကေလာသသည်
ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊
အရှေ့ကြို့ကုန်းရပ်ကွက်၊ပြုံးကုန်းတောရ
ကျောင်းတိုက်၊ သာသနသောဘိဏီ
ခဏ္ဍာသိမ်တော်၌ ပြုံးကုန်းတောရကျောင်း
ဆရာတော် ဘဒ္ဒန္တ အာစိဏ္ဏကို
ဥပဇ္ဈာယ်ပြု၍ ရဟန်း ဒါယကာ ဦး... ...



(၂)

အထက်ပါ ရဟန်းဖြစ် ရက်ချုပ်မှာ ၁၉၉၅ ခုနှစ်ထုတ် ပြုံးကုန်းတောရ စာသင်တိုက် ဝတ်ရွတ်စဉ် စာအုပ်လေးတွေ နောက်ဘက် စာမျက်နှာတွင် ပါရှိသည့်အတိုင်း ကျွန်တော် ကူးရေးလိုက်ခြင်း ဖြစ်ပါသည်။ ရက်ချုပ်ပါ ရဟန်းလောင်း ရှင်ကေလာသ ဆိုသူမှာ ကျွန်တော်ပင် ဖြစ်၏။

ဗဟန်းမြို့နယ် သုံးထပ်ကျောင်းတွင် သုံးကြိမ် ဒုလ္လဘရဟန်းဝတ်ခဲ့ဖူးသော ကျွန်တော်၏ စတုတ္ထ အကြိမ် ဒုလ္လဘရဟန်းဘဝသည် ပြုံးကုန်းတောရ ကျောင်းတွင် ဖြစ်တည်ခဲ့လေသည်။

"အလို စာရေးဆရာ ချစ်ဦးညိုဟာ ဒုလ္လဘ ရဟန်းဘောင်သို့ လေးကြိမ်တိုင်တိုင် တက်ခဲ့ဖူးပါသကော"

ဟူ၍ အံ့ဩ ချီးပမွယ်ကားမရှိဟု ဆိုပါရစေ။ တစ်ခါက ဒုလ္လဘ ရဟန်း (၁၀) ကြိမ်ထက်မနည်း ဝတ်ခဲ့ဖူးသော အသက် ၈၀ ကျော် ပုဂ္ဂိုလ်ကြီး တစ်ဦးက သူသည် ဒုလ္လဘ ဆယ်ကြိမ်ထက်မနည်း ဝတ်ခဲ့ ဖူးပါကြောင်း၊ ဆရာတော်ကြီး တစ်ပါးထံ လျှောက် ထားဖူး၏။ သူ့လေသံသွင်ပြင်မှာ ရခဲလှစွာသော ပဗ္ဗဇိတဘာဝေါ ဒုလ္လဘောကို အကြိမ်များစွာ ရခဲ့ခြင်းအတွက် ဂုဏ်ယူအားရနေဟန်ရှိ၏။ ဤတွင် အလျှောက်ထားခံရသော ဆရာတော်ကြီးက အနည်းငယ်ပြုံးလျက် အေးဆေးစွာ ဤသို့ မိန့်တော်မူခဲ့သည်ကို ကျွန်တော် ဆတ်ဆတ် ကြားခဲ့ရဖူးပါသည်။

"အို... ဒကာကြီးက အကြိမ် မနည်းတော့ ပါလား၊ ဘုန်းကြီးတို့ဖြင့် တစ်ကြိမ်ပဲ ရဟန်းဘောင် တက်ခဲ့တယ်၊ လူဝတ် ပြန်မထွက်လေတော့ နောက်ထပ် အကြိမ်တွေ မရှိတော့ဘူးလေ"

ဆယ်ကြိမ်ထက်မနည်း ဒုလ္လဘဝတ်ခဲ့သော ပုဂ္ဂိုလ်ကြီး ဘယ်သို့ ရှိလေမည် မသိပါ။ ကျွန်တော့်မှာတော့ အမေရိကန် စာရေးဆရာကြီး မာ့ခ်တွိန်းပြောဖူးသော စကားတစ်ခွန်းကို သွားအမှတ်ရလိုက်မိသည်။

"ဆေးလိပ်ဖြတ်တာမျိုး ခက်လွန်းလို့ဗျာ၊ ကျုပ်ဖြင့် ဆေးလိပ်ဖြတ်တာ အကြိမ်ငါးဆယ် ကျော်ပြီ" တဲ့။

အင်း သူ ဆေးလိပ်ဖြတ်ဖြတ်ပြီး အကြိမ်ကြိမ်ပဲ ပြန်ပြန်သောက်ခဲ့ပါသကော။

လူအဖြစ်ကို ရခြင်း၊ လူအဖြစ်၌ အသက်ရှည်၊ ကျန်းမာစွာ နေနိုင်ရခြင်း သူတော်ကောင်းတရား နာကြားခွင့်ရခြင်း၊ ဘုရားပွင့်တော်မူခြင်း၊ သဒ္ဓါတရား နှင့် ပြည့်စုံခြင်း၊ ရဟန်းဘဝကို ရရှိခြင်းတည်းဟူသော လွယ်လင့်တကူ မရနိုင်သည့် ဒုလ္လဘတရားများ အနက် ရှင်ရဟန်းအဖြစ်ကို ရခြင်းကား...

"တတော ပရံ ဒုလ္လဘတရာ
ပဗ္ဗဇ္ဇာစ ဥပသမ္ပဒါစ"

ဟူ၍ ဗုဒ္ဓကိုယ်တော် မိန့်ဆိုတော်မူခြင်းကို ထောက် ရှုလျက် ပဗ္ဗဇိတဘာဝ ဒုလ္လဘ၏ လွန်စွာရနိုင်ခဲခြင်းကို သိသာနိုင်ပါလေသည်။

ဗုဒ္ဓဝံသအဋ္ဌကထာအရ ဂေါတမ မြတ်စွာ လောင်းလျာသည်ပင်လျှင် လေးအသင်္ချေ၊ ကမ္ဘာတစ်သိန်း ကာလအတွင်း နှစ်ကျိပ်ရှစ်ဆူသော ဘုရားရှင်များ လက်ထက်တော်တွင် ရဟန်းဘဝကို ကိုးကြိမ်မျှသာ ရရှိခဲ့ကြောင်း သိရပါသည်။

ရှိစေတော့ ဤသည်က ကျွန်တော် စာပေကျမ်းဂန်အရ သိသော သုတမယသာ ဖြစ်သည်။ ဤစာစုငယ်၌ ရဟန်းဘဝ ဒုလ္လဘ အကြောင်းကို ကျွန်တော် ရေးသားရန် မရည်ရွယ်ပါ။ ရှိစုမဲ့စု ကံ၊ ဥာဏ်၊ ဝိရိယလေးဖြင့် ပြုံးကုန်းတောရ ကျောင်းတိုက်၌ ခေတ္တခဏာ ရဟန်းဝတ်ခဲ့ဖူးသော ကိုယ့်အဖြစ်ကို မှတ်တမ်းငယ်ပြုရင်း ပြုံးကုန်းတောရ ဆရာတော်ကြီးအား ပူဇော်လိုခြင်းပင် ဖြစ်ပါသည်။

(၂)

၁၉၉၇ ခုနှစ်၏ အစောပိုင်း. လေးလငါးလ ကာလများသည် ကျွန်တော့်အတွက် စာရေးခြင်း၊ စာဖတ်ခြင်း၊ မိသားစု ကိစ္စများ၊ လူမှုရေး ကိစ္စများ ဖြင့် လုံးလည်ပတ်ချာ လိုက်နေခဲ့၏။ သွေးပေါင် ခဏာခဏာ ကျသဖြင့် ဆေးတွေသောက်နေရသည်။ အစာအိမ်ရောဂါ အခံကြောင့် ဆန်ပြုတ်၊ နွားနို့ကို မကြာခဏ မှီဝဲရသည်။ ပိုင်ဆိုင်မှု(ဆိုပါစို့) မများ သော်လည်း မိမိမှာ ရှိထားသော မြေကွက်ကိစ္စ လေးကလည်း အရောင်းအဝယ် ဆိုင်နေပြန်သည်။ စာမူခတွေ လုံးခနဲရလာတာ ရှိသလို မရှိမဖြစ် အသုံးစရိတ်တွေကလည်း ဝေါခနဲ ပြန်ပြန်ထွက်ကြသည်။

ဤသို့ဖြင့် မေလကျော်လာ၏။ ကျွန်တော် ဤ ဖြစ်တည်ရှင်သန်မှုထဲတွင် မုနေချင်။ မမွေ့လျော် မပျော်ပိုက်။ စိတ်ရောလူပါ ညှိုးငယ်ပန်းလျ ဖြစ်နေသည်။ ဤကိစ္စများမြောင်တွေကို ဘုတ်ခနဲ ပစ်ချကာ တစ်နေရာသို့ ခေတ္တထွက်ပြေးတိမ်းရှောင်ချင်နေ၏။ သို့သော် စိတ်အာရုံတွေ အလူးလူး အလိမ်းလိမ်း ကပ်ငြိပါလာနေသမျှ ကာလပတ်လုံး ဘယ်နေရာသို့ပင် ထွက်ပြေးသည်ဖြစ်စေ၊ ထိုထို ဤဤ အမှုကိစ္စများမှ ကျွန်တော် လွတ်မြောက်နိုင်မည် မဟုတ်ချေ။

ပတ်ဝန်းကျင်နှင့်တကွ အာရုံများကိုပါ ပြောင်းလဲပစ်ပါမှ သက်သာရာရာ ရှိချိမ့်မည်။ ဘာယာမှ စသည်ဟု ပြောလျှင်လည်း ခံရပါမည်။ လွန်စွာ ရခဲသော ရဟန်းဘဝ ဒုလ္လဘကို ကျွန်တော်သည် နားနေခိုလှုံရာအဖြစ် တောင့်တမိပါလေတော့သည်။ ယတြာချေလိုသောကြောင့် ကြွေးရှင်ကြောက်သော ကြောင့်၊ မင်းပြစ်ဒဏ်မှ လွတ်ကင်းလိုသောကြောင့် တော့ မဟုတ်ပါ။ တစ်ဆက်တည်းမှာပင် ရတနာသုံးပါး အရိပ်အာဝါသအောက်မှာ သဒ္ဓါညွှတ်နူးစွာ ဝင်ရောက်လိုသောကြောင့်ဟုလည်း မပြောရဲပါ။ ဘယာနှင့် သဒ္ဓါ ရောစပ်နေသည်ဟု ဆိုရမည် ထင်၏။

သို့ဖြင့် ၁၉၉၇ ခုနှစ် ဇွန်လ ပထမပတ်တွင် ရတနာမွန် မဂ္ဂဇင်း စာတည်းချုပ် ဆရာဦးထွန်းလွင် (ဓမ္မာစရိယ၊ ဘီအေ) ကို ကျွန်တော် စကားစပြစ်ပါသည်။

"ဆရာ ဦးထွန်းလွင်၊ ဆရာကတော့ ရဟန်း သံဃာများနဲ့ အဆက်အသွယ်ကောင်းသူ ဖြစ်တယ်၊ ကျွန်တော် ဒုလ္လဘရဟန်း ခံချင်တယ်၊ ဆရာ့မှာ ရင်းနှီးတဲ့ ဘုန်းတော်ကြီးကျောင်း ဆရာတော်ရှိရင် ကျွန်တော့်ကို ဆက်သွယ်ပေးစေချင်တယ်"

ဆရာ ဦးထွန်းလွင်က အနည်းငယ်မျှပင် စဉ်းစားမနေတော့ဘဲ မဆိုင်းမတွ...

"ဟာ... ရှိတာပေါ့၊ ဗြူးကုန်းတောရ စာသင်တိုက် ဆရာတော်ကြီးက ကျွန်တော်နဲ့ ဆရာဒကာ ရင်းပဲ၊ ရတနာမွန်မဂ္ဂဇင်းကိုလည်း လစဉ် ကျွန်တော် ကပ်နေတော့ ဆရာချစ်ကိုလည်း သိနေပါတယ်"

"ဗြူးကုန်းတောရ စာသင်တိုက်၊ အဲဒါက ဘယ်မှာလဲ"

"အရှေ့ကြို့ကုန်းမှာ၊ တောရိပ်တောင်ရိပ်နဲ့ တိတ်ဆိတ်ငြိမ်သက်တယ်၊ သွားရေးလာရေးလည်း မလှမ်းဘူး၊ ဆရာချစ် အရင် လေ့လာချင် လေ့လာ ကြည့်လေ"

အချုပ်ဆိုရသော် ၁၉၉၇၊ ဇွန်လ ၂၀ တွင် ဗြူးကုန်းကျောင်းတိုက်မှာ ကျွန်တော် ဆံချ၊ သာမဏေဝတ်သည်။ ၂၁ ရက်နေ့တွင် သိမ်ဝင်သည်။ ကျွန်တော်ထက်ဦးစွာ နှစ်ရက်စော၍ ရဟန်းဘောင် ဝင်သူက ကျွန်တော့်တူ ချမ်းငြိမ်းမိုး (ယခု ငြိမ်းငြိမ်းချမ်းချမ်း စာအုပ်တိုက်) ဖြစ်၏။

မပြီးပြတ်သေးသော မြေကွက် အရောင်း အဝယ် ကိစ္စကို မိသားစု (ဇနီး) ထံ ဝကွက်လွှဲအပ်ခဲ့ကာ စာရေးသည့် လုပ်ငန်း လက်စတွေကို အပြတ်ဖြတ်နိုင်သလောက် ဖြတ်၊ ကြွင်းကျန်နေရစ်သည်များကိုလည်း ငဲ့၍လှည့်၍မကြည့်တော့ဘဲ ဗြူးကုန်းတိုက်သို့ ကျွန်တော် အရောက်ဝင်ခဲ့လေသည်။

အရှေ့ကြို့ကုန်း လမ်းအဆုံး တောင်ကုန်းကမူ မြင့်တွင် ရှိလေသော ဗြူးကုန်းတောရ စာသင်တိုက်၏ မုခ်ဦးကို ဖြတ်လိုက်သည်နှင့်ပင် အေးချမ်းမှု အာဝါသက ကျွန်တော့်ရင်သို့ လာ၍ဟပ်၏။

လူနေအိမ်ခြေအချို့ကို ဖြတ်သန်း၊ မလှမ်း မကမ်းတွင် ရှိပါလျက် ဗြူးကုန်းတိုက်၏ ရိပ်ဆာယာသည် ဃရာဝါသသမ္ဘာဓ အပူငွေ့တို့မှ ပကတိ လွတ်မြောက် နေပါလား။

နွံ၌ဖြစ်သော ကြာသည် နွံဖြင့် မဆက်ဆံ၊ နွံဖြင့် မလူးမလိမ့် ရှင်းသန့်စွာ တည်သကဲ့သို့

ဟူသော အဆိုကို ချက်ချင်း သတိရလိုက်၏။

ဆရာ ဦးထွန်းလွင်ကို ကျေးဇူးတင်ရပါသည်။

ကျွန်တော်၏ ဆံချ၊ သင်္ကန်းတောင်း၊ သီလယူ သာမဏေ ဝတ်ခန်းသည် အဆောင်အယောင် အခင်းအကျင်းတို့မှ လုံးဝကင်းရှင်းစွာ ရှိနေ၏။ မိခင်၊ ဖခင်၊ ဇနီးတို့သာလျှင် ပရိသတ်ရှိသော ထိုအခမ်းအနားသည် ဗြူးကုန်းဆရာတော်ကြီး၏ အေးမြရှင်းလင်း၍ ငြိမ်သက်တည်တံ့သော သိက္ခာတော်များနှင့် ပေါင်းစပ်လိုက်သောအခါ ပကတိ ရိုးစင်းတည်ကြည်စွာ အထမြောက်ခဲ့လေသည်။

နောက်တစ်နေ့တွင် **ရှင်ကေလာသမှ ဦးကေသာလ** ဖြစ်ခဲ့၏။

သာသနာ့ဘောင်သို့ ဝင်လိုက်သည်နှင့် သာသနာတော်၏ လုပ်ငန်းနှစ်မျိုးကို ထမ်းရွက်ရမည့် တာဝန်က ရဟန်းအပေါ် ကျရောက်သည်။

ဂန္ထဓုရ၊ ဝိပဿနာဓုရ။

ကိုင်း ဦးကေလာသ... အသင် ဘာလုပ်မလဲ။

(၅)

ဗြူးကုန်းဆရာတော်ဘုရားကြီး၏ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးရှေ့မှောက်၌ ဦးကေလာသသည် အနည်းငယ် မနေတတ်မထိုင် တတ်ဖြစ်နေခဲ့၏။ ပရိယတ္တိဆေက၊ သီလဝန္တ၊ ဝိနယဂရက စသော ဂုဏ်များအပြင်၊ ဆရာတော်ကြီး၏ သိမ်မွေ့နူးညုံအေးဆေးသော ဣန္ဒြေတော်သည် စာရေးဆရာ ချစ်ဦးညို တဖြစ်လဲ ဦးကေလာသ အပေါ်၌ အုပ်မိုးဖြန့်ကျက်နေသည်။

ဆရာတော်ကြီးကမ္ဘာ မတင်းလွန်း၊ မလျော့လွန်းသော အနေအထားဖြင့် စာနာစွာ မိန့်တော်မူ၏။

"ဦးဇင်းတို့ တူဝရီး နှစ်ပါးအတွက် သီးသန့်ကျောင်းဆောင်လေးမှာ သီတင်းသုံးနိုင်ဖို့ စီစဉ်ထားပါတယ်။ သက်သာစွာနေကြပါ၊ ဘာအကြောင်းကြောင့်မှ ဝန်မလေးကြစေနဲ့၊ ချမ်းသာအောင် နေကြ"

ပြုံးကုန်းတောရ ကျောင်းတိုက်၏ ဝါးရုံရိပ်၊ သရက်ပင်ရိပ်အောက် အုတ်တိုက်ဆောင်ကလေး တွင် ကျွန်တော်တို့ သက်တောင့်သက်သာ လွတ်လပ်ပျော်ပါးစွာ နေခွင့်ရခဲ့ကြ၏။ ကျွန်တော်၏ နှုံးနဲ့သောပါရမီအရ ကိလေသာမှ အလုံးစုံ မထွက်မြောက်နိုင်သေး စေကာမူ ရတနာသုံးပါး၏ အေးမြသော အရိပ်ကြောင့် ပူလောင်ခြင်းတို့ကား သိသိသာသာ လျော့ကျသွားခဲ့ကြလေပြီ။

ယာယီ ဝတ် ရဟန်းနှစ်ပါးသည် မိမိတို့၏ အာရုံဖြင့် မိမိတို့ နေထိုင်နိုင်ခဲ့ကြ၏။ တူဝရီး ဦးဇင်းချင်းမို့ စကားစမြည်ပြောဖြစ်ကြရာမှာပင် လူဝတ်ကြောင်တုန်းကလို စာပေလောက အခြေ အနေ အကြောင်း၊ ဆွေမျိုးသားချင်း များ အကြောင်း၊ စီးပွားရေး၊ လူမှုရေးများ အကြောင်း မပြောဖြစ်ကြတော့။ ဖတ်ထားသော တရားစာအုပ်များ အကြောင်း၊ ရွှေကျင်သာသနာမှ ဆရာတော်ကြီးများအကြောင်း၊ ကိုယ်စီရှိဖူးသော ကမ္မဋ္ဌာန်းအာရုံများအကြောင်း၊ ဝိပဿနာရိပ်သာများအကြောင်းများသာလျှင် ဦးဇင်းနှစ်ပါး၏ စကားဝိုင်းတွင် ကြီးစိုးလွှမ်းမိုးနေကြသည်။

ဤစကားဝိုင်းတွင် ပြုံးကုန်း ဆရာတော်ကြီး၏ ကြည်လင်ငြိမ်သက်သော ဥပဓိနှင့် ရိုးရှင်းတည်တံ့သော အသွင်အမူတို့ အကြောင်းကလည်း မပါမဖြစ်သော အကြောင်းပင် ဖြစ်ပေသည်။

မမေ့နိုင်စရာ အတွေ့အကြုံတစ်ခုကို ဖော်ပြချင်ပါသေးသည်။

ယင်းကား ဆွမ်းခံထွက်ကြွသော အတွေ့



အကြုံပင် ဖြစ်ပါသည်။ ယခင် ယခင် ဒုလ္လဘ ရဟန်းဝတ်ခဲ့စဉ်များက ကျောင်းနှင့် အိမ်ကလည်း နီးသဖြင့် ဆွမ်းခံမကြွခဲ့ဖူးပေ။ အိမ်မှ ဆွမ်းချိုင့်လာလာပို့သည်ကိုပဲ စားခဲ့ကြသည်။ ယခုကား ယာယီ ရဟန်းနှစ်ပါးစလုံး နံနက်တိုင်း ဆွမ်းခံထွက်ဖို့ သဘောတူဆုံးဖြတ်လိုက်ကြ၏။

(၆)

ပြုံးကုန်းကျောင်းတိုက်၏ သာသနာ သောဘိ ဏီ သိမ်တော်ဘေး ပုဏ္ဏရိုက်ပင်တန်းနှင့် ရွက်လှ ပင်များ အနီးတွင် ဆွမ်းခံထွက်မည့် သံဃာများ တန်းစီနေရာယူကြ၏။ ယာယီရဟန်းနှစ်ပါးက တစ်ခု သော အတန်းဝယ် အမှတ်စဉ် လေးငါး နေရာမှာ တန်းစီကြရလေသည်။ ဆွမ်းခံ ထွက်ကြမည့် သံဃာများ ပထမဆုံး ခြေလှမ်းကို မစမီ ရွတ်ဆိုကြရသည့် ပါဠိကိုကား ကျွန်တော်တို့ မရကြပါ။ သတ္တဝါတို့အား မေတ္တာပို့သော မေတ္တာ ဘာဝနာ ဖြစ်သည်ဟုကား အရိပ် အမြွက်မျှ သိကြပါသည်။

ဆွမ်းခံသံဃာတန်း စတင်ရွှေ့လျား ပါပြီ။

ကျောင်းတိုက် အုတ်လှေကား အတိုင်းဆင်း၊ မည်မညာ မြေပြင်ထက်သို့ လျှောက်၊ မုခ်ဝမှထွက်၊ အရှေ့ကြို့ကုန်း ရပ်ကွက် အတွင်းသို့ ရောက်ခဲ့ကြပြီး အရှေ့ကြို့ကုန်းလမ်းမကြီး၏ ဝဲယာ နှစ်ဖက် လမ်းသွယ်များအတိုင်း ဆွမ်းခံ ထွက်ကြွကြရမည်။ သတ်မှတ်ထားသော လမ်းကြောင်းအတိုင်း တစ်လမ်းဝင် တစ်လမ်းထွက် လူနေအိမ်ခြေ အကြို့ အကြား ဖြတ်၏။ ဖွင့်ကာစ ဈေးကလေး ကို ဖြတ်၏။ ထိုနောက် စက်မှုတက္ကသိုလ် ဝင်း၊ အမှုထမ်းများ ရိပ်သာ ဂေဟာ။

"သလုံးမြင်းခေါင်းကို အမှီပြု၍ ရအပ်သော ဆွမ်း" ဆိုသည်ကို ဦးကေလာသသည် ဆတ်ဆတ် သော အတွေ့အကြုံဖြင့် နားလည်သဘောပေါက် ရလေပြီ။ ကျောက်စရစ်ခဲ လမ်းများက ခြေဖဝါးတို့ကို ကြမ်းရှစွာ ခံလင့်ကြသည်။ ဈေးတန်းလေးအတွင်း

ကိုရင်သာမဏေငယ်များ၊ ဦးပဉ္စင်းများကို နံနက်တိုင်း မြင်တွေ့နေကြ ဖြစ်ခဲ့ရကာ ဆွမ်းလောင်း ရသော အတွေ့အကြုံ ရှိထားသော်လည်း ကိုယ်တိုင် ဆွမ်းခံထွက်ရန် ကြုံလာသောအခါတွင်ကား ထူးခြား သော အာရုံတို့ဖြင့် ကြည်နူးလှိုက်လှဲ ရှိနေတော့၏။

မိမိတို့ အခြားသံဃာများနှင့် အတူ ဆွမ်းခံ ထွက်လိုကြောင်း ဆရာတော်ကြီးထံ ခွင့်ပန်သော အခါ ဆရာတော်ကြီးက ပြုံး၍ ခွင့်ပြုတော်မူပါသည်။ သို့သော် သက်နီး မရုံတတ်သဖြင့် ဦးစာရိတ္တ၊ ဦးကုမာရတို့က ရုံပေးကြရသည်။ ဆွမ်းခံကြွသော

ရွှံ့နွံဗွက်များက ဖမြက်ဖမိုးတို့ကို လိမ်းသုတ်ကြသည်။ အုန်းလက်ကြွေ၊ အုန်းပင်ခြောက် တံတားငယ်၊ ရွှံ့ရေစပ်စပ် မြက်ခင်း၊ နွံဗွက်တို့အပေါ်၌ ဖို့ထားသော ကျောက်ခဲများ၊ ကျောက်ခဲမှုန်ကလေးတွေ ပြန့်ပြန့်ကြဲနေသည့် ကမူမြေနီလမ်း...။

သပိတ်ကို လွယ်လျက် အစဉ်တစိုက် ဆွမ်းခံကြွခဲ့သော ရဟန်းများသည် စက္ခုနွေနှင့်တကွသော မနိနွေကိုဆောင်လျက် ထိုထို လမ်းမြောင်လမ်းသွယ်များကို ဖြတ်ခဲ့ကြ၏။ စာရေးဆရာချစ်ဦးညိုဘဝမှ ဦးကေလာသ ဖြစ်လာသော ရဟန်းကား ခံစားမှုနှင့်ရသ၌ ဝါသနာထုံသူ ဖြစ် လေရာ...။

ဤဆွမ်းခံ ထွက်ကြွသော ဖြစ်ရပ်ခြင်းရာ အပေါ်၌ ဇာတ်လမ်းဖွဲ့၊ ဇာတ်ကွက်ဆင်လျက် "နလုံးသား" ဖြင့် ထိတွေ့မွေ့လျော်တော့သည်။ (ဆိုလိုသည်မှာ ဆွမ်းခံကြွလှမ်းနေသော ရုပ်သွင်အပေါ်၌ လက္ခဏာရေးသုံးပါး ကြည့်ဖို့ သတိမရခြင်း၊ ဝေနေယျသတ္တဝါတို့ အပေါ် ဖြန့်ကျက်ပို့လွှတ်အပ်သော မေတ္တာဘာဝနာဖြင် နေဖို့ သတိမရခြင်း စသည်တို့ ဖြစ်ပါ၏။)

ဦးကေလာသ "ဝင်စားပုံ" ကား ...

မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်တပည့် သာဝက ရဟန်းများနှင့်အတူ ဇေတဝန်ကျောင်းတော် အရာမ်မှသည် သာဝတ္တိမြို့တွင်းသို့ ဝေဠုဝန်ကျောင်းတော် အရာမ်မှသည် ရာဇဂြိုဟ်မြို့တွင်းသို့၊ ဃောသိတာရုံကျောင်းတော် အရာမ်မှသည် ကောသမ္ဗီမြို့တွင်းသို့ ဆွမ်းခံထွက်ကြွတော်မူသည့် အခြင်းအရာ... မြင်ကွင်း။

ဩော် ...ဘုရားရှင်နှင့် တကွသော အဂ္ဂသာဝက၊ မဟာသာဝက ရဟန်းတော်ကြီးများသည်လည်း လွန်ခဲ့သော နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်က ဤသို့ပင် သပိတ်ကိုပိုက်၊ သင်္ကန်းကိုရုံလျက်မြို့တွင်းရွာတွင်း ဈေးလမ်း၊ ရပ်ကွက်များဆီသို့ ဆွမ်းခံကြွတော်မူခဲ့ကြပါလေသည်တကား...ဟူ၍ ထင်ယောင်မြင်ယောင် အာရုံပြုကာ ကြည်နူးပီတိဖြင့် နေခဲ့ခြင်းပါတည်း။

(၇)

ကျောင်းတိုက် ပြန်ရောက်သောအခါ ခံယူရရှိခဲ့သော ဆွမ်းများကို အိုးကြီးတစ်အိုးအတွင်း လောင်းထည့်ကြရသည်။ မိမိခံလာသော ဆွမ်းကို မိမိဘာသာ တစ်ကိုယ်တည်း သုံးဆောင်ခြင်းမပြုဘဲ သံဃာအတွက် ပြန်လှူသည့်သဘော။ ကြည်နူးစရာကောင်းလှပါသည်။

သို့သော် ဦးကေလာသသည် ဆွမ်းစားဆောင်တွင် အခြား ဦးပဉ္စင်း၊ ကိုရင်များနှင့် အတူမစားရပေ။ ဆရာတော်ကြီးက ကျောင်းပေါ်သို့ ခေါ်ယူကာ အတူဆွမ်းစားစေ၏။ မိမိအား သနားကြင်နာစွာ ချီးမြှောက်ခြင်းဟုလည်း နားလည်သော်လည်း အစဉ်အလာကြီးမားသော ဆရာတော်ကြီးနှင့် မျက်နှာချင်းဆိုင် ထိုင်၍ "ဘုဉ်း" ရမည်ကိုကား (လူလိုပြောရလျှင်) ရှိုးတိုးရှန့်တန့် ဖြစ်နေခဲ့လေသည်။

ရက်ပိုင်းမျှသာ "ဝါ" ရသေးသော ရဟန်းအသစ်ချပ်ချွတ်ကို မိမိနှင့်တကွ အတူဆွမ်းစားစေခြင်းကား ဆရာတော်ကြီး၏ သဘောထား ပြည့်ဝမှု၊ စာနာထောက်ထားမှုပင် ဖြစ်တော့၏။

အရှေ့ကြို့ကုန်း လမ်းအဆုံး

တောင်ကုန်းကမူမြင့်တွင် ရှိလေသော

ဖြူးကုန်းတောရ စာသင်တိုက်၏ မုခ်ဦးကို

ဖြတ်လိုက်သည်နှင့်ပင်

အေးချမ်းမှုအဝါသက ကျွန်တော့်ရင်သို့ ...

ဦးကေလာသာ အနေမခက်၊ အစားမခက်အောင် လည်း အလိုက်သင့် တည်ငြိမ်စွာ ဆက်ဆံတော်မူပေးပါပေသည်။

မိမိကား အစာအိမ်ရောဂါ အခံရှိသဖြင့် ဆွမ်းကို ဟုတ်တိပတ်တိ မစားနိုင်။

"ဦးဇင်း ဆွမ်းစားနည်းလှတယ်၊ အဆာခံနိုင်အောင် တခြားမုန့်ပဲ သွားရည်စာလေးတွေကို အချို့ပွဲမှာ စားပေး၊ အာဟာရ မျှတမှု ဖြစ်မယ်"

ဟုလည်း ကြင်နာစွာ ဖေးမတော်မူသည်။

အချို့ပွဲ ဘုဉ်းပေးကြချိန်တွင်ကား ဆရာတော်ကြီးသည် အစာအိမ်ရောဂါရှိသော မိမိအတွက် ကွေကာအုတ်၊ ဟောလစ် စသည်များကို သောက်စေကာ ကိုယ်တော်တိုင်မူကား သစ်သီးအနည်းငယ်ကိုသာ ဘုဉ်းပေးတော်မူလေသည်။ အချို့ပွဲ ဘုဉ်းပေးကြစဉ် စကားစပြည် ဆွေးနွေးဖြစ်ကြ။ ဆရာတော်ကြီးက မိမိ၏ စာပေရေးသားမှုကို မေးမြန်းသည်။ အထူးသဖြင့် ဗုဒ္ဓ ဝမ္မ သံဃ ဆိုင်ရာ ဝတ္ထုများ အကြောင်းကို စိတ်ဝင်တစား မေးတော်မူသည်။ ရတနာသုံးပါးဆိုင်ရာ စာပေများကို ရေးသားရာတွင် သဒ္ဓါစိတ်ကို ဦးစွာ အင်အားကောင်းကောင်း နှိုးကြားနေစေရန်လည်း သတိပေးတော်မူပါသည်။ စေတနာကောင်း ပြဌာန်းလျှင် ဉာဏ်ကောင်းများ ပွင့်လာမည်ဟုလည်း ဩဝါဒ ပေးတော်မူပါသည်။ ထို့နောက် ...

"ဘုန်းကြီးတို့ စာပေရေးရင် ဘုန်းကြီးစာပဲ ဖြစ်တယ်၊ ပါဠိပါဠိသားနဲ့ပေါ့၊ ဦးဇင်းတို့လိုစာရေး ဆရာတွေ ရေးကြမှ စာဖတ်သူအများစုက ပိုပြီး စိတ်ဝင်စားကြတာကလား။ တွင်ကျယ် ပျံ့နှံ့မှု အရာက မတူဘူး၊ ဒါကြောင့် ဆက်ပြီးသာ ကြိုးစားရေးပါ"

ဟု ရိုးသားစွာ တိုက်တွန်းတော်မူလေသည်။ ဆက်လက်၍

"သာသနာတော် စင်ကြယ်ရေး၊ သာသနာ့ အန္တရာယ်များကို တားဆီးရှင်းလင်းရေးမှာ စာရေးဆရာတွေရဲ့ အခန်းကဏ္ဍက အရေးပါလှတယ်လို့ မှတ်ပါ ဦးဇင်း၊ အထူးသဖြင့် အခုလို မျိုးခြားယဉ်ကျေးမှု ဓလေ့ထုံးစံတွေ ရောယှက်ရှုပ်ထွေးနေချိန်မှာ ပိုပြီး တာဝန်ယူရမယ်၊ ဘုန်းကြီးတို့လဲ ဝိနည်းနဲ့ ပရိယတ်နဲ့ သာသနာတော်ကြီး မြဲမြဲသန့်စင်ရေးအတွက် အစွမ်းကုန် လုပ်နေကြရတာပဲ"

ဤစကားများကို မိန့်တော်မူစဉ်မှာကား ဆရာတော်ကြီး၏ သိမ်မွေ့နူးညံ့သော သန္တာန်၌ ရှေကျင်နိကာယ ကမ္မကာရက အလုပ်အမှုဆောင်၊ ရှေကျင်နိကာယ နယ်လှည့်သာသနာပြု ဓမ္မကထိက၊ ရှေကျင်ဂိုဏ်းလုံးဆိုင်ရာ နိုင်ငံတော် ဝိနည်းမိုရ်၊ ရှေကျင်နိကာယ ရတ္တညူမဟာနာယက ဖြစ်ပေသော ဘုန်းတော်ကြီးတစ်ပါး၏ ခိုင်မြဲသော အားမန်ကို အတိုင်းသား တွေ့နေရလေသည်။

လေးကိုင်း၏ သန်မာအားကောင်းမှုနှင့် လေးညို့၏ ပျော့ပျောင်းနူးညံ့မှု နှစ်ခုတို့ကို ဒွန်တွဲ၍ မြင်လိုက်ရခြင်း ပါတည်း။

(၈)

အချိန်တန်၍ အိမ်ပြန်ရသည့် ဇာတ်ကွက်ကား ကြည်နူးစရာ မကောင်းလှပါ။

ဇွန်လ (၂၁) ရက်တွင် ရဟန်းဘောင် တက်ခဲ့သော ကျွန်တော်သည် ဇူလိုင်လ (၁) ရက်တွင် လူဝတ်လဲခဲ့၏။ အေးမြချမ်းမြေ့သော ရိပ်ဆာယာကို စွန့်ခွာရတော့မည်။ တောရိပ်၊ တောင်ရိပ်၊ သစ်ရိပ်ဝါးရိပ်တို့ဖြင့် တိတ်ဆိတ်ခြင်းလျှင် လွှမ်းမိုးသော ဗြူးကုန်းတောရ ကျောင်းတိုက် ပရဝုဏ်ကို နှုတ်ဆက်ရပြီ။

ထို့အတူ အေးမြကြည်လင်သော ဆရာတော်ကြီး၏ သီလ၊ သမာဓိ၊ ပညာ အရိပ်အာဝါသ လဝန်းအောက်မှ ထွက်ခွာခဲ့ရတော့မည်။

ရဟန်းအဖြစ်မှ ရှင်သာမဏေအဖြစ်သို့။

အေးရိပ်သာယာမှန်း သိပါလျက် ယာယီမျှသာ ခိုလှုံခွင့်ရခဲ့ပြီ၊ ကိုလေသာတို့ ဟုန်းဟုန်း တောက်လောင်မှန်း သိပါလျက် ပြန်လည်ဝင်ရောက်သော လူယောက်ျား မနုဿ ပိုးဖလံ...

ထို့နောက် ရှင်သာမဏေအဖြစ်မှသည် လူဝတ်ကြောင် အဖြစ်သို့ ...။

အဆင်းကား မြန်ဆန်လေစွ။ အစုန်ကား လွယ်ကူလေစွ။

ဤဆောင်းပါး၏ အဖွင့်တွင် ကျွန်တော်သည် ရဟန်းဖြစ်ရက်ချုပ် ဖြင့် စတင်ခဲ့ပါသည်။ ရက်ချုပ်ထဲတွင် (ယုတ်နိမ့်သော ရှင်သာမဏေအဖြစ်မှ မြင့်မြတ်သော ရဟန်းအဖြစ်သို့) ဟု ပါရှိသည်။ အတက်လမ်း၊ အဆန်လမ်းသဘော။

ထိုစာကြောင်း ၀ါကျ အသုံးအနှုန်းအတိုင်းပင်။ ကျွန်တော်လည်း အဆင်းလမ်း၊ အစုန်လမ်းသဘောကို သရုပ်ဖော်နေမိ၏။

(မြင့်မြတ်သော ရဟန်းအဖြစ်မှ ယုတ်နိမ့်သော ရှင်သာမဏေ အဖြစ်သို့) ထိုမှတစ်ဖန် (ယုတ်နိမ့်သော ရှင်သာမဏေအဖြစ်မှ ရှုပ်ထွေးပူလောင်သော လူ၀တ်ကြောင် အဖြစ်သို့...)

(ဤတွင် ရက်ချုပ်၌ ယုတ်နိမ့်သော ရှင်သာမဏေအဖြစ် ဟူသည်မှာ ယုတ်ညံ့၍ နိမ့်ဖျင်းသော အဓိပ္ပာယ် မထွက်ပါ။ ရဟန်းအဖြစ်ထက် သီလသိက္ခာပုဒ်များ ပိုမိုလျှော့နည်း၍ သံဃအဖွဲ့ အစည်းတွင် ဥပသမ္ပဒါဆောင် ရဟန်းဘ၀လောက် အဆင့်မမြင့်သေးသော ဟုသာ အဓိပ္ပာယ်ရပါသည်။)

ဆရာတော်ဘုရားကြီးက ဦးပဋ္ဌင်းအား အနားတွင် ရှိစေကာ အဆင့်ဆင့် အဆင့်ဆင့် ကျွန်တော့်ကို သိက္ခာချပေးတော်မူ၏။ ကိုယ်ပေါ်မှ ချွတ်ခွာလိုက်ရသော သင်္ကန်းနှင့်အတူ ကျွန်တော့် နှလုံးသားပေါ်မှ မြင့်မြတ်ဖြူစင်သော ဆောက်တည်ရာ သိက္ခာပုဒ်များသည်လည်း တစ်လွှာပြီးတစ်လွှာ ကွာကျကုန်ပြီဟု ခံစားလိုက်ရပါသည်။

မြင့်မြတ်သော ရဟန်းမှသည် ယုတ်နိမ့်သော ရှင်သာမဏေ၊ ထိုမှတစ်ဖန် ယုတ်နိမ့်သော ရှင်သာမဏေအဖြစ်မှသည် ရှုပ်ထွေးပူလောင်သော လူဝတ်ကြောင်သို့။

ဤမှာဘက်ကမ်းသို့ အပြန်ခရီးကား ကြေကွဲဖွယ် ကောင်းလှပါတော့သည်။ အေးရိပ်သာယာမှန်း သိပါလျက် ယာယီမျှသာ ခိုလှုံခွင့် ရခဲ့ပြီး၊ ကိလေသာတို့ ဟုန်းဟုန်းတောက်လောင်မှန်း သိပါလျက် ပြန်လည် ဝင်ရောက်သော လူယောက်ျား မနုဿ ပိုးဖလံ။

ဆရာတော်ကြီး ရှေ့မှောက်ဝယ် ပုဆစ်တုပ်လက်အုပ်ချီရင်းမှာပင် ကျွန်တော့်ပါးပြင် နှစ်ဖက် နွေးသွားလေသည်။ အို... မျက်ရည်တွေ။

လူဝတ်လဲလိုက်ရသော လူတစ်ယောက်၏ မငိုကြွေးလေသော မျက်ရည်တွေ။ နှလုံးသားကို ကြိတ်ချေ၊ အစိုင်အခဲများ ကြေမွ၊ ထိုမှသည် တစ်ပေါက်ပေါက် ယိုစီးလိမ့်ဆင်းလာသော မျက်ရည်တွေ။ ငါသည် အစုန်စီးကြောင်းထဲသို့ ပြန်လည်ရောက်ရှိခဲ့ပါပကော။ ငြိမ်းချမ်းခြင်း၊ ဖြူစင်ခြင်း၊ မြင့်မြတ်ခြင်းတို့တည်ရာ ပြုံးကုန်းတောရ စာသင်တိုက်တည်းဟူသော နေရာဌာနနှင့်တကွ၊ ဆရာတော်ဘုရားကြီး၏ လုံခြုံစေ့စပ်သော သုံးပါးသိက္ခာ အာဝါသ၊ သံဃာတော်များ၏ သုံးပါးသိက္ခာ အာဝါသတို့အောက်မှ ထွက်ခွာရပါပကော။ ဤမှာဘက်ကမ်းတွင် လူတို့ဘောင်သည် ဃရာဝါသ သမ္မာဝဟုကိစ္စများမြောင် အထောင်အသောင်းသော ခရောင်းတောတို့ဖြင့် အသင့်စောင့်ကြိုနေပါ ပကော။

အဇ္ဈတ္တ အာကာသ ဟင်းလင်းပြင်အတွင်း တဟုန်ထိုး ပြုတ်ကျသွားခဲ့ပြီဖြစ်သော ကျွန်တော်၏ ထောက်တည်မှုကား အဘယ်မှာနည်း။

ပါးပြင်နှစ်ဖက်စလုံး နွေးထွေးစိုရွှဲနေတော့ပြီ။ မျက်ရည်ပူများတော့ မဟုတ်ပါ။ မျက်ရည်နွေးများသာ ဖြစ်ပါသည်။ ရတနာသုံးပါး အရိပ်တို့ကို တွယ်မှီကပ်ခိုဆဲ ရှိသောကြောင့် အအေးဓာတ်က မပြတ်ချင်သေး။ ယူကြုံးမရ စိတ်ကြောင့်လည်း အပူဓာတ်က လာ၍ဟပ်သည်။ ထို့ကြောင့် အပူအအေး ရောထွေးနေသော မျက်ရည်နွေး။

(၉)

သတိလေး ကပ်မိလျှင် နောက်လှည့်ကြည့်လိုက်သောအခါ သား၏အဖြစ်ကို ယူကြုံးမရ ဖြစ်နေသည့် မိခင်ကြီးနှင့် သူ၏ရှိုက်သံ။ ထို့နောက် စိတ်မကောင်းရုံမှအပ ဘာမှ မတတ်သာသော ဇနီးသည်၏ ပြိုပြိုညိုညို အသွင်။ ထို့နောက် ဦးခေါင်း ငိုက်စိုက်ချလျက် ကိုယ်ချင်းစာကာ ဓမ္မသံဝေဂယူနေဟန် ရှိမည့် ဆရာ ဦးထွန်းလွင်။

ရင့်ကျက်သော ဣန္ဒြေဖြင့် အပူမခံသော ဆရာတော်ဘုရားကြီးက မိန့်တော်မူလေသည်။

"နောင်လဲ လာနိုင်အောင် ကြိုးစားပေါ့ ဆရာချစ်ဦးညို"

ကျွန်တော့်မှာ ပြန်လည်လျှောက်ထားစရာ စကားလုံး မရှိ။

ကိုယ့်ကိုယ်ကိုယ် သိသလိုလိုနှင့် မသိသေးသော စာရေးဆရာ၌ ပြန်ကြားလျှောက်ထားစရာ စကားလုံးပင် ပျောက်ဆုံးနေချေသည်။

မျက်ရည်နွေးများကို ပါးပြင်ပေါ်၌ ဒီအတိုင်းပင် စွတ်စိုမြီ စွတ်စိုစေလျက် ကျောင်းပေါ်မှ ဆင်းခဲ့၏။ မုခ်ဝကို ဖြတ်ခဲ့၏။ အပြင်မှ လေပူနေပူတို့ဖြင့် စိုဖန့်ဖန့် မျက်ရည်စတို့သည် ခြောက်သွေ့ ပျောက်ကွယ်သွားကြလေသည်။

ချစ်ဦးညို



ဆရာတိုက်

ကြီးရှင်းဘုရားတော်နှင့် ကုန်းတော်ကြီးဘုရား

ဘုရားပေါ်ရောက်ရှိ

ဘုရားတော်ကြီးဘုရား

၁၉၆၂ နှစ်က ဖြစ်သည်။ ကျောက်တန်း မဟာဗောဓိ တိုက်အုပ်ဆရာတော်သည် ၁၉၆၂ ခုနှစ်တွင် ဘ/က ခေါ် ဘုန်းတော်ကြီးသင် မူလတန်းကျောင်းကို စတင်ဖွင့်လှစ်ခဲ့သည်။

မဖွင့်ခင် ကျွန်တော်တို့ကို တမနက်မှာ ခေါ်ပြောသည်။

"ဒီလိုရှိတယ်၊ အရင်က ငါ ဘယ်အထိ ရုန်းကန်စာချခဲ့ရတယ်ဆိုတာ မင်းတို့အသိပဲ။

"ငါဆိုရင် မူလတန်းကနေ စာချတန်းအထိ ကိုယ်တိုင်ပဲ မညည်းမည ပို့ချခဲ့တယ်၊ မင်းတို့ လူတန်းစေ့ပါစေဆိုပြီးတော့ပေါ့။

"အဲ အခုဆို အားလုံးပဲ လူတန်းစေ့ကုန်ပြီ၊ **တိကွ**လည်း ဓမ္မာစရိယပဲ"

"မှန်ပါ"

"**ကဗ္ဗ**နကော"

"မှန်ပါ၊သူလည်း ဓမ္မာစရိယပါ"

"**ဦးကိတ်**ကော"

"မှန်ပါ၊ ဘုန်းကြီး ဦးကိတ္တိလည်း ဓမ္မာစရိယပါ"

"ဟို **ဣန္ဒာစရိယ**ကော"

"မှန်ပါ၊ ဓမ္မာစရိယပါ ဘုရား"

"နောက် ရှိသေးတယ်၊ **ရှစိဏ္ဏ**ကော"

"ဓမ္မာစရိယ၊ ဓမ္မာစရိယတောင် ဂုဏ်ထူးကျမ်းတွေပါ အောင်လို့ သာသနဓဇသိရီပဝရ ဓမ္မာစရိယပါ"

"**ကဝိသေဋ္ဌ**ကော"

"သူလည်း ဓမ္မာစရိယပါပဲ"

"အေးပေါ့၊ ဓမ္မာစရိယတန်း အောင်တွေနည်းသလား၊ အခုဆို အားလုံး တက်ညီလက်ညီ ပို့ချနေကြပြီ။

"အခု ငါ လောကဓာတ်ပညာဘက် ပြောင်းမလို့၊ ပြောင်းတယ်ဆိုတာက အရပ်ထဲက ကလေးတွေကို ဗုဒ္ဓယဉ်ကျေးမှု အခြေခံ အပြည့်အစုံရရှိ အောင် ပေးချင်လို့ပဲ၊ ဘုရားမှန်း တရားမှန်း

သံဃာမှန်း မသိတာမျိုး မဖြစ်စေချင်ဘူး၊ သိတာတောင် မိရိုးဖလာ အသိမျိုး မဖြစ်စေချင်ဘူး။

"ဒီတော့ ဘုန်းကြီးသင် မူလတန်းကျောင်းလေး ပျိုးထောင်ပြီး သင်မှ အောင်မြင်မှာ၊ ကိုယ့်လက်ထဲဆိုတော့ ကိုယ်ကြိုက်တဲ့ ပုံစံလဲသွင်း၊ သူတို့အတွက် မူလတန်း အခြေခံလည်း ပေးနိုင်ဦးမှကိုး၊ ဘယ့်နှယ်လဲ တိက္ခ"

"မှန်ပါ ကောင်းပါတယ်၊ နို့ တိုက်အုပ်ဘုန်းကြီးမှာက ကျောင်းသားမှ မရှိတဲ့ ဥစ္စာ"

ပြူးကုန်းဆရာတော်၏ထိုစဉ်က ဘုန်းတော်ကြီးသင် မူလတန်းကျောင်းသူ ကလေးများ

"အဲဒါ မင်း ညွှံသေးတာပေါ့၊ ဆိုပါတော့ကွာ၊ အချို့ တောအရပ်က ကျောင်းထိုင်တွေ၊ ပညာရေးစိတ်ဓာတ် သိပ်ရှိကြတယ်၊ သူ့ကျောင်းလေးမှာ ကျောင်းသားနဲ့ ကိုရင်နဲ့ စာအံသံ၊ ပေအံသံလေးနဲ့ နေချင်ကြရှာတယ်၊ နို့ပေမယ့် ကိုယ်ကိုယ်တိုင်က အစွမ်းမရှိရှာဘူး။

"ဒီတော့ စာပေပို့ချနိုင်တဲ့ ဦးဇင်းတွေ တွေ့ရင် တပည့်တော်ဆီ နေပါလား ဘုရား၊ စာလေး ဘာလေး ပို့ချပေးစေချင်လို့ပါနော်။

"အဲလို ပြောတယ်၊ ပြောတော့ ဟိုကိုယ်တော်က ဘာပြန်ပြောလဲ သိလား၊ ကိုယ်တော့်ဆီမှာ စာသင်သား ရှိလို့လားတဲ့။

"ဒီတွင် ဟိုကျောင်းထိုင် ခဏတွေသွားတယ်၊ ဘာပြန်ပြောရမှန်းကို မသိ ဖြစ်သွားတယ်၊ ရှိလည်း လေးငါးယောက်ရယ်၊ အချို့ဆို လေးငါးယောက်တောင် မရှိရှာဘူး၊ ဆွမ်းခံခါနီးမှ ဟိုလူ့ခေါ်ရ၊ သည်လူ့ခေါ်ရရယ်ကိုး၊ ဒီတော့ သူ စာချပေးဖို့ ကိုယ်ကပဲ စာသင်သား ထ,ရှာပေးရမလို လိုပဲ"

"ဒီလို မဟုတ်ဘူး၊ စာချမယ့် သူကိုယ်တိုင်က ကိုယ့်အစွမ်း ကိုယ်ယုံရတယ်၊ တစ်ပါးရ တစ်ပါးပဲ တတ်အောင်သင်၊ တော်အောင်လုပ်ပေါ့၊ သူ အသင်အပြကောင်းရင် ဘေးကဘီက စာသင်ချင်တဲ့ သူတွေက အုံလာမှာ၊ တားကိုယူရမှာ၊ ဟုတ်မဟုတ်လား"

"မှန်ပါ၊ သဘောပေါက် သဘောကျပါတယ်

ဘုရား"

"အခုလည်း ဒီလိုပဲပေါ့၊ ကိုယ့်အစွမ်းအစနဲ့ ကိုယ် ပျိုးယူရမှာပေါ့ "

"ဒီတော့ ငါက ဒီဘက်ကနေ ယဉ်ကျေးမှု အခြေခံရအောင် အာရုံစိုက်လိုက်ဦးမယ်၊ မင်းတို့က ဟိုဘက်က လောကုတ္တရာဘက်က ဖိဖိစီးစီး ပို့ချ ပေးကြ ထိန်းပေးကြ ဟုတ်လား"

ဤသို့ဖြင့် ကျွန်တော်တို့ကို ပရိယတ္တိ တာဝန် လုံးဝ တာဝန်ယူထမ်းဆောင်ဖို့ ပုံအပ်လိုက်တယ်၊ ပုံအပ်တယ်ဆိုပေမယ့် လုံးဝမျက်ကွယ်ပြုတာမျိုး မဟုတ်ဘဲ ညွှန်ကြားမှု အမြဲပေးလျက်ပဲပေါ့၊ ကျွန်တော်တို့လည်း တိုက်အုပ်ဘုန်းကြီး ညွှန်ကြား ချက်ကို ခံယူပြီး အတန်းလိုက် တာဝန်ခွဲဝေ ပို့ချ ခဲ့ကြသည်။

တိုက်အုပ်ဘုန်းကြီးကမှ သူ့ ဘုန်းကြီးသင် မူလတန်းကျောင်းလေးကို စတင်ပျိုးထောင်သည်။ ကျောင်းသားက ၁။ သုံးနှစ်သားအရွယ် မောင် အောင်သွင်၊ ၂။ နှစ်နှစ်သားအရွယ် မောင်စန်း အောင်၊ ၃။ သုံးနှစ်သားအရွယ် မောင်မြင့်လွင် ပေါင်း သုံးဦးဖြစ်သည်။ ဝလုံးရေး(ဝ)သင်ရင်းက စသည်။

ကျွန်တော်တို့မှာ ရယ်လည်းရယ်စရာ ဖြစ်နေ သည်။ တိုက်အုပ်ဘုန်းကြီး မူလတန်းက အားလုံး ပေါင်းမှ သုံးယောက်တည်း။ အသက်က နှစ်နှစ် သုံးနှစ် အရွယ်။

ဒီလိုနှင့် ကျောင်းကို စ,ဖွင့်ပြီး သင်လာတာ သုံးလေးလကြာတော့ ဟိုကအပ်လာ၊ ဒီကအပ်လာ နှင့် ကျောင်းသား နှစ်ဆယ် နှစ်ဆယ့်ငါးယောက် ဖြစ်လာသည်။ အားလုံး ယောကျ်ားကလေးများ ချည်း ဖြစ်သည်။

နောက် ဟိုကသည်က တောင်းပန်အပ်နှံလာခဲ့ သဖြင့် မိန်းကလေးများလည်း အပ်လာသည်။ သည်လိုနှင့် တိုက်အုပ်ကျောင်းတွင် ကျောင်းသား များ ဝါမဆိုခင် အယောက် ၃၀ လောက် ရှိလာ သည်။

တစ်ခုတော့ ရှိသည်။ တိုက်အုပ်ဘုန်းကြီး ကျောင်းက ကျောင်းသားကို တွေ့ကရာကလာအပ် လို့ လက်မခံ။ သူ့တွင် ဘောင်ရှိသည်။ ဆင်းရဲ၍ အတန်းကျောင်း မထားနိုင်သူ၊ ထိုသူသည် ပင် ဘယ်ကျောင်းကိုမှ လုံးလုံး မနေဘူးသူ ဖြစ်ရ မည် ဖြစ်သည်။

တစ်ခါ ဟိုကျောင်းသည်ကျောင်းက ရွှေ့ ပြောင်းလာသူကိုလည်း တိုက်အုပ်ဘုန်းတော်ကြီးက လက်မခံ။ သူ့ဆီကသာ အခြားကျောင်းမှာ နေချင်၍ ပြောင်းလျှင် သူလက်ခံသည်။

ဤစည်း ဤကနားနှင့် ကျောင်းကို ပျိုးထောင် ခဲ့သည်။ ဝတ်စုံမှာ အကျီအဖြူရောင်နှင့် လုံချည် ထဘီတို့မှာ ကြက်သွေးရောင်များ ဖြစ်သည်။

တစ်နှစ်ခွဲ နှစ်နှစ်အတွင်းမှာ ကျောင်းသား ၅၀ ကျော် ၆၀ ရှိလာသည်။ စတုတ္ထတန်းပင် သွင်းနိုင်လာသည်။ သွင်းစက နှစ်ယောက်သာ သွင်းနိုင်သည်။

ဤသို့ တစ်ဘက်က အတန်းစာကို အများ နည်းတူ တတ်အောင်သင်ပေးပြီး ဗုဒ္ဓယဉ်ကျေးမှု အတွက်ကိုမူ အများနည်းတူ ဘုရားရှိခိုး၊ သီလခံ၊ ဆွမ်းကပ် ပန်းကပ် စသည် တို့ကိုလည်း သင်ပေး သည်။

ပရိယတ္တိ အာဂုံပြန်ပွဲလေးကို ဖော်ထုတ်ကာ နှစ်စဉ် တန်ဆောင်မုန်းလဆန်း ၁-ရက်နေ့မှစ၍ အတန်းစာ အားလုံးကို ရပ်နားကာ မဂ်လသုတ် အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်း၊ နမက္ကာရ၊ ပရိတ် ၁၁-သုတ်၊ ဓမ္မစကြာ စသည်တို့ ကျက်စေ သည်။

ထိုပွဲတော်အတွက် နှစ်စဉ် တန်ဆောင်မုန်း လဆန်း ၁ ရက်နေ့ကစပြီး အတန်းစာ လုံးဝ ရပ် နားပြီး မဂ်လသုတ် အတွင်းအောင်ခြင်း စသည်

ကို ကျက်မှတ်စေသည်။ ထိုကျက်မှတ်စာများတွင် ပရိတ်ကြီးလည်း ပါသည်။ ဓမ္မစကြာလည်း ပါသည်။ ပရိတ် တစ်သုတ်ကို ငွေတစ်ကျပ် ဆုချီးမြှင့်ပေးသည်။

ထိုပွဲရက်ဆိုလျှင် ကျွန်တော်တို့ စာချဘုန်းကြီး အဖွဲ့ကလည်း စိုင်းကူရသည်။ ကျွန်တော့်တပည့်တွေ ဆိုရင် အဂုံလိမာလသုတ်ကို နှုတ်တိုက်ချပေးပြီး အမြန်သင်ပေးသဖြင့် ဆုငွေတစ်ကျပ်ကို မလွတ်တန်း ရသည်မို့ တဝါးဝါး ပွဲကျနေကြသည်။ တိုက်အုပ်ဘုန်းကြီး၏ ဘာသာ ယဉ်ကျေးမှု စီမံကိန်းက ပျော်စရာ အားကျစရာ ကောင်းလှသည်။ မင်္ဂလသုတ်ကိုမူ ရိုးရိုး ကျက်စေရုံသာမက "မင်္ဂလာညွှန့်" ဟူသော အမည်နှင့် ဝတ်အသင်းလေးပင် ဖွဲ့ထားလိုက်သေးသည်။ ကျေးရွာအတွက် ကျက်သရေမင်္ဂလာရှိပါပေစွ။

ထိုသို့ ဘာသာယဉ်ကျေးမှုကို ဇောင်းသပ်သင်ပေးနေသလို ဗုဒ္ဓဝင်ဆိုင်ရာ ဟောပြောပွဲများ၊ ဝါဆိုကန်တော့ပွဲ၊ သီတင်းကျွတ် ကန်တော့ပွဲများ၊ ရဟန်းသံဃာနှင့် တွေ့လျှင် လက်အုပ်ချီပုံ၊ ဝတ်ချပုံ၊ ဆွမ်း စသည် ကပ်ပုံကိုလည်း သင်ပေးသည်။ ဝတ္ထုငွေလှူလျှင် ကပ္ပိယညွှန်းပုံ၊ "ကပ္ပိယံ ကရောဟိ၊ ကပ္ပိယံ ဘန္တေ" စသည်ကိုဆို၍ ကပ္ပိပုံလည်း ပါသည်။

ဤသို့ တိုက်အုပ်ဘုန်းကြီးအနေနှင့် သူမူချသလို ရည်ရွယ်သလို ဗုဒ္ဓယဉ်ကျေးမှုကို သပ်လျှို့သွင်းပေးနိုင်သလို တခြား အတန်းစာ သင်တာကလည်း အားကောင်းလျက်ရှိသည်။ နှစ်စဉ် စတုတ္ထတန်း တန်းလုံးကျွတ် အောင်မြင်သည်ကို ထောက်ဆ၍ သိနိုင်သည်။ စတုတ္ထတန်း ၁၅ ယောက်သွင်းတာ ၁၀ ယောက် ဂုဏ်ထူးနှင့် အောင်ပြီး ရိုးရိုး အောင်က ငါးယောက်မို့ ထိုစဉ်က ပဲခူးနယ်တစ်ဝိုက် ဟိုးလေးတကျော် ရှိလှသည်။

အားကစားဘက်ကလည်း ဘောလုံးအဖွဲ့၊ ပင်ပေါင်အဖွဲ့၊ ခြင်းလုံးအဖွဲ့ စသည်ကို ဖွဲ့ပေးပြီး ကျန်းမာသန်စွမ်းမှုကို အထောက်အကူပြုစေသည်။ ကျောင်းဝင်းအတွင်း၌လည်း ဒန်း၊ စီးလျှော၊ ကြိုးခုံကြိုး စသည်တို့ကို တည်ထောင်ပေးထားသည်။

အလံတိုင်ကို အုတ်ခံအခိုင်အမာနှင့် စိုက်ထူထားပြီး ထိပ်ဆုံးတွင် သာသနာ့အလံ၊ လက်ယာဘက်တွင် နိုင်ငံတော်အလံ၊ လက်ဝဲဘက်တွင် သူ့ကျောင်းက ကျောင်းသားတို့၏ အထိမ်းအမှတ်အလံတို့ကို အမြဲတမ်း လွှင့်ထူထားသည်။ သူတို့ကျောင်းသားတွေ၏ အလံအမှတ်အသားမှာ သူတို့ ဝတ်စုံအတိုင်း အပေါ်က သုံးပုံတစ်ပုံက အဖြူရောင်၊ အောက်ခံ သုံးပုံနှစ်ပုံမှာ ကြက်သွေးရောင်တို့ ဖြစ်သည်။

မနက်တိုင်း ကျောင်းတက်ခါနီးတွင် "စိရံတိဋ္ဌတု သဒ္ဓမ္မော" ကို သုံးကြိမ်ဆိုပြီး နောက်မှ အမျိုးသား သီချင်းကို ဆိုခြင်း၊ ကျောင်းသား သစ္စာဓိဋ္ဌာန်ဆိုခြင်း စသည်တို့ကို ပြုလုပ်ရသည်။ အတန်းကို ညီစေရသည်။ အလံတိုင် ရှေ့တွင် ပေါက်တူးနှင့် မျဉ်းကြောင်းပေါက်ပြီး ထိုမျဉ်းကြောင်းပေါ်မှာသာ မစိပ်မကျဲ တန်းစီရသည်။

ဤသို့ ဘက်စုံမှ ထောင့်စုံအောင် ကျောင်းအုပ်ဆရာအဖြစ်နှင့် မူလတန်းကျောင်းလေး တည်ထောင် သင်ကြားပေးရာ ကျောင်းသူ ကျောင်းသားနှစ်ရာကျော် သုံးရာခန့် ရှိလာလေသည်။ ဤသို့ဖြင့် ကျောက်တန်းရွာအလှကို စေတနာသန့်သန့်ဖြင့် ခြယ်မှုန်းပေးနေသည်။ ဗြူးကုန်းတောရကို အလှူခံပြီး ပြောင်းလာတော့မှ ကျောင်းအုပ်အဖြစ်မှ အနားယူခဲ့သည်။

အနားမှာရှိသော ထိုစဉ်က အလယ်တန်းကျောင်း၊ မူလတန်းကျောင်းတို့နှင့် လည်း မည်သည့် ပဋိပက္ခမှ မရှိ။ အားလုံး အေးအေးလူလူ သူ့တာနှင့် သူ နိုင်ငံအကျိုး၊ အမျိုးဘာသာအကျိုးကို ဆောင်ရွက်နေကြသည်။



တိုက်အုပ်ဘုန်းကြီး၏ အသင်အပြ၊ အမြော်အမြင် ကြီးမှူ၊ ကျေးရွာလူထုအပေါ် မှန်ကန်သော မေတ္တာ စေတနာထားမှုကြောင့် အခုအခါ ဘွဲ့ရ ကျောင်းဆရာ၊ ဘွဲ့ရစခန်းမှူး၊ ဘွဲ့ရ ဗိုလ်မှူး၊ ကျန်းမာရေးဝန်ထမ်း စသည်တို့ ဖြစ်ထွန်းပေါ်ပေါက်ပြီး နိုင်ငံနှင့် ဘာသာ သာသနာအကျိုးကို သယ်ပိုးနေကြခြင်း ဖြစ်သည်။

ယခင် ပဲခူးကျောက်တန်း မဟာဗောဓိ တိုက်အုပ် ဘုန်းကြီး အရှင်အာစိဏ္ဏ (ယခု ဗြူးကုန်းဆရာတော်) သည်ကား ယခုကဲ့သို့ ဘာသာ၊ သာသနာနှင့်စပ်၍ နိုင်ငံ့ဝန်၊ သာသနာ့ဝန်ကို ပေါက်မြောက်အောင် စွမ်းစွမ်းတမံ ကြိုးစားခဲ့ကြသော ဆရာတော်တစ်ပါး ဖြစ်သည်။

ဆရာတိုက်





တိုက်အုပ်ဘုန်းကြီးဘဝက ဗြူးကုန်းဆရာတော်

မကျေကျေးဇူး

စန္ဒကူးသို့

နုံမြူးမပြယ်

လွန်ခဲ့သော ၁၃၆၃ ခုနှစ် ပြာသိုလပြည့် ကျော် (၁၃) ရက်၊ ၁၀-၂-၂၀၀၂ စနေနေ့က ဖြစ်သည်။ ယင်းနေ့တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့ တံဆိပ်တော်ရ ဗြူးကုန်း တောရစာသင်တိုက်ဆရာတော်ဘုရားကြီးအား ပူဇော်ပွဲ ကျင်းပရန် အကြို ညှိနှိုင်းအစည်းအဝေးပွဲကြီးကို ကျင်းပပါသည်။ သဘာပတိ ရန်ကုန်မြို့ ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ နာယက ဆရာတော် ဘဒ္ဒန္တရစိရဉာန (ကျောက်တန်း ဘုန်းဘုန်းလေး) ဦးဆောင် တော်မူသော ရွှေကျင် နိကာယ မဟာဗောဓိ ဝိနည်းပြန်ဌာန အကြီးအကဲ ဆရာတော်ကြီးများနှင့် ရတနာမွန်၊ ရတနာတံခွန် မဂ္ဂဇင်း တို့၏ အယ်ဒီတာချုပ်ကြီး ဆရာကြီး ဦးထွန်းလွင် ဦးဆောင် သော ဒကာ ဒကာမများ တက်ရောက်၍ ဆွေးနွေး တိုင်ပင်ကြပါသည်။

အစည်းအဝေးတွင် ဆရာကြီး ဦးထွန်းလွင်မှာ ဆရာတော်ဘုရားအား ပူဇော်ပွဲ ကျင်းပရာ၌ သမိုင်းတွင်ရစ်စေရန် မှတ်တမ်းစာစောင် ရိုက်မည်

အရှင်နန္ဒသာရ (ကျောက်တန်း)

ဖြစ်ကြောင်း ထင်ရှားသော စာရေးဆရာကြီးများ ထံမှလည်း စာမူများ တောင်းထားပြီး ဖြစ်ကြောင်း၊ အချို့စာမူများပင် ရောက်ရှိပြီး ဖြစ်နေကြောင်း၊ ဆရာတော်ဘုရားများ အနေဖြင့်လည်း စာမူများ ချီးမြှင့်တော်မူကြစေလိုကြောင်းနှင့် စာစောင်ကိုလည်း ပူဇော်ပွဲအမီ ရိုက်နှိပ်မည် ဖြစ်၍ စာမူများကို ဖေဖော်ဝါရီလကုန်အထိ နောက်ဆုံးထားကာ ပေးပို့စေလိုကြောင်း စသည် စသည်တို့ကို အကျယ်တဝင့် လျှောက်ထားခဲ့ပါသည်။

ယင်း လျှောက်ထားချက်တို့တွင် မိမိ၏ စိတ်အဝင်စားဆုံး အချက်မှာ စာမူတောင်းခံသည့် အချက်ပင် ဖြစ်ပါသည်။ အကြောင်းမှာ မိမိသည် ဟုတ်တိပတ်တိ စာမရေးတတ်သောကြောင့်ပင် ဖြစ်ပါ၏။ အရင့်အရင်ကလည်း မည်သည့်စာစောင်မှာမှ မည်သည့်စာမျှ မရေးခဲ့ဖူးသောကြောင့် မျက်ကလူးဆံပျာ ဖြစ်ခဲ့ရသည်။ ဗျာများခဲ့ရသည်။ မိမိအတွက် ခခွေးရေးချ ကသတ်ခက်နေချေတော့၏။ အခြား ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ဆိုလျှင် မိမိ မစွမ်းနိုင်လို့ပါဟု ငြင်းပယ်မိပါလိမ့်မည်။

ယခုမှာကား ပူဇော်ခံ ဆရာတော် ဘုရားမှာလည်း မိမိ၏ဆရာ၊ တိုက်တွန်းသူမှာလည်း မိမိ၏ ဆရာများ ဖြစ်နေသဖြင့် တိုက်တွန်းသည်ဟုပင် မထင်တော့ဘဲ အမိန့်ပေးနေသည်ဟုထင်လာကာ ကလေးဘဝက ဒူးတုပ်၍ စာသင်နေခဲ့သည့် ပုံရိပ်များပင် မြင်ယောင်လာပါတော့သည်။ ကျိုက်လတ် မောင်သုပိုင် (ကိုးမိုင်း မစိုးရိမ်တိုက်အုပ်ဘုန်းကြီး ဦးသုန္ဒရ)က မှတ်တမ်းတင် ဓာတ်ပုံတွေ တဖျတ်ဖျတ်နှင့် ရိုက်နေသကဲ့သို့ မိမိရင်ထဲမှာ တဖျတ်ဖျတ်နှင့် တလှပ်လှပ်ပင် စိတ်လှုပ်ရှားနေချေတော့၏။

ထိုအခါ အကင်းပါးလှသော ဆရာကြီး ဦးထွန်းလွင်က အရှင်ဘုရားတို့ ဘာပဲဖြစ်ဖြစ် ရေးချင်တာသာ ရေးပါ၊ ပါသွားဖို့ အရေးကြီးတယ်၊ တပည့်တော် မဖြစ်ဖြစ်အောင် လုပ်ပေးပါမည်ဟု အားပေးတော့မှ မိမိမှာ သက်သောင့်သက်သာ ဖြစ်ရတော့သည်။

ဒီတော့မှ စဉ်းစားရသည်မှာ ဘာအကြောင်းကို ရေးရမလဲ။ ဆရာတော် စာတော်ကြောင်း၊ ဘွဲ့ထူးဂုဏ်ထူးတွေ ရကြောင်း၊ စာချဘုန်းကြီး တိုက်အုပ်ဘုန်းကြီး ဘဝမှသည် ဆဋ္ဌသင်္ဂါယနာ ပါဠိဝိသောဓက အဖြစ် နိုင်ငံတော် ဗဟိုဝန်ဆောင်အဖြစ် ရွှေကျင်နိကာယ မဟာဗောဓိဂိုဏ်းကြီး၏ တွဲဖက် ဂိုဏ်းအုပ်အဖြစ် စသည်ဖြင့် အထက်တန်း သာသနာရေးတာဝန်ကြီးတွေ ဆောင်ရွက်ခဲ့တာ ရေးမလား၊ အို... ဒါတွေ သူများတွေ ရေးနေလို့ ရေးစရာတောင် ကျန်မှာ မဟုတ်ဘူးလို့ တွေးလိုက်ရတာ ဒေါင်းတောက်နေတာပါပဲ။

အဲ...ကံကောင်းချင်တော့ ရှင်ထွေးညိုရဲ့ **"ပြည်စုန်မော်ကွန်းက" မကျေ ကျေးဇူး၊ စန္ဒကူးသို့ နံ့မြူးမပြယ်**–ဟူသော စာပိုဒ်ကလေးက ရှားရှားပါးပါး ပေါ်လာတော့တယ်။ ဟာ...ဟန်ကျလိုက်တာ ဆိုပြီး ထခုန်မတတ် ဝမ်းသာသွားပါတယ်။

အဘယ့်ကြောင့်ဆိုသော် ကတညုတ ကတဝေဒီ=သူတစ်ပါး ပြုဖူးသည့် ကျေးဇူးကို သိတတ်ထုတ်ဖော်ပြောကြား တတ်သူဆိုတာ ရှားပါး စာရင်းဝင် မဟုတ်ပါလား။ သို့အတွက်ကြောင့် ဝမ်းသာခြင်းပင် ဖြစ်ပါ၏။ ဟုတ်ပြီ ဆရာတော်၏ ကျေးဇူးတွေ ဥာဏ်မီ သလောက် ထုတ်ဖော်ရမည်ဟု သဘောပိုက်ကာ ဤစာပိုဒ်ကို ရေးသားဖြစ်ခြင်း ဖြစ်ပါသည်။

ရာဓပုဏ္ဏားကြီး၏ ရဟန်းအဖြစ် ရရှိနိုင်ဖို့ အရေးမှာ အရှင်သာရိပုတ္တရာအား လောင်းလှူခဲ့သော ဆွမ်းကလေးတစ်ဇွန်းစာ ကျေးဇူးမျှသာ ဖြစ်ခဲ့ချေ၏။ ထိုတစ်ဇွန်းစာမျှသော ဆွမ်းကို အရှင်သာရိပုတ္တရာအား လောင်းလှူခဲ့ဖူးသော ကျေးဇူးကြောင့်ပင် ရာဓ ပုဏ္ဏားကြီးအား ဘုရားရှင်က ရဟန်းပြုခွင့် ပေးခဲ့ခြင်း ဖြစ်လေရာ ဆွမ်းကလေး

တစ်ဇွန်းစာမျှသည်ပင် ဤမျှလောက် ကျေးဇူး ကြီးမားခဲ့လေစွတကား။ ဤသည်မှာလည်း သူ တစ်ပါး ပြုဖူးသော ကျေးဇူးကို အထူးသိတတ် ထုတ်ဖော်ပြောကြားတတ်သူ ရှင်သာရိပုတ္တရာ မထေရ်ကြီးကြောင့်ပင် တစ်ဇွန်းစာမျှသော ဆွမ်း သည် စာဝင်ပေဝင် သမိုင်းတွင်လောက်အောင် ပေါ်လွင်ထင်ရှားခဲ့ခြင်း ဖြစ်သည်ဟု ထင်မိပါ၏။

ထိုတွင်သာမက မြန်မာ့သမိုင်းတွင်လည်း ငါးစီးရှင် ကျော်စွာ၏ ကျွန်ယုံ ငခင်ညိုသည် ငတ်ငတ်နှင့် နတ်ဝင်ထားသော ထမင်းတစ်နပ်ကို စားမိသော ကျေးဇူးကို ထောက်ထား၍ မိမိအရှင်၏ အမိန့်ကိုပင် ဖီဆန်ကာ ထမင်းရှင် အသခ်ယာ စောယွန်းအား မသတ်ရက်ဘဲ အသက်ပေး၍ ကျေးဇူးဆပ်ခဲ့ဖူးလေသည် မဟုတ်ပါလော။ ထို့ကြောင့် မဏိရတနာပုံကျမ်း၌...

"အကြင်သူသည် ဂုဏ်အင်–ကျေးဇူးနှင့် ပြည့်စုံသော သူတော်ကောင်းကို မြတ်နိုးခြင်းမရှိ ထိုသူ၏ အထံ၌လည်း မနေရာ"

ဟု ကျေးဇူးမသိတတ်သူ၏ အထံမှာသော် မှ မနေသင့်ကြောင်းကို အတိအလင်း ပြဆိုထားပါ သည်။ ကိုယ်ကိုယ်တိုင် ကျေးဇူးမသိလျှင်ကား ဆိုဖွယ်ရာပင် မရှိတော့ချေ။

စာရေးသူ မိမိအပေါ်၌ ထားတော်မူခဲ့သော ဗြူးကုန်းဆရာတော်ကြီး၏ ကျေးဇူးတော်ကား တစ်ဇွန်းစာလည်းမက၊ တစ်နပ်စာလည်း မက၊ တစ်သက်စာလည်း မကသေးသော အနန္တ ကျေးဇူး တော်များပေတည်း။ ဗြူးကုန်းဆရာတော် ဘုရား ကြီးကို မိမိ စတင်သိခဲ့ဖူးသည်မှာ လွန်ခဲ့သည့် [illegible] နှင် [illegible]ဂ် သီတင်းကျွတ် ဆရာကန်တော့ပွဲ [illegible]ကတန်း မဟာဗောဓိ စာသင်တိုက်ထဲတွင် [illegible]။ မိမိက ကျောင်းသားသူငယ် အဖြစ်ဖြင့် [illegible] စော်ဘွားကြီးကုန်း ဆရာတော် [illegible]။ နောက်တော်ပါးမှ လိုက်ပါလာခဲ့ခြင်း

ကိုယ့်ဆရာသမားတွေက သူတော်ကောင်းတွေ ဖြစ်ကြတော့ ကိုယ့်မှ ကံကောင်းတယ်လို့ ပြောရမယ်။ ဆရာကောင်းကို မှီပါလျက်နဲ့ ကိုယ့်ကျမှ မရမ်းကားရဘူး။ အပြောအဆို အနေအထိုင်မှ စ၍

ဖြစ်ပြီး ဗြူးကုန်းဆရာတော် ဘုရားကြီးမှာမူ တိုက် အုပ်ဘုန်းကြီးအဖြစ်ဖြင့် တာဝန်ယူကာ မဟာဗောဓိ စာသင်တိုက်ကြီးကို အရှိန်အဟုန် မြင့်မားအောင် စွမ်းစွမ်းတမံ ထမ်းဆောင်နေသည့် အချိန် ဖြစ်ပါ သည်။

ထိုအချိန်က မဟာဗောဓိ စာသင်တိုက်ကြီး သည် အရှိန်အဟုန် ကြီးမားနေဆဲ ဖြစ်ပါသည်။ ဓမ္မာစရိယ ဘွဲ့ရ စာချဘုန်းကြီး ငါးပါးထက် မနည်း ဘက်စုံတက်စုံ ရွက်ကုန်ဖွင့်၍ ကြိုးစားနေ ဆဲလည်း ဖြစ်ပါသည်။ မိမိတို့ ရောက်သည့်နေ့ ညဘက်မှာပင် ဆရာတော်ဘုရားသည် စကား စမြည် ပြောဆိုပြီးနောက် စာသင်သားတို့အား မှောင်ကြီးထဲ၌ ညဝါကို အပျက်မခံဘဲ ဆက်လက် ပို့ချနေသည်ကို ကြုံခဲ့ဖူးပါသည်။ တကယ့် စာချ ဘုန်းကြီးပါပေ။ ရှေးဆရာတို့သည် ယမိုက် ပဌာန်း စသော ညဝါများကို ညအခါတွင် မီးမှိတ်၍ မှောင်ထဲ ပို့ချပေးသည်ဟူသော ဝေါဟာရကို ဤ စာရေးသူသည် ကြားဖူးရုံသာ မဟုတ်ဘဲ ငယ်စဉ် ကပင် ကိုယ်တွေ့ကို ကြုံခဲ့ဖူးပါတော့၏။

ပြုံးကုန်းဆရာတော် ဘုရားကြီးသည် မိမိကို ကလေးအရွယ်မှ ဘေးဖယ်ထားသည် မဟုတ်၊ မိမိမှာ ကျောက်တန်း အေးရွာလေးပိုင်းသား ဖြစ်၍ မိမိ၏ မိဘများနှင့်လည်း အကျွမ်းတဝင် ရင်းနှီးပြီးသား ဖြစ်တော်မူသော ဆရာတော်ဘုရားကြီးမှာ မိမိဘက်သို့လည်း လှည့်ကာ ကလေးနှင့် သင့်တော်သော ပဋိသန္ဓာရ စကားများဖြင့်လည်း ဖော်ရွေစွာ နှုတ်ခွန်းဆြွေနေပါသေးသည်။

ဤအချက်မှာ ဤ အသက်အရွယ်အထိ ကလေးငယ်တို့အပေါ်၌ ချမ်းသာဆင်းရဲ အလွှာမခွဲဘဲ ရင်ထဲအသည်းထဲ စွဲမြဲသွားအောင် အရွယ်အားလျော်စွာ ပြောဆိုဆုံးမတော်မူတတ်သော ပြုံးကုန်း ဆရာတော်ဘုရားကြီး၏ ပြုံးရွှင်ဖော်ရွေတတ်သည့် လောကဝတ်တစ်ခုဟု သတိပြုမိပါတော့သည်။

မိမိသည် ကျောင်းသားမှ ကိုရင်၊ ကိုရင်မှ ဦးပဉ္စင်းသို့ အဆင့်ဆင့် ပြောင်းလဲလာသော်လည်း ရွာရောက်တိုင်း မဟာဗောဓိ စာသင်တိုက်ကြီးသို့ မိဘများနှင့် ဖြစ်စေ၊ တစ်ပါးတည်းဖြစ်စေ ရောက်ခဲ့သည်က များပါသည်။ ရောက်တိုင်းလည်း ယခုလက်ရှိ တတိယ မဟာဗောဓိဆရာတော်ဘုရားကြီးနှင့် ယခင် မဟာဗောဓိ တိုက်အုပ် ယခု ပြုံးကုန်းဆရာတော်ဘုရားကြီးတို့၏ ခြေတော်ရင်းသို့ ဝင်ရောက် ဖူးမြော်မြဲ ဖြစ်ပါသည်။ ဆရာတော်ကြီး နှစ်ပါးစလုံးပင် ပြီးပန်းများဝေဆာလျက် သင့်လျော်သော သြဝါဒများ ပေးတော်မူကြကာ အမောပြေစေခဲ့ပါသည်။

မှတ်မိပါသေးသည်။ မိမိ ပထမကြိုးတန်း ရောက်ခါစ ဆရာတော်ကြီး နှစ်ပါးစလုံးကို ရေနွေးဝိုင်းမှာ တစ်ပြိုင်နက်တည်း ဖူးတွေ့ခဲ့ရစဉ်က ဖြစ်ပါသည်။

"တို့တွေလည်း အသက်တွေ ကြီးလာပြီ၊ မင်းတို့ တတွေ ကြိုးစားအားထုတ်ကြပါ၊ မင်းတို့ အဖေလည်း မဟာဗောဓိတိုက်ထွက်၊ မင်းတို့ ဘကြီးကလည်း (မဟာဗောဓိ ပထမဂဏာဝါစက ဦးနန္ဒိယကို ဆိုလိုသည်) မဟာဗောဓိ စာချဘုန်းကြီးတွေ ဆိုတော့ မင်းတို့ မဟာဗောဓိ သွေးသားတွေပဲ၊ နောင်အခါ မဟာဗောဓိ သာသနာကို တိုးတက်ကြီးပွားအောင် ဆက်လက် စောင့်ရှောက်ကြရမှာ၊ ဒါကြောင့် ရွာကိုအလည်ပြန်ရင် အိမ်မှာ မအိပ်နဲ့ ဒီမှာလာအိပ် ကြားလား"

ဟု တစ်ထပ်တည်းသော စကားကို နှစ်ပါးတိုင်ပင်ထားသည့်အလား ပြောကြား ဆုံးမတော်မူသည်များကို ယခုပင် ကြားနေရသည့်နှယ် မမေ့အားနိုင်အောင် ရှိလှပါသည်။

ဪ... ဆရာတော် ဘုရားကြီးများ အမြော်အမြင် ကြီးမားသလောက် မိမိအပေါ်တွင် နှုတ်၏ စောင်မခြင်းနှင့် တကယ်စောင်မ ချီးမြှောက်တော်မူကြပါကလားဟု အားတက်ရွင်မြူး ကြည်နူးမဆုံးဖြစ်ကာ မိမိ၏ ပထမဦးဆုံးသော ဘဝ၏ အလင်းတန်းဟုပင် မှတ်တမ်းတင်မိပါတော့သည်။

မိမိ အားကျသည့် ပြုံးကုန်းဆရာတော်ဘုရားကြီး၏ ဝေါဟာရတစ်ခုမှာ တိုက်အုပ်ဘုန်းကြီးဟူသော ဝေါဟာရပင် ဖြစ်ပါ၏။ ယခင်က မိမိတို့ မဟာဗောဓိဂိုဏ်းကြီးတွင် တိုက်အုပ် ဘုန်းကြီးဟူသော ဝေါဟာရသည် ကျိုက္ကဆံ ရွှေကျင်တိုက်သစ်၊ အုန္နဒကွီဏာရုံ ရွှေကျင်တိုက်နှင့် ကျောက်တန်း မဟာဗောဓိ စာသင်တိုက်တို့၌သာ ရှိသေးသည်ဟု ထင်ပါသည်။ ထိုတွင်လည်း ဂိုဏ်းသားရှင်ငယ်ရဟန်းငယ်တို့နှင့် အထိအတွေ့အများဆုံးမှာ ဤမဟာဗောဓိ တိုက်အုပ် ဘုန်းကြီးဟု ဆိုချင်ပါသည်။ တိုက်အုပ်ဘုန်းကြီးသည် ဂိုဏ်းဂဏာကိစ္စရပ်များကို ရှေ့တန်းမှ မားမားရပ်ကာ နှစ်ပေါင်းများစွာ ထမ်းဆောင်တော်မူခဲ့သောကြောင့်လည်း ရှင်ငယ်ရဟန်းငယ်တို့တိုင်အောင် ထင်ရှားကာ အသိများ_ခြင်းလည်း ဖြစ်နိုင်ပါသည်။ မည်သို့ပင် ဖြစ်စေ

မိမိမူကား တိုက်အုပ် ဘုန်းကြီးဟော့ဆိုလျှင် ပြုံးကုန်း ဆရာတော် ဘုရားကြီးကိုပင် ယခုထိ ပြေးမြင် နေမိပါသေးသည်။ မိမိသာမက ဆရာဖြစ်သော ရတနာမွန် အယ်ဒီတာချုပ် ဆရာကြီး ဦးထွန်းလွင် သည်ပင် တိုက်အုပ်ဘုန်းကြီးဟု ယောင်၍ ထွက်နေ တတ်ပါသေးသည်။ ဤမျှ အရှိန်အဝါ ကြီးမားတော်မူသော တိုက်အုပ်ဘုန်းကြီးမျိုးပါကလား။

တိုက်အုပ်ဘုန်းကြီးအကြောင်းကို ဆရာကြီး ဦးထွန်းလွင်က ရဟန်းဘဝနှင့် စာချရင်း မိမိတို့ အား တစ်ဆင့်ပြောပြသည်မှာ–

တိုက်အုပ်ဘုန်းကြီးက ရုပ်ရည်ရူပကာကလည်း ကြည်ညိုဖွယ်ကောင်းသလို အရေးအသားလည်း ညက်ညောတယ်။

ရတု ဂါထာ ကဗျာတွေကို တစ်ခဏအတွင်း မှာပင် ပြောင်ပြောင်မြောက်မြောက် စပ်ဆိုနိုင်တယ်။

တစ်ခါက တို့များစာဝါတက်နေတုန်း လေသာတံခါးမှ လေပြည်လေနုအေးအေးလေး တိုက်ခတ်ပြီး ဝင်လာတာကို တစ်ခဏအတွင်းမှာ စာချရင်းနှင့် ကဗျာစပ်ဆိုပြီး အရသာခံစားစေခဲ့တယ်။

"ငါက ဘောလုံးကြည့် ဝါသနာပါတယ်၊ တို့ကျောင်းနောက်က ဘောလုံးကွင်း ရှိတာကိုး၊ တို့ ကျောက်တန်းသားတွေကလည်း ဘောလုံးကန် ကောင်းသားဆိုတော့ သွားသွားခိုးကြည့်တယ်၊ အဲဒါ ကျောင်းတိုက်အစမ်းစာမေးပွဲလုပ်တော့ ငါက ကျသွားရော၊ ကျသွားတော့ ငုံ့အဖြေလွှာပေါ်မှာ–

"ဥာဏ်ကြီးရှင် ဘွဲ့ချီသ၊ ထိပ်ကျတဲ့ သာမဏော၊ တိကွတဲ့လေ၊ ဘော်လုံးနဲ့ စာပေ မက်ပလေ ဘောလုံး၊ နောင်အစဉ် မပြင်နွဲရင်လ၊ စာသဘင် ထိုသည့်ပွဲမှာ၊ (တိကွရေ) လွဲပသက်ဆုံး"

လို့ တိုက်အုပ်ဘုန်းကြီးက ကဗျာစပ်ပေးလိုက်တယ်။ ငါကလည်း ဥာဏ်ကောင်းတော့ အမြဲတမ်း ကျောင်းမှာဆို နံပါတ်တစ်ချည်းရယ်၊ အဲဒီနေ့ကတော့ ဘောမက်တာနဲ့ ကျရော ဆိုပါတော့လို့ ကဗျာကိုပင် ဆရာကြီးက ရွတ်ပြပါသေးသည်။

တိုက်အုပ်ဘုန်းကြီးက အဲ့ရေးအသား ကောင်းရုံတွင် မကသေးဘူး၊ လက်ရေးကလည်း အင်မတန် လှတာ၊ တို့တွေ သူ့လက်ရေးကို တုပြီး ရေးတာ ခုထိ မမီဘူး။

တစ်ခါကလည်း ပဲခူးပညာအုပ်ရုံးကို စာတင် စရာရှိလို့ တိုက်အုပ်ဘုန်းကြီးက ရေးပြီး သွားတင်တယ်။ ပဲခူးပညာဝန်က တပည့်တော် တစ်သက် အခုလောက်လှတဲ့ လက်ရေးမျိုး မတွေ့ဖူး သေးဘူးလို့ ဆိုလိုက်သည်။ တိုက်အုပ်ကြီးက လက်ရေးလှသလို စိတ်လှလူလှပဲဟု ပြောပြဖူးသည် ဟု ချီးကျူးပါတော့သည်။ အင်း အပြောအဆို အဆုံး အမကလည်း ပညာသားပါတယ်။ တစ်ခါက တို့များက အလောသုံးဆယ်မို့ ပခုံးမှာ သက်နှံးမပတ် ဘဲ ရေချိုးခွက် ကလေးကိုင်ပြီး ရေကန်သွားတာကို တိုက်အုပ်ဘုန်းကြီးမြင်တော့ ဟို စာချဘုန်းကြီးက လည်း သက်နှံး မပတ်ဘဲ ကိုယ်တုံးလုံးနဲ့ပါလားဟု လှမ်းဆူလိုက်တာ ခုထိ တွေးမိရင် ရှက်နေပါသေး တယ်ဟု ပြောပြပါသည်။ မှတ်ထိုက်ပေစွ။

တိုက်အုပ်ဘုန်းကြီးသည် တိုက်တွင်း အုပ်ချုပ်ရေး၊ ပညာရေး၊ ဟောပြောရေး၊ သာသနာရေး ကိစ္စများသာမက ကျောင်းသားကလေးများ၏ အဝတ်အစားများကိုပင် ကိုယ်တိုင် သပ်ရပ်စွာ ချုပ်ပေးခြင်း၊ တံမြက်စည်း ထိုးပေးခြင်း စသော အောက်ခြေသိမ်း ကိစ္စများပါ မကျန် ဘက်စုံ ထောင့်စုံမှ အမျိုးစုံဆောင်ရွက်တော်မူခဲ့သော မဟာဗောဓိ တစ်ဂိုဏ်းလုံးမှ တုကယ့် "စံ" ထား လောက်သော ဘက်စုံပြည့်ဝသည့် တိုက်အုပ် ဘုန်းကြီးတစ်ပါး ဖြစ်ပါပေ၏။ ရွှေကျင် နိကာယ မဟာဗောဓိ ဝိနည်း စာတော်ပြန်ပွဲကြီးတွင် ပထမ ရွှေကျင် ဆရာတော်ဘုရားကြီး၏ စူဠသိဿ ကောဝါဒကို ကြည်လင်ပြတ်သားစွာ ဖတ်ကြားတော်မူနေသော တိုက်အုပ် ဘုန်းကြီး၏ အသံတော်မှာ

တကယ်ပင် ပထမ ရွှေကျင်ဆရာတော် ဘုရားကြီးကိုယ်တော်တိုင် ဩဝါဒပေးနေသည့် အလားမှန်းဆကာ ထပ်တူထပ်မျှ ခံစားရပါသည်။

၁၃၃၈-ခုနှစ်ခန့်က ဖြစ်ပါသည်။ ကြို့ကုန်းစက်မှုတက္ကသိုလ် ကထိန်ပွဲသို့ တိုက်အုပ် ဘုန်းကြီးနှင့်အတူ မိမိ လိုက်ပါခဲ့ဖူး၏။ မိမိတို့ အခမ်းအနားသို့ ရောက်ရှိချိန်၌ ဆောင်းဘောက်မှ အဆိုကျော်တို့၏ ကြည်နူးဖွယ်ကောင်းသော ခေတ်ပေါ် တေးသံသာများ ကြားနေရပါသည်။ အခမ်းအနား စတင်၍ တိုက်အုပ်ဘုန်းကြီးအလည့် ရောက်သောအခါ ထိုအဆိုကျော်တို့၏ အသံထက် ကောင်းမွန်သော ဓမ္မသံစဉ်များကို နားဆင်ရပါတော့သည်။ အသံတော်မှာ ချိုလွင်လှပါပေ၏။ အသုံးအနှုန်းမှာလည်း

"စက်မှု တက္ကသိုလ် ပါမောက္ခများ၊
ကထိကများ၊
ဆရာ/ဆရာမများ၊
ကျောင်းတော်သူ/ကျောင်းတော်သားများ

ဟု သိမ်သိမ်မွေ့မွေ့ သုံးနှုန်းထားသည်မှာ အလွန်လှပါပေ၏။ ထိုတွင်မက ဟောတော်မူသော တရားတော်မှာလည်း တက္ကသိုလ်ကျောင်းတော်သူ/ကျောင်းတော်သားများနှင့် လိုက်လျောညီထွေ ရှိလွန်းလှပါ၏။ ဤအသုံးအနှုန်းများကိုအတုယူကာ စာရေးသူ မိမိသည်လည်း တရားပွဲတို့၌ နေရာတကျ သင့်လျော်စွာ သုံးနှုန်းတတ်ခြင်း ဖြစ်ပါသည်။ "စံ" ထားထိုက်ပါပေစွ။

မိမိ အစိုးရ ပထမလတ်တန်း ဖြေဆိုနေစဉ်က မိမိတို့ ကျောင်းသို့ တိုက်အုပ်ဘုန်းကြီး ကြွရောက်နေခိုက်နှင့် ကြုံပါသည်။ မိမိသည် သဒ္ဒါဘာသာနှင့်၌ အားမရ၍ ဆက်မဖြေချင်တော့ဘဲ စိတ်ဓာတ်အကြီးအကျယ် ကျနေရာ မိမိ၏ ဆရာ၊ ဆရာကြီး ဦးထွန်းလွင်က တိုက်အုပ်ဘုန်းကြီးရှေ့ ခေါ်ကာ မေးခွန်းကို စစ်ဆေးစေပါတော့သည်။ ထိုအခါ တိုက်အုပ်ဘုန်းကြီးက

"မင်းက မဖြေနိုင်ဘူးသာဆိုတယ်၊ မင်းဖြေထားတာတွေကလည်း အမှန်တွေ ချည်းပါပဲလား။ ဆက်ဖြေပါ"

ဟု တိုက်တွန်းတော် မူသဖြင့် ဆက်လက်ဖြေဆိုရာ ထိုနှစ်က ပထမလတ်တန်းကို နှစ်ချင်းပေါက် အောင်မြင်ပါတော့သည်။ အကယ်၍သာ တိုက်အုပ်ဘုန်းကြီးနှင့် မကြုံကြိုက်ပါက ထိုနှစ် ပထမလတ်တန်း အောင်မြင်တော့မည် မဟုတ်ပါပေ။ လိုအပ်လျှင် လိုအပ်သလို စောင့်ရှောက်တတ်သော တိုက်အုပ် ဘုန်းကြီးပါတကား။

မိမိ ပထမကြိုးတန်း ရောက်ခါစက တိုက်အုပ်ဘုန်းကြီးသည် ကျန်းမာရေး မကောင်းသဖြင့် မိမိတို့ ကျောင်း၌ တစ်လခန့် သီတင်းသုံးတော်မူရင်း ဆေးကုသမှုကို ခံယူသော အချိန် ဖြစ်သည်။ မိမိတို့၏ ဆရာတော် (စော်ဘွားကြီးကုန်း ဆရာတော်) နှင့် တိုက်အုပ် ဘုန်းကြီးတို့သည် သက်တော်ဝါတော်ချင်း မတိမ်းမယိမ်း ငယ်ပေါင်းကြီးဖက် မိတ်ဆွေ အရင်းအချာများ ဖြစ်သောကြောင့်လည်း တိုက်အုပ် ဘုန်းကြီးကို ညီအရင်းပမာကဲ့သို့ လိုလေသေးမရှိအောင် ပြုစုစောင့်ရှောက်တော် မူပါသည်။ တိုက်အုပ် ဘုန်းကြီး၏ ရောဂါကား ပြင်းထန်လွန်းလှ၏။ လေများ တအေ့အေ့ဖြင့် ပို့ကြ်ုတက်အန်ကာ ပေါင်ကလည်း အခံရခက်အောင် ကိုက်ခဲနေပါသည်။ စာချဘုန်းကြီး ဘဝ၊ တိုက်အုပ်ဘုန်းကြီးဘဝဖြင့် နှစ်ပေါင်းလေးဆယ်ကျော် အလုပ်လုပ်ခဲ့ရသောကြောင့် အလုပ်ပိပြီး ရောဂါရသည်ဟု မိမိ၏ ထင်မြင်ယူဆချက်ကို မိမိ၏ ဖခင် ဒကာကြီးအားပြောမိရာ ဒကာကြီးက

"ဒါလဲဒါပေါ့။ ဒါပေမယ့် တိုက်အုပ်ဘုန်းကြီးတို့မှာ မျိုးရိုးရှိတယ်၊ သူ့အစ်ကို ဦးပဏ္ဍိစ္စဆိုရင် သူ့ထက်တောင် ဉာဏ်ကောင်း သေးတယ်။ အဟောအပြောလည်း ကောင်းတယ်၊ အသံလည်းရတယ်။

တစ်ခါက သွေးအန်နေလို့ စာမပြန်နိုင်တာနဲ့ တပည့်တော်ကရှေ့က စာပြန်ပေးပြီး သူက လိုက်မှတ်ရတယ်။ ဉာဏ်ကကောင်း တော့ မှတ်မိတာပါပဲ။ အင်း သူလည်း ပေါင်ကိုက်တဲ့ ရောဂါရှိတာပဲ။ စိုးရိမ်စရာတော့ ကောင်းတယ်"

ဟု ပြောပြပါသည်။

ထိုအခါကျမှ ဩ... တိုပ်အုပ်ဘုန်းကြီးမှာ အစ်ကို ဦးပဏ္ဍိစ္စဆိုတာ ရှိသေးတာပဲကိုး၊ ဆရာတော် ဦးပဏ္ဍိစ္စသာ ရှိနေဦးမယ်ဆိုရင် ညီနောင်နှစ်ပါး မဟာဗောဓိသာသနာကို ဘယ်လောက်များ အရှိန်အဝါကြီးမားအောင် ပြုစုမလဲဟု တွေးတောကာ နှမြောနေမိပါသေးသည်။

တိုက်အုပ် ဘုန်းကြီးကား တဖြည်းဖြည်းနှင့် ကျန်းမာရေး ကောင်းမွန်စ ဖြစ်လာပါတော့သည်။ ထိုအခါ ဆရာကြီး ဦးထွန်းလွင်က တိုက်အုပ်ဘုန်းကြီးက အဘိဓမ္မာပိုင်တယ်၊ သူ့ဆီမှာ ပဋ္ဌာန်းတက်ရမည်ဟု အမိန့်ပေးသဖြင့် တိုက်အုပ် ဘုန်းကြီးထံမှာ ပဋ္ဌာန်းစာဝါနှင့် အလင်္ကာတို့ကို တက်ခဲ့ရပါသည်။ စာတက်ရသည်ဟု ဆိုသော်လည်း အချိန်က များများစားစားတော့ မဟုတ် (၁၅)ရက်ခန့် နည်း ရရုံသာ ဖြစ်သည်။ နည်းရရုံသာဟု ဆိုသော်လည်း မည်သူ့ထံမှ နည်းမခံရဘဲ ထို (၁၅)ရက် ပဋ္ဌာန်းဖြင့်ပင် မိမိမှာ အခြား အဘိဓမ္မာ စာမေးပွဲများနှင့် အစိုးရပထမကြီးတန်းကို အောင်ပန်းဆင်ခဲ့ရသည်။ မိမိ၏ တပည့်များကိုလည်း ထို (၁၅) ရက် ပဋ္ဌာန်းဖြင့်ပင် ယနေ့အထိ ပို့ချပေးနိုင်ခဲ့ပါသည်။

ထိုအခါက တိုက်အုပ်ဘုန်းကြီး၏ ဩဝါဒလေး တစ်ခုကို အမှတ်ရနေမိသေး၏။

"ညဝါဆိုတာ အခြေခံသင်္ဂြိုဟ် သရုပ်ပဲ၊ သရုပ်ပိုင်ရင် ညဝါနိုင်တာပဲ၊

မင်းတို့က သရုပ်ကို ကျေကျေပွန်ပွန် ရထားတော့ သင်ရတာလည်း လွယ်ကူမြန်ဆန် တယ်၊ မင်းတို့လည်း သဘောပေါက်လွယ်တယ်၊ အချိန်မပုပ်ဘူးပေါ့။

ဒါကြောင့် ညဝါနိုင်ချင်ရင် သရုပ်ပိုင်ဖို့တော့ လိုလိမ့်မယ်"

ဟူသည်တည်း။ တိုက်အုပ်ဘုန်းကြီး၏ ညဝါပဋ္ဌာန်းသည် အံ့မခန်းနိုင်လောက်အောင် ဆွဲဆောင်နိုင်သော တကယ့် စာဝါကြီးတစ်ခု ဖြစ်သည့်အပြင် သာသနာတော်တွင် အဆုံးမရှိသော မိမိအပေါ် ထားရှိခဲ့သည့် ကြီးမားသော ကျေးဇူးအထုကြီးဟု မြင်မိပါတော့ သည်။ တိုက်အုပ်ဘုန်းကြီးအထံမှာ တစ်နှစ်လောက်များ ပဋ္ဌာန်းစာဝါ တက်ခွင့် ရလိုက်လျှင်ကား ကျွမ်းကျင်သော ပဋ္ဌာန်းပညာရှင်တစ်ပါး ဖြစ်သွားမည်မှာ မလွဲနိုင်ပါပေ။

တစ်ခုသော သီတင်းကျွတ် လပြည့်နေ့ နံနက်ပိုင်းတွင် ဗြူးကုန်းတောရ စာသင်တိုက်သို့ မိမိ၏ တပည့်များနှင့်အတူ ဗြူးကုန်းဆရာတော် အဖြစ်သို့ ရောက်ရှိပြီးတော်မူသော တိုက်အုပ်ဘုန်းကြီးအား သွားရောက်ကန်တော့ ကြရာ ထိုကန်တော့ပွဲ၌ တိုက်အုပ်ဘုန်းကြီးက

"အေး လူလိမ္မာသား ယဉ်ပါးတယ်၊ လူမိုက်သား ရမ်းကားတယ်ဆိုတဲ့ စကားပုံအတိုင်း–

ကိုယ့်ဆရာသမားတွေက သူတော်ကောင်းတွေ ဖြစ်ကြတော့ ကိုယ့်မှာ ကံကောင်းတယ်လို့ ပြောရမယ်။ ဆရာကောင်းကို မှီခိုရပါလျက်နဲ့ ကိုယ့်ကျမှ မရမ်းကားရဘူး၊ အပြောအဆို အနေအထိုင်မှ စ၍ အစစ အရာရာ သိမ်သိမ်မွေ့မွေ့ ရှိကြရတယ်။

ဒါမှ လူလိမ္မာသား ပီသမှာ"

ဟု ဆုံးမတော်မူခဲ့ဖူးသော ဩဝါဒများ မှာ ယနေ့တိုင်အောင် နားထဲမှ မထွက်နိုင်ဘဲ ရှိတော့သည်။

ထို့ကြောင့် တိုက်အုပ်ဘုန်းကြီး ဟူသော ဝေါဟာရကို မိမိ အလွန်နှစ်ခြိုက်မိ အားကျမိခဲ့

ခြင်း ဖြစ်ပါသည်။ မိမိ တိုက်အုပ်ဘဝသို့ ရောက်သောအခါ အချို့ ဒကာများက တိုက်အုပ် ဆရာတော်ဟု လေးလေးစားစား သုံးနှုန်ကြပါသည်။ မိမိမူကား ဆရာတော်ဟူသော ထိုအသုံးအနှုန်းကြောင့် နားထဲမှာ ယားကျိယားကျိ ဖြစ်နေသလို ခံစားရပါ၏။

အလုပ်များစွာ လုပ်တော်မူခဲ့သော တိုက်အုပ်ဘုန်းကြီးဟူသော အသုံးအနှုန်းကိုသာ သဘောအကျဆုံး နားဝင်အချိုဆုံး ဖြစ်ခဲ့ပါသည်။ ထိုသော ဤသော တိုက်အုပ်ဘုန်းကြီး (ယခု ဗြူးကုန်းတောရ စာသင်တိုက် ဆရာတော်ဘုရား ကြီး) ၏ မိမိအပေါ် ထားရှိတော်မူခဲ့သော ကျေးဇူးတရားများကား ကုန်စင်အောင် မပြောပြနိုင်သလို ကုန်စင်အောင်လည်း ဆပ်နိုင်တော့မည် မဟုတ်တော့ချေ။

ကျေးဇူးတရားများသည် မြူးပြန့်မွှေးကြိုင်နေသော စန္ဒကူးနံ့သာ အနံ့များ မပြယ်နိုင်သကဲ့သို့ မည်သို့မျှ မကျေနိုင်သော **"မကျေကျေးဇူး၊ စန္ဒကူးသို့၊ နံ့မြူးမပြယ်"** ပင် ဖြစ်နေခြိမ့်ဦးမည် တကား။

အရှင် နန္ဒသာရ (ကျောက်တန်း)
အသောကာရုံ ရွှေကျင်စာသင်တိုက်

ဗြူးကုန်းကျောင်းတိုက် အတွင်း ကောင်းမှုမြင်ကွင်းတစ်ခုမှ ပုံဖြစ်သည်။



မျှောဝရိယ ဦးမောင်မောင်လေး

အဝွန့်ရှည်ကြာ သာသနာတော် တည်တံ့ရေး

ဗြူးကုန်းတောရဟူသောအမည်ကို ကြားဖူးခဲ့သည်မှာ မကြာလှသေး၊ ဆယ်စုနှစ်တစ်ခုမျှ လောက်သာ ရှိသေးသည်ဟု ထင်ပါသည်။ နှစ်ကြိမ် သုံးကြိမ်မျှ ကြားရပြီးနောက် အဲဒီကျောင်းက ဘယ်မှာလဲ" ဟု မေးကြည့်ရာ အရှေ့ကြို့ကုန်း ရာဘာခြံထဲက

ဦးစက္ကိန်ကျောင်းနေရာပဲပေါ့" ဟု ကြားရသဖြင့် ချက်ချင်း သဘောပေါက်သွားခဲ့၏။

သို့ကိုင်အောင် "တောရ" ဆိုသောကြောင့် ဆရာတော်တစ်ပါးတောရဆောက်တည်၍ကမ္မဋ္ဌာန်း ထိုင်နေသော ကျောင်းကလေးမျှသာ ဖြစ်လိမ့်မည် ဟု ထင်ခဲ့၏။ ရတနာမွန် မဂ္ဂဇင်း အယ်ဒီတာချုပ် ဦးထွန်းလွင်နှင့် ဆက်မိပြီးမှသာလျှင် ပြုံးကုန်းတောရကို စာတတ်ပေတတ် ဆရာတော်တစ်ပါးက စာသင်သားများ လက်ခံ၍ ပရိယတ္တိ စာသင်တိုက် အဖြစ် ပြုစုပျိုးထောင်လျက်ရှိရာ အောင်မြင်နေကြောင်း၊ တစ်နှစ်ထက်တစ်နှစ် စာသင်သားဦးရေ တိုးလျက်ရှိကြောင်း ကြားသိခဲ့ရပါသည်။

ဦးထွန်းလွင်မှာ ပဲခူးမြို့နယ် ကျာက်တန်း မဟာဗောဓိ ကျောင်းထွက် ဖြစ်ပြီး ယခု ပြုံးကုန်းတောရ ဆရာတော်မှာလည်း မဟာဗောဓိ ဂိုဏ်းဝင် ဖြစ်သည်ဟု ဆိုပါသည်။ ကျာက်တန်း မဟာဗောဓိ ကျောင်းတိုက်ကား အောက်မြန်မာနိုင်ငံ ရွှေကျင် ဂိုဏ်း နယ်ပယ်၌ တင်ရှားသော ကျောင်းတိုက် တစ်တိုက် ဖြစ်ပေသည်။ တစ်ချိန်က ပိဋကတ်စာပေ လောကဌ နာမည်ကြီးခဲ့သော မေဓာဝီ ဆရာဆိုင်၊ ပါဠိဆရာ ဆရာဝ စသော ပညာရှင်များကို မွေးထုတ်ပေးခဲ့သော ကျောင်းတိုက်ကြီး ဖြစ်ပေသည်။

သို့ဖြစ်ပေရာ မဟာဗောဓိ အဆက်အသွယ်ဟု ဆိုလျှင် နှယ်နှယ်ရရ ပုဂ္ဂိုလ် ဖြစ်မည်မဟုတ်ဟု စာရေးသူ တွေးမိခဲ့၏။ တွေးမိခဲ့သည့်အတိုင်းလည်း မှန်ကန်ကြောင်း သိလာရပါသည်။ ပြုံးကုန်းတောရ လို နေရာ၌ နှစ်တိုကာလအတွင်း စာသင်သား တစ်ရာကျော်တို့အတွက် ဆွမ်းကွမ်းနှင့် ကျောင်း အဆောက်အဦး ပြည့်စုံစွာဖြင့် စာသင်တိုက်တစ်ခု ဖြစ်မြောက်လာအောင် စွမ်းဆောင်နိုင်ခဲ့သော ပုဂ္ဂိုလ်ကား ကာယဉာဏ အရည်အချင်း နှစ်ရပ်လုံးနှင့် ပြည့်စုံသော ဗျတ္တ ပဋိဗလပုဂ္ဂိုလ်သာ ဖြစ်ရပေသည်။

ယခု ပြုံးကုန်းတောရ ဆရာတော်မှာ မဟာဗောဓိ ကျောင်းထွက် ဖြစ်ရုံသာမက ငယ်စဉ်ကမန္တလေးမြို့ အဘယာရာမ ဆရာတော်ထံ၌ပင် ပညာဆည်းပူးခဲ့ဖူးကြောင်း သိရပေသည်။ အဘယာရာမ ဆရာတော်ကား ထိုခေတ် ထိုအချိန်က ပရိယတ္တိ စွမ်းရည်နှင့် ပတ်သက်၍လည်းကောင်း၊ ဝိနည်းကို ရိုသေ၊ စည်းကမ်းဥပဒေကို လေးစားလိုက်နာမှုနှင့် ပတ်သက်၍လည်းကောင်း စံပြုထိုက်သော ပုဂ္ဂိုလ်တစ်ပါး ဖြစ်ခဲ့ပေသည်။

နောက်ဗိုင်းတွင် ထင်ရှားလာမည့် မဟာဂန္ဓာရုံ ဆရာတော် အရှင်ဇနကာဘိဝံသနှင့် သပြေကန် ဆရာတော် အရှင် ဝေါသေဋ္ဌတို့သည် အဘယာရာမ ဆရာတော်၏ တပည့်ရင်းများ ဖြစ်ခဲ့ကြပေသည်။ ပြုံးကုန်းဆရာတော် အရှင်အာစိဏ္ဏကား ထိုဆရာတော် နှစ်ပါးထံ၌လည်း စာဝါများ တက်ခဲ့ဖူးကြောင်း သိရပေသည်။ ဤသို့လျှင် အစဉ်အလာအားဖြင့် ဆရာကောင်း သမားကောင်းတို့၏ အဆက်အနွယ် ဖြစ်သော ဆရာတော်တစ်ပါး၏ အားထုတ်မှုကြောင့်ပင် ပြုံးကုန်းတောရ ပရိယတ္တိစာသင်တိုက် တိုးတက်အောင်မြင်လာခြင်း ဖြစ်မည်ဟု ယုံကြည်ပါသည်။

သာသနာသုံးရပ်တို့တွင် ပရိယတ္တိ သာသနာသည် အခြေခံဖြစ်သည်ဟူသော စကားမှာ ရှေးခေတ် အဋ္ဌကထာ ဆရာတို့ မိန့်ဆိုခဲ့သော စကားပင် ဖြစ်ပေ၏။ ထိုစကားမှန်ကန်ကြောင်း နှစ်ပေါင်းနှစ်ထောင့်ငါးရာကျော်ခဲ့ပြီ ဖြစ်သော သာသနာသမိုင်းကပင် အထင်အရှား သက်သေပြလျက်ရှိပေသည်။ ပရိယတ္တိ သာသနာဟူသည် သက်တော်ထင်ရှား မြတ်စွာဘုရားသည် (၄၅) ဝါကာလအတွင်း၌ ဟောကြားတော်မူခဲ့သော ဝိနည်း သုတ္တန်၊ အဘိဓမ္မာ တရားတော်များပင် ဖြစ်၏။ ထိုတရားတော်များ မကွယ်မပျောက်စေရန် ဆရာ စဉ်ဆက်သင်ကြားပို့ချသောအားဖြင့် စောင့်ထိန်းခြင်း သည် သာသနာ့ တာဝန်ကို ဆောင်ခြင်း မည်ပေ၏။

ဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူသည်မှ နောက်

ခေတ်အဆက်ဆက်တို့၌ သာသနာ့တာဝန်ကို ဆောင်ခဲ့ကြသော ပုဂ္ဂိုလ်တို့တွင် ရှင်မဟာကဿပ အမှူးရှိသော ပထမသင်္ဂါယနာတင် ရဟန္တာအရှင်မြတ် ငါးရာတို့သည် အာဒိကမ္မိက ပထမဦးဆုံး ဖြစ်ကုန်၏။ ဤတွင် ရှင်မဟာကဿပ မထေရ်ကြီး၏ အမြော်အမြင် ကြီးပုံကို အထူးပင် ချီးကျူးထိုက်လှပေ၏။ အရှင်မြတ်ကြီးသည် ပိဋကတ်သုံးပုံတည်မှ သာသနာတည်မည်'' ဟု ပြတ်သားစွာ မြင်တော်မူသည်ဖြစ်၍ ဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူပြီး ဆောလျင်နိုင်သမျှ ဆောလျင်စွာ ဘုရား၏ တရားတော်များကို သံဂါယနာတင်ရန် ကြံစည်အားထုတ်တော် မူခဲ့ခြင်း ဖြစ်ပေသည်။

မလ္လတိုင်း ကုသိနာရုံမြို့ကလေးဌ ဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူသောအခါ အမြိုမြို့ အနယ်နယ်မှ ခုနစ်သိန်းသော ရဟန်းတို့ ကုသိနာရုံသို့ စုဝေးရောက်ရှိလာကြသည်။ ထိုခုနစ်သိန်းသော ရဟန်းတို့တွင် မဟာကဿပ မထေရ်ကြီးသည် သံဃထေရ် ဖြစ်တော်မူသည်။ ဘုရားရှင်၏ အလောင်းတော်ကို မီးသင်္ဂြိုဟ်ပြီး ခုနစ်ပြည်ထောင် မင်းတို့အား ဓာတ်တော်များ ခွဲဝေပေးသောနေ့တွင် ရှင်မဟာကဿပသည် သံဃအစည်းအဝေးကြီး ကျင်းပ၍ ခုနစ်သိန်းသောရဟန်းတို့အား ပုဒ္ဓဝစနကို သံဂါယနာတင်ရန် အကြံပြုတိုက်တွန်းတော်မူခဲ့၏။

ထို့နောက် အရှင်မဟာကဿပ မထေရ်ကြီးသည် ရဟန်းအားလုံးတို့၏ သဘောတူညီချက်ဖြင့် သံဂါယနာတင် ကိစ္စ ဆောင်ရွက်ရန် ရဟန်းငါးရာကို ရွေးချယ်ပြီး ဝါခေါင်လပြည့်ကျော် ၅-ရက်နေ့တွင် ရာဇဂြိုဟ်ပြည် ဝေဘာရ တောင်ယံရှိ သတ္တပဏ္ဏိလိုဏ်ဂူ၌ သံဂါယနာ စတင်ကျင်းပရန် ဆုံးဖြတ်တော် မူခဲ့၏။

ဤသို့ ဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူပြီး ကြာမြင့်စွာ အချိန်ဆွဲမနေဘဲ သုံးလနှင့် ငါးရက်မြောက်သောနေ့၌ ပင် သံဂါယနာတင်ပွဲကို စတင်ရန် ဆုံးဖြတ်ခဲ့ခြင်းမှာ ကြီးမားသော ဉာဏ်အမြော်အမြင်ဖြင့် ဆုံးဖြတ်တော်မူခဲ့ခြင်း ဖြစ်ပေသည်။ မှန်ပေ၏။ ဤသို့ ဆောလျင်စွာ သံဂါယနာတင်ခြင်း မပြုပါက ၄၅-ဝါ ကာလအတွင်း၌ ဘုရားရှင် ဟောကြားပညတ်ခဲ့သော ဝမ္မနှင့် ဝိနယတို့မှ အချို့သော အစိတ်အပိုင်းများ ပ်ပျောက်ပျက်သွားနိုင်ပေသည်။ ယုတ်မာသော ရဟန်းများကလည်း ဝိနည်း သိက္ခာပုဒ်အချို့ကို မလိုက်နာတော့ဘဲ မိမိတို့ နေချင်သလိုနေ၊ လုပ်ချင်သလို လုပ်လာကြပေလိမ့်မည်။ ထို့ပြင် ဘုရားဟော မဟုတ်သည်ကို ဘုရားဟောလုပ်၍ ဟောပြောသော ပုဂ္ဂိုလ်များလည်း ပေါ်လာနိုင်ပေသည်။

သံဂါယနာတင်ခြင်းဟူသည် အကြောင်းအားလျော်စွာ ထိုထိုအရပ်၌ ဟောကြားခဲ့၊ ပညတ်ခဲ့သည်ဖြစ်၍ ပြန့်ကြဲနေသော ဝမ္မနှင့် ဝိနယတို့ကို မကြွင်းမကျန်စေဘဲ အားလုံးပါဝင်အောင် စုစည်းသိမ်းယူ၍ ရဟန္တာငါးရာတို့ အညီအညွတ် ရွတ်ဆိုအတည်ပြုတော်မူကြခြင်း ဖြစ်ပေသည်။ ရဟန္တာငါးရာတို့သည် ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာတရား အားလုံးကို အကြွင်းမရှိ အလုံးစုံ စုစည်းကာ ပိဋကတ်အားဖြင့် သုံးပုံ၊ နိကာယ်အားဖြင့် ငါးရပ် စသည်ဖြင့် အစီအစဉ်တကျ သတ်မှတ်ပိုင်းခြားတော် မူခဲ့ကြသည်။ ယင်းသို့ သတ်မှတ်ပိုင်းခြားပြီးနောက် ထိုပိဋကတ်တော်များ အဓွန့်ရှည်စွာ တည်ရစ်စေရန်အတွက် ...

- ဝိနယပိဋကတ်ကို အရှင် ဥပါလိနှင့် တပည့်တို့က လည်းကောင်း၊
- ဒီဃနိကာယ်ကို အရှင်အာနန္ဒာနှင့် တပည့်တို့က လည်းကောင်း၊
- မဇ္ဈိမနိကာယ်ကို အရှင်သာရိပုတ္တရာ၏ တပည့်တို့က လည်းကောင်း၊
- သံယုတ္တနိကာယ်ကို အရှင်မဟာကဿပနှင့် တပည့်တို့က လည်းကောင်း၊

– အဂုံတ္တရနိကာယ်ကို အရှင်အနုရုဒ္ဓါနှင့် တပည့်တို့က လည်းကောင်း၊

အဆင့်ဆင့်အားဖြင့် သင်ယူပို့ချ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ကြရန် တာဝန်ယူခဲ့ကြပြီး ဝိနယပိဋကတ်နှင့် အဘိဓမ္မာ ပိဋကတ်မှ တစ်ပါးသော ခုဒ္ဒကကျမ်းများကိုလည်း ထိုထိုပထေရ်တို့က မိမိတို့ စွမ်းနိုင်သလောက် ပိုင်းခြား၍ တာဝန်ယူခဲ့ကြလေသည်။

ဤသို့ ပထမသံဂါယနာအပြီးတွင် အသီးသီး တာဝန်ယူခဲ့ကြသောမထေရ်တို့သည် မိမိတို့ တာဝန်ကျသော ပိဋကတ်ကျမ်းများကို ဆရာရော တပည့်ပါ နှုတ်တက်အာဂုံ ကျက်မှတ်၍ ဆောင်ခဲ့ ကြရခြင်း ဖြစ်ပါ၏။ ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် နှစ်ပေါင်း (၄၅၀) သို့ ရောက်မှသာလျှင် ပိဋကတ် ပါဠိတော် အားလုံးကို ပေရွက်များပေါ်၌ **အက္ခရာ**ဖြင့် ရေးသား၍ မှတ်တမ်းတင်ခဲ့ကြခြင်း ဖြစ်ပေသည်။

မြားမြောင် ထွေပြားလှသော ဘုရားဟောတရားတော်များကို နှစ်ပေါင်း (၄၅၀) တိုင်အောင် နှုတ်တိုက်ကျက်၍ ဆောင်ခဲ့ကြသော မထေရ်မြတ်တို့၏ ကျေးဇူးကား ကြီးမားလှပေ၏။ အနက်အဓိပ္ပာယ်ကို နားလည်မှလည်း နှုတ်ဖြင့် အရကျက်၍ ဆောင်ထားနိုင်ကြမည် ဖြစ်ပေသည်။ ထို့ကြောင့် နောက်ပိုင်းတွင် ကျယ်ဝန်းနက်နဲသော ဘုရားဟော ပါဠိတော်တို့၏ အနက်အဓိပ္ပာယ်တို့ကို ဖွင့်ဆိုသော အဋ္ဌကထာ၊ ဋီကာ၊ ကျမ်းများ ပေါ်လာခဲ့ရလေသည်။

အမှန်အားဖြင့် ဝိဋကတ် ပါဠိတော်တို့ကို ပေထက်အက္ခရာ တင်ပြီးနောက်တွင်လည်း နှုတ်ဆောင် တာဝန်မှ ပြီးဆုံးသွားသည် မဟုတ်၊ "ပေစာအုပ်၌ရှိသော အတတ်ပညာသည် စင်စစ်အတတ်ပညာမမည်" ဟူ၍ နိတိဆရာတို့ မိန့်ဆို ကြသည့်အတိုင်း ပေရွက်စာအုပ်များထဲ၌ ရေးသားထားရှိရုံဖြင့် ဘုရားဟော တရားတော်များကို မိမိတို့ စွမ်းနိုင်သမျှ ကျက်မှတ်ပြီး အနက်အဓိပ္ပာယ်ကို နားလည်သဘော ပေါက်ရန်အတွက် အဋ္ဌကထာ၊ ဋီကာတို့ကိုလည်း လေ့လာကြရပေသည်။

မြန်မာနိုင်ငံ၌ ထေရဝါဒ ဗုဒ္ဓသာသနာတွင် ကျယ်ကျယ်ပြန့်ပြန့် တည်တံ့ထွန်းကားစေရန် မျိုးစေ့ချပေးသော ပုဂ္ဂိုလ်များမှာ ရှင်အရဟံမထေရ်နှင့် ပုဂံပြည့်ရှင်အနော်ရထာတို့ ဖြစ်ကြပေသည်။ ထိုပုဂ္ဂိုလ်နှစ်ဦးတို့၏ အားပေးအားမြှောက်ပြုမှု ကြောင့်ပင်လျှင် မြန်မာနိုင်ငံတွင်၊ ပုဂံ၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင် အဆက်ဆက်၌ ဗုဒ္ဓသာသနာတော် အစဉ်မပျက် တိုးတက်ပြန့်ပွားလာခဲ့ခြင်း ဖြစ်ပေသည်။

"ဗုဒ္ဓသာသနာတော်" ဟု ဆိုရာတွင်လည်း အဓိကအားဖြင့် ပရိယတ္တိ သာသနာကို ဆိုလိုခြင်း ဖြစ်ပါသည်။ ပရိယတ္တိသည် ရေနှင့်တူပြီး ပဋိပတ္တိကား ကြာနှင့်တူ၏ဟု ဆိုရိုးရှိပေရာ ပရိယတ္တိစာပေ ထွန်းကားလာသည်နှင့်အမျှ ပဋိပတ္တိအကျင့်သည်လည်း တိုးတက်မည်သာ ဖြစ်၏။ ပရိယတ္တိကို သင်ကြားလေ့လာခြင်း၏ ရည်ရွယ်ချက်မှာ နှစ်ချက်ရှိ၏။ ယင်းတို့တွင် ပထမ ရည်ရွယ်ချက်မှာ အထက်တွင် တင်ပြခဲ့သည့်အတိုင်း ဗုဒ္ဓမြတ်စွာ ဟောကြားခဲ့သော တရားတော်များ အဓွန့်ရှည် တည်တံ့စေရန် ဖြစ်ပြီး ဒုတိယရည်ရွယ်ချက်ကား ပိဋကတ်တော်လာ ဟောကြားချက်များနှင့်အညီ မိမိကိုယ်တိုင် ကျင့်ကြံနေထိုင်ကြပြီး လူအများအားလည်း ဟောပြောညွှန်ပြပေးရန် ဖြစ်ပါသည်။

ဤသို့လျှင် မွန်မြတ်သောရည်ရွယ်ချက် နှစ်ရပ်တို့ဖြင့် မဟာကဿပအစရှိသော ရဟန္တာအရှင်မြတ်တို့နည်းတူ သာသနာ့တာဝန်ကို ထူးချွန်စွာ ထမ်းဆောင်တော်မူကြကုန်သော ဆရာတော် သံဃာတော် အရှင်မြတ်တို့အား နိုင်ငံတော်နှင့် ပြည်သူ အပေါင်းတို့ကလည်း လိုအပ်သမျှသော အနုဂ္ဂဟဖြင့် အစဉ်မပြတ် လှူဒါန်း ချီးမြှင့်ထောက်ပံ့ ပူဇော်သွားကြမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

ဝမ္မာစရိယ–ဦးမောင်မောင်လေး

ပန်းညံ့တွေကို မပန်မိပါစေနဲ့ဆိုတဲ့ဩဝါဒ

နေဝင်း(ပဲခူး ကျောက်တန်း)



(၅၄)နှစ်မြောက် လွတ်လပ်ရေးနေ့ (၄-၁-၂၀၀၂) နေ့ထုတ်သတင်းစာကို ဖတ်နေစဉ် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဘွဲ့ထူးများ ပေးအပ်သော အမိန့်ကြော်ငြာစာ၏ သာသနာတော်ဆိုင်ရာ ဘွဲ့ထူးဂုဏ်ထူးများ ဆက်ကပ်ပူဇော်ခြင်း ဆိုင်ရာ အမိန့်ကြော်ငြာစာကို ဖတ်ကြည့်မိပါသည်။

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်း ခံယူတော်မူရသည့် ဆရာတော်များ၏ စာရင်း တွင်-

ဆရာတော်ဘဒ္ဒန္တအာစိဏ္ဏ၊ ပြူးကုန်းတောရ စာသင်တိုက်၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်

ဟူ၍ တွေ့လိုက်သည်နှင့် တစ်ပြိုင်နက် ရင်ထဲမှ ဖြစ်ပေါ်လာသော ပီတိမှာ ဖော်မပြနိုင်လောက်အောင်ပင် ဖြစ်၍ အထပ်ထပ် ဖတ်မိနေတော့သည်။

ဤသို့ ဖတ်နေရင်းမှ ဆရာတော်အား နိုင်ငံတော်မှ အဂ္ဂမဟာ

ပဏ္ဍိတ ဘွဲ့တော်ဆက်ကပ်ရ ခြင်းမှာ ဆရာတော်ဘုရား၏ သီလဂုဏ်တော်၊ သမာဓိ ဂုဏ်တော်၊ ပညာဂုဏ်တော် ပရိယတ္တိ ဆေက ပရိယတ္တိဝိသာဒ ဂုဏ်တော် ခမာ**ဇာဂရိယ စ**သော နာယက ဂုဏ်တော် စသဖြင့် **ဂုဏ်တော်** အလိုလိုတို့ကို သိရှိကြသဖြင့် ကြည်ညိုကြသောကြောင့် လည်းကောင်း၊ ပရိယတ္တိတာဝန်ကို မဆုတ် မနစ်သော ဇွဲလုံ့လဖြင့် စာသင်သား သံဃာ ၉၀ ကျော် ၁၀၀ ခန့်အား အမြဲမပြတ် စာပေပို့ချ သင်ကြားပေး၍ ပရိယတ္တိသာသနာတော် ထွန်းကား ပြန့်ပွားစေရန် အားသွန်ကြိုးပမ်း၍ သာသနာပြု နေတော်မူသော ဆရာတော်တစ်ပါးဟု သိမှတ်ကြည် ညိုကြသောကြောင့် လည်းကောင်း (၁၉၉၇) ခုနှစ်က မဟာဂန္ဓ၀ါစက ပဏ္ဍိတ ဘွဲ့တော်ဖြင့် ဆက်ကပ် ပူဇော်ခဲ့ကြပြီး ယခုတစ်ဖန် ထပ်မံ၍ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တော်ဖြင့် ဆက်ကပ်ပူဇော်ကြပုံကို လည်းကောင်း တစ်သီတစ်တန်း တွေးနေမိပါသည်။

ဤအတွေးမှ ခွဲထက်လက်၍ စာရေးသူ၏ စိတ်အစဉ်သည် လွန်ခဲ့သောနှစ်ပေါင်း (၃၀) ခန့်ဆီသို့ ရောက်သွားပြန်ပါသည်။ ဤ စာရေးသူ လူ့ဘောင်တွင် နေစဉ်က ဖြစ်ပါသည်။ ထိုအချိန်မှာ မိသားစု စားဝတ်နေရေး၊ ဘဝရပ်တည်နိုင်မှုအတွက် မြန်မာ့အစားအစာ မုန့်မျိုးလုပ်၍ ရောင်းချစားနေချိန် ဖြစ်ရာ တစ်နေ့သော နံနက် ရှစ်နာရီခန့်တွင် စာရေးသူနှင့် ဆရာဒကာအဖြစ် အလွန်ရင်းနှီးသော ကျောက်တန်း မဟာဗောဓိစာသင်တိုက်ကြီး၏ စာချဘုန်းကြီး ဦးတိက္ခပဏ္ဍိတ (ယခု ရတနာမွန်မဂ္ဂဇင်း အယ်ဒီတာချုပ် ဦးထွန်းလွင်၊ ဓမ္မာစရိယ၊ ဘီအေ) ထံသို့ ညာတရာကြော်ခေါ်သည့် မုန့် သွားလှူရန် အတွက် ရွာလယ် မဟာဗောဓိ စာသင်တိုက်သို့ သွားခဲ့ပါသည်။ ထိုသို့ သွားစဉ် တိုက်အုပ်ဆရာတော်ထံသို့လည်း မရောက်တာကြာပြီဖြစ်၍ တိုက်အုပ်ဆရာတော် (ယခု ဗြူးကုန်းတောရ ဆရာတော်ဘုရားမှာ ထိုစဉ်က မဟာဗောဓိ စာသင်တိုက်ကြီးတွင် ဒုတိယနာယက တိုက်အုပ်ဆရာတော်အဖြစ် အုပ်ချုပ်၍ စာပေပို့ချနေချိန်) ထံသို့ပါ ဝင်၍ တစ်ဆက်တည်း ကန်တော့၊ မုန့်လည်းလှူရန် ဆရာတော် ထံမှောက်သို့ ရောက်ရှိသွားခဲ့ပေသည်။

ဆရာတော်ထံမှောက်သို့ ရောက်ရှိ၍ ကန်တော့ဝတ်ပြုပြီးချိန်တွင် ထာဝ၀စဉ် တည်ငြိမ်အေးဆေးသော မျက်နှာတော်၊ ရွှင်ကြည်သော အပြုံးနှင့် တိုက်အုပ်ဆရာတော်က ဒကာ**နေ၀င်း** ဘာတွေလဲဟု ပဋိသန္ဓာရ ပြုတော်မူ ပေတော့သည်။

"မှန်ပါ ညာတရာကျော်ပါ ဘုရား၊ အဲဒါ ဆရာတိုက်နဲ့ ဆရာတော်ကို လာလှူတာပါ ဘုရား"

"အေး...အဲဒီမုန့် စားလို့ကောင်းတယ်ကွ၊ ဟိုတစ်နေ့က မလှသန်း လာလှူလို့ ဘုဉ်းပေးရသေးတယ်၊ ဒီမုန့်က မင်းလုပ်ရောင်းတာလား"

"မှန်ပါဘုရား၊ တပည့်တော်အိမ်က လုပ်ရောင်းတာပါ ဘုရား"

"ဟိုမှာ ပန်းကန်ရှိတယ်၊ နှစ်ခုသုံးခုလောက် ထည့်ပြီး ကပ်စမ်းကွာ၊ အဲဒီ စားပွဲပေါ်က ဓာတ်ဘူးထဲမှာ ရေနွေးရှိတယ်၊ ထည့်ကွာ"

ဟု ဆိုကာ ရေနွေးပန်းကန်ကိုပါ ညွှန်ပြတော်မူသဖြင့် စာရေးသူမှ ရေနွေးထည့်ပြီး မုန့်ပန်းကန်ကိုပါ တစ်ပါတည်း ကပ်လိုက်ပါသည်။

တိုက်အုပ်ဆရာတော်က ရေနွေးနှင့်မုန့် ဘုဉ်းပေးနေရာမှ...

"ဒီမုန့် စားလို့ တော်တော်ကောင်းတာ၊ ကျယ်ကျယ်ပြန့်ပြန့် လုပ်နိုင်ရင် ကြီးပွားနိုင်တယ်၊ လူကြိုက်ရော များတယ်မဟုတ်လား"

"မှန်ပါဘုရား၊ လူကြိုက်လည်း များပါတယ်၊ လုပ်သလောက်လည်း ကုန်ပါတယ်၊ ဝယ်ချင်သလောက်ကို မလုပ်နိုင်လို့ ခက်နေပါတယ် ဘုရား"

"ဒါဆို လူငှားပြီး လုပ်မပါလား၊

"မင်းဆရာကြီးဆီကိုရော ပို့ရဲ့လား"

"မှန်ပါ ကြိုက်လည်းကြိုက်တတ်လို့ တစ်ရက်ခြား အမြဲပို့နေရပါတယ်ဘုရား"

မင်းဆရာကြီးဟု ဆရာတော် အမိန့်ရှိသူမှာ စာရေးသူ၏ ငယ်ဆရာရင်း ကျောက်တန်း ဝေဌုဝန် စာသင်တိုက်၏ တတိယမြောက် ဆရာတော် ဘဒ္ဒန္တ ပဒုမ(ယခု လွန်တော်မူပြီး) ထေရ်ကို ဆိုလိုရင်း ဖြစ်ပါသည်။

"မင်းဆရာကြီး ကျန်းမာရေး ကောင်းရဲ့လား"

"မှန်ပါ၊ ကောင်းပါတယ် ဘုရား"

"အခုတလော ဘယ်မှ သွားတယ်လို့ မကြားပြန်ဘူး၊ ခြေငြိမ်နေပြန်ပြီ၊ စုံစမ်းကြည့် မေးကြည့်ရင် မရှိဘူး၊ ဘယ်သွားတယ်လို့ချည်းသာ သတင်းကြားကြားနေရတယ်၊ ကြည့်လဲ လုပ်ဦးနော်၊ တော်ကြာ မင်းဆရာကြီးအလောင်း ဘယ်လိုက်ယူရမှန်းမသိ ဖြစ်နေဦးမယ်"

ဟု ရယ်မော၍ ပြောသည်မို့ စာရေးသူက လည်း လိုက်၍ ရယ်နေမိပါသည်။

ဝေဌုဝန်ဆရာတော် သက်တော်ကြီးရင့်နေသော်လည်း ခရီးခဏခဏ ထွက်နေခြင်းကို ရည်ရွယ်၍ မိန့်တော်မူခြင်း ဖြစ်ပါသည်။

ထိုစဉ် ကျောင်းတိုက်ရှေ့ ရွာလယ်လမ်းမကြီးပေါ်မှ အရက်မူးလာသူ နှစ်ယောက်၏ ဆူပူအော်ဟစ်သံများကို ကြားရသဖြင့် ဆရာတော်ဘုရားမှ စာရေးသူ၏ မျက်နှာကို ကြည့်တော်မူ၍

"ကြားလား... အဲဒီအသံတွေ"

"ကြားပါတယ် ဘုရား"

"မင်းက ဦးပဒုမ တပည့်ဆိုတော့ ဦးပဒုမနဲ့ ပတ်သက်ပြီး တို့တပည့်ဆိုလည်း မမှားဘူး၊ ဆုံးမရပြောရမယ့် တာဝန်တွေ တို့မှာလည်း ရှိတယ်၊ ဒါကြောင့် ကြုံတုန်း ပြောရဦးမယ်"

ဤတွင် စာရေးသူက ရိုသေစွာ လက်အုပ်ချီလျက်

"မှန်ပါဘုရား၊ ဆုံးမတော်မူပါ ဘုရား၊ နားထောင်ပါ့မယ်၊ လိုက်နာပါ့မယ် ဘုရား"

ဟု လျှောက်ထားရာ...

"မင်းလည်း တစ်ခါတစ်ခါ မူးတယ်လို့ ကြားရတယ်"

ဟု ပြုံး၍ စာရေးသူအား ကြည့်ကာ မေးပြောပြောပြီးလျှင်...

"မှတ်ထားပေါ့ကွာ၊ လောကမှာပဲဖြစ်ဖြစ်၊ သံသရာမှာပဲ ဖြစ်ဖြစ် ကြီးပွားချင်ရင် ချမ်းသာချင်ရင် လိုက်နာရမယ့် အကြောင်းတရား သုံးမျိုး။ တစ်နည်းအားဖြင့် ရှောင်ကြဉ်စရာအကြောင်းတရား သုံးမျိုးရှိတယ်"

ဤသို့ မိန့်တော်မူပြီး ပေးလက်စ သြဝါဒတော်ကို မဆက်သေးဘဲ **ကျန်နေသေး**သော မုန့်နှင့် ရေနွေးကို **အပြီးသတ် ဘုဉ်း**ပေးတော်မူနေသဖြင့် စာရေးသူက တန်းပေါ်တွင်ရှိသော လက်သုတ်ပဝါကို ထယူပြီး ကပ်လိုက်ပါသည်။ ထို့နောက် ဆက်လာမည့် သြဝါဒတော်ကို ရိုသေစွာ နားထောင် နေမိပါသည်။

"တရားတော်မှာ ရှိတယ်၊ အဲဒါ ဘာလဲဆိုတော့...

ကူတ္ထိဓုတ္တော၊ သုရာဓုတ္တော၊ အက္ခဓုတ္တော စ ယောနရော။

လဒ္ဓံ လဒ္ဓံ ဝိနာသေတိ၊ တံ တံ ပရာဘဝတော မုခံ တဲ့"

"မင်း နားလည်အောင် အဓိပ္ပာယ်ပြောရရင်တော့ မကောင်းသော မိန်းမတို့၌ လိုက်စားပျော်ပါးခြင်းကို စွဲစွဲလမ်းလမ်း လိုက်စားသူ၊ သေရည်သေရက် သောက်စားမှု၌ စွဲစွဲလမ်းလမ်း ပြုသူ။ လောင်းကစားမှုတို့၌ အမြဲမပြတ် စွဲစွဲလန်းလန်း ပြုသူ။ ဒီသုံးမျိုး တစ်မျိုးမျိုးမှာ အမြဲမပြတ် စွဲနေလိုက်စားနေတဲ့သူဟာ ဘယ်လိုပဲ စီးပွားဥစ္စာတွေ ရှာရှာ ရှာတိုင်း ရှာတိုင်းသော စီးပွားဥစ္စာတွေဟာ ဒီဘဝမှာတွင်မက နောင်ဘဝသံသရာအတွက်ပါ

ပျက်စီးခြင်းဆိုတဲ့ ခံတွင်းထဲကိုသာ ရောက်မှာပဲတဲ့။

"အဲဒါ မြတ်စွာဘုရား ဟောထားတဲ့ တရားတော်ပဲ၊ ကဲ လိုက်နာဖို့ ဟောတော်မူထားတဲ့အတိုင်း ရှောင်ကြဉ်ရမယ့် တရားဆိုတာ မင်း သဘောပေါက်ရောပေါ့။

"မင်းလည်း စာအတတ်သားပဲ၊ ဦးပဒုမ တပည့်၊ တို့များတပည့်ပဲကွာ၊ နားလည်လွယ် သဘောပေါက်လွယ်တဲ့ သူတွေပါ"

စာရေးသူမှာ ဆရာတော်ထံမှ ဤကဲ့သို့ တန်ဖိုးမဖြတ်နိုင်သော ဆုံးမသြဝါဒကို ရရှိလိမ့်မည် ဟု မျှော်လင့်မထားမိ။ သာမန် အာလာပသလ္လာပ စကားများဖြင့်သာ ပြောဆိုပြီး ပြန်ရလိမ့်မည်ဟုသာ တွေးထင်မိသဖြင့် ရုတ်တရက် ပြန်၍ စကားဆိုမှ လျှောက်ထားမှ မပြုနိုင်။ ဆရာတော်၏ မျက်နှာတော်ကို ကြည့်ရှုဖူးမြော်နေရင်း ရင်တွင်းမှ တလိမ့်လိမ့် ဖြစ်ပေါ်နေသော ပီတိအဟုန်နှင့်အတူ မျက်ရည်များပင် ဝဲလာသည်အထိ ဝမ်းမြောက်နေရာမှ

"ဒါ ငါ့ကို ဆရာတော်က တပည့်ရင်း တစ်ယောက်လို အသိအမှတ်ပြုပြီး ချီးမြှောက်တာပါလား"

ဟူသော အသိပါ တစ်ပါတည်း တိုးဝင်ရိုက်ခတ်လိုက်သည်မို့...။

"မှန်ပါဘုရား၊ ဆရာတော် ဆုံးမတဲ့အတိုင်း တစ်သက်လုံး လိုက်နာပါ့မယ် ဘုရား"

ဟူသော ဝန်ခံစကား ပြန်လည်လျှောက်ထားမိပါတော့သည်။

အတန်ကြာမှ ပြန်ရန်အတွက် ခွင့်ပန်လျှောက်ထား၍ ဝတ်ပြုကန်တော့နေစဉ် ထပ်မံ မိန့်တော်မူလိုက်သည့် သြဝါဒတော်မှာ ယခုပင် မိန့်တော်မူနေသည့်အလား သတိရမိလေတိုင်း နားဝတွင် ကြားမိနေရ။ နှလုံးသားတွင် စွဲထင်မိနေရသည်မှာ နှစ်ပေါင်း ၃၀ ခန့်အချိန်ကို ကျော်ဖြတ်လာခဲ့သော်ငြား မပျောက်သေးသော ဘယ်အခါမှလည်း ဤစာရေးသူအတွက် ပျောက်ပျက်ရန် မဟုတ်သော သြဝါဒတော်ပါပေ။ ထိုသြဝါဒတော်ကား...

"ရှေးစကား ရှိသားပဲကွာ၊ ဆရာကောင်း တပည့် ပန်းကောင်းပန်တဲ့၊ အဲဒီတော့ မင်းလည်း ဆရာကောင်းတွေရဲ့ တပည့်ပီပီ ကောင်းတဲ့ပန်းတွေသာ ပန်မိပါစေ၊ ပန်းညံ့ကို မပန်မိအောင် ဂရုစိုက်ပြီး ရှောင်ပေတော့" ဟု ဆုံးမစကား ပြောလိုက်ပြီးနောက်...

"အေး... သွားသွား" ဟု မိန့်တော်မူရင်းမှ

"ငါ့တပည့်၊ ကိုယ်ကျန်းမာ စိတ်ချမ်းသာစွာဖြင့်၊ သာသနာတော်အကျိုး၊ အများသတ္တဝါတို့၏ အကျိုးကို ရွတ်ဆောင်နိုင်သူ ဖြစ်ပြီး မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာကို လွယ်ကူသော အကျင့်လျင်မြန်သော အသိတို့ဖြင့်၊ ရနိုင်ရောက်နိုင်၊ မျက်မှောင်ပြုနိုင်သူ ဖြစ်ပါစေ"

ဟူသော အနုန္တ မေတ္တာတော်ကို ထပ်မံလွှမ်းခြုံပေးတော်မူလိုက်ပါ သေးသည်။

နှစ်ပေါင်း ၃၀ ခန့် ကြာလေသည့်တိုင် အမှတ်မထင် နာယူပန်ဆင်လိုက်ရသော ဤသြဝါဒတော်ကား ယနေ့တိုင် မမေ့သေးပါ။ ဘယ်အခါမျှလည်း မေ့လိမ့်မည် မဟုတ်သလို သတိရလေတိုင်းလည်း ယခုပင် မိန့်ကြားနေသကဲ့သို့ ထင်ယောင်နေမိရသည့် သြဝါဒတော်ပါတကား...။

"**ပန်းညံ့တွေကို မပန်မိပါစေနဲ့**" ဟူသော အဆုံးသတ် သြဝါဒတော် စကားတော်။

ဤသို့ဖြင့် အမှတ်မထင် တွေ့ဆုံခိုက် သြဝါဒတော် ချီးမြှင့်လိုက်သော ဆရာတော်၏ ကျေးဇူးဂုဏ်တော်ကို ဆရာတော်၏ အဂ္ဂမဟာပဏ္ဍိတဂုဏ်ဟူ၏ အထိမ်းအမှတ် စာစောင်မှနေ၍ အမှတ်တရ တုံ့ပြန်ကော်ရော် ထုတ်ဖော်ပူဇော်လိုက်ရပါတော့သည်။

နေဝင်း (ပဲခူး ကျောက်တန်း)
ဝေဠုဝန်စာသင်တိုက်

ဗြူးကုန်းစာသင်တိုက်



ဗြူးကုန်းစာသင်တိုက်အတွင်းရှိ
သာသနာ့ဥယျောဉ် စိန်ရတနာစေတီတော်

တိုက်အုပ်ဆရာတော်
ဦးကုမာရ

တည်နေရာနှင့် အကျယ်အဝန်း

ဗြူးကုန်းတောရ စာသင်တိုက်ကြီးသည် ရန်ကုန်တိုင်း အင်းစိန်ပြိုနယ်၊ အရှေ့ကြီးကုန်းရပ်ကွက်တွင် ရန်ကုန်နည်းပညာ တက္ကသိုလ်ဝင်း၏ အရှေ့မြောက်ဘက်ဝင်းနံရံ အုတ်တံတိုင်းနှင့် ကပ်လျက် အလျားပေ- ၁၁၀၀၊ အနံပေ- ၁၇၀ ခန့်၊ ၅ .၃၅ ဧက ကျယ်ဝန်းသည့် တောင်ကုန်းမြေနေရာ ပေါ်တွင် တည်ရှိပါသည်။

ကျောင်းတိုက်တည်ထောင်တော်မူသော ဆရာတော်

ဗြူးကုန်းတောရ စာသင်တိုက်ကြီးကို ပရိယတ်ပဋိပတ်နှင့် ပြည့်စုံ၍ ဘုန်းကံပါရမီ ကြီးမားတော်မူသည့် ဦးစက္ကိန္ဒ ဆရာတော်ဘုရားကြီးက လွန်ခဲ့သော နှစ်ပေါင်း ၈၀ ကျော် ကာလ (၁၂၇၄-ခုနှစ်) တွင် ဗြူးကုန်းတောရ စာသင်တိုက်အမည်ဖြင့် ရွှေကျင်စာသင်တိုက်ကို စတည်တည်ထောင်ခဲ့ပါသည်။ ဆရာတော်ဘုရားကြီး၏ ဘွဲ့တော်ကို အစွဲပြု၍ ယခင်က **ဦးစက္ကိန်ကျောင်း**ဟု လူသိများခဲ့သော်လည်း ကျောင်းတိုက်၏ မူလအမည်မှာ **ဗြူးကုန်းတောရစာသင်တိုက်**ဟူ၍ပင် ဖြစ်သည်။ ဦးစက္ကိန္ဒ ဆရာတော်ဘုရားကြီးသည် ကျောင်းတော်ရာ ရွှေကျင်တိုက် ဆရာတော်ဘုရားကြီး၏ တပည့်အရင်းဖြစ်သည်။ ဥပဓိတော် ခန့်ငြားထည်ဝါ၍ အဟောကောင်း အပြောကောင်း ကြည်ညိုသူများသည်ဟူ၍ တစ်ဆင့် မှတ်သားခဲ့ရဖူးပါသည်။

အဆင့်ဆင့် တိုးတက်လာပုံ

ကျောင်းတိုက် တည်ထောင်စဉ်က ကျောင်းပတ်ဝန်းကျင်၌ လယ်ကွက်များနှင့် ကြခတ်ဝါးရုံများသာ ရှိခဲ့သည်။ လူနေအိမ်ခြေ အနည်းငယ်သာ ရှိပြီး လမ်းပန်းဆက်သွယ်ရေးမှာလည်း ခက်ခဲလျက်ရှိသည်။ ကာလအတန်ကြာမှ စည်ကားသည့် လူနေရပ်ကွက်များ ဖြစ်ပေါ်လာခဲ့သည်။

ထိုကဲ့သို့ ခေါင်လှသည့် အရပ်မှာပင် သာသနာပြုသော်လည်း ဆရာတော်ဘုရားကြီး၏ ဘုန်းကံပါရမီနှင့် ဝိရိယတော်ကြောင့် စာသင်တိုက်ကြီးမှာ တစ်စတစ်စ ကြီးပွားတိုးတက်လာကာအောင်မြင်မှုများ ရရှိလာသည်။

ထည်ဝါခန့်ငြားသော သာသနိက အဆောက်အဦးတို့ များပြားပြည့်စုံလာသည်နှင့်အမျှ စာသင်ရဟန်းသာမဏေ ဦးရေမှာလည်း ရာကျော်သည်အထိ တိုးတက်များပြားလာကြောင်း ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် ဥပဇ္ဈာယ်ပြု ဓမ္မာနုဂ္ဂဟဖြင့် ချီးမြှောက်တော်မူခဲ့ရသော အရေအတွက်မှာ ဆရာတော် သိက္ခာ ၂၅၀၀ အတွင်းမှာပင် တပည့်ရဟန်းတော် ၂၉-ပါး၊ သာမဏေ ၂၄၅ ပါးအထိ ရှိခဲ့ကြောင်းကို ဗြူးကုန်းတောရ စာသင်တိုက်ရှိ သာသနသောဘိဏီသိမ်တော် ကျောက်စာအရ သိရှိရသည်။

ဒုတိယဆရာတော်သို့ လွှဲပြောင်းပေးအပ်ခြင်း

ထိုကဲ့သို့ ပရိယတ္တိ သာသနာတော်ကြီး ထွန်းလင်းတောက်ပကြီးပွားချိန်တွင် ဒုတိယ ကမ္ဘာစစ်ကြီး ဖြစ်ပွားလာရာ စစ်အတွင်းကာလ၌ ဂျပန်တို့၏ စစ်လက်နက်ပစ္စည်း သိုလှောင်ရာဌာနဖြစ်ခဲ့သည့်အပြင် အင်းစိန်နယ်မြေ တိုက်ပွဲငယ်များ ဖြစ်ပွားချိန်မှာလည်း စစ်မက်ရေးရာအရ ဗျုဟာကျသော ဗြူးကုန်းတောရ ကျောင်းတိုက်ရှိ အဆောက်အဦး များစွာတို့မှာ ဖျက်ဆီးခြင်းခံခဲ့ရသောကြောင့် စာသင်တိုက်မှာလည်း ပျက်စီးခဲ့ရသည်။

စစ်ပြီးခေတ် ကာလတွင် ဆရာတော်ဘုရားကြီးသည် သက်တော်ကြီး အရွယ်တော် ရင့်လာပြီဖြစ်၍ ၁၃၁၃-ခုနှစ်တွင် ကျောင်းတိုက်ကြီးကို တပည့်ဖြစ်သူ ဦးဆန္ဒာဓိအား အပြီးအပိုင် ပေးအပ်လှူဒါန်းခဲ့လေသည်။ ပထမ ဆရာတော်ဘုရားကြီး၏ တာဝန်ပေးချက်အရ ဒုတိယဆရာတော် အရှင်ဆန္ဒာဓိကသည် ဗြူးကုန်းတော့ရ စာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယကအဖြစ်ဖြင့် ၁၃၁၃-ခုနှစ်မှ စ၍ ပရိယတ္တိ သာသနာတော်ကို ဆက်လက်ပြုစုခဲ့ရာမှ အရွယ်တော် ကြီးရင့်လာသဖြင့် သာသနာပြု ကိစ္စရပ်များကို စိတ်တိုင်းကျ ဆောင်ရွက်ခြင်းမပြုနိုင်တော့၍ ၁၃၄၂-ခုနှစ်တွင် ကျောင်းတိုက်ကြီးကို ယခုလက်ရှိ ဗြူးကုန်းဆရာတော် ဘဒန္တ အာစိဏ္ဏ (အဂ္ဂမဟာပဏ္ဍိတ) အား မြေယာနှင့်တကွ ကျောင်းတိုက်နှင့် စပ်သမျှ ဂရုဘဏ် လဟုဘဏ် အားလုံးတို့ကို လွှဲအပ်လှူဒါန်းပြီး သာသနာပြုစေ

တော် မူပါသည်။

ယခုလက်ရှိ ဗြူးကုန်းဆရာတော်

ဒုတိယ ဆရာတော်ဘုရားကြီးမှ လှူဒါန်း တာဝန် ပေးချက်အရ ဗြူးကုန်းဆရာတော် ဘဒ္ဒန္တ အာစိဏ္ဏ (အဂ္ဂမဟာပဏ္ဍိတ) သည် ၁၃၄၂-ခုနှစ်မှ စ၍ ယခုတိုင်အောင် ဗြူးကုန်းတောရ စာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက ဆရာတော်အဖြစ်ဖြင့် ပရိယတ္တိ သာသနာတော်ကို စွမ်းစွမ်းတမံ စိမ်ကွပ်ကဲ အုပ်ချုပ်လျက် ပြုစုပျိုးထောင်လာခဲ့ရသည်။ ဆရာတော်သည် ကျောင်းတိုက်ကို လက်ခံရရှိ၍ ပရိယတ္တိလုပ်ငန်းစဉ်ကို ဆောင်ရွက်ရသည်ဆိုသော်လည်း အရှင်မွေး၍ **နေ့ချင်း ကြီးရ**သည်မျိုး မဟုတ်၊ မိမိ၏ ရဟန်းသိက္ခာ ပရိယတ္တိ စွမ်းရည်တို့ အသုံးချပြီး မိမိကိုယ်တိုင် အရှင်မြတ်ဖြစ်အောင် ကြိုးစားတော်မူခဲ့ရသည်မျိုး ဖြစ်သည်။

လက်ခံတော်မူစဉ်က
ကျောင်းတိုက်အခြေအနေ

ကျောင်းမုခ်ဦး (ယခင်) အဝင် ယာဘက်၌ ဆွမ်းစားဇရပ်အဟောင်း အပျက်တစ်လုံး၊ ယခုလက်ရှိ ဆရာတော် သီတင်းသုံးရာ ထေရာဝါသ ကျောင်းတော် (ယခု အနေအထား မဟုတ်၊ ၄-ပင် သုံးခန်း၊ ပေ-၃၀ ပတ်လည် လှေကားဆောင်တွဲလျက်)၊ ယခု ရတနာသိဒ္ဓိ ဆွမ်းစားကျောင်းနေရာ၌ တိုက်ခံ အသားကျောင်းငယ် တစ်လုံး (ဆရာတော် ရောက်စက ထိုကျောင်း ကလေး၌ သီတင်းသုံးလျက် စာပေပို့ချသည်)၊ ဆရာတော်ကြီး ဦးဆန္ဒာဓိက သီတင်းသုံးတော်မူသော နှစ်ထပ်တိုက်ကျောင်း (ဗြူးကုန်းဆရာတော် ယခုသီတင်းတော်မူသော ကျောင်းကြီး ခေါင်းရင်းရှိ တိုက်ကျောင်း၊ ယခင် ပုံစံအတိုင်း) ယခု ဝိဇ္ဇေသက တိုက်ကျောင်း နေရာ၌ ၄-ပင် ၃-ပင် ခြေတန်ရှည်သာ ကျောင်းကလေးတစ်ဆောင် (သံဃာ ငါးပါးခန့် သီတင်းသုံးနိုင်သည်။) သာသနာ့ သောဘိဏီ သိမ်တော် (လှေကား သုံးမျက်နှာ၊ ထောင့်ချိုး အနေအထား အမိုးများပေါက်ပြဲနေပြီး အင်္ဂတေ အခင်းများလည်း အတော်ပျက်စီးနေပြီ)၊ ယခု ပဏ္ဍိတတိုက်ကျောင်းရှေ့ ကွက်လပ်၌ အုတ်ကြွေပ်မိုး ခြေတံရှည်ကျောင်းကလေး တစ်ကျောင်းတို့သာ ရှိသည်။ ကျောင်းဆောင်အားလုံး လိုလိုပင် ၅၀ ရာခိုင်နှုန်းမှ ၇၅ ရာခိုင်နှုန်း၊ ၉၀ ရာခိုင်နှုန်းအထိ 'ယိုယွင်းနေသည်ကများသည်။ ခေတ်အပြောင်းအလွှဲများကြောင့် မူလ ဒကာ ဒကာမတို့မှာလည်း အဆက်အသွယ် ပြတ်သလောက် ရှိနေသောကြောင့် ဖြစ်သည်။

လက်ရှိ သံဃာ ပရိသတ်သည် ဆရာတော် **ကြီး ဦးဆန္ဒာဓိက** အပါအဝင် ရဟန်း လေးပါး၊ သာမဏေ နှစ်ပါးမျှသာ ရှိသလို ဗြူးကုန်းဆရာတော်နှင့် အတူပါလာသော ပရိသတ်သည်လည်း ရဟန်းတစ်ပါး၊ သာမဏေနှစ်ပါးမျှသာ ရှိခဲ့သည်။ နောက်လိုက် နောက်ပါ သံဃာပရိသတ်၊ လူပရိသတ် အင်အား၊ ပစ္စည်းလေးပါး အင်အားကို အားကိုးပြီး ကျောင်းတိုက်တာဝန်ကို (ပရိယတ္တိလုပ်ငန်းကို) ဆောင်ရွက်တော်မူခဲ့သည် မဟုတ်၊ အရွယ်တော် အားဖြင့်လည်း ခြောက်ဆယ်အတွင်း လူဝတ်ကြောင်တို့ အနေနှင့်ဆိုမူ အငြိမ်းစားယူ၍ နေသည့်ကာလ ဖြစ်သည်။ ဆရာတော်သည် အသက်အရွယ်ကို အပထားပြီး ပရိယတ္တိလုပ်ငန်းကို လေးစားစွာ ဆောင်ရွက်တော်မူခဲ့သည်။ သက်တော် (၈၀)အထိ စာဝါပို့ချတော် မူခဲ့သည်။ ယခု သက်တော် ၈၁-နှစ် အတွင်းမှာမှ မျက်စိခွဲထားသည့်အတွက် ခေတ္တအနားယူနေတော်မူသည်။

ဆရာတော်၏ ထက်မြက်သော
ပရိယတ္တိ အရေအသွေး
ထက်သန်သော သာသနာပြုစိတ်ဓာတ်
နိုင်မာသော ယုံကြည်မှု

တို့ကြောင့် ဗြူးကုန်း တောရ စာသင်တိုက်ကြီးသည် ယခုအခါ စိမ်းစိုသောအရိပ်အာဝါသ ခန့်ထည်


ပြုံးကုန်းဆရာတော်လက်ထက်
ပြုံးကုန်းတောရစာသင်တိုက်မြင့်ကွင်း

သော သာသနိက အဆောက်အဦး၊ တည်ငြိမ်ညီ
ညွတ်သော သံဃာ့ပရိသတ်၊ စေတနာဖွေးဖြူများ
ပြားသော သာသနာ့ ဒါယကာ လူပရိသတ်တို့ဖြင့်
ကျက်သရေရှိစွာ မြတ်စွာဘုရား၏ သာသနာတော်
ကြီးကို တစ်ထောင့် တစ်နေရာမှ အားဖြည့်လျက်ရှိ
နေပေသည်။

တိုးတက်လာသော
သာသနိကအဆောက်အဦးများ

၁။ ပြုပြင်မွမ်းမံပြီးသော ထေရာဝါသကျောင်း
တော်၊ ၂။ သာသနသောဘိဏာသိမ်တော်၊ ၃။
ဝိဇ္ဇေသကကျောင်းဆောင် (ပေ ၅၀၊ ၂၅) တစ်ထပ်
ကျောင်း၊ ၄။ သီရိမင်္ဂလာ ဓမ္မာရုံတော်၊ ၅။
ရတနာသိဒ္ဓိ ဆွမ်းစားကျောင်းဆောင်၊ ၆။ ပေ
၁၀၀–၂၅ ပေရှိ သုံးထပ်ကျောင်းဆောင်တော်ကြီး၊
၇။ စိန်ရတနာစေတီတော်နှင့် ဂန္ဓကုဋိကျောင်းတော်၊
၈။ စိန်ရတနာကျောင်း၊ ၉။ ပဏ္ဍိတတိုက်ကျောင်း၊
၁၀။ ဦးဘလှကျောင်း၊ ၁၁။ မြရတနာကျောင်း၊
၁၂။ နီဗွာန်ဝင်း ကမ္မဋ္ဌာန်းကျောင်း၊ ၁၃။ ကံပေါ်
ကျောင်း၊ ၁၄။ သန္တိ သုခကျောင်း၊ ၁၅။ ဆောက်
လုပ်ဆဲ နှစ်ထပ်ကျောင်း၊ ၁၆။ ဦးလှဖေ–ဒေါ်စန်းရီ
မိသားစုများ ဆောက်လုပ်ဆဲ နှစ်ထပ်ကျောင်း၊
၁၇။ ဦးတိုးမောင်–ဒေါ်စန်းစန်းကျောင်း၊ ၁၈။
သန္တာဘာရကျောင်း၊ ၁၉။ ဒွိပိဋကကျောင်းဆောင်၊
၂၀။ ဦးညွှန့်မောင်–**ဒေါ်**တင်စန်းမြတို့အား ရည်စူး၍
ကျန်ရစ်သူ **သားသမီး**များက ဆောက်လုပ်ဆဲ ပေ
၃၀ **ပတ်လည်ရှိ** တိုက်ကျောင်း (ထုတ်ယောက်၊
ဒိုင်းမြားတင်ပြီး)နှင့် ဥပုသ်ဇရပ်များမှာ ဒေါ်တင်
ဇရပ်၊ ဒေါ်စန်းလှဇရပ်၊ ဒေါ်ကြည်ဇရပ်၊ ဦးတိုးမောင်
ဒေါ်စန်းစန်း ဇရပ်၊ ဒေါ်စန်းမြ ဇရပ်၊ စသည်ဖြင့်
ပြုံးကုန်းတောရ စာသင်တိုက်ကြီးမှာ ခုံညားထည်ဝါ
နေပေပြီ။

ဦးကုမာရ (တိုက်အုပ်)

အမှတ်တမဲ့မှ အမှတ်တရသို့

အရှင်ဇာနေယျ (ကော့မှူး)

"ရဟန်းကိစ္စ၊ နှစ်ဓုရ၌၊ လုံ့လအားသည်း၊ ဟိတ်ဟန်နည်း၍၊ ပစ္စည်းမသို၊ စိတ်မတို၊ ခင်ပျိုကြီးပွားကြောင်း" တဲ့။

၁။ ရဟန်းဆိုတာ ဂန္ထဓုရလို့ဆိုတဲ့ စာပေသင်ကြားပို့ချမှုနဲ့ ဝိပဿနာဓုရဆိုတဲ့ တရားကျင့်ကြံပွားများအားထုတ်မှုတို့မှာ အမြဲထာဝရအားဖြင့် စိတ်အား ထက်သန်စွာ အားထုတ်နေရမှာ ဖြစ်ပါတယ်၊ အဲဒီ ဓုရနှစ်ပါးနဲ့ မသက်ဆိုင်တဲ့ အခြား လောကီရေးရာ အလုပ်တွေနဲ့ ရှုပ်ပြီး အချိန်တွေ ဖြုန်းမနေသင့်ပါဘူး။

၂။ ရဟန်းဘဝကို လေ့လာကြည့်မယ်ဆိုရင် ဆောင်းတဲ့ထီးကစပြီး စီးတဲ့ဘိနပ်အထိ အားလုံးသော အသုံးအဆောင်ပစ္စည်း မှန်သမျှတွေဟာ အလှူရှင် ဒါယကာ ဒါယိကာမတို့ သံသရာအကျိုးမျှော်ကိုးပြီး လှူဒါန်းစွန့်ကြဲထားတာတွေချည်း ဖြစ်ပါတယ်။ ရဟန်းရဲ့ ကိုယ်ပိုင်ဆိုလို့ အကျဉ်းအားပြင့် (၂၂၇) သွယ်နဲ့ အကျယ်အားဖြင့် ကုဋေ (၉) ထောင်ကျော်လို့ဆိုတဲ့ သိက္ခာပုဒ်တွေသာ ရှိပါတယ်။ ဒါကြောင့် ဝိနည်းသိက္ခာပုဒ် စည်းကမ်းအတိုင်း လိုက်နာကျင့်သုံးပြီး နေသင့်တာကလွဲရင် ရဟန်းဘဝဆိုတာ ဘာမှ ဟိတ်ကြီးဟန်ကြီး ထုတ်ပြီး နေစရာ မလိုပါဘူး။



၃။ အထက်မှာ ပြခဲ့တာလို ရဟန်းရဲ့ အသုံး

အဆောင် ပစ္စည်းပစ္စယတွေဟာ ဒါယကာ ဒါယိကာမတို့ရဲ့ သံသရာအကျိုး မျှော်ကိုးပြီး စွန့်လွှတ်ထားတာ ဖြစ်လေတော့ အဲဒီ ပစ္စည်းတွေအပေါ်မှာ ရဟန်းတစ်ပါးအနေနဲ့ မသုံးရက် မစွဲရက် တွယ်တာတပ်မက်ပြီး သိုးမှီးသိမ်းဆည်းထားလို့ မသင့်လျော်ပါဘူး။ သာသနာတော်အတွက်၊ သံဃာအတွက်၊ လူဒါန်းသူ ဒါယကာ ဒါယိကာမများ အတွက် အကျိုးများမယ့်နေရာမှာ ပြန်လည်ခွဲဝေသုံးစွဲရမှာ ဖြစ်ပါတယ်။

၄။ ရဟန်းဆိုတာ ပြောမှု၊ ဆိုမှု အလုပ်လုပ်မှု ရေးရာ အဖြာဖြာတွေမှာ မေတ္တာရှေးရှု ပြောဆိုပြုမူရပါမယ်။ ထစ်ခနဲရှိ ဒေါသထွက်၊ ထစ်ခနဲရှိ ဒေါသထွက် ဆိုတာလို နေရာတကာမှာ ဒေါသထွက်နေလို့ မသင့်လျော်ပါဘူး။

အထက်ဖော်ပြပါ အချက်အလက်တွေနဲ့အညီ နေထိုင်တဲ့ သာသနာ့ဝန်ထမ်း ရှင်ရဟန်းများဟာ ပစ္စုပ္ပန် သံသရာနဲ့ လောကအရေး၊ ဓမ္မအရေးတွေမှာ ကြီးပွားတိုးတက် ကောင်းကျိုးတွေ ဆက်နေတာကို သာသနာတော်မှာ အထင်အရှားတွေ့မြင်နေကြရမှာ ဖြစ်ပါတယ်၊ အဲဒီအထဲက ပြယုဂ်တစ်ခု ထုတ်ပြပါဆိုရင်တော့ စာရေးသူအနေနဲ့ အဲဒီ ပြယုဂ်ကို အဝေးကြီးမှာ ရှာမနေတော့ပါဘူး၊ စာရေးသူအနေနဲ့ အနီးကပ်ဆုံးဖြစ်တဲ့ ပြုံးကုန်းတောရ ဆရာတော်ဘုရားကြီးကိုပဲ ပြယုဂ်တစ်ခုအဖြစ် ထုတ်ပြချင်ပါတယ်။

ပြုံးကုန်းတောရ ဆရာတော်ဘရားကြီးကို နှိုင်ငံတော်အစိုးရက "**အဂ္ဂမဟာပဏ္ဍိတ**" ဘွဲ့တံဆိပ်တော် ရရှိအကြောင်းကို ၂၀၀၂-ခုနှစ် ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့မှာ ကြေညာခဲ့ပါတယ်။ ဘာကြောင့် ဒီဘွဲ့တံဆိပ်တော်ကို ဆက်ကပ်ရတာလည်းဆိုတာကို လေ့လာ ကြည့်ဖို့ လိုပါမယ်။ အဲဒီလို လေ့လာ ကြည့်ရင်...

ဆရာတော်ဘုရားကြီးဟာ ယခုနှစ် ဝါတွင်းမှာ မျက်စိခွဲစိတ် ကုသမှု ခံယူထားလို့ အခြေအနေအရ စာဝါပို့ချခြင်းမှ နားနေခဲ့ရတာကလွဲရင် သက်တော် (၈၀) ပြည့်ပြီးသည်ထိ အဘိဓာန်အလင်္ကာ ဆန်း၊ ပါရာဇိကဏ်၊ ပါစိတ် စတဲ့ စာဝါတွေကို နေ့စဉ် ပို့ချဆဲ ရှိခဲ့ပါတယ်။ အဲဒီလို အသက်အရွယ် ကြီးရင့်တော်မူသည်အထိ ဂန္ဓဝုရကို ထက်သန်စွာ အားထုတ်တော် မူခဲ့ပါတယ်။

နောက်တစ်ခုက ဆရာတော်ဘုရားကြီးဟာ ဝိနည်းတော်နဲ့အညီ နေထိုင်ကြောင်းနှင့် ဘာဟိတ်ဟန်မှ မရှိတာကိုလည်း ဆရာတော် ဘုရားကြီးကို ကိုယ်တိုင်ကိုယ်ကျ ဖူးမြင်ဖူးသူတိုင်း လက်ခံနိုင်ကြပါလိမ့်မယ်။

ပြီးတော့ ပြုံးကုန်းတောရ စာသင်တိုက်ကြီးရဲ့ ပဓာန နာယက ဆရာတော်တစ်ပါးအနေနဲ့ သာသနာတော် ကြီးပွားဖို့ သံဃာအများ ချမ်းသာဖို့ရာ ပစ္စည်းပစ္စယများကို သူ့နေရာနဲ့သူ ခွဲခြမ်းစိပ်ဖြာ သုံးစွဲတော်မူလေ့ရှိတာကိုလည်း ကျောင်းတိုက်အတွင်း သံဃာများ သီတင်းသုံးရာ၊ အသုံးပြုရာ နေရာတွေကို လှည့်လည်ကြည့်ရှုလိုက်ရင် ထင်သာ မြင်သာ ရှိကြပါလိမ့်မယ်။

နောက်တစ်ခုအနေနဲ့ စာရေးသူ ပြုံးကုန်းတောရ စာသင်တိုက်ကို ရောက်လာတာ ယခုနှစ်ပါဆိုရင် ရှစ်နှစ် ရှိခဲ့ပါပြီ။ အဲဒီ ရှစ်နှစ်အတွင်းမှာ ဆရာတော်ဘုရားကြီးကို စိတ်ဆိုးမာန်ဆိုးနဲ့ ဒေါသထွက်နေတဲ့ အခါရယ်လို့ မှတ်မှတ်ရရ တစ်ခါမှ မတွေ့ခဲ့ရဖူးပါဘူး။ အဲဒီလောက်အထိ ဆရာတော်ဘုရားကြီးဟာ ဒေါသနည်းပါးတယ်။ ဆရာတော်ဘုရားကြီးကို ဖူးမြင်ရရင် သက်တော် (၈၀) ကျော်လို့ မထင်ရလောက်အောင် နုပျိုလွန်းလှပါတယ်။ ဒါ ဘာကြောင့်လဲဆိုတော့ အိုမင်းရင့်ရော်ခြင်းကို ဖြစ်စေတတ်တဲ့ ဒေါသမီး အလောင်ခံရတာ နည်းမှုကြောင့် ဖြစ်ပါတယ်။

အဲဒီလို အချက်တွေနဲ့ ပြည့်စုံပြီး သာသနာ

ဤပုံမှာ ပြုံးကုန်းဆရာတော်နှင့် ပြုံးကုန်း ဆရာတော်၏ ဒုတိယမြောက် ရဟန်းဒကာများ ဖြစ်ကြသော ကျောက်တန်းရွာမှ ဦးမောင်မောင်၊ ဒေါ်ခင်ညွှန့်နှင့် မိသားစုတို့ပုံ ဖြစ်သည်။

ဤဒကာများသည် ပြုံးကုန်းဆရာတော်အား ရဟန်းခံပေးပြီးချိန်မှစ၍ ပြုံးကုန်းဆရာတော်အတွက် နေ့စဉ်နေ့ဆွမ်း တစ်နပ်စာကို မပျက်မကွက် ဆက်ကပ်လာခဲ့သည်မှာ ပြုံးကုန်းဆရာတော် ပြုံးကုန်းကျောင်းတိုက်ကြီးကို အလှူခံပြီး ကျောင်းထိုင်အဖြစ် ပြောင်းရွှေ့သီတင်းသုံးတော့မှပင် ရပ်နားကြတော့သည်။

ပြုံးကုန်းဆရာတော်အပေါ် အလွန်ကျေးဇူး များသော ဒကာများဖြစ်ကြပါသည်။

စာတည်း

တော်မှာ ကြီးပွားတိုးတက် ကောင်းကျိုးတွေ ဆက်နေတာကြောင့်လည်း ပြုံးကုန်းတောရ ဆရာတော် ဘုရားကြီးကို စာရေးသူအနေနဲ့ ပြယုဂ်တစ်ခု အဖြစ် ထုတ်ပြခြင်း ဖြစ်ပါတယ်။

ဒါ့အပြင် ဆရာတော်ဘုရားကြီးကိုယ်တိုင် ဦးစီးဦးဆောင်ပြုပြီး တပည့်စာချစာသင် ရဟန်း ရှင်လူတို့ကို အချိန်နှင့် တပြေးညီ ပရိယတ္တိသင် ကြားမှုအလုပ်မှာ အားထုတ်စေခြင်းဖြင့် သာသနာ တော်အတွက် တထောင့် တစ်နေရာမှ နေပြီး ပြုံးကုန်းတောရ စာသင်တိုက်ကြီးကိုတာဝန် ကျေပွန် စေခဲ့သလို အခုလည်း တာဝန်ကျေနေဆဲ နောင်လည်း တာဝန်ကျေနေဦးမှာပါ။

အဲဒီလို ဆရာတော်ဘုရားကြီးရဲ့ ကြည်ညိုဖွယ်ရာ ဂုဏ်တို့နဲ့ ပြည့်စုံခြင်း၊ သာသနာတော် အတွက် တာဝန်ကျေပွန်ခြင်း စတဲ့ ဂုဏ်သတင်းတွေကြောင့် သာသနာတော်မှာ ဆရာတော်ဘုရား ကြီးနဲ့ ထိုက်တန်တဲ့ "**အဂ္ဂမဟာမဟာပဏ္ဍိတ**" ဘွဲ့တံဆိပ်တော်ကို နိုင်ငံတော်အစိုးရက ဆက်ကပ် **လှူဒါန်း**ခဲ့ခြင်း ဖြစ်ပါတယ်။

ဒါကြောင့်မို့ ဆရာတော်ရဲ့ အနေအထိုင်၊ အပြောအဆို၊ အဆုံးအမ စသည်တို့ကို အမှတ်တမဲ့ မဖြစ်စေဘဲ အမှတ်တရ ရှိနေခြင်းဖြင့် ကျောင်းတိုက်တာဝန်၊ သာသနာ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်သင့်ကြောင်း တင်ပြရင်း ဆရာတော်ကြီး၏ ကျေးဇူးဂုဏ်တော်များကို ဦးခိုက်ပူဇော် လိုက်ပါတယ်။

အရှင် ဇာနေယျ (ကော့မှူး)

ဆရာကောင်းတပည့် တပည့်ကောင်းဆရာ

ဘဒ္ဒန္တ ဘုရားရှင်သာသနာတော်ဘုရား (PHD)



သမ္မာ၊ဇယာမိ ထေရာနံ၊
ယေသာဟံ သမ္မဂ္ဂဟိတော၊
ဇယ် ဇယ် ဇယန္တော၁,
သမ္မဒ္ဒ သာသနန္တရော။

ယေသံ ထေရာနံ–အထက်ဝေဟင်, နေအသွင်သို့ မြေပြင်ထင်ရှား အကြင်ဆရာတော် ဘုရားတို့သည်၊ **သမ္မဂ္ဂဟိတော**–အထူးစောင့်ရှောက် ချီးမြှောက်အပ်သည် ဖြစ်၍၊ **ဇယ်ဇယ်**–အောင်သင့်အောင်ရန် စာတော်ပန်ဟု, တိုင်းမြန်ထင်ရှား အောင်ပွဲများကို၊ **ဇယန္တော ၀**–လာဘ်လည်းမက္ခ, လူလည်းမပုံ, ခုံခုံသိုက်မြိုက်, အောင်လံစိုက်လျက်သာလျှင်၊ **အဟံ**–ငါသည်၊ **သမ္မဒ္ဒ သာသနန္တရော**–ဗုဒ္ဓမြတ်စွာ သာသနာကို၊, တိုးသင့်တိုးအောင်, တစ်မျိုးဆောင်ရပေ၏။ **တေသံ ထေရာနံ**–ကျေးဇူးတော်ရင် ဂုဏ်အင်ကြီးမား, ထိုဆရာတော်ဘုရားတို့အား၊ **သမ္မာ ဇယာမိ**–ကျမ်းစာရေးသား ကောင်းမှုများဖြင့် လေးစားကော်ရော် ပူဇော်ပါ၏။

ဤဂါထာလေးနှင့် နိဿယကို အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ အင်းစိန်မြို့နယ်၊ ပြုံးကုန်းတောရ စာသင်တိုက်ကြီး၏ ဦးစီးပဓာန မဟာနာယက ဘဒ္ဒန္တ အာစိဏ္ဏ ဆရာတော်ဘုရားကြီး၏ ကျေးဇူးတော်ရှင် ဆရာတော်တစ်ပါး ဖြစ်တော်မူသော ရွှေကျင်နီကာယဥပဥက္ကဋ္ဌ မဟာနာယက တွဲဖက်ရွှေကျင်သာသနာပိုင် ဘာသာဋီကာကျမ်းပြု အကျော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဇနကာဘိဝံသ

ဆရာတော်ဘုရားကြီး၏ ရူပသိဒ္ဓိဘာသာဋီကာ နိဂုံးမှ ကူးယူဖော်ပြလိုက်ပါသည်။ ထိုနိဂုံးဂါထာလေး၏ နိဿယအဆုံး၌...

ဤနိဂုံး ရေးသားရာ သာသနာတော်နှစ် ၂၄၉၇၊ မြန်မာသက္ကရာဇ် ၁၃၀၅ ခုနှစ်၊ ပြာသိုလ ဆန်း ၁၁ ရက်နေ့ကား ဆဋ္ဌမြောက် ကျေးဇူးရှင် နိကာယဥက္ကဋ္ဌ မဟာနာယက အဂ္ဂမဟာပဏ္ဍိတ အဘယာရာမ ဆရာတော် လွန်တော်မူ၍ (၈) ရက်မျှသာ ရှိသေးသော အချိန်အခါဖြစ်၏ဟု ဆက်လက် ရေးသားထားသည်ကိုလည်း ဖတ်ရှုရပါ၏။ အဘယာရာမ ဆရာတော်ကြီးကား သဒ္ဒါအရာ ပြိုင်ဘက်ကင်းသော ပါရဂူကြီးဟု အသိအမှတ်ပြုကြသလို အဘယာရာမ ဆရာတော်၏ အဆုံးအဖြတ် အရေးအသားများကို ပညာရှင်အများ အလွန်လေးစားအရေးထားကြပါသည်။ ဤမျှလောက်သော အဘယာရာမ ဆရာတော်ဘုရားကြီးသည်လည်း ဗြူးကုန်းတောရ ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အာစိဏ္ဏ၏ ကျေးဇူးတော်ရှင် ဆရာတော်ကြီးပင်ဖြစ်၏။

စာပေအရေးအသားတွင် အလွန် ထူးခြားစွာ သပြေကန်ပရိတ်ကြီး နိဿယကျမ်း တစ်ကျမ်းတည်းဖြင့် တစ်နိုင်ငံလုံး အတိုင်းအတာ အထိ ကျော်ကြားမှု ရရှိတော်မူသော အဂ္ဂမဟာ ပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာနာယက တွဲဖက်ရွှေကျင်သာသနာပိုင် သပြေကန်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသ သည်လည်း ဗြူးကုန်းတောရ ဆရာတော် ဘုရားကြီး ဘဒ္ဒန္တ အာစိဏ္ဏ၏ ကျေးဇူးတော်ရှင် ဆရာသမားပင်ဖြစ်တော်မူသည်ကို ဗြူးကုန်းတောရ ဆရာတော်ဘုရား၏ အတ္ထုပ္ပတ္တိ၌ ဖတ်ရှု ကြည်ညိုရပါသည်။ သို့အတွက် ဆောင်းပါးအစ၌ **"သမ္ဗူဇယာမိ ထေရာနံ"** စသော ဂါထာကို အစချီခဲ့ပါသည်။

ဂါထာလေး၏ နိဿယပြန်ဆိုထားသော နိဿယအနက်မှ ဗြူးကုန်းတောရ ဆရာတော်ဘုရား ဘဒ္ဒန္တ အာစိဏ္ဏ၏ ကျေးဇူးတော်ရှင် ဆရာတော် ဘုရားများသည် ကိုက်ညီလှ၏။ "**ယေသံ ထေရာနံ**–အထက်ဝေဟင်, နေအသွင်သို့, မြေပြင်ထင်ရှား, အကြင်ဆရာတော် ဘုရားတို့၏" ဟု နိဿယအနက် ပြန်ဆိုထား၏။ ဗြူးကုန်းတောရ ဆရာတော်ဘုရား၏ ကျေးဇူးတော်ရှင် ဖြစ်တော်မူသော အဘယာရာမ ဆရာတော်၊ ဘာသာဋီကာ ကျမ်းပြုအကျော် တောင်မြို့ မဟာဂန္ဓာရုံဆရာတော်၊ ပရိတ်ကြီး နိဿယ ကျမ်းပြုအကျော် သပြေကန် ဆရာတော်ဘုရားကြီး စသော ဆရာတော်ဘုရားကြီးများသည် အထက်ဝေဟင်မှာ နေအသွင်ကဲ့သို့ မြေအပြင်မှာ မသိသူ မရှိသလောက် ထင်ရှားကျော်ကြားတော် မူကြပါသည်။

ဝေဟင်မှ နေကို မျက်စိအမြင် ရှိသူတိုင်း သိကြ၍နေသည် အလွန်ထင်ရှားသကဲ့သို့ အဘယာရာမဆရာတော်, တောင်မြို့ ဆရာတော်, သပြေကန် ဆရာတော် စသော ဆရာတော်ဘုရား ကြီးများကို သာသနာစိတ်ရှိသူ, ဉာဏ်မျက်စိရှိသူ အားလုံးပင် သိကြ မြင်ကြ၍ အဘယာရာမ ဆရာတော်, တောင်မြို့ ဆရာတော်, သပြေကန် ဆရာတော် စသော ဆရာတော်ဘုရားကြီးများသည် သာသနာနယ်မြေတစ်ခွင်၌ ဝေဟင်ကနေအသွင်ပမာ အလွန်ထင်ရှားတော်မူကြပါသည်။

ဗြူးကုန်းတောရ ဆရာတော် ဘုရားကြီး ဘဒ္ဒန္တ အာစိဏ္ဏသည် ဆရာကောင်းများ၏ တပည့်ပီသစွာ စာပေအကျင့် စွယ်စုံတင့်သော ဆရာတော်တစ်ပါး ဖြစ်တော်မူပါသည်။ ဗြူးကုန်းတောရ ဆရာတော်ဘုရား၏ အနေအထိုင် ဆက်ဆံရေး စသည်များသည် သာသနာတော်တွင်းသား ဆရာသမားကောင်းများ၏ တပည့်တစ်ပါး ပီသလှပါသည်။ ဗြူးကုန်းတောရ ဆရာတော်၏ အနေအထိုင် အသွားအလာ အပြောအဆို စသည်တို့၏ ယဉ်ကျေး

ဆရာကို ပါဠိဘာသာအားဖြင့် **သိသာန် ဟိတံ အာဘုသော စရတိတိ အာစရိယော၊ အာစာရံ သိက္ခာပေတိတိ အာစရိယော**–ဟူသော ဝိဂြိုဟ်ဝစနတ်ဗျုတ္တိများအရ တပည့်များ၏ အကျိုးစီးပွားကို လွန်လွန်ကဲကဲ ကျင့်တတ်သောကြောင့် (တစ်နည်း) တပည့်များအတွက် လိုအပ်ချက် အကျင့်သိက္ခာကို သင်ကြားပေတတ်သောကြောင့် အာစရိယ ဆရာဟုလည်းကောင်း။ **သိသေသု မေတ္တာသိနေဟံ ဂရတိ သိဋ္ဌတိတိ ဂရု၊ သိသေဟိ ဝါ မေတ္တောဒကေန ဂရိယတေ သိဋ္ဌိယတေတိ ဂရု**–ဟူသော ဝိဂြိုဟ်ဝစနတ် ဗျုတ္တိများအရ တပည့်များအပေါ် မေတ္တာတည်းဟူသော ရေစင်ကို သွန်းလောင်းတတ်သောကြောင့်၊ (တစ်နည်း) တပည့်များက မေတ္တာရေစင်ဖြင့် သွန်းလောင်းအပ်သောကြောင့် ဂရု–ဆရာဟုလည်းကောင်း ခေါ်ဆိုရပေသည်။

ယခု ပြဆိုခဲ့သော ဆရာ၏ ဂုဏ်အင်များနှင့် ဗြူးကုန်းတောရ ဆရာတော်ဘုရား ဘဒ္ဒန္တ အာစိဏ္ဏာ (အဂ္ဂမဟာပဏ္ဍိတ)၏ ကျေးဇူးတော်ရှင် ဆရာသမားများသည် လည်းကောင်း၊ ဗြူးကုန်းတောရ ဆရာတော်ဘုရားသည် လည်းကောင်း စုံလင်ညီညွတ်ကြသဖြင့် ဆရာကောင်းများ ဖြစ်ကြသည်မှာ သေချာလှပါ၏။

တပည့်ကောင်းဟူသော စကားအရ (၁) တပည့်၊ (၂) တုပည့်၊ (၃) တင်းပည့်၊ (၄) အိုးလဲမထူ တပည့်ဟု တပည့်အမျိုးအစား လေးမျိုး ရှိကြောင်း။

(၁) **တ,ပည့်**–ဆရာသမား၏ ဝတ္တရား ကျေပွန်ပြီး အကျင့်သီလနှင့် ပြည့်စုံသဖြင့် ဆရာသမားက တ,နေရသော တပည့်။

(၂) **တု,ပည့်**–ဆရာ့ကိစ္စ, ကျောင်းကိစ္စ, သံဃာ့ကိစ္စ ဘာမျှမလုပ်ဘဲ အများ

သိမ်မွေ့မှုများသည် ဆရာကောင်းများ၏ တပည့် ဖြစ်ကြောင်း အထူးပင် ပေါ်လွင်စေပါသည်။ ဆရာကောင်းများအထံ နည်းခံသင်ကြားခဲ့ပါမှ ဝိနည်းပညတ်တော်နှင့်အညီ စနစ်တကျ နေထိုင်သွားလာစားသောက်တတ်ပါသည်။ ဆရာသမားကောင်းများအထံ နည်းမခံခဲ့ရပါမူ မိမိကိုယ်တိုင် သဒ္ဓါတရားရှိစေကာမူ ကျင့်ကြံလိုစေကာမူ ဝိနည်းပညတ်တော်နှင့်အညီ စနစ်တကျ နေထိုင်သွားလာတတ်မည် မဟုတ်ပါ။ စာမေးပွဲများ အောင်မြင်သင့်သလောက် အောင်မြင်မည် မဟုတ်ပါ။ အောင်မြင်သော်လည်း အောင်သလောက် အရည်အချင်း မပြည့်ဝတတ်ပါ။ ဗြူးကုန်းတောရ ဆရာတော်ဘုရား ဘဒ္ဒန္တ အာစိဏ္ဏာကား ဆရာကောင်းတပည့် ပီသစွာ စနစ်တကျ နေထိုင်တတ်, သွားလာတတ်, ပြောဆိုတတ်, ဆက်ဆံတော် မူတတ်ပါပေ၏။ စာမေးပွဲများလည်း အောင်မြင်၍ အောင်သလောက် အရည်အချင်းလည်း ပြည့်ဝတော်မူပါသည်။

ဆရာကောင်းတပည့် တပည့်ကောင်းဆရာ ဟူသော စကားအရ ဆရာကောင်းဟူသည် အဘယ်သို့သော ဆရာမျိုးနည်း၊ တပည့်ကောင်းဟူသည် အဘယ်သို့သော တပည့်မျိုးနည်းဟု စဉ်းစားဖွယ် ရှိ၏။

တပည့်ကောင်းဟူသည်...

"ဆရာဟူသည်, ရှေးရှမေတ္တာ, ကရုဏာနှင့် နာနာကျင်ကျင် အပြစ်မြင်တိုင်း ဝမ်းတွင်းမသိ ဟုတ်တိုင်းဆို၍ ကျိုးလိုစိတ်က ဆုံးမတတ်သူ ဆရာဟူလော့" ဟူသော မယဒေဝလက်ံာအရ မေတ္တာကရုဏာ ရှေ့ထား၍ တပည့်အပြစ်ကို မြင်လျှင် နောက်ထပ် အပြစ် မကျူးလွန်ရဲအောင် တပည့်၏ အကျိုးကို လိုလားသောစိတ်ထားဖြင့် ဝမ်းတွင်း သိုသိပ်မထားဘဲ ဟုတ်မှန်သည့်အတိုင်း အပြစ်လျှောက် ဆုံးမတတ်သော ဆရာသည် ဆရာကောင်းမည်၏။

အတု ကို လိုက်လုပ်တတ်သော တပည့်။

(၃) **တင်းပည့်**–ဆရာသမား၏ အတင်း အဖျင်း, ကျောင်ဒိုက်၏ အတင်း အဖျင်း, သီတင်းသုံးဖော် ယံယာအချင်း ချင်းတို့၏ အတင်းအဖျင်း စကားကို ပြောလေ့ရှိသော တပည့်။

(၄) **အိုးလဲမထူတပည့်**–ဆရာသမား သီ တင်းသုံးဖော်များ၏ ပစ္စည်းများကို မစောင့်မရှောက် အမြဲအစဉ် ပျက်စီး ကြောင်းကို ကြံစည်တတ်သည့်အပြင် လမ်းပေါ်မှာ အိုးကြီးလဲနေတာကိုပင် ထူမထားခဲ့ ရှောင်ရှား ကွေကွင်းကာ သွားတတ်သည်ဟု မင်းကွန်း ရတနာ ရွှေဂူချောင် ဆရာတော် ဘုရားကြီး ဘဒ္ဒန္တ ဣန္ဒာသနိ (အဂ္ဂမဟာပဏ္ဍိတ) အထံတော်မှ ကြားသိမှတ်သားခဲ့ဖူး ပါသည်။

ဖော်ပြခဲ့သော တပည့်လေးမျိုးအပြင် **"ခဏ ဝင်းပြောင် တပည့်"** ဟု အမှတ် (၅) တပည့် တစ်မျိုးပါ ဖြည့် စွက်၍ **"ခဏဝင်းပြောင် တပည့်"** ဆိုတာ ပေးကမ်းစွန့်ကြဲ ချီးမြှောက်နိုင်ဆဲ ခဏတွင် သာ ကောင်းပြီး မပေးမစွန့်နိုင်က မကောင်းသော တပည့်မျိုးဟု ရှင်းပြတော်မူကာ စုစုပေါင်း တပည့် အမျိုးအစား ငါးမျိုးဟု မင်းကွန်းရတနာ ရွှေဂူချောင် ဆရာတော်ဘုရားကြီး မိန့်ကြားတော်မူလေ့ ရှိပါ သည်။

ယခု ဖော်ပြခဲ့သော တပည့် အမျိုးအစား လေးမျိုး ငါးမျိုးထဲမှ နံပါတ်တစ် ဆရာသမား၏ ဝတ္တရား ကျေပွန်ပြီး အကျင့်သီလ နှင့် ပြည့်စုံသဖြင့် ဆရာသမားက တ,နေရသော တပည့် တစ်မျိုးသည် သာ တပည့်ကောင်း ဖြစ်နိုင် ပါသည်။ ဆရာကောင်း တပည့်ကောင်းတို့၏ ဂုဏ်ရည်ကို ပါဠိတော် ထောက်ဆဖော်ပြရသော်...

ပဏ္ဍိတဝဂ် ရာဓဝတ္ထုလာ...

နိဗိနံဝ ပဝတ္တာရံ၊ ယံ ပသော ဝဇ္ဇဒဿိနံ၊
နိဂ္ဂယှဝါဒိ မေဓာဝိ၊ တာဒိသံ ပဏ္ဍိတံ ဘဇေ
တာဒိသံ ဘဇမာနဿ၊ သေယ္ယော ဟောတိ နု ပါပိယော။

ဂါထာကို ထောက်ဆ၍ တပည့်ဆိုး တပည့် ညစ်များ မဖြစ်စေဘဲ တပည့်များအတွက် အကျိုး ဖြစ်စေဖို့ စနစ်တကျ အပြစ်ကို ဖော်ပြ၍ ဆုံးမလေ့ ရှိသော မေတ္တာစိတ်ထားဖြင့် တပည့်များကို နှိမ်ချ ပြောသင့်က ပြောလေ့ရှိသော, တရားသဘော သက်ဝင်သိမြင်သော, ဉာဏ်ပညာလည်း ရှိသော အိုးလုပ်သော အိုးထိန်းသမားသည် အိုးလေးလှလာ ရန် အိုးကို ရိုက်နှက်ပြုပြင်သကဲ့သို့ တပည့်ကို ပြောင်မြောက် အောင်မြင်သူ ပုဂ္ဂိုလ်တစ်ဦး ဖြစ်လာ အောင် ဆုံးမပေတတ်သော ပညာရှိဆရာသည် ဆရာကောင်းမည်၍ ထိုကဲ့သို့ ဆရာကောင်းကို ရွှေအိုးကြီးကိုယူရန် ညွှန်ပြပေးသော ပုဂ္ဂိုလ်အလား ကိုယ်ကြီးပွားရေး တိုးတက်ရေးဟု လေးလေးမြတ် မြတ် နီးကပ်စွာ ဆည်းကပ်ကာ နေတတ်သော တပည့်မျိုးသည် တပည့်ကော်င်း မည်ကြောင်း ကောင်းကောင်းကြီး သိသာပါသည်။

ဗြူးကုန်းတောရ ဆရာတော်ဘုရားကြီး ဘဒ္ဒန္တ အာစိဏ္ဏ (အဂ္ဂမဟာပဏ္ဍိတ) ၏ ကျေးဇူးတော်ရှင် ဆရာသမားကြီးများသည် ဘုရားဟော ဓမ္မပဒပါဠိ တော်နှင့်အညီ ဆရာကောင်း ဖြစ်ကြသည်မှာ သေချာသကဲ့သို့ဗြူးကုန်းတောရ ဆရာတော်ဘုရား ကြီးသည်လည်း တပည့်ကောင်းပီပီ ဆရာကောင်း များ၏ ဆုံးမသွန်သင်သမျှကို ရွှေအိုးကြီးကို ညွှန်ပြ သော ပုဂ္ဂိုလ်အလား စိတ်မှာထား၍ လေးစားစွာ လိုက်နာကြိုးစားခဲ့၍ ယနေ့ အချိန်အခါမှာ သာသနာ့ တာဝန်ကို ထူးချွန်ပြောင်မြောက်စွာ ထမ်းဆောင်

နိုင်သဖြင့် နိုင်ငံတော်အစိုးရက **အမြင့်မြတ်ဆုံး အကြီးကျယ်ဆုံးသော ပညာရှိကြီးဟူသော အဓိပ္ပာယ်ရသည့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကြီး**ဖြင့် ဝဲချီးပူဇော်ခြင်း ခံယူရရှိတော် မူနိုင်ခြင်း ဖြစ်သည်မှာ ယုံမှားစရာ မရှိပါ။ သို့ပါ၍ ဗြူးကုန်းတောရ ဆရာတော်ဘုရား၏ တပည့်များသည်လည်း မိမိတို့၏ ဆရာသမားနည်းတူ တပည့်ကောင်းများ ဖြစ်အောင် ကြိုးစား၍ သာသနာ့ဝန်ဆောင်ကောင်းများ နောင်အခါ ဆရာကောင်းများ ဖြစ်ကြပါစေဟု ဆုမွန်ကောင်းတောင်းလျက် **နိဗိန်ဝ ပဝတ္တာရံ** စသော ဂါထာကိုပင် ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာနာယက တွဲဖက်ရွှေကျင် သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု သပြေကန် ဆရာတော်ဘုရားကြီး၏ နိဿယဖြင့် တန်ဆာဆင်ကာ **ဆရာကောင်း တပည့် တပည့်ကောင်းဆရာ** ဟူသော ဆောင်းပါးကို နိဂုံးအုပ်လိုက်ပါသည်။

ဝဏ္ဏဒဿိနံ–မဆိုးမညစ် အကျိုးဖြစ်ဖို့ စနစ်တကျ အပြစ်ပြ၍ ဆုံးမလေ့ရှိသော၊ **ယံ ပဏ္ဍိတံ**–အကျိုးကိုစစ် အပြစ်ကိုမြင် ထင်လာအသိ အကြင် ပညာရှိကို၊ **နိဓိနံ**–အသရေမျိုး အခြေတိုးဖို့ ဝေဖြိုးမပြီး, ရွှေအိုးကြီးတို့ကို၊ **ပဝတ္တာရံဝ**–ချမ်းသာဖို့ရာ, သင့်တွက်တာကို သည်မှာယူလော ညွှန်းဖော်ပြောသူကဲ့သို့၊ **ပသေ**–ကိုယ့်ကျိုးစီးပွား လိုလားသမှု ယခုဆင်ခြင် ရှုမြင်ရာ၏၊ **နိဂ္ဂယှဝါဒီ**–မေတ္တာစိတ်အရ, နှိမ့်ချပြောဆိုလေ့ရှိသော၊ **မေဓာဝီ**–တရားဘက်တွင် သက်ဝင်မှန်သိ, ဉာဏ်ပညာလည်းရှိပေထသော၊ **တာဒိသံ**–နှိပ်လည်းနှိပ်ချ, အပြစ်ပြလျက်, ဆုံးမတတ်ဘိ, ထိုသို့သဘောရှိသော၊ **ပဏ္ဍိတံ**–မတရားကံ, တရားကံဟု ကံနှစ်မျိုးသိ ဉာဏ်မျိုးရှိသော ပုဂ္ဂိုလ်ကို၊ **ဘဇေယျ**–ကိုယ့်ကြီးပွားရေး တိုးတက်ရေးဟု, လေးလေးမြတ်မြတ်, နီးကပ် မကွာ ဆည်းကပ်ရာ၏။ **တာဒိသံ ပဏ္ဍိတံ**–အိုးလှဖို့အတွက် ရိုက်နှက်ပြုပြင်, အိုးထိန်းသွင်သို့, လူတွင်တစ်ယောက်, ဆိုစလောက်အောင်, ပြောင်မြောက်ဖို့လျှင်, ပြုပြင်ထုံးပြ, အသုံးကျဖို့, ဆုံးမတတ်ဘိ, ထိုသို့သဘောရှိသော ပညာရှိကို၊ **ဘဇေနသ**–ကောင်းနိသျည်း, နည်းအရပ်ရပ်, အပြီးတတ်ဖို့ ဆည်းကပ်သောသူအား၊ **သေယျော**–တစ်ဆင့်ထက်တစ်ဆင့်, မြင့်ထက်မြင့်လတ်, မြင့်ထက်မြင့်သည်၊ **ဟောတိ**–ကြီးပွားဖို့နည်း, ချမ်းသာနည်းဟု, နည်းအကောင်းရ, အကြောင်းလှလျက်, မုချမသွေ ဖြစ်ရပါပေ၏။ **ပါပိယော**–အကောင်းတွေလွင့်, မကောင်းဆင့်လျက်, အကျင့်ဆုတ်ယုတ် အလုပ်မသမာဟူ, ယုတ်မာသူသည်၊ **နဟောတိ**–ကောင်းအသိနှင့် ကောင်းကျင့်မကွာ အသင့်ပါ၍ ဖောက်ကာယွင်းသွေ, မဖြစ်နိုင်တော့ပါပေ။

ဘဒ္ဒန္တ သုမင်္ဂလာလင်္ကာရ (Ph.D)
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓမ္မပါဠိပါရဂူ
တိပိဋက မဟာဂန္ထာရုံကျောင်းတိုက်
အရှေ့ဝါယာလက် ၂–လမ်း
ရေကူး၊ ကမ္ဘာအေး၊ ရန်ကုန်မြို့



မဟာဓမ္မကထိကဗဟုဇနဟိတဓရ ညောင်ကန်အေး၊ ဆရာတော်

ဘာ ခဲ့ သ လ ား ဟု ကူ း ရ သည်

"ဘယ်သူနှင့် ပြိုင်ပြိုင် ငါကသာ အနိုင်ရ ရမည်" လို့ လက်ဝှေ့ကျော် ပီတမလ္လက ဟိန်းဟောက်ရင်း တဖြောင်းဖြောင်းမြည်အောင် လက်ခမောင်း ခတ်လိုက်တယ်။ သူဟိန်းဟောက်တဲ့ အတိုင်းလည်း သူဟာ ပွဲတိုင်းကျော် အော်ပွဲရနေသူ ဖြစ် တယ်၊ သူ ဟာ ပဏ္ဏာ၊ ဆောဋ္ဌ ဂေါဋ္ဌမည် တဲ့ တိုင်း သုံးတိုင်းတို့တွင် ရှေ့ရောင်အောင်လံတံခွန်ကို ရယူပြီး သီဟိုဠ် (သီရိလင်္ကာ)ဘက်သို့ ရောက်လာတယ်။ သူဟာ သီဟိုဠ် (သီရိလင်္ကာ) မင်းကို ဖူးမြင်တွေ့ဆုံတယ်၊ သီဟိုဠ် (သီရိလင်္ကာကျွန်း) တွင်လည်း လက်ဝှေ့ ယှဉ်ပြိုင်ထိုးသတ်နိုင်သူ မရှိသဖြင့် ပြိုင်ဘက်မရှိအောင် ဆုရကျော်ကြားသူ ဖြစ်တယ်။

လက်ဝှေ့ကျော် ပီတမလ္လဟာ သီဟိုဠ် (သီရိလင်္ကာ) မင်းထံမှ ဂုဏ်ပြုအောင်လံတံခွန်ကို ရယူပြီးနောက် တစ်နေ့သ၌ မြို့တွင်း လှည့်လည် ကြည့်ရှုရင်း မြက်မိုးထားတဲ့ အိမ်ဈေးလမ်းတံတားပေါ် အရောက်တွင် အနီးရှိ ထည်ဝါခုံညားလှတဲ့ ဗုဒ္ဓရဟန်းတော်များ သီတင်းသုံးစာပေသင်ကြားရာ ပရိယတ္တိ စာသင်ကျောင်းတိုက်ကြီး တစ်ခုဆီမှ သာယာနာ ပျော်ဖွယ်ရာ စာအံသံကို ကြားရတယ်။

သူကြားသိရတဲ့ စာအံရွတ်ဖတ်သံမှာ...

"ရူပံ ဘိက္ခဝေ နတုမှာကံ၊ တံ ပဇဟထ၊ တံ ဝေါ ပဟီနံ ဒီဃရတ္တံ ဟိတာယ သုခါယ ဘဝိဿတိ" တဲ့။

ရဟန်းတို့။ ရုပ်ဟာ သင်တို့ရဲ့ ဥစ္စာမဟုတ်၊

သင်တို့ဟာ အဲဒီရုပ်၌ တပ်မက်တဲ့ တဏှာကို ပယ်စွန့်ကြကုန်လော့၊

ရုပ်၌ တပ်မက်နေသော ထိုတဏှာကို ပယ်စွန့်ခြင်းဟာ သင်တို့အတွက် နေ့ညဉ့်ရှည်ကြာ ကာလပတ်လုံး အစီးအပွားအလို့ ငှာ ချမ်းသာခြင်းငှာ ဖြစ်လိမ့်မယ်" ဟူ၍ ဖြစ်တယ်။

လက်ဝှေ့ကျော် ပီတမလ္လဟာ ထိုစာအံသံ ဓမ္မစာပေထဲမှ

"ရူပံ နတုမှာကံ=ရုပ်ဟာ သင်တို့ရဲ့ ဥစ္စာ မဟုတ်"

ဆိုတဲ့ ဝါကျကို ကြားရတော့

ဩော် ရုပ်ဟာ သင်တို့ရဲ့ ဥစ္စာ မဟုတ်ဘူးတဲ့၊

အင်း ငါကတော့ ဒီခန္ဓာငါးပါးတွေကို ငါ့ဥစ္စာအနေနဲ့ အမြင်မှားနေခဲ့တယ်၊ ဟုတ်သပ၊

ငါဟာ ကိုယ့်ကိုယ် ကို မလှ လှအောင် မဝ ဝအောင် အားမကောင်း ကောင်းအောင် ပြုပြင် ချယ်လှယ်နေခဲ့တယ်၊ ဝဝဖြိုး ဖြိုး အားအင်တိုးလာတဲ့ အခါမှာလည်း ငါ့ရဲ့ ရုပ်ကာယဗလကို ငါအားကိုးပြီး လက်ဝှေ့ထိုးလျှင် ငါသာ အနိုင်ရရမယ်ဆိုတဲ့ ဟိန်းဟောက်ချက်ဖြင့် ပြိုင်ဘက်လူနဲ့ မိုက်မိုက် ကန်းကန်း လက်ဝှေ့ထိုး သတ်ခဲ့တယ်။ အနိုင်ရတိုင်း ရတိုင်းလည်း မာန်မာနထောင်လွှားခဲ့တယ်၊ ဒါတွေ ကိုပင် ငါက ငါ့ဟာ ဟုတ်လှပြီဆိုပြီး သဘောကျ နှစ်သက် မာန်တက်ခဲ့တယ်။

"တကယ်ဆိုတော့ ငါလုပ်ခဲ့သမျှ ငါ ထောင် လွှားခဲ့သမျှ ငါ နှစ်သက်သဘောကျခဲ့သမျှတွေဟာ ငါ့အတွက် တကယ် စီးပွားချမ်းသာရဖို့ရာ မဟုတ်ဘဲ အလွဲလွဲ အမှားမှား မိုက်လုံးထွားခဲ့တာတွေ ချည်းပါကလား"

"မြတ်စွာဘုရားကတော့ ရုပ်ဟာ ငါ့ဥစ္စာ မဟုတ်ဘူးတဲ့"

"အိုငါဟာ ဒီအတိုင်းနေလို့တော့ မဖြစ် သေးဘူးလေ၊ ငါ့အတွက် အမှန်တကယ် ချမ်းသာ စီးပွားရအောင် အမှန်တရားကို ရှာဦးမှ ဖြစ်မယ်"

လို့ ယောနိသောမနသိကာရ အမှုလမ်း မှန်အတိုင်း နှလုံးသွင်း ဆင်ခြင်မှု ပြုတယ်။

လက်ဝှေ့လျော် ပီတမလ္လဟာ ထိုလမ်းမှန် အကြံကိုပင် မိမိရဲ့ ကိလေသာ စိတ်ဆင်ရိုင်းကြီး အား ဆုံးမဖို့ရာ ချွန်းတောင်းသဖွယ် ဖြစ်ပြီး ထွက်ခဲ့တယ်၊ သူဟာ တရားစာပေ ရွတ်အံသံကြား ရာ ကျောင်းကြီးပေါ် တက်သွားပြီး ရဟန်းအဖြစ် ကို တောင်းပန်တယ်၊ သူဟာ ရှင်ရဟန်းအဖြစ်ကို ရတဲ့အခါ 'ပီတမလ္လမထေရ်' လို့ပင် ထင်ရှားလျက် ရဟန်းဝိနည်း ဒွေမာတိကာတို့ကို လေ့လာပြွမ်းတီး တတ်သိပြီးတော့ သီတင်းသုံးဖော် ရဟန်းသုံးကျိပ် တို့နှင့် အတူတကွ ကာဗလဝါလိယအင်္ဂဏ မည်တဲ့ တောအရပ်သို့ သွားပြီး ရဟန်းတရားများကို ကြိုးစား အားထုတ်နေပါတယ်။

ဝီတမလ္လရဟန်းဟာ နေ့ရောညပါ "သွားရင် သွားတယ်" စသည်ဖြင့် သတိပဋ္ဌာန် ဝိပဿနာ တရားများကို ကြိုးစားအားထုတ်တော်မူရာ ခြေဖဝါး တွေ ကွဲသဖြင့် ခြေဖြင့် စက်ြတရား မရှုပွားနိုင်တော့ ဒူးထောက်တွားသွားလျက် စက်ြတရား ရှုမှတ်ပါ တယ်။

တစ်ညသောအခါ မှုန်းဝါးဝါး လရောင် အောက်တွင် သင်္ကန်းရောင်ဝါဝါဖြင့် လေးဘက်သွား ပြီး တရားအားထုတ်နေတဲ့ ပီတမလ္လမထေရ်ကို တောလိုက်မုဆိုးဟာ သမင်ပဲလို့ ထင်မှတ်မှားကာ လှံဖြင့် လှမ်းထိုးလိုက်ပါတယ်။ လှံဟာ သူ့နံဘေး တစ်ဘက်မှ နံဘေးတစ်ဘက်သို့ ထိုးဖောက်သွား

တယ်၊ ဒါပေမယ့် သူဟာ မသေသေးပါဘူး။ လုံ ချက်နာကို သတိထားပြီး 'နာတယ် နာတယ်' လို့ ဒုက္ခဝေဒနာ နုပဿနာတရားကို ရှုပွားနေပါတယ်။

ထိုအခါ မုဆိုးဟာ "သားသမင် မိပြီဟ" ဆိုပြီး ဝမ်းသာအားရနဲ့ ပြေးယူရာ သမင်မဟုတ်ဘဲ သက်နိုးဝါဝါနဲ့ ရဟန်းဖြစ်နေတာကို တွေ့ရသဖြင့် တောင်းပန်ကန်တော့ကာ လုံကို ဆွဲနုတ်လျက် လုံပေါက်ဝကို မြက်ခြောက်များဖြင့် ဆို့ပိတ်ပြီးနောက် ရဟန်းကို ကျောက်တုံးကြီးတွင် မှီမှေးထားပေးခဲ့ တယ်။

ပီတမလ္လမထေရ်က မုဆိုးအား သည်းခံခွင့် လွှတ်ကြောင်း မိန့်ကြားပြီး ပြန်လွှတ်လိုက်တယ်။ ထို့နောက် မိမိသန္တာန်မှာ လုံထိုးခံရတဲ့ ဖြစ်ပျက် နှိပ်စက်နေတဲ့ ဒုက္ခဝေဒနာကို 'နာတယ် နာတယ်' စသည်ဖြင့် ရှုမှတ်လျက် ဝိပဿနာတရားကို ရှုပွားအားထုတ်နေပါတယ်။ မထေရ်က မိမိသန္တာန် တွင် တရစပ်ဖြစ်ပျက်နေတဲ့ ဒုက္ခဝေဒနာကို ရှုပွား ရင်းက ရဟန်းအဖြစ်၌ သီလစင်ကြယ်ပုံ၊ တရားရှု မှတ်မှုဖြင့် လောဘစတဲ့ နီဝရဏစိတ် အညစ် အကြေးများ ကင်းစင်နေပုံများကို ဆင်ခြင် မိတော့ ဝမ်းသာလာတယ်။

အဲဒီ ဝမ်းသာပီတိများ နှင့် ပီတိဇသုခများ ဖြစ်ပေါ်လာသဖြင့် ဒုက္ခ ဝေဒနာဟာ ပျောက်ငြိမ်း သွားသလို ဖြစ်သွားတယ်။ ထိုအခါ မထေရ်က ဝိပဿနာတရားကို ရှုပွားရင်း မမြဲဆင်းရဲ အစိုးမရပုံ ဉာဏ်များ ဖြစ်ပေါ်တိုးတက်ကာ ပဋိသမ္ဘိဒါ လေးပါး နှင့်တကွ ကိလေသာ ကုန်ခန်း ရဟန္တာ ဖြစ်သွား တယ်။

ပီတမလ္လမထေရ်ကို မုဆိုးက သမင်မှတ်မှား ပြီး လုံထိုးခံရကြောင်း သိကြပြီး ဆူဆူညံညံ ပြေး လာကြတဲ့ သီတင်းသုံးဖော် ရဟန်းများအား ထို ပီတမလ္လမထေရ်က မိမိရရှိထားတဲ့ အရဟတ္တဖိုလ်ကို ပြောကြားပြီး ဒီဥဒါန်းစကားကို ကျူးရင့်လိုက်တယ်။

"သတ္တဝါအားလုံးအား တရားဟောကြား တော်မူသော ဘုရားမြတ်က . . .

ရုပ်သည် သင်တို့၏ ဥစ္စာမဟုတ်ကုန်၊

သင်တို့သည် ထိုရုပ်၌ တပ်မက်သော တဏှာ ကို ပယ်စွန့်ကြလော့

ဟူသော စကားတော်ကို ဟောတော်မူပြီ။

သခါရအားလုံးတို့ဟာ မမြဲကုန်စွ တကား၊

ဖြစ်ခြင်းပျက်ခြင်းသဘော ရှိကြတယ်၊

ဖြစ်ပေါ်လာကုန်ပြီးတော့ ချုပ်ဆုံးကြတယ်။ ထိုသခါရ များရဲ့ ချုပ်ငြိမ်းရာ နိဗ္ဗာန်သာ ချမ်းသာ လှပေတယ်"

လို့ ဖြစ်ပါတယ်။

(ပီတမလ္လမထေရ်ဝတ္ထု၊ ဒီဃနိကာယ်၊ မဟာသတိပဋ္ဌာနသုတ် အဋ္ဌကထာ)

ညောင်ကန်အေးဆရာတော်

ပုဗ္ဗာစရိယမိုနှင့်ဖ

မောင်ထင်

ကျွန်ပ်တို့ မြန်မာ့သမိုင်းတစ်လျှောက်လုံး ကိုးကွယ်လျက်ရှိသော ဂေါတမမြတ်စွာဘုရားသည် ယခုအခါ အိန္ဒိယနိုင်ငံဟု တွင်သော ဒေသ၌ ပွင့်တော်မူသည်။ ဘုရားပွင့် ချိန်တွင် ဥက္ကလာပဒေသမှ တဖုသနှင့် ဘလ္လိကဟု အမည်တွင်သော ကုန်သည်ညီနောင် နှစ်ဦးသည် မြတ်စွာဘုရားကို ရှေးဦးစွာ ဖူးမြော်ကန်တော့ခွင့် ရခဲ့ကြလေသည်။ မြတ်စွာဘုရားသည် ထိုကုန်သည် ညီနောင်အား ဗုဒ္ဓံ သရဏံ ဂစ္ဆामိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ–ဟူသော ဒွေဝါစိကသရဏဂုံ၌ တည်စေ၍ ဆံတော်ရှစ်ဆူကို ချီးမြှင့်တော်မူသည်။ ထိုကုန်သည် ညီနောင်တို့သည် မိမိတို့၏ ဇာတိရပ်ဌာန်သို့ ပြန်ရောက်လာသောအခါ ဥက္ကလာပ၌ တည်ရှိသော သိင်္ဂီတ္တရကုန်းတော်၌ ဆံတော်ရှစ်ဆူကို ဌာပနာ၍ စေတီတည်လေသည်။ ကာလရွှေ့လျားလာသော အခါ ဥက္ကလာပသည် မြန်မာနိုင်ငံ မြို့တော်ရန်ကုန်မြို့ ဖြစ်လာသည်။ သိင်္ဂီတ္တရကုန်းသည်လည်း မြတ်စွာဘုရား၏ ဆံတော်ရှစ်ဆူကို ဌာပနာရာ ရွှေတိဂုံစေတီတော်ဟူ၍ ကမ္ဘာပေါ်၌ ထင်ရှားလာလေသည်။

မြန်မာနိုင်ငံတွင် မြန်မာအများစုနှင့် အတူတကွ ရခိုင်၊ မွန်၊ ရှမ်း၊ ကချင်၊ ကရင်၊ ကယား အစရှိသော လူမျိုးစုတို့သည် ဒိုးတူပေါင်ဖက် မကွဲမပြား

စုပေါင်းနေထိုင်ကြသဖြင့် ယခုခေတ်တွင် ထိုနိုင်ငံကြီးကို ပြည်ထောင်စု မြန်မာနိုင်ငံဟူ၍ ကမ္ဘာက အသိအမှတ် ပြုကြသည်။ ထိုပြည်ထောင်စုသားအများစုသည် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ကြသဖြင့် ရန်ကုန်မြို့တော်တွင် တည်ရှိသော ရွှေတိဂုံစေတီတော်ကို နိုင်ငံတော်၏ အထိမ်းအမှတ်ဟု ကမ္ဘာက အသိအမှတ်ပြုလျက် ရှိသည်။

မြန်မာဘုရင်တို့ စိုးမိုးသောခေတ်တွင် မြန်မာဘုရင်မင်းမြတ်တို့က ဗုဒ္ဓသာသနာကို ချီးမြှင့်ပူဇော်၍ သာသနာထွန်းကားအောင် ဆောင်ရွက်ကြသည်။ ယနေ့ မြန်မာနိုင်ငံ အရပ်ရပ်တွင် ဘုရားပုထိုးများ ကြွယ်ဝလျက် ရှိသည်ကို တစ် ကမ္ဘာလုံးက အသိအမှတ် ပြုကြသည်။ ဘာသာခြား တိုင်းတစ်ပါးသား ဗြိတိသျှတို့ အုပ်စိုးစဉ်က ဗြိတိသျှတို့သည် ဘာသာရေး လွတ်လပ်ခွင့်ကို လေးစားခြင်းကြောင့် ဗုဒ္ဓဘာသာကို ထိပါးခြင်း မပြုခဲ့ကြချေ။ သို့သော် ဘာသာခြား တိုင်းတစ်ပါး သား အုပ်စိုးသူ အနေဖြင့် ဗုဒ္ဓဘာသာကို ချီးမြှင့် ခြင်း မပြုနိုင်ချေ။ မိမိတို့ ကိုးကွယ်ရာဘာသာကို သာလျှင် နိုင်ငံနှင့် အဝန်း ပျံ့နှံ့အောင် ကြိုးပမ်းဆောင် ရွက်ခဲ့သည်။ ဗြိတိသျှတို့သည် ၎င်းတို့ အုပ်ချုပ်လာသော မြန်မာနိုင်ငံ နယ်စွန်နယ်ဖျားတို့မှ အစပြု၍ မိမိတို့ကိုးကွယ်ရာ ဘာသာကို ပျံ့နှံ့အောင်သာ သနာပြုသည်။ နိုင်ငံခြားသား အစိုးရက ထိုသို့ သာသနာပြုနေစဉ် မြန်မာတိုင်းရင်းသားတို့ကလည်း ဂေါတမ မြတ်စွာဘုရား လက်ထက်ကစ၍ ကိုးကွယ်နေသော ဗုဒ္ဓသာသနာကို ကိုးကွယ်မြဲ ကိုးကွယ်ကြသည်။ သို့သော် အပြိုင်အဆိုင်သဘောဖြင့် ဆောင်ရွက်နေကြသော်လည်း အုပ်ချုပ်သူနှင့် အုပ် ချုပ်ခံရသူတို့ စပ်ကြား ပဋိပက္ခဖြစ်သည့် သာဓကဟူ၍ မရှိချေ။ တိုင်းတစ်ပါးတို့၏ လက်အောက်သို့ ကျရောက်ရသော တိုင်းပြည်တို့၏ ဓမ္မတာ၊ တိုင်းရင်းသားစိုးပွားရေး မဖွံ့ဖြိုးခြင်း၊ ပြင်ပမှ ရောက် လာသော လူမျိုးခြားတို့ ဩဇာလွှမ်းမိုးခြင်း၊ လူမှုရေး သိမ်ငယ်ခြင်း၊ အုပ်ချုပ်သူလူတန်းစားနှင့် အုပ်ချုပ်ခံ လူတန်းစားတို့ သဘောချင်း မမျှခြင်း စသော ပဋိပက္ခတို့ အများပင် ရှိသည်ကို မငြင်းနိုင်ပါ။ မြန်မာရေမြေပေါ်တွင် အခြားဘာသာကျောင်းများ၊ တို့ ပေါ်ပေါက်လာသောအခါ ဘာသာအချင်းချင်းခြားနားသော သဘာဝကြောင့် သဘောချင်း မမျှသော သဘာဝတို့ ပေါ်ပေါက်သော်လည်း လူမျိုးရေး ဘာသာရေး ဆက်ဆံပေါင်းသင်းရေးနှင့် ပတ်သက်သော ပဋိပက္ခဟူ၍ တိုင်းပြည် ယိုယွင်းလောက်အောင် မရှိချေ။ စီးပွားရေး မပြေလည်သည်ကို အကြောင်းပြု၍ အလုပ်သမား အုပ်စုများ ခိုက်ရန်ဖြစ်ပွားတတ်သည် မှန်သော်လည်း ယင်းတို့ကို ရောမ အဓိကရုဏ်းကဲ့သို့ ရှုမြင်သုံးသပ်ရန် မသင့်ချေ။ လွတ်လပ်သော နိုင်ငံအဖြစ်ဖြင့် နှစ်ပေါင်းများစွာ တည်ခဲ့သော နိုင်ငံသည် လက် အောက်ခံ ဘဝမှ လွတ်မြောက်အောင် ကြိုးဆောင့် လျက်ရှိနေပေလိမ့်မည်။ ထို့ကြောင့် မြန်မာတိုင်းရင်းသားတို့သည် လွတ်လပ်ရေးကို မျက်ခြည်မပြတ် ကြိုးပမ်းခဲ့ကြရာ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံ၏ လွတ်လပ်ရေးသည် အကောင်အထည် ပေါ်ခဲ့လေသည်။

ပြည်ထောင်စု မြန်မာနိုင်ငံဟူ၍ တည်ဆောက်လေသောအခါ ဗုဒ္ဓဘာသာကို ကိုးကွယ်ကြသော မြန်မာနိုင်ငံသားတို့အဖို့ မိမိတို့၏ သာသနာကို မိမိကိုယ်တိုင် မြတ်စွာဘုရား မူလဟောကြားတော်မူခဲ့သည့်အတိုင်း ပြန်လည်ထွန်းကားရန် ကြိုးပမ်းကြလေသည်။ ထို့ကြောင့် လွတ်လပ်သော မြန်မာနိုင်ငံဟု ပေါ်ပေါက်လာသောအခါ ထေရဝါဒ အဆုံးအမကို ကောင်းစွာ လေ့လာ၍ ကမ္ဘာအနှံ့ ပျံ့အောင် ကြိုးပမ်းလာကြသည်။ လွတ်လပ်သော သဘာဝကြောင့် မြန်မာဇာတိသား သံဃာတော် အရှင်မြတ်များနှင့် ယင်းတို့၏ ဒါယကာ ဒါယိကာမ

တို့ ပူးပေါင်း၍ အားပေးကူညီကြသဖြင့် ထေရဝါဒ သာသနာသည် အနောက်နိုင်ငံတို့နှင့် တကွ အမေရိကနှင့် အာဖရိကနိုင်ငံတို့တွင် စတင်ပျံ့နှံ့ လျက် ရှိနေပြီ။

ဤကဲ့သို့ ထေရဝါဒ ဗုဒ္ဓသာသနာ ပြန်လည် ထွန်းကားလာပုံကို သိရှိရသောအခါ ကျွန်တော် သည် ငယ်စဉ်တောင်ကြေး ကလေးဘဝကစ၍ မိဘဘိုးဘွားတို့က ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင် ဖြစ်အောင် ဆုံးမပဲ့ပြင်ခဲ့ကြသည်ကို ကောင်းစွာ သတိရလာပါသည်။ မိဘဘိုးဘွားဟူသည်မှာ မိခင် နှင့် ဖခင်တို့ဘက်မှ တော်စပ်ရသော ပုဂ္ဂိုလ်များ ဖြစ်ပါသည်။ ကျွန်တော်တို့ အရပ်၏ ထုံးစံအတိုင်း ပြောရလျှင် အမိနှင့်အဖထက် ဘိုးအေကို "အဘ" ဟူ၍လည်းကောင်း၊ ဘွားအေတို့ကို "အမေ" ဟူ၍ လည်းကောင်း ခေါ်ကြပါသည်။ ကျွန်တော် လူလားမြောက်သော အရွယ်သို့ ရောက်သောအခါ အဘနှစ်ဦးမှာ မရှိတော့ပါ။ သို့သော် အမေနှစ်ဦး၏ ကျန်းမာရေး အခြေအနေမှာ အလွန်ကောင်း သဖြင့် ကျွန်တော် အထက်တန်းနှင့် တက္ကသိုလ် အဆင့်တို့သို့ ရောက်သည်အထိ ၎င်း အမေနှစ်ဦး၏ အဆုံးအမကို ကောင်းစွာ ခံယူခဲ့ရပါသည်။ ကျွန်တော်သည် ထိုအမေနှစ်ဦးနှင့် တစ်လှည့်စီ နေခဲ့ဖူးပါသည်။ ထိုအမေနှစ်ဦးတို့က ကျွန်တော့်ကို ပန်းကပ်ခြင်း၊ ဆွမ်းကပ်ခြင်း၊ ဆီမီးထွန်းခြင်းစသော လုပ်ငန်းတို့ကို သင်ပေးကြပါသည်။ ထို့ကြောင့် စကားပြောတတ်သော အရွယ်မှစ၍ ဘုရားရှိခိုးတတ် ပြီဖြစ်ရာ ရတနာသုံးပါးကို လည်းကောင်း၊ ကံသုံးပါး ကို လည်းကောင်း၊ ကလေးတို့၏ ဉာဏ်စွမ်းအလိုက် သိတတ်ပါပြီ။ သြကာသ အကြောင်းကို အဓိပ္ပာယ် ဖွင့်ဆိုသောအခါ ဘုရားပူဇော်ခါနီးမှာ နိဒါန်း သဘောဖြင့် အဘယ်ကြောင့် ခွင့်ပန်ရသည်ကို ကောင်းစွာ သဘောမပေါက်ပါ။ သို့သော် ဘွားအေ နှစ်ဦးစလုံးက လူကြီးတို့နှင့် စကားပြောသောအခါ လူငယ်တို့က "ကျွန်တော်ပြောပါရစေ" ဟု ခွင့် တောင်းသော လောကဝတ်အကြောင်းကို ရှင်းပြ သောအခါ သဘောပေါက်သင့်သလောက် ပေါက် လာပါသည်။ ရတနာသုံးပါးဟူသော အဓိပ္ပာယ်ကို လည်း ဘွားအေနှစ်ဦးစလုံးက ရှင်းပြသောကြောင့် နားလည်စ ပြုလာပါသည်။ အပါယ်လေးပါး၊ ကပ် သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပ္ပတ္တိတရား လေးပါး၊ ဗျသနတရားငါးပါး စသည်တို့ကို အမေ နှစ်ယောက်က မကြာခဏ ရှင်းပြ၍ နားလည် သယောင်ယောင် ရှိသော်လည်း ကျွန်တော် မြို့မ တိုင်းရင်းသား ကျောင်းရောက်မှ ဘာသာရေးကို သင်ကြားပို့ချသော ဆရာကြီး ဦးဖေ၏ ကျေးဇူး ကြောင့် ပိုမို၍ နားလည်လာပါသည်။ ထို့နောက် မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားဟူသည်တို့ ကိုလည်း တစ်စတစ်စနှင့် နားလည်လာပါသည်။ သို့သော် နိဗ္ဗာန်၏ အဓိပ္ပာယ်နှင့် စပ်လျဉ်း၍ ပွဲထဲ က လူပြက်များ ပြက်လုံးထုတ်သည်ကို ငယ်စဉ်က ကြားရသောအခါ နိဗ္ဗာန်၌ နတ်သမီး တစ်ဖက် ငါးရာနှင့်အတူ စည်းစိမ်ခံရသည်ဆိုသော မမှန်ကန် သော အချက်ကို အလွန်သဘောကျပါသည်။ စင်စစ် ကျွန်ုပ်တို့သည် ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏဟူသော သဘာဝတို့နှင့် နပန်းလုံးနေကြရ သည်။ ထို သဘာဝများ မရှိသောအရပ်၌ သန္တိ သုခကို တွေ့ရှိနိုင်သည်။ ဤသို့ ဆရာကြီး ရှင်းပြ သောအခါကျမှ ကျွန်တော်လည်း "ကြော် ဒီလိုကိုး" ဟု တရားကျပြီးလျှင် နတ်သမီးတစ်ဖက်ငါးရာကို ဟဒယရှင်ဆေးဟု နားလည်လာပါသည်။ မိဘ နှစ်ပါးက မကြာခဏ ဒုက္ခသစ္စာ၊ သမุဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာတို့ကို ကျွန်တော်လိုက်ဆို တတ်အောင် ပို့ချပေးပါသည်။ သို့သော် ထိုစဉ်က ယင်း သစ္စာလေးပါးကို အလွတ်ရအောင် ကျက်မှတ် ခဲ့သော်လည်း နက်နဲသော အဓိပ္ပာယ်ကို နားမလည် ခဲ့ပါ။ အစိုးရ အထောက်အပံ့ခံ မြန်မာစာသင်ကျောင်း

ဆရာ ဦးခန္တီက ဘုရားဝတ်ပြုချိန်တွင် ဓမ္မစကြာ တရားကို ဟောပြောဆုံးမသောကြောင့် ယင်းသစ္စာ လေးပါးကို အလွတ်ရွတ်ဆိုတတ်လာပါသည်။ ထိုမျှ မကသေးပါ။ ပရိတ်ကြီး၊ မင်္ဂလသုတ်၊ အပြင် အောင်ခြင်း၊ အတွင်းအောင်ခြင်း စသည်တို့ကို လည်း တစ်ကျောင်းလုံး ညီညီညာညာ ရွတ်ဖတ်ကြ ရသော ကြောင့် သစ္စာလေးပါးဟူသော တရားကို ကောင်းစွာ ဆို၍ ရှိခိုးခြင်း သဘောတရားကို နား လည်စ ပြုလာပါသည်။ ဖခင်သည် ကျွန်တော် နားမလည်နိုင်သော အချက်တို့နှင့် ကြုံရသောအခါ ကျွန်တော့်ကို ဆယ်စောင်တွဲ၌ပါသော မင်္ဂလသုတ် နှင့်တကွ အပြင်အောင်ခြင်း၊ အတွင်းအောင်ခြင်း စသည်တို့နှင့် ပရိတ်ကြီးကိုပါ ကျွန်တော့် အရွယ်နှင့် လိုက်အောင် ပို့ချပေးပါသည်။

ဤအဆင့်သို့ ရောက်သောအခါ ကျွန် တော်သည် ကျွန်တော့်သူငယ်ချင်း ကျောင်းနေဖက် တို့ ကိုရင်ဝတ်သည်ကို တွေ့ကြုံရပါသည်။ ယင်း သူငယ်ချင်းတို့ ရှင်ပြုကြသောအခါ ယင်းတို့ကို အားကျပြီး ဖခင်အား "ကျွန်တော် ကိုရင်ဝတ်ချင် တယ်" ဟု ပူဆာပါသည်။ ဖခင်က "မင်း ငယ်ပါ သေးတယ်၊ အသက် ၁၂ နှစ်အရွယ် ရောက်လို့ ကိုရင်ဝတ်တော့မှ သာသနာ့ဘောင်ဆိုတာကို နား လည်လိမ့်မယ်၊ နောင်နှစ်တွေ ရောက်လာလျှင် မင်းကို ရှင်ပြုပေးမယ်၊ ဒါပေမယ့် ယခုတော့ မင်းကို လေးထပ်ကျောင်းမှာ ထားမယ်" ဟုဆို၍ ကျွန်တော့်ကို လပွတ္တာမြို့ လေးထပ်ကျောင်းသို့ ပို့ပါသည်။ မူလ လေးထပ်ဆရာတော် ဦးလက္ခဏ သည် ရွှေကျင်ဆရာတော်ကြီး၏ တပည့်ဖြစ်သည့် အားလျော်စွာ စာပေကျမ်းဂန်တို့၌ ကျွမ်းကျင်သည့် အပြင် မိမိဝါသနာအလျောက် ဗေဒင်ကိုလည်း တတ်ကျွမ်းသည်။ သို့သော် ဂိုဏ်းစည်းကမ်းအရ ဗေဒင်ဟောခြင်းတော့ မပြုပါ။ ဆရာတော်ကြီး၏ လက်ရုံးမှာ ဦးပဉ္စင်းကြီး ဦးကူန္ဒြိယ ဖြစ်သည်။ လေးထပ်ကျောင်းတွင် စာသင်ရသောအခါ ဦးပဉ္စင်း ကြီးက ကျွန်တော့်အား အထူးဂရုစိုက်၍ စာသင်ပေး သည်။ မကြာမီ ကျွန်တော်သည် ကိုရင်ဖြစ်လာ သည်။ ဘုန်းတော်ကြီး ကျောင်း၌ ပညာသင်ခဲ့စဉ် သာသနာရေးကိစ္စတို့အပြင် လောကီကိစ္စတို့ အလို့ငှာ ဗေဒင်ကိုလည်း သင်ရသောကြောင့် ကျွန်တော် သည် ရက်ရာဇာနှင့် ပြဿဒါးအကြောင်းကို ဟောပြောတတ်လာပါသည်။

သို့ရာတွင် လောကီနှင့်ဆိုင်သော ကိစ္စတို့မှာ အရေးမကြီးပါ။ လေးထပ်ဆရာတော်နှင့် ဦးဥင်း ဦးကူန္ဒြိယတို့က ရှင်ကျင့်ဝတ် စသည်တို့ကို ကောင်း စွာ ပို့ချပေးလေရာ ဘုန်းကြီးကျောင်းမှာ နေဖူးခဲ့ သောကြောင့် ထိုစဉ်က ကျွန်တော် အရွယ် ၁၂ နှစ်သား ကိုရင်ဘဝ၌ ကျွန်တော်တို့ သိထိုက်သော ကိုရင်တို့၏ ကျင့်စဉ်ကို ကောင်းစွာ သိရှိနားလည်ခဲ့ ပါသည်။ ဤအတွင်း ကျွန်တော်တို့ကို ဦးပဉ္စင်းကြီး က ကံနှင့်ကံ၏ အကျိုးတရားတို့ကို နားလည်အောင် ဟောကြားပါသည်။

ကံဆိုသည်မှာ အကျိုးသင့်အကြောင်းသင့် မဟုတ်ဘဲ မတော်တဆ ဖြစ်တတ်သော သဘာဝဟု ကျွန်တော်တို့ ကလေးသူငယ်ချင်းများ နားလည်ပါ သည်။ စင်စစ် ကံသည်ပြုလုပ်မှု ဖြစ်သည်။ လုပ် သမျှ သက်ရောက်သော အကျိုးတရားသည် ကမ္မဖလဖြစ် သည်။ လုပ်ဆောင်ခြင်း၏ အကျိုးကို ဆိုလိုသည်။ အလုပ်တစ်ကျပ်ဖိုး လုပ်လျှင် အကျိုး တစ်ကျပ်ဖိုး ဖြစ်ထွန်းသည်။ အလုပ်ကောင်းလျှင် အကျိုးပေး ကောင်းသည်။ အလုပ်မကောင်းလျှင် အကျိုးပေး မကောင်းပါ။ ဤသဘောမှာ လွယ်လွယ် နှင့် နားလည်အပ်သော သဘော ဖြစ်သော်လည်း ပါဠိလို ကံဟု ရွတ်ဆိုသောအခါ ဧရာမ ကြီးကြီး ကျယ်ကျယ် များကို တွေးမိသောကြောင့် တွေးသူ၏ အတွေ့ အကြုံအလိုက် ကြီးကြီးကျယ်ကျယ်တို့ကို မိမိအကြိုက်နှင့် ကိုက်ညီအောင် စဉ်းစားသောအခါ

ကဲတည်းဟူသော အလုပ်၌ အဓိပ္ပာယ်အမျိုးမျိုး ပေါက်ရောက်လာသည်။ ဤသည်တွင် မိမိစိတ်ကြိုက်ကို လိုက်၍ အဓိပ္ပာယ် ဖွင့်ဆိုသောအခါ မိမိကျူးလွန်ထားသော မကောင်းမှုကိုပင်လျှင် "ကုသလဓမ္မာ" ဟု အထင်မှား၍ နိဗ္ဗာန် မရောက်တဲ့ ငရဲသို့သာ ရောက်ရပါလိမ့်မည်။

ကျွန်တော် တက္ကသိုလ်ရောက်၍ "ရူပဗေဒ" ခေါ် ရုပ်ဝတ္ထုအကြောင်းကို လေ့လာသော ပညာရပ်ကို သင်ယူသောအခါ "အလုပ်တစ်ခုကို လုပ်လျှင် ထိုအလုပ်နှင့် တူညီသော အကျိုးကို ရလိမ့်မည်ဟူသော သဘောတရားကို ကျက်မှတ်ရပါသည်။ အဓိပ္ပာယ်မှာ ရှင်းပါသည်။ တစ်ပိဿာ အလေးနှင့် ဘေးကိုပစ်လျှင် တစ်ပိဿာ နစ်နာမည့်အကျိုးကို ခံစားရလိမ့်မည်ဟု အဓိပ္ပာယ် ထွက်ပါသည်။ ဤသဘောကို အနောက်တိုင်း သိပ္ပံပညာရှင်တို့ သုတေသန ပြုခဲ့ကြရာ လွယ်အောင်ပြောလျှင် တစ်ကျပ်သား အလုပ်လုပ်လျှင် တစ်ကျပ်ဖိုး ကျေးဇူး ဖြစ်ထွန်းမည်ဟု အဓိပ္ပာယ်ရပါသည်။ ဤအချက်ကို သိပ္ပံဆရာကြီး နျူတန်[+] (၁၆၄၂–၁၇၂၇) နှင့် အပေါင်းပါတို့ ထွန်းကားသောခေတ်၌ ပိဿာလေးနှင့် ဘေးပစ်လျှင် တစ်ပိဿာဖိုး နာကျင်လိမ့်မည်ဟူသော ဥပဒေကို တည်ဆောက်ခဲ့သည်။ သို့သော် တစ်ဆယ်ကျပ်သားမျှသာ လေးသော ဝါဂွမ်းနှင့် တို့လျှင်မူကား ထိခိုက်မည့် ဒဏ်သည် အလေးချိန်နည်းသည်နှင့်အမျှ များစွာ ခံသာလိမ့်မည်။ သဘောပြုလုပ်လိုသော အမှုတို့၌ အကျိုးသက်ရောက်ခြင်းမှာ ပြုလုပ်ခြင်း၏ အတိုင်းအတာ ပမာဏနှင့် အတူတူ ဖြစ်သည်။ သိပ္ပံဆရာတို့သည် ဤအချက် မှန်ကန်ကြောင်းကို အချိန်များစွာ ယူ၍ စဉ်းစားပြီးလျှင် ဥပဒေသကို ချမှတ်ခဲ့ကြဟန် တူသည်။

ဟံသာဝတီ ကမ္ဘဏ္ဍာန်းတိုက် မဟာနာယကဆရာတော် ဘုရားကြီးသည် "နိဗ္ဗာန်ဝင်လမ်းခုနစ်ရက် စခန်း ဟံသာဝတီ ဟောစဉ် အမှတ်(၁)" ကို ရေးသားစီရင်ရာ ယင်းကို ဟံသာဝတီ သတင်းစာတိုက်ကပင် ပုံနှိပ်ထုတ်ဝေသည်။ ထိုဟောစဉ်စာအုပ်တွင် ဆရာကြီး ဒဂုန် ဦးထွန်းမြင့်က နိဒါန်း ရေးသည်။ ထိုနိဒါန်းတွင်–

"ဗုဒ္ဓဘာသာ ဆိုသည်မှာ ကံနှင့်ကံ၏ အကျိုးကို ယုံကြည်ခြင်း။ ဖြစ်ပေါ်သမျှ ချုပ်ပျောက်သည်ဆိုသော အချက်ကို ဉာဏ်အမြင်ပေါက်ခြင်းပင် ဖြစ်သည်။ အပြစ်ကင်း၍ ကောင်းကျိုးကို ဖြစ်စေ တတ်သည့် ပြုလုပ်မှု၊ ပြောဆိုမှု၊ **ကြံစည်မှု**များကို ကောင်းမှု ကုသိုလ်ကံ **အပြစ်**မကင်းဘဲ မကောင်းကျိုးကို ဖြစ်စေတတ်သည့် ပြုလုပ်မှု၊ ပြောဆိုမှု၊ ကြံစည်မှုများကို မကောင်းမှု အကုသိုလ်ကံဟု ယုံကြည်ခြင်းသည် ကံကိုယုံကြည်ခြင်းပင် ဖြစ်သည်။ ကောင်းမှု ကုသိုလ်ကံသည် ကောင်းသော အကျိုးကို ဖြစ်စေသည်။ မကောင်းမှု အကုသိုလ်ကံသည် မကောင်းသော အကျိုးကို ဖြစ်စေသည်ဟု ယုံကြည်ခြင်းသည် ကံ၏အကျိုးကို ယုံကြည်ခြင်း ဖြစ်၏" ဟူ၍ ရေးသားခဲ့သည်။

မြတ်စွာဘုရားသည် ကံကံ၏ အကျိုးကို ထိုသို့ ဟောခဲ့သည်။ ထိုသို့ ဟောပြောခဲ့ပြီး နှစ်ပေါင်း အရာအထောင် ကြာသောအခါ သိပ္ပံဆရာတို့က တစ်ပိဿာလေးသော အလုပ်သည် တစ်ပိဿာ အကျိုးကို ဖြစ်စေသည်ဟု ဥပဒေသကို ထုတ်ခဲ့ကြသည်။ တစ်ကျပ်ဖိုးလုပ်လျှင် တစ်ကျပ်ဖိုး ရနိုင်သည်။ ကောင်းကျိုးကိုလို၍ လုပ်လျှင် ကောင်းကျိုး၊ မကောင်းကျိုးကို လို၍ လုပ်လျှင် မကောင်းကျိုး ဟူ၍ ရနိုင်သည်။ ယင်းတရားကို သိပ္ပံဆရာတို့ တွေ့ရှိပုံနှင့် နှိုင်းကြည့်စေလိုသည်။

ကျွန်တော်သည် ကိုရင်ဘဝနှင့် ဦးပဉ္စင်းကြီး ဦးကုန္ဒြိယ ဟောသော တရားတို့ကို နာယူမှတ်သားခဲ့ရာ အတန်ငယ် သဘောပေါက်သလိုလို ရှိခဲ့ပါ၏။

သို့သော် ယခု ရေးပြသကဲ့သို့ နားလည်သည်ဟု မကြားလိုပါ။ တက္ကသိုလ် ရောက်သောအခါ ရှုပေဒ ပါမောက္ခ၊ ဓာတုပေဒ ပါမောက္ခ စသော ပုဂ္ဂိုလ်တို့ ဟောကြားသော "လက်ချာ" (ပို့ချချက်) တို့ကို အကြိမ်ကြိမ် နားထောင်ခဲ့ပါ၏။ ဤအထဲတွင် မြန်မာစာ ကထိက ဆရာကြီး ဦးလင်းနှင့် ဆရာဟား တို့ အလျဉ်းသင့်သလို စာပေပို့ချသည်ကိုလည်း ရှေးနည်းတူ နားထောင်ခဲ့ဖူးပါ၏။ အားလုံးကို နားလည်သလိုလို အမှတ်ရခဲ့ပါသည်။ သို့သော် မှန်တာကို ပြောရလျှင် အသက် ၃၀ ကျော် ၄၀ နီးခါမှ ဒဂုန်ဦးထွန်းမြင့်ကဲ့သို့သော ပညာရှင်တို့၏ အဟော အပြော အရေးအသားတို့ကို တစ်စတစ်စ နှင့် တကယ် နားလည်လာပါသည်။

ယခု ကျွန်တော် ရေးပြသော စကားစဉ်မှာ ငယ်စဉ်က ကျွန်တော့်ကို မိဘနှစ်ပါးတို့က ဗုဒ္ဓ ဘာသာကို ကိုးကွယ်သော သူတို့၏ သားသမီးများ ကို လက်ဦးဆရာအဖြစ်ဖြင့် သွန်သင်ဆုံးမ တရား ပြခဲ့သည့် သဘောသွားအတိုင်း ကျွန်တော်မှတ်မိ သမျှကို စားမြုံ့ပြန်နေခြင်း ဖြစ်ပါသည်။ မိဘနှစ်ပါး ကို ဦးထိပ်ထား၍ ပြောသော်လည်း အမေနှစ်ဦး နှင့် ဦးလေး၊ ဦးကြီး၊ ဘထွေး၊ ဘကြီး၊ ကြီးဒေါ်၊ အဒေါ် စသော သူတို့သည် အလျဉ်းသင့်သလို ဆိုဆုံးမခဲ့ကြသည်ကိုလည်း ကျွန်တော်မမေ့ပါ။ ဆရာ ဦးခန္တီ၊ ဆရာတော် ဦးလက္ခဏာ၊ ဦးပဉ္စင်း ကြီး ဦးဂျန္ဒြိယ စသော ပုဂ္ဂိုလ်တို့ကလည်း ဗုဒ္ဓ၊ ဓမ္မ၊ သံဃ အကြောင်းတို့ကို ပြောပြလေ့ရှိသဖြင့် သာသနာအရေးဌ မိဘနှစ်ပါးနှင့် တကွသော အထက် ဖော်ပြရာ ပုဂ္ဂိုလ်များသည် ကျွန်တော်၏ ကျေးဇူးရှင် ကြီးများ ဖြစ်ကြပါသည်။ သူတို့သည် ကျွန်တော့်ကို ကောင်းစွာ သွန်သင်ခဲ့သည် မှန်ပါ သည်။ ယခု ကျွန်တော့်မှာ သားသမီးနှင့် မြေးများ အရွှေအရံဖြင့် ကျွန်တော်၏ မျိုးဆက်တို့ကို ဗုဒ္ဓ ဘာသာဝင်များ အဖြစ်ဖြင့် မည်ကဲ့သို့ သွန်သင်ဆုံးမ တရားပြခဲ့ပါသနည်း။

ထိုမေးခွန်းကို ကျွန်တော် မဖြေတတ်ပါ။ တက္ကသိုလ်မှ ဘွဲ့ရပြီးနောက် ပရိယေသနဝမ်းစာ အတွက် ကျွန်တော်သည် မြို့နယ်အုပ်ချုပ်ရေး၊ နိုင်ငံခြားရေးဌာန၊ အသံလွှင့်ဌာန၊ ပြန်ကြားရေးဌာန စသည်တို့၌ ကျင့်လည်ခဲ့ရာ ကျွန်တော့် သားသမီး များကို ကျွန်တော့် မိဘများက ကျွန်တော့်အား သွန်သင်ဆုံးမဘိသကဲ့သို့ သွင်သင်ဆုံးမခြင်း မပြုနိုင် ပါ။ ဒုတိယကမ္ဘာစစ်အတွင်း လူဖြစ်ခဲ့ရသောအခါ ပုဗ္ဗာစရိယနှင့်အညီ ကျွန်တော် မကျင့်နိုင်ခဲ့ပါ။ ဤချို့ယွင်းချက်ကို ကျွန်တော်ဝန်ခံပါသည်။

သို့သော် ကျွန်တော့်မှာ ဘာသာ သာသနာ နှင့် စပ်လျဉ်း၍ လမ်းညွှန်နိုင်သော မိတ်ဆွေကောင်း များ ရှိပါသည်။ ထိုမိတ်ဆွေများကို အားကိုးနိုင်ပါ သည်။ ယခု ထေရဝါဒ သာသနာ ပြန်လည်ဆန်း သစ် လာသောအခါ ကျွန်တော်တို့၏ အနွယ်များ သည် မိမိတို့ ကိုးကွယ်သော ရတနာသုံးပါး အကြောင်း ဟောပြောနိုင်သော ပုဂ္ဂိုလ်များထံမှ ဘာသာရေး အတွေ့အကြုံတို့ကို ရရှိနိုင်ပါသည်။ ထို့ကြောင့် ယခု အသက်အရွယ်၌ ကျွန်တော်၏ မိတ်ဆွေများနှင့် တွေ့သောအခါ ကျွန်တော်တို့၏ ဘာသာ သာသနာရေးတွင် ကျွန်တော်တို့၏ သားသမီးများကို မိမိတို့၏ သားသမီးအရင်းများ ကဲ့သို့ ဘာသာရေး လမ်းညွှန်မှုကို ပေးပါရန် အကြံ ပြု တောင်းခံခဲ့ပါသည်။ ဤတောင်းခံချက်ကို သဘောကျ၍ ယခုအခါ ဘာသာရေးနှင့်စပ်လျဉ်း သော ကျမ်းစာများ၊ မဂ္ဂဇင်းများ စသည့် ဖတ်စရာ မှတ်စရာတို့ ပေါ်ပေါက်လျက် ရှိနေပါသည်။ ဤအချက်ကို အားကိုးတစ်ခု ပြုပြီးလျှင် ကျွန်တော်၏ မိတ်ဆွေသူငယ်ချင်း ဆရာသမားများကို ကျွန်တော် တို့၏ သားသမီးများအား လမ်းညွှန်ပေးနိုင်ပါရန် ဤစာတမ်းဖြင့် ထပ်မံတောင်းပန်လိုက်ပါသည်။ ကျွန်တော်၏ အာသီသသည် ပြန်လည် ဆန်းသစ်

လာသော ထေရဝါဒကြောင့် ကောင်းကျိုးဖြစ်ထွန်းအောင် ဆောင်ကြဉ်းပေးနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ ယနေ့ လူငယ် လုံမငယ်များ၏ ကြီးပွားချမ်းသာရေးကို ရည်စူး၍ ဤမေတ္တာရပ်ခံချက်ကို ရေးလိုက်ပါသည်။ ကျွန်တော် ယခု ဆောင်ရွက်နေသော မြန်မာစာဌာနတွင် သာသနာရေးဌ ကျမ်းကျင်သူများ ရှိကြပါသည်။ ကျွန်တော်သည် ထိုတတ်ကျမ်းနားလည်သူ မိတ်ဆွေ တစ်ဦးထံ ဤအချက်များကို တင်ပြခဲ့ရာ ထိုမိတ်ဆွေသည် ကျွန်တော့် အယူအဆတို့ကို လက်ခံ၍ သာသနာရေးဆိုင်ရာ ဆောင်းပါးတို့ကို ပြုစုရေးသား၍ ကျွန်တော်၏ လိုအင်ကို ဖြည့်စွက်ခဲ့ကြပါ၏။ သို့သော် ကျွန်တော် တင်ပြသော အချက်ကို ပညာရှင်တို့ ဆက်လက်၍ အားပေးကြစေလိုသောကြောင့် ဤအချက်အလက်တို့ကို စာဖြင့်ရေးသားတင်ပြပါသည်။ ကျွန်တော်၏ ဤပန်ကြားချက်ကို သိသူရော မသိသူတို့ပါ သာသနာ ပြန်လည်ထွန်းကားရေးကို ရည်းစူး၍ ဆောင်ရွက်မြဲ ဆောင်ရွက်လျက် ရှိကြပါသည်။ ကျွန်တော် ယခု တင်ပြသည်မှာ အဆန်းမဟုတ်ပါ။ ယနေ့ အသစ်အသစ် ပြန်လည် ထွန်းကားနေသော သာသနာရေးအကျိုးငှာ အစဉ် သတိရအောင် နှိုးဆော်သော သဘောဖြင့် တိုက်တွန်းခြင်း ဖြစ်ပါသည်။ ဤတိုက်တွန်းခြင်းနှင့် စပ်လျဉ်း၍ နှိုးဆော်ချက်တို့ကို ရေးသားရာ၌ သာသနာရေးသည် ခေတ်သစ်ထဲသို့ ရောက်ရှိနေသည်ကို မမေ့ကြရန် ရည်ရွယ်ရင်းဖြစ်ပါသည်။ ကျွန်တော်၏ အတွေ့အကြုံများထဲတွင် သာသနာပြုသော လုပ်ငန်းနှင့် မည်မည္ဆတ်သည်များ ပါရှိကြောင်း တွေ့ရှိပါလျှင် ကျွန်တော် ထက် ကျမ်းကျင်သော ပုဂ္ဂိုလ်တို့သည် ကောင်းသည်ထက်ကောင်းအောင် ပြင်ယူပါဟု မေတ္တာ ရပ်ခံလိုက်ပါသည်။ သာသနာရေးဌ ကျွန်တော်သည် သားသမီးများအပေါ် တာဝန်လစ်ဟင်းခဲ့ပုံကို ယခု ဖော်ပြသည်မှာ ယခုခေတ် မိဘများသည် ကျွန်တော်ကဲ့သို့ တာဝန်မကျေပွန်ဟု မဖြစ်စေလိုသော ဆန္ဒဖြင့် မေတ္တာရပ်ခံခြင်း ဖြစ်သည်။

ဤဆောင်းပါးဖြင့် သာသနာ့ ယဉ်ကျေးမှု အမွေအနှစ်များကို ကျွန်တော်၏ သားငယ် မြေးငယ်တို့အား အစဉ် သွန်သင်ဆုံးမပေးလေ့ ရှိသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဗြူးကုန်းဆရာတော် ဘဒ္ဒန္တ အာစိဏ္ဏအား ပူဇော် ကန်တော့လိုက်ပါ၏။

မောင်ထင်

အဂ္ဂမဟာပဏ္ဍိတ ဂုဏပူဇာ မင်္ဂလာ ရတုပိုဒ်စုံ

ဂုဏ္ဍာစရိယာဘိဝံသ

၁ **ဗြူးကုန်းမြေခွင်၊** ကုန်းမြေပြင်ကား ပန်းပင်ပမာ တူမျှစွာ၏၊ ခက်ဖြာကိုင်းညွန့် ရွက်ချင်းဆင့်၍ ပန်းပွင့်ချပ်လွှာ ပွင့်လယ်မှာမူ ကြီးစွာဝတ်ဆံ ဝတ်မှုန်ရံလျက် ပြည့်လျှံဝတ်ရည် ဝတ်ရက်ဆီနှင့် မွှေးရီရနံ့ သင်းပျံ့ပျံ့သို့ ကုန်းနှံ့တည်ထား မြတ်ဘုရားနှင့် တရားသံဃာ ကျောင်းများစွာတို့ ညီညာ ဆင့်ဆင့် ပနံတင့်၍ ဂုဏ်ပွင့်ဂုဏ်လွှာ ဂုဏ်ပေါင်းဖြာလျက်သင်းကာ ပျံ့ပျံ့ ပြည်လုံးနှံ့၏။ပန်းနံ့ဂုဏ်နံ့ မွှေးကြိုင်ပြန့်ဖို့ ဖြန့်ဖြန့်ဖြူးဖြူး လေညှင်းမြူးအောင် ကြည်နူးစိတ်ဓာတ် နှလုံးမြတ်ဖြင့် လေနတ်များစွာ တိုက်ခတ်ပါ ၏၊ ရောက်လာသူများ ချမ်းသာပွားဖို့ ကြီးမားရိပ်မြုံ အေးရိပ်ဘုံကို ပြည့်စုံအောင်ပင် ဖန်ဆင်းချင်သည့် သစ်ပင်စောင့်နတ် မြေစောင့်နတ်နှင့် မိုးနတ်မျိုးစုံ နတ်မျိုးစုံတို့ ပေါင်းစုံညီညာ စီရင်ပါ၏။ ဤမှာထိုမှာ နားနေ ပါ၍ ကြည့်ပါရှုပါ နားဆင်ပါဘိ ထိုမှာဘုရား ဦးညွတ်တွားလျက် စီးပွား တိုးကြောင်း ဆုမွန်တောင်းလော့။ ဤကျောင်းဆီက လျှံထွက်ကျသည့် ပို့ချသင်အံ တရားသံကို တစ်ဖန်နာကြား ကြည်ညှိပွားလော့ ဘုရားပညတ် ဝိနည်းမြတ်နှင့် သပ်ရပ်မူရာ နှုတ်ဆိတ်စွာသည့် သံဃာတော်များ ထံနီးပါး၌ ဝပ်တွားပူဇော် ကုသိုလ်တော်ကို ယူတော်မူကာ ရရှိပါမှ သံသရာလွတ်ကြောင်း ဆုမွန်တောင်းလော့။ ဂုဏ်ပေါင်းကိုးပါး ပြည့်စုံငြားသည့် ဘုရားရှင်မြတ် ဟောဖော်အပ်သည့် ခြောက်ရပ်ဂုဏ်ဖြာ တရားစာနှင့် ကိုးဖြာဂုဏ်လွှမ်း မြတ်ရဟန်းတို့ ဂုဏ်ပန်းသွင်သွင် မွှေးပျံ့လွင်သည် **မြေလျှင်ဗြူးကုန်းပါတကား။**

❶ **မူးဘုန်းထေရ်ရှင်** ဘုန်းမြတ်ရှင်ကား ဂုဏ်အင်ပြည့်ကြွယ်လွန်တင့်တယ်၏။ သက်ရှယ်ငယ်စဉ် သဒ္ဓါမွန်ဖြင့် ဘုန်းရှင်မြတ်စွာ သာသနာ၌ ပျော်ကာမွေ့မွေ့ ထုံးဓလေ့နှင့် နေ့နေ့ညည ပြည့်ညီမျှလျက် ပိဋကသုံးတန် ဓမ္မာန်ကို သင်အံ့လေ့ကျက် ဂုဏ်ထူးထွက်၏။ မိန့်မြွက်ညွှန်ကြား မြတ် တရားကို ဆင့်ပွားဖြန့်ကာ တိုးတက်ပါအောင် ကျမ်းစာမရွေး သင်ပြပေးလျက် ကျင့်ရေးမမှား ရှုမှတ်ပွား၏။ ဘုရားမိန့်မှာ တရားစာကို မှားစွာသိကြ တတ်မြောက်ကြမှ ကျင့်ကြသူများ ဆင်းရဲပါး၍ ဘုရားရည်သန် မြတ်နိဗ္ဗာန်ကို ကေန်ရောက်ကြ ချမ်းသာရဟု တွေးဆမြော်မြင် ဉာဏ်သက်ဝင်၍ စာသင်သားများ စောင့်ရှောက်ထားလျက် ကြိုးစားသင်ပြ ဆိုဆုံးမ၏။ မိဘစထား ဆွေမျိုးများနှင့် များပြားလှစွာ ဒါယကာတို့ ချမ်းသာညွှန်ပြ ဆိုဆုံးမ၏။ ရရသမျှ လာဘ်လာဘကား ပျက်ရမြဲသာ ဓမ္မတာဟု ကောင်းစွာ ဆင်ခြင် သတိယှဉ်၍ စာသင်သားများ တပည့်သားတို့ နွမ်းပါးကင်းကွာ ပြည့်စုံသာအောင် ခွဲကာဝေကာ လှူဒါန်းပါ၏။ (မြတ်စွာဘုရား ရည်မှန်း ထားလျက် ဘုရားစေတီ တည်လည်းတည်၏)။ ထိုဤတွက်တာ ခွဲဝေကာဖြင့် ချိန်ခါဌာန သင့်တင့်မျှအောင် ဒါန ပါရမီ ဖြည့်ကာတည်၏။ လူပြည်လူ့ရွာ လူ့ခန္ဓာ၌ "ခန္ဓာကိုယ်ဆိုး ဤရုပ်မျိုးကား တိုး၍မပျို့ အိုကာအိုမြဲ" ဖြစ်မြဲ ဓမ္မတာ ဆင်ခြင်ခါဖြင့် သိက္ခာသုံးပါး မြတ်တရားကို ကျင့်ပွားနေ့စဉ် ရုပ်ကြည်လင်သည် **ထေရ်ရှင်မူးဘုန်းပါဘုရား**။

❷ **ထူးဆုံးဝေလွင်** တသွင်သွင်နှင့် တောင်စဉ်ကျရေ စီးဆင်းနေသို့ ဂုဏ်ဝေထူးတင့် ဂုဏ်ပေါင်းဆင့်ထိ ဖြည့်ကျင့်ခဲ့ရာ လုပ်ငန်းတာမှ ထင်စွာ ဖော်ပြ ထင်ရှားလှသည့် ဂုဏာပိုင်ရှင် မြတ်ထေရ်ရှင်အား ကြားမြင်သမျှ ကြည်ညိုလှသည့် ဗုဒ္ဓနိုင်ငံ စိုးရမှန်လည်း ဘွဲ့မှန်ဆက်သ ကြိုးမြတ်လှသည့် အဂ္ဂမဟာပဏ္ဍိတာကို ကြေညာပင်လတ် ဆက်လှူကပ်၏။ စောမြတ်ဘုန်းရှင် ကိုယ်တိုင်ပင်မူ ထူးချွန်ထင်ရှား သံဃာများအား ဘွဲ့များသတ်မှတ် ချီးမြှင့်အပ်သို့ မပြတ်စဉ်လာ ပြည်မြန်မာ၌ ဆရာစဉ်ဆက် မင်းစဉ်ဆက်တို့ မပျက်ဆက်ကာ

ချီးမြှင့်လာသည့် ဘာသာရေးဘွဲ့များ လွန်ထင်ရှားခဲ့။ ထင်ရှားသည်သာ ရတနာဟု ကဗျာဖွဲ့ပြ စာအလှ၌ "မြင်ရတွေ့ရ ရခဲလှ သည့် ဒုလ္လဘမှု အစုစုတွင် တစ်ခုဝင်က တစ်ခုမျှပင် မုချမှန်စွာ ထင်ရှား ရာ၏။ ရတနာစစ်စစ် နွံမနစ်ဟု ကျစ်လျစ်သေချာ တွေ့ရပါ၏။ မြန်မာနိုင်ငံ သမိုင်းမှန်ကို ဆက်ခံယူရင်း စိုးရမင်းတို့ ရှေးမင်းတူစွာ ကဲ့ပမာပင် သာသနာမှု ဘာသာမှု၌ ပြုမှုထင်ရှား ထေရ်ရှင်များအား ဘွဲ့များဆက်ကပ် လှူဒါန်းအပ်၏။ သံဃာများစွာ ထေရ်များစွာတို့ သာသနာမှု ဘာသာမှု၌ ပြုစုသမျှ ရုပ်လုံး ကြွ၍ ယင်းမှထွက်ပေါ် ဂုဏ်ရိပ်တော်ကို ပူဇော်လျက်သာ မှီခိုကာဖြင့် ချမ်းသာစီးပွား တိုးတက်များဖို့ ဝပ်တွားခိုရာ ထေရ်သံဃာတွင် မဟာထေရ်ရှင် အေးရိပ်မွန်သည် **ဝေလွင်ထူးဆုံးပါတကား။**

ကူနှာစရိယာဘိသံသ

ပြုးကုန်းတောရ စာသင်တိုက် ပစာနနာယက

အရှုမဟာပဏ္ဍိတ ဘဒ္ဒန္တ အာစိဏ္ဏ

မောင်စေတနာ



လွန်ခဲ့သော နှစ် (၆၀) ခန့်က တစ်ခုသော သကြီန်ရက်တွင် ဖြစ်သည်။ စေတီယင်္ဂနအသင်းကြီး၏ အရေးပါ နာမည်ကြီး ပါဠိဆရာကြီး တစ်ဦးနှင့် ပဉ္စင်းငယ်တစ်ဦးတို့ ပဲခူး ကျောက်တန်း မဟာဗောဓိ တောရ တိုက်အတွင်းရှိ ဦးဖိုးဟန်ဇရပ်တွင် ဆုံကြ သည်။ ထိုစဉ် စေတီယင်္ဂန အသင်းကြီးက ကျင်းပသော စာမေး ပွဲတွင် ပါဠိတွေချည်း အာဂုံ ပြန်ဆို နေရသည်ကို သဘောမတွေ့သာ ပဉ္စင်းငယ်က ပါဠိဆရာကြီးအား ဤသို့ ဝေဖန်မိန့်ဆိုခဲ့လေသည်။

"ဒကာကြီးတို့ အသင်းက ဘာလို့ ပါဠိတွေကိုချည်း အာဂုံပြန်ဆို ခိုင်းနေရတာလဲ"

"ဘာဖြစ်လို့လဲ မောင်ပဉ္စင်း"

"အဲ စာကျက်ရတာပမ်းတော့ လေအစွဲ ဘာအစွဲနဲ့ လူသတ်ပွဲကြီး လုပ်နေတာနဲ့ မတူပေဘူးလား"

"ဒါကတော့ စာတတ်ချင်ရင် ကျက်ရမှာပေါ့ ကိုယ်တော်"

"ဒကာကြီး ကျုပ်တော့ ပါဠိ မကျက်လည်း တတ်ပါတယ်၊ ဦးဇင်း အခု ဒီလိုပါဠိတွေကိုချည်း ပြန်ဆို

ခိုင်းနေတာကို တယ်ပြီး သဘောမတွေ့ဘူးဗျ၊ ပါဠိအာဂုံတွေ မရဘူး၊ သဒ္ဒါဆိုင်ရာ မေးချင်းတာ မေးပါ"

ပါဠိဆရာကြီးမှာ ပဥ္စင်းငယ်က မိမိအား ဤသို့ ပြတ်တောက်ခါးသည်းစွာ ဝေဖန်ပြောဆိုသည်ကို မနှစ်မျို့ခဲ့သည့်အလျောက် ဇရပ်ဒကာ ဦးဖိုးဟန်အား...

"ဒီဦးပဥ္စင်း ဘယ်တော့မှ စာမတတ် ဘူး"

ဟု မှတ်ချက်ပြုခဲ့သည်။

ထိုအခါ ဦးဖိုးဟန်က...

"ဒီဦးပဥ္စင်းလေးက သိပ်တော်တာ၊ ခုပဲ ပဲခူး ဝိနယာဓိက စာမေးပွဲ ပထမကြီးတန်းမှာ အမှတ်အများဆုံးနဲ့ ပထမကျော်ဘွဲ့ ရခဲ့တာ" ဟု ပြန်ပြောပြခဲ့လေသည်။ ထိုအခါ ပါဠိဆရာကြီးသည် ဦးပဥ္စင်းလေးအား "တောက်မည့်မီးခဲ၊ စားဖိုဌ် တရဲရဲပဲ" ဟု ချီးမွမ်း ပြောဆိုလျက်...

"မှန်ပါ၊ ကြိုးစားပါ ဘုရား၊ အနာဂတ် သာသနာအတွက် အရှင်တို့ကိုသာ အားကိုးရမှာပါ"

ဟု လျှောက်ထားလေသည်။

ဆရာကြီးသည် ပဥ္စင်းငယ်၏ အရည်အသွေးကို သိပြီး အထက်တန်း ပါဠိအဌကထာများကို နည်းပေးညွှန်ပြပေးသော ဓမ္မာနုဂ္ဂဟဖြင့် ချီးမြှောက်ခဲ့ပေသည်။

ပဥ္စင်းငယ်မှာ ထိုစဉ်က အစိုးရပါဠိ ပထမပြန် စာမေးပွဲ ပထမငယ်တန်းကို အသက် (၁၇) နှစ်သား အရွယ်ဖြင့် အောင်မြင်ခဲ့ပြီး ကျောက်တန်း မဟာဗောဓိ ဓမ္မပရိယတ္တိ ပါဠိအာဂုံစာပြန်ပွဲကြီး၌ အလတ်၊ အကြီး၊ အကျော်တန်းတို့ကို တစ်နံပါတ်စွဲ အောင်မြင်ထားခဲ့ပြီး ဖြစ်သည်။ ပထမကျော်တန်းတွင် အကောင်းဆုံး ပြန်ဆိုနိုင်ခဲ့၍ ရွှေတံဆိပ်ဆုချီးမြှင့်ခြင်း ခံရသည့် သာသနာ့ အာဇာနည် လောင်းလျာလေး ဖြစ်သည်။ ကိုယ်တိုင် ပါဠိစာပေများကို သင်အံ ကျက်မှတ်ပြီး စာမေးပွဲများစွာကို အဆင့်မြင့်မြင့် ဂုဏ်ထူးအဆင့်ဆင့်ဖြင့် အောင်မြင်ထားပြီး ဖြစ်သည့်တိုင် မိမိစိတ်၌ သဘောမတွေ့သည်ကို တုတ်ထိုးအိုးပေါက် ဝေဖန်ပြောဆိုခဲ့ခြင်းသည်ကား အရှင်မြတ်၏ ချီးကျူးဖွယ် သတ္တိဗျတ္တိတို့ပင် ဖြစ်သည်။

စင်စစ် ထိုပဥ္စင်းငယ်ကား အခြားမဟုတ်၊ အင်းစိန်မြို့ ဗြူးကုန်းတောရ စာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက သာသနဓဇသိရီပဝရဓမ္မာစရိယ ဘွဲ့၊ မဟာဂန္ထ ဝါစကပဏ္ဍိတဘွဲ့ရ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အာစိဏ္ဏ မဟာထေရ်မြတ် အလောင်းအလျာ အရှင်သူမြတ်ပင် ဖြစ်ပေသည်။ ပါဠိဆရာကြီးမှာ ကား ဘာသာ၊ သာသနာတော်ဘက်တွင် ထူးချွန်စွာ စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သူဖြစ်၍ နောင်တွင် နိုင်ငံတော်က ဝဏ္ဏကျော်ထင်ဘွဲ့ ချီးမြှင့်ခြင်း ခံရသည့် ပါဠိဆရာကြီး မေဓာဝီ ဆရာဆိုင်ပင် ဖြစ်ပေသည်။

အဘိယာစက

တပေါင်းလဆန်း (၆) ရက်နေ့က ရတနာမွန်တိုက် ဆရာဦးထွန်းလွင် (ဓမ္မာစရိယ၊ ဘီအေ) ထံ ဆောင်းပါးကိစ္စဖြင့် ရောက်ခဲ့သည်။ ခရီးရောက်မဆိုက် ဆရာက ဗြူးကုန်းတောရ အဂ္ဂမဟာပဏ္ဍိတ ဂုဏပူဇာ စာစောင်အတွက် စာမူတောင်းသည်။ ယခင်က ပဲခူးမြို့မှ မြို့မ၊ ကြက်ခတ်၊ ဥဿာသီရိ၊ ပုပ္ပါရုံနှင့် ပြွန်တန်ဆာ သာသနသောဘိဏိကာရုံ ကျောင်းတိုက် အထိမ်းအမှတ်နှင့် ဂုဏပူဇာ စာစောင်၊ မဂ္ဂဇင်းတို့အတွက် ဆရာ့ထံက စာမူများ မကြာခဏ တောင်းခဲ့သည်။ မအားမလပ်သည့် ကြားက မလွတ်တမ်း ရေးပေးခဲ့သည်။ ယခု မိမိအား ပြန်တောင်းလာခဲ့သည်။ အမှန်ပြောရလျှင် ဗြူးကုန်းတောရ ဘယ်မှာရှိမှန်းပင် မသိ။ ဆရာက မဖြစ်မနေ အထင်တကြီး တောင်းလေ မိမိက ငြင်းပယ်ရန် မစွမ်းလေ ဖြစ်ရသည်။ သို့ဖြစ်၍ နောက်တစ်နေ့ တစ်ပေါင်းလဆန်း၊ (၇) ရက်နေ့တွင်

အဆင့်ဆင့် မေးမြန်းစုံစမ်းပြီး ဗြူးကုန်းတောရသို့ ရောက်သွားသည်။ ဆရာတော်အား ကိုယ့်ကိုယ်ကို မိတ်ဆက်ပြီး သိလိုသမျှ မေးလျှောက်ရသည်။ ဆရာတော်ကြီးကား မိမိနှင့် ရင်းနှီးကျွမ်းဝင်ပြီး သော တပည့်တစ်ဦးပမာ ရင်းနှီးပွင့်လင်းစွာ စကား လက်ဆုံ ပြောမကုန်အောင်ပင် ရှိခဲ့သည်။

စင်စစ် ဤတောရသို့ လွန်ခဲ့သော နှစ်ပေါင်း လေးဆယ်ကျော်က ရောက်ဖူးခဲ့ပြီး ဖြစ်သည်။ ဗြူးကုန်းတောရမှန်း မသိခဲ့။ ထိုစဉ်က ကျောင်း အဆောက်အဦး နှစ်လုံးသုံးလုံးသာ ရှိဟန်တူသည်။ ရပ်ကွက်နှင့် အတော်လှမ်းပြီး လမ်းမှာ ယခုကဲ့သို့ ကတ္တရာလမ်း မဟုတ် ကန်သင်းသာသာ မြေဖို့လမ်း သာ ဖြစ်သည်။ ကျောင်းတိုက်မှာ တောင်ကျောပေါ် တွင်ရှိပြီး တောတောင်လျှိုမြောင်တို့ ဝန်းရံလျက် သစ်ပင်ဝါးရိပ်အလယ်တွင် လွန်စွာ ဆိတ်ငြိမ်အေး ချမ်းလှသည်။ ယခု ကျောင်းဝင်းအထိ တိုက်တာ အဆောက်အဦးတွေ၊ ဆိုင်ကန္ဒားတွေဖြင့် တောရ အသွင် ပျောက်နေပြီ။ သို့သော် စာသင်သား (၁၀၀) ကျော်တို့ဖြင့် ရေမီးအပြည့်အစုံ တိုက်တာ အဆောက်အဦးများစွာဖြင့် ပရိယတ္တိစာသင်တိုက် ကြီး ထီးထီးမားမား တိုးတက်စည်ပင်လျက် ရှိနေ သည်ကို အံ့သြဖွယ် တွေ့မြင်ရသည်။ ဤတိုးတက် စည်ပင်မှုကို မြင်ရခြင်းအားဖြင့် ဆရာတော်ဘုရား ကြီး၏ ကြီးမားသော ဇွဲလုံ့လနှင့် ဘုန်းကံပါရမီကို ကြည်ညိုမိရပေသည်။ ဆရာတော်ကြီးမှာ သက် တော် (၈၁) နှစ် ရှိပြီဖြစ်သော်လည်း ကျန်းမာရေး ကောင်းလှ၏။ မိမိ မေးလျှောက်သမျှကို စိတ်လက် ရှည်စွာ ပြောပြပေသည်။

ဆရာတော်ကြီးသည် ပဲခူးကျောက်တန်း မဟာဗောဓိ တိုက်ထွက် ဖြစ်၍ ပဲခူးမှ မိမိနှင့် ရင်းနှီးကျွမ်းဝင်ပြီးသော ဆရာတော်ကြီးများ၏ ဂုဏ်း ဂဏာဆိုင်ရာ သာသနာ့အကျိုးဆောင်ဖက်များ ဖြစ် ကြသည်။ထို့ပြင် ပြွန်တန်ဆာမြို့ သာသနသောဘဏ္ဍာ ကာရုံ ဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဉာဏိန္ဒ (ဆဋ္ဌသင်္ဂါယနာသြဝါဒါစရိယ) လက်ရှိ ဆရာတော် ဦးဝိသုဒ္ဓနှင့် ရွှေကျင်တောင်ဘက် ဆရာတော် ဦးဝိမလ စသည့် မိမိနှင့် ဆွေရိပ်မျိုးရိပ် မကင်း သော ဆရာဘုန်းတော်ကြီး ဆရာနှင့် သိကျွမ်း ရင်းနှီးသည်။ သို့ဖြင့် မိမိအား "ဒကာကြီး ခုမှ ဘုန်းကြီးနှင့် တွေ့ရပေမယ့် ဆက်စပ်လိုက်တော့ ရင်းနှီးကျွမ်းဝင်ပြီး ဒကာရင်း ဆရာရင်းပါပဲ" ဟု မိန့်ဆိုလိုက်သည့်အတွက် မိမိအား ဆရာတော် ကြီးထံ အရောက်ပို့ပေးလိုက်သည့် ဆရာဦးထွန်းလွင် (ဓမ္မာစရိယ–ဘီအေ) အား အထူးပင် ကျေးဇူး တင်ရပေတော့သည်။ သူသာ မိမိထံ ဆောင်းပါး မတောင်းပါက ရောက်ဖို့ အကြောင်းဆိုက်မည် မဟုတ်ပေ။

နည်းနာသင်ယူ ဆရာမြတ်အဆူဆူ

ဆရာတော်ကြီး၏ ဇာတိမှာ လှည်းကူးမြို့နယ် ဘုရားကွင်းရွာ ဖြစ်သော်လည်း ကိုးနှစ်သားအရွယ် မှာ ပဲခူးမြို့ ကျောက်တန်း မဟာဗောဓိ တောရ တိုက်အုပ်ဆရာတော် ရှင်ပဏ္ဍာဝထံတွင် ပိဋကတ် အခြေခံတို့ကို စတင်သင်ယူခဲ့သည်။ ၁၁ နှစ်သား ကျောင်းသားငယ်ဘဝမှာပင် မဟာဗောဓိ ဓမ္မပရိ ယတ္တိ ပါဠိ အာဂုံစာပြန်ပွဲ အငယ်တန်းကို အကောင်း ဆုံး ပြန်ဆိုနိုင်ခဲ့၍ ရွှေတံဆိပ်ဆုချီးမြှင့်ခံခဲ့ရသည်။ ၁၂ နှစ်အရွယ် ရှင်သာမဏေအဖြစ်ဖြင့် ထိုစာပြန် ပွဲကြီး၌ပင် အလတ်၊ အကြီး၊ အကျော်တန်းတို့ တွင် အကောင်းဆုံး ပြန်ဆိုနိုင်ပြန်၍ တစ်နံပါတ် စွဲပြီး ရွှေတံဆိပ်ဆု ထပ်မံရရှိခဲ့ပြန်သည်။ အသက် ၁၅ နှစ်တွင် အစိုးရ ပထမငယ်တန်း၊ ၁၇ နှစ် သားတွင် ပထမလတ်တန်းတို့ကို ရှင်အဖြစ်နှင့် အောင်မြင်ခဲ့သည်။ ဆရာတော်၏ ထူးချွန်မှုကို မြင်တော်မူ၍ ကျေးဇူးတော်ရှင် ဆရာတော် အရှင် ပဏ္ဍာဝသည် ၁၃၀၀ ပြည့်နှစ်တွင် ရွှေကျင်နိကာယ ဓမ္မသေနာပတိ၊ အဂ္ဂမဟာ ပဏ္ဍိတ ဘာသန္တ ရ

ကောဝိဒ အဘိဓာန်နိသျှ၊ မောဂ္ဂလ္လာန် နိသျှစသော ကျမ်းပြုအကျော် မန္တ လေးမြို့ အဘယာရာမ ဆရာတော်ဘုရားကြီးနှင့် အဘယာရာမ ပထမစာချဘာသာဋီကာ ကျမ်းပေါင်းများစွာကို ပြုစုတော်မူခဲ့သည့် အဂ္ဂမဟာပဏ္ဍိတ တောင်မြို့ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသတို့ ထံ ဆက်လက် ပညာဆည်းပူးရန် စေလွှတ်တော်မူသည်။

ဆရာတော်ဘုရားကြီးသည် ၁၃၀၂ ခုနှစ်တွင် ကျေးဇူးတော်ရှင် ပထမ မဟာဗောဓိတောရ ဆရာတော် ဘုရားကြီး ဘဒ္ဒန္တ ကေလာသကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။ ၁၃၀၈ ခုတွင် ပဲခူးမြို့ ဝိနယာဓိက ပထမကြီးတန်းတွင် ပထမရခဲ့သည့်အတွက် ဝိနယာဓိက ပထမကျော်ဘွဲ့ ရခဲ့သည်။ စစ်ကြီးအပြီး ၁၃၀၉ ခုနှစ် ပထမကြီးတန်း စာမေးပွဲကို အောင်မြင်ခဲ့ပြီးနောက် ကျေးဇူးတော်ရှင် ဆရာတော်ဘုရား၏ ညွှန်ကြားချက်အရ သန်လျင်မြို့နယ် သပြေကန် ဝမ္မိကာရာမတိုက် ပရိတ်ကြီးနိသျှကျမ်းပြု နောင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ အရှင် ဝါသေဋ္ဌာဘိဝံသထံ၌ စာချတန်းဆိုင်ရာ နည်းနယ် အမျိုးမျိုးကို ဆက်လက်လေ့လာ ဆည်းပူးတော်မူသည်။

ဤသို့ ဆရာကောင်း ဆရာမြတ်တို့ထံ နည်းနယ် ခံယူ၍ အထက်တန်း ပိဋကတ်စာပေများကို ဆည်းပူးလေ့လာခဲ့ပြီး ဖြစ်သော်လည်း ကျေးဇူးရှင် မိဘများ၏ ကျန်းမာရေး ချို့ယွင်းမှုကို ကြည့်ရှုစောင့်ရှောက်နေရသည့်အတွက် ဖြေဆိုရန် ရှိသည့် စာချတန်း စာမေးပွဲကို ဆိုင်းငံ့ခဲ့ရသည်။ ၁၃၁၃ ခုနှစ်တွင် ရန်ကုန်မြို့ ကျိုက္ကစ် ရွှေကျင်တိုက်သစ် ဆရာတော် ဦးသုစိန္တ၏ အန္တေဝါသိကအဖြစ် ခံယူပြီး စာချဘုန်းတော်ကြီး ဦးဆန္ဒာဓိကထံ စာချတန်းဆိုင်ရာ ကျမ်းများကို ဆက်လက်သင်ယူခဲ့ပြန်သည်။ ထိုနှစ်တွင် အစိုးရစာချတန်းကို ဝင်ရောက်ဖြေဆိုရာ ကျမ်းရင်းနှစ်ကျမ်းနှင့် ဂုဏ်ထူး ငါးကျမ်းကို အောင်မြင်တော်မူခဲ့သည်။ ထို့နောက် မဟာဗောဓိ စာသင်တိုက်ကြီးသို့ ပြန်၍ စာဝါများ ပြန်ပို့ချရင်း ဓမ္မာစရိယ စာချတန်းကို ဆက်လက်ဖြေဆိုခဲ့သည်။ ၁၃၁၅ ခုနှစ်တွင် ကျန် ကျမ်းရင်းတစ်ကျမ်းနှင့် ဂုဏ်ထူးတစ်ကျမ်းတို့ကို အောင်မြင်ပြီး သိရိပဝရဓမ္မာစရိယတန်း၊ သာသနဓဇသိရိပဝရ ဓမ္မာစရိယ ဘွဲ့တံဆိပ်တော်ကို အောင်မြင်ရရှိတော်မူခဲ့လေသည်။

စာပေပို့ချခြင်းနှင့် ကျမ်းဂန်များ ပြုစုခြင်း

ဆရာတော်ဘုရားကြီးသည် ၁၃၁၃ ခုနှစ်မှ အစပြုလျက် ကျေးဇူးတော်ရှင် မဟာဗောဓိ ဆရာတော်အား ကူညီ၍ တပည့်စာသင်သားတို့အား စာပေများကို ပို့ချရင်း ပရိယတ္တိသဒ္ဓမ္မကို ဖြည့်ဆည်းတော်မူသည်။ ၁၃၂၄ ခုနှစ်တွင် ကျောက်တန်းကျေးရွာ မဟာဗောဓိ ဘုန်းတော်ကြီးသင် မူလတန်းကျောင်းကို လက်ခံဖွင့်လှစ်၍ ကျောင်းသား၊ ကျောင်းသူ ၂၀၀ ကျော်တို့ကို အတန်းပညာများ ၁၀ နှစ်ကျော်တိုင် ကျောင်းအုပ်အဖြစ် တာဝန်ယူသင်ကြားပေးခဲ့သည်။ ၁၃၄၂ ခုနှစ် ပြုံးကုန်းတောရသို့ ပြောင်းရွှေ့ကျောင်းထိုင်သော အချိန်မှစ၍ တပည့်စာသင်သား သံဃာတို့အား နေ့ဝါညဝါများ ပို့ချပေးခဲ့သည်မှ ယနေ့တိုင်ပင် ဖြစ်သည်။

ဆရာတော် ဘဒ္ဒန္တ အာစိဏ္ဏသည် စာပေပိဋကတ်ကို နှံ့စပ်သိမြင်သော ဂန္ထ ကာရက ပုဂ္ဂိုလ်သူမြတ်ဖြစ်သည့်အားလျော်စွာ တပည့်စာသင်သားတို့အား စာပေပို့ချရင်း သုတဂဝေသီ သုတစာဂီ ပုဂ္ဂိုလ်တို့အတွက် ပါတိမောက္ခသာရ ဒီပနီကျမ်း (လက်ရေးမူ၊ ဂျပန်ခေတ်) ဆန္ဒောသာရတ္ထဝိဘာဝနီကျမ်း (လက်ရေးမူ၊ ဂျပန်ခေတ်)၊ ကျောက်တန်းကျိုက္ကဆီ ရွှေစေတီသမိုင်းနှင့် ပြုံးကုန်းတောရ စာသင်တိုက် ဝတ်ရွတ်စဉ် စသော ကျမ်းဂန်များကိုလည်း ပြုစုရေးသား ထုတ်ဝေတော်မူခဲ့သည်။

များပြားလှစွာသော သာသနာ့ဝန်တာ

ဆရာတော်ဘုရားကြီးသည် မဟာဗောဓိတောရ စာသင်တိုက်တွင် ပရိယတ်စာပေများကို ပို့ချနေစဉ် အင်းစိန်မြို့၊ အရှေ့ကြို့ကုန်းရှိ ပြုံးကုန်းတောရ ကျောင်းတိုက် ဆရာတော် အရှင် ဆန္ဒာဓိကသည် နောင် သာသနာတော် အရှည်ပွင့်လင်းစည်ပင်မှုကို ရှေ့ရှုလျက် အရှင်အာစိဏ္ဏအား ၁၃၇၅ ခုနှစ် ပထမဝါဆို လဆန်း (၉) ရက်နေ့တွင် ဂရုဘာဏ်၊ လဟုဘာဏ်နှင့်တကွ ကျောင်းတိုက်ကို ယုံမှတ်ကိုးစားစွာ လွှဲအပ်တော်မူခဲ့သည်။ ၁၃၄၂ ခုနှစ်၊ ပထမဝါဆို လပြည့်ကျော် (၂) ရက်နေ့တွင် ပြုံးကုန်းတောရသို့ ပြောင်းရွှေ့သီတင်းသုံးကာ သာသနာ့ဝန်ကို စွမ်းအားရှိသမျှ ဆောင်ရွက်တော်မူလေသည်။

ဆရာတော်ဘုရားသည် ဆဋ္ဌသင်္ဂါယနာတင်တော်မူရာတွင် မိလိန္ဒပညာ ပါဠိ ပဋ္ဌိဝိသောဓကအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။ မဟာဗောဓိဝိနည်းပြန်ဌာန မဟာဗောဓိ ရွှေကျင်နိကာယ ဂိုဏ်းလုံးဆိုင်ရာ ဝန်ဆောင်ဆရာတော်နှင့် ဝိနည်းပြန်ဌာန ဂိုဏ်းထောက်ဆရာတော်အဖြစ် နှစ်ပေါင်းများစွာ ဂိုဏ်းဂဏာဆိုင်ရာဝန်များကို ရွက်ဆောင်လျက် ရှိသည်။ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ဖွဲ့စည်းရာတွင် ရွှေကျင်ဂိုဏ်းဆိုင်ရာ ဖွဲ့စည်းရေးတာဝန်များကို နေ့ညဉ့်မဟူ ဆောင်ရွက်တော် မူခဲ့သည်။ ၁၃၄၂ ခုနှစ်တွင် နိုင်ငံတော် သံဃမဟာဝန်ဆောင် ဆရာတော်၊ ဒုတိယအကြိမ်တွင် အင်းစိန်မြို့နယ် သံဃနာယက (ရွှေကျင်) အကျိုးတော်ဆောင်၊ တတိယ သက်တမ်းတွင် ရန်ကုန်တိုင်း သံဃနာယက အဖွဲ့ (ရွှေကျင်) ဝင်အဖြစ် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး တာဝန်များကို ကျရာအခန်းကဏ္ဍမှ နေ၍ ဆောင်ရွက်တော်မူခဲ့လေသည်။

ထို့ပြင်လည်း ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာ တာဝန်များ အနေဖြင့် ရွှေကျင်နိကာယကမ္မကာရကဝန်ဆောင်ဆရာတော်၊ ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာ နယ်လှည့် သာသနာပြု ဓမ္မကထိက၊ ရွှေကျင်နိကာယ ဗဟိုဝိနည်းမိုရ်ဆရာတော်နှင့် ရွှေကျင်နိကာယ ရတ္တညူမဟာနာယက ဆရာတော်အဖြစ် ယနေ့တိုင် များပြားလှစွာသော သာသနာ့တာဝန်များကို စွမ်းစွမ်းတမ်း ဆောင်ရွက်လျက် ရှိနေပေသည်။

ချီးမြှင့်ဆက်ကပ်ဘွဲ့အထပ်ထပ်

ဆရာတော်ဘုရားကြီးသည် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး နိုင်ငံတော် သာသနာ့တာဝန်များကို ရွက်ဆောင်ရင်း မိမိတပည့် စာသင်သား ၁၀၀ ကျော်တို့အား စာပေပရိယတ်များကို ပို့ချလျက် တိုက်တာကြီးကို တိုးတက်စည်ပင်အောင် စွမ်းဆောင်ကြိုးပမ်းနိုင်ခဲ့သည်။ များပြားလှသည့် သာသနာ့တာဝန်များကို သက်တော် (၈၁) နှစ်ရှိလာပြီ ဖြစ်သည့်တိုင် မိမိ၏ ကာယိကဒုက္ခ၊ စေတသိက ဒုက္ခ အဝဝကို စိုးစဉ်းမျှ ငဲ့ကွက်ခြင်းမရှိဘဲ ဗုဒ္ဓမြတ်စွာ ဘုရား သာသနာတော်မြတ်ကြီး နေတန်ဆောင်၊ လတန်ဆောင်ပမာ ထာဝစဉ် ထွန်းလင်းတောက်ပနေရေးအတွက် ဖွဲ့လုံ့လကြီးစွာ မဆုတ်မနစ် ကြိုးပမ်း ထမ်းဆောင်ခဲ့ပေသည်။ သို့ဖြစ်၍ ၁၉၉၇ ခုနှစ်တွင် မဟာဂန္ဓဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ၂၀၀၂ ခုနှစ် လွတ်လပ်ရေးနေ့တွင် "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ကို လည်းကောင်း နိုင်ငံတော်က ဆက်ကပ်လှူဒါန်းခဲ့ခြင်းပင် ဖြစ်လေသည်။

ဤသို့ နိုင်ငံတော်က ဆရာတော်ဘုရားကြီးအား ဘွဲ့တံဆိပ်တော် အထပ်ထပ် ဆက်ကပ်လှူဒါန်းခဲ့ခြင်းကို တပည့် ဒါယကာ ဒါယိကာမ အပေါင်းတို့က ဝမ်းမြောက်ဝမ်းသာ ဖြစ်ရာဘိသက္ခဲသို့ မိမိတို့အနေဖြင့်လည်း ပူဇာစပူဇနေယျာနံ မင်္ဂလာ

ကြည်ညိုလေးစား အားထားယုံကြည် မြတ်နိုးကိုးကွယ်ရပါသော ရွှေကျင်ဆရာတော်ကြီး မျှော်

လင်းရောင်တင်

လူရယ်လို့ ဖြစ်လာရခြင်းဟာ အလွန်တရာ ကံကောင်းလှပါတယ်။ အဲဒီထက်ပိုပြီး ကံကောင်းတာကတော့ ဗုဒ္ဓဘာသာကို ကိုးကွယ်သူ ဖြစ်ရခြင်းပါပဲ။

ကံအကောင်းဆုံး ကိစ္စကို ပြောပါဆိုရင်တော့ ရွှေကျင် ဗုဒ္ဓဘာသာဆရာတော်ကြီးများရဲ့တပည့်သားမြေး ဖြစ်ရခြင်း ရယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။

ငယ်ငယ်ကတော့ ဘုရား ကန်တော့ဆို ကန်ပေး လိုက်တာပါပဲ၊ ဘုန်းကြီး ကန်တော့ဆို ကန်တော့ လိုက်တာပါပဲ။ ဘုရား၊ တရား၊ သံဃာရတနာ သုံးပါးဟာ အသက်နဲ့ ထပ်တူကြည်ညိုလေးစား ကိုးကွယ်ဖွယ်ရာ ဖြစ်တယ်ဆိုတဲ့ အသိထူးနဲ့ မဟုတ်သေးပါဘူး။

ကျေးဇူးတော်ရှင် ကျိုက္ကဆံ ရွှေကျင်တိုက်သစ် ဆရာတော်ဘုရားကြီး

ဘယ်လိုပဲ ပြောပြော မိကောင်း၊ ဖကောင်း ဆရာသမားကောင်းတွေထံမှာ လူဖြစ်ခွင့်ရခဲ့လေတော့ လူမှန်းသိတတ်စ လေးငါးနှစ်သား အရွယ် လောက်မှာပဲ ညအိပ်ရင် ဦးငါးကြိမ် မချဘဲ မအိပ် တတ်တော့ပါဘူး။

တကယ်လို့များ ဆော့ကစားရင် ပင်ပင်ပန်းပန်းနဲ့ ဦးမချဘဲ အိပ်ပျော်သွားခဲ့မိရင် ညကြီးသန်းခေါင်မှာ ဖျတ်ခနဲ လန့်နိုးသွားတတ်ပါ တယ်။ အဲဒီလို နိုးတဲ့အခါ ဘာဖြစ်လို့ လဲစဉ်းစားရင်ဦးငါးကြိမ် (အနဇ္ဇောအနုဇ္ဇငါးပါး) မချဘဲ အိပ်မိ သွားတာကို အမှတ်ရပြီး အိပ်မှုန်စုံမှားနဲ့ ကမန်းကတမ်း ဦးချပြီး ပြန်အိပ်ပျော်သွားလေ့ ရှိပါတယ်။

အခု အသက်အရွယ် ကြီးရင့်တဲ့အခါ ဒီအကြောင်းအရာကို

စဉ်းစားမိတိုင်း...

"လက်ဦးဆရာ မည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့်ဖ"

... ဆိုသည့် ပညာပေးဆောင်ပုဒ် လက်ာလေးကို အမှတ်ရပါတယ်။ တစ်ဆက်တည်းမှာ ရတနာသုံးပါး အနန္တော အနန္တ ငါးပါးကို ကြည်ညိုမြတ်နိုး တတ်အောင် ရှေးဦးစွာ သွန်သင်ညွှန်ပြခဲ့ဖူးတဲ့ အမိနှင့်အဖကို ကျေးဇူးတင်ခြင်းကြီးစွာနဲ့ တင်မိပါတယ်။

ငယ်ငယ်ကတည်းက ဘုရား၊ တရား၊ သံဃာကို ကြည်ညိုတတ်ခဲ့တဲ့ ကျွန်တော်ဟာ ငယ်စဉ် ကတည်းက ဆရာတော် သံဃာတော်ကြီးများနဲ့ ကံကောင်းစွာ နီးစပ်ခွင့်ရခဲ့ပါတယ်။

ရှေးဦးစွာ ကျွန်တော် အမှတ်ရတဲ့ ဆ ရာ တော် ကြီး က တော့ သက်နံးကျွန်းကျိုက္ကဆံ ဘုရားအနီးကျိုက္ကဆံ ရွှေကျင်တိုက်သစ်မှာ သီတင်းသုံးနေတော်မူခဲ့တဲ့ ဆရာတော် ဦးသုစိန္တ ပါပဲ။

အဲဒီ ဆရာတော်ကြီးကို စတွေ့တဲ့ အချိန်က ကျွန်တော် ကိုးနှစ် ဆယ်နှစ်သား၊ အဖေ မဆုံးသေးပါ။ ကျွန်တော် ကျောင်းကို ရောက်သွားတဲ့ အခါ အချိန်တိုင်း ဆရာတော်ကြီးက ကျွန်တော့်ကို ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာ့ဂုဏ်တော်တွေ အလွတ်ရွတ်ဆိုခိုင်းပါတယ်။

ကျွန်တော်ကလည်း အဖေ သင်ပေးထားတဲ့ အတွက် မတ်တတ်ရပ် လက်ပိုက်ပြီး ဂျောင်းဂျောင်း ပြေးရွတ်ဆိုပြနိုင်ပါတယ်။ ဒီအခါမှာ ဆရာတော်ကြီးက ကျေနပ်အားရစွာနဲ့ ပြုံးတော်မူပြီး...

"ကိုင်း... မင်းကို ဆုချမယ်၊ ငါ့ဖျာအောက်ထဲမှာ ကျပ် တန်လေးတွေ ရှိတယ်၊ အဲဒီထဲက နှစ်ကျပ်ယူ..."

... လို့ မိန့်တော်မူပါတယ်။ (ဆရာတော်ကိုယ်တိုင် ဘယ်တော့မှ ယူမပေးပါဘူး။ ဘယ်တော့မှ လည်း ငွေကို မထိမကိုင်ပါဘူး။ လိုအပ်ရင် ကျောင်းသား၊ ကပ္ပိယတို့ကိုသာ ခိုင်းပါတယ်။)



ဒုတိယယမြောက် ပြူးကုန်းဆရာတော်ဘုရားကြီး

အဲဒီကာလတုန်းက လွန်ခဲ့တဲ့ အနှစ်လေး ဆယ်ကျော်ဆိုတော့ ပိုက်ဆံနှစ်ကျပ်ဟာ တန်ဖိုးသိပ် ရှိပါတယ်။စာဖတ်ဝါသနာပါတဲ့ ကျွန်တော်ကတော့ ဒီငွေနှစ်ကျပ်ကို မုန့်မစားရက်ပါဘူး။ ကာတွန်းစာအုပ်လေးတွေ ဝယ်ဖတ်ပါတယ်။ မော်ဒန်ကာတွန်း၊ ပေါ်ပြူလာကာတွန်း၊ မောင်ကမ္ဘာကာတွန်း စတဲ့ ကာတွန်းစာအုပ် တစ်အုပ်မှ ပြားခြောက်ဆယ်သာ ပေးရတာဆိုတော့ ငွေနှစ်ကျပ်ဆိုရင် သုံးအုပ် ဝယ်လို့ရပါတယ်။

ဒီတော့ ကျွန်တော်ဟာ ဘုန်းကြီးကျောင်း

သွားရတာ ပျော်လာတယ်။ ဟိုရောက်ရင် ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်တွေ ရွတ်ပြ၊ ဆုငွေနှစ်ကျပ်ရ၊ ကာတွန်းဝယ်ဖတ်၊ တကယ့်ကို ပျော်စရာကြီးပေါ့။

ဒီလိုနဲ့ ကျွန်တော် တဖြည်းဖြည်း အရွယ်ရောက်လာတယ်။ ကိုးတန်းဆယ်တန်း ရောက်လာတယ်။ အဖေက အသက်ကြီးတော့ သူ့ကိုယ်တိုင် မလိုက်နိုင်တဲ့အခါ ကျွန်တော့်ကို ဆွမ်းခဲဖွယ် စတဲ့ လှူဖွယ်ဝတ္ထုများနဲ့ ကျောင်းကို လွှတ်တတ်ပါ တယ်။



တတိယမြောက် ပြုံးကုန်းဆရာတော်ဘုရားကြီး

အဲဒီအခါ ဆရာတော်ကြီး ဦးသုစိန္တက...

"ဘာကိစ္စလဲ" မေးတဲ့အခါ ကျွန်တော်က လာရင်းကိစ္စကို ရိုသေစွာ လျှောက်ထားရပါတယ်။

"လှူဖွယ်ပစ္စည်းလာပို့တာပါ ဘုရား"

"ဆေးဝါးလာပို့တာပါဘုရား"

စသည်ဖြင့် လျှောက်ထားလိုက်တဲ့အခါ...

"အေး... အေး၊ သာဓု...သာဓု... သာဓုထားခဲ့၊ ဒကာကြီး ဦးမောင်တင် နေကောင်းလား"

... လို့ ပြန်မေးပါတယ်။ ကျွန်တော်က နေကောင်းကြောင်း ပြန်လျှောက်ပြီးချိန်မှာတော့ ဆရာတော်ကြီးက...

"ပြန်တော့နော်၊ ဘုန်းကြီးမှာ လုပ်စရာရှိသေးတယ်" ဆိုပြီး အပြန်ခိုင်းပါတယ်။

"မင်းအမေကော နေကောင်းလား၊ မင်းအစ်မတွေ အစ်ကိုတွေ ဘယ်ရောက်ပြီး ဘာလုပ်နေကြသလဲ၊ စီးပွားရေး ကောင်းကြလား..."

စသည်ဖြင့် သာရေးနာရေး ကိစ္စတွေ မေးလေ့မရှိပါဘူး။ အပိုစကားတွေ ဘယ်တော့မှ မပြောပါဘူး။ ငယ်ငယ်ကတော့ သိပ်နားမလည်သေးတဲ့အတွက် ဒီဆရာတော်ကြီး စကားသိပ်နည်းတာပဲ ဆိုတာလောက်ပဲ သိပါတယ်။ နည်းနည်းသိတတ်မှ သူ့အလုပ်သူလုပ်ပြီး အပိုမပြောတာဘဲလို့ သိလာပါတယ်။

အဲဒီ ရွှေကျင်တိုက်သစ်မှာ ရှင်ပြုကိုရင်ဝတ် ရပါတယ်။ ရွှေကျင်တိုက်မှာ ရှင်ပြုတဲ့အခါ ပြောတွေ စည်တွေ မထည့်ရပါဘူး။ သာသနာတော်နဲ့ ဆန့်ကျင်တဲ့ နိစ္စဂီတကိစ္စတွေ ပယ်ပါတယ်။ ငယ်ငယ်ကတော့ ဒါတွေ မပါတဲ့အတွက် ပျင်းခြောက်ခြောက် နိုင်လှချည်ရဲ့လို့ အောက်မေ့ခဲ့ပေမယ့် နားလည်စပြုတဲ့အခါ ဘုရားရှင်ရဲ့ သာသနာတော်ကို ပြုစုပ့်ပိုးတဲ့နေရာမှာ အပိုအလုပ်တွေ မလုပ်တာ အကောင်းဆုံးလို့ သဘောပေါက်လာခဲ့ပါတယ်။

နောက်ထပ် ကျွန်တော် ရင်းနှီးခွင့်ရတဲ့ ရွှေကျင်ဆရာတော်ကြီးကတော့ ယခု ပြုံးကုန်းတောရ

စာသင်တိုက် ယခင်ဆရာတော် ဘဒ္ဒန္တ ဆန္ဒာဓိက ပါပဲ။ ဆရာတော် ဘဒ္ဒန္တ ဆန္ဒာဓိက ကတော့ ကျွန်တော်နဲ့ အမျိုးတော်ပါတယ်။ အမျိုး ဘုန်းကြီး ကျောင်းဖြစ်လို့ မကြာခဏ ရောက်ပါတယ်။

ကျွန်တော်ရဲ့ ဖခင်ကြီးကလည်း ရတနာသုံးပါး နဲ့ နီးစပ်အောင် ဘုန်းကြီးကျောင်းကို အမြဲခေါ်ပါတယ်။ အဖေက ကျောင်းဆရာလည်းဖြစ် ဆေးဆရာလည်းဖြစ်လို့ (ယခင် တာဝရေတံခါး ကျောင်း အုပ်ကြီးဟောင်း ဦးမောင်တင်) ဆရာတော် ဦးဆန္ဒရဲ့ ကျန်းမာရေးကိုလည်း တာဝန်ယူ ပြုစုစောင့်ရှောက်ပေးတာကို တွေ့ခဲ့ဖူးပါတယ်။ (တစ်ခေတ်တစ်ခါ ပဲခူးခရိုင်မှာ သိကြားဆရာတင်လို့ နာမည်ကြီးခဲ့ဖူးသူပါ။ သူကုရင် သိကြားမင်း ဆင်းကုသလို မပျောက်မနေ ပျောက်ကင်းချမ်းသာခဲ့ကြလို့ ခေါ်တာပါပဲ။)

ဆရာတော် ဦးဆန္ဒ ရှိစဉ်က ကျွန်တော့် အသက်လည်း အတော်ငယ်ပါသေးတယ်။ ကျောင်း ရောက်ရင် တောရကျောင်းဆိုတော့ သစ်ပင်ကြီး သစ်ပင်ကြားတွေထဲ လျှောက်သွား၊ ပိန္နဲသီးစား၊ သရက်သီးစား၊ သစ်တိုသီးကောက် ဒီလောက်ပဲ နားလည်ခဲ့ပါတယ်။ ပျော်စရာကောင်းတဲ့ ကျောင်း ကြီးလို့တော့ သိပါတယ်။

စာရေးဆရာဖြစ်မယ့် လူမို့လို့လားတော့ မပြော တတ်ပါဘူး။ တောရိပ်တောင်ရိပ်တွေနဲ့ အေးချမ်းတဲ့ အရပ်တွေမှာ ပျော်တတ်ပါတယ်။ သစ်ပင်တွေ၊ ငှက်ကလေးတွေ၊ လိပ်ပြာလေးတွေ၊ ပန်းလေးတွေ ကို ချစ်တတ်ပါတယ်။ ဗြူးကုန်းတောရကို သွားဖို့ ဆိုရင် ဘယ်တော့မှ မငြင်းပါဘူး။

ဆရာတော် ဦးဆန္ဒလက်ထက်မှာ ယခုလက်ရှိ ဆရာတော်ကြီး ဘဒ္ဒန္တ အာစိဏ္ဏက တိုက်အုပ် ဘုန်းကြီးပါ။ တိုက်အုပ်ကျောင်းဟာ အခု ဆွမ်းစား ကျောင်းရဲ့ ခြေရင်းဘက်ကျကျ ကုန်းစောင်းလေးမှာ ရှိတာကို အာရုံမျက်စိထဲမှာ မှတ်မိနေပါတယ်။

တိုက်အုပ်ကိုယ်တော် ဘဝကတည်းက ဆရာ တော်ဟာ ဘယ်တော့မှ စကားကို ကျယ်ကျယ် မာမာ မပြောခဲ့ပါဘူး။ တိုးတိုးညင်သာ သိမ်မွေ့ စွာပဲ မိန့်ဟခဲ့တာကို မှတ်မိပါတယ်။ ကျွန်တော် ကိုယ်တိုင်က ခပ်ကျယ်ကျယ် သွက်သွက် ပြော တတ်ခဲ့ပေမယ့် ဘုရားရဲ့သားတော် ဆရာတော်ကြီး တွေကျတော့ ခုလို ညင်သာသိမ်မွေ့စွာ မိန့်ကြား တာကို သိပ်ပြီး လေးစားကြည်ညိုတတ်ပါတယ်။

မေတ္တာသုတ်ထဲမှာ ပါတဲ့ မုဒုအနတိမာနီ ဂုဏ်ပုဒ်ဖြစ်တဲ့ နူးညံ့သိမ်မွေ့ခြင်း၊ မာန်မာနမရှိ ခြင်း၊ သိက္ခာပုဒ်နဲ့အညီ နေထိုင်ခဲ့တဲ့ လက်ရှိ ဆရာတော် ဘဒ္ဒန္တ အာစိဏ္ဏကို အဲဒီ တိုက်အုပ်ကိုယ် တော်ဘဝ ကတည်းက မျှားစွာ ကြည်ညိုခဲ့ပါတယ်။

ဆရာဟော့ထံမှာ ကျွန်တော် ဒုလ္လဘ ဝတ်ခဲ့ ဖူးတာ သုံးကြိမ် ရှိပါပြီ။ နှစ်ကြိမ်က တူတော်မောင် မျှားနဲ့။ တစ်ကြိမ်က သားတော်မောင်ကို ဒုလ္လဘ ရဟန်းခံရင်းနဲ့ပါ။

ကိုယ့်အမျိုးဘုန်းကြီး ဦးဆန္ဒ လက်ထက် တုန်းက ဒုလ္လဘ သိပ်မဝတ်ဖြစ်ခဲ့တော့ ဆရာတော် ဦးဆန္ဒကို အနီးကပ် မလေ့လာဖြစ်ခဲ့ပါဘူး။ အသက် အရွယ်ကလည်း ကြီးရင့်လာ၊ ဘာသာတရားကို လည်း အနည်းငယ် တီးခေါက်မိလာတဲ့ အချိန်မှာ ရင်းနှီးသိကျွမ်းခွင့်ရတဲ့ ဆရာတော် ဘဒ္ဒန္တ အာစိဏ္ဏ ကိုတော့ ကျွန်တော် အနီးကပ် လေ့လာဖြစ်ပါတယ်။

ဆရာတော်ဟာ ဒကာ ဒကာမတွေရဲ့ စိတ် ချမ်းသာရေးကို ရှေးရှုပြီး ကိုယ်အဆင်းရဲ စိတ် အဆင်းရဲခံတာတွေကို သတိပြုမိပါတယ်။ တရား ဟောတဲ့ အခါမှာလည်း အများကြီးက တရားမဟော ဘဲ ဘုရားကြီးက တရားတွေကိုသာ ဟောတတ်တာ လည်း သတိပြုမိပါတယ်။

ဒါန၊ သီလ၊ ဘာဝနာ ခန်းများကို ဟန်ချက် ညီညီ ဟောကြားခဲ့တာကိုလည်း အမှတ်ထားမိ ပါတယ်။ သံဃာတော် ကိစ္စ လူကိစ္စများကို ခွဲခွဲ

ခြားခြား သတ်မှတ်တာဝန်ယူတာကို တွေ့ရပါတယ်။ အခြေအနေ အရပ်ရပ်မှာ မေတ္တာရှေ့ထားပြီး လုပ်သင့် လုပ်ထိုက်တာများကို ဆုံးဖြတ်ခဲ့တာ တွေ့ရပါတယ်။

ဝိနည်းဝိုရ် ဆရာတော်ကြီးများထဲမှာ ဆရာတော်ကြီးဟာ နံပါတ်(၁) လို့ မပြောသာပေမယ့် ရှေ့ဆုံးတန်းမှ ပါဝင်တာတော့ သေချာပါတယ်။ ကျွန်တော် ဒုလ္လဘဝတ်ချိန် ဆရာတော်ကြီးထံ တက်ပြီး ဝတ်ပြုဆည်းကပ် အဆုံးအမ ခံယူချိန်မှာ ကပ္ပိယကြီးတစ်ယောက်က ကျွန်တော့်ရှေ့ ရေနွေးကြမ်းအိုးတစ်အိုး လာကပ်ပြီး...

"ကိုယ်တော် သုံးဆောင်ပါ"

လို့ လျှောက်လိုက်ချိန် ဆရာတော်က လှမ်းကြည့်ပြီး...

"ဒကာကြီး၊ ရေနွေးအိုးထဲမှာ လက်ဖက်ခြောက် ပါသလား"

လို့ လှမ်းမေးလိုက်ပါတယ်။ ကပ္ပိယကြီးက မရဲတရဲ "မှန်ပါ" လို့ ပြောလိုက်တော့ ...

"လက်ဖက်ခြောက် မပါတဲ့ ရေနွေးအဖြူ ဓာတ်ဘူး ယူပေးလိုက်"

လို့ ခိုင်းပါတယ်။ မွန်းလွဲချိန် ရောက်နေပြီ ဖြစ်လို့ ဝိကာလဘောဇနာပုဒ်ကို ရှောင်ကြဉ်တဲ့ အနေနဲ့ ရေနွေးကိုတောင် လက်ဖက်ခြောက် မပါတဲ့ ရေနွေးပဲ ဘုဉ်းပေးတဲ့ ဆရာတော်ကြီးကို ကျွန်တော် များစွာကြည်ညိုလေးစားမိပါတယ်။

ပြီးတော့ ဆရာတော်ကြီး ဆွမ်းဘုဉ်းပေးတဲ့ အခါမှာ နီးရာဟင်းခွက်ကိုသာ နှိုက်လေ့ရှိပါတယ်။ (များသောအားဖြင့် ဝိနယဂရုကဝိနည်း အလေးထားတဲ့ ဆရာတော်ကြီးတွေ သည်လိုပဲ ကျင့်ပါတယ်။) ကိုယ်နဲ့ ခပ်လှမ်းလှမ်းက ဟင်းခွက်ကို လှမ်းကျော် နှိုက်လေ့မရှိပါဘူး။ ဆွမ်းစားချိန်မှာ မျက်လွှာကို အသာချပြီး ဆွမ်းဘုဉ်းပေး ရခြင်း၊ သံဃာပုဒ်များကို ဆင်ခြင်သုံးဆောင်တဲ့ အတွက် လွန်စွာ ကြည်ညိုဖွယ် ကောင်းပါတယ်။

သက်သတ်လွတ် ဆွမ်းရယ်လို့ သက်သက် ဘုဉ်းမပေးသော်လည်း ဟင်းကောင်း ကျွေးကောင်းများကို မက်မောစွာ စားသုံးလေ့ မရှိတာကိုလည်း သတိပြုမိပါတယ်။

ဒကာ ဒကာမများရဲ့ ဆန္ဒကိုလည်း လိုက်လျောတန်သလောက် လိုက်လျောရှာပါတယ်။ ဆရာတော်ကြီး ဘဒ္ဒန္တ အာစိဏ္ဏနဲ့ ပတ်သက်ပြီး မှတ်မှတ်ရရ ပြောစရာ တစ်ခုကတော့ တူတော်မောင် မောင်သန်းနိုင်နဲ့ အတူ ဒုလ္လဘ ရဟန်းခံစဉ်တုန်းက ပါပဲ။

ခုနစ်ရက်သာ ဒုလ္လဘရဟန်း ဝတ်နိုင်တဲ့ အတွက် ဝတ်ရကျိုး နပ်အောင် ဝိပဿနာတရား ပွားများခိုင်းပါတယ်။ ကမ္မဋ္ဌာနာစရိယ အနေနဲ့ကတော့ ဦးရေဝတကို တာဝန်ပေးပါတယ်။

ဆရာတော်ကြီးရဲ့ တာဝန်ပေးခြင်း ခံရတဲ့ ဘုန်းကြီး ဦးရေဝတဟာလည်း စေတနာ အနစ်နာ အပြည့်အဝနဲ့ ကျွန်တော်တို့ တူဝရီးနှစ်ယောက်ကို တရားပြပေးပါတယ်။ ပထမဦးဆုံး သုံးရက်မှာ သမထကျင့်စဉ် ကျင့်ရပြီး နောက်ရက်တွေမှာ ဝိပဿနာကျင့်စဉ်ကို တက်ပေးပါတယ်။

ပထမရက်တွေမှာ တစ်ကြိမ်ကို တစ်နာရီ တရားထိုင်ရပါတယ်။ နောက်နေ့ကျတော့ နှစ်နာရီ။ နောက်နေ့ကျတော့ သုံးနာရီအထိ ထိုင်ရပါတယ်။

ပထမ စ,ပြီး ထိုင်စ,က တစ်နာရီကြာ အချိန်ကို တစ်ကမ္ဘာလောက် ထင်ရပေမယ့် တဖြည်းဖြည်းနဲ့ ကျင့်သားရလာတော့ သုံးနာရီလည်း တာဝန်သိပ်မကြီးလှတော့ပါဘူး။

ဒီကြားထဲမှာ မမျှော်လင့်ဘဲ ဆရာတော်ကြီး ဘဒ္ဒန္တ အာစိဏ္ဏရဲ့ ညီဟာ မမာမကျန်းဖြစ်ပြီး ကျောင်းကို ရောက်လာပါတယ်။ အခြေအနေ မဟန်လို့ ကျောင်းကနေ ဆေးရုံပို့အပြီး နောက်နေ့မှာပဲ ဆုံးသွားရှာပါတယ်။

ဖြစ်ချင်တော့ ကျွန်တော်တို့ တူဝရီး ဒုလ္လဘ ဝတ်နေတဲ့အချိန်မှာပဲအသုဘချရမယ့် ရက်နဲ့ ကြုံပါတယ်။ ညီတော်မောင် ဖြစ်တဲ့အတွက် ဆရာတော်ကြီးကိုယ်တိုင် ပို့ဆောင်ဖို့ အစီအစဉ် ရှိပါတယ်။ ခါတိုင်းတော့ ဆရာတော်ကြီး သာရေးနာရေး ကြွချိန်ရင် ဘုန်းတော်ကြီး ဦးရေဝတက အပါးကနေ အမြဲလိုက်ပါရလေ့ ရှိပါတယ်။ အခု ညီတော် နာရေးကိစ္စမှာလည်း ဆရာတော်နားမှာ သူပါမှ ဖြစ်မယ်လို့ ဦးရေဝတက ယူဆပြီး ဆရာတော်ကြီးကို သူလိုက်ပါပို့ဆောင်မယ့်အကြောင်း လျှောက်ထားလိုက်ပါတယ်။

ဒီတော့ ဆရာတော်ကြီးက အခုလို မိန့်တော်မူပါတယ်။

"သွားလေ၊ သူ့အတွက် သိပ်ပြီး အရေးမကြီးတော့ပါဘူး၊ ကိုယ်တော်ကြီးမပါလည်း တခြားကိုယ်တော်တွေ ဆောင်ရွက်ပေးနိုင်ပါတယ်။ တရားဝမ္မ ညွှန်ကြားပြရတဲ့ ကမ္မဋ္ဌာနာစရိယအလုပ်ကပိုပြီး အရေးကြီးပါတယ်။ အခု ဒုလ္လဘကိုယ်တော်တွေကို ဝိပဿနာ တရား ပြနေတယ် မဟုတ်လား"

"မှန်ပါ့ဘုရား"

"ဒါဆို ဘာမှ နာရေးအတွက် ကြောင့်ကြမနေနဲ့၊ သူ့ဘာသာ ပြီးသွားလိမ့်မယ်၊ ဒုလ္လဘ ကိုယ်တော်တွေကိုသာ တရားဆက်ပြီး ပြပေးလိုက်၊ သူတို့အတွက် အကျိုးသိပ်ကြီးပါတယ်၊ ကိုယ်တော်လည်း ကုသိုလ်ရပါတယ်"

ဆရာတော်ကြီးရဲ့ မိန့်ကြားချက်ကြောင့် ကျွန်တော့်ရင်ထဲမှာ မျှားစွာ ကြည်ညိုမှု ဖြစ်သွားရပါတယ်။ ဆရာတော်ကြီးဟာ အမျှားကြီးက လမ်းစဉ်သမား မဟုတ်ဘဲ ဘုရားကြီးက လမ်းစဉ်သမား ဖြစ်နေတာမို့လို့ပါပဲ။

နောက်ထပ် ကျွန်တော် ပိုပြီး ကြည်ညိုမိတာက သံဃာတော်တွေနဲ့ သိပ်ပြီး မအပ်စပ်လှတဲ့ ခေတ်ပေါ် တီဗွီ၊ ဗီဒီယို စတဲ့ မလိုက်အပ်သော အပိုဒုက္ခ ပစ္စည်းများ ကျောင်းတော်ကြီးမှာ ရှိမနေစေခြင်းပါပဲ။

(ဒကာတွေ မလှူနိုင်လို့ မဟုတ် ဆရာတော်ကြီး လက်မခံလို့ဆိုတာ သေချာပါတယ်။ သွားရလာရ လွယ်ကူစေဖို့ ကားတောင်လှူသူ ရှိမှပဲ။ တီဗွီ၊ ဗီဒီယိုလောက်ကတော့ အသေးအမွှားပါ။ ဒါပေမယ့် အဲဒီ အသေးအမွှားက သံဃာဂုဏ်ညစ်နွမ်းမှု ဖြစ်စေပါတယ်။)

နောက်တစ်ခုက ဆရာတော်ကြီး အပါအဝင် ရွှေကျင်သံဃာတော်များဟာ ကွမ်းစားခြင်း၊ ဆေးလိပ်သောက်ခြင်း မပြုကြခြင်းပါပဲ။ လူတွေတောင်မှ ဒီကိစ္စတွေဟာ အပိုဒုက္ခတွေ ဖြစ်နေရတဲ့ ကြားထဲ သံဃာတော်များ အတွက်ဆိုပြီး အပိုဒုက္ခ ဖြစ်စေတဲ့ အရာတွေပါ။ (ဘုရားရှင် ကိုယ်တော်မြတ်ကြီး ကိုယ်တိုင် ရှိတော်မူနေဦးမယ်ဆိုရင် ဒီကိစ္စတွေကို နှစ်သက်တော်မူမယ် မထင်ပါ။)

ကျွန်တော့်မှာ အဖွဲ့အစည်း အစွဲအလန်း၊ ဂိုဏ်းဂဏ အစွဲအလန်းမျိုး မရှိပါ။ ဗုဒ္ဓရဲ့ အဆိုအမိန့် စင်စစ်များကိုသာ လိုက်နာလိုတဲ့ ဆန္ဒသာ ရှိပါတယ်။ ဘယ်ဟာအစစ်၊ ဘယ်ဟာအတု၊ ဘယ်ဟာ ချဲ့ကားထားတာဆိုတာကို ဘယ်လိုခွဲခြားယူသလဲဆိုတော့ ဘုရားရှင် ကိုယ်တော်မြတ်ကြီး ချပေးခဲ့တဲ့ ပေတံ ရှိနေပါတယ်။

အဲဒီ ပေတံကတော့ ကာလာမသုတ္တံပါပဲ။ အရာရာကို ကိုယ်တိုင် လိုက်နာကျင့်သုံးကြည့်ပြီးတော့ မှန်မမှန် ဝေဖန်ခွဲခြားတဲ့ အလုပ်ကို ကြိုက်ပါတယ်။ ဘာကိုမှ အလွယ်တကူ မယုံကြည်ပါဘူး။ ဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ တရားစစ် တရားမှန်များကို ကြည်ညိုနိုင်ရခြင်းအတွက် ကျွန်တော် ပီတိကျေနပ် ဖြစ်ပါတယ်။ ဂုဏ်လည်း ယူပါတယ်။

ရွှေကျင် ဆရာတော်ကြီးများနဲ့ နီးစပ်ကိုးကွယ်ရခြင်း အတွက်လည်း ကိုယ့်ကိုယ်ကိုယ် ကုသိုလ်သိပ်ကောင်းတယ်လို့လည်း ယုံကြည်ပါတယ်။

ဒါကြောင့် ဆောင်းပါးအဖွင့်မှာ ပြောခဲ့ပြီးတဲ့အတိုင်း လူရယ်လို့ ဖြစ်ရခြင်းဟာ အလွန်တရာ ကံကောင်း လှပါတယ်။ အဲဒီထက် ပိုပြီး ကံကောင်းတာက တော့ ဗုဒ္ဓဘာသာကို ကိုးကွယ်သူ ဖြစ်ရခြင်းပါပဲ။

ကံအကောင်းဆုံး ကိစ္စကို ပြောပါဆိုရင်တော့ ရွှေကျင် ဗုဒ္ဓဘာသာ ဆရာတော်ကြီးများကို ကြည်ညိုလေးစား အားထားယုံကြည် မြတ်နိုး ကိုးကွယ်ရခြင်း။ အဲဒီ ဆရာတော်ကြီးများရဲ့ တပည့်သားမြေး ဖြစ်ရခြင်းပါပဲ။

ဇေယျတုသဗ္ဗမင်္ဂလံ
လင်းရောင်တင်

တရားတော်နှင့်အညီ ထပ်ဆင့်ဂုဏ်ပြု ပူဇာသဘင်ကြီးကို ဂုဏ်နှင့်ဒြပ်ဟပ်အောင် သိုက်မြိုက်ခမ်းနားစွာ ဆင်ယင်ကျင်းပရန် ကြိုးပမ်းအားထုတ်ခဲ့ကြပေသည်။ ဆရာဦးထွန်းလွင်(ဓမ္မာစရိယ၊ ဘီအေ) ၏ ကျေးဇူးကြောင့် ဤ ဂုဏပူဇာ မင်္ဂလာသဘင်တွင် မိမိအနေဖြင့် ဓမ္မပူဇာအဖြစ် ပါဝင်ကုသိုလ်ယူရခြင်းအတွက် ကြီးမြတ်သော ဆုလာဘ်ကြီး တစ်ရပ်အဖြစ် ဖရဏာပီတိ ဂွမ်းဆီထိပမာ ဖြစ်မိရပေသည်။

မောင်စေတနာ

အရှိုးပေါ်အရှက်ပေး

ဒေါ်ခင်ဗုဒ္ဓ



အချိန်က...

၁၃၆၃ ခုနှစ်၊ပြာသိုလပြည့်နေ့ည၊ ဝိနည်းစာပြန်ပွဲ ကျင်းပနေဆဲကာလ။ နေရာက ၅၆-ကြိမ်မြောက် ရွှေကျင်နိကာယ မဟာဗောဓိဂိုဏ်းလုံးဆိုင်ရာ ဝိနည်းစာပြန်ပွဲတော်ကျင်းပရာ သီရိမင်္ဂလာ မဟာဗောဓိရွှေကျင်တိုက် (ပဲခူး ကျောက်တန်း)ရှိ မိဘဂုဏ်ရည် တိုက်ကျောင်း အပေါ်ထပ်။

လျှောက်တင်တဲ့ မထေရ်မြတ်က..

ဓမ္မာစရိယ ပါဠိပါရဂူ M.A, Phd သာသနာပြု အရှင်ဂမ္ဘီရဗုဒ္ဓိ။ .လျှောက်တင်ခံ မဟာထေရ်မြတ်က ဖြူးကုန်းတောရ ဆရာတော်ကြီး။

လျှောက်တင်ချက်တွေက ဆရာတော် ဖြူးကုန်းတောရ ရောက်စအချိန်က တပည့်တော် ရောက်ဖူးခဲ့ပါဘုရာ့။

နေရာက တော်ကြီးမျက်မဲ၊ သံဃာကလည်း နည်းနည်းပဲ ရှိပါ သေး တယ် ဘုရာ့။ သာသနိက အဆောက်အအုံ တွေကလည်း ကြေကွဲဖွယ်ရာ ပျက်စီးနေပါ့ ဘုရာ့။

ဆရာတော် ဒီကျောင်းတိုက်မှာ တော်တော့်ကို ကြီးပမ်း သာသနာပြုရမှာပါဘုရာ့။

ဒကာ ဒကာမတွေကို နှူးဘုရာ့၊ ပူးဘုရာ့၊ ရိုးရိုးကုတ်ကုတ်ကြီး လုပ်နေလို့ ဘယ်သူမှ ချဉ်းကပ်ကြမှာမဟုတ်ပါဘုရာ့လို့ တပည့်တော် လျှောက်ထားခဲ့တာတွေကို မှတ်မိပါရဲ့လား ဘုရာ့။



ဆရာတော်ကြီးက မှတ်မိသည့် အနေနဲ့ ပြုံးတော်မူတယ်။ သည့်နောက်...

အရှင်ဂမ္ဘီရဗုဒ္ဓိ မထေရ်မြတ်က ကိုယ့်ဖက် လှည့်ပြီး...

"ဟေ့... ဒကာအောင်မှူး၊ မင်းရဲ့ ဆရာတော်ကြီးက အခုထိ ရိုးရိုးကုပ်ကုပ်ကြီးပဲလား၊ ဖြေလေကွာ"

ကိုယ်က ပြုံးစိစိနဲ့ အဖြေပေးလိုက်သည်။ မထေရ်မြတ်က ကိုယ့်ကို ဆက်လက်ပြောပြပြန်သည်။

"အရိုးပေါ် အရွက်မဖုံးဘူးဆိုတာ ငါသဘော ပေါက်ပြီ အောင်မှူး။ ငါ ဒီဆရာတော်ကြီးကို လျှောက်ထားခဲ့တဲ့အချိန်က ငါ့အရွယ်က ငယ်သေးတယ်လေ။ အသိဉာဏ်လည်း နုသေးပေါ့။

"အခုတော့ ပညာရည်ဝ ဗဟုသုတ ကြွယ်လာပြီမို့ ဒီဆရာတော်ကြီးကို ငါ လျှောက်ထားမိခဲ့သမျှတွေဟာ မဟာအမှား ဖြစ်နေပြီ။

"ဘာတွေများ လျှောက်ထားမိခဲ့လို့လဲ ဘုရာ့"

"ဒကာ ဒကာမတွေကို နှုးနှပ် ပူးကပ်ပြီး သာသနာပြုဖို့ပေါ့"

"ဒကာ အောင်မှူး..."

"ဘုရား"

"ဆရာတော်ကြီးကို မဟာဂန္ဓဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော် ပူဇော်ပွဲအခမ်းအနား ကျင်းပ ပူဇော်စဉ်က ပြုံးကုန်းတောရကို ငါရောက်သွားသေးတယ်။

"အရင်တစ်ခေါက် ရောက်ခဲ့စဉ်ကနဲ့ တက်တက်စင် ကွာခြားနေတယ် ဒကာ"

"အမိန့်ရှိပါဘုရာ့"

"အေး... သာသနာမှာ သီလ၊ သမာဓိ၊ ပညာဟာ အရေးပါဆုံးပဲ"

ဆရာတော်ကြီးမှာ-

သီလ သမာဓိ ပညာဂုဏ်၊
ချိုသာမီးစကားပြောလေ့ရှိတဲ့ မဓုရဘာဏီဂုဏ်
စိတ်နေမြင့်မားတဲ့ မဟာဇ္ဈာသယဂုဏ်
တည်ကြည်တဲ့ ဓိတိဂုဏ်
သည်းခံတဲ့ ခန္တီဂုဏ်
ရောင့်ရဲတဲ့ သန္တုဋ္ဌိဂုဏ်
အတိုင်းအရှည်ကို သိတဲ့ ရတ္တညူမဟတ္တဂုဏ်၊

အဲဒီဂုဏ်တွေ ရှိနေတယ်၊ အဲဒီ ထိုထို ဂုဏ်တွေ ကြောင့် ကြီးပွားချမ်းသာနေတာ။

"ဟုတ်ရဲ့လား ဒကာ"

"မှန်ပါ့ဘုရာ့"

"အခုဆိုရင် ...

ကျောင်းတိုက်ကြီးတွေက ဟည်းလို့ သံဃာတွေကလည်း အများကြီး နေရာကလည်း တောရမြိုင်ကြီး ငါဖြင့် ကြည်နူးလိုက်တာ ဒကာ"

"တကယ့် သာသနာ့အကြောင်း သိထားသူတွေက ဒီလို ဆရာတော်ကြီးမျိုးကို ရွေးချယ်ချဉ်းကပ် ကိုးကွယ်ဆည်းကပ် ကြတယ်လေ။

"ငါလည်း နေရာအနှံ့ ခြေဆန့်ခဲ့ပါတယ်။ ဒီ ဆရာတော်ကြီးမျိုး အရှားသားဟာ"

"တင်ပါ့ဘုရား"

"ဒကာ အောင်မှူး"

"ဘုရား..."

"ဒကာက နူးတာ နှပ်တာကိုမှ သဘောကျသလား၊ ဖြေစမ်းပါဦး"

"သဘောမကျပါ ဘုရား"

"အေး...အေး သဘောမကျနဲ့ သောကနဲ့ ရင်ဆိုင်ရလိမ့်မယ်နော်"

"မှန်ပါ့ ဘုရာ့"

ထိုသို့ အရှင် ဂမ္ဘီရဗုဒ္ဓိ မထေရ်မြတ်က ဆရာမြတ်ရဲ့ ဂုဏ်သတင်း ထုံသင်းရခြင်းအကြောင်း ပြောကြားချက်တို့ကို ရတနာမွန်နဲ့ ရတနာ့တံခွန် အယ်ဒီတာချုပ်ကြီးကို ဖောက်သယ်ချပြလိုက်တော့

အယ်ဒီတာချုပ်ကြီးက ခေါင်းတညိတ်ညိတ်ဖြင့် ...

"အဲဒါ အရိုးပေါ် အရွက်မဖုံးလို့ပေါ့၊ ဟုတ်ပြီလား"

အေး...ဟုတ်တယ်"

မှတ်ချက်ချပြလိုက်လေသည်။

သည့်နောက်...

စာတည်းချုပ်က...

"ကိုယ့်လူ ရောက်နေတာ ကြာပြီ လက်ဖက်ရည် သွားသောက်ကြစို့လို့ ခေါ်သဖြင့် စကားဝိုင်းပြတ်သွားလေသည်။

ဆရာမြတ်၏ ခြေတော်အစုံကို ထာဝစဉ် ဦးခိုက်ညွှတ်တွားလျက်...

တယည့် အောင်မှူး

ပဲခူး၊ ကျောက်တန်း။

သာသနာတော်၏အမွန်အစ ကျေးရွာက

ဦးသန်းထွတ် (ပါမောက္ခ၊ ငြိမ်း) ပညာရေးတက္ကသိုလ်



ယနေ့ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဗြူးကုန်းဆရာတော်ကို ဗြူးကုန်းတောရ စာသင်တိုက်အတွင်းရှိ မဟာဗောဓိပင်အနီး၌ ဤသို့ အေးချမ်းစွာ ဖူးတွေ့ရစဉ်

၁၇-၂-၂၀၀၂ နေ့က ရတနာမွန် အယ်ဒီတာချုပ် ဆရာဦးထွန်းလွင် (ဓမ္မာစရိယ၊ ဘီအေ)နှင့် ဆုံမိပါသည်။ ဆရာ့ထံမှ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဗြူးကုန်းဆရာတော် ဘဒ္ဒန္တ အာစိဏ္ဏ၏ ထေရုပ္ပတ္တိအကျဉ်းချုပ် စာတမ်း တစ်စောင် ရခဲ့ပါသည်။ မဂ္ဂဇင်းထုတ်ဝေမှာ ဖြစ်၍ ဆောင်းပါးရေးရန် တိုက်တွန်းထားပါသည်။

ဗြူးကုန်းဆရာတော်၏ ထေရုပ္ပတ္တိ အကျဉ်းကို ဖတ်ရသောအခါ ဆရာတော်၏ ဘဝသည် သာသနာ၏ အကျိုးကို ရွက်သယ်ပိုးနေရသော ဘဝ ဖြစ်သည်ကို လေ့လာ မိပါသည်။ ဆရာတော်သည် သာသနာ့ အာဇာနည် ဆရာတော် ဖြစ်ပါသည်။

"ဆရာတော်သည် မေတ္တာဘာဝနာ ပွားများခြင်း၊ ရဟန်း၊ ရှင်လူ အပေါင်းတို့ အပေါ်၌ မေတ္တာ ထားခြင်း၊ သည်းခံမှု ရှိခြင်း၊ တပည့်စာသင်သားတို့၏ အပေါ်၌ ကျောသားရင်သား မခွဲခြားဘဲ အုပ်ချုပ်စောင့်ရှောက်ခြင်း၊ စကားပြော သိမ်မွေ့နူးညံ့ခြင်း၊ ဒေါသအမျက်ကို အပြင်မထွက်ဘဲ ချုပ်တည်း သည်းခံနိုင်ခြင်း၊ ပါဋိ အဌကထာ ဋီကာ ကျမ်းတို့၌ နှံ့စပ်ခြင်း၊ ပရိယတ္တိဆေက၊ သီလဝန္တ၊ ဝိနယဂရုက စသော ဂုဏ်တို့နှင့် ပြည့်စုံခြင်းကြောင့် ရဟန်း၊ ရှင်လူတို့၏ ကြည်ညိုမှုကို

ခံယူရရှိသည်”

ဟူ၍ ဆရာတော်၏ ကြည်ညိုဖွယ်ရာ ဂုဏ်တော်များကို သိရှိရပါသည်။

ပြုံးကုန်းဆရာတော်၏ ထေရုပ္ပတ္တိကို လေ့လာသောအခါ ဆရာတော်သည် ၁၂၈၃–ခုနှစ်၊ တော်သောအားဖြင့် ကျေးလက်တောရွာများ၌ မွေးဖွားကြသည်။

ဆရာ ပါရဂူရေးသော **‘ပရကထာ’** စာအုပ်၊ ဒဂုန် ဦးထွန်းမြင့်အကြောင်း ဆောင်းပါးတွင် ဖတ်မိပါသည်။ ဆရာ၏ အဆိုအမိန့်သည် မှန်လှ



ယောကျ်ားမြတ်တစ်ဦး၏ မွေးဖွားရာ ဘုရားကွင်းကျေးရွာ ဝန်းကျင်အလှ

သလင်း လဆန်း ၃–ရက်၊ တနင်္ဂနွေနေ့ နံနက် ၇ နာရီအချိန်တွင် လှည်းကူးမြို့နယ် ဘုရားကွင်းရွာ ဦးဘိုးကျယ်၊ ဒေါ်ပိုတို့မှ ဖွားမြင်သော သားရတနာ ဖြစ်ကြောင်း၊ မိဘများမှာ လယ်လုပ်သားကြီးများ ဖြစ်ကြောင်း သိရပါသည်။

“နွံထဲက ကြာပေါက်သည်။

မြေကြီးထဲက ကျောက်သံပတ္တမြား ထွက်သည်။ မုတ်ကောင် ဝမ်းဗိုက်ထဲက ပုလဲရတနာ ရသည်။ ဆင်မင်းနှင့် ခြသေ့မင်းသည် တောထဲတွင် သန္ဓေတည်သည်။ မြန်မာနိုင်ငံရှိ လောကီနှင့် လောကုတ္တရာ စာပေပညာရှင်ကြီးများသည် များပေသည်ဟု စိတ်ထဲက ထောက်ခံမိပါသည်။ ဆရာကြီး ဒဂုန် ဦးထွန်းမြင့်သည် ရဟန်းဘဝတွင် **အရှင်တေဇောသာရ** ဘွဲ့ဖြင့် ထင်ရှားသည်။ လူဝတ်ဘဝ ဒဂုန်ဦးထွန်းမြင့် ကလောင်အမည်ဖြင့် စာပေကျမ်းဂန်များ ရေးသားသည်။ ဆရာကြီး၏ ဇာတိမွေးရပ်မြေမှာ ပဲခူးမြို့နယ် အတွင်းရှိ **မယ်သီလကန်ရွာ** ဖြစ်ပါသည်။

ဆရာပါရဂူသည် ရဟန်းဘဝတွင် **ရှင်ပါရဂူ** ဘွဲ့တော် ရသည်။ ဆရာ၏ မွေးရာဇာတိမှာလည်း ဟသံတာခရိုင် **သန်းသနော့**ရွာ ဖြစ်ပါသည်။ ဆရာကြီး ဦးဆန်းထွန်း (မန်းတက္ကသိုလ်) ရဟန်းတော်

ဘွဲ့အမည် **အရှင်ဥာဏိဿရ**၏ မွေးရာ ဇာတိမှာ **လည်း** ဟင်္သာတမြို့နယ်၊ သန္ဓံသနော့ရွာ ချောင်း **တစ်ဘက်ကမ်း၌** အိမ်ခြေ လေးငါးအိမ်လောက် **ရှိသည့် ကျုံကဒူး** ရွာကလေး ဖြစ်ပါသည်။

ကျေးရွာ ဇာတိ ပညာရှိ၊ သာသနာ့အာဇာ **နည်** ဆရာတော်များသည် သမိုင်းအစဉ်အဆက် **ပေါ်ထွန်းခဲ့ပါသည်။** အင်းဝခေတ်ပေါ် ဆရာတော် **ရှင်ဥတ္တမကျော်သည်** **မြို့လုလင်ရွာ** အဘ **ဦးသောကြာ၊** အမိ ဒေါ်နှင်းဆီ၏ သား မောင်ဥက္ကာ၊ **နောင်အခါ** **ရှင်ဥတ္တမကျော်** ဆရာတော်အဖြစ် **ကျော်ကြားသည်။** တောင်တွင်းကြီးမြို့ မြောက်ဘက် **မြို့လုလင်ရွာ** ဇာတိ အဘ ဦးကြည်၊ အမိနတ်ထိန်း **ကြီး** မယ်ဒွေးတို့၏ သား မောင်ညို၊ နောင်အခါ **ရှင်မဟာသီလဝံသ** အဖြစ် ကျော်ကြားသည်။ ပေလေးပင် ရှင်လေးပါးဝင် ဆရာတော် ရှင်အုံးညို သည်လည်း **သတိုးထမ်းရွာ** ဇာတိ၊ ရှင်ခေမာ သည်လည်း **မကျည်းယောင်ရွာ** ဇာတိ ဖြစ်ပါသည်။ ကန်တော်မင်းကျောင်း ဆရာတော် သည်လည်း စစ်ကိုင်း စိရင်စု မြင်းမူမြို့မှ နှစ်တိုင်ခန့်အကွာ ထီးဆောင်းရွာမြောက်ဘက် **ကန်တော်ရွာ** တွင် ဖွားမြင်တော်မူကြောင်း လေ့လာရပါသည်။ **ကျည်း ကန်ရှင်ကြီး ရှင်နန္ဒဓဇ** သည် ကုန်းဘောင်ခေတ်တွင် ထင်ရှားသော ပုဂ္ဂိုလ်ကျော် ဖြစ်ပါသည်။ ဆရာတော် ၏ ဇာတိမှာလည်း အလုံနယ်မြေ မုံရွေးရွာအနီး **ကျည်းကန်ရွာ** ဖြစ်ပါသည်။ **မုံရွေးဆရာတော်**၏ မွေးဖွားရာ ဇာတိမှာလည်း မုံရွေးမြို့ စိရင်စု **ကြေးမုံရွာ** ဖြစ်ပါသည်။ **မန်လည်ဆရာတော် ဘုရားကြီး** ၏ ဇာတိနေရပ်မှာလည်း ကသာစိရင်စု အင်းတော်ကြီးမြို့နယ်၊ **မန်လည်ရွာ** ဖြစ်ပါသည်။ **လယ်တီဆရာတော် ဘုရားကြီး** သည်လည်း ဒီပဲရင်းမြို့နယ် **စိုင်းပြင်ရွာ** ဇာတိ ဖြစ်ပါသည်။

မျက်မှောက်ခေတ် သာသနာတော် သမိုင်း တွင် ထင်ရှားကျော်ကြားသော ဆရာတော်များ၏ ဇာတိမှာလည်း ကျေးရွာများပင် ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။ **မင်းကွန်းဆရာတော် ဘုရား ကြီး**၏ ဇာတိမှာ **ကျည်းပင်ရွာ** ဖြစ်ပါသည်။ **မဟာစည် ဆရာတော်ဘုရားကြီး**၏ ဇာတိမှာလည်း **ဆိပ်ခွန်ရွာ** ဖြစ်ပါသည်။ **အရှင်ဇနကာဘိဝံသ** ဆရာတော်ဘုရားကြီး၏ ဇာတိမှာလည်း **သရိုင်ရွာ** ဖြစ်ပါသည်။ ကံဥာဏ်ဝီရိယ အကျယ် လက်စွဲကျမ်း ပြု ဆရာတော် ညောင်တုန်းမြို့ ရွှေဟင်္သာတောရ ပါဠိတက္ကသိုလ်ကျောင်းတိုက် **စံကျောင်းဆရာတော် ဘုရားကြီး**၏ ဇာတိတော်မှာလည်း ပဲခူးမြို့ **ကျောက် တန်းရွာ** ဖြစ်ပါသည်။

သာသနာ့ အာဇာနည် ဆရာတော် ဘုရားကြီး များ၏ ဇာတိ ချက်မြှုပ်ရာအရပ်တို့မှာ မြို့ကြီးပြကြီး မဟုတ်ဘဲ ကျေးလက်တောရွာများသာ ဖြစ်ကြရာ ဆရာပါရဂူ အမိန့်ရှိသလို နွံထဲက ကြာပေါက်၊ မြေကြီးထဲက ပတ္တမြားထွက်း မုတ်ကောင်ဝမ်းဗိုက် ထဲက ပုလဲရတနာထွက်၊ ဆင်မင်းနှင့် ခြသေ့်မင်း တို့သည် တောထဲတွင် သန္ဓေတည် ဆိုသကဲ့သို့ လောကုတ္တရာ စာပေကျမ်းတတ် ပုဂ္ဂိုလ်ကျော်၊ သာသနာ့အာဇာနည် ဆရာတော်ကြီးများသည် ကျေးရွာဇာတိများသာ ဖြစ်ကြောင်း လေ့လာမိလျက် ကြည်ညိုစိတ်ထား တဖွားဖွား ပေါ်ပေါက်မိပါတော့ သည်။

ယခုတစ်ခေါက် အဂ္ဂမဟာပဏ္ဍိ ဘွဲ့တံဆိပ် တော်ရ ဗြူးကုန်းဆရာတော် ဘဒ္ဒန္တအာစိဏ္ဏဘိဝံသ မှာလည်း ဘုရားကွင်းကျေးရွာ ဇာတိသားမှန်း သိရှိရပြန်သောအခါ ကျွန်တော်၏ ကြည်ညိုစိတ် အရှိန်အဟုန်သည် အရင်ကထက် ပိုအားပြင်းလာ ပြန်ကာ ဤဆောင်းပါးဖြင့် ဗြူးကုန်ဆရာတော် ဘုရား၏ ဂုဏ်တော်အဖုံဖုံတို့ကို အာရုံပြု ပူဇော် ကန်တော့လိုက်ရပါတော့သည်။

ဦးသန်းထွတ်

ပါမောက္ခ(ငြိမ်း)၊ ပညာရေးတက္ကသိုလ်

အလုပ်အပြော သဘောညီသူ

ဆရာ့တပည့် (သုံးထပ်ဆောင်)



ပြည်ထောင်စု မြန်မာနိုင်ငံတော် လွတ်လပ်ရေး ရရှိခဲ့သည့် ၅၄ နှစ် ပြည့်မြောက်သောလွတ်လပ်ရေးနေ့ (၄-၁-၂၀၀၂) နံနက် ၆:၀၀ နာရီ ထိုးပြီး အချိန်တွင် မိမိသည် သုံးထပ်ကျောင်းကြီးတတိယထပ်၌ မြန်မာ့အသံလိုင်း ဖွင့်လျက် ရေဒီယိုနားထောင်နေမိစဉ် ဗြူးကုန်းတောရ စာသင်တိုက်ဆရာတော်ဘုရားကြီး **"အဂ္ဂမဟာပဏ္ဍိတ"** ဘွဲ့ တံဆိပ်တော်မြတ် ဆက်ကပ်ကြောင်း ကြေညာချက်ကို ကြားသိလိုက်ရပါသည်။ ထိုနေ့ နံနက်သည် မိမိအတွက် အကြီးမားဆုံး၊ အနက်ရှိုင်းဆုံး အသက်ထက်ဆုံး မေ့မရနိုင်ကောင်းသော မဂ်လာနံနက်ခင်း တစ်ခုအဖြစ် မှတ်မှတ်ရရ ရှိနေခဲ့ရပါသည်။

ဆရာတော်ဘုရားကြီး၏ တပည့်သာဝကများ၊ဒကာဒကာမများ အားလုံးအတွက်လည်း အကြီးမား ဆုံးအနက် ရှိုင်းဆုံး အသက်ထက်ဆုံး မေ့မရနိုင်ကောင်းသော မဂ်လာနံနက်ခင်း တစ်ခုအဖြစ် ရှိနေမည်သာ ဖြစ်ပါသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အစိုးရက မိမိတို့၏ ဗြူးကုန်းတောရ စာသင်တိုက်ဆရာတော်ဘုရားကြီးအား **"အဂ္ဂမဟာပဏ္ဍိတ"** ဘွဲ့တံဆိပ်တော်မြတ်ကို ဂုဏ်နှင့်ဂုဏေး ထိုက်တန်သဖြင့် ဆက်ကပ်ပူဇော်နေပါပြီ။ နိုင်ငံတော်က ပူဇော်ခြင်း တစ်နိုင်ငံလုံးရှိ ရဟန်းရှင်လူ ပြည်သူ အပေါင်းတို့

ကိုယ်စား နိုင်ငံတော် အစိုးရက ပူဇော်နေခြင်း။ ဤသို့ ပူဇော်နေခြင်းကို အကြောင်းပြု၍ ဆရာတော် ဘုရားကြီး မိန့်ကြားတော်မူခဲ့သော သြဝါဒတော်များကို စဉ်းစားလျက် ဆရာတော် ဘုရားကြီး၏ ပူဇော်ထိုက်သော ဂုဏ်တော်ကျေးဇူး တော်တို့သည် နာမ်ဓာတ်အစဉ် စိတ်ဘဝင်ဝယ် ပြတ်သားထင်ထင် ဖူးမြော်ကြည်ညိုမိလျက် ဖြစ်နေမိပါတော့သည်။

ပထမ သဂါယနာတင်ရာ အခါဝယ် ဇေတဝန် ငါးခုပိုင်ရှင် အရှင်အာနန္ဒာ မထေရ်မြတ်သည် မြတ်စွာဘုရား ပေါ်ကြားတော် မူခဲ့သော သုတ်, အဘိဓမ္မာ တရားတော်တို့ကို "ဧဝံ မေ သုတံ" တပည့်တော် ဤသို့သော အချင်းအရာအားဖြင့် နာယူမှတ်သား ဆောင်ထားခဲ့ဖူးပါသည်ဟု အစခံလျက် ဤ အဂ္ဂမဟာပဏ္ဍိတ ဂုဏ်ပူဇာသဘင် ဆင်ယင်ကျင်းပရာ အခါ၌ ပရမ္မရဟိတ် တံဆိပ်ခတ်နှိပ်ခါ ဝမ္မပူဇာဖြင့် ပူဇော်ဖော်ပြလိုက်ပါသည်။

ဆရာတော်ဘုရားကြီးသည် ...

"ဒိဋ္ဌေဓမ္မေစ ယောအတ္ထော –
ယောစတ္ထော သမ္ဘဒါယိကော၊
အတ္ထာဘိ သမယာမိရော –
ပဏ္ဍိတောတိ ပဝုစ္စတိ" ဂါထာဖြင့် ပဏ္ဍိတ အမည်ရထိုက်သူ ဂုဏ်အင်္ဂါ အရည်အသွေးတို့ကို ရှင်းလင်းညွှန်ပြ ဆုံးမခဲ့ဖူးပါသည်။

(ပစ္စုပ္ပန်၌ဖြစ်သော စီးပွားချမ်းသာ တမလွန်၌ ဖြစ်သော စီးပွားချမ်းသာ ဤစီးပွားချမ်းသာ နှစ်မျိုး ရရှိထားသူကို ပဏ္ဍိတဟု ခေါ်ဆိုရသည်။)

ပစ္စုပ္ပန်ဘဝ၌ဖြစ်သော စီးပွားချမ်းသာများသည် သူ့အလိုအလျောက် ဖြစ်လာကြသည်ကား မဟုတ်ချေ။ စီးပွားချမ်းသာတို့ကို ရရှိအောင် အားထုတ်ရယူမှသာ ရရှိမည် ဖြစ်သည်။ ပစ္စုပ္ပန် စီးပွားချမ်းသာ ရရှိအောင် အားထုတ်ရာ၌ သမ္ဘဒါလေးပါးနှင့် ပြည့်စုံဖိုလိုကြောင်း မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည်။

သမ္ဘဒါတရား လေးပါးမှာ ...

၁။ ဥဋ္ဌာနသမ္ဘဒါ= ထကြွလုံ့လ ဝီရိယနှင့် ပြည့်စုံရခြင်း။

၂။ အာရက္ခသမ္ဘဒါ= ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ပြည့်စုံရခြင်း

၃။ ကလျာဏမိတ္တသမ္ဘဒါ= မိတ်ဆွေကောင်းရှိခြင်းနှင့် ပြည့်စုံရခြင်း၊

၄။ သမဇီဝတာ= မျှတစွာ အသက်မွေးမှု ပြည့်စုံရခြင်းတို့ ဖြစ်ပါသည်။

ထိုလေးပါးတို့တွင် (၁) ဥဋ္ဌာနသမ္ဘဒါ=ထကြွလုံ့လ ဝီရိယနှင့် ပြည့်စုံသောသူသည် မပျင်းမရိ ထထကြွကြွ လုပ်ဆောင်လေ့ရှိသည်။ ထိုသို့ လုပ်ဆောင်သဖြင့် ဆုတ်ယုတ်မှုမရှိဘဲ အမြင့်တိုးတက်နေတတ်ပေသည်။ ကြီးပွားချမ်းသာ ရရှိဖို့ရန် အတွက် ကိုယ်ကိုယ်တိုင်လည်း စွမ်းစွမ်းတမ်းဆောင်ရွက်နိုင်စွမ်း ရှိသည်။ သူတစ်ပါးတို့အားလည်း တိုက်တွန်းညွှန်ကြား ကူညီနိုင်စွမ်း ရှိသည်။ စီးပွားရေးကိစ္စ အရာရာတို့၌ စီမံခန့်ခွဲနိုင်စွမ်း ရှိသည်။ ထို့ပြင် သာသနာ့တာဝန် ထမ်းဆောင်ရာ၌လည်း ပရိယတ် ပဋိပတ်အားလျော်စွာ မပျင်းမရိ တက်တက်ကြွကြွ လုပ်ဆောင်လေ့ ရှိသဖြင့် မဆုတ်ယုတ်ဘဲ အမြင့်တိုးတက်လျက်သာ တိုးတက်နေတတ်ပေသည်။ ပရိယတ္တိ–ပဋိပတ္တိတို့၏ အနှစ်သာရဖြစ်သော အဝိပ္ပဋိသာရ=စိတ်ကြည်လင် သန့်ရှင်းခြင်း၊ ပါမောဇ္ဇ=ဝမ်းမြောက်ခြင်း၊ ပီတိ=နှစ်သက်ရွှင်လန်းခြင်း၊ ပဿဒ္ဓိ=ကိုယ်စိတ်နှစ်ပါး ငြိမ်းချမ်းသာယာခြင်း၊ သုခ=ကိုယ်စိတ်နှစ်ပါး အေးမြချမ်းသာခြင်း၊ သမာဓိ=စိတ်တည်မြဲခြင်း၊ ယထာဘူတ=

နာမ်ရုပ်နှစ်ပါးတို့ကို ဟုတ်မှန်သည့်အတိုင်း ရှုမှတ်ဆင်ခြင် သိမြင်နိုင်သော ဝိပဿနာဉာဏ် ဖြစ်ခြင်း အစ စျာန်ချမ်းသာ မဂ်ချမ်းသာ ဖိုလ်ချမ်းသာဟူသော အနှစ်သာရတို့ကို ရရှိခံစားနိုင်စွမ်း ရှိပေသည်။ သူတစ်ပါးတို့အားလည်း တိုက်တွန်းကူညီနိုင်စွမ်း ရှိပေသည်။

(၂) အာရက္ခသမ္မာဒါ=ထိန်းသိမ်းစောင့်ရှောက်မှုနှင့် ပြည့်စုံသောသူသည် ရရှိထားပြီးသော ပစ္စည်းဥစ္စာတို့ကို ရေ မီး မင်း ခိုးသူ အမွေခံဆိုး ဟူသော ရန်သူမျိုးငါးပါးတို့မှ ကင်းလွတ်အောင် စောင့်ရှောက်နိုင်စွမ်း ရှိရပေမည်။ သာသနာ့တာဝန်ကို ထမ်းဆောင်ရာ၌လည်း သင်ယူလေ့လာပြီးသော ပရိယတ္တိ စာပေများ ကျင့်ကြံပွားများခဲ့ပြီးသော ပဋိပတ္တိ တရားများ၊ သီလ၊ သမာधိ၊ ပညာ သိက္ခာသုံးပါးတို့ကို မပျောက်မပျက်အောင် စောင့်ရှောက်ထိန်းသိမ်းနိုင်စွမ်း ရှိရပေမည်။

(၃) ကလျာဏမိတ္တသမ္မာဒါ=မိတ်ဆွေကောင်းရှိခြင်းနှင့် ပြည့်စုံသောသူသည် အရင်းအနှီး ရှာဖွေလွယ်ကူခြင်း၊ လုပ်ငန်းရလွယ်ခြင်း၊ အခိုက်အတန့် ဆင်းရဲကြုံသော်လည်း အလွယ်တကူ လွတ်မြောက်နိုင်ခြင်း စသည်တို့ကို ရရှိပိုင်ဆိုင်နိုင်ပေသည်။ သာသနာ့တာဝန် ထမ်းဆောင်ရာ၌လည်း ပရိယတ္တိ ပဋိပတ္တိဆိုင်ရာ စာပေးပွဲ အောင်မြင်ခြင်း၊ သီလ၊ သမာधိ၊ ပညာ၊ သိက္ခာသုံးပါး ပွားများခြင်း စသည်တို့ကို ကြိုးစားနိုင်စွမ်း ရှိသလောက် ပေါက်မြောက်နိုင်ပေသည်။

(၄) သမဇီဝိတတာ=မျှတစွာ အသက်မွေးမှုနှင့် ပြည့်စုံသောသူသည် ပစ္စည်းဥစ္စာတို့ကို လေးဖို့ပြု၍ နှစ်ဖို့ကို အရင်းအနှီးပြု၍ စီးပွားရှာခြင်း၊ တစ်ဖို့ကို ဒုက္ခကြုံရာ အခါ၌ အသုံးပြုရန် ဘဏ်၌ အပ်နှံထားရှိခြင်း၊ ကျန်တစ်ဖို့ကို စားဝတ်နေရေး အတွက် အသုံးပြုခြင်း၊ သာသနာတော်အား ပူဇော်လှူဒါန်းခြင်းတို့ကို ပြုလေ့ရှိပေသည်။ သာသနာတော်ဆိုင်ရာ၌လည်း ဆွမ်း၊သင်္ကန်း၊ ကျောင်း၊ ဆေးပစ္စည်း လေးပါးတို့ကို သင့်လျောသဂုဏ် သုံးစုံနှင့် ညီညွတ်အောင် ကျင့်ဆောင်လေ့ ရှိရပေသည်။ ဆွမ်း၊ သင်္ကန်း စသော ပစ္စည်းလေးပါး အရာတို့၌ ယထာလာဘ သန္တောသ= ရရှိအပ်သော လာဘ်လာဘ အားလျော်စွာ ရောင့်ရဲတင်းတိမ် ကျေနပ်နိုင်ခြင်း၊ ယထာဗလ သန္တောသ=မိမိနှင့် မလျော်သော ညံ့သော ဆွမ်း၊ သင်္ကန်း စသည်တို့ကို အသုံးပြုလျက် ရောင့်ရဲတင်းတိမ်ကျေနပ်နိုင်ခြင်း၊ ယထာသာရုပ္ပ သန္တောသ= ယင်းသို့ ဟောင်းနွမ်း ညံ့ဖျင်းသော ပစ္စည်းလေးပါးတို့ကိုလည်း သင့်လျော်လျောက်ပတ်အောင် ပြုပြင်စီမံဆောင်ရွက်ရာ၌ ရောင့်ရဲတင်းတိမ် ကျေနပ်နိုင်ခြင်းတို့နှင့် ညီညွတ်အောင် ကျင့်ဆောင်လေ့ ရှိရပေသည်။

ဤသို့သော သမ္မာဒါလေးပါးတို့နှင့် ပြည့်စုံမှသာလျှင် လောကီလူ့ဘောင်၌ ဖြစ်စေ၊ လောကုတ္တရာ သာသနာ့ဘောင်၌ ဖြစ်စေ ဒိဋ္ဌဓမ္မိကတ္ထ= ပစ္စုပ္ပန်ဘဝ၌ ဖြစ်သော စီးပွားချမ်းသာတို့ကို ရရှိနိုင်မည် ဖြစ်ပေသည်။ ဒိဋ္ဌဓမ္မိကတ္ထတို့ကို ရရှိအောင်စွမ်းဆောင်နိုင်သော ပုဂ္ဂိုလ်တို့ကို ပဏ္ဍိတ ပညာရှိဟု ခေါ်ဆိုနိုင်ပေသည်။ သို့သော် တကယ့် ပဏ္ဍိတ အစစ်ကား မဟုတ်သေးချေ။ ပဏ္ဍိတ အစစ်ဖြစ်ဖို့ အတွက်ကား တမလွန်ဘဝ၌ဖြစ်သော စီးပွားချမ်းသာတို့ကို ရရှိရာ ရရှိကြောင်း သမ္ပရာယိကတ္ထ သမ္မာဒါ လေးပါးနှင့်လည်း ပြည့်စုံဖို့ လိုပေသေးသည်။

ထိုသမ္ပရာယိကတ္ထ သမ္မာဒါလေးပါးမှာ

၁။ သဒ္ဓါ သမ္မာဒါ = ယုံကြည်ခြင်း၊ သဒ္ဓါတရားနှင့် ပြည့်စုံခြင်း၊

၂။ သီလ သမ္မာဒါ= စောင့်ထိန်းခြင်း၊ သီလတရားနှင့် ပြည့်စုံခြင်း၊

၃။ စာဂ သမ္မာဒါ = စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း၊ (ဒါန) တရားနှင့် ပြည့်စုံခြင်း၊

၄။ ပညာ သမ္ပဒါ = ထိုးထွင်းဉာဏ်ရှိသော ပညာတရားနှင့် ပြည့်စုံခြင်းတို့ ဖြစ်ပေသည်။

ထိုတွင် (၁) သဒ္ဓါသမ္ပဒါ= ယုံကြည်ခြင်း သဒ္ဓါတရားနှင့် ပြည့်စုံသောသူသည် ဘုရား၊ တရား၊ သံဃာ ကံ-ကံ၏အကျိုး၊ ယခုဘဝ နောင်ဘဝတို့၌ ယုံကြည်ရပေမည်။ ထိုသို့ ယုံကြည် သဖြင့် ရတနာသုံးပါးတို့အား ဆည်းကပ်ပူဇော်ခြင်း၊ အကုသိုလ်ကံတို့ကို ရှောင်၍ ကုသိုလ်ကံတို့ကို ဆောင်ခြင်းတို့ကို ပြုစုနိုင်ပေမည်။ ထို့ကြောင့် သံသရာ၌ ဖြစ်သော စီးပွားချမ်းသာတို့ကို ရရှိရန် သဒ္ဓါတရားနှင့် ပြည့်စုံဖို့ လိုအပ်လှပေသည်။

(၂) သီလ သမ္ပဒါ = စောင့်ထိန်းခြင်း သီလတရားနှင့် ပြည့်စုံသောသူသည် ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ကိုးပါးသီလ၊ ဆယ်ပါးသီလ၊ စတုပါရိ သုဒ္ဓိသီလ စသည်တို့ကို ပြည့်စုံအောင် ကျင့်ဆောင် နိုင်ရပေမည်။ ထိုသို့ ကျင့်ဆောင်နိုင်သဖြင့် သီလ၏ အကျိုးအားလျော်စွာ သံသရာဘဝခရီး၌ ချမ်းသာ သုခ အမျိုးမျိုး တိုးတက်ကြီးပွားနိုင်ပေသည်။ ထို့ကြောင့် သံသရာ၌ ဖြစ်သော စီးပွားချမ်းသာ ရရှိဖို့ရန် သီလနှင့် ပြည့်စုံဖို့ လိုအပ်လှပေသည်။

(၃) စာဂသမ္ပဒါ = စွန့်ကြဲပေးကမ်း လှူဒါန်း ခြင်း စာဂ(ဒါန) တရားနှင့် ပြည့်စုံသောသူသည် အယုတ် အလတ် အမြတ်မရွေး အလှူခံ ပုဂ္ဂိုလ် အမျိုးမျိုးတို့ပေါ်၌ မိမိလက်ဝယ် ပိုင်ဆိုင်ရရှိထား သော ပစ္စည်းဥစ္စာ လှူဖွယ်ဝတ္ထု အစုစုတို့ကို စွန့်ကြဲ ပေးကမ်း လှူဒါန်းနိုင်အောင် ကျင့်ကြံရပေမည်။ ထိုသို့ ကျင့်ကြံသဖြင့် ဒါန စာဂ၏ အကျိုးအား လျော်စွာ သံသရာဘဝခရီး၌ ချမ်းသာသုခ အမျိုး မျိုး တိုးတက်ကြီးပွားနိုင်ပေသည်။ ထို့ကြောင့် သံသရာ၌ဖြစ်သော စီးပွားချမ်းသာ ရရှိဖို့ရန် ဒါန စာဂနှင့် ပြည့်စုံဖို့ လိုအပ်လှပေသည်။

(၄) ပညာသမ္ပဒါ= ထိုးထွင်းဉာဏ်ရှိသော ပညာတရားနှင့် ပြည့်စုံသောသူသည် အတန်းပညာ ဆိုင်ရာ ပညာရပ်အမျိုးမျိုးတို့ကို အထွတ်အထိပ် ရောက် တတ်မြောက်အောင် သင်ယူအားထုတ် ရပေမည်။ တရားဘာဝနာတို့ကို ဝိပဿနာဉာဏ် မဂ်ဉာဏ်ဖိုလ်ဉာဏ် ဆိုက်အောင် ပွားများအားထုတ် ရပေမည်။ ဤသို့ ပွားများအားထုတ်နိုင်သဖြင့် ရရှိ အပ်သော ဗဟုသုတ စာပေပညာ လောကုတ္တရာ ဆိုင်ရာ ကိုယ်ကျင့်တရား အသိဉာဏ် အမျိုးမျိုး တို့ကို ရရှိလျက် သံသရာခရီး၌ ချမ်းသာသုခ အမျိုးမျိုးတို့ တိုးတက်ကြီးပွား နိုင်ပေသည်။ ထို့ကြောင့် သံသရာ၌ဖြစ်သော စီးပွားချမ်းသာ ရရှိဖို့ရန် ပညာနှင့် ပြည့်စုံဖို့ လိုအပ်လှပေသည်။

ဆိုအပ်ခဲ့ပြီးသော ဥဌာနသမ္ပဒါစသော ဒိဋ္ဌ ဓမ္မိကတ္ထသမ္ပဒါ လေးပါး၊ သဒ္ဓါသမ္ပဒါ စသော သမ္ပရာယိကတ္ထ သမ္ပဒါလေးပါးတို့နှင့် ပြည့်စုံသော သူသည်သာ (၁) ပစ္စုပ္ပန်၌ ဖြစ်သော စီးပွားချမ်း သာ၊ (၂) တမလွန်ဘဝ၌ ဖြစ်သော စီးပွားချမ်းသာ၊ ဤသို့သော စီးပွားချမ်းသာ နှစ်မျိုးစလုံးကို လက် ဝယ်ပိုင်ပိုင် ရရှိဆုပ်ကိုင်ထားနိုင်သူကိုသာ "ပဏ္ဍိတ" ပညာရှိ အစစ်အမှန်ဟု ခေါ်ဝေါ်နိုင်ပေမည် ဟူ၍ ဆရာတော်ဘုရားကြီးက မိန့်ကြားခဲ့ဖူးပါသည်။

ဤသို့ မိန့်ကြားတော်မူသည်နှင့်အညီ "မလုပ် မပြော လုပ်မှပြော သဘောစင်လှစေ၊ အပြောသာ ချဲ့ အလုပ်မဲ့ ကဲ့ရဲ့မလွတ်ချေ" ဟူ၍ မင်းကွန်း ဆရာတော်ဘုရားကြီး ပြန်ဆိုအပ်သော ပါဠိတော် ဘာသာပြန် မြတ်စွာဘုရား တရားတော်နှင့်အညီ ကျင့်ကြံအားထုတ်တော် မူလေ့ရှိပါသည်။ ထို့ ကြောင့် ဆရာတော်ဘုရားကြီးသည် ၁။ ပစ္စုပ္ပန် ဘဝ၌ ဖြစ်သော စီးပွားချမ်းသာ၊ ၂။ သံသရာ ဘဝ၌ ဖြစ်သော စီးပွားချမ်းသာ၊ ဤချမ်းသာ နှစ်မျိုးစလုံးကို လက်ဝယ်ပိုင်ပိုင် ရရှိအောင် ဆောင် ရွက်နိုင်စွမ်းသော ပါရမီရှင် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ဖြစ်ပေသည်။

သို့ဖြစ်၍ သူတော်ချင်းချင်း သတင်းလွှေ့လွှေ့

စာချက်နှာ(၂၂၃)သို့



ဘုရားရှင်တိုင်း ဟောတော်မူသည့် တရားတော်

ဦမာနိတသိရီဘိဝံသ

လောကသုံးပါး၌ ဘုရားတစ်ဆူ တစ်ဆူ ပွင့်တော်မူရန် မည်မျှခဲယဉ်းသနည်း။ ပညာဓိက ဘုရားအလောင်းများ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကြာအောင် ပါရမီဖြည့်တော်မူကြရသည်။ သဒ္ဓါဓိက ဘုရားအလောင်းတော်များ၊ ရှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလကြာအောင် ပါရမီဖြည့်ပြီးမှ ဘုရားအဖြစ်သို့ ရောက်တော်မူကြရသည်။ ဝီရိယာဓိက ဘုရားအလောင်းတော်များ ဆိုပါက ၁၆ သင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလကြာအောင် ပါရမီဖြည့်တော်မူကြရသည်။ ဘုရားတစ်ဆူပွင့်တော်မူဖို့ ဤမျှ ခဲယဉ်းကုန်၏။ ဤမျှ ခဲယဉ်းသော်လည်း ပွင့်တော်မူကြပြီးသော ဘုရားရှင်တို့ကား မြန်မာနိုင်ငံ ရောဝတီမြစ်ကြီးထက် ကြီးသော အိန္ဒိယနိုင်ငံ ဂဂါမြစ်ကြီး အတွင်း၌ တည်ရှိသော သဲထုကြီးတွင် ရှိနေကြသည့် သဲလုံးများမက ပွင့်တော်မူခဲ့ကြလေပြီ။

ဤမျှ များပြားစွာ ပွင့်တော်မူပြီးသော ဘုရားရှင်တို့တွင် မည်သည့် ဘုရားရှင်မှ ယခုဖော်ပြမည့် တရားတော်ကို ဟောတော်မမူဘဲ ချန်ထားခဲ့သည် မရှိ။ ပွင့်တော်မူပြီးသော ဘုရားရှင်တိုင်း ဟောတော်မူခဲ့ကြသည်ချည်း ဖြစ်၏။ နောင် ပွင့်တော်မူလတ္တံ့သော ဘုရားရှင်တိုင်းလည်း ဟော

တော်မူကြလိမ့်မည်သာ ဖြစ်၏။ ဤမျှ အရေးပါသော တရားတော် ဖြစ်သည်။ ထို့ပြင် "ဘုရားရှင်တိုင်း ဟောတော်မူသည့် တရားတော်" ဟု ဆိုသဖြင့် ဘုရားရှင်တိုင်း မဟောသည့် တရားတော်ရှိသည် ဟု ဆိုရာရောက်၏။ မှန်၏။ အချို့သော တရားတော်တို့မှာ ပွင့်တော်မူသော ဘုရားရှင်တိုင်း မဟောပါ။ အချို့အချို့သော ဘုရားရှင်တို့သာ ဟောတော်မူကြသည်။

ဘုရားပွင့်ရာကာလ

ချဲ့ဦးအုံ့၊ ကမ္ဘာသည် သုညကမ္ဘာ, အသုညကမ္ဘာဟု နှစ်မျိုးရှိ၏။ ထိုနှစ်မျိုးတွင် ဘုရားမပွင့် သံဃာမပေါ်သော ကမ္ဘာမှာ သုညကမ္ဘာ ဖြစ်၏။ ဘုရားနှင့် သံဃာတို့ ပွင့်တော်မူရာ ကမ္ဘာမှာ အသုညကမ္ဘာ ဖြစ်၏။ ထိုကမ္ဘာနှစ်မျိုးတွင် သုညကမ္ဘာပေါင်း အသင်္ချေမှ အသုညကမ္ဘာ တစ်ခါပေါ်တတ်၏။ ထိုအသုည ကမ္ဘာများမှာလည်း အချို့ကမ္ဘာမှာ တစ်ဆူသာပွင့်သည်။ တစ်ချို့ ကမ္ဘာ နှစ်ဆူ၊ တစ်ချို့ သုံးဆူ၊ တစ်ချို့ လေးဆူ ပွင့်သည်။ ဤကမ္ဘာမှာ ငါးဆူပွင့်သည်။ အမြတ်ဆုံး ကမ္ဘာ ဖြစ်၍ ဘဒ္ဒကမ္ဘာဟုခေါ်၏။

ဤသို့ ဘုရားပွင့်ရာ ကမ္ဘာမှာလည်း ကာလတိုင်း ပွင့်သည် မဟုတ်၊ ကမ္ဘာတစ်ခုခ်ဉ် ဆုတ်ကပ်၊ တက်ကပ်ဟု နှစ်မျိုးရှိ၏။ ထို ဆုတ်ကပ်၊ တက်ကပ် တစ်စုံကို အန္တရကပ်တစ်ကပ်ဟု ခေါ်၏။ ထိုအန္တရကပ်ပေါင်း ၆၄ ကပ်သည် လူတို့နေရာ ဝိဝဋ္ဋဌာယီ အသင်္ချေယျ တစ်ကပ်ဖြစ်၏။ ထိုသို့ ဆုတ်ကပ် တက်ကပ်များရှိရာ တက်ကပ်ကာလ တစ်လျှောက်လုံး ဘုရားမပွင့်၊ ဆုတ်ကပ်ကာလမှသာ ပွင့်သည်။ ထို ဆုတ်ကပ်ကာလမှာလည်း အသင်္ချေယျတန်းမှ တစ်သိန်းတန်အတွင်း မပွင့်။ တစ်သိန်းတန်းမှ တစ်ရာတန်းမှာသာ ပွင့်သည်။ ယခုလို တစ်ရာတန်းအောက် ကာလများမှာလည်း ဆယ်နှစ်တန်းအထိ ဘုရားမပွင့်ပေ။

ဘုရားပွင့်သော ထိုအသက် တစ်သိန်းနှင့် တစ်ရာတန်း အတွင်းမှာလည်း တစ်သိန်းတန်းမှ အသက်ငါးသောင်းတန်း အတွင်း ပွင့်သောဘုရားနှင့် လေးသောင်းတန်းမှ တစ်ရာတန်းအတွင်း ပွင့်သော ဘုရားတို့ မတူကြပေ။

ဟောသည့်တရား အနည်းအများ

သက်တန်း တစ်သိန်းမှ ငါးသောင်းတန်း အတွင်းခ်ဉ် လူတို့သည် ပညာမျက်စိခ်ဉ် ရာဂ, ဒေါသ, မောဟတည်းဟူသော မြူနည်းကုန်၏။ မကောင်းသော ဒုစရိုက်အမှုတို့လည်း နည်းပါးကြကုန်၏။ တစ်သိန်းတန်းမှ ကိုးသောင်းတန်းအထိ ဒုစရိုက် ဆို၍ အဒိန္နာဒါန ဒုစရိုက်နှင့် ပါဏာတိပါတ ဒုစရိုက် နှစ်မျိုးသာ ရှိ၏။ ထို ဒုစရိုက် တရားများ ရှိပြီဆိုသော်လည်း ယခုကာလကဲ့သို့ များသည် မဟုတ်။ ပေါ်စဖြစ်၍ အလွန်နည်းပါးကုန်၏။

လူတို့သည် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဗြဟ္မဝိဟာရတရား၊ သုစရိုက်တရားတို့ဖြင့်သာ နေထိုင်ကြ၏။ ထို့ကြောင့် ပညာမျက်စိအမြင်ကြည်လင်ကြကုန်၏။ သစ္စာလေးပါးကို ပြသည့် တစ်ဂါထာလောက် နာကြားလိုက်ရလျှင် သစ္စာလေးပါးကို ထိုးထွင်း၍ သိမြင်ပြီးဖြစ်ကုန်၏။ ဥဋ္ဌဋ္ဌိ တည္ရှိ အထက်တန်းစား တိဟိတ်ပုဂ္ဂိုလ်ကြီးများများ၏။ ထို့ကြောင့် တစ်သိန်းတန်းမှ ငါးသောင်းတန်း အတွင်း ပွင့်တော်မူကြသော ဘုရားရှင်တို့သည် တရားကို အကျဉ်းသာ ဟောတော်မူကြရ၏။ အကျယ် မဟောကြရ။ အနည်းငယ်စီသာ ဟောတော်မူကြရ၏။ များများ မဟောကြရသဖြင့် သုတ္တ, ဂေယျ, ဝေယျာကရဏ, ဂါထာ, ဥဒါန, ဣတိဝုတ္တက, ဇာတက, အဗ္ဘုတဓမ္မ, ဝေဒလ္လ ဟူသော နဝင်္ဂ သတ္ထုသာသနတို့လည်း အနည်းငယ်စီသာ ရှိကြ၏။ သာဝကတို့အတွက် သိက္ခာပုဒ်တို့ကိုလည်း ပညတ်တော်မမူကြရကုန်။ ထို့ကြောင့် ထိုဘုရားရှင်တို့၏ သာသနာ၌ ဓမ္မ, ဝိနယနှစ်ပါး

တွင် ဓမ္မသာရှိ၍ ဝိနယ မရှိ။ ပိဋကတ်တွင်လည်း ဝိနယပိဋက မရှိ။ သုတ္တန်ပိဋက ရှိသည်ဆိုသော်လည်း ဓမ္မပဒဂါထာမျိုးစသော တရားတို သုတ်တို များသာ အနည်းအကျဉ်းစီ ပါဝင်ကြကုန်၏။

လူ့သက်တမ်း လေးသောင်းတန်းမှ တစ်ရာတန်း အတွင်း ပွင့်တော်မူကြရသော ဘုရားရှင်တို့ကား ဓမ္မ, ဝိနယ နှစ်ပါးစုံအောင် ဟောကြ၊ ပညတ်ကြရ၏။ ပိဋကတ်သုံးပုံ နိကာယ်ငါးရပ်စုံအောင် အကျယ်တဝင့် ဟောကြ၊ ပညတ်ကြရ၏။ သုတ္တ, ဂေယျစသော အင်္ဂါကိုးပါးတို့လည်း တစ်ပါးတစ်ပါး၌ အများအပြား အကျယ်ချဲ့ဖွင့်၍ ဟောတော်မူကြရ၏။ သာဝကတို့အတွက် သိက္ခာပုဒ်များကိုလည်း အများအပြား ပညတ်တော်မူကြရ၏။ လပြည့်နေ့ လကွယ်နေ့တို့၌ ပါတိမောက်ပြရန်လည်း ခွင့်ပြုတော်မူကြရ၏။

ထိုတရားတော်

ဤဆိုအပ်ပြီးသော သက်တန်းရှည်ရာကာလ၌ ပွင့်တော်မူကြသော ဘုရားရှင်တို့သည် လည်းကောင်း၊ သက်တန်း တိုရာကာလ၌ ပွင့်တော်မူကြသော ဘုရားရှင်တို့သည် လည်းကောင်း ဤဖော်ပြမည့် တရားတော်ကို ဟောတော်မူခဲ့ကြ၏။ မည်သည့် ဘုရားရှင်မှ မဟောဘဲ ချန်လှပ်ထားခဲ့သည် မရှိပေ။ ထိုဘုရားရှင်တိုင်း ဟောတော်မူသည့် တရားတော်ကား အဘယ်နည်း။ သြဝါဒ ပါတိမောက်တွင် ပါဝင်သည့်–

သဗ္ဗပါပဿ အကရဏံ၊ ကုသလဿုပ သမ္ပဒါ။

သစိတ္တပရိယောဒပနံ၊ ဧတံ ဗုद္ဓါန သာသနံ။

ဟူသော ဒေသနာဂါထာပင်တည်း။

ထိုဒေသနာတော်၌ သြဝါဒသုံးရပ် ပါဝင်သည်။

ပထမ သြဝါဒမှာ–

"သဗ္ဗပါပဿ အကရဏံ=မကောင်းမှု မှန်သမျှ ရှောင်ကြဉ်ကြ" ဟူသည်တည်း။ ပွင့်တော်မူတိုင်း ပွင့်တော်မူတိုင်းသော ဘုရားရှင်တို့က ဤသြဝါဒကို ဘာကြောင့် အရေးတကြီး ရှေးဦးစွာ ပေးတော်မူကြသနည်း။ အဖြေကား သတ္တဝါတို့ကို သနားတော်မူကြသောကြောင့်တည်း။ မှန်၏။ ပွင့်တော်မူတိုင်းသော ဘုရားရှင်တို့သည် သတ္တဝါတို့ အပေါ်၌ လွန်စွာ သနားတော်မူသည့် မဟာကရုဏာတော်ကြောင့် ဘုရားအဖြစ်ကို ရယူတော်မူခဲ့ကြကုန်၏။ ဘုရားအဖြစ်သို့ ရောက်သောအခါ၌လည်း ထိုမဟာကရုဏာတော်ကြောင့်ပင် "သဗ္ဗပါပဿ အကရဏံ=မကောင်းမှုမှန်သမျှ ရှောင်ကြဉ်ကြ" ဟု အရေးတကြီး သြဝါဒပေးတော် မူကြခြင်း ဖြစ်၏။

မကောင်းမှု အကုသိုလ်

မကောင်းမှု အကုသိုလ်တရား၊ မကောင်းမှု အကုသိုလ်လုပ်ငန်းတို့၏ အမှတ်လက္ခဏာမှာ အပြစ်မကင်းခြင်း သဘော ဖြစ်၏။ သူတစ်ပါးတို့ ထိခိုက်နစ်နာစေ၏။ သူတို့၏ အကျိုးကား ဆင်းရဲခြင်း အကျိုး ဖြစ်၏။ အပါယ်လေးပါး ဒုက္ခဖြစ်သော ငရဲဆင်းရဲကို အကုသိုလ်က ပေး၏။ တိရစ္ဆာန်ဘဝ ဒုက္ခကို အကုသိုလ်က ပေး၏။ ပြိတ္တာကြီးများဖြစ်ပြီး ဆင်းရဲမဆုံး ဖြစ်နေကြရသည်မှာလည်း အကုသိုလ်ကြောင့် ဖြစ်၏။ အသုရကာယ်ခေါ် အကြီးစား ပြိတ္တာကြီးများလည်း အကုသိုလ်လက်ရာပင် ဖြစ်၏။ လူ့ဘဝ တွေ့ကြုံနေကြရသော အလိုမရှိအပ် မနှစ်သက်အပ်သော ဆင်းရဲဒုက္ခ မှန်သမျှလည်း အကုသိုလ်၏ လက်ရာများပင် ဖြစ်၏။ ထို့ကြောင့် သတ္တဝါတို့ ထိုဆင်းရဲ ဒုက္ခတို့နှင့် တွေ့ပြီး ဆင်းရဲကြမည်ကို သနားတော်မူကြလို သဖြင့် ဤ ပထမ သြဝါဒကို ရှေးဦးစွာ မိန့်တော်မူကြခြင်း ဖြစ်၏။

ဘုရားရှင်တို့၏ ထို ပထမသြဝါဒကို လိုက်နာ၍ မကောင်းမှု အကုသိုလ်ကို ရှောင်ကြဉ်ကြမည်ဆိုပါက မည်သည့် ဆင်းရဲ ဒုက္ခမှ တွေ့ကြုံခံစား

ကြရတော့မည် မဟုတ်ပေ။

ဆင်းရဲမှန်သမျှ၊ အကုသလ၊ သူကပေးလေသည်။

အကုရှောင်ကွင်း၊ ဆင်းရဲခြင်း၊ အလျဉ်းမရှိပြီ။

တယောဇနဝတ္ထု

တစ်စုံတစ်ခုသော အကုသိုလ်အမှုကို စိတ်ပါလက်ပါ ပြုလုပ်မိပြီ ဆိုက ထိုအကုသိုလ်ကံကပေးမည့် အကျိုးကို ရှောင်လို့မရတော့ပေ။ ဘုရားရှင်လက်ထက်တော်က ရဟန်းတစ်ဖွဲ့ သီတင်းဝါလကျွတ်သောအခါ ဘုရားဖူးရန် သာဝတ္တိမြို့သို့ ကြွလာကြ၏။ လမ်းခရီးအကြား ရွာတစ်ရွာသို့ ရောက်လျှင် ရွာ၏အပြင်ရှိ ဇရပ်၌ ခေတ္တတည်းခို အနားယူကြ၏။ ရွာရှိလူတို့သည်လည်း ရဟန်းတော်များ ရောက်လာကြသည် ကြား၍ ရဟန်းတော်များထံ လာရောက်ဆည်းကပ် တရားနာယူနေကြ၏။ ထိုအခိုက်တွင် ရွာတွင်း အိမ်တစ်အိမ်ကို မီးလောင်၏။ ထိုမီးလောင်သည်ကို ကြည့်နေကြစဉ် မီးလောင်အိမ်မှ မြက်ကရွတ်ခွေတစ်ခု မီးလောင်ပြီး ကောင်းကင်သို့ ပျံတက်လာ၏။ ထိုအချိန်တွင် အဝေးမှ ကျီးတစ်ကောင် ပျံလာရာ ထိုကျီး၏ လည်၌ ထိုမီးကွင်းစွပ်မိပြီး မီးလောင်သေရှာ၏။ ထိုကျီး၏ အတိတ်ကံအကြောင်းကို ဘုရားရှင်ထံရောက်မှ လျှောက်ထားကုန်အံ့ဟု ကြံ၍ ခရီးဆက်ကြ၏။

ဘုရားဖူး ရဟန်းတော် တစ်ဖွဲ့သည် သဘော်ဖြင့် လာကြရာ သမုဒ္ဒရာအလယ်သို့ ရောက်သောအခါ သဘော်ကြီး ရှေ့မတိုးဘဲ ရပ်တန့်နေသည်နှင့် ကြံ့ကြရ၏။ သဘော်ကြီး ရှေ့သို့တိုးသွားစေရန်မည်သို့မျှ လုပ်မရသောအခါ အတွေ့အကြုံ ရင့်ကျက်သူများက ကာလကဏ္ဏီ မဲချရန် အကြံပြုကြသဖြင့် သဘောတူညီပြီး မဲချကြ၏။ သဘော်ပိုင်ရှင်၏ ဇနီးကို မဲကျ၏။ မဲမှားတန်ရာ၏ဟု ဒုတိယအကြိမ် ပြန်ချကြပြန်၏။ ပိုင်ရှင်၏ ဇနီးပင်ကျပြန်၏။ တတိယအကြိမ် ချပြန်လျှင်လည်း ထိုမိန်းမပင် ကျသဖြင့် သဘော်ပိုင်ရှင်က ထုံးစံအတိုင်း လည်၌ သဲအိုးဆွဲ၍ သမုဒ္ဒရာ၌ ပစ်ချခဲ့ရန် အမိန့်ပေးသဖြင့် ပစ်ချခဲ့ကြုရ၏။ ထိုအခါတွင်မှ သဘော်ကြီး ခရီးဆက်၍ရ၏။ ထိုအကြောင်းကို ဘုရားရှင်ထံ လျှောက်ထားကုန်အံ့ဟု တိုင်ပင်၍ ခရီးဆက်ကြ၏။

နောက် ဘုရားဖူးတစ်ဖွဲ့မှာ ရဟန်းတော် ခုနစ်ပါး ဖြစ်၏။ ထိုရဟန်းတို့သည် ခရီးအကြား၌ ရှိသော တောင်ပေါ်ကျောင်း တစ်ကျောင်းသို့ ဝင်ရောက် တည်းခိုကြ၏။ ကျောင်းဘုန်းကြီးက ကျောက်ဂူကြီးအတွင်း၌ ပြင်ဆင်ပေးသဖြင့် အိပ်ကြရ၏။ ညဉ့်နက်ကာလသို့ ရောက်ကြသောအခါ ကျောက်တုံးကြီး တစ်တုံးသည် အလိုလိုလိမ့်လာပြီး ဂူဝ၌ ပိတ်လေ၏။ ကျောင်းထိုင် ဘုန်းကြီးနှင့် အနီးရွာများမှ လူများ စုပေါင်းကြိုးစားဖယ်ရှားကြသော်လည်း မရပေ။ ဤသို့ဖြင့် ခုနစ်ရက် ကြာသွား၏။ ထို ခုနစ်ရက်စေ့သော ညဉ့်ကာလ၌ကား ကျောက်တုံးကြီး အလိုလို လိမ့်ပြီး ပွင့်သွားတော့၏။ ရဟန်း ခုနစ်ပါးတို့လည်း ရေငတ်၊ အစာပြတ်ဖြစ်ကာ မသေရုံသာ ရှိကြ၏။ ဤအကြောင်းကို ဘုရားရှင်အား လျှောက်ထားကုန်အံ့ဟု ကျန်းမာသောအခါ ခရီးဆက်ကြ၏။

ကိုယ့်ကံနှင့်ကိုယ်

ထိုဘုရားဖူးအဖွဲ့ သုံးဖွဲ့သည် သာဝတ္ထိမြို့တော်သို့ မရောက်မီ လမ်း၌ ဆုံမိကြပြီး ဘုရားရှင်အထံသို့ အတူတကွ ဝင်ရောက် ဖူးမြော်ကြ၏။ ပထမအဖွဲ့က မိမိတို့ တွေ့ကြုံခဲ့ရသော ကျီး၏ အကြောင်းကို လျှောက်ထားကြ၏။

ဘုရားရှင်က ထိုကျီးသည် သူ့ကံအလျောက် ခံရခြင်းဖြစ်ကြောင်း မိန့်တော်မူပြီး အတိတ်ကို ဆောင်တော်မူ၏။ အတိတ်ကာလ တစ်ခုသော ဘဝတွင် ဤကျီးသည် ဗာရာဏသီမြို့တော်၌ လယ်သမား ယောကျ်ား ဖြစ်ခဲ့၏။ သူ့၌ နွားကပ်

တစ်ကောင်ရှိ၏။ ထွန်၊ ထယ် ဝန်တိုက် ခိုင်းသော အခါ အိပ် အိပ်နေသဖြင့် တစ်နေ့သောအခါ "မင်း ဒီနေရာမှာပဲ အပြီးအိပ်ပေတော့" ဟု ဆိုကာ နွား၏ လည်ပင်း၌ ကောက်ရိုးခွေကြီးစွပ်၍ မီးရှို့သတ်လေ၏။ ထိုအကုသိုလ်ကံကြောင့် ငရဲ၌ ကြာမြင့်စွာ ခံရပြီး ငရဲမှ လွတ်သောအခါ ကျီးဖြစ်ပြီး လည်၌မီးကွင်းစွပ် မီးလောင်ခံသေရသည်မှာ ခုနစ်ဘဝဟု မိန့်တော်မူ၏။

ဒုတိယ ရဟန်းအဖွဲ့က ရေ၌ပစ်ချခံရသော မိန်းမအကြောင်း လျှောက်ထားကြသောအခါ ထိုသူမသည် အတိတ်ဘဝတစ်ခု၌ ဗာရဏသီမြို့တွင် အမျိုးသမီးတစ်ယောက် ဖြစ်ရ၏။ သူ၏အိမ်၌ ခွေးတစ်ကောင်ရှိရာ ထိုခွေးသည် ထိုအမျိုးသမီး အပေါ်၌ လွန်စွာ ခင်မင်စွဲလန်းနေ၏။ ထို့ကြောင့် အနားမှ မခွာဘဲနေ၏။ လယ်တောသို့ သွားသည့် အခါလည်း လိုက်၏။ (ထိုခွေးသည် ထိုအမျိုးသမီး၏ တတိယမြောက်ဘဝက လင်ဖြစ်ခဲ့ဖူး၏။ ထို့ကြောင့် ထိုသို့ စွဲလန်းနေခြင်း ဖြစ်၏။) ဤသို့ဖြစ်နေရာ အများသူတကာတို့၏ အပြောင်အလှောင်ကို ခံရသဖြင့် ရှက်နေ၏။ တစ်နေ့သောအခါ လယ်တော၌ နေသော လင်ဖြစ်သူထံသို့ ယာဂုပို့သွားရာတွင် ကြိုး တစ်ချောင်းကို ယူသွားလေ၏။ ခွေးလည်း ထုံးစံအတိုင်း လိုက်သွား၏။ ထိုမိန်းမသည် လင်ဖြစ်သူ ယာဂုသောက်ပြီးသောအခါ မြစ်ဆိပ်သို့ သွား၏။ ခွေးလည်း လိုက်သွားရာ မြစ်ဆိပ်သို့ ရောက်လျှင် ယာဂုအိုး၌ သဲထည့်၍ ခွေးကို ခေါ်၏။ ခွေးလည်း ငါ့ကိုခေါ်ပေပြီဟု ဝမ်းမြောက်ဝမ်းသာ အနားသို့ ကပ်သွား၏။ ထိုအခါ ခွေး၏လည်ပင်း၌ သဲအိုးကို ဆွဲ၍ ရေ၌ ချလေ၏။ ဤမကောင်းမှုကြောင့် ငရဲ၌ ကြာမြင့်စွာ ခံစားရပြီး ထိုအကုသိုလ်ကံ အကြွင်းဖြင့် လည်၌ သဲအိုးဆွဲ၍ ရေ၌ အချခံရသည်ဟု ဘဝတစ်ရာဖြစ်ကြောင်း မိန့်တော်မူ၏။

နောက်ဆုံး ရဟန်း ခုနစ်ပါး အဖွဲ့က မိမိတို့ အကြောင်းကို လျှောက်ထားကြရာ သင်တို့သည် အတိတ်ဘဝတစ်ခုက ဗာရာဏသီမြို့မှာပင် နွားကျောင်းသားများ ဖြစ်ခဲ့ကြ၏။ တစ်နေ့သောအခါ အိမ်ပြန်ခါနီးတွင် ဖွတ်ကြီးတစ်ကောင်ကိုတွေ့၍ လိုက်ကြရာ တောင်ပို့သို့ ဝင်ပြေးသဖြင့် ကယ်ပေါက် ခုနစ်ပေါက်ကို တစ်ယောက်တစ်ပေါက်စီ ပိတ်ရင်း အိမ်သို့ပြန်ခဲ့ကြ၏။ နောက်ရက် ရောက်သောအခါ အခြားတော၌ နွားကျောင်းကြသဖြင့် မေ့နေကြ၏။ ဤသို့ ခုနစ်ရက်ကြာမှ ထိုတောသို့ ရောက်၍ သတိရကြပြီး ကယ်ပေါက်များကို ဖွင့်ကြရာ သေခါနီး ဖြစ်နေသော ဖွတ်ကြီး ထွက်လာ၏။ သနားသဖြင့် မသတ်ဘဲ လွှတ်လိုက်ကြ၏။ ဖွတ်ကြီးကို မသတ်ကြသဖြင့် ငရဲသို့ မကျ မရောက်ရဘဲ ၁၄ ဘဝတိုင်တိုင် ဤကဲ့သို့ လှောင်ပိတ်ခံရပြီး အစာပြတ် ရေငတ်ခံကြရ၏ဟု မိန့်တော်မူ၍ အောက်ပါဂါထာကို ဟောတော်မူ၏။

"န အန္တလိက္ခေ န သမုဒ္ဒ မဇ္ဈေ၊ န ပဗ္ဗတာနံ ဝိဝရံ ပဝိသ။

န ဝိဇ္ဇတိ သော ဇဂတိပွဒေသော၊ ယတ္ထ ဋ္ဌိတော မုစ္စေယျ ပါပကမ္မာ။ ။

မကောင်းမှုပြုထားသူသည် ကောင်းကင်မှာ နေသော်လည်း မလွတ်၊ သမုဒ္ဒရာ၌ နေသော်လည်း မလွတ်၊ တောင်လိုဏ်ကျောက်ဂူ၌ နေသော်လည်း မလွတ်၊ အကြင်အရပ်၌ နေသော် မကောင်းမှုကံ၏ အကျိုးမှ လွတ်မြောက်၏။ ထိုအရပ်သည် မရှိ"

"မကောင်းမှုကံ၏ အကျိုးကို ရှောင်တိမ်း၍ မရ" ဟု ဆိုလို၏။

ဒုတိယ ဩဝါဒ

ပွင့်တော်မူသည့် ဘုရားတိုင်း ပေးတော်မူသည့် ဒုတိယဩဝါဒမှာ "ကုသလဿုပသမ္မဒါ= ကုသိုလ်မှန်သမျှ အားထုတ်ကြ" ဟူ၍ ဖြစ်၏။ ပွင့်တော်မူတိုင်းသော ဘုရားရှင်တို့သည် အနန္တ

မေတ္တာရှင်များ ဖြစ်တော်မူကြ၏။ ထို့ကြောင့် သတ္တဝါများ ချမ်းသာစေရန် ထိုဒုတိယမြောက် သြဝါဒကို မိန့်တော်မူကြခြင်း ဖြစ်၏။ မှန်၏။ ကုသိုလ်တရားတို့၏ အမှတ်လက္ခဏာမှာ အနဝဇ္ဇ=အပြစ်ကင်းခြင်းသဘော ဖြစ်၏။ ကုသိုလ်မှန်ပါက် မည်သည့်ကုသိုလ်မှ အပြစ်မရှိ၊ သူတစ်ပါးကို မထိခိုက်စေ။ ကုသိုလ်တရားတို့၏ အကျိုးမှာ သုခဝိပါက=ချမ်းသာခြင်းအကျိုး ဖြစ်၏။ ထို့ကြောင့် လူတို့၏ ချမ်းသာကို လိုချင်သူသည် ကုသိုလ်ကောင်းမှု ပြုကြရပေမည်။ နတ်ချမ်းသာကို လိုချင်သူလည်း ကုသိုလ်ကောင်းမှု ပြုကြရပေမည်။ ဗြဟ္မာချမ်းသာလည်း ကုသိုလ်၏ အကျိုးပင် ဖြစ်သည်။ နောက်ဆုံး အတူမရှိသည့် နိဗ္ဗာန်ချမ်းသာကိုလည်း ကောင်းမှုပြုမှသာ ရနိုင်ပေသည်။ ထိုသို့ ကုသိုလ်က ချမ်းသာခြင်းအမျိုးမျိုးကို ပေးစွမ်းနိုင်ခြင်းကြောင့် ဘုရားရှင်တိုင်းက "ကုသလသုပ-သမ္ပဒါ=ကုသိုလ်မှန်သမျှ အားထုတ်ကြ" ဟု တိုက်တွန်းတော်မူကြခြင်း ဖြစ်၏။

အကြင်သူသည် ချမ်းသာခြင်းငှာ အလိုရှိ၏။ သို့သော် ထိုသူသည် ကုသိုလ်ပြုရမည်ကို ပျင်း၏။ နံနက် ညဉ့် ဘုရားဝတ်တက်ခြင်းကိုမှ မပြုလို။ ဤသို့ဆိုလျှင် သူ့အတွက် ဘာချမ်းသာမှ မရှိပေ။ ချမ်းသာနိုးနိုး မြော်ကိုးစောင့်စားရန် မလိုတော့။ "ချမ်းသာနိုးနိုး" ဟု နိုး နှစ်ချက်ဆင့်ထားသည့် အတိုင်း လုံးဝချမ်းသာမည် မဟုတ်ပေ။

ချမ်းသာမှန်သမျှ၊ ကုသိုလ်က၊ မုချပေးလေသည်။

ကုသိုလ်ရှောင်ကွင်း၊ ချမ်းသာခြင်း၊ အလျဉ်း မရှိပြီ။

ဤသြဝါဒများအရ

ဤ သြဝါဒနှစ်ရပ်အရ သိရသည့် အဓိပ္ပာယ်မှာ "ငါချမ်းသာမည်လား၊ ဆင်းရဲမည်လား" ဟု သိလိုလျှင် ဘယ်ပေဒင်ဆရာကိုမှ သွားမေးနေစရာ မလို၊ ကိုယ့်ကိုယ်ကို ဆန်းစစ်ကြည့်ရန်သာ လို၏။ ကိုယ့်မှာ ကုသိုလ်အင်အားများလျှင် ချဲထိုးစရာ မလို ထီထိုးငွေကုန်ခံရန် မလို ချမ်းသာမည်။ မကောင်းမှု အကုသိုလ်တွေ များနေလျှင် ဆင်းရဲမည်။ ယတြာချေလို့မရ၊ ဘယ်နတ် ဘယ်ဝိဇ္ဇာ ဘယ်ထွက်ရပ်ပေါက်မှ မကယ်နိုင်၊ ချဲထိုးလျှင် မွဲမည်၊ ထီထိုးလျှင် ပြောင်မည်။ သေလျှင် အပါယ်သွားမည့်ကိန်းသေ" ဟူ၍ဖြစ်၏။

တတိယသြဝါဒ

ဘုရားရှင်တို့၏ တတိယသြဝါဒမှာ "သစိတ္တ ပရိယောဒနံ=မိမိစိတ်ကို ဖြူစင်စေရခြင်း" ဟူ၍ ဖြစ်၏။ စိတ်ဖြူစင်ခြင်းမှာ အရဟတ္တဖိုလ်ဆိုက်မှ အလုံးစုံ ဖြူစင်ခြင်းဖြစ်သည်။ ဘုရားရှင်တို့သည် သတ္တဝါတို့ကို အပါယ်စသော ဆင်းရဲတို့မှ ချမ်းသာမြတ်ဖြစ်သည့် နိဗ္ဗာနသုခအထိ ရရှိခံစားစေလိုတော်မူကြသည်။ ထို့ကြောင့် ဤတတိယ သြဝါဒကို မိန့်မြွက်တော်မူကြခြင်း ဖြစ်သည်။

ထိုသို့ အရဟတ္တဖိုလ်အထိ ဆိုက်ရောက်၍ စိတ်ဓာတ်ဖြူစင်စေရန်မှာ အမြဲတန်း အကုသိုလ် ရှောင်ပြီး ကုသိုလ်တရားတို့နှင့် မွေ့လျော်နေရန် ဖြစ်၏။ ထိုသို့ အကုသိုလ် မှန်သမျှ ရှောင်ပြီး ကုသိုလ်မှန်သမျှ အားထုတ်ပွားများနေမည်ဆိုပါက အကုသိုလ် လုံးဝကင်းပြီး စိတ်ထားဖြူစင်ခြင်း အဆင့်သို့ မုချရောက်ပေလိမ့်မည် ဖြစ်သတည်း။

အကုသိုလ်ဟု၊ ဒုစရိုက်မှု၊ မပြုလုပ်နဲ့၊
ကုသိုလ်မှန်သမျှ၊ အဝဝ၊ နေ့ညမမေ့နဲ့။
အကု ရှောင်ရှား၊ ကုသိုလ်ပွား၊
စိတ်ထားဖြူစင်ရဲ့။ ။

ဦးမာနိတသိရိဘိဝံသ

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက်
ဗြူးကုန်းတောရ စာသင်တိုက် ပဓာနနာယက
အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အာစိဏ္ဏမထေရ်အား

ဂုဏဝိသိဋ္ဌ ထုတိမင်္ဂလာ ရှစ်လုံးဖွဲ့ကဗျာများ

ဦးငွေအောင်မွန်

(ဓမ္မာစရိယ၊ ပါဠိပါရဂူ၊ ဘီ–အေ၊ ဘီ–အီး–ဒီ)

၁။ အင်းစိန်နဂရ ဌာနမှာလျှင်
အရှေ့ကြို့ကုန်း ဗြူးကုန်းမည်တွင်
တောရခေါ်ထိုက် ကျောင်းတိုက်တာတွင်
သီတင်းသုံး မြတ်ဘုန်းထေရ်အရှင်။

၂။ ရှင်တော်ဗုဒ္ဓ သာဝကထေရ်ကျော်
ပရိယတ်ပဋိပတ် နှံ့စပ်ထင်ပေါ်
သာသနာအကျိုး သယ်ပိုးရည်မျှော်
ဘဒ္ဒန္တ အာစိဏ္ဏဆရာတော်။

၃။ သီလ သမာဓိ ကြီးဘိပညာ
သိက္ခာသုံးပါး ခုံညားထယ်ဝါ
သုပ္ပဋိပန္ဒ သံဃာ့ဂုဏ်ဖြာ
လွန်ပြည့်ဝ သာသနာ့ဦးသျှောင်ဆရာ။

၄။ သာသနာအတွက် ထမ်းရွက်ခဲ့သည်
အဘက်ဘက်မှ လျှမ်းတက်ဂုဏ်ရည်
မြတ်ဘုရား၏ သားကောင်းမှန်သည်
အုံ့ဘနန်း ချီးမွမ်းမကုန်ပြီ။

၅။ ခိုလှုံဆည်းကပ် နည်းမှတ်ဖို့ရာ
သောတုဇန များလှစုံစွာ
ပရိယတ်နှင့် ပဋိပတ်ပညာ
အလေးထား ပြန့်ပွားပို့ချလာ။

၆။ ကြီးမားလုံ့လ တက်ကြွအစဉ်
ဝိရိယတ်ဘက် ထက်လှဉာဏ်ရွှင်
သာသနာတွက် မပျက်နေ့စဉ်
အားသွန်ဖြိုး ကြိုးပမ်းနေဆဲပင်။

၇။ သာသနာရေး အားပေးသနော်
အေးချမ်းဖွံ့ဖြိုး အစိုးရကသော်
ဆရာတော်အား ခံ့ညားပူဇော်
ပဏ္ဍိတ အဂ္ဂတံဆိပ်တော်။

၈။ တပည့်အပေါင်း ခညောင်းကာပင်
အဂ္ဂမဟာပဏ္ဍိတ ဂုဏသဘင်
ဂုဏ်ရည်အထူး ချီးကျူးရာတွင်
သောမန ဇောကြွကုသိုလ်ဝင်။

၉။ ဂုဏ်ရည်ဝဲ့ချီး ပွဲကြီးပူဇာ
ကြည်ညိုဦးချ မြူးကြွသဒ္ဓါ
ဆင့်တိုးဝင့်ဖြိုး အကျိုးဂုဏ်ဝါ
အသရေရှိ ထုတိမင်္ဂလာ။

၁၀။ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ရထေရ်ကျော်
အရှင်ဘဒ္ဒန္တ အာစိဏ္ဏဆရာတော်
သာသနာတွက် ထမ်းရွက်လျက်နော်
ရာကျော်သက် ဆက်လက်ရှည်စေသော်။ ။

ဦးငွေအောင်မွန်
(**မွာစရိယ**၊ ပါဋိပါရဂူ၊ ဘီ-အေ၊ ဘီ-အီး-ဒီ)
ရေးသားပူဇော်ပါသည်။

ဗိုက္ခုဗေဒါ (ဓနာဥ်ခဲ)

သရဝကများ၁၁ားကျေးဇူးသည်ခြင်းဟူသည်



"ရဟန်းတို့ သူတော်ကောင်းတို့သည်ကား ပြုဖူးသော ကျေးဇူးကိုသိသည်၊ ပြုဖူးသော ကျေးဇူးကို ထင်ရှားစွာ ပြု၍သိသည် ဖြစ်၏၊ ရဟန်းတို့ အကြင်ပြုဖူးသော သူ့ ကျေးဇူးကို သိသည်၏အဖြစ်၊ အကြင်ပြုဖူးသော ကျေးဇူးကို ထင်စွာပြု၍ သိသူ၏ အဖြစ်သည် ရှိ၏။ ဤသူ့ကျေးဇူးကို ထင်စွာ သိခြင်း၊ သူ့ကျေးဇူးကို ထင်စွာပြု၍ သိခြင်းကို သူတော်ကောင်းတို့သည် ချီးမွမ်းကုန်၏။

ပြုဖူးသောကျေးဇူးကို သိခြင်း၊ ပြုဖူးသော ကျေးဇူးကို ထင်စွာပြု၍ သိခြင်းသည် သူတော် ကောင်းတို့၏ အခြေခံ တရားပါပင်တည်း" ဟု (အဂုံတ္တရနိကာယဒုကနိပါတ သမစိတ္တဝဂ်၌) မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည်။

လောကမှာ ကျင်လည်နေကြသော လူသားအားလုံးသည် ကျေးဇူးတရားနှင့် မကင်းနိုင်ကြပါ။ ဆရာနှင့်တပည့်၊ သားသမီးနှင့်မိဘ၊ မိတ်ဆွေ သူငယ်ချင်းစသည်တို့သည် ပညာရေးနှင့်ပတ်သက်၍ဖြစ်စေ၊ စားဝတ်နေရေးနှင့် ပတ်သက်၍ဖြစ်စေ၊ လူမှုရေးစီးပွားရေးနှင့် ပတ်သက်၍ ဖြစ်စေ တနည်းနည်းဖြင့် ကျေးဇူး တရားများ တစ်ဦးပေါ်တစ်ဦး တင်ရှိ ကြပါသည်။

လောက၌ ကျေးဇူးသိတတ်သော သူတို့သည်

မိမိကျေးဇူးရှင်အပေါ် တနည်းနည်းဖြင့် ကျေးဇူးဆပ်ကြမည်သာ ဖြစ်သည်။ ကျေးဇူးဆပ် ခြင်းဟူသည် မည်ကဲ့သို့ ကျေးဇူးဆပ်ကြရပါမည်နည်း? လူမှုရေးရာ ကျေးဇူးဆပ်နည်းနှင့် ပတ်သက်၍ စာရေးသူ မတင်ပြလိုပါ။ စာရေးသူ တင်ပြလိုသည်မှာ တပည့်သည် မိမိ၏ဆရာသမားအပေါ် ကျေးဇူးဆပ်နည်းပင် ဖြစ်သည်။ စာသင်သားများသည် စာသင်တိုက်တစ်တိုက်တွင် ပညာသင် ကြားရန် သီတင်းသုံးနေထိုင်ပါက စာသင်တိုက်၏ ပဓာန နာယကဆရာတော်၊ တိုက်အုပ်၊ တိုက်ကြပ်၊ စာချဆရာတော်တို့က မိမိတို့အတွက် ပညာရေး၊ ကျမ်းမာရေး၊ စားဝတ်နေရေးစသော အရေးပေါင်း များစွာ အစစအရာရာ တာဝန်ယူကြရပါသည်။ အခြားတဖက်မှလည်း မိမိ၏ခြေတော်ရင်း၌ ပညာရင်နို့ သောက်စို့လိုသော မိမိ၏ တပည့်သား စာသင်သားများအား လိမ္မာရေး ခြားရှိအောင်၊ ပညာတတ်အောင်၊ ယဉ်ကျေးသိမ်မွေ့အောင် စည်းမျဉ်းစည်းကမ်း ဥပဒေများကို ထုတ်ပြန်ကြရသည်။ ဤသို့ စည်းမျဉ်းစည်းကမ်း ဥပဒေများ ထုတ်ပြန်ရခြင်းသည် မိမိ၏ခြေတော်ရင်းမှ ထွက်ခွာသော တပည့်စာသင်သားများသည် "ငါ့ခြံကထွက်ရင် ကြက်ကောင်းချည်းပဲ" ဟု ဗန်းမော်ဆရာတော်သည် မိမိ၏ တပည့်စာသင်သားများကို ဥပမာပေး၍ ဆုံးမသလိုပင် လူတော်လူကောင်း ချည်းဖြစ်ရန် ရည်မှန်းချက်ဖြင့် မေတ္တာ စေတနာထားကာ ထုတ်ပြန်ရခြင်း ဖြစ်သည်။ ဆရာသမား၏ ကျေးဇူးတရား မေတ္တာစေတနာများ ကြီးမားလှပေစွာ့။

ကြီးမားလှသော ဆရာသမား၏ ကျေးဇူးတရားများသည် ရေးဖွဲ့လို့ မကုန်နိုင်ပါ။ ထို့ကြောင့်ပင် အာစရိယဂုဏော အနန္တောဟု မြတ်စွာဘုရားဟောကြားတော်မူခဲ့သည် မဟုတ်ပါလော။ ဤမျှများပြားသော ကျေးဇူးကို ဆပ်လို့မကုန်နိုင်ပါ၊ သို့သော် "အုပ်တစ်ချပ် သဲတစ်ပွင့်" ပမာကျေးဇူးဆပ်နိုင်ရမည်၊ ဆပ်သင့်ပေသည်။

ကျေးဇူးသိသော၊ ကျေးဇူးဆပ်လိုသော တပည့်စာသင်သားများသည် မိမိတို့ နေထိုင်ရာ ကျောင်းတိုက် (စာသင်တိုက်)တွင်ပညာသင်ကြား နေသမျှ ကာလပတ်လုံး ပဓာန နာယကဆရာတော် တိုက်အုပ် တိုက်ကြပ်စာချ ဆရာတော်တို့၏ ချမှတ်ထားသော ကျောင်းတိုက် (စာသင်တိုက်)၏ စည်းမျဉ်းစည်းကမ်းများ၊ အဆုံးအမ သြဝါဒများကို လိုက်နာကျင့်သုံးကြရမည် ဖြစ်သည်။

ပဓာန နာယကဆရာတော်၊ တိုက်အုပ်တိုက်ကြပ်စာချဆရာတော်တို့၏ နည်းနာနိဿယအတိုင်း ပရိယတ္တိစာပေများကို ကြိုးစားသင်ယူပြီး မိမိရည်မှန်းချက်ကို "ပျားပိတုန်းတို့ကဲ့သို့" ရအောင် ယူနိုင်ရမည်။ ပျားပိတုန်းတို့မည်သည် မိမိတို့လိုချင်သော ပန်းဝတ်ရည်ကို ရအောင် စုတ်ယူနိုင်ပြီး ပန်းပွင့်များကိုလည်း မပျက်စီးစေပါ။ ထိုနည်းတူစွာ စာသင်သားများသည် မိမိတို့ရည်မှန်းချက်ဖြစ်သော ပထမငယ်၊ ပထမလတ်၊ ပထမကြီး၊ ဓမ္မာစရိယ (စာချ)ဆိုတဲ့ ပန်းတိုင်ကို ရအောင် ယူနိုင်ပြီး ဆရာသမားများဂုဏ်၊ ကျောင်းတိုက် (စာသင်တိုက်) နာမည် ညိုးနွမ်းပျက်စီးစေသော အပြုအမူ၊ အပြောအဆို၊ အနေအထိုင်တို့ကို ရှောင်ရှားပြီး ဆရာသမားများ၏ဂုဏ်၊ ကျောင်းတိုက် နာမည် မညိုးနွမ်းမပျက်စီးအောင် ကြည်ညိုဖွယ်ရာ ကိုယ်အမူအရာ၊ နှုတ်အမူအရာတို့ဖြင့် ကျင့်သုံး နေထိုင်ကြရမည် ဖြစ်သည်။

ဤသို့ ဆရာသမားများ၏ စည်းမျဉ်းစည်းကမ်းများ၊ အဆုံးအမသြဝါဒများကို လိုက်နာကျင့်သုံးခြင်း၊ ဆရာသမားများ၏ နည်းနာနိဿယအတိုင်း စာပေပရိယတ်များကို ကြိုးစားသင်ယူခြင်းသည် ဆရာသမားအပေါ် ကျေးဇူးဆပ်ရာရောက်သည်ဟု ခံယူမိပါသည်။ ဤသို့ ကျေးဇူးဆပ်ခြင်းသည် ဆရာသမားများ လိုလား တောင့်တသော ကျေးဇူးဆပ်ခြင်း ဖြစ်မည်ဟု ယုံကြည်ပါသည်။

ဟူဘိသက္ခဲသို့ ဆရာတော်ဘုရားကြီး၏ လောကီ လောကုတ္တရာ အရာရာတို့၌ ဆောင်ရွက်နိုင်စွမ်းသော ကျေးဇူးတော်အစုံ ဂုဏ်တော်အနန္တ ဘုန်းကံပါရမီ ဟူသမျှတို့ကို သိကြ မြင်ကြ ကြားကြရမှိုခိုအပ်၍ မှိုခိုတတ်ကြရပေသည်။ ထို့ကြောင့် အမြင်မှန်၍ အမှန်မြင်သော နိုင်ငံတော်အစိုးရက အလုပ်အပြော သဘောညီညာတော်မူသော ဗြူးကုန်းတောရ စာသင်တိုက် ဆရာတော်ဘုရားကြီးအား အဂ္ဂမဟာပဏ္ဍိတ အထက်တန်း သတ်မှတ်ပညာရှိ ဘွဲ့တော်မြတ်ကို ဆက်ကပ်လှူဒါန်း ပူဇော်တော်မူခဲ့ခြင်း ဖြစ်ပေသည်တကား။ ။

ဆရာ့တပည့် (သုံးထပ်ဆောင်)

သို့ဖြစ်၍ စာသင်သားဖြစ်သော ရဟန်းသာမဏေများသည် မြတ်စွာဘုရား ဟောကြားခဲ့သော သူတော်ကောင်းအခြေခံတရားနှင့်အညီ မိမိတို့အား ဆရာသမားများလိုလားအပ်သော "တပည့်ကောင်း တစ်ယောက် ကျောက်ကောင်း တစ်စေ့" ဖြစ်ရန် ဆရာသမားများ ခြေတော်ရင်း၌ နေသမျှ ကာလပတ်လုံး မိမိနှင့်ပတ်သက်၍ ဆရာသမား၏ ဂုဏ် မည်သုံးနွမ်း မပျက်စီးအောင် စာပေပရိယတ်များ ကြိုးစားအားထုတ်ခြင်း၊ စည်းမျဉ်းစည်းကမ်း သြဝါဒ အဆုံးအမများကို လေးစား လိုက်နာခြင်း၊ ကြည်ညိုဖွယ်ရာ ကိုယ်အမူအရာ၊ နှုတ်အမူအရာတို့ဖြင့် ကျင့်သုံးနေထိုင်ခြင်းဖြင့် ဆရာသမားများကို ကျေးဇူးဆပ်ကြပါစို့ဟု ...

ကျေးဇူးရှင် ဗြူးကုန်းတောရ အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဘုရားအား ဦးခိုက်လျက်

တပည့် ဘိက္ခုဓမ္မာ (နောင်ခဲ)

ဆရာတော်၏ ဘဝဖြစ်စဉ်

ဿဘုရန (ဗြူးကုန်း)

၁။ ဗုဒ္ဓမွေ သံဃာ့ဂုဏ်ရည်
မာတာပိတ ဆရာ့ဂုဏ်ရည်
အနန္တ ငါးရပ် ဂုဏ်မြတ်စုံညီ
လက်အုပ်မိုး ရှိခိုးပဏာချီ။

၂။ အဂ္ဂ–ပဏ္ဍိ မည်ရှိဘွဲ့လွှာ
ဆရာတော်မြတ် ထုပ္ပတ်ကြောင်းရာ
အကျဉ်းချုပ်မျှ ထုတ်ပြကဗျာ
ဖွဲ့သီမှု ယခုချိန်ရောက်လာ။

မွေးဖွားခြင်း

၃။ ရန်ကုန်တိုင်းထူး လှည်းကူးမြို့နယ်
ဒါးပိန်မြို့နား ဘုရားကွင်းဝယ်
ခမည်းတော်က အဘ ဘိုးကျယ်
ဒေါ်ပိုဟု မာတုဂုဏ်မြင့်ကြွယ်။

၄။ တစ်နှစ်ရှစ်သုံး ခေါ်ထုံးကောဇာ
တော်သလင်းလ ဆန်းစ သုံးဖြာ
ဂဋ္ဌန်ပျံတက် နံနက် (၇)မှာ
သားအလှ ရကြက်ထူးစွာ။

၅။ ညီကိုမောင်နှမ ရှိကြရှစ်ဖြာ
ဆဋ္ဌမသား ထူးခြားပုံလွှာ
"မောင်အုန်းသော်"ဟု ခေါ်မှုထင်စွာ
သူတော်ကောင်း ဂုဏ်ပေါင်းဝေဝေဖြာ။

၆။ သူတော်ကောင်းများ မွေးဖွားရပ်ရွာ
ပညာတတ်များ ထင်ရှားပေါ်လာ
ပဋိရူပ ဒေသမင်္ဂလာ
မွေးရန့် သင့်ပျ့်ကြိုင်လှိုင်စွာ။

ရှင်ရဟန်းပြုခြင်း

၇။ ပဲခူး-ကျောက်တန်း ဂုဏ်လွှမ်းတင့်ကြွယ်
"မဟာဗောဓိ" မည်ရှိကျောင်းဝယ်
ဦးပဏ္ဍာဝ ဆုံးမ ပဌာယ်
ကိုရင်လေး ရှင်သွေးရောင်ဝါခြယ်။

၈။ တစ်နှစ်ကိုးငါး မှတ်သားကောဇာ
ပစ္စယာနုဂ္ဂဟ မိဘနှစ်ဖြာ
ရှင်အာစိဏ္ဏ ဗုဒ္ဓပုတ္တာ
သာသနာ့ထုံး ကျင့်သုံးပြည့်စုံစွာ။

၉။ ပဲခူးကျောက်တန်း ဂုဏ်လွှမ်းတင့်ကြွယ်
မဟာဗောဓိ မည်ရှိကျောင်းဝယ်
ဦးကေလာသ ဆုံးမ ပဌာယ်
ရဟန်းမြတ် ကျင့်လတ်သိက္ခာကြွယ်။

၁၀။ ထောင့်သုံးရာစု နှစ်ခုလွန်လာ
တပို့တွဲလ နဝ-ရက်မှာ
ပစ္စယာနုဂ္ဂဟ ပြုကြစုံစွာ
ဒေါ်ခင်ညွှန့် မြူးကွန့်ရှိန်သဒ္ဓါ။

၁၁။ ရှင်ရဟန်းမိဘ ဖြစ်ရသူတွေ
ဘုရားဖြစ်ခဲ ရခဲပါပေ
ထို့ထက်ရခဲ မလွဲပုံသေ
သဒ္ဓါထူး ရှင်မြူးဝမ်းသာလေ။

စာပေပရိယတ္တိ သင်ယူဆည်းပူးခြင်း

၁၂။ မဟာဗောဓိ မည်ရှိကျောင်းမှာ
မြန်မာစာလှ ဗုဒ္ဓကျမ်းစာ
ဦးပဏ္ဍာဝ ထံမှသင်ကာ
ဉာဏ်တင့်ဆန်း ပွင့်လန်းဂုဏ်ဝေဖြာ။

၁၃။ ထိုစဉ်ကာလ ဗုဒ္ဓဘာသာ
လူငယ်များတွက် အားတက်ဖွယ်ရာ
ဦးသာသန "ရွှေတံဆိပ်" ခပ်နှိပ်ဆုဂုဏ်ဖြာ။

၁၄။ ဆယ့်နှစ်နှစ်သား နုထွားရွယ်မှာ
ဝတ်မြတ်သင်္ကန်း ဆင်မြန်းလျက်သာ
ပါဠိ–ပရိယတ် မပြတ်သင်ကာ
အကျော်တန်း အောင်ပန်းဆင်ခွင့်သာ။

၁၅။ ရန်ကုန်မြို့က ဆုကျရောက်လာ
သစ်တောအုပ်ကြီး ဆုကြီးကိုင်ခါ
"ရွှေတံဆိပ်" ဘွဲ့ ရခဲ့ထပ်ခါ
ကိုရင်ထူး ဉာဏ်မြူးဂုဏ်ဝေဖြာ။

၁၆။ ရဟန်းအဖြစ် ရောက်လစ်ပြီးကာ
မဟာဗောဓိ မည်ရှိကျောင်းမှာ
"ဦးပဏ္ဍာဝ" သင်ပြဆရာ
ပရိယတ် ရွတ်ဖတ်သင်ယူလာ။

၁၇။ မန္တ လေးမြို့က အာဘယရွှေဂူ
အာဘိဓာန သဒ္ဒသရဖူ
သုံးပုံပိဋကတ် ဂန္ဓ ပါရဂူ
ဆရာမြတ် ဆည်းကပ်ပညာယူ။

၁၈။ အမရပူရ ဌာနတော်မှာ

ဂန္ဓာရုံတိုက် သမိုက်ထွင့်ချာ
မျိုးချစ်စိတ်ထား စံရှားဆရာ
ဆရာမြတ် ဆည်းကပ်သင်ယူလာ။

၁၉။ ရန်ကုန်မြို့က ဌာနပုဇွန်တောင်
ရွှေကျင်ကျောင်းတိုက် သမိုက်ဂုဏ်ဆောင်
စာပေပို့ချ ဓမ္မဖော်ဆောင်
ပိဋကတ် ပြီးပြတ်နည်းစုံအောင်။

၂၀။ ပါဠိဆရာကြီးများ ထံပါးကပ်ခါ
ခေတ်သုံးစနစ် နည်းသစ်ယူကာ
ဟောမှုပြောမှု လေ့လာမှုမှာ
ပညာအိုး ဖြည့်ဖြိုးဝေလျှံဖြာ။

၂၁။ ပထမပြန်ခေတ် စနစ်ဘောင်မှာ
ငယ်လတ်ကြီးတန်း အောင်ပန်းဆက်ကာ
ဓမ္မာစရိယပွဲ ဆင်နွှဲခါခါ
ဂုဏ်ထူးပန်း ဆင်မြန်းပဝရာ။

၂၂။ ပါရမီဆယ်ပါး ငါးပါးဒုက္ခရာ
ဘက်စုံကောင်းမှု ပြုစုသေချာ
ဘုရားလောင်းများ စီးပွားမရှာ
ပညာမြတ် မပြတ်ရှာခဲ့ရာ။

၂၃။ စရိယာသုံးပါး ထိပ်ထားမှန်စွာ
လောကီကောင်းကျိုး ဖွံ့ဖြိုးစေကာ
လောကုတ်ကောင်းကျိုး ဖွံ့ဖြိုးစေကာ
ပညာရှိ ပြုဘိဓမ္မတာ။

စာပေ ပရိယတ္တိ သင်ပြဖို့ချခြင်း

၂၄။ မဟာဗောဓိ မည်ရှိကျောင်းမှာ
ဘ/ကကျောင်းကြီး ဖွင့်ပြီးထားကာ

"အရှင်အာစိဏ္ဏ" သင်ပြဆရာ
မူလတန်း အောင်ပန်းဝေဝေဖြာ။

၂၅။ ဆယ်နှစ်ကျော်မျှ သင်ပြခဲ့ရာ
နေ့စဉ်ကျောင်းသား များပြားလှစွာ
နှစ်ရာကျော်ထိ တပည့်စုံလွှာ
ပညာရေး လှူပေးဖြန့်ဝေလာ။

၂၆။ ကြိုးစားအားထုတ် ကျောင်းအုပ်ပြုကာ
ကိုယ်တိုင်သင်လတ် ကြပ်မတ်သေချာ
စတုတ္ထတန်း အောင်ပန်းဝေဖြာ
တန်းလုံးကျွတ် မချွတ်အောင်ပွဲသာ။

၂၇။ ဘ/ကသင်လျက် တစ်ဘက်မှာမူ
ရှင် ရဟန်းများ သင်ကြားပန်ယူ
စာပေပို့ချ နေ့ညမဟူ
မြတ်ကောင်းကျိုး ဖွံ့ဖြိုးပေးဝေလှူ။

၂၈။ အင်းစိန်ကြို့ကုန်း ဗြူးကုန်းကျောင်းတော်
စာသင်သားများ အပါးရှစ်ဆယ်ကျော်
နှစ်လေးဆယ်မျှ သင်ပြစာတော်
ကုသိုလ်ထူး ကြည်နူးသာဝုခေါ်။

၂၉။ သဂါယနာကာလ ဆဋ္ဌခေတ်မှာ
"မိလိန္ဒပါဠိ" ပဋိဝိသောဓကာ
တာဝန်ကျေလျက် ဆောင်ရွက်ခဲ့တာ
သာသနာရေး ဖင့်နေးမရှိပါ။

၃၀။ ရွှေကျင်နီကာယ ကမ္မကာရကာ
နယ်လှည့်ညွှန်ပြ ဓမ္မကထိကာ
ဗဟိုစံပြ ဝိနယဓရာ
ဂုဏ်သမိုင်း စုဝိုင်းဝေဝေဖြာ။

၃၁။ ဘွဲ့တော်ကပ်လောက် ထွန်းတောက်ဂုဏ်လွှာ
"ဝိနည်းတော်ဖွင့်" "ဆန်းဖွင့်ကျမ်းစာ"
"စေတီသမိုင်း" ညွှတ်ကိုင်းဖွေရှာ
ကျမ်းစာများ ထင်ရှားတင့်တယ်စွာ။

၃၂။ မြင်ကြကြားကြ တွေ့ကြသူတွေ
ဝမ်းမြောက်ရွှင်လန်း ဥဒါန်းဆူဝေ
"အစိုးရဌာန" ကြားကြမသွေ
ဘွဲ့တော်မြတ် ဆက်ကပ်ပူဇော်ပေ။

၃၃။ တစ်သုံးငါးလေး ခေါ်ရေးကောဇာ
"မဟာဂန္ဆ ဝါစကပဏ္ဍိတာ"
တစ်သုံးခြောက်သုံး ခေါ်ထုံးနှစ်မှာ
"ဘွဲ့ထူးမြတ် အဂ္ဂပဏ္ဍိတာ"

၃၄။ ဆရာတော်ကြီး ဂုဏ်ကြီးများစွာ
သာသနာပြု ကောင်းမှုဖြာဖြာ
သိရသမျှ ဖော်ပြဝမ်းသာ
သိစေငြား ဆင့်ပွားမြတ်ကဗျာ။

၃၅။ သာသနာပြု ကောင်းမှုထွေထွေ
လူနယ်အများ မြင်ကြားသိစေ
ကောင်းချီးသံပြု သာဓုခေါ်လေ
ကောင်းကျိုးများ ဆင့်ပွားရကြစေ။

၃၆။ ဂုဏ်တော်ထူးထူး ကြည်နူးခါခါ
ပူဇော်ရေးသား စာသားကဗျာ
ဤကောင်းမှုနှင့် ထိုက်သင့်မှန်စွာ
"ပညာတတ်" ဆုမြတ်ပတ္တနာ။ ။

သောတုဇန (ဗြူးကုန်း)

မှတ်မှတ်ရရဖြူးကုန်းတောရ



ကျောက်တန်းတောရကျောင်းအတွင်းရှိ မယ်တော်ကြီး စေတီ

မစန်းလှ

ကျွန်မသည် လွန်ခဲ့သော နှစ်ပေါင်း ငါးဆယ်ကျော် (၁၉၅၀ ပြည့်နှစ် ဝန်းကျင်အချိန်) က ထိုစဉ်က လူအများက ခေါ်ဆိုနေခဲ့သော ဦးစက္ကိန်တောရ ကျောင်းတိုက်သို့ မိသားစုများနှင့်အတူ ရောက်ခဲ့ဖူး၏။ ပထမဦးဆုံးအကြိမ် ရောက်ခဲ့ခြင်းဖြစ်၏။

ရန်ကုန်မြို့တွင်းမှ အင်းစိန်သွား ဘတ်စ်ကားကို စီးပြီး ကြို့ကုန်းမှတ်တိုင်တွင် ဆင်းပြီး အရှေ့ဘက်သို့ ခြေကျင်သွားရ၏။ ထိုစဉ်က ယခု အရှေ့ကြို့ကုန်း ရပ်ကွက်နေရာမှာ လယ်ကွင်းများသာ ဖြစ်သည်။

လယ်ကွင်းများကို ဖြတ်ကျော်ကာ မိနစ်နှစ်ဆယ်နီးပါး လမ်းလျှောက်သွားပါမှ ယနေ့ ဗြူးကုန်းတောရ စာသင်တိုက် ရှေးအခေါ် ဦးစက္ကိန်ကျောင်းဟု ခေါ်ဆိုသော နေရာသို့ ရောက်ရှိသည်။ တောင်စွယ်တစ်ခုပေါ်၌ တည်ရှိသော ဦးစက္ကိန်ကျောင်းတိုက်မှာ သစ်ပင်ဝါးပင်များဖြင့် အုံ့ဆိုင်းလျက် ရှိရာ ကျောင်းတိုက်ခြံဝင်းအတွင်းသို့ ရောက်

ကျေးရွာရှင် ပထမ မဟာဗောဓိ ဆရာတော်ဘုရားကြီး ရှိစဉ်က နေ့စဉ်နေ့တိုင်း ဝတ္တရားမပျက် ပန်း၊ ရေချမ်း စသည့် လူဖါနီးဆည်းကပ်ခဲ့သော ကျောက်တန်းရွာ ဝေဘရကျောင်း အတွင်းရှိ ဗောဓိပင်မြတ်

သွားလျှင် အေးမြသော ခံစားခြင်း အရသာ တစ်မျိုးကို ခံစားကြရသည်။ ဦးစက္ကိန်ကျောင်းတိုက်ဟု ခေါ်ခြင်းမှာလည်း ထိုစဉ်က အဆိုပါ ကျောင်းတိုက်တွင် ကျောင်းထိုင်ခဲ့သော ဆရာတော် ဦးစက္ကိန်၏ အမည်ကို အမှီပြု၍ လူအများက ခေါ်ခဲ့ကြခြင်း ဖြစ်သည်။

၁၉၅၀ ပြည့်နှစ်ဝန်းကျင်က ဦးစက္ကိန်တောရတွင် ကျောင်းထိုင်သော ပုဂ္ဂိုလ်မှာ ကျွန်မ၏ ဖခင်ဖြစ်သူ ရေတံခါး တာဝကျောင်း ဆရာကြီးဟောင်း ဦးတင် (ကွယ်လွန်)၏ ညီဝမ်းကွဲတော်စပ်သူ ဆရာတော် ဦးဆန္ဒာဝိက ဖြစ်ပါသည်။ (ဆရာတော် ဦးဆန္ဒမှာ ပုံ့လွန်တော်မူပြီး ဖြစ်သည်။)

ကျွန်မတို့သည် ဆရာတော် ဦးဆန္ဒကို ဖူးမြော်ပြီးနောက် ကျောင်းဝင်းရှိ အမြင့်ဆုံးနေရာမှ ပတ်ဝန်းကျင်ကို လှမ်းကြည့်သောအခါ ကျောင်းဝင်း၏ အရပ်လေးမျက်နှာ အားလုံးလိုလိုမှာ လယ်ကွင်းများဖြင့်သာ ပြည့်နှက်နေသည်ကို တွေ့ခဲ့ရပါ၏။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးခါစတွင် ပေါ်ပေါက်ခဲ့သော သောင်းကျန်းသူ ဆူပူမှုတွင် ထင်ရှားသော ရန်ကုန်–အင်းစိန်အကြား တိုက်ပွဲ၌ ဦးစက္ကိန် ကျောင်းတိုက်တည်ရှိရာ နေရာကို အစွဲပြု၍ ပေါ် ပေါက်ခဲ့သော ဦးစက္ကိန်တောင်ကုန်း တိုက်ပွဲသည် အလွန်ထင်ရှား၏။ သောင်းကျန်းသူတို့သည် ဦးစက္ကိန်ကျောင်းတိုက် ရှိရာတောင်ကုန်းကို ခြေကုပ်ယူထားခဲ့ရာ တပ်မတော်က ပြောင်မြောက်စွာ ထိုးစစ်ဆင်ခဲ့မှုကြောင့် သောင်းကျန်းသူတို့သည် ၎င်း တောင်ကုန်းပေါ်မှ ဆုတ်ခွာခဲ့ရပြီး ရန်ကုန်လူထုနှင့် အင်းစိန်လူထုမှာ သောင်းကျန်းသူများ၏ ခြိမ်းခြောက်မှုအန္တရာယ်မှ ကင်းဝေးခဲ့ရ၏။

ကျွန်မတို့ မိသားစုသည် ဆရာတော် ဦးဆန္ဒအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီးနောက်



အရှေ့ကြို့ကုန်း မေ့မာလာ မေ့စကြာဝတ်အသင်း

ညနေစောင်းတွင် ရန်ကုန်မြို့သို့ ပြန်လာခဲ့၏။

+ + +

ကျွန်မသည် နောက်ထပ် တစ်ဖန် ဦးစက္ကိန် တောရသို့ နှစ်ပေါင်း ၂၀ ကျော်အတွင်း ပြန်မရောက်တော့ပါ။ ခင်ပွန်းဖြစ်သူ တာဝန်ထမ်းဆောင်ရာ မြန်မာနိုင်ငံ မြို့နယ်အနှံ့သို့ ခင်ပွန်းဖြစ်သူနှင့်အတူ လိုက်ပါနေရသောကြောင့် ဖြစ်၏။

၁၉၇၉-၈၀ တွင် ကျွန်မ၏ ခင်ပွန်းဖြစ်သူသည် ရန်ကုန်မြို့သို့ ပြောင်းရွှေ့တာဝန် ထမ်းဆောင်ခဲ့ရသောအခါ ကျွန်မသည် ဦးစက္ကိန်ကျောင်းတိုက် ယခု ဗြူးကုန်းတောရ စာသင်တိုက်သို့ ရောက်ရှိပြန်ပါသည်။

မှတ်မှတ်ရရ ၁၉၈၀ ပြည့်နှစ် ဇွန်လ ၃၀ ရက်နေ့၌ ကျွန်မ၏ ဖခင် ကွယ်လွန်သည့် ၆ နှစ်မြောက်နေ့အတွက် ဗြူးကုန်းတောရသို့ သွားသောအခါ ယခု လက်ရှိ ဗြူးကုန်းတောရ စာသင်တိုက် ဆရာတော် ဖြစ်သူ ဆရာတော် ဦးအာစိဏ္ဏသည် အာက်အရွယ် ကြီးရင့်ပြီး ကျန်းမာရေး မကောင်းသည့် ဆရာတော် ဦးဆန္ဒထံမှ ကျောင်းကြီးကို လွှဲပြောင်းယူသည့်နေ့နှင့် ကြုံနေပါသည်။

ဆရာတော် ဦးအာစိဏ္ဏ (ယခု အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တအာစိဏ္ဏ) သည် ပဲခူးကျောက်တန်းရွာမှ တပည့်သံဃာ အနည်းငယ်နှင့် ဒါယယကာ ဒါယိကာမ အနည်းငယ်တို့ ဖြင့် ရောက်ရှိလာခြင်းဖြစ်ရာ ဆရာတော် နေ့ဆွမ်းအမီ စားသုံးနိုင်ရန် ကျွန်မသည် ဆရာမ ဒေါ်တိုးနှင့်အတူ အမြန်စီစဉ်၍ ဆရာတော်နှင့် တပည့်သံဃာများအား နေ့ဆွမ်း အချိန်မီ ဆက်ကပ်လှူဒါန်းခဲ့မှုကို ယနေ့တိုင် မမေ့နိုင်တော့ပါ။ ဆရာတော် ဗြူးကုန်းတောရသို့ ရောက်ရောက်ချင်း ဆရာတော်ကို ဆက်ကပ်လှူဒါန်းခဲ့ရသော မြတ်သော ဆွမ်းဦးဒါန အလှူပင် ဖြစ်ပါသည်။

ထိုနေ့ ထိုအချိန်မှစ၍ ဆရာတော် ဦးအာစိဏ္ဏသည် ပြုံးကုန်းတောရ စာသင်တိုက်၌ ကြီးလေးသော ' သာသနာ့တာဝန်ကို ထမ်းဆောင်ရာ၌ ပထမဦးစွာ စာသင်သားများ နေရေး၊ ထိုင်ရေး၊ စားရေး၊ သောက်ရေးကို စီစဉ်သမျှ ပြုရပါတော့သည်။ ကျွန်မ မှတ်မိသမျှ ဖော်ပြရလျှင် ကျောက်တန်းရွာ (ပဲခူးကျောက်တန်း) မှ ဦးမောင်မောင်ဒေါ်ခင်ညွှန့်၊ သဃ်နိုးကျွန်းမှ ဒေါ်သန်းကြည်စသော ဒါယကာ ဒါယိကာမများသည် လစဉ်ဆန်၊ ဆီ၊ ဆား၊ ငါးပိများ လှူဒါန်းကြပြီး ကျွန်မနှင့် စော်ဘွားကြီးကုန်းမှ ဒေါ်လှခင်၊ ဆရာမ ဒေါ်တိုး၊ ဒေါ်မြင့်၊ ဒေါ်ထား စသည့် ဒါယိကာမများသည် ဆွမ်းကွမ်းအတွက် ငွေများ လိုက်လံအလှူခံ ကောက်ခံကာ ဆရာတော်ကြီးကို အကူအညီ ပေးခဲ့ပါသည်။

ဆရာတော်၏ ကျောင်းတိုက်တည်ရှိရာ အရှေ့ကြို့ကုန်း ရပ်ကွက်၌ နေထိုင်ကြသော ဦးလှမောင် (ယခု ရဟန်းဘောင် ကူးသွားသူ)၊ ဦးအောင်ရွှေနှင့် ဇနီး ဒေါ်ခင်မမ၊ ဥပါသကာအဖွဲ့ အမျိုးသမီးများ ဖြစ်ကြသော ဒေါ်ဝင်းထိန်နှင့် အဖွဲ့ စသော ဒါယကာ ဒါယိကာမများကလည်း ပြုံးကုန်းတောရ စာသင်တိုက်ကြီး ဖွံ့ဖြိုးစည်ပင်ရန် ကြိုးစားကြပုံကို ကျွန်မ မမေ့နိုင်ပါ။

ထိုစဉ်က ကျောင်းဝင်းသို့ အတက်၌ မိုးတွင်းတွင် ရွံ့များရှိမှုကြောင့် မော်တော်ကားကို ဦးအောင်ရွှေ အိမ်ရှေ့၌ ရပ်ထားရသည်ကို ယနေ့တိုင် မှတ်မိနေပါသည်။ (ယခုအခါ၌မူ ထိုအချိန်ကနှင့် လုံးဝ မတူတော့ပါ။)

ပြုံးကုန်းတောရ စာသင်တိုက်သို့ သွားရာလမ်းမှာ ရာသီမရွေး မော်တော်ကားဖြင့် သွားသွားခြေကျင်သွားသွား အလွယ်တကူ သွားနိုင်လေပြီ။ ကျောင်းဝင်းအတွင်း၌ ဆရာတော်၏ ကြိုစားအားထုတ်မှုကြောင့် ကျောင်းအိုများနေရာတွင် ကျောင်းသစ်ကြီးများ၊ ဓမ္မာရုံကြီးများနှင့် ပန်ရလျက် ရှိနေပါပြီ။

ပြုံးကုန်းတောရ စာသင်တိုက်ကြီးသည် ဗုဒ္ဓသာသနာ အရှည်တည်တံ့အောင် ကြိုးပမ်းရာ၌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တ အာစိဏ္ဏ၏ လုံ့ဝီရိယ ကြိုစားအားထုတ်မှုနှင့် တပည့် ဒါယကာ ဒါယိကာမအပေါင်းတို့၏ ဝိုင်းဝန်းပံ့ပိုးမှုများကို ကျွန်မသည် အစဉ်အမြဲ သတိရနေမည်သာ ဖြစ်ပါသည်။

မစန်းလှ

ကျောက်တန်းရွာလယ်ရှိ ကျိုက္ကစီ စေတီတော်မြတ်ကြီး

ဒိုရှိ ကြည်ဒိုပါသည်

အရှင်ပါမောက္ခ(မဟာဗောဓိ)

မဟာဗောဓိတောရ ဆရာတော်ကြီး

ဤဆောင်းပါးရှင်သည် စာသင်သား ဘဝဖြင့် (၁) မန္တလေးမြို့ ရွှေကျင်နိကာယ ဗဟိုဌာန၊ မဟာဝိသုဒ္ဓါရုံတိုက်၊ (၂) ပြည်မြို့ ဝိသုဒ္ဓါရုံ ဗာရာဏသီတိုက်၊ (၃) မြောင်းမြမြို့ ပဇ္ဇောတာရုံ ပါဠိတက္ကသိုလ်၊ (၄) ရန်ကုန်မြို့ ခြောက်ထပ်ကြီး ဘုရားကြီးတိုက် စသော ကျောင်းတိုက်ကြီးများတွင် ပညာရင်နှီသောက်စို့၍ နေထိုင်ခဲ့ပါသည်။ ဖော်ပြပါ ထင်ရှားသော ကျောင်းတိုက်ကြီးများ၌ နေထိုင်ပြီးနောက် အယ်ဒီတာချုပ် ဆရာကြီး ဦးထွန်းလွင် (ဓမ္မစရိယ၊ ဘီအေ) နှင့် ဆက်စပ်၍ ပဲခူးမြို့နယ် ကျောက်တန်းကျေးရွာ မဟာဗောဓိ စာသင်တိုက်သို့ အကြောင်းကံအားလျော်စွာ ရောက်ရှိခဲ့ပါသည်။

စာရေးသူ၏ ဝါသနာ တစ်ရပ်မှာ မိမိရောက် ရှိသည့် နေရာဌာန၏ အကြောင်းအရာ သမိုင်းဖြစ် ရပ်မှန်များကို လေ့လာလိုခြင်းပင် ဖြစ်သည်။ ထိုသို့ လေ့လာကြည့်ရာ မဟာဗောဓိ စာသင်တိုက်မှ လွှဲ၍ ဖော်ပြပါ

ကျောင်းတိုက်အသီးသီးရှိ ဆရာတော်များသည် နိုင်ငံတော်က အပ်နှင်းသည့် အဂ္ဂမဟာပဏ္ဍိတာဘွဲ့၊ အဘိဓဇာဘွဲ့ တံဆိပ်တော်များကို အသီးသီးပင် လက်ခံရရှိတော်မူကြသည်။ မဟာဗောဓိ စာသင်တိုက်ကမူ ပင်ရင်း မဟာဗောဓိ စာသင်တိုက်နှင့် တကွ မဟာဗောဓိနွယ်ဖွား ကျောင်းတိုက်အသီးသီးများကပါ ဘွဲ့တံဆိပ်တော်များ ရရှိကြသည် ဟူ၍ကား မကြားစဖူးပင် ဖြစ်သည်။

ထိုသို့ မရခြင်းကား အဘယ်ကြောင့်နည်း။ မဟာဗောဓိ ကျောင်းတိုက်များ၏ သာသနာပြု သက်တမ်း ကာလမှာ တိုနေလို့လား၊ သို့မဟုတ် အုပ်ချုပ်သော ဆရာတော်များကို အတည်တကျ မရှိလေလား၊ ဒါမှမဟုတ် ရှိစေကာမူ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်ဂုဏ်နှင့် ထိုက်တန်သည့် ဆရာတော်၊ သမားတော်များ မဟုတ်ကြလေရော့သလား စသည်ဖြင့် လော၊ လားပေါင်းများစွာ စာရေးသူ သန္ဓာန်၌ ဖြစ်နေမိသည်ကား အမှန်ပင်ဖြစ်သည်။ နောက်ဆုံးတွင် လော၊ လား စသည်ဖြင့် မိမိကိုယ်ကို မိမိ သံသယဝင်နေမည့်အစား ကိုယ်တိုင်လေ့လာခြင်းသည်ကား အကောင်းဆုံးပင် ဖြစ်သည်ဟု သန္ဓိဌာန်ဂ၊ ဆုံးဖြတ်ချက်ချမိပါသည်။

ထိုသို့ လေ့လာရာ၌...

(က) မူလပထမ မဟာဗောဓိ ဆရာတော်။

(ခ) မဟာဗောဓိဆရာတော်၏ ဆရာရှင် များ။

(ဂ) မဟာဗောဓိ ဆရာတော်၏ တပည့် ရှင်များ။

(ဃ) မဟာဗောဓိကျောင်းတိုက်၏ ပညာရေးမူတို့ကို အခြေခံ၍ လေ့လာသုံးသပ်ရမည် ဖြစ်ပါသည်။

(က) မူလပထမ မဟာဗောဓိ ဆရာတော် ဘုရားကြီးသည် လဇ္ဇိပေသလ သိက္ခာကာမ၊ ဝိနယဂရုက၊ ဓုတင်ဓရ၊ သီလဝန္တ ဟု ထင်ရှားကျော်ကြားတော်မူသည့်အပြင် ပရိယတ်၊ ပဋိပတ်စွယ်စုံ ပြည့်စုံတော်မူသည့် (သပ္ပုရိသတိ) ဆရာတော်အရှင် ကေလာသ ဖြစ်တော်မူသည်။ ယခု အဂ္ဂဂုဏာပိသိဋ္ဌ



ပြုံးကုန်းဆရာတော်၏ ငယ်ဆရာတော်ဖြစ်သော မဟာဗောဓိ ဝိနည်းပြန်ဌာန ဂိုဏ်းအုပ်ဆရာတော် ဆရာတော်ဦးပဏ္ဍာဝ ဘဝနတ်ထံ စံလွန်တော်မူခဲ့ရာ မဟာဗောဓိ စာသင်တိုက်အတွင်းရှိ ကျောင်းတော်



ပြုံးကုန်းဆရာတော် မဟာဗောဓိ စာသင်တိုက်၌ စာချဘဝ၊ တိုက်အုပ်ဘဝ၊ ဘုန်းတော်ကြီးသင် မူလတန်းကျောင်း ကျောင်းအုပ်ဘဝဖြင့် နှစ်ပေါင်းများစွာ စာပေပို့ချသင်ကြားပေးခဲ့ရာ မဟာဗောဓိ ကျောင်းတိုက်ကြီး၏ မုခ်ဝ

အပူဇော်ခံ ပြုံးကုန်းဆရာတော်ဘုရား၏ ဥပဇ္ဈာယ် ဆရာ ဖြစ်တော်မူသည်။

(ခ) ဤ မဟာဗောဓိဂဏသမုဒ္ဒာပက အာဒိကမ္မိက ဆရာတော် အရှင်ကေလာသမဟာ ထေရ်မြတ်၏ ကျေးဇူးရှင်ဆရာများသည် မြန်မာပြည်တွင်မက ကမ္ဘာအရပ်ရပ်သို့ပင် ဂုဏ်သတင်းပျံ့နှံ့ကျော်ကြားတော် မူကြသော ခင်မွန်သုံးဂိုဏ်းချုပ် ဆရာတော်၊ မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးတို့နှင့် ဘုန်းတော်ကြီး ဦးသီလတို့ပင် ဖြစ်သည်။

(ဂ) မဟာဗောဓိ ဆရာတော်ဘုရားကြီး အရှင်ကေလာသ၏ တပည့်များမှာ သဒ္ဓါ၊ သင်္ဂဟ၊ ကခ်ီ အမေးအဖြေ၊ ဆန္ဒော သာရတ္ထဒီပနီ ကျမ်းပြု တိုက်အုပ် ဆရာတော် ဦးပဏ္ဍာဝ (နှိုင်ငံကျော် ဓမ္မကထိက)။ ဒိဋ္ဌဖြတ်ခန်း ကမ္မဋ္ဌာန်းကျမ်းပြု ကျိုက္ကစံ ဆရာတော် ဦးသုစိန္တာ ဘိဝံသ (နှိုင်ငံကျော် ဓမ္မကထိက၊ နှိုင်ငံတော် သြဝါဒါစရိယ)၊ အုန်းနဲ့ ဆရာတော် ဦးကဝိန္ဒာ ဘိဝံသ (အဂ္ဂမဟာ အကျော်)၊ ပရိယတ္တိ သာသနဟိတ (သကျသီဟ) ဓမ္မာစရိယ ဘွဲ့ရ၊ ဂုဇ္ဇတ္ထကျမ်းဂန်များနှင့် ဝါကျတ္ထ ပါရဂူကျမ်းပြု သစ္စဝါဒီဋီကာ ရွှေတံဆိပ် ဆုရ သာနိဆရာ ဦးမေဓာဝိဘိဝံသ(နောင်တွင် ပရိသုဒ္ဓပြု၍ ပါဠိဆရာကြီး ဆရာဆိုင်ဟူ၍ လည်းကောင်း၊ မေဓာဝီ ဆရာဆိုင်ဟူ၍ လည်းကောင်း ထင်ရှားသည်။) ဗုဒ္ဓဝင် ကျမ်းများနှင့် အနုဋ္ဌသာရ မဗ္ဗရိကျမ်းပြု အရှင် နာဂဝံသ (နောင်တွင် ပရိသုဒ္ဓပြု၍ ဗုဒ္ဓဝင် ဆရာ ဦးထွန်းစိန်ဟု နာမည်တွင်သည်။) ပါဠိဆရာကြီး ဆရာဝ စသည်တို့ ဖြစ်ပါသည်။ ဖော်ပြပြီး နှိုင်ငံကျော် ဓမ္မကထိက၊ ကျမ်းတတ်၊ ကျမ်းပြု အကျော်အမော်များသည် ပြုံးကုန်းဆရာတော်ဘုရား၏ ဆရာရှင်များလည်း ဖြစ်ကြပါသည်။

(ဃ) မဟာဗောဓိကျောင်းတိုက်၏ ပညာရေးမူသည် ပိဋကတ်သုံးပုံ၏ အခြေခံ ကျမ်းစာများ ပါဝင်စေ၍ ပထမငယ်၊ ပထမလတ်၊ ပထမကြီး၊ အကျော်တန်းဟု အဆင့် လေးဆင့်ခွဲပြီး ဓမ္မပရိယတ္တိ

စာမေးပွဲကို တည်ထောင်၍ ၁၂၇၃-ခုနှစ်တွင် စတင် ကျင်းပခဲ့ကြောင်း လေ့လာသိရှိရပါသည်။ ဤမဟာဗောဓိ ဓမ္မပရိယတ္တိ စာမေးပွဲ ကျင်းပပြီး နှစ်ပေါင်း (၂၅) နှစ်အကြာတွင် ၁၂၉၈ ခုနှစ် တပေါင်းလမှစ၍ ရွှေကျင်နီကာယ မဟာဗောဓိ ကျောက်တန်း ဝိနည်းစာပြန်ပွဲတော်ကြီးကို မူလ ပထမ မဟာဗောဓိ ဆရာတော်ဘုရားကြီး အရှင် ကေလာသ ကိုယ်တော်တိုင် တည်ထောင်တော် မူခဲ့ပါသည်။ ထိုခေတ်အခါက လောကုတ္တရာစာပေ များ သင်ကြားလိုလျှင် မန္တလေး-ပခုက္ကူသို့ သွား ရောက်သင်ကြားရသည်။ ယခုခေတ်လို အောက် မြန်မာပြည်၌ စာသင်တိုက်ကြီး မရှိကြသေးပေ။ သို့သော် ကျောင်းတိုက်များ လုံးလုံးလျားလျား မရှိခြင်းမျိုးကားမဟုတ်၊ ရှိသည့်ကျောင်းတိုက်များ သည် ပိဋကတ်စာပေများကို ပေါက်ရောက်အောင် မသင်ပေးနိုင်ကြ၊ ရှိကာမတ္တာမျှသာတည်း။ သို့သော် ထိုအချိန်ကား အောက်မြန်မာနိုင်ငံ၌ ထိုက်ထိုက် တန်တန် အခြေခံ ကျမ်းစာများနှင့်တကွ ပိဋကတ် သုံးပုံ ပါဠိ အဋ္ဌကထာ၊ ဋီကာကျမ်းများကို သင်ကြား ပို့ချပေးနိုင်သည့် ကျောင်းတိုက်များကမူ "ညောင် နှစ်ညောင်ကျောက်" ဟူ၍ သာသနာ လောက စာပေနယ်တွင် သမိုင်းဥဒါန်း တွင်ခဲ့သည်။ ညောင် နှစ်ပင်ဟူသည် ညောင်လေးပင်တောရတိုက်ကြီးနှင့် ညောင်တုန်းမြို့ ရွှေဟသ်ာတောရကျောင်း တိုက်ကြီး ဖြစ်သည်။ ကျောက်-ကမူ ကျောက်တန်း မဟာ ဗောဓိတောရ ကျောင်းတိုက်ကြီးပင် ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

ဤသို့ စသည်ဖြင့် မဟာဗောဓိနွယ်ဖွား တပည့်သားကို အကျဉ်းချုံး၍ တင်ပြရသော် ပိဋကတ်သုံးပုံ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ စသော ကျမ်းဂန်အရပ်ရပ်တို့၌ နံ့စပ်ကုန်စင် ကျွမ်းကျင် တော်မူကြပြီး စာပေအရေးအသား အဖွဲ့အနှုန်းတို့၌ ပြောင်မြောက်စွာ စီကုံးရေးသားနိုင်ခြင်း၊ သမိုင်းဝင် ကျောင်းတိုက်ကြီး ဖြစ်ခြင်း စသည်တို့ကို လေ့လာ သိရှိရပါသည်။

သို့ပင်ဖြစ်လင့်ကစား အဂ္ဂမဟာပဏ္ဍိတ စသော ဘွဲ့တံဆိပ်များကိုမူ ရရှိတော် မမူကြ၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ် မရခြင်းဖြင့် ထို အဂ္ဂပဏ္ဍိတဂုဏ်နှင့် ထိုက်တန်သော ပုဂ္ဂိုလ်များ မရှိဟူ၍ကား စိုးစဉ်းမျှ မထင်အပ်ပေ။ ဖော်ပြပြီး ဆရာတော်များသည် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ် ရသင့်ရထိုက်သည့် ဂုဏ်အင်္ဂါများ၊ နိုင်ငံတော်က သတ်မှတ်ထားသည့် အဂ္ဂမဟာပဏ္ဍိတ ပေးအပ်နိုင် သည့် စည်းမျဉ်းဥပဒေများနှင့် ပြည့်စုံရုံမျှမက မဟာဗောဓိ ဆရာတော်ဘုရားကြီး အမှူးရှိသော ဗြူးကုန်းဆရာတော် အပါအဝင် တပည့်ကြီးများ၏ ဂုဏ်အရည်အချင်းများကမူ သာလွန်သေး၏ ဟူ ကား လွန်အံ့မထင်။

သို့တစေ မဟာဗောဓိနွယ်ဖွား ဆရာတော် များသည် ယခင်ခေတ် အဆက်ဆက်မှသည် ယခုခတ်တိုင်အောင် ဘုရားသာသနာ၊ မဟာဗောဓိ ၏ ဂဏာသာသနာ၊ ဆရာ့သာသနာတို့ကို စွမ်းအား ရှိသရွေ့ ထမ်းဆောင်တော်မူကြပါသည်။ ယင်းသို့ သာသနာရေး သက်သက်ဖြင့် အကျင့်သီလကို အခြေခံ၍ ပရိယတ် ပဋိပတ် ပြည့်စုံစွာ ထမ်းဆောင် တော်မူကြသည့် အတွက်ကြောင့် တစ်မူထူးခြား ကြည်ညိုဖွယ်ရာ ကောင်းလှပါပေစွ တကားဟု သုံးသပ်မိပါသည်။

ဆက်လက်၍ အဂ္ဂဂုဏာဝိသိဋ္ဌဂုဏ်ရှင် ကျေးဇူး ရှင် ဗြူးကုန်းဆရာတော်ဘုရား၏ ဂုဏ်ထူးဝိသေသ ကို ပူဇော်ရာ၌ ဤဆောင်းပါးရှင်အနေဖြင့် ပြည့်ဝ ကုန်စင်အောင် ပူဇော်ခြင်းငှာ မစွမ်းဆောင်နိုင်ပေ။ အကြောင်းကား ဆရာတော်ဘုရား၏ ဂုဏ်ပုဒ်များ က များလှသောကြောင့်တည်း။ ယခုလို ရေးသား ပူဇော်ခြင်းသည် ဘုရား ဥာဏ်တော်ပေါင်း ထောင် သောင်းများစွာ ဘုရားစေတီတည်ရာ၌ စေတနာရှင်

ဆင်းရဲသားတစ်ဦး အနေဖြင့် အုတ်တစ်ချပ် သဲတစ်ပွင့် ပူဇော်နိုင်ရုံမျှ ပမာထားပြု၍ ကျေးဇူးတော်ရှင် ပြုံးကုန်းဆရာတော်ဘုရားကြီး၏ ပရိယတ္တိဂုဏ်ရည်နှင့် သာသနာပြု စွမ်းရည်တို့ကိုသာ ရေးသား ပူဇော်ပါမည်။

အဂ္ဂမဟာပဏ္ဍိတလောင်းလျှာ ပြုံးကုန်းဆရာတော်ဘုရားသည် တောက်မည့်မီးခဲတရဲရဲ ဆိုသလိုရဲရဲတောက် သာသနာ့အာဇာနည်ပင် ဖြစ်သည်။ ကလေးသူငယ်ဘဝကပင် ပညာပါရမီဓာတ်ခံ ရင့်သန်တော်မူသည့် အားလျော်စွာ ထက်မြက်သော ဉာဏ်ပညာရှိတော်မူသည်။ သာဓကပြု၍ ထုတ်ဖော်တင်ပြရသော် ပြုံးကုန်းဆရာတော်လောင်းလျှာသည် အသက် (၁၁) နှစ်၊ ကျောင်းသားအရွယ်၊ ကလေးငယ်ဘဝဖြင့် မဟာဗောဓိ ဓမ္မပရိယတ္တိ စာသင်တိုက်ကြီးတွင် ပထမငယ်တန်းကို အောင်မြင်ခဲ့သည်။ ဆရာတော်လောင်းလျှာ ပထမငယ်တန်း အောင်မြင်ခဲ့စဉ် ဆရာတော်၏ နောင်တော် (အစ်ကိုရင်း ဖြစ်သူ) **ရှင်သာမဏေ ပဏ္ဍိစ္စ**သည် ပထမကျော်တန်းကို အောင်မြင်ခဲ့ပါသည်။

ဤအချက်အလက်ကို ထောက်ဆ၍ ဆရာတော်၏ အမျိုးအနွယ်သည် ဉာဏ်ပညာထက်မြက်၍ စာတော်သည့် နေရာမှာ စံတင်ရလောက်အောင်ပင် ရှိခဲ့သည်ဟု လေ့လာသိရှိရပေသည်။ ဆရာတော် အသက် (၁၂) နှစ်သားအရွယ်၌ ပထမလတ်တန်း အောင်မြင်၍ အသက် (၁၃)နှစ်သား အရွယ်တွင်မူ ပထမကြီးတန်း အောင်မြင်ကြောင်း သိရှိရသည်။ ဆရာတော်လောင်းလျှာ ပထမကြီးတန်း အောင်မြင်သော မြန်မာသက္ကရာဇ် ၁၂၉၇–ခုနှစ်၊ မဟာဗောဓိ တောရကျောင်းတိုက်ကြီး၏ ဝါဆိုသံဃာ (၁၀၀) ဝန်းကျင်၌ ဆရာတော်သည် အသက်အငယ်ဆုံး **ရှင်အာစိဏ္ဏ (၁၃)နှစ်**ဟု ဝါဆိုသံဃာစာရင်း နောက်ပိတ်ဆုံးတွင် လေ့လာသိရှိရပါသည်။

ထိုမှတစ်ဖန် ပြုံးကုန်းဆရာတော်လောင်းလျှာသည် အသက် (၁၄) နှစ်ခန့်အရွယ်မှာပင် ပထမကျော်တန်းကို အောင်မြင်ခဲ့ကြောင်း သိရှိရပြန်ပါသည်။ ဆရာတော် ကျောင်းသားအရွယ်၊ ရှင်သာမဏေအရွယ် (ကိုရင်) ပေါက်စလေးအရွယ်ဖြင့် အကျအရှုံးမရှိ အဆင့်ဆင့် အောင်မြင့်ခဲ့သောငယ်၊ လတ်၊ ကြီး၊ အကျော်တန်း ပြဋ္ဌာန်းကျမ်းစာများသည် မန္တလေး ပရိယတ္တိသာသနဟိတ (သကျသီဟ) အသင်းကြီး၏ စာသင်တန်း ပြဋ္ဌာန်းကျမ်းစာများလောက် မြင့်မားပေသည်။

သိသာရုံသာ ဖော်ပြပေအုံ့။ ပထမကျော်တန်း၏ ပြဋ္ဌာန်းကျမ်းစာများ၌သည် အဘိဓမ္မတ္ထသင်္ဂဟ ကိုးပိုင်း၊ ကစ္စည်းသဒ္ဒါ (သုတ်နက်) ရှစ်စောင်၊ ဆန်း၊ အဘိဓာန်ဂါထာ (၈၀၀)၊ ဘေဒစိန္တာ၊ ကစ္စာယနသာရ၊ ဂန္ဌာဘာရဏာ၊ ဝိဘတ္တိတ္ထ၊ ဝါစ္စဝါစကပါဠိများ၊ ပုဒ်စေ့၊ မာတိကာအရကောက်၊ ဓာတုကထာ ၁၄ နယ၊ ဥဒါန်းစဉ်ဂါထာ၊ ယမိုက်ကျမ်း၊ ရှင်ကျင့်ဝတ်ကျမ်းစာများဟု ဖော်ပြပါရှိပါသည်။ ဤ ဓမ္မပရိယတ္တိ မူရင်းကျမ်း ပြဋ္ဌာန်းကျမ်းစာများကို အောင်စာရင်းနှင့် တကွ ဆရာတော်လောင်းလျှာ၊ ဘွဲ့အမည်၊ မိဘ၊ နေရပ်တို့ကို မဟာဗောဓိ လက်ရေးမူ ကဒ်ထူ စာအုပ်ကြီးတွင် လေ့လာသိရှိရပါသည်။ ထိုစာအုပ်သည် ၁၂၇၇–ခုနှစ်ဟု ခုနှစ် သက္ကရာဇ်ပါ ဖော်ပြထားသဖြင့် နှစ်ပါင်း (၈၇) နှစ်ကျော်ခဲ့ပါပြီ။ (လက်ရေးမူကို သီးခြားဖော်ပြထားပါသည်။)

ဤမဟာဗောဓိ ဓမ္မပရိယတ္တိ စာမေးပွဲကြီး၏ ပြဋ္ဌာန်းကျမ်းစာများကို လေ့လာကြည့်သောအားဖြင့် မည်၍မည်မျှ အဆင့်အတန်း မြင့်မားသည်ကို လောကတွေ့ရှာ စာပေနယ်သား ပညာရှင်များအားလုံး သိရှိနားလည်နိုင်ကြပေမည်။ ဤရွေ့ ဤမျှပင် များပြားလှသော မဟာဗောဓိဓမ္မပရိယတ္တိ စာမေးပွဲကြီးကို အသက်ငယ်ငယ်ဖြင့် အောင်မြင်ခဲ့သော

အဂ္ဂမဟာပဏ္ဍိတ လောင်းလျှာ ဗြူးကုန်းဆရာတော် ဘုရား၏ ပရိယတ္တိစွမ်းရည်၊ အရှယ်နှင့်မမျှ ထက်မြက်သော ဉာဏ်ပညာများကို စာရေးသူ အနေနှင့် သာမက သိရှိကြသူတိုင်း ချီးကျူး၍မဆုံး၊ အံ့သြ၍ မကုန်နိုင် ဖြစ်ကာ ဆရာတော်ဘုရားအား မျှားစွာ ကြည်ညိုမိပါသည်။

ဗြူးကုန်းဆရာတော်လောင်းလျှာသည် သက်ရှယ်နုနယ် ပုဂ္ဂိုလ်ပင် ငယ်ငယ်ဖြစ်ပါသော်လည်း သီလအားဖြင့် သန့်ရှင်းစင်ကြယ်၊ သမာဓိအားဖြင့် တည်ကြည်၊ ပညာဉာဏ်အားဖြင့်လည်း ထက်မြက်တော်မူသောကြောင့် ဤဓမ္မပရိယတ္တိ စာမေးပွဲကြီး၏ ပထမကျော်တန်းတွင်မက ပဲခူးမြို့ ဝိနယာဓိက ပထမကျော်ဘွဲ့ ပါဠိပထမပြန် စာမေးပွဲ၊ စာချတန်းတွင် ကျမ်းရင်း သုံးကျမ်းနှင့်တကွ ဂုဏ်ထူးဆောင် ခြောက်ကျမ်း ကျမ်းပေါင်း ကိုးကျမ်းလုံးတို့ကို ဂုဏ်ထူးဖြင့် အောင်မြင်တော်မူ၍ သာသနဓဇ သိရိပဝရ ဓမ္မာစရိယ ဂုဏ်ထူးဆောင် ဘွဲ့တို့ကို အလှူခံ ရရှိတော်မူသည်။

ဆရာတော် လောင်းလျှာသည် ခေတ်အား လျော်စွာ ပေါ်ပေါက်လာသော စာမေးပွဲ အသီးသီးတို့ကို အောင်မြင်ရုံမက ပိဋကတ်ကျမ်းကျင် ဆရာရှင်များထံမှ အာစရိယ ဟတ္ထမုဋ္ဌကျကျ လက်ဆုပ်လက်ကိုင် ပိုင်ပိုင်မိမိ ရရှိတော်မူသောကြောင့် ပိဋကတ်သုံးပုံ ပါဠိတော်အုပ်ရေ (၄၀)။ အဋ္ဌကထာအုပ်ရေ (၅၁) အုပ်၊ ဋီကာအုပ်ရေ (၂၆) အုပ်နှင့်တကွ အခြား ယောဇနာ အနု၊ မဓု၊ ဂဏ္ဌိ စသည်တို့ကို ထုံးလိုမ္မေ ရေလိုနှောက်နိုင်သည်အထိ တစ်ဘက်ကမ်းမြောက်ရောက် တတ်မြောက်တော်မူသဖြင့် ပိဋကတ္တယပါရဂူ တစ်ဆူပင် ဖြစ်တော်မူသည်။

ထိုမှတစ်ဖန် ဂါထာပါဠိ၊ စုဏ္ဏိယ၊ မြန်မာစကားပြေ၊ လင်္ကာ၊ ရတု၊ တေးထပ်၊ ကဗျာစသော အရေးအသား အစီအကုံးတို့ဌာလည်း လိမ္မာကျွမ်းကျင်တော်မူရကား ကဗျာဝိဒူပင် ဖြစ်တော်မူသည်။ သို့ပင်ဖြစ်လင့်ကစား ဆရာတော်ဘုရားသည် ဟိတ်ဟန်မထုတ်၊ ဂုဏ်မထုတ်မူ၍ ရိုးရိုးအေးအေးဖြင့် နေထိုင်တော်မူသဖြင့် ဆရာတော်အား ကြည်ညိုမိ၍ပင် မဆုံးနိုင်အောင် ထပ်ခါထပ်ခါ ကြည်ညိုမိပါသည်။

ဆရာတော် ဘုရားသည် အနေအထိုင်ကောင်းမွန်ပြီး အေးအေးပင် နေတတ်သော်လည်း သာသနာပြု လုပ်ငန်းတာဝန်များကား မအေးလှပေ။ အာဂတော ဘာရော အဝဿမာ ဝဟိတဗ္ဗော ဆိုသည့်အတိုင်း ကျရောက်လာသော တာဝန်၊ ပေးအပ်လာသော တာဝန်များကို ထမ်းဆောင်တော်မူပါသည်။

ဤသို့ဖြင့် နိုင်ငံတော်က ဂုဏ်နှင့်ဂုဏော, ထိုက်တန်စွာ အဂ္ဂမဟာပဏ္ဍိတ ဟူသော သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ကို ကျေးဇူးတော်ရင် ဗြူးကုန်းဆရာတော်ဘုရားအား ဆက်ကပ်ပူဇော်လိုက်သဖြင့် မဟာဗောဓိဂိုဏ်းတွင် လိုအပ်နေသော သမိုင်းတစ်ကွက် ပြည့်သွားပြီဟု ဝမ်းသာမိကာ ဆရာတော်ဘုရားအား ပို၍ပင် ကြည်ညိုရပါသည်။

အရှင် ပါမောက္ခ (မဟာဗောဓိ)



၁၂၉ ဖြဲ့ ၃ နှစ် ပထမပြန်ပွဲ အောင်စာရင်း

နာနာဘရကဝီစိတ္တီ
ကုမာရီသောဘကိယထာ
နာနာသိပ္ပါဒိစိစိတ္တာ
သောဘန္တိ နာထပုတ္တကါ

စဉ်	အမည်းဘွဲ့	အသက်	အတန်း	မိဘ	နေရပ်
၁	ရှင်အာစိဏ္ဏ	၁၃	ပထမကြီး	ဦးဘိုးကြယ်	ဒါးပိန်
၂	ရှင်ကုသလ	၁၄	ပထမလပ်	ဦးထွန်းသါ	သထုံ
၃	မောင်ထွန်းရွှေ	၁၃	"	ဦးစံသွန်	ကျောက်တန်း
၄	ရှင်ဉာဏေါဘာသ	၁၆	၈ပထမယေ်	ဦးပန်းခိုင်	သထုံ
၅	ရှင်ကုဏ္ဍလ	၁၆	"	ဦးဇေယျာ	ကျောက်တန်း
၆	ရှင်ဝါသဝ	၁၆	"	ဦးအောင်သုံ	မြင်းဝာ
၇	ရှင်သုမန	၁၆	"	ဒေါ်သိပ်	ခရမ်းလေး
၈	မောင်စိန်	၁၃	"	ဦးဘိုးသါ	စစ်တန်း
၉	ရှင်ဝေပုလ္လ	၁၅	"	ဦးကျတ်	သထုံ
၁၀	ရှင်မေမ္မနန္ဒ	၁၄	ပထမယေ်	ဦးလျက်လေး	ခရမ်းကြီး

အုပ်ချုတ်သူ
တိုက်အုပ်ဆရာတော်

29

၁၂ ၊ ၀ ဦ၊ နှစ်စာပြုပွဲတွင်ထယ်ဓံပြင်ဆင်ချက်။

ပထမကျော်။ သင်္ဂဇာတပိုင်း၊ သုတ်နက္ခတ်ရှစ်ဆောင်၊ အာဘိဓါန်ဆို (၈၀၀) တွင်လာသော ဝါကာ၊ ဝင်ကာ၊ ကဲ့သာ ကဲ့ရာ၊ ဓာတုကဝေါ ဥဒါန်စသည် ပါ၏။

28

၁၂ ၊ ၉ နှစ်၊ ကျင်းပအပ်သော ပထမ ဓမ္မနှိုင်းပွဲ အောင်စာရင်း။

ဦးနေမောတော ဝိဇေတုမေ
ဇယတော ဒေဝတာ သဒ္ဓါ။
နိဗ္ဗုတဘိဏ္ဍ သဗ္ဗ သဗ္ဗံ
ကာရဟေ ဇယမင်္ဂလံ။

ဦးရေ	ကွဲ့ဖွယ်ဘာသာ	ဖေသက်	အတန်း	မိဘ	နေရပ်
၁	ရှင်ပဏ္ဍိစ္စ	၁၇	ပထမကျော်	ဦးဘိုးကြယ်	ပါးပင်နှင်
၂	ရှင်ပညာသိရိ	၁၇	ပထမကြီး	ဦးထွန်းမာယ်	ကော့ချဲ

21

၁၂ ၊ ၆ နှစ်၊ စိုးမန်ပွဲတွင်၊ မြပြင်အပ်သော ဂျပန်အဘိုင်းမာခြား။

ပထမကျော်။ သဓာတိပဋ္ဌာန်ပိုင်း၊ သုတ်နက္ခတ်ရှစ်ဆောင်ဖတ်ခြင်း
ဆန်း၊ ဝေဒဝိဇ္ဇာ၊ ကစ္ဆာပဟနဒ္ဒ၊ ဝဏ္ဏဗေဒ
ဝိဟ ဝေ့ဘွဲ့။ ဝါဒ္ဓ ဝါဒ ကပါ ပါ၍ မျှား။ ရှင်အာတွက်
အာတွက်၊ ပုဒ်စစ်စသည် ညီမြန်မှု ပါ၍ တွက်ကျွန်ကျွင်
ရှင်ပဒ္ဓိစရိက၊ နှာ်ဂွက်ကြ ဖြန်ဆိုရမည်၊ အာဝဇိကါ
အာရကော်။ ဓါတုကထာ၊ ၁၄ နှစ်ယ ဉဒါန်ခဲ့ ရှင်
ကျင်ဝတ် ပါ၍

ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ

ဩဝါဒါစရိယ ဆရာတော်များ

၁။ အရှင်ရုစိရညာဏ (ကမ္ပဋ္ဌာနာစရိယ)
ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ၊ ဗဟန်း၊ ရန်ကုန်။

၂။ ဆရာတော်ဦးညာဏ
ဝေဌုဝန်စာသင်တိုက်၊ ပဲခူးကျောက်တန်း

အလုပ်အမှုဆောင်အဖွဲ့

၁။	ဆရာတော် ဦးဝိဇ္ဇောတ ကော့ချဲရွှေကျင်ကျောင်း၊ ကော့ချဲရွာ၊ ပဲခူးမြို့နယ်။	ဥက္ကဋ္ဌ
၂။	ဆရာတော် ဦးကဝိသေဋ္ဌ(ဒုနာယက) ဗြူးကုန်းတောရစာသင်တိုက်၊ အရှေ့ကြို့ကုန်း၊ အင်းစိန်။	တွဲဖက်ဥက္ကဋ္ဌ
၃။	ဆရာတော် ဦးကုမာရ(တိုက်အုပ်) ဗြူးကုန်းတောရစာသင်တိုက်၊ အရှေ့ကြို့ကုန်း၊ အင်းစိန်။	အထွေထွေဝန်ဆောင်
၄။	ဆရာတော် ဦးနန္ဒသာရ(တိုက်အုပ်) အသောကာရုံ ရွှေကျင်စာသင်တိုက်၊စော်ဘွားကြီးကုန်း၊အင်းစိန်။	တွဲဖက်ဝန်ဆောင်
၅။	ဆရာတော် ဦးပညာစက္က(တိုက်ကြပ်) ကျိုက္ကဆံ၊ ရွှေကျင်တိုက်သစ်၊ သဃ်နားကျွန်းမြို့နယ်။	တွဲဖက်ဝန်ဆောင်
၆။	ဆရာတော် ဦးညာဏဝရ ပညာလင်္ကာရကျောင်း၊ (၇) ရပ်ကွက်၊ သာကေတမြို့နယ်။	အဖွဲ့ဝင်
၇။	ဆရာတော် ဦးသြဘာသ ဇောတိကာရုံကျောင်းတိုက်၊ ဒါးပိန်မြို့။	အဖွဲ့ဝင်
၈။	ဆရာတော် ဦးပါမောက္ခ မဟာဗောဓိစာသင်တိုက်၊ ပဲခူးကျောက်တန်း။	အဖွဲ့ဝင်
၉။	ဆရာတော်ဦးပုည ဗြူးကုန်းတောရစာသင်တိုက်၊ အရှေ့ကြို့ကုန်း၊ အင်းစိန်။	အဖွဲ့ဝင်
၁၀။	ဆရာတော် ဦးသုန္ဒရ (တိုက်အုပ်) ကိုးမိုင်မစိုးရိမ်ကျောင်း။	အဖွဲ့ဝင်
၁၁။	ဆရာတော် ဦးရာဇိန္ဒ မွန်ရာမညကျောင်း၊ ဇမ္ဗူအေးကျောင်းတိုက်၊ မ/ဥက္ကလာပမြို့နယ်။	အဖွဲ့ဝင်
၁၂။	ဆရာတော် ဦးဇာနေယျ(တိုက်ကြပ်၊ စာချ) ဗြူးကုန်းတောရစာသင်တိုက်၊ အရှေ့ကြို့ကုန်း၊ အင်းစိန်။	အဖွဲ့ဝင်
၁၃။	ဆရာတော် ဦးနန္ဒမေဓာ ဒဏ္ဍိဏာရုံ ရွှေကျင်စာသင်တိုက်၊ အုန်းနဲ့ရွာ၊ ကဝမြို့နယ်။	အဖွဲ့ဝင်
၁၄။	ဆရာတော် ဦးကုသလ(တိုက်ကြပ်၊ စာချ) ဗြူးကုန်းတောရစာသင်တိုက်၊ အရှေ့ကြို့ကုန်း၊ အင်းစိန်။	အဖွဲ့ဝင်

ဗဟိုအလုပ်အမှုဆောင်အဖွဲ့ နာယကများ

၁။ ဦးလှမောင်
၂။ ဦးအောင်ရွှေ
၃။ ဦးခန့်
၄။ ဦးချစ်
၅။ ဒေါ်စန်းစန်းမြင့်
၆။ ဦးဝါတိုး
၇။ ဦးချစ်မောင်
၈။ ဒေါ်မြညွှန့်
၉။ ဦးသောင်းကြည်
၁၀။ ဒေါ်ဝန်းထိန်
၁၁။ ဦးကျော်သိန်း

အလုပ်အမှုဆောင်အဖွဲ့

၁။ ဦးစိန်မောင် (ဥက္ကဋ္ဌ)
၂။ ဦးသိုက်ထွန်း (အတွင်းရေးမှူး)
၃။ ဦးထွန်းလွင် (တွဲဖက်အတွင်းရေးမှူး)
၄။ ဦးတိုးမောင် (တွဲဖက်အတွင်းရေးမှူး)
၅။ ဦးမျိုးလွင် (တွဲဖက်အတွင်းရေးမှူး)
၆။ ဦးကင်ဟိန်း (ဘဏ္ဍာရေးမှူး)
၇။ ဦးမင်းရင်ရှိန် (ဘဏ္ဍာရေးမှူး)
၈။ ဦးနှင်းလှ (တွဲဖက်ဘဏ္ဍာရေးမှူး)
၉။ ဦးကျော်မိုးထွန်း(တွဲဖက်ဘဏ္ဍာရေးမှူး)
၁၀။ ဦးခင်အေး (စာရင်းစစ်)
၁၁။ ဦးကျော်အေး (စာရင်းစစ်)
၁၂။ ဦးသိန်းထွန်း (အဖွဲ့ဝင်)
၁၃။ ဦးသောင်းရင် (။)
၁၄။ ဦးအောင်ထွန်းလူ (အဖွဲ့ဝင်)
၁၅။ ဒေါ်စောကြည် (။)
၁၆။ ဒေါ်မြညွှန့် (။)
၁၇။ ဒေါ်စန်းရီ (။)
၁၈။ ဒေါ်မြမာဦး (။)
၁၉။ ဒေါ်မိမိစိန် (။)
၂၀။ ဒေါ်စန်းစန်း (။)
၂၁။ ဒေါ်ကြင်နွဲ့ (။)
၂၂။ ဒေါ်ခင်မာချို (။)
၂၃။ ဒေါ်ဝင်းကြည် (။)
၂၄။ ဒေါ်တင်မေ (။)
၂၅။ ဒေါ်မြင့်မြင့်အေး (။)

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

၁။ ဦးကင်ဟိန်း
၂။ ဦးကျော်မိုးထွန်း
၃။ ဒေါ်ဝင်းထိန်
၄။ ဒေါ်စန်းစန်းမြင့်
၅။ ဒေါ်ခင်မာချို
၆။ ဦးအောင်မောင်း
၇။ ဦးတိုးမောင်
၈။ ဦးခင်အေး
၉။ ဦးသိုက်ထွန်း
၁၀။ ဒေါ်မြမာဦး
၁၁။ ဒေါ်စန်းစန်း
၁၂။ ဦးမင်းရင်ရှိန်

ဗဟိုနိုင်ငံတော်ထိန်းကားပြန်မှုဝန်ကြီးဌာန
အမှတ် ၂.နာ.ကြ.ရ
ရက်စွဲ.....
လုပ်ငန်းဆောင်ရွက်ရေးဦးစီးဌာန

ညှိုခံကြိုဆိုရေးဆပ်ကော်မတီ

၁။ ဒေါ်ဝင်းထိန်
၂။ ဦးလှမောင်
၃။ ဦးချစ်မောင်
၄။ ဦးအောင်ရွှေ
၅။ ဦးကျော်သိန်း
၆။ ဦးချစ်
၇။ ဦးခန့်
၈။ ဦးစိန်မောင်
၉။ ဦးသောင်းလွင်
၁၀။ ဒေါ်မြညွှန့်
၁၁။ ဒေါ်စန်းစန်း
၁၂။ ဒေါ်မိမိစိန်
၁၃။ ဒေါ်စောကြည်
၁၄။ ဒေါ်မြမာဦး
၁၅။ ဒေါ်စန်းရီ

အခမ်းအနား ပြင်ဆင်ရေးဆပ်ကော်မတီ

၁။ ဦးသိုက်ထွန်း
၂။ ဦးကျော်မိုးထွန်း
၃။ ဦးမြင့်အောင်
၄။ ဦးကျော်အေး
၅။ ဦးအောင်ထွန်းလူ
၆။ ဦးကင်ဟိန်း
၇။ ဦးခင်အေး
၈။ ဦးနှင်းလှ
၉။ ဦးမျိုးလွင်
၁၀။ ဒေါ်မြမာဦး
၁၁။ ဒေါ်စန်းစန်း
၁၂။ ဒေါ်မြင့်မြင့်အေး
၁၃။ ဒေါ်မိမိစိန်
၁၄။ ဒေါ်ဝင်းထိန်

ချက်ပြုတ်ကျွေးမွေးရေးဆပ်ကော်မတီ

၁။ ဦးနှင်းလှ
၂။ ဦးမျိုးလွင်
၃။ ဒေါ်စန်းစန်း
၄။ ဒေါ်မိမိစိန်
၅။ ဒေါ်မြင့်မြင့်အေး
၆။ ဒေါ်မြမာဦး
၇။ ဒေါ်ညွှန့်နှင့်အဖွဲ့

ပြန်ကြားရေးဆပ်ကော်မတီ

၁။ ဦး ဝင်း အောင်
၂။ ဦးရွှေယု
၃။ ဦးသိုက်ထွန်း
၄။ ဦးကျော်မိုးထွန်း
၅။ ဦးတိုးမောင်